နည်းသစ်မြန်မာသဒ္ဒါ

ဦးသောင်းလွင် (ဘီ-အေ)
အစိုးရဓမ္မာစရိယ-သကျသီဟဝင့်သကာ
နည်းသစ်အင်္ဂလိပ်သဒ္ဒါ နှင့်
မြန်မာအက္ခရာဗေဒကျမ်းပြု

PDF CREATOR - NYEYADHAMMA@GMAIL.COM

PDF CREATOR - NYEYADHAMMA@GMAIL.COM

ဦးသောင်းလွင်သည် ပဲခူးတိုင်း၊ ညောင်လေးပင်မြို့နယ်၊ ကြို့ပင်ရွာနေ (မိဘွားလာမြို့၊ သယန်းရွာဇာတိ) ဦးပေါ်ကျွန်း-ဒေါ်သွယ်တို့၏ သားဖြစ်သည်။ ၁၂၉၀-ပြည့် တပို့တွဲလဆန်း ၉-ရက်နေ့တွင် မွေးဖွားသည်။ ကြို့ပင်ရွာ မြောက်ကျောင်း၊ ရွှေကျင်မြို့လေးထပ်ကျောင်းတို့တွင် ကျောင်းသား သာမဏေဘဝဖြင့် ပါဠိဘာသာနှင့် ပိဋကတ်ကျမ်းစာတို့ကို သင်ယူခဲ့သည်။ အသက် နှစ်ဆယ်ကျော် ရဟန်းဘောင်သို့ဝင်၍ မန္တလေးမြို့ တောင်ထီးလင်း ပါဠိတက္ကသိုလ်တွင် ပညာဆက်လက်သင်ကြားသည်၊ ၄-နှစ်အတွင်း အစိုးရ အငယ်၊ အလတ်၊ အကြီး၊ စာချတန်းနှင့် သကျသီဟစာသင်တန်း စာချတန်းစာမေးပွဲ ၆-ပွဲကို အောင်မြင်ခဲ့သည်ဖြင့် သကျသီဟစာသင်တန်းအောင်ပြီးနောက် စာချတန်း၌ အဋ္ဌကထာကြီး သုံးကျမ်းလုံးကို တဆက်တည်း တနှစ်တည်းဖြင့် အောင်မြင်အဖြင့် သကျသီဟစာမေးပွဲသက်တမ်း ၅၄-နှစ်အတွင်း ယခင်က သုံးပါးသာရရှိသော "ဝင့်သကာ" ဂုဏ်ထူးဆောင်ဘွဲ့နှင့် သုဓမ္မာကြီးဆောင်ဦးသွင်၏ "အဋ္ဌကထာပြန်အကျော်" ရွှေတံဆိပ်တို့ကို ရရှိခဲ့သည်။

၁၉၅၂-ခုနှစ်တွင် လူထွက်ပြောင်း၍ ၁၉၆၃-ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ကိုရယူပြီး နည်းသစ်အင်္ဂလိပ် အလွတ်ပညာသင်ကျောင်းကို တည်ထောင်ခဲ့သည်၊ အသျှင်သုမန-ဘိဓေ အမည်ဖြင့် နည်းသစ်အင်္ဂလိပ်သဒ္ဒါစာအုပ်ကို ရေးသား၍ နည်းသစ်စာသင်တိုက်မှ ထုတ်ဝေခဲ့ရာ ယခု ဒသမအကြိမ် ပြန်ရိုက်ရသည်အထိအောင်မြင်လျက်ရှိသည်။

ဇနီး ဒေါ်တင်ရီ သားသမီး ၄-ယောက်တို့နှင့် ရန်ကုန်မြို့၊ ကျိုက္ကစံလမ်း၊ တိုက်အမှတ် ၂၂-တွင် နေထိုင်သည်။ သာသနာ့ဦးစီးဌာနတွင် ပုံနှိပ်ရေးရာဌာနစုမှူးအဖြစ် တာဝန်ကို ထမ်းဆောင်ရင်း စာပေများကို ရေးသားပြုစု လျက်ရှိသည်။

နည်းသစ်မြန်မာသဒ္ဒါ

ဦးသောင်းလွင်၊ ဘီ-အေ

အစိုးရ ဓမ္မာစရိယနှင့် သကျသီဟ-ဝဋ္ဋံသကာ

နည်းသစ် အင်္ဂလိပ်သဒ္ဒါနှင့်

မြန်မာအက္ခရာဗေဒကျမ်းပြု

သာသနာ့ရေးဦးစီးဌာန ပုံနှိပ်တိုက်၊ ရန်ကုန်။

ပထမအကြိမ်

အုပ်ရေ-၃၀၀၀

၁၉၇၈-ခု၊စက်တင်ဘာလ

ရန်ကုန်မြို့ ကမ္ဘာအေး သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်
တွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်မောင်
မှတ်ပုံတင်အမှတ် (၀၂၄၀၅/၀၂၂၂၈) က
ပုံနှိပ် ထုတ်ဝေသည်။

ကျေးဇူးရှင် မိဘနှစ်ပါး၊ ဆရာ-ဆရာမများနှင့်
အဒ္ဒါကျမ်းပြု ပညာရှင်များအား လေးစား
ဦးညွှတ်လျက်—

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
အမှာစာ	ဂံ-ဆာ
နိဒါန်း	ဆု-ဈ
အပိုင်း -၁ သဒ္ဒဗေဒ	
အက္ခရာနှင့်အသံ	၁
ပါဝင်မည့်အကြောင်းအရာများ	၁
မြန်မာသရ ၁၁-လုံး	၂
သရ ၂-မျိုး	၃
မြန်မာဗျည်း ၃၃-လုံး	၄
နောက်လိုက်ဗျည်း ၃-လုံး	၅
တွဲဗျည်း ဂဂ-လုံး	၆
ဗျည်းယှဉ်သရသင်္ကေတ	၇
သရကာရန် ၂၅-လုံး	၈
ဗျည်းနှင့်သရကာရန်များတွဲပုံ	၉
အသတ် ၁၀-ပါး....	၁၀
အသတ်ကာရန်-၄၅	၁၁
ဗျည်းနှင့် အသတ်ကာရန် တွဲပုံ	၁၂
မြန်မာစာလုံးပေါင်း အသံထွက်ပေါင်း	၁၄
ရေးထုံးအထူးများ	၁၅
သင်္ကေတ ရေး ဖတ်လုံးများ	၁၅
ရေးတော့အမှန် ဖတ်တော့အသံ....	၁၇

အကြောင်းအရာ	စာမျက်နှာ
ပါဠိဆင့်ရေးထုံး	၁၇
အက္ခရာအုပ်စု	၁၈
သိထိလ=သံလျော့နှင့် ဓနိတ=သံတင်း	၁၉
ပါဠိဆင့်ဖတ်နည်း	၁၉
သံပျော့ သံပြင်း ပြောင်းလဲခြင်း	၂၂
အ-နှင့်မ ပေါ့လျှင်မပြောင်း၊ လေးလျှင်ပြောင်း၏	၂၄
ပါဠိ ဌာန်အခွဲ	၂၅
ကရိုဏ်းခေါ် လျှာအကူ ၄-မျိုး	၂၅
ပယတ်ခေါ် အားထုတ်မှု ၄-မျိုး	၂၆
မြန်မာ ဌာန်အခွဲ	၂၇
ဗျည်းများစဉ်ပုံ (အဘိဓာန် အက္ခရာစဉ်ပုံ)	
တအုပ်လုံးတွင်	၂၈
အက္ခရာတမျိုးတွင်	၂၉
ဗျည်းတလုံးတွင်	၃၀
ကာရန် -၇၀ စဉ်ပုံ	၃၀
ပါဠိဆင့် မွေးစားစကားလုံးများ စဉ်ပုံ	၃၁
ပါဠိသက်စကားလုံးများ	၃၂
သတိပြုမှတ်သားရန် ကာရန်စဉ်ပုံမူကွဲများ	၃၂
သဒ္ဒဗေဒဆိုင်ရာ လေ့ကျင့်ခန်း	၃၄

အပိုင်း-၂ ဝါစင်္ဂဗေဒ

အကြောင်းအရာ	စာမျက်နှာ
ဝါစင်္ဂအဓိပ္ပါယ်ဖွင့်ဆိုချက်	၃၅
ဝါစင်္ဂ ၉-ပါး	၃၅
ဝါစင်္ဂ ၉-ပါး၊ ၂-မျိုး	၃၆

အကြောင်းအရာ	စာမျက်နှာ
ဝါစင်္ဂ ၉-ပါး၊ ၃-မျိုး	၃၇
ကမ္ဘာ့သဒ္ဒါနှင့် မြန်မာ့သဒ္ဒါ	၃၉
အင်္ဂလိပ်နှင့်မြန်မာ ဝါစင်္ဂချင်းမတူ	၄၀
ဘာသာဗေဒ၏ မော်ဖီးမ်နှင့်မြန်မာဝါစင်္ဂ	၄၁
ပုဒ်=စကားလုံး	၄၂
ပုဒ် ၄-မျိုး—	
ပုဒ်ရိုး	၄၂
ပုဒ်ပေါင်း	၄၃
ပုဒ်ယှက်	၄၃
ဝိဘတ်သွယ်ပုဒ်	၄၃
ဝါစင်္ဂနှင့်ပုဒ်	၄၄
ပုဒ်ပေါင်းနှင့်ပုဒ်စု	၄၅
ဝါစင်္ဂ-၁ နာမ်	၄၆
အဓိပ္ပါယ်ဖွင့်ဆိုချက်	၄၆
အင်္ဂလိပ်သဒ္ဒါနည်း နာမ် ငါးမျိုးမခွဲ	၄၆
နာမ်ဖွဲ့စည်းပုံ ၅-မျိုး	၄၈
လုံးချင်းနာမ် (သီးခြားနာမ်)	၄၉
ပေါင်းစပ်နာမ်	၅၀
ကြိယာနာမ်	၅၂
ဂုဏ်ရည်နာမ်	၅၂
ဝိသေသလက္ခဏာ အ-ပစ္စည်း	၅၃
အ-သည် ဥပသာရ မဖြစ်နိုင်	၅၃
အ-သည် အာဂုံမဟုတ်	၅၃
လိင်ညွှန်းနာမ်	၅၄

အကြောင်းအရာ	စာမျက်နှာ
ဝိစ္ဆာနာမ်	၅၆
ဝိသေသလက္ခဏာ ဝိစ္ဆာပစ္စည်း....	၅၇
နာမ်နှင့် ကိန်း—	
တခုကိန်း	၅၇
အများကိန်း	၅၈
တို့-နှင့် များ အထူး	၅၉
နာမ်စားများကို တို့-နှင့်သာ သုံး....	၆၀
အများသချာနှင့် ကိန်းညွှန်းပစ္စည်း	၆၁
တို့များ လေးနက်ပစ္စည်း	၆၂
များ လေးနက်ပစ္စည်း	၆၃
တို့-ပစ္စည်းမှ တို့-နာမ်စားသို့ ပြောင်းခဲ့ပုံ	၆၃
နာမ်ဆိုင်ရာ လေ့ကျင့်ခန်း	၆၄
ဝါစင်-၂ နာမ်စား	၆၈
နာမ်စားအဓိပ္ပါယ်	၆၈
နာမ်နှင့် နာမ်စား	၆၉
နာမ်စား ၇-မျိုး—	
ပုဂ္ဂလနာမ်စား	၇၀
အညွှန်းနာမ်စား	၇၂
အညွှန်းနာမ်စားနှင့် အညွှန်းနာမဝိသေသန	၇၄
အမေးနာမ်စား	၇၅
အမေးနာမ်စားနှင့် အမေးနာမဝိသေသန	၇၆
သချာနာမ်စား	၇၆
သချာနာမ်စားနှင့် သချာနာမဝိသေသန	၇၇

အကြောင်းအရာ	စာမျက်နှာ
အပိုင်ခံနာမ်စား	၇၇
လေးနက်နာမ်စား	၇၈
ကိုယ်တိုင်ခံနာမ်စား	၇၉
နာမ်စားဆိုင်ရာ လေ့ကျင့်ခန်း	၇၉
ဝါစင်-၃ ဝိဘတ်	၈၁
အဓိပ္ပါယ် ဖွင့်ဆိုချက်	၈၁
ဝိဘတ် ၂-မျိုး—	
နာမ်ဝိဘတ်	၈၁
ကြိယာဝိဘတ်	၈၁
နာမ်ဝိဘတ် ၁၉-မျိုး	၈၂
နာမ်-နာမ်စားတို့၏ လုပ်ငန်းတာဝန် ၁၉-ရပ်	၈၃
ပါဠိသဒ္ဒါ ကာရက ၆-ပါးနှင့် အကာရကများ	၈၃
အင်္ဂလိပ်သဒ္ဒါ ကာရက ၅-မျိုး	၈၄
ပါဠိနှင့် အင်္ဂလိပ် နှိုင်းယှဉ်ချက်	၈၄
မြန်မာသဒ္ဒါနှင့် ကာရက-အကာရက	၈၅
ပုဒ်အဆုံးသံရှည်ကို သံတိုသို့ပြောင်းစေသော	
နာမ်ဝိဘတ်များ	၈၅
ကတ္တားဝိဘတ်များ အသုံးပြုပုံ—	
သည်-ဝိဘတ်....	၈၆
က-ဝိဘတ်	၈၇
မှာ-ဝိဘတ်	၈၇
ဟာ-ဝိဘတ်	၈၉
အနေနှဲ့-ဝိဘတ်	၈၉

အကြောင်းအရာ	စာမျက်နှာ
ကံဝိဘတ်များအသုံးပြုပုံ	၉၀
လက်ခံဝိဘတ်အသုံးပြုပုံ	၉၀
လက်ခံပုဒ်ဖြင့် ပြောရ၊ ရေးရသော ကြိယာများ	၉၀
အား-ကို ကို-နှင့်လဲ၍ ပြောခြင်း	၉၁
ကို-ကို အား-နှင့်လဲ၍ရေးခြင်း	၉၂
နှစ်ခုပါက လွဲမရ	၉၃
ရွေးရှုရာဝိဘတ်	၉၄
အသုံးခံဝိဘတ်	၉၅
ထွက်ခွါရာဝိဘတ်	၉၅
တည်နေရာဝိဘတ်	၉၆
နေရာပြဝိဘတ် ၃-မျိုးနှင့် နေရာပြနာမ်	၉၇
နေရာပြပုဒ်များ ရှေ့နောက်စဉ်ပုံ	၉၉
ဆီ-ထံ ရေးထုံး	၁၀၀
အချိန်ပြ ဝိဘတ်	၁၀၁
အချိန်ပြပုဒ်များ ရှေ့နောက်စဉ်ပုံ	၁၀၃
အချိန်ခရီး အစပြဝိဘတ်	၁၀၄
အချိန်ခရီး အဆုံးပြဝိဘတ်	၁၀၅
အချိန်ခရီး အစ-အဆုံးပြ ဝိဘတ်	၁၀၆
အကြာပြ ဝိဘတ်များ	၁၀၇
အကြောင်းပြ ဝိဘတ်များ	၁၀၇
ထုတ်ဆောင်ရာ ဝိဘတ်များ	၁၀၈
ရည်ညွှန်းဝိဘတ်များ	၁၀၉
တင်စားဝိဘတ်များ	၁၀၉

အကြောင်းအရာ	စာမျက်နှာ
ယှဉ်တွဲဝိဘတ်များ	၁၁၀
တလျောက်ပြဝိဘတ်	၁၁၁
ပိုင်ရှင်ပြဝိဘတ်	၁၁၁
ဝိဘတ်မဲ့နာမ်ပုဒ်များ	၁၁၂
ကံတူ ဖြည့်ပုဒ်	၁၁၃
အသုံးခံအား-အစား ကို-သုံးသော ကံပုဒ်	၁၁၅
အခေါ် အာလုပ်ပုဒ်	၁၁၅
ဝိဘတ်ဆိုင်ရာ လေ့ကျင့်ခန်း	၁၁၆
ဝါစင်္ဂ- ၄ ပစ္စည်း....	၁၁၈
အဓိပ္ပါယ် ဖွင့်ဆိုချက်	၁၁၈
နာမ်ပစ္စည်း	၁၁၈
ကြိယာပစ္စည်း	၁၁၈
နာမ်ပစ္စည်း ၈-မျိုး	၁၁၉
ခေါ် ပုဒ် ပစ္စည်း	၁၁၉
ထူးပုဒ်နှင့် ထူးပစ္စည်း	၁၂၁
နာမည်ရှေ့ဆက် ပစ္စည်းများ ...	၁၂၃
နာမ်နောက် ပစ္စည်းများ	၁၂၅
ပေါင်းဆည်း	၁၂၆
ကန့်သတ်	၁၂၆
လေးနက်	၁၂၇
အငြင်း	၁၂၈
သံသယ	၁၂၉
အတူပြု ရှုပက အလက်ာပစ္စည်း	၁၃၀

အကြောင်းအရာ	စာမျက်နှာ
နှိုင်းယှဉ်ဥပမာပစ္စည်းများ....	၁၃၀
ပစ္စည်းဝါစင်္ဂလေ့ကျင့်ခန်း	၁၃၁
ဝါစင်္ဂ-၅ နာမဝိသေသန	၁၃၂
အဓိပ္ပါယ် ဖွင့်ဆိုချက်	၁၃၂
နာမဝိသေသန ၇-မျိုး—	
ဂုဏ်ရည်နာမဝိသေသန....	၁၃၃
အညွှန်းနာမဝိသေသန....	၁၃၃
သင်္ချာနာမဝိသေသန	၁၃၆
အစဉ်ပြ သင်္ချာ ယှဉ်တွဲယူခြင်း	၁၃၇
အစဉ်ပြသင်္ချာ ရေးနည်းတမျိုး	၁၃၈
သင်္ချာနာမဝိသေသန နာမ်နောက်က	၁၃၉
ချိန်တွယ်တိုင်းတာ နာမ်ရှေ့ကသင်္ချာ	၁၄၀
သင်္ချာလေးနက်ပစ္စည်း ၁၅-မျိုး	၁၄၁
ပမာဏ နာမဝိသေသန	၁၄၆
နာမ် နာမဝိသေသန	၁၄၇
ကြိယာ နာမဝိသေသန....	၁၄၉
ပုစ္ဆာ နာမဝိသေသန	၁၅၀
ဂုဏ်ရည်နာမဝိသေသနအဆင့် ၃-မျိုး—	
အလတ်စားနှင့်အမြတ်စား ဖွဲ့စည်းပုံ	၁၅၃
ဂုဏ်ရည်နှိုင်းယှဉ်ဝါကျ	၁၅၄
သင်္ချာမျိုးပြ ပစ္စည်းများ	၁၅၆
နာမဝိသေသနဆိုင်ရာ လေ့ကျင့်ခန်း	၁၆၃

အကြောင်းအရာ	စာမျက်နှာ
ဝါစင်္ဂ-၆ ကြိယာ	၁၆၆
အဓိပ္ပါယ်ဖွင့်ဆိုချက်	၁၆၆
ကြိယာဝါစင်္ဂ ၃-ပါး	၁၆၇
ကြိယာပုဒ်ရင်း	၁၆၇
ကြိယာပုဒ်ရင်း ၃-မျိုး	၁၆၈
လုံးချင်းကြိယာ ပုဒ်ရင်း	၁၆၈
ပေါင်းစပ်ကြိယာပုဒ်ရင်း	၁၆၉
မြန်မာဝိသေသ ကာရန်ကွဲအက္ခရာတူ ကြိယာများ	၁၆၉
မြန်မာဝိသေသ ကာရန်တူအက္ခရာကွဲ ကြိယာများ	၁၇၀
မြန်မာဝိသေသ ရှေ့ပြေးကြိယာများ	၁၇၁
ရှေ့ပြေးကြိယာများ	၁၇၁
ဂုဏ်ကြိယာပုဒ်ရင်း	၁၇၃
ဝိသေသ မြန်မာသဒ္ဒါ	၁၇၃
ဂုဏ်ပုဒ် ကြိယာမူရင်း မဟုတ်၊ နာမဝိသေသနမူရင်း	၁၇၄
ကြိယာဝိဘတ်	၁၇၆
ပစ္စုပ္ပန်ကြိယာဝိဘတ်	၁၇၆
အတိတ်ကြိယာဝိဘတ်များ	၁၇၇
အတိတ်ပစ္စုပ္ပန် အတူသုံး	၁၇၈
အနာဂတ်ကြိယာဝိဘတ်	၁၇၉
စေခိုင်းတောင်းပန်ဝိဘတ်များ	၁၈၀
အခြေအနေရောက်ပြ ဝိဘတ်များ	၁၈၁
ကြိယာပစ္စည်း၆-မျိုး	၁၈၂

အကြောင်းအရာ	စာမျက်နှာ
ကိန်းညွှန်းပစ္စည်း	၁၈၂
ဗဟုဝုစ်ကြိယာ ပုံသေမသုံး	၁၈၄
အမေးပစ္စည်း	၁၈၅
နာမ်ပြောင်းပစ္စည်း	၁၈၇
ဝါကျအဆုံးသတ် ကြိယာပစ္စည်း	၁၈၈
ဖြစ်ကြိယာမြှုပ်ပစ္စည်းများ	၁၉၂
ကြိယာပြည့်	၁၉၃
ကြိယာထောက်	၁၉၃
ကြိယာထောက်များ အဓိပ္ပါယ်နှင့် ရေးထုံးများ	၁၉၅
ကြိယာဆိုင်ရာ လေ့ကျင့်ခန်း	၂၁၁
ဝါစင်္ဂ-၇ ကြိယာဝိသေသန....	၂၁၃
အဓိပ္ပါယ်ဖွင့်ဆိုချက်	၂၁၃
ကြိယာဝိသေသန ၄-မျိုး	၂၁၃
နည်းနာ ကြိယာဝိသေသန	၂၁၄
ပမာဏ ကြိယာဝိသေသန	၂၁၅
ခွဲဝေ ကြိယာဝိသေသန	၂၁၆
ပုစ္ဆာ ကြိယာဝိသေသန	၂၁၆
အင်္ဂလိပ်နှင့်မြန်မာ မတူပါ	၂၁၈
နည်းနာကြိယာဝိသေသနပုဒ်များ ဖွဲ့စည်းပုံများ	၂၁၈
စွာ-ပစ္စည်းဆက်၍ ဖွဲ့စည်းခြင်း	၂၁၈
နှစ်သံထပ်ပြုလုပ်၍ ဖွဲ့စည်းခြင်း	၂၁၉
အ-ပစ္စည်းထည့်၍ ဖွဲ့စည်းခြင်း	၂၂၀
အ-တ-ထည့်၍ဖွဲ့စည်းခြင်း	၂၂၀

အကြောင်းအရာ	စာမျက်နှာ
တ-ထည့်၍ဖွဲ့စည်းခြင်း	၂၂၀
မ-ထည့်၍ဖွဲ့စည်းခြင်း	၂၂၁
မ-တ-ထည့်၍ဖွဲ့စည်းခြင်း	၂၂၁
အောက်မြစ်သံထည့်၍ ဖွဲ့စည်းခြင်း	၂၂၁
ကနဲ-သည့်၍ ဖွဲ့စည်းခြင်း	၂၂၂
ရှေ့က တ-ထည့်၍ ဖွဲ့စည်းခြင်း	၂၂၂
ကာရန်တူ တ-ထည့်၍ ဖွဲ့စည်းခြင်း	၂၂၂
တ-နှင့် အိုးကာရန် ထည့်၍ဖွဲ့စည်းခြင်း	၂၂၃
ခပ်-ထည့်၍ ဖွဲ့စည်းခြင်း	၂၂၃
ကာရန်ကွဲပစ္စည်းထည့်၍ ဖွဲ့စည်းခြင်း	၂၂၄
လိုက်၊ အလိုက်-ထည့်၍ ဖွဲ့စည်းခြင်း	၂၂၄
ရှေ့တွင် အ-ထည့်၍ ဖွဲ့စည်းခြင်း	၂၂၅
ဝါစင်္ဂများကို ပေါင်းယူ၍ ဖွဲ့စည်းခြင်း	၂၂၅
ကြိယာဝိသေသနဆိုင်ရာ လေ့ကျင့်ခန်း	၂၂၆
ဝါစင်္ဂ-၈ သမ္ဗန္ဓ	၂၂၈
သမ္ဗန္ဓအဓိပ္ပါယ်ဖွင့်ဆိုချက်	၂၂၈
အဓိပ္ပါယ် ၄-မျိုး	၂၂၈
ပုဒ်ဆက်သမ္ဗန္ဓ	၂၂၈
ပုဒ်ဆက်သမ္ဗန္ဓ ၂-မျိုး	၂၂၉
လုံးချင်း သမ္ဗန္ဓဆက်ပုံ	၂၂၉
စုံတွဲသမ္ဗန္ဓဆက်ပုံ	၂၃၀
အဓိပ္ပါယ်ဆက်သမ္ဗန္ဓ	၂၃၄
အဓိပ္ပါယ်ချင်းဆက်သော်လည်း ဝါကျတိုသာ	၂၃၇

အကြောင်းအရာ	စာမျက်နှာ
ဝါကျဆက်သမ္ဗန္ဓ	၂၃၈
ဝါကျဆက်သမ္ဗန္ဓ ၉-မျိုး	၂၃၈
ပုဒ်ဝါကျဆက်သမ္ဗန္ဓ	၂၃၉
ပုဒ်ဝါကျဆက်သမ္ဗန္ဓ ၂ မျိုး	၂၄၀
လုံးချင်းပုဒ်ဝါကျဆက်သမ္ဗန္ဓ (ဝါကျ-တို-ရှည်)	၂၄၀
၍-ပြီး ဖြင့် ပုဒ်ကိုဆက်ပုံ (ဝါကျတို)	၂၄၁
စုံတွဲပုဒ်ဝါကျဆက်သမ္ဗန္ဓ	၂၄၃
ပုဒ်နှစ်ခုကိုဆက်ပုံ (ဝါကျတို)	၂၄၄
ဝါကျနှစ်ခုကိုဆက်ပုံ (ဝါကျရှည်)	၂၄၅
သမ္ဗန္ဓဆိုင်ရာလေ့ကျင့်ခန်း	၂၄၈

ဝါစင်္ဂ-၉ အာမေဍိတ်

အာမေဍိတ်အဓိပ္ပါယ်ဖွင့်ဆိုချက်....	၂၄၉
အာမေဍိတ် ၃-မျိုး—	
အသံအာမေဍိတ်	၂၄၉
ပုဒ်အာမေဍိတ်	၂၄၉
ဝါကျအာမေဍိတ်	၂၄၉
တကြိမ်တည်းလည်း အာမေဍိတ်	၂၅၀
ဝိစ္ဆာသဘော	၂၅၀
ဝိစ္ဆာပုဒ်ဘာမျိုး	၂၅၂
အာမေဍိတ်လေ့ကျင့်ခန်း	၂၅၄

အကြောင်းအရာ	စာမျက်နှာ

အပိုင်း-၃ ဝါကျဗေဒ

ဝါကျဖွဲ့စည်းပုံ	၂၅၅
အဓိပ္ပါယ်ဖွင့်ဆိုချက်	၂၅၅
အခြေခံဝါကျ ၈-မျိုး—	
စေခိုင်းတောင်းပန်ဝါကျ	၂၅၆
ဝိဘတ်မဲ့ စေခိုင်းတောင်းပန်ဝါကျ	၂၅၇
ပစ္စည်းပါသော စေခိုင်းတောင်းပန်ဝါကျ	၂၅၇
စေခိုင်းတောင်းပန်ဝါကျနှင့် ကတ္တားပုဒ်	၂၅၈
တားမြစ်ဝါကျ	၂၅၉
ဆုတောင်းဝါကျ	၂၅၉
ကျိန်ဆဲဝါကျ	၂၆၀
ပြောဆိုဝါကျ	၂၆၀
ကြိယာဘုရင် ၂-ပါး “ပြု-နှင့်ဖြစ်”	၂၆၁
မည်,ပြီး-နောက်မှာ ဖြစ်ကြိယာ	၂၆၂
ငြင်းဆိုဝါကျ	၂၆၃
အမေးပုံစံရှိ အငြင်းဝါကျ	၂၆၃
အားလုံးကို ငြင်းပယ်ဝါကျ	၂၆၄
ဆင်ခြေပြ အငြင်းဝါကျ	၂၆၆
အကြောင်းပြ အငြင်းဝါကျ	၂၆၆
ပြီးပြီအမေးကို ရသေးဖြင့် ငြင်းရပုံ	၂၆၇
၍,လို-ခံကာ မပြီးသေးဘူးဟု ငြင်းမေးနိုင်	၂၆၇
အငြင်းဝါကျ ကာလမရှိ	၂၆၈
မေးခွန်းဝါကျ	၂၆၉

အကြောင်းအရာ	စာမျက်နှာ
မေးခွန်းဝါကျ ၂-မျိုး—	
အမေးပုဒ်မပါ မေးခွန်း	၂၆၉
အမေးပုဒ်ပါ မေးခွန်း	၂၇၁
ပြောဆိုဝါကျကို မေးခွန်းပြောင်းပုံ	၂၇၂
ပုစ္ဆာနာမဝိသေသန အစားထည့်မေးပုံ	၂၇၄
ပုစ္ဆာကြိယာဝိသေသန အစားထည့်မေးပုံ	၂၇၆
ငြင်းဆိုမေးခွန်းဝါကျ	၂၇၇
အမေးပုဒ်မပါမေးခွန်းကို ဖြေဆိုခြင်း	၂၇၉
အမေးပုဒ်ပါ မေးခွန်းကို ဖြေဆိုခြင်း	၂၈၀

ဝါကျ-၁

ဝါကျတိုဖွဲ့နည်းများ	၂၈၁
ဝါကျတို	၂၈၂
ဝါကျရှည်	၂၈၂
မြန်မာဝါကျ ဖွဲ့ထုံး	၂၈၃
ဝါကျတိုဖွဲ့နည်း ၂၀	၂၈၆
ကြိယာတပုံးတည်းဖြင့် ဝါကျဖွဲ့နည်း	၂၈၆
ကတ္တား-ကြိယာဖြင့် ဝါကျဖွဲ့နည်း	၂၈၇
ကံ-ကြိယာ-ဖြင့် ဝါကျဖွဲ့နည်း	၂၈၇
အဖြည့်ခံကြိယာ	၂၈၈
ကတ္တားနောက်မှာ ကတ္တားဖြည့်ပုဒ်လာ	၂၈၈
ကတ္တားဖြည့်နောက် ကပ်လျက်ပစ္စည်းဆက်	၂၈၉
ကတ္တားနှင့်ကံ ရှေ့နောက်ပြန်	၂၉၀

အကြောင်းအရာ	စာမျက်နှာ
ကံပုဒ်နောက်မှာ ကံဖြည့်လာ	၂၉၀
ကံနှင့်လက်ခံ ပြန်လှန်ရှေ့နောက်	၂၉၁
လက်ခံပုဒ်နှင့်တွဲသုံးရသောကြိယာအချို့	၂၉၂
တင်စားပုဒ်များ ကံနောက်ထား	၂၉၂
ကံနှင့်အသုံးခံ ပြန်လှန်ရှေ့နောက်	၂၉၃
ဖြင့်-အစား နှင့်-ကို သုံးနိုင်သည်....	၂၉၄
အသုံးခံ နှင့် ကို သတိဖြင့်သုံး	၂၉၄
ကံပုဒ်နောက်မှာ ထွက်ခွါပုဒ်လာ	၂၉၅
ကြိယာရှေ့မှာ ရှေးရှုရာပုဒ်	၂၉၆
ကံပုဒ်နောက်မှာ နေရာပြပုဒ်	၂၉၇
ကြိယာရှေ့မှာ အချိန်ပြပုဒ်လာ....	၂၉၇
အချိန်နှင့်နေရာ အစနောက်မှာ အဆုံးလာ	၂၉၈
ကြိယာရှေ့မှာအကြောင်းလာ	၂၉၈
ကတ္တားနောက်မှာ ယှဉ်တွဲလာ	၃၀၀
ကြိယာရှေ့မှာ ရည်ညွှန်းပုဒ်လာ	၃၀၁
ကတ္တားနောက်မှာ နှိုင်းယှဉ်ပုဒ်လာ	၃၀၂
ကတ္တားနောက်မှာ ထုတ်ဆောင်ရာပုဒ်	၃၀၃
ဝိဘတ်ဖျောက် ရေးပြောခြင်း	၃၀၃
ကြိယာရှေ့ကပ် ကတ္တားဝိဘတ်ဖျောက်	၃၀၄
ကြိယာရှေ့ကပ် ကံဝိဘတ်ဖျောက်	၃၀၄
စကားပြောမှာ သည်၊ကို-မြုပ်	၃၀၅
ခိုင်းစေဝါကျ ကတ္တားဖျောက်	၃၀၅
ခွဲဝေစေခိုင်း ကတ္တားကိုက-ဖြင့်ပြ	၃၀၆

အကြောင်းအရာ	စာမျက်နှာ
ပုဒ်စု ကတ္တား ကံများအသုံး	၃၀၆
ဝါကျဆိုင်ရာလေ့ကျင့်ခန်း	၃၀၈

ဝါကျ-၂

ဝါကျရှည်ဖွဲ့နည်းများ	၃၁၁
အဓိပ္ပါယ်ဖွင့်ဆိုချက်	၃၁၁
ဝါကျရှည် ၃-မျိုး	၃၁၂
ဝါကျတိုတခုကို နာမဝိသေသနပြောင်းဆက်နည်း	၃၁၃
ဝါကျတိုတခုကို နာမဝိသေသနပြောင်းနည်းတမျိုး	၃၁၅
လေ့ကျင့်ခန်း-၁	၃၁၈
လေ့ကျင့်ခန်း-၂	၃၁၉
ဝါကျတိုတခုကို နာမ်ပြောင်း၍ဆက်နည်းတမျိုး	၃၂၀
နာမ်ဝိဘတ်ကိုဆက်၍ နာမ်ပြောင်းဆက်ခြင်း	၃၂၀
နာမ်ဝါကျကို ကတ္တားအဖြစ်သုံးပုံ	၃၂၁
နာမ်ဝါကျကို ကံအဖြစ်သုံးပုံ	၃၂၂
ဆို သည်(ဆိုဒါ)ပစ္စည်းထည့်၍ နာမ်ပြောင်းပုံ	၃၂၃
မှန်း-ပစ္စည်းဆက်၍ နာမ်ပြောင်းပုံ	၃၂၄
ကြိယာနှစ်သုံးထပ်၍ နာမ်ပြောင်းပုံ	၃၂၅
လား-ဆုံး စိုးရိမ်ဝါကျအောက်တွင် လို့ပစ္စည်းဆက်၍ နာမ်ပြောင်းပုံ	၃၂၇
မေးခွန်းဝါကျကို ဝိဘတ်ပစ္စည်းမဆက်ဘဲ .... ဝါကျနာမ်ပြောင်းပုံ	၃၂၉
ဝါကျရှည်ဖွဲ့စည်းပုံ လေ့ကျင့်ခန်း....	၃၃၀

အကြောင်းအရာ	စာမျက်နှာ
တဆင့်ခိုင်းဝါကျ ဟု, လို့-ပစ္စည်းဆက်၍ .... နာမ်ပြောင်းပုံ	၃၃၁
ထုတ်ဖော်ဝါကျကို ဟု,လို့ ပစ္စည်းဆက်၍ တဆင့်ပြန်ပြောခြင်း	၃၃၂
အမေးဝါကျ, ငြင်းဆိုမေးခွန်းဝါကျကို ဟု,လို့-ဆက်၍ တဆင့်ပြန်ပြောပုံ	၃၃၃
မူလပြောစကား အလယ်ထား ပြန်ပြောခြင်း	၃၃၅
တဆင့်ပြောနည်းတမျိုး	၃၃၆
ပြောခဲ့သည့်အတိုင်း မဖြစ်လျှင် ဆို-ပစ္စည်းဆက်	၃၃၉
တဆင့်ကြားသတင်းကို ပြန်ပြောခြင်း	၃၊၉
မရေရာတဆင့်ကြား ဆိုလားလို့-ပစ္စည်းခံဆက်	၃၄၀
ဝါကျနာမ်ဆိုင်ရာလေ့ကျင့်ခန်း	၃၄၀
သမ္ဗန္ဓနှင့် ဆက်သောဝါကျရှည်	၃၄၁
တဝါကျမှာ ကတ္တားနှစ်ခုမရှိရ	၃၄၁
သမ္ဗန္ဓဝါကျဆက် ၉-မျိုး—	
အကြောင်းပြသမ္ဗန္ဓများ	၃၄၂
အချိန်ပြ ॥	၃၄၂
ဆန့်ကျင်ဘက် ॥	၃၄၂
စည်းကမ်းသတ် ॥	၃၄၂
အကျိုးမြှော် ॥	၃၄၂
အနိုင်း ॥	၄၄၃
အပြိုင် ॥	၃၄၃
ပမာဏ ॥	၃၄၃
အထွေထွေ ॥	၃၄၃

အကြောင်းအရာ	စာမျက်နှာ
အကြောင်းပြသမ္ဗန္ဓနှင့် ဆက်ပုံ	၃၄၃
အချိန်ပြသမ္ဗန္ဓနှင့် ဆက်ပုံ	၃၄၄
ဆန့်ကျင်ဘက်သမ္ဗန္ဓနှင့် ဆက်ပုံ	၃၄၆
စည်းကမ်းသတ်သမ္ဗန္ဓနှင့် ဆက်ပုံ	၃၄၇
အကျိုးပြောသမ္ဗန္ဓနှင့် ဆက်ပုံ	၃၄၉
အနှိုင်းသမ္ဗန္ဓနှင့် ဆက်ပုံ	၃၅၀
အပြိုင်သမ္ဗန္ဓနှင့် ဆက်ပုံ	၃၅၂
ပမာဏသမ္ဗန္ဓနှင့် ဆက်ပုံ	၃၅၂
ကြိယာဝိသေသန ဝါကျကဏ္ဍ မခေါ်	၃၅၃
ဝါကျဖွဲ့စည်းပုံလေ့ကျင့်ခန်း	၃၅၄

အပိုင်း-၄ ပရိစ္ဆေဒဗေဒ

ဝါကျခွဲစိတ်ခြင်း—

အငယ်မှ ကြီးအောင်ဖွဲ့	၃၅၆
အကြီးမှ ငယ်အောင်ခွဲ	၃၅၆
ဝါကျတခုကို ၃-ဆင့်ခွဲရခြင်း	၃၅၇
ပဌမဆင့် ဝါကျအမျိုးအစားကို	
ခွဲခြားဖော်ပြရမည်	၃၅၇
ဒုတိယ ဆင့် ပုဒ်၊ ပုဒ်စုများကို....	
ခွဲခြားဖော်ပြရမည်	၃၅၉
တတိယဆင့် ဝါစင်္ဂတခုစီကို	
ခွဲခြားဖော်ပြရမည်	၃၆၀
ဝါကျများ ခွဲစိတ်ပြပုံများ	၃၆၀-၇

အကြောင်းအရာ	စာမျက်နှာ
အလယ်ရောက် အမှီဝါကျကဏ္ဍကို ခွဲစိတ်ပြခြင်း....	၃၆၇
ဝါကျခွဲစိတ်ခြင်းဆိုင်ရာ လေ့ကျင့်ခန်း	၃၇၀

အပိုင်း-၅ ဂဇ္ဇဗေဒ

စကားပြေရေးနည်း	၃၇၁
စကားပြေကို ဘာသာ ၄ မျိုးအခေါ်	၃၇၁
ကဝိစာဆို ဖြစ်လိုလျှင်	၃၇၂
စကားပြေ ရေးတတ်လိုလျှင်	၃၇၂
စကားပြေအဓိပ္ပါယ်	၃၇၃
စကားပြေ အသုံးဝင်ပုံ	၃၇၃
စကားပြေ ၂-မျိုး	၃၇၄
မြန်မာစကားပြေအစစ်	၃၇၄
ကာရန်ဖောက်စကားပြေ	၃၇၅
စာပေ ၂-မျိုး	၃၇၅
နိဒါန်း စာကိုယ် နိဂုံး	၃၇၆
အဖွင့် သို့မဟုတ် နိဒါန်း	၃၇၆
စာကိုယ် သို့မဟုတ် စာသား	၃၇၇
နိဂုံး	၃၇၇
အဖွဲ့နှစ်မျိုး ရေးနည်းလေးသွယ်	၃၇၈
ရုပ်အဖွဲ့နှင့် ရေးနည်းနှစ်မျိုး....	၃၇၈
စိတ်အဖွဲ့နှင့်ရေးနည်းနှစ်မျိုး	၃၈၀
ရေးနည်းလေးရပ် ရောထွေးတတ်....	၃၈၁
လက်တွေ့ကျင့်မှ အကျိုးရ	၃၈၁

အကြောင်းအရာ	စာမျက်နှာ
စကားပြေလမ်းညွှန်—	
ဆရာကြီးဦးလင်း၏ စကားပြေလမ်းညွှန်	၃၈၂
ဦးဖေမောင်တင်၏ စကားပြေလမ်းညွှန်	၃၈၃
ဆရာဇော်ဂျီ၏ စကားပြေလမ်းညွှန်	၃၈၄
စာစီစာကုံး	၃၈၄
စာစီစာကုံးအဓိပ္ပါယ်	၃၈၆
မှတ်ပါ၊ ဖတ်ပါ၊ လေ့ကျင့်ပါ	၃၈၇

အပိုင်း-၆ ပါဒဗေဒ

စာပိုဒ်ဖွဲ့နည်း	၃၈၉
စာပေဖွဲ့စည်းပုံ အဆင့် ၄-ဆင့်	၃၈၉
အပိုဒ်စသည်ခွဲခြင်း	၃၉၂
စာပိုဒ်အဓိပ္ပါယ်	၃၉၂
စာပိုဒ်၏ ပမာဏ	၃၉၂
စာပိုဒ် နံပါတ်တပ်ခြင်း	၃၉၃
စာပိုဒ်ခွဲ	၃၉၃
စာပိုဒ်ခွဲငယ်	၃၉၄
စာပိုဒ်ခွဲငယ်စိတ်	၃၉၅
အခန်းနှင့်အပိုင်း....	၃၉၅
အခန်းနံပါတ်နှင့်အမည်	၃၉၆
အပိုင်းနံပါတ်အမည်	၃၉၇
အတွဲ	၃၉၈
စာအုပ်တအုပ်၏ အစိတ်အပိုင်း....	၃၉၉

အကြောင်းအရာ	စာမျက်နှာ
စာအုပ်တအုပ်မှာ သုံးပိုင်းပါ	၃၉၉
ရှေ့ပိုင်း	၄၀၀
ရှေ့ပိုင်းများ စီစဉ်ပုံ	၄၀၁
စာကိုယ်	၄၀၃
နောက်ပိုင်း	၄၀၃
ဂျက်ကက်, အဖုံးနှင့်ရေခံ	၄၀၃
စာမူကြမ်းရေးသားပုံ—	
တမျက်နှာသာရေးပါ	၄၀၄
မျက်နှာနံပါတ်တပ်ပါ	၄၀၄

ပါဒ-၂ ခေါင်းစဉ်

ခေါင်းစဉ်အဓိပ္ပါယ်	၄၀၆
ခေါင်းစဉ်အမျိုးမျိုး	၄၀၆
ခေါင်းစဉ်ကြီး	၄၀၇
ခေါင်းစဉ်	၄၀၇
အစုခေါင်းစဉ်	၄၀၈
စာပိုဒ်ခေါင်းစဉ်	၄၀၈
ထိပ်စီးခေါင်းစဉ်	၄၀၉

အပိုင်း-၇ ယတိဗေဒ

ရေးသားပုံနှိပ်ဟန်....	၄၁၀
အဓိပ္ပါယ်ဖွင့်ဆိုချက်	၄၁၀
မြန်မာ့ရှေးရိုး အပိုဒ် ၃-မျိုး	၄၁၀
ရှေးခေတ်မြန်မာအပိုဒ်ရေးထုံး	၄၁၂
အပိုဒ်အစ အင်ဒိယ ဗြဟ္မီက	၄၁၃

အကြောင်းအရာ	စာမျက်နှာ
အပိုဒ်အစ တချောင်းက	၄၁၅
နှစ်ချောင်းပိုဒ်အစ ၅-ရာစု အေဒီက	၄၁၅
ပြဟ္မီ တချောင်းပိုဒ် ရေးထုံး	၄၁၆
ပြဟ္မီ နှစ်ချောင်းပိုဒ်ရေးထုံး	၄၁၆
ပုဒ်မပုဒ်သေး ရောထွေးထွေး	၄၁၇
ဟင်ဒီနှင့် တိဗက်ဘာသာ အပိုဒ်နှစ်မျိုးသာ	၄၁၇
အင်္ဂလိပ်အပိုဒ်များ ဖော်ပြထား	၄၁၈
ပုံစံကြည့်၍ ဥပဒေထုတ်	၄၁၈
နှစ်ချောင်းပိုဒ် ပုဒ်မရေးထုံး	၄၂၀
နှစ်ချောင်းပိုဒ်, ပုဒ်မ အမျိုးမျိုးခေါ်ကြ	၄၂၀
ကြိယာဆုံးက ပုဒ်မကြီးသုံး	၄၂၀
အပိုဒ်နံပါတ်နောက်မှာ ပုဒ်မကြီးလာ	၄၂၁
နောက်ဆုံးပိုဒ်ခွဲဆုံးက ပုဒ်မချ	၄၂၁
ဥပဒေသဘောတရား	၄၂၂
စာပိုဒ်ခွဲများအဆုံး ပုဒ်မကြီးသုံး	၄၂၃
စာရင်းနံပါတ်နောက်မှာ ပုဒ်မကြီးလာ	၄၂၃
ဇယားအမှတ်စဉ်နောက် ပုဒ်မရောက်	၄၂၄
ခေါင်ပုံအောက် ကြိယာဆုံးမှ ပုဒ်မချ	၄၂၅
ဆက်ရေးစာပိုဒ်ခွဲအဆုံး ပုဒ်မသုံး	၄၂၆
ငွေ-အစား တုံးကြားပုဒ်မ	၄၂၇
ထိပ်ခေါင်းစီး နောက် ပိုဒ်မရောက်....	၄၂၇

အကြောင်းအရာ	စာမျက်နှာ
မှတ်ညွှန်းကြောင်းရာ ပိုဒ်မလာ	၄၂၈
ဂါထာအဆုံး ပုဒ်မသုံး	၄၂၉
အနက်ပြီးက ပုဒ်မချ	၄၂၉
ရှေးအခါက ပုဒ်မနှစ်ခုချ	၄၃၀
နှစ်ချောင်းပိုဒ် ရေးထုံးခြွင်းချက်....	၄၃၀
စာပိုဒ်ခွဲအဆက်မှာ ပုဒ်မ မလာ	၄၃၀
အပိုဒ်များအဆုံးမှာ ပုဒ်မအစား ပုဒ်သေးသာ	၄၃၂
အလယ်နှင့် ဘေးခေါင်းစီးအဆုံး ပုဒ်မမသုံး....	၄၃၃
စာပိုဒ်ခွဲဆက်က ပုဒ်မမလာရ	၄၃၄
တချောင်းပုဒ်အသုံးများ	၄၃၅
တချောင်းပုဒ်ဝေါဟာရမူကွဲများ	၄၃၅
ပုဒ်၊ ပုဒ်စုများ ပုဒ်သေးဖြင့်ခြား	၄၃၆
သို့မဟုတ်-ရှေ့မှာ ပုဒ်သေးလာ	၄၃၈
အထက်ပိုဒ်ခွဲမှာ ပုဒ်သေးသာ	၄၃၉
အချိန် လိပ်စာ ပုဒ်သေးခြား	၄၄၀
ရှေ့သရုပ်များ နောက်မှာ ပုဒ်သေးလာ	၄၄၁
မြန်မာနာမည်ရင်းနှင့် ဦး,ဒေါ်-ကြားပုဒ်သေးခြား	၄၄၂
အင်္ဂလိပ်အမည်နှင့် ဂုဏ်ထူးကြားမှာ တချောင်းပုဒ်လာ	၄၄၃
အမှတ်, နေ့စွဲနောက်မှာ တချောင်းပုဒ်လာ	၄၄၃
နာမည်၊ ရာထူး-ကြား ပုဒ်ဖြတ်ထား	၄၄၄
မြန်မာသုံး အင်္ဂလိပ်ပုဒ်ဖြတ်များ....	၄၄၄
အင်္ဂလိပ်ပုဒ်ဖြတ်များ ယူသုံးထား	၄၄၄

အကြောင်းအရာ	စာမျက်နှာ
ဖက်ရှ်-ခေါ် မျဉ်းရှည်(တုံး) ရေးထုံး	၄၄၄
မျဉ်းရှည်=တုံးက အပိုဒ်ခွဲပြ	၄၄၄
သရုပ်ဖွေမှာ မျဉ်းရှည်လာ	၄၄၆
အင်တင်းကိုးက တုံးရှည်ပြ	၄၄၇
လှမ်းညွှန်းလိုလျှင် မျဉ်းလက်ပင်	၄၄၈
ဥပမာနောက် မျဉ်းရှည်ရောက်	၄၄၈
မျဉ်းရှည်ကြားပုဒ်မ အတူပြ....	၄၄၉
မြန်မာစာကော်မာအသုံး	၄၅၀
ကော်မာသုံး၏ မကောင်း	၄၅၂
မြန်မာစာ လက်သဲကွင်းရေးထုံး....	၄၅၂
အဓိပ္ပါယ်တူက ကွင်းတွင်းပြ	၄၅၂
နာမည်နောက် ရုံးဌာန ကွင်းတွင်းပြ	၄၅၄
ပိုဒ်ခွဲပိုဒ်စိတ်အမှတ်စဉ် ကွင်းနှင့်ပိတ်	၄၅၄
သို့မဟုတ်-ချုံးက ကွင်းတွင်းပြ	၄၅၇
ဇယားကွက်အမှတ်များ ကွင်းတွင်းထား	၄၅၇
ပိုဒ်ခွဲစာရင်း ကွင်းအတွင်း....	၄၅၈
မှတ်ချက်အမှတ်စဉ် ကွင်းထဲတွင်	၄၅၉
ဆက်တွဲပူတွဲ ကွင်းအထဲ	၄၅၉
မျဉ်းတိုရေးထုံး	၄၅၉
နှစ်ပုဒ်စပ်ရန် မျဉ်းတိုခံ	၄၅၉
ဂဏန်းများအကြား မျဉ်းတိုထား	၄၆၀
စာ-ဂဏန်းကို မျဉ်းတိုနှင့်ခွဲ....	၄၆၀

အကြောင်းအရာ	စာမျက်နှာ
မျဉ်းစောင်းရေးထုံး	၄၆၁
အကျဉ်းချုံးလို မျဉ်းစောင်းကိုသုံး	၄၆၁
တခုရွေးရန် မျဉ်းစောင်းခံ	၄၆၂
ကျပ်နှင့်ပြား မျဉ်းစောင်းခြားရေး	၄၆၂
စာ့အမိန့်-အမှတ် မျဉ်းစောင်းဖြတ်	၄၆၃
လ-နှင့်ထ-ကြား မျဉ်းစောင်းထား	၄၆၃
အပိုင်းဂဏန်းပြရန် မျဉ်းစောင်းခံ	၄၆၄
ကိုးကားမှတ်(" ")ရေးထုံး....	၄၆၄
ကိုးကားမှတ် သုံးစွဲနည်း	၄၆၄
ကိုးကားနည်း ၂-မျိုး	၄၆၅
စာပိုဒ်တိုက ဆက်ကိုးပြ....	၄၆၅
အကိုးရှည်ငြား သီးခြားထား	၄၆၆
အဖွင့်ကများ အပိတ်ကားတစ်	၄၆၉
ထပ်ဆင့်ကိုးက တခုစီပြ	၄၆၉
တခုချင်းကိုးကားမှတ်	၄၇၀
ပုဒ်ဝိသေသ တခုချင်းအတွင်းပြ	၄၇၀
မေးခွန်းအမှတ်(?)	၄၇၁
သံမြှင့်မေးက မေးခွန်းမှတ်ပြ	၄၇၁
အမေးမှတ်ပြ သံသယ	၄၇၂
လီဒါ(....)ရေးထုံး	၄၇၃
အဆက်ညွှန်းလို လီဒါကိုသုံး	၄၇၃
မျဉ်းပါးပြလို လီဒါကိုသုံး	၄၇၄

အကြောင်းအရာ …. စာမျက်နှာ

နိဂုံး

စာချန်မှတ်(….)ရေးထုံး …. …. ၄၇၄
　တမင်ချန်လို စာချန်မှတ်သုံး …. ၄၇၄
　စာကျန်များက ဆက်၍ပြ …. ၄၇၅
အာမေဍိတ်အမှတ် (!) …. …. ၄၇၆
　စိတ်လှုပ်ရှားက အာမေဍိတ်အမှတ်ပြ …. ၄၇၆
အခြေခံသုံးမျိုးနှင့် မြန်မာသဒ္ဒါ …. ၄၇၇
　ပါဠိသဒ္ဒါအခြေခံ …. …. ၄၇၇
　အင်္ဂလိပ်သဒ္ဒါအခြေခံ …. …. ၄၇၈
　ဝိရောဓိဖြစ်ကြပုံ …. …. ၄၇၈
　ဘာသာဗေဒနည်း …. …. ၄၇၉
မြန်မာသဒ္ဒါကျမ်းရှိသင့်ပြီ …. …. ၄၇၉
　စဉ်းစားသွယ်သွယ် ဖန်တီးဘွယ် …. ၄၇၉
　ပုံတူကူး၍ မဖြစ်နိုင် …. …. ၄၈၁
　ရှိပြီးမြန်မာသဒ္ဒါကျမ်း …. …. ၄၈၁
ဤနည်းသစ် မြန်မာသဒ္ဒါကျမ်း …. …. ၄၈၂
　တယူသန်က အမှန်မရ …. …. ၄၂၈
　ကောင်းမွန်မှုသာ ပဓာန …. …. ၄၈၃
ပတ္ထနာ …. …. …. ၄၈၃

အကြောင်းအရာ …. စာမျက်နှာ

နောက်ဆက်တွဲ (က)

စာပြင်အမှတ်လက္ခဏာများ …. ၄၈၄
　စာပြင်လက္ခဏာများ …. …. ၄၈၅
　စာပြင်ရန်ပရှ…. …. …. ၄၈၆
　စာပြင်ထားသောပရှ …. …. ၄၇၈
　စာပြင်ပြီးပရှ …. …. ၄၈၈

နောက်ဆက်တွဲ (ခ)

ရှုံးစာရေးနည်း—
　နိဒါန်း၊စာကိုယ်၊နိဂုံး …. …. ၄၈၉
　အပိုဒ်ခွဲရေးပါ …. …. ၄၉၀
　ခေါင်းစဉ်ဘပ်ပါ …. …. ၄၉၀
　စာပိုဒ်နံပါတ်တပ်ပါ …. …. ၄၉၀
စာပိုဒ် စ-နည်းနှင့် အောက်စာကြောင်းဆက်နည်း ၄၉၁
စာပိုဒ်ခွဲများရေးပုံပုံစံ …. …. ၄၉၁
အထားအသို အကွာအဝေးများ— …. ၄၉၂
　စာရွက်ထိပ်မှ အကွာအဝေး ….
　စာရွက်ဘေး ကွက်လပ် …. ၄၉၃
　စာရွက်၏ အောက်ဖက် ကွက်လပ် …. ၄၉၃
　ခေါင်းစဉ်ကြီးနှင့် ခေါင်းစဉ်အကွာအဝေး ၄၉၃
　ခေါင်းစဉ်နှင့် စာသား အကွာအဝေး …. ၄၉၃
　စာသား အတွင်း အကွာအဝေး …. ၄၉၄
စာမျက်နှာနံပါတ် တပ်ခြင်း …. ၉၄၄
မျဉ်းသားခြင်း …. …. ၄၉၅

အကြောင်းအရာ			စာမျက်နှာ
ရှုံးစာအမျိုးမျိုး—			
အမှာစာ	....	....	၄၉၅
အမှာစာနမူနာ	....	....	၄၉၇
အတွင်းစာ(ဒီ-အို-စာ)	....	....	၄၉၉
အတွင်းစာ နမူနာ	....	....	၅၀၀
ကိုယ်ရေးစာ	....	....	၅၀၁
ကိုယ်ရေးစာ နမူနာ	....	....	၅၀၂
ရှုံးတွင်းပေးစာ	....	....	၅၀၃
ရှုံးတွင်းပေးစာနမူနာ	....	....	၅၀၆
သာမန်ရှုံးစာ	....	....	၅၀၄
သာမန်ရှုံးစာ နမူနာ	....	....	၅၀၆

ကျမ်းကိုးစာရင်း

ခုနှစ်စဉ်ပြ မြန်မာသဒ္ဒါကျမ်းများ (၁၀၇-ကျမ်း)	၅၀၇-၅၂၀
မြန်မာကျမ်းကိုးစာရင်း အက္ခရာစဉ်(၇၂-ကျမ်း)	၅၂၀-၅၂၉
အင်္ဂလိပ်ကျမ်းကိုးစာရင်း	၅၃၀-၅၃၅
အက္ခရာစဉ် အညွှန်း	၅၃၆-၅၄၀

PDF CREATOR - NYEYADHAMMA@GMAIL.COM

PDF CREATOR - NYEYADHAMMA@GMAIL.COM

ဆရာမာသ၏ အမှာ

သဒ္ဒါသင်ရန် လို့,မလို

ဘာသာ=သဒ္ဒါ

"ဘာသာဟူသည် သက်ရှိသတ္တဝါတို့တွင် လူသားနှင့် အထူးတလည် အခိုင်အမာ ဆက်စပ်နေသောအရာဖြစ်သည်။ တနည်း—စိတ်ကူးစိတ်သန်း(ဝိစာရ)များ၏ အမှတ်သင်္ကေတများဖြစ်သည်"ဟု ခေတ်ပညာရှင်များက ပြဆိုကြသည်[၁]။

"ဘာသာဟူသည် သဒ္ဒါကျမ်း, အဘိဓာန်ကျမ်း တို့၌ ဖော်ပြထားသောအရာမဟုတ်၊ ပြောဆိုသူ၏စိတ်၌သာ တည်သည်"ဟုလည်း ပြဆိုကြလေသည်[၂]။

မှန်ပေသည်၊ ဘာသာဟူသည် အနက်အဓိပ္ပါယ်များကို ဖော်ပြရန် သတ်မှတ်ခေါ်ဝေါ်ချက် (ပညတ်ချက်) များ၏ အစုအပေါင်းဖြစ်သည်—ဟုလည်း ဆိုနိုင်ပေသည်။

တနည်း—ဘာသာဟူသည် ပြောဆိုသူ (ဝတ္တာ)က နားထောင်သူ (သုဏန္တာ)အား သိစေလိုသောအနက်ကို သိစေရန် အသုံးပြုသည့် ပေါင်းကူးတံတားသဖွယ်ဖြစ်သည်ဟုလည်း ဆိုနိုင်ပေသည်။

၁။ ဒေါက်တာ မင်္ဂလဒေဝ၏ ဘာသာဝိညာဏ၊ ၁၀။

၂။ ဘာသာလောက၊

သဒ္ဒါ၏အကျိုး

မှန်ပေသည်။ ခေတ်တိုင်း၊ လူမျိုးတိုင်း၊ နိုင်ငံတိုင်း သက်ဆိုင်ရာဘာသာများကို အသုံးပြုခဲ့ကြရာဝယ် ဘာသာ၏ ပဓာနအကျဆုံး လက္ခဏာဖြစ်သည့် အနက်အဓိပ္ပါယ်ကို သိရခြင်းဟူသောအကျိုးကို ခံစားခဲ့ကြရလေသည်။ ယခု မျက်မှောက်ခေတ်၌လည်း ထိုအကျိုးကို ခံစားရလျက် ရှိကြလေသည်။

သဒ္ဒါဖြစ်ပေါ်လာပုံ

ဘာသာဟူသည် အနက်(အဓိပ္ပါယ်)ကို သိမြင်မှုအတွက် အသုံးချအပ်သောအရာ ဖြစ်သည်။ ဘာသာ၏အစိတ်အပိုင်း ဖြစ်သော ဝေါဟာရညတ်ချက်(သဒ္ဒါ) မှန်သမျှ အနက်နှင့် မကင်းနိုင်ပေ၊ အနက်ရှိကြသည်ချည်း ဖြစ်သည်။ အနက်နှင့် ကင်းသောသဒ္ဒါဟူသည် မရှိပေ[၁]။

မှန်ပေသည်။ ခြေ လေးချောင်း ချို နှစ်ချောင်းနှင့် အကောင်ကြီးဟူသော အနက် ဒြဗ်သာ မရှိခဲ့ပါလျှင် နွား ဟူသော သဒ္ဒါအလုံး ပေါ်လာနိုင်စရာ အကြောင်းမရှိပေ။ ထို့ကြောင့် ထိုနွားဟူသော သဒ္ဒါသည် ထိုအကောင်ကြီး ဟူသောအနက်နှင့် မကင်းနိုင်ပေ။

ဘာသာသည် ပြောသူနှင့် [၁]နားထောင်သူဟူ၍ နှစ်ပိုင်း ရှိသည်။ ထိုတွင် ပြောသူ(ဝဒန္တ)က ပဌမ၊ နားထောင်သူ (သုဏန္တ)က ဒုတိယ ဖြစ်သည်။

၁။ န တု သဒ္ဒါ အနတ္ထာ (သဒ္ဒတ္ထဘေဝိန္တာ—၁၅၉) ယင်းစာကိုယ်ဋီကာတို့၌ အကျယ်ရှုပါ။

အစဦး ပြောသူ၌လည်း အသိဉာဏ်က ပဌမလော၊ အနက်က ပဌမလော—ဟု မေးမြန်းလျှင် အနက်က ပဌမဖြစ်သည်ဟု ဖြေရပါမည်။ အဘယ်ကြောင့်ဆိုသော် အနက်ကို အကြောင်းပြု၍သာ အသိဉာဏ် ဖြစ်ရသောသည်။ ဆိုင်ရာ အနက်ဟူ၍ မရှိခဲ့လျှင် ထိုအနက်အတွက် အသိဉာဏ်ဖြစ်နေစရာ (ရှိနေစရာ)မလိုတော့ပေ။ အသိဉာဏ်ဖြစ်မှသာ ထိုအသိဉာဏ်က(နွားကောင်ကြီး၏)ဇာတ်၊ဒြဗ်၊ကြိယာ၊ဂုဏ်ဟူသော ဖြစ်ကြောင်းများ (ပဝတ္တိနိမိတ်များ)ကို ထိုက်သင့်သလို အကြောင်းပြုကာ သဒ္ဒါ ဟူ၍ ဖြစ်လာရလေသည်[၁]။

သဒ္ဒါရှိ၍ အသိဉာဏ်ဖြစ်ရပုံ

နားထောင်သူ အနေနှင့်ကား (၁) သက်ဆိုင်ရာသဒ္ဒါ ဝေါဟာရကို ကြားလည်းကြားမှ၊ (၂)ထိုဝေါဟာရ၏အနက်ကိုလည်း သိထားဘူးပါမှ အနက်ကို သိနိုင်လေသည်။ သို့ မဟုတ်ပါက နွားဟုကြားသော်လည်း ဘာကို ဆိုသည်ဟု သိနိုင်မည်မဟုတ်ပေ။ ဥပမာ—မြန်မာတဦးက မြန်မာစကားမတတ်သော လူမျိုးခြားတဦးအား [၁]နွား-ဟု ပြောသော်လည်း ထိုသူသည် အနက်ကို သိနိုင်မည်မဟုတ်ပေ။

၁။ သဒ္ဒဝုတ္တိ ၃၃ ၌ 'ပဌမံ ဇာယတေ ဉာဏံ'ဟု ဆိုသော်လည်း အနက် ဟူသည် အာရုံ၊ အကြောင်း၊ ပစ္စည်း၊ နိမိတ်သာတည်း၊ ဉာဏ်ဟူသည် အရေမ္မဏိက၊ အကျိုး၊ ပစ္စယုပ္ပန်၊ နိမိတ္တဝန်သာ ဖြစ်သည်။ ထို့ကြောင့် အာရမ္မဏိကဖြစ်သော အသိဉာဏ်က ဦးစွာမဖြစ်နိုင်ကြောင်း ထင်ရှားသည်။ အာရုံရှိမှ အာရမ္မဏိက ဖြစ်နိုင်သည်။

ထို့ကြောင့် ဝေါဟာရသင်္ကေတပညတ်ချက်တို့၏ အစုအပေါင်းဖြစ်သော ဘာသာ၏ ပထမလက္ခဏာကား အနက် (အဓိပ္ပါယ်)ကို သိရေးသာတည်း။

သဒ္ဒါသင်ရန် လိုသလော

ကောင်းပြီ။ သို့ဖြစ်လျှင် သက်ဆိုင်ရာ ဘာသာကို ပြောဆို (ရေးသား)သူ, နားထောင် (ဖတ်ရှု)နိုင်သူများအတွက် သက်ဆိုင်ရာ သဒ္ဒါ (ဗျာကရုဏ်း)အတတ်ပညာကို သင်ကြားနေရန် လိုပါသေးသလော? အချိန်ကုန် လူပန်းခံ၍ သင်ကြားနေရန်မလိုခဲ့သော် သက်ဆိုင်ရာ ဘာသာအတွက် သဒ္ဒါ (ဗျာကရုဏ်း)ကျမ်းကို ပြုစုရန်လိုပါသေးသလော? ဘာသာနှင့် သဒ္ဒါ (ဗျာကရုဏ်း) အတတ်ပညာဟူ၍ နှစ်မျိုးခွဲကြည့်ပါက ဘာသာဟူ၍ မရှိခဲ့လျှင် ထိုဘာသာအတွက် သဒ္ဒါ (ဗျာကရုဏ်း)အတတ်ပညာဟူသည် ရှိနိုင်ပါဦးမည်လော? ထို့ကြောင့် ဘာသာနှင့် ဘာသာကို အကျိုးရှိအောင် အသုံးချမှုပြုနိုင်လျှင် လိုရင်းအကျဆုံးကိစ္စ ပြီးစီးပြည့်စုံနေပြီမဟုတ်ပါလော? ထို့ကြောင့် သဒ္ဒါ (ဗျာကရုဏ်း)ကို သင်ကြားပြုစုနေလျှင် အချည်းနှီးအလုပ်ပိုလုပ်ရာ မရောက်ပါလော?

သဒ္ဒါအတတ်ကို သင်သင့်ပုံ

အထက်ပါ ပြဿနာများတွင်ပါသည့် သဘောများအတိုင်းဆိုပါက သဒ္ဒါ (ဗျာကရုဏ်း)အတတ်ကို သင်ကြားလေ့လာနေရန်လည်း မလို၊ ပြုစုနေရန်လည်း မလိုဟု မှတ်ယူရမလို ဖြစ်နေပေသည်။

သဒ္ဒါ မတည်မြဲကြောင်း

စင်စစ်ကား ဤသို့ မှတ်ယူရန် မသင့်ပေ။ အဘယ်ကြောင့်ဆိုသော် ဘာသာဟူသည် ပြောင်းလဲတတ်သောသဘော (ဖောက်ပြန်တတ်သော သဘော, ရွေ့လျောတတ်သော သဘော) ရှိနေသောကြောင့်ပေတည်း။

ထိုအချက်ကို ထင်ရှားစေရန် အတန်ငယ် ချဲ့ထွင်ပြဆိုပါမည်။ ဘာသာ (တနည်း-သဒ္ဒါ)ဟူသည် အစဉ်တည်မြဲနေသောအရာ မဟုတ်ပေ။ (ဘာသာသေမဟုတ်သည့်) နှုတ်ပြောဘာသာမှန်သမျှ ပြောင်းလဲတတ်သော သဘောရှိသည်သာတည်း။ အကြောင်းအမျိုးမျိုးတို့ကြောင့် အနှေးနှင့် အမြန်, အနည်းနှင့်အများလောက်သာ ကွာခြားကြလေသည်။

ယခုအခါ ဘာသာသေများ ဖြစ်နေကြသည့် သက္ကတဘာသာ, ပါဠိဘာသာ, လက်တင်ဘာသာ စသည်တို့သည် တခါတုန်းက နှုတ်ပြောဘာသာများ (နေ့စဉ်သုံးဘာသာများ)ဖြစ်ခဲ့ကြလေသည်။

ယင်းသို့ နှုတ်ပြောဘာသာများ ဖြစ်ခဲ့ကြသည့်အတိုင်း ပြောင်းလဲတတ်သော သဘောနှင့် မကင်းနိုင်သဖြင့် ဘာသာသေများအဖြစ် ကျန်ရစ်ခဲ့ကြလေသည်။

ထိုဘာသာသေများမှ ဆင်းသက်လာသည့် လက်ရှိဘာသာများကို ပြောဆိုနေသူတို့သည် မူလ မွေးထုတ်လိုက်သည့် ဘာသာသေများကို သူစိမ်းသဖွယ် (ဘာသာခြား

သဖွယ်)အနည်းနှင့်အများ မပြောနိုင်,မရေးနိုင် (နားမလည်နိုင်)ဖြစ်နေကြရလေသည်။

အကယ်၍ ဘာသာသည် အစဉ်တည်မြဲနေသည့် သဘောသာ ရှိမည်ဆိုပါက ထိုဘာသာများသည် ဘာသာသေများအဖြစ်သို့ ရောက်ခဲ့ကြလိမ့်မည် မဟုတ်ပေ။ ထို့ပြင် အစဉ်တည်မြဲနေမည်ဆိုပါက ထိုဘာသာများကို ပြောဆိုသည့် လူမျိုးများ ရှိနေသရွေ့ကာလပတ်လုံး ထိုဘာသာများသည်လည်း ဘာသာရှင် (နေ့စဉ်သုံးဘာသာ)အဖြစ် ရှင်သန်၍ နေစရာအကြောင်း ရှိလေသည်။ အကြောင်းအမျိုးမျိုးကြောင့် တိုးပွါးမှု အနည်း-အများလောက်သာ ကွာခြားကြပေလိမ့်မည်။

ထို့ပြင် အစဉ်တည်မြဲနေမည် ဆိုပါက ထိုဘာသာများမှ အဆင့်ဆင့် ဆင်းသက်လာသော ဘာသာများ ဟူ၍လည်း ပေါ်ပေါက်ရန် ခဲယဉ်းလှပေလိမ့်မည်။

ဤအရာတွင် လူမျိုးကွဲပြားသည်နှင့်အမျှ ဘာသာကွဲပြားမှု ဖြစ်တတ်သည့် သဘောများကို လူမျိုး၏ အခြေအနေပြောင်းလဲမှု အမျိုးမျိုးကို လိုက်ကာ ဘာသာ၏ ပြောင်းလဲမှုအမျိုးမျိုး ဖြစ်တတ်ပုံများကိုလည်း ထည့်သွင်း စဉ်းစားသင့်ပေသည်။

သဒ္ဒါတို့ ပြောင်းလဲနေကြပုံ

ဣန္ဒိယဘာသာများတွင် ပဌမခေတ်ဘာသာများ(၁၅၀၀-၃၀၀ ဘီ၊စီ)၏ အစဉ်တည်မြဲ မနေနိုင်ဘဲ ပြောင်းလဲမှုများကြောင့် ဒုတိယခေတ် ဘာသာအဖြစ် ပေါ်လာကြရလေသည်။ ဒုတိယခေတ်ဘာသာများ (၃၀၀ ဘီ၊စီ–၁၂၀၀ အေ၊ဒီ)၏ အစဉ်တည်မြဲ မနေနိုင်ဘဲ ပြောင်းလဲမှုများကြောင့် တတိယခေတ် ဘာသာများ (၁၂၀၀ မှ ယနေ့ထိ) ဖြစ်ပေါ်လာကြရလေသည်။ ဤကား ယေဘုယျ သဘောကို ငုံ၍ ဖော်ပြလိုက်ခြင်းပေတည်း။

ဤတွင် ပဌမခေတ် နောက်ဆုံးပိုင်းတွင် ပေါ်ခဲ့သော ပါဏိနိ သဒ္ဒါ (ဗျာကရဏ်း) အတိုင်း သက္ကတ ဘာသာကို လိုက်၍ ရေးကြသဖြင့် သက္ကတသည် နှုတ်ဘာသာအဖြစ်မှ စာဘာသာအဖြစ်သို့ တဖြည်းဖြည်း ရောက်ခဲ့ရသည်–ဟု ခေတ်ပညာရှင်အချို့က ယူဆကြလေသည်။

ကျွန်ုပ်တို့ကား ဤသို့မယူဆလိုကြပေ။ နှုတ်ပြောဘာသာဖြစ်ခဲ့သည့်အတိုင်း အစဉ်တည်၍ မနေနိုင်သဖြင့် ပြောင်းလဲဆင်းသက်ခဲ့ရာမှ ထိုခေတ်သုံး ဘာသာအဖြစ် စာပေများရှိနေခြင်းသာ ဖြစ်သည်–ဟု ယူဆလိုပေသည်။ သဒ္ဒါ (ဗျာကရဏ်း)သည် ထိုခေတ်သုံး ဘာသာအတွက် မှတ်တမ်းသဖွယ် ဖြစ်သည်–ဟုလည်း ယူဆလိုပေသည်။ ပါဠိ ဘာသာခေါ် မာဂဓီ ဘာသာသည်လည်း ထိုသဘောအတိုင်းပင် ဖြစ်ပေသည်။

ဘာသာသေများ

ပါဠိသဒ္ဒါ (ဗျာကရဏ်း)ကျမ်းများကြောင့် ဘာသာသေဖြစ်ရခြင်း မဟုတ်ပေ။ လူမျိုးနှစ်မျိုး ပေါင်းစပ်ရာမှ ကပြားအဖြစ်သို့ရင်း, ထိုမှတဆင့် ကသတစ်အဖြစ်သို့ရင်း ရောက်ရသကဲ့သို့ ပေတည်း။ ကသတစ်အဖြစ်မှ ကပြားအဖြစ်သို့ရင်း,

ကပြားအဖြစ်မှ မူလလူမျိုး နှစ်မျိုးကိုရင်း ပြန်ကြည့်လျှင် ခေတ်ကာလနှင့် ပြောင်းလဲမှုအလိုက် ခြားနားပုံကို တွေ့နိုင်သကဲ့သို့ သက္ကတဘာသာဟောင်းနှင့် မာဂဓီဘာသာဟောင်းများကိုလည်း ခေတ်အလိုက် ရှိနေခဲ့ပုံကို တွေ့ရခြင်း ဖြစ်ပေမည်။ ယနေ့အထိ ပါဠိဘာသာဖြင့် စာပေပြုစုသူများ ရှိနေသည်ကို ထောက်လျှင် ထိုဘာသာသေများကို အထူး တတ်မြောက်အောင် သင်ကြား လေ့လာ၍ ပြုစုခြင်းသာ ဖြစ်ကြောင်း သတိပြုသင့်ပေသည်။

သဒ္ဒါ (ဗျာကရုဏ်း) ဟူသည် ဘာသာသေ အဖြစ်သို့ ရောက်ပြီးသော ဘာသာအတွက်လည်း ပြုစုနိုင်ကြောင်း ထင်ရှားပေသည်။ မှန်ပေသည်၊ လက်ရှိဘာသာသေ ဖြစ်သည့် (ပါဠိ)ဘာသာ(စာပေ)ကို ကောင်းစွာ တတ်မြောက်အောင် သင်ကြားပြီးသူသည် ပါဠိသဒ္ဒါ (ဗျာကရုဏ်း) အတတ်ကိုလည်း တပါတည်း တတ်မြောက်သည့် သဒ္ဒါ(ဗျာကရုဏ်း) ဆရာကြီး တဦးသဖွယ် ဖြစ်နိုင်ပေသည်။ ပါဠိသဒ္ဒါ (ဗျာကရုဏ်းဆရာကြီးများသည် ထိုကဲ့သို့သော ပုဂ္ဂိုလ်ကြီးများ ဖြစ်ကြပေသည်။ ထိုဘာသာကို တတ်မြောက်ပြီး၍သာ သဒ္ဒါ (ဗျာကရုဏ်း) များကို ပြုစုနိုင်ကြခြင်း ဖြစ်ပေသည်။ ပါဠိဘာသာဟူ၍ မရှိခဲ့လျှင် ထိုဘာသာအတွက် သဒ္ဒါ(ဗျာကရုဏ်း)ကို ပြုစုနိုင်ကြလိမ့်မည် မဟုတ်ချေ။ ဘာသာသေ တခုခုအတွက် သဒ္ဒါ (ဗျာကရုဏ်း)ကို စတင် သင်ကြားရခြင်းမှာ ထိုဘာသာအတွက် အချက်အလက်များကို လမ်းညွှန်သဖွယ် ကြိုတင် သိမြင်နိုင်ခြင်း, ယင်းသို့ သိမြင်နိုင်သဖြင့်

ထိုဘာသာကို တတ်မြောက်လွယ်ခြင်းစသော အကျိုးများကို ရရှိနိုင်သဖြင့် သင်ကြားရခြင်း ဖြစ်ပေသည်။

မှန်ပေသည်။ မြန်မာနိုင်ငံတွင် ယခုအခါ ပျူဘာသာဖြင့် ပြောဆို (ရေးသား)သူများ မရှိကြပြီ ဖြစ်သော်လည်း ပျူဘာသာဖြင့် ရေးသားသည့် စာပေ ကျမ်းဂန်များ ပြည့်စုံလုံလောက်အောင် ကျန်ရစ်ခဲ့မည်ဆိုပါက ဝါ–များစွာပြည့်စုံသော ဘာသာသေအဖြစ် ရှိနေမည်ဆိုပါက ထိုဘာသာကို တတ်မြောက်အောင် သင်ကြားလေ့လာကာ များစွာ ပြည့်စုံသည့် ပျူဘာသာ သဒ္ဒါ(ဗျာကရုဏ်း) ကျမ်းအဖြစ် ပြုစုမည်ဆိုက ပြုစုနိုင်မည်သာတည်း။

အလားတူပင် ယခုတွေ့သမျှ ပုဂံခေတ် ကျောက်စာများကို ကြည့်ကာ ပုဂံခေတ်သုံး သဒ္ဒါ (ဗျာကရုဏ်း) ကျမ်း ပြုစုလျှင်လည်း ဖြစ်နိုင်သည်သာတည်း။ ပုဂံ ခေတ်သုံး ဘာသာသည် လက်ရှိမြန်မာဘာသာ၏ ရှေးဟောင်းဘာသာ (ဝါ–ဘာသာသေ)အဖြစ် လုံးဝ ကျန်ခဲ့ပြီဟု မဆိုနိုင်သော်လည်း ယခုခေတ် မြန်မာဘာသာနှင့် ခြားနားချက်တို့ကို အတော်ပင် တွေ့နေရပေသည်။

ဘာသာသေများ ဖြစ်ကြရခြင်း

ရှေးဟောင်း သက္ကတဘာသာဖြစ်သည့် **ဝေဒိကဘာသာ** ပါဠိဘာသာခေါ် **မာပဓိဘာသာ**တို့သည်လည်း (ပြဆိုခဲ့သည့်အတိုင်း) အစဉ် တည်မြဲမနေဘဲ ပြောင်းလဲနေတတ်သည့် သဘောကြောင့် ဘာသာသေအဖြစ် ကျန်ရစ်ခဲ့ခြင်း ဖြစ်ကြောင်းကို အတန်ငယ် ဖော်ပြလိုပေသေးသည်။ ပါဏိနိ

သုတ်များကို ဖွင့်ဆိုသော ဆရာကြီးပတဉ္ဇလိက—

ဗျတ္တျယောဗဟုလမ် (၃၊၁၊၁၅)
(ချွတ်ချော်ပြောင်းလဲ ချက်တို့သည်များပြား လှကုန်၏)

ဟူသောသုတ်ကို တည်ခဲ့သည့်ပြင် ထိုသုတ်၏ အဖွင့် ဝုတ္တိ၌ နာမ်ဝိဘတ် လွဲချော်ချက်များ, ကြိယာဝိဘတ် လွဲချော်ချက်များ, ဝဏ္ဏလွဲချော်ချက်များ, လိင်လွဲချော်ချက်များ, ပုရိသ်လွဲချော်ချက်များ, ကာလလွဲချော်ချက်များ, အတ္တနောပုဒ်လွဲချော်ချက်များ၊ ပရဿပုဒ်လွဲချော်ချက်များ, နိမိတ္တတ္တက တို့ပစ္စည်းအသုံးလွဲချော်ချက်များရှိပုံကို ပြဆိုထားလေသည်[၁]။

ဝေဒိကဘာသာ၌ သုဗန္တ (=သျာဒျန္တ) ဝိဘတ်များကို သုံးစွဲရာတွင် သတ္တမီဝိဘတ်ရာ၌ ဆဋ္ဌီဝိဘတ်ကို၎င်း, ပဉ္စမဝိဘတ်ကို၎င်း သုံးစွဲထားပုံများ တွေ့ရသည်။ ပါဠိဘာသာ၌လည်း အလားတူတွေ့ရသည်။ ဥပမာ–'ကေသ္မိံ' 'သမယသ္မိံ'ကို 'ကေံ သမယံ'[၂] ဟူ၍၎င်း, 'တသ္မိံ သမယသ္မိံ' ကို 'တေန သမယေန'[၃] ဟူ၍၎င်း, 'အစိရပက္ကန္တေ ဘဂဝတိ'

၁။ အကျယ်ကို ပါဏိနိအဖွင့်'မဟာဘာသာ၌၎င်း, သိဒ္ဓန္တကောမုဒီ၌၎င်း, A.A. Macdonell ၏ Vedic Grmmar ၌၎င်း, E.V. Arnold Historical Vedic Grammar ၌၎င်း, ဘိက္ခု ဇဂဒိသ ကဿပ၏ ပါဠိမဟာဗျာကရဏ နိဒါန်း၌ ရှုပါ။ ပါဠိမဟာဗျာကရဏနိဒါန်း၌ ဝေဒိက,ပါဠိနှင့် သက္ကတ သုံးဘာသာ၏ ပြောင်းလဲပုံ နှိုင်းယှဉ်ပြဆိုချက်များ ပါသည်။

၂။ ယင်းကို သုတ်သီလက္ခန်အဋ္ဌကထာ-နှာ-၃၂-၃၄-တို့၌အကျယ်ရှုပါ။

၃။ ယင်းအဖွင့်ကို ပါရာဇိကကဏ် အဋ္ဌကထာ ၃၉-၈၁-၌ အကျယ်ရှုပါ။

ကို 'အစိရပက္ကန္တဿ ဘဂဝတော'ဟူ၍၎င်း, 'တေလံ ပိဝိတွာ' ကို 'တေလဿ ပိဝိတွာ' ဟူ၍၎င်း, 'တံ ပဋိသုတွာ' ကို 'တဿ ပဋိသုတွာ' ဟူ၍၎င်း စသည်ဖြင့် ပြောင်းလဲသုံးစွဲခဲ့ပုံများ ပေတည်း။ နောက်ပိုင်း သက္ကတဘာသာ၌ကား ထိုကဲ့သို့သော ပြောင်းလဲချက်များ မရှိပေ။ အဘယ့်ကြောင့်ဆိုသော် ထိုကဲ့သို့သော အပြောင်းအလဲများကို ချုပ်ကိုင်ထားရေး အတွက် သဒ္ဒါ (ဗျာကရဏ်း) ကို ပြုစုလိုက်ကြခြင်းကြောင့် ပေတည်း။

ဝေဒိကဘာသာ၌ တိင်္ဂန္တ (=တျာဒျန္တ)ပုဒ်များ အသုံး တွင် 'စသာလံ ယေ အသ္ဝယူပါယ တက္ခတ်' ဟူသောအသုံး မျိုး တွေ့ရသည်။ 'တက္ခန္တိ' ဟု ဗဟုဝုစ် သုံးရမည့်အရာသာ တည်း။ မာဂဓီဘာသာ၌လည်း တိင်္ဂန္တ–ပစ္စယ အရာများ တွင် အပြောင်းအလဲများ တွေ့ရသည်။ ဥပမာ 'အတ္ထိ ဣမသ္မိံ ကာယေ ကေသာ, လောမာ, နခါ'စသော ပါဠိ၌ 'သန္တိ'ဟု သုံးရမည့်အစား 'အတ္ထိ'ကို သုံးထားသည်။ (ထို့ကြောင့်ပင် အဖွင့်ဆရာကြီးများကလည်း အတ္ထိကို သန္တိ ဟု ဖွင့်ပြတော်မူကြသည်။)

ဝေဒိကဘာသာ၌ "သုဘိတမ်=သုမိတမ်", 'အဒုန္တတ်=အဒုက္ခတ်', 'ဂြိဘာယ=ဂြိဟာယ' စသည်ဖြင့် ဝဏ္ဏအပြောင်း အလဲများကို တွေ့ရသည်။ မာဂဓီဘာသာ၌လည်း 'ဗုဒ္ဓေဟိ =ဗုဒ္ဓေဘိ' 'ဒုက္ကတံ=ဒုက္ကဋံ' 'ပရိဃော=ပလိဃော' စသည် ဖြင့် ဝဏ္ဏအပြောင်းအလဲများကို တွေ့ရသည်။

ဝေဒိကဘာသာ၌ ကာလအသုံးအပြောင်းအလဲများတွေ့ရ သကဲ့သို့ မာဂဓီဘာသာ၌လည်း တွေ့ရသည်။ မာဂဓီဘာသာ၌

ပုရေ, အဓမ္မော ဒိပ္ပတိ' 'အနေကဇာတိသံသာရံ သန္ဓာဝိဿံ' စသည်ဖြင့် ဘူတကာလအနက်၌ ဘဝိဿျကာလ သုံးထားပုံများကိုရင်း, 'အတိဝေလံ နမသိဿာတိ'ဟု ဝတ္တမာန်အနက်၌ ဘဝိဿျကာလ (ဘဝိဿန္တိဝိဘတ်) သုံးထားပုံကိုရင်း တွေ့ရသည်။

ထို့ပြင် ဝေဒိကဘာသာ၌ ကာလနှင့် လ-ကာရအယှဉ် (လ-အသုံး)သည် များစွာမှ မမြဲပုံကို တွေ့ရသည်။ နိမိတ္တတ္ထက (တုံပစ္စယ–တုံပစ္စည်းအရာ၌) ကွဲပြားလှသော ပစ္စည်းများ၏ အသုံးကို အဋ္ဌာဓျာယီ (၃၊၄၊၉...၃၊၄၊၁၃) သုတ်တို့၌ ဖော်ပြထားလေသည်။ ကြိတျ (ကိစ္စ) ပစ္စည်းအရာ၌လည်း 'တဝေ', 'ကေန' , 'ကေနျ', 'တွေန' ဟူသော လေးခုတို့ကို တွေ့ရသည်။

ယင်းသို့လျှင် ဝေဒိကဘာသာ၌ စိတ်သဘောရှိတိုင်း ဖြစ်မှု, မသေချာ မခိုင်မြဲမှု, သုံးစွဲပုံကွဲပြားမှုတို့ကို တွေ့ရခြင်းမှာ ထိုဘာသာကို ပြောဆိုသူများ၏ နယ်ပယ်နှင့် လူအုပ်စု ကွဲပြားခြားနားမှုများကြောင့်သာ ဖြစ်မည်ဟု ပညာရှင်တို့က ထင်ကြေးပေးကြလေသည်။ ထို့ကြောင့် ဝေဒိကဘာသာသည် မူရင်းက တဘာသာတည်း ဖြစ်သော်လည်း နယ်ပယ်ကွဲပြားခြားနားမှုကြောင့် ယခုလောက် ပြောင်းလဲမှု ဖြစ်သည့်ပြင် အနက်တခုတည်းအတွက် ပစ္စယ (ပစ္စည်း) ကွဲပြားပုံများကို တွေ့ရခြင်းဖြစ်မည်–ဟုလည်း ထင်ကြေးပေးကြ လေသည်။

ဘာသာသစ်များ ပေါ်ထွန်းလာခြင်း

အရိယလူမျိုးများ သိန္ဓုဒေသ၌ ပြန့်နှံ့၍ လာခဲ့ပေရာ မူလရှိရင်း လူမျိုးများနှင့် ဆုံမိကြသည်။ မူလဒေသခံတို့၏

ဘာသာအရှိန်သည် ထိုဝေဒိကဘာသာ၌ မလွဲမသွေ သက်ရောက်ပေလိမ့်မည်။ အင်္ဂလိပ်ဘာသာ အင်္ဂလန်၏ပြင်ပသို့ ထွက်မလာခဲ့ပါလျှင်–အင်္ဂလိပ်ဘာသာ၏ အသွင် (အနေအထား) သည် ယနေ့အသွင်နှင့် တမျိုးတဖုံဖြစ်၍ နေစရာ အကြောင်းရှိလေသည်။ ပြင်ပဒေသမှ ဣန္ဒိယနိုင်ငံသို့ မူဆလမန်များ ဝင်ရောက်၍ လာခဲ့ပေရာ ထိုသူတို့၏ဘာသာနှင့် အရင်းခံဘာသာတို့ ပေါင်းစပ်မိကာ အူရဒူဘာသာအဖြစ် ပေါက်ဖွားခဲ့ရပေသည်။ အကယ်၍ ဣန္ဒိယနိုင်ငံသို့ ရောက်မလာခဲ့သော် ယင်းတို့၏ မာရစီဘာသာ အဖြစ်သာ ရှိနေပေလိမ့်မည်။

ဝေဒိကဘာသာသည် ဣန္ဒိယနိုင်ငံသို့ ဝင်ရောက်အုပ်စိုးသူတို့၏ ဘာသာအဖြစ် ပဓာနကျသော အခဏ်းမှ ပါဝင်၍ နေခဲ့ပေသည်။ အခြားဘာသာများနှင့် ပေါင်းဆုံမိခဲ့သည်။ ထိုဒေသခံများသည် ဝေဒိကဘာသာ၏ ခက်ခဲသောသဒ္ဒါ (ဝေါဟာရ)များကို လွယ်ကူပေါ့ပါးစွာ ပြောဆိုကြလေသည်။ ထို့ကြောင့် 'အဂ္ဂိ'ကို 'အဂ္ဂိ'၊ 'ရသ္မိ'ကို 'ရံသိ'၊ 'ဘာရိယာ'ကို 'ဘရိယာ'၊ 'ကြိတျ'ကို 'ကိစ္စ'၊ 'သိံဟ'ကို 'သီဟ'၊ 'မြာဿ'ကို 'ဗျဂ္ဃ'၊ 'သံသထာန'ကို 'သံထာန=(သဏ္ဌာန)' စသည်ဖြင့် ပြောဆိုပုံ ရုပ်အသွင်များ ပြောင်းသွားကြလေသည်။

သဒ္ဒါကျမ်းများ ပေါ်လာခြင်း

ပါဏိနိအဖွင့် မဟာဘာသျ၌ ပါဏိနိခေတ်က လူတို့သည် 'အာဏာဝယတိ'(အမိန့်ပေး၏), ဝဋ္ဋတိ (မျက်မှောက်ဖြစ်၏), ဝဍုယတိ(တိုးပွါး၏) စသော ကြိယာဆိုင်ရာ ရုပ်များကို ပြောဆိုကြကြောင်း။ ထို့ပြင် 'ကြိသိ'၏ အနက်၌ 'ကသိ'၊ 'ဒြိသိ'

၏ အနက်၌ 'ဒသိ'ဟူသော အသုံးများ သုံးကြလေရာ ဗျာကရဏ်းကိုပြုစုသောအခါ တဆင့်ခံများအဖြစ် သိမြင် (သဘောထား) ခြင်းကြောင့် စွန့်ပယ်ထားခဲ့သည်–ဟု 'ဘာ့ဒယောမာတဝး' (၁၊၃၊၁) သုတ်၏အဖွင့်တွင် ပြဆိုထားခဲ့လေသည်။

ပြဆိုခဲ့သည့်အတိုင်း အမျိုးအပြား ပြောင်းလဲခဲ့ရာမှ ကာလကြာသောအခါ မာဂဓီဘာသာနှင့် ပြာကရိတ်ဘာသာအသွင်သို့ ရောက်လာခဲ့ရသည်–ဟု နာလန္ဒတက္ကသိုလ်ကျောင်းအုပ်ကြီး ဇဂဒိသကဿပ-က အကျယ်တဝင့် ဖော်ပြထားလေသည်။ ယုဓိဋ္ဌိရ မီမံသက-ဆိုသော သက္ကတသဒ္ဒါ သမိုင်းဆရာကြီးကလည်း ထိုသဘောအတိုင်းပြဆိုသည်။

ယင်းသို့ အအုပ်အထိန်းမရှိ ပြောင်းလဲရွှေ့လျောချင်တိုင်း မပြောင်းလဲ မရွှေ့လျောရလေအောင် သက္ကတဘာသာကို စီမံရခြင်းဖြစ်ကြောင်း၊ ဘာသာကို ပေါ့ပါး(လွယ်ကူ)မှုနှင့် အသုံးဝင် (အကျိုးများ)မှုအတွက် သဒ္ဒါ (ဗျာကရဏ်း) ကျမ်းများကို စီရင်ကြခြင်း ဖြစ်ကြောင်း၊ ယင်းသို့ သဒ္ဒါ(ဗျာကရဏ်း) ကျမ်းများအဆက်ဆက် ပေါ်လာကြပြီးနောက် ခရစ်မပေါ်မီ ၄၀၀-ခန့်တွင် ပါဏိနိ ဗျာကရဏ်း ပေါ်လာခဲ့ကြောင်း များကိုလည်း ထိုဆရာတော်က ဖော်ပြထားလေသည်။

ယာသကဆရာကြီး၏ နိရုတ္တိကျမ်း၌လည်း ဒေသကွဲပြားမှုကြောင့် ကွဲပြားနေသည့် အသုံးများကို ဉာဏ်၌သတိပြုကာ သဒ္ဒါများကို ဝိဂ္ဂဟ်ဝစနတ္တ (နိဗ္ဗစန) ပြုသင့်သည်–ဟု ပြဆိုထားချက်နှင့် အဆိုပါအယူအဆများ ကိုက်ညီလျက် ရှိလေသည်။

ဘာသာစကားများ ရွှေ့လျောကြပုံ

ကျွန်ုပ်တို့ မြန်မာဘာသာ၌ ပြောင်းလဲပုံများကိုလည်း သဒ္ဒါရှုဒေါင့်မှ အတန်ငယ်ကြည့်ကြဦးစို့—

ယခုအနေ ရွှေပိုင်း ပုဂံသားတယောက် လာရောက်ကာ ရန်ကုန်, မန္တလေး စသော မြို့ကြီးတမြို့မြို့၌ ပုဂံခေတ်သုံး မြန်မာဘာသာဖြင့် ဟောပြောပွဲကြီးတခု ကျင်းပမည် ဆိုပါလျှင် (အထူးလေ့လာထားသူများက လွဲလျှင်) နားမလည်သူတို့သာ များပေလိမ့်မည်။ ထိုမျှမက ပုဂံသားများကို အသက်ပြန်လည်ရှင်သန်စေကာ ယခုခေတ် ရန်ကုန်, မန္တလေးသားတဦးဦးက တရားပွဲကြီးတခု ကျင်းပဟောပြောမည် ဆိုပါလျှင် နားမလည်သူတို့ပင် များပေလိမ့်မည်။ ဘာသာခြားတခုခုဖြင့် ဟောပြောနေသလောက်နီးနီး ရှိပေလိမ့်မည်။

အသံထွက်မတူပုံ၊
အခေါ်မတူပုံ၊
ဝိဘတ်မတူပုံ၊
ကြိယာမတူပုံ–

မှစ၍ ကွဲပြားချက်ပေါင်း များစွာတွေ့ကြရပေလိမ့်မည်။ ယင်းမှာ ဘာသာ၏ အစဉ်မတည်ဘဲ ရွှေ့လျော ပြောင်းလဲတတ်သောသဘောအတွက် ခိုင်လုံသောသက်သေတရပ်ပေတည်း။

ကျောက်စာများနှင့် ယခုစကား

ယခုအနေ ပုဂံခေတ်သုံး ကျောက်စာများကို ကြည့်ကာ သဒ္ဒါ (ဗျာကရဏ်း) တစောင် ပြုစုပြီးလျှင် ထိုသဒ္ဒါကျမ်းအတိုင်း ယခုခေတ်လူများအတွက် ပြောဆိုရေးသားစေမည်

ဆိုပါက စိတ်ရှုပ်ဖွယ်ဘရုပ်သော်ငှင်း၊ ရယ်ရွှင်ဖွယ်တရုပ်သော်ငှင်း ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ နာမ်ဝိဘတ်တမျိုးကိုပင် ကြည့်ပါ။ နာမ်ဝိဘတ်တို့တွင် စတုတ္ထီဝိဘတ် 'အား' အသုံးတခုကိုပင် ကြည့်ပါ။

ယခုအခါ 'ရန်ကုန်မြို့နိုက်အား' ဟု သုံးလျှင် မျက်လုံးပြူးသွားကြပေလိမ့်မည်။ မြစေတီကျောက်စာ၌ 'အရိမဒ္ဒနပုရ-မည်သော ပြည်နိုက်အား' (အရိမဒ္ဒနပုရ မည်သောပြည်နိုက်အာ)ဟု သုံးထားလေသည်။

ယခုအခါ 'ဦးမောင်မောင် မည်သောအား ငါက ပေး၏' ဟု သုံးလျှင် မေးငေါ့ကြပေလိမ့်မည်။ မြစေတီ၌ 'ရာဇကုမာရ် မည်သောအာ မင်ပိယ်တုံ အေ'ဟု သုံးထားသည်။

ယခုအခါ 'ငနောင်အား'ဟု သုံးလျှင် လက်ညှိုးထိုးကြပေလိမ့်မည်။ မြစေတီ၌ 'ငနောင်အာ'ဟု သုံးထားသည်။

ယခုအခါ 'တနင်္ဂနွေနေ့အား....'ဟု သုံးလျှင် နှာခေါင်းရှုံ့ကြပေလိမ့်မည်။ စခိဖုနာ စသော ကျောက်စာများ၌ 'တန်နှင်ကုနိယ်နိယ်အာ....'ဟု သုံးကြသည်။ ပုဂံကျောက်စာတို့၌ ဤအသုံးမျိုး အလွန်များသည်။

ယခုအခါ နိဗ္ဗာန်ချမ်းသာအား ရောက်စေ'ဟု သုံးလျှင် သို့'ဟု အလျှင်အမြန် ပြင်ခိုင်းကြပေလိမ့်မည်။ စေမင်းလတ်ဘုရား ကျောက်စာ၌ သုံးထားသည်။

ယခုအခါ နိဒ္ဒါရဏ အနက်မှာသာ သုံးကောင်းသည်ဟု ထင်နေသည့် 'တွင်'ကို ပုဂံကျောက်စာများတွင် အာဓာရ

အနက်၌ လှိုင်လှိုင်ကြီး သုံးထားကြသည်။ နောက်ပိုင်းစာပေများ၌ကား တပုံတပင်ကြီး ရှိပေသည်။ ဦးကုလားရာဇဝင်တစောင်, မှန်နန်းရာဇဝင်တစောင်တည်းမှပင် ထောင်ဂဏန်းထက်မနည်း သုံးထားပုံများကို တွေ့ရသည်။ ထို့ကြောင့် ရှေးဆရာများက တွင်, တို့တွင် ကို နိဒ္ဒါရဏ,နိဒ္ဒါရဏီယ အနက်၌ သုံးရန် ညွှန်ပြသတ်မှတ်ခဲ့ကြခြင်းမှာ နည်းရရုံ သာမညညွှန်ပြခဲ့ကြခြင်းသာ ဖြစ်သည်–ဟု မှတ်ယူရမည်။

ဤမျှလောက်ဖြင့် ဘာသာဟူသမျှ အစဉ်တည်မြဲမနေဘဲ ပြောင်းလဲတတ်သည့်သဘောကို ရိပ်စားမိလောက်ပြီဟု ယူဆပါသည်။

သဒ္ဒါများ ပြောင်းလဲကြခြင်းအကြောင်း

တဖန် ယင်းသို့ ပြောင်းလဲရခြင်း၏ အကြောင်းများကို ရှာကြပါဦးစို့။ ဘာသာတိုင်း၌ ပြောဆို(ရွတ်ဖတ်)သူကြောင့် မမှန်မကန် ဖောက်ပြန်ပြောင်းလဲတတ်ကြောင်းများမှာ[၁]—

၁။ သတိကင်းမဲ့ခြင်းကြောင့်လည်း ဖြစ်နိုင်သည်။

၂။ (သဒ္ဒါက နိစ္စ ဖြစ်သောကြောင့် မှန်ကန်ပါလျက်)[၂] ပီသအောင် မပြောဆို (မရွတ်ဖတ်) နိုင်ခြင်းကြောင့်လည်း ဖြစ်နိုင်သည်။

၁။ သဒ္ဒတ္ထဘေဒစိန္တာ ဂါထာအမှတ် ၁၉။

၂။ (သဒ္ဒါ၏ နိစ္စဖြစ်ပုံ) နိစ္စဝါဒီတို့၏အလို, (သဒ္ဒါအနိစ္စဖြစ်ပုံ) အနိစ္စဝါဒီတို့၏ အလို, နေဝနိစ္စနာနိစ္စဝါဒီတို့၏ အလိုများကို ဘေဒစိန္တာ၌ အကျယ်ရှုပါ။

၃။ ပြောဆို (ရွတ်ဖတ်)လိုစိတ် မရှိ, ပျင်းပျင်းရိရိ ပြောဆို (ရွတ်ဖတ်) ခြင်းကြောင့်လည်း ဖြစ်နိုင်သည်။

ဤအကြောင်းသုံးချက်တို့ကြောင့် သဒ္ဒါချွတ်ယွင်းမှု ဖြစ်ရသည်-ဟု ရှေးဆရာကြီးများက ဆိုကြလေသည်။

ဘရက်စတော့ဖ် Bredstorff ဆိုသူကမူ ဘာသာပြောင်းလဲရခြင်း၏ အကြောင်းများအဖြစ်—

၁။ အကြားမှား-အသိမှားခြင်း၊
၂။ အမှားကို သတိရခြင်း၊
၃။ စကားပြောကြိယာ ချွတ်ယွင်းခြင်း၊
၄။ ပျင်းရိခြင်း၊
၅။ ဆင်တူယိုးမှား ပြုလုပ်ခြင်း၊
၆။ ကွဲပြားလိုသောဆန္ဒ၊
၇။ အကြံသစ်-ဉာဏ်သစ်များကို ဖော်ပြရန်လိုခြင်း-

ဟူ၍ ၇-ချက်ရှိကြောင်း ဖော်ပြထားလေသည်။

ယင်း၇-ချက်တို့တွင် ပျင်းရိခြင်းသည် အရေးအကြီးဆုံး ဖြစ်သည်-ဟုလည်း ဆိုလေသည်။

ဘာသာ ပြောင်းလဲရွေ့လျောမှု ခြားနားပုံ

ဤပြဆိုခဲ့သည့်အချက်များအရ ဘာသာ၏ ပြောင်းလဲတတ်ပုံများလည်း ထင်ရှားပေပြီ။ ယင်းသို့ ရွေ့လျောမှု, ဖောက်ပြန်မှု, ပြောင်းလဲမှုဖြစ်တတ်သည်မှာ ဓမ္မတာတရပ်ကဲ့သို့ဖြစ်နေကြောင်းကိုလည်း သိရပေပြီ။ မည်သို့ပင် ပြောင်း

လဲစေကာမူ ဘာသာ၏ ပဓာနလက္ခဏာဖြစ်သော အနက်ကို သိခြင်းဟူသော အကျိုးကိုကား ရမြဲ ရနေသည် မဟုတ်ပါလောဟု တဆင့်တက်၍ မေးသင့်ပေသေးသည်။

ဖြေပါဦးအံ့–ပြောင်းလဲဖောက်ပြန်တတ်သည်မှာ ဓမ္မတာဖြစ်သော်လည်း အနှေးနှင့်အမြန် ကွာနိုင်ပေသည်။ အနည်းနှင့်အများ ကွာနိုင်ပေသည်။

သဒ္ဒါ မပြောင်းလဲစေလိုလျှင်

အလျင်အမြန်ပြောင်းလဲဖောက်ပြန်ခြင်းသည် အသိပညာရပ်များကိုပါ ထိခိုက်စေလေသည်။ အခြား များစွာသော အကျိုးမဲ့မှုများကိုလည်း ဖြစ်စေနိုင်လေသည်။

ဘာသာတခုကို နိုင်ငံတခုသဖွယ် သဘောထားသင့်ပေသည်။ နိုင်ငံတခုကို ဥပဒေစည်းမျဉ်းများဖြင့် အုပ်ချုပ်ရသကဲ့သို့ ဘာသာတည်းဟူသော နိုင်ငံတခုကိုလည်း ဥပဒေစည်းမျဉ်းတည်းဟူသော သဒ္ဒါ(ဗျာကရုဏ်း) အတတ်ပညာဖြင့် အုပ်ချုပ်သင့်လှပေသည်။

အကွပ်မရှိသော ကြမ်းသည် ပရမ်းပတာ ဖြစ်လွယ်သကဲ့သို့ သဒ္ဒါ (ဗျာကရုဏ်း)အတတ်ပညာဖြင့် အုပ်ချုပ်မှု မရှိသော ဘာသာသည် ပရမ်းပတာ ဖြစ်လွယ်တတ်လေသည်။ အထိန်းမရှိသော ချည်ခင်သဖွယ်လည်း ဖြစ်လေသည်။

နိုင်ငံတခုကို ဥပဒေစည်းမျဉ်းဖြင့် အုပ်ချုပ်ပါက ဥပဒေမဲ့ အုပ်ချုပ်ခြင်းထက် မနှိုင်းယှဉ်သာအောင် ကောင်းမွန်သည်။ ဥပဒေစည်းမျဉ်းဖြင့် အုပ်ချုပ်သည့် အကြားမှ ဖြစ်မှု

ကျူးလွန်သူများ ရှိနိုင်သော်လည်း ဥပဒေ စည်းမျဉ်းမဲ့ အုပ်ချုပ်ခြင်းလောက် ကျူးလွန်သူ များလိမ့်မည် မဟုတ်ချေ။ အလားတူပင် ဘာသာတခု၌ အထိန်းအကွပ် မရှိ ပေါက်လွှတ်ပဲစား လွှတ်မထားဘဲ သဒ္ဒါ (ဗျာကရဏ်း) အတတ်ပညာတည်းဟူသော အထိန်းအကွပ်ဖြင့် အုပ်ချုပ်ထားလျှင် သဒ္ဒါ (ဗျာကရဏ်း)အတတ်ပညာဖြင့် မထိန်းမကွပ်သည်ထက် ဖောက်ပြန် ပြောင်းလဲမှု နည်းပါးပေလိမ့်မည်။ နှေးကွေးပေလိမ့်မည်။

ပြောင်းလဲခြင်းအစ မှားခြင်းက

"ဘာသာ၏ ပဓာနအကျဆုံး လက္ခဏာမှာ အနက်အဓိပ္ပါယ်ကို သိမြင်ရေးဖြစ်သည်"ဟု ဆိုသော်လည်း သိရပုံ သိရနည်း ကွဲပြား ခြားနားမှု ရှိလေသည်။ ပြောဆိုသူ (ရေးသားသူ)က အမှန်အကန်ကို ပြောဆို (ရေးသား) သဖြင့် နားထောင်သူ (ဖတ်ရှုသူ)က အနက်အဓိပ္ပါယ် အမှန်အကန်ကို သိရခြင်းသာလျှင် စံနစ်ကျပေသည်။ ပြောဆို(ရေးသား) သူက မမှန်တဝက် မှန်တဝက် ပြောဆို (ရေးသား)သည်ကို ၎င်း၊ တလုံးတလေ လွဲချော်ချက် ပါသွားသည်ကို ၎င်း နားထောင် (ဖတ်ရှု)သူက အမှန်ကို ရောက်အောင် ဖြည့်စွက်နားထောင်ရခြင်းမျိုးကား စံနစ်မကျသော သိရခြင်းမျိုး ဖြစ်လေသည်။ လူပေါင်း သိန်းသန်း နေ့စဉ် ပြောဆို (ရေးသား)နေကြရာဝယ် (အသံထွက်မှား အနက်မှား အသုံးမှား စသည်ဖြင့်) တနိုင်ငံလုံး လူတမျိုးလုံး ဘာသာတခုလုံးအတွက် တလကို အလုံး ၃၀-နှုန်းသာ မှားစေဦးတော့ တနှစ်လျှင် အလုံး ၃၆၀-မျှ အမှားရှိလာနိုင်ပေသည်။ မှား

ရာ၌လည်း မသိ မသာ မှားခြင်း, သိသိသာသာ မှားခြင်း စသည်ဖြင့် အမျိုးအစား များစွာ ရှိနိုင်သည်။ အားကြီးစွာ မှားခြင်း, အားနည်းစွာ (မပြန့်မနှံ့ မခိုင်မမာ)မှားခြင်း စသည်ဖြင့်လည်း အမျိုးအစားများစွာ ရှိနိုင်ပေသည်။ "မိုင် ၁၀၀ အကွာအဝေးကို လျှောက်ခြင်း၏ အစမှာ ပထမခြေတလှမ်း မပါဘဲမဖြစ်"ဟူသကဲ့သို့ အမှားကလေးပေါင်း အနည်းအငယ်မှ အမှားစုကြီးဖြစ်ကာ ဘာသာ၏ ရွေ့လျော ပြောင်းလဲမှုကြီး လျင်မြန်စွာ ဖြစ်သွားနိုင်ပေသည်။

ပြောင်းလဲမှု အမျိုးမျိုး

မှန်ပေသည်၊ အက္ခရာမှ ပုဒ်, ပုဒ်မှ ဝါကျ ဖြစ်ရသည့် အတိုင်း ပုဒ်တိုင်း ပုဒ်တိုင်း၌ ပါသည့် အက္ခရာအစုပေါင်းကို မှန်ကန်စွာ ရွတ်ဆို (ရေးသား)မှု မပြုဘဲ အသံထွက် ပြောင်းလဲချက်များ၊ ထိုအသံထွက် ပြောင်းလဲချက်များ အတိုင်း ရေးသားမှုများကို အများအပြားပြုခဲ့လျှင် အခိုင်အခံ့ဖြစ်ကာ တွင်ကျယ်၍ လာတတ်လေသည်။ 'စာရေးအမှန် စာဖတ်အသံ' ဟူသော ဆိုရိုး၏ အခြေခံကို နှိုက်နှဲကြည့်ရှုလျှင် ထိုသဘောကို တွေ့နိုင်လေသည်။ ဥပမာယခုအခါ—

ကြမ်းပိုး ကို ဂျမိုး(ဂျဘိုး)—ဟု အသံထွက်နေကြသည်။ စတင်ခေါ်ဝေါ်စဉ်က ဂျပိုးဟု အသံထွက်ခဲ့ပေ။ ကြမ်းပိုးဟုသာ အသံထွက်ခဲ့ပေမည်။ အရေးအားဖြင့်လည်း အသံထွက်အတိုင်း ကြမ်းပိုးဟုသာရေးခဲ့ပေသည်။ စတင်သတ်မှတ်ခေါ်

ဝေါ် သူကလည်း 'ကြမ်းခင်း၌ တည်နေတတ်သော ပိုးကောင်ကလေးတမျိုး' ဟူသော အနက်သဘောဖြင့် ခေါ်ဝေါ်ခဲ့ခြင်းဖြစ်သည်။ နားထောင်ရသူကလည်း ကြမ်း+ပိုးဟူသောအသံကို (ပုဒ်ကို,ဝေါဟာရကို) ကြားလိုက်ရသည်နှင့် တပြိုင်နက် အဘယ့်ကြောင့် ယင်းသို့ ခေါ်ကြောင်း (ကြမ်းပိုးမည်ကြောင်း)ကို လွယ်ကူစွာ သိနိုင်လေသည်။ ယင်းမှာ 'ဂျပိုး' ဟူသော အသံထွက် တန်တိုင်းကြီး ကာဆီးမှု မရှိသေးသောကြောင့် ထိုမျှလောက် လျင်မြန်လွယ်ကူစွာ သိနိုင်ခြင်းဖြစ်သည်။ (ဤကား နမူနာမျှသာတည်း)

> ဤ၌လည်း ကြမ်းပိုးမှ ဂျပိုးသို့ တိုက်ရိုက်ပြောင်းခြင်းမဟုတ်ဘဲ အကြား၌ ကျပိုးဟူ၍၎င်း၊ ချပိုးဟူ၍၎င်း အဆင့်ဆင့် ပြောင်းလဲမှု ရှိခဲ့ချင်လည်း ရှိခဲ့ပေလိမ့်မည်။

ထိုကြမ်းပိုးဟူသော အသံထွက် ပြောင်းလဲမှုကို အနှစ်ငါးရာအတွင်း ပြောင်းလဲသည်ကက် အနှစ် ၁၀၀၀-ကြာမှ၊ သို့မဟုတ် ထိုထက်ကြာမှ ပြောင်းလဲစေရန် သဒ္ဒါ(ဗျာကရုဏ်း) အတတ်ပညာဖြင့် ချုပ်ကိုင်နိုင်သော သဘော ရှိလေသည်။ ထိန်းကျောင်း ကွပ်ကဲပေးနိုင်သောသဘော ရှိလေသည်။

အဘယ့်ကြောင့်ဆိုသော် ဘယ်သရ,ဘယ်ဗျည်း,ဘယ်ပုဒ်ကို ဘယ်အသံထွက်အောင် ရွတ်ဖတ်ရမည် စသော စည်းကမ်းမျိုးသည် သဒ္ဒါ (ဗျာကရုဏ်း) အတတ်ပညာ၌ ပါဝင်ပြီးဖြစ်သောကြောင့်ပေတည်း။ ယင်းသို့ ဘက်စုံ သဒ္ဒါအတတ်မျိုးကို တတ်ပြီးမှ ရွတ်ဆို(ရေးသား)သူသည် သဒ္ဒါမတတ်ဘဲ ရွတ်ဆို(ရေးသား)သူလောက် အမှားများတော့မည် မဟုတ်

PDF CREATOR - NYEYADHAMMA@GMAIL.COM

ချေ။ ထိုသူမျိုး များများရှိသော ဘာသာ၌ ပြောင်းလဲမှု နည်းပါးမည်မှာ သေချာသည်။

အပြောင်းအလဲ မမြန်သင့်ကြောင်း

ဘာသာတခု၏ အပြောင်းအလဲ မြန်ခြင်းသည် 'သမင်မွေးရင်း ကျားစားရင်း' ဟူသကဲ့သို့သော အကျိုးမဲ့မှု အမျိုးမျိုးကို ဖြစ်စေနိုင်လေသည်။ တခေတ်တွင် ရေးသားပြုစုသည့် အတတ်ပညာ အမှတ်အသား အမျိုးမျိုးသည် ဘာသာ အပြောင်းအလဲ မြန်သဖြင့် ထိုကျမ်းဂန်များနှင့် အမှတ်အသားများကို ဖတ်ရှုရာ၌ လွယ်ကူစွာ မသိနိုင်သည့် အကျိုးမဲ့မှု,အမှားကို သိမှု,အမှားအမှန်ကို ငြင်းခုံရမှု စသော အကျိုးမဲ့မှုများကို ဖြစ်စေနိုင်လေသည်။ ယင်းသို့သော အကြောင်းများကြောင့် အသုံးအစွဲနည်းပါးကာ ထိုကျမ်းများ, အမှတ်အသားများကြောင့် တဆင့်ရနိုင်မည့် အကျိုးများလည်း နည်းပါး ဆုတ်ယုတ် သွားနိုင်လေသည်။

မြန်မာသဒ္ဒါကျမ်းများ ပြုစုကြပုံ

သဒ္ဒါ (ဗျာကရုဏ်း) ကျမ်းများကို ပြုစု ကြရာ၌လည်း မှန်ကန် ပြည့်စုံရန် အရေး ကြီးလှပေသည်။

မြန်မာဘာသာအတွက် ရှေးအခါက ပြုစုခဲ့ကြသော သဒ္ဒါကျမ်းများ ရှိသင့်သလောက် ရှိခဲ့ပေသည်။

သို့သော် မှန်ကန်မှု, ပြည့်စုံမှုဟူသော အင်္ဂါ နှစ်ချက်လုံးနှင့် ပြည့်စုံသည့်ကျမ်းများ ဟူ၍ မရှိခဲ့ပေ။

ယင်းသို့ ဖြစ်ရခြင်း၏ အကြောင်းရင်းကို ရှာလိုက်သော် ပါဠိဘာသာခေါ် မာဂဓီဘာသာနှင့်ဆိုင်သော အစွဲအလမ်း အများဆုံး ပါဝင်သည်ကို တွေ့ရသည်။ "မာဂဓီဘာသာသည် မူလဘာသာဖြစ်သည်၊ ထိုဘာသာကို ကပ်ဦးသူများ၊ နတ်ဗြဟ္မာများ၊ လူသံမကြား ကျေးတောသားများနှင့် သမ္မာသမ္ဗုဒ္ဓဘုရားများ သုံးစွဲကြသည်" ဟူသော ဗုဒ္ဓဝါဒီ အဋ္ဌကထာ ဆရာကြီးများ၏ ဖွင့်ပြချက်အတိုင်း ယုံကြည်ကြလေသည်[၁]။

ထို့ကြောင့် ကမ္ဘာလောကရှိ ဘာသာမှန်သမျှ မူလဘာသာဖြစ်သော မာဂဓီဘာသာမှ ဆင်းသက်လာကြခြင်း ဖြစ်သည်ဟု ယုံကြည်ကြလေသည်။

ထို့ကြောင့်ပင် ရှေးအခါ မြန်မာသဒ္ဒါကျမ်းသက်သက်ကို ပြုစုကြရာ၌ ဖြစ်စေ၊ မြန်မာသဒ္ဒါကျမ်းနှင့် နီးနွယ်သည့် ကျမ်းများကို ပြုစုကြရာ၌ ဖြစ်စေ ပါဠိသဒ္ဒါကျမ်း (မာဂဓီသဒ္ဒါကျမ်း)များကို အများဆုံး နည်းမှီကာ ပြုစုလေ့ရှိခဲ့ကြလေသည်။ ဒုတိယအနေဖြင့် သက္ကတ သဒ္ဒါကျမ်းများကိုလည်း နည်းမှီ ပြုစုလေ့ ရှိခဲ့ကြလေသည်။

ဤသို့လျှင် မြန်မာဘာသာသည် ပါဠိဘာသာအခေါ် မာဂဓီဘာသာနှင့် ပုံပန်းချင်းမတူသည်ကို ထိုဆရာကြီးများ သတိ မပြုမိခဲ့ကြချေ။

၁။ သမ္မောဟဝိနောဒနီ အဋ္ဌကထာ နှာ-၃၇၃-စသည်။ မာဂဓီဘာသာသည် ကပ်ဦးမူလဘာသာဟုတ်၊ မဟုတ် စိစစ်ချက်ကို ဆရာမောင်း၏ 'ပါဠိဘာသာ စာပေ သမိုင်း' ၌ အကျယ်ရှုပါ။

ယင်းသို့ သတိမပြုမိခဲ့ကြသဖြင့် မြန်မာသဒ္ဒါမှုများကို ပါဠိသဒ္ဒါမှုများနောက် လိုက်ကာ သတ်မှတ်မှု များစွာတို့ကို ပြုမိခဲ့ကြလေသည်။

မြန်မာဘာသာ၏ သဘာဝ

ထို့ပြင် မြန်မာဘာသာသည် ပူးတွဲဘာသာ Aglutinative. Language. မျိုး ဖြစ်သည်ကိုရင်း၊ မာဂဓဘာသာ (ပါဠိဘာသာ) သက္ကတဘာသာတို့သည် ဝိဘတ်သွယ်ဘာသာ Inflexional Language မျိုး ဖြစ်သည်ကိုရင်း သတိမပြုမိ ခဲ့ကြချေ။

မြန်မာဘာသာသည် လုံးချင်းဘာသာ (ကေကွဓရတ္တမကဘာသာ) ဖြစ်သော်လည်း ပူးတွဲရုပ်ပြောင်း ဘာသာမျိုးတွင် ပါဝင်သည့် လက္ခဏာများကိုပါ တွေ့ရသည်ဟု ပညာရှင်တို့က မှတ်ချက်ချကြသည်။ (အကျယ်မပြသာပါ။)

မည်သို့ဆိုစေ ပါဠိ (မာဂဓီ) ဘာသာနှင့် မြန်မာဘာသာတို့သည် အခြေခံအနေအထား ကွဲပြားခြားနားချက် များစွာရှိနေကြောင်း ထင်ရှားလှပေသည်။

ထို့ကြောင့် အရာရာတိုင်းမှာ ပါဠိသဒ္ဒါအတိုင်း မြန်မာဘာသာသဒ္ဒါအတွက် ပုံတူကူးချလျှင် သွက်သွက်လည်အောင် မှားယွင်းတော့မည်မှာ သေချာလှပေသည်။

မြန်မာဝိဘတ်များ

သို့သော်လည်း မြန်မာသဒ္ဒါဆိုင်ရာ ကျမ်းများကိုပြုစုခဲ့ကြသည့် ရှေးဆရာကြီးများသည် ပုံတူကူးချမှု များစွာတို့ကို ပြုလုပ်မိခဲ့ကြလေသည်။ နည်းယူမိခဲ့ ကြလေသည်။

ပုဂံခေတ်ပေါ်ဟု ယုံကြည်ကြသော သဒ္ဒါကျမ်း နာမဝိနိစ္ဆယ (ဂါထာအမှတ် ၆၂-၆၈-တို့)၌ ပါဠိနာမ်ဝိဘတ်များအတွက် မြန်မာဝိဘတ်များနှင့် နှိုင်းယှဉ်ပြဆိုချက်များကိုရင်း, ရှေးဆရာကြီးတို့ ပါဠိတော်,အဋ္ဌကထာစသည်တို့ကို မြန်မာနိ· ဿယ ပြန်ဆိုကြရာ၌ နည်းရရုံ ပြန်ဆိုခဲ့ကြသည့် မြန်မာဝိဘတ်များကိုရင်း, အထူးသ ဖြင့် ဒု-အင်းဝခေတ် နန်းကျောင်းဆရာတော်,ဒက္ခိဏဝန်ဆရာတော် စသည်တို့၏ (ကစ္စည်းနိဿယပါ) ဝိဘတ်သွယ် ဆိုရိုးများကိုရင်း, အထူးသဖြင့် ကုန်းဘောင်ခေတ် တောင်တွင်းဆရာတော် ခင်ကြီးဖျော်၏ ပါဠိ-မြန်မာ ဝိဘတ်တို့အတွက် ပုဒ်စစ်ကျမ်း၌ နှိုင်းယှဉ်ပြဆိုချက်များကိုရင်း တထစ်ချမှတ်ယူခဲ့ကြလေသည်။ နည်းရရုံ ပြခဲ့ကြသည်ဟု သဘောထားလေ့မရှိကြချေ။

မြန်မာဌာန်များ

ဒု-အင်းဝခေတ် ရှင်ဥက္ကံသမာလာဆရာတော် (၁၀၃၀-၁၁၀၀-ခန့်)သည် ဝဏ္ဏဗောဓနေသတ်အင်းကြီး၌ အက္ခရာတို့၏ ဖြစ်ရာဌာန်ငါးပါး (ခနစ်ပါး,ရှစ်ပါး), ကရိုဏ်းလေးပါး, ပယတ်လေးပါးဟူ၍ ပါဠိသဒ္ဒါကျမ်းများအတိုင်းပင် ပြဆိုထားလေသည်။ သက္ကတဘာသာ ကလာပ်ကျမ်းလာ သရ နှစ်လုံးနှင့် ဝိသဇ္ဇနီကိုယူကာ မြန်မာဘာသာအတွက် သရ

၁၀-လုံး, ဗျည်း ၃၄-လုံးဟူ၍လည်း သတ်မှတ်တော်မူခဲ့ပေသည်။

ဤတွင် အက္ခရာများကို မြန်မာတို့ ရွတ်ဆိုပုံသည် ပါဠိ (မာဂဓီ) ပြောသူတို့ ရွတ်ဆိုပုံနှင့်မတူသဖြင့် ဌာန်-ကရိုဏ်း-ပယတ်-အတွက် သတ်မှတ်ပုံခြားနားမှု ရှိသင့်သလောက်ရှိသည်ကို သတိပြုတော်မမူမိကြောင်း ထင်ရှားသည်။

ထို့မှတပါး ထိုသတ်ပုံကျမ်း၌ မြန်မာဘာသာ အတွက် သဒ္ဒါကျမ်းသဘောများကို ပြောပလောက်အောင် ပြဆိုချက်မပါပေ။ ထိုဆရာတော်၏ တောင်ငူရတု အဖြေ၌လည်း မြန်မာဘာသာအတွက် သဒ္ဒါသဘော မဖြစ်စလောက်သာ ပါသည်။

ပွဲဦးထွက် မြန်မာသဒ္ဒါကျမ်းများ

ပထမကျော်အောင် စံထားဆရာတော် (၁၀၆၇-၁၁၁၅) အရှင်ဂုဏဝရသည် သဒ္ဒါပရမတ်အဆုံးအဖြတ်ကျမ်းကို ရေးသားခဲ့သော်လည်း မြန်မာဘာသာ သဒ္ဒါကျမ်းအနေဖြင့် ပြည့်စုံလုံလောက်မှု မရှိသည့်ပြင် ပါဠိ,သက္ကတ သဒ္ဒါကျမ်းများ၏ ဩဇာဖုံးလွှမ်းလျက်ရှိပုံကို တွေ့ရသည်။

ဒုတိယကျော်အောင်စံထားဆရာတော်(၁၀ဂဂ-၁၁၅၅)၏ ဝေါဟာရတ္ထပကာသနီကျမ်း ၌ မြန်မာသဒ္ဒါအတွက် ကြိုးစားဖော်ပြထားချက်များမှာ ရှင်ဥက္ကံသမာလာထက် များစွာကျယ်ပြန့်လာပေသည်။ သို့သော် ဌာန်၊ ကရိုဏ်း၊ ပယတ် ယူပုံမှစ၍ ပါဠိ, သက္ကတသဒ္ဒါတို့၏ ဩဇာဖုံးလွှမ်းမှု မကင်းခဲ့ပေ။ ထို့ကြောင့် မြန်မာသဒ္ဒါ(ဗျာကရဏ်း) အတွက် ပြည့်စုံမှု,မှန်ကန်မှု ဟူသောအင်္ဂါ ၂-ချက်နှင့် မညီဘဲ ရှိရလေသည်။

ကုန်းဘောင်ခေတ်ဦးပိုင်း တောင်တွင်းဆရာတော် ခင်ကြီးဖျော် (၁၁၈၆-၁၁၂၄)၏ မြန်မာဝါစ္စဝါစက ကျမ်းနှင့် သဒ္ဒဗျူဟာကျမ်း တို့သည်လည်း မြန်မာဘာသာသဒ္ဒါကျမ်း သဘောရောက်အောင် ပြုစုခဲ့ခြင်း ဖြစ်သော်လည်း ပါဠိဘာသာသဒ္ဒါကျမ်း, သက္ကတဘာသာ သဒ္ဒါကျမ်းတို့၏ ဩဇာဖုံးလွှမ်းလျက်ပင် ရှိလေသည်။

မာဂဓီဝိဘတ် ၁၄-လုံး,မြန်မာဝိဘတ်၁၄-လုံး, သသ်ကရိုက်ဝိဘတ် ၂၁-လုံးဟူ၍ ခွဲခြားပြဆိုထားပေသည်။ သို့သော် ဆရာတော်ပြဆိုသည့် မြန်မာဝိဘတ် ၁၄-လုံးတို့မှာ နည်းရရုံလောက်သာ ဖြစ်လေသည်။ ပြည့်စုံမှုမရှိချေ။ ထို့ပြင် ကစ္စာယနဒီပနီခေါ် သဒ္ဒါကျမ်းနက် အဆိုအတိုင်း မြန်မာဝိဘတ်များကိုလည်း သတ်မှတ် ဖော်ပြထားလေသည်။

ဝစ်နှစ်မျိုးကို ပြဆိုရာ၌လည်း 'ဇာတ်ကိုင်သော် ကေဝုစ်သက်၊ ဒြဗ်ကိုင်သော် ဗဟုဝုစ်သက်' ဟူသော ကလာပ်ကျမ်းအဆိုအတိုင်း မြန်မာဘာသာအတွက် သဘောထား စေလိုသောဆန္ဒ ပေါ်နေပေသည်။

မြန်မာသဒ္ဒါကျမ်း လိုနေပုံ

စင်စစ်ကား ရှေးအခါက စ၍ မြန်မာဘာသာသဒ္ဒါကျမ်းဟူ၍ ပြည့်စုံလုံလောက်အောင် ပြုစုခဲ့သောကျမ်း မရှိခဲ့ချေ။ ထို့ကြောင့် အရှင်ဥက္ကံသမာလာ အကျော် ဆရာတော်၏ "တောင်ငူမင်းဆို ရတုစာတော်အဖြေ"၌—

...စိတ္တဇသဒ္ဒါဖြစ်သော အလုံးစုံသော အက္ခရာ
သည် အနက်အားဖြင့် ကျေးဇူးများသည်ချည်း ဖြစ်

သောကြောင့် မြန်မာဘာသာသည်လည်း သဒ္ဒါလည်းကောင်း ဖြစ်သည်။ သသ်ကရိုက်ဖြစ်သော သဒ္ဒါကျမ်းကို သဗ်ဝမ္မိကဆရာ, ဒုဂ္ဂသီဟဆရာတို့ စီရင်သည်။ မာဂဓဘာသာသဒ္ဒါကျမ်းကို ကစ္စည်းဆရာ စီရင်သည်။ မြန်မာဘာသာ, ရှမ်း—မွန် ဘာသာ စသည်တို့၌ သဒ္ဒါကျမ်းကို ဆရာတို့မစီရင်။ ကစ္စာယနဒီပနီကျမ်း၌မူကား ကာရကအစရှိသည်ကို စိုးစဉ်းမျှဆို၏။ အလုံးစုံသောဘာသာတို့၌ သဒ္ဒါကျမ်းကို ဆရာကြီးတို့စီရင်သော် ဖြစ်ကောင်းနိုင်လျက် သိလွယ်သည်ကို နှလုံးသွင်း၍ ကျမ်းအထူး မစီရင်လေကုန်။ ထိုသို့မစီရင်သော်လည်း ကမ္ဘာ့အဆက်ဆက်, ဘုရားအဆက်ဆက် သဒ္ဒါကျမ်းရှိသည်ချည်းဟူ၍ ဉာဏ်ဆရာကြီး ဆိုသောကြောင့်လည်းကောင်း, ဒဏ္ဍီကျမ်း၌ 'အာဒိနာဇာယသော' အစရှိသည်ကို ဆိုသောကြောင့် လည်းကောင်း သဒ္ဒါသည် လောက၏ ဝေါဟာရဖြစ်သည်။ ထို့ကြောင့် သဒ္ဒါ-အနက်သင့်အောင် အမိပ္ပါယ်ယူလေရာသည်။

မှတ်ချက်။ ။ဆရာတော်၏ ကိုးကားချက်၌ ဒဏ္ဍီဆရာ၏အဆို
ကို ပြရာမှာ စာမူပျက်ဟန်တူသည်။ ဒဏ္ဍီဆရာ၏ ကာဗျာဒသကျမ်း ပထမပရိစ္ဆေဒ ကာဗျပသံသာဂါထာအမှတ်၅-၌ 'အာဒိရာဇ ယသော ဗိမ္ဗ၊ မာဒသ် ပြာပျဝါမျမ်၊ တေသာမသန္နိဓာဇနေပီ၊ နသွယံ ပသျနသျတိ' ဟု ရှိသည်။ 'ကပ်ဦးမင်းတို့၏ ကျော်စောခြင်းဟူသော ရုပ်ပုံသည် ပညာရှိတို့ စီကုံးသည့် ကဗျာ

ဗန္ဓဟူသော ကြေးမုံကို ရသည်ရှိသော် ထိုမင်းတို့ ထင်ရှားမရှိတော့ သော်လည်း မပျောက်မပျက်ပေ၊ ကိုယ်တိုင်ရှုပါလော့”ဟု ဆိုလိုသည်။

အထက်ပါရှင်ဥတ္တမကျော်သမာလာ အကျော်ဆရာတော်၏စကား တော်အရ မြန်မာဘာသာ သဒ္ဒါကျမ်းဟူ၍ ပြောပလောက် အောင် မရှိခဲ့ကြောင်း ထင်ရှားသည်။

နောက်ပိုင်း မြန်မာသဒ္ဒါကျမ်းများ

ထိုဆရာတော်၏ နောက်ပိုင်းတွင် ပေါ်ခဲ့သည် မြန်မာသဒ္ဒါ ကျမ်းများသည်လည်း စံနစ်တကျ ပြည့်စုံမှန်ကန်မှု မရှိခဲ့ချေ။

အင်္ဂလိပ်လူမျိုးတို့ ကြီးစိုးသောခေတ်၌ မြန်မာဘာသာ သဒ္ဒါကျမ်းများကို ပြုစုခဲ့ကြသော်လည်း အင်္ဂလိပ်သဒ္ဒါကျမ်း တို့၏ ဩဇာများ ဖုံးလွှမ်းခဲ့လေသည်။

ထို့ကြောင့် မြန်မာဘာသာအတွက် ပြည့်စုံလုံလောက် အောင် ကျေးဇူး မပြုနိုင်ခဲ့ကြပေ။

စင်စစ်အား ဘာသာတခုခုအတွက် သဒ္ဒါ (ဗျာကရဏ်း) ကျမ်းကိုပြုစုရာ၌ စံနစ်တကျပြည့်စုံရန် လွယ်ကူသော အလုပ် ပင် မဟုတ်ပါချေ။ ထိုဘာသာ ကျယ်ဝန်း(ကြွယ်ဝ)လေလေ ပြည့်စုံမှန်ကန်အောင် ပြုစုရန် ခက်ခဲလေလေ ဖြစ်လေသည်။

ထိုကြောင့်ပင် သဒ္ဒါ (ဗျာကရဏ်း) ဆရာတို့သည် တဦး နှင့်တဦး အမြင်မတူမှုများ အနည်းနှင့်အများဆိုသလို ကွဲပြား တတ်ကြပေသည်။

သဒ္ဒါကျမ်း အမျိုးမျိုး

သဒ္ဒါဆရာများ, သဒ္ဒါကျမ်းများ အဆင့်ဆင့်ပေါ်လာရ ခြင်း၏ အကြောင်းများအနက် ထိုသို့အမြင်မတူမှုသည်လည်း အရေးကြီး သော အချက်တရပ်အဖြစ် ပါဝင်လေသည်။ ဂုဏ် ကျက်သရေ ကြီးလှသည့်ပြင် ထင်ရှား ကျော်စောလှသော သက္ကတဘာသာအတွက် ပါဏိနိမပေါ်မီကပင် သဒ္ဒါ(ဗျာက- ရဏ်း)ပညာအတွက် ဣန္ဒလမ်းစဉ်နှင့် မဟေသွရလမ်းစဉ် ဟူ၍ လမ်းစဉ်ကြီးနှစ်ရပ် ဂိုဏ်းကြီးနှစ်ဂိုဏ်း ထင်ရှားစွာ ရှိခဲ့ လေသည်။ လက်ရှိထင်ရှားသောကျမ်းများအနက် ပါဏိနိ သည် ဣန္ဒဂိုဏ်းဝင် ဖြစ်သည်။ ကာတန္တြ (ကလာပ်ကျမ်း) သည် သေဝ(မာဟေသွရ)ဂိုဏ်းဝင် ဖြစ်သည်။

ထို့ပြင် ပါဏိနိမပေါ်မီကပင် သဒ္ဒါဗျာကရဏ်းကျမ်းပေါင်း ၈၅-ကျမ်းရှိကြောင်းကို ခေတ်သုတေသနပညာရှင်တို့က အကိုး အကားခိုင်မာစွာ ဖော်ပြနိုင်ကြသည်[၁]။

သဒ္ဒါကျမ်းပြု ဆရာကြီးများ

ပါဏိနိ ဆရာကြီး ကိုယ်တိုင်ကပင် မိမိထက် စောသော ဗျာကရဏ်းဆရာကြီး ၁၀-ဦးတို့၏ အမည်များကို ဖော်ပြထား လေသည်။ ယင်းတို့မှာ—

၁။ အာပိသလိ (၆၊၃၊၉၂)

၂။ ကာသပ (၁၊၂၊၂၅)

၁။ ယုခိဋ္ဌိရမီမံသက၏ သက္ကတသဒ္ဒါသမိုင်း ပ-နှာ-၆၃-မှ ရှုပါ။

၃။ ဂါဂ္ဂျ (၈၊၃၊၂၀)
၄။ ဂါလဝ (၇၊၁၊၇၄)
၅။ စက္ကဝမ္မဏ (၆၊၁၊၁၃၀)
၆။ ဘာရဒ္ဒါဇ (၇၊၂၊၆၃)
၇။ သာကဋ္ဌာယန (၃၊၄၊၁၁၁)
၈။ သာကလျ (၁၊၁၊၁၆)
၉။ သေနက (၅၊၈၊၁၁၂)
၁၀။ ဖောဋ္ဌာယန (၆၊၁၊၁၂၂) တို့ပေတည်း။

ပါဏိနိပေါ်ပြီးနောက်မှလည်း ကာတန္တြကျမ်းပြု ဒုဂ္ဂသီဟ သဗ္ဗဝမ္မ?, စန္ဒြကျမ်းပြု စန္ဒြဂေါမိ, ချပနကကျမ်းပြု ချပနက, ဇိနိန္ဒ (ဇေနိန္ဒြ)ကျမ်းပြု ဒေဝနန္ဒီ, ဇိနသာကဋ္ဌာယနကျမ်းပြု ပါလျကိတ္တိ, သိဝသာမိ, သရဿတီကဏ္ဌာဘရဏ ကျမ်းပြု ဘောဇဒေဝ, ဗုဒ္ဓိသာဂရကျမ်းပြု ဗုဒ္ဓိသာဂရ, ဟေမဗျာ-ကရဏကျမ်းပြု ဟေမစန္ဒြ, ဒီပကကျမ်းပြု ဘဒြသရသူရိ, သာရဿတကျမ်းပြု အနုဘူတိသရူပ, မုဂ္ဓဗောဓ ကျမ်းပြု ဝေါပဒေဝ, ဇေမရကျမ်းပြု ကြမဒီဿရ, သုပဒ္မကျမ်းပြု ပဒ္မနာဘဟူ၍ အများအပြားရှိခဲ့ပေသည်။

ယင်းတို့အနက် အချို့မှာ အမြင့်(အယူ)ကွဲခြင်းကြောင့်သာ အဆင့်ဆင့် ပြုစုခဲ့ကြခြင်း မဟုတ်ပေ။ အခြားရည်ရွယ်ချက် အမျိုးမျိုးတို့ကြောင့်လည်း အဆင့်ဆင့် ပြုစုခဲ့ကြပုံကို တွေ့ရပေသည်။ ဥပမာ—ပို၍လွယ်ကူအောင် ဟူသော ရည်ရွယ်ချက် (ပုံစံ–ရူပသိဒ္ဓိ, နိရုတ္တိဒီပနီ, မဒျသိဒ္ဓန္တကောမုဒီ စသည်),ပို၍ ကျဉ်းအောင်ဟူသောရည်ရွယ်ချက် (မုဂ္ဓဗောဓ စသည်), ငယ်ရွယ်သူ (ကလေး)များအတွက် ဟူသော ရည်

ရွယ်ချက် (ဗာလာဝတာရ, လဃုသိဒ္ဓန္တကောမုဒီ စသည်), ရှေးပုဂ္ဂိုလ်တို့ ကျန်ခဲ့သည့် အချက်အလက်များကို ဖြည့်စွက်လိုခြင်းဟူသော ရည်ရွယ်ချက်(ပုံစံ–မောဂ္ဂလာန်ဗျာကရဏ်း) စသည်တို့ပေတည်း။

မြန်မာသဒ္ဒါကျမ်း မပေါ်လာခဲ့ပုံ

မြန်မာနိုင်ငံ မြန်မာလူမျိုးများအတွက်လည်း ပေါ်ခဲ့ပြီး မြန်မာသဒ္ဒါကျမ်းတို့သည် (ပြဆိုခဲ့သည့်အတိုင်း) ပါဠိသဒ္ဒါ၊ သက္ကတသဒ္ဒါ၊ အင်္ဂလိပ်သဒ္ဒါ စသည်တို့၏ ဩဇာလွှမ်းမိုးမှုကြောင့် မြန်မာသဒ္ဒါစစ်စစ်အဖြစ်သို့ရောက်အောင် တက်လှမ်းနိုင်သည့် ကျမ်းများ အလွန်နည်းပါးခဲ့ပုံကို တွေ့ရသည်။ ထို့ပြင် မြန်မာသဒ္ဒါစင်စစ်အဖြစ်သို့ရောက်အောင် ကြိုးစားပြန်ပါသော်လည်း တိကျမှု၊ စုံလင်မှု၊ ထိရောက်မှုစသော ဂုဏ်အင်္ဂါများ ချို့တဲ့လျက်ရှိနေပုံကို တွေ့ရပြန်ပေသည်။ ယင်းသို့ဖြစ်ရခြင်းမှာလည်း ထိုရှေးပုဂ္ဂိုလ်ကြီးများသည် မြန်မာဘာသာကို နှံ့စပ်စုံလင်စွာ မသိမြင်သောကြောင့်-ဟု မယူဆသင့်ပါပေ။ ထိုထို မြန်မာသဒ္ဒါကျမ်းများကို ပြုစုခဲ့ကြရာဝယ် ထိရောက်ပြည့်စုံ မှန်ကန်အောင် ပြုစုနိုင်မည့်အရည်အချင်း ရှိကြသော်လည်း ပါဠိ, သက္ကတနှင့် လက်တင်,အင်္ဂလိပ်သဒ္ဒါ တံတိုင်းကြီးများကို မကျော်နိုင်ခြင်း စသော အကြောင်းများကြောင့် ယင်းကဲ့သို့ ဖြစ်ရပေသည်ဟု ဆိုရပါမည်။

မည်သို့ဆိုစေ မြန်မာဘာသာအတွက် စွမ်းစွမ်းတမံအကျိုးပြုနိုင်မည့် မြန်မာသဒ္ဒါကျမ်း ‘လို’ လျက်ရှိပေသည်၊ ‘ဟာ’ လျက်ရှိပေသည်။

ယင်းသို့သော ‘လို’ကွက်, ‘ဟာ’ကွက်ကြီးကို ဖြည့်ရန် ဦးသောင်းလွင်၏ နည်းသစ်မြန်မာသဒ္ဒါကျမ်းပေါ်လာရခြင်း ဖြစ်ကြောင်း တွေ့ရပေသည်။ ဦးသောင်းလွင်၏ မြန်မာသဒ္ဒါ အခြေအနေကို မဖော်ပြမီ ဦးသောင်းလွင်၏ သဒ္ဒါအရည် အသွေးကိုလည်း အတန်ငယ်ဖော်ပြလိုပေသည်။

မှန်ပေသည်။ မည်သည့်စာပေကိုမဆို စာပြုသူ၏ အရည် အသွေးအလိုက် အဆင့်အတန်း မြင့်-မမြင့်, နက်-မနက်, မှန်-မမှန်, နှံ့-မနှံ့ စသည်တို့ ကွဲပြား ခြားနားနိုင်ပေသည်။ ယခု နည်းသစ်မြန်မာသဒ္ဒါကို ဖတ်ရှုလေ့လာသူတို့သည် ‘ကြာရိုး ကြာစွယ်ကို မြင်သဖြင့် အတိမ်အနက်ကို သိနိုင်သည်’ဟူသော ဆိုရိုးကဲ့သို့ သိနိုင်ကြမည်ဖြစ်သော်လည်း ကိုတင် မိတ်ဆက် သည့်အနေနှင့် သူ၏ အခြားအရည်အသွေးများနှင့် သဒ္ဒါ အရည်အသွေးကို အတန်ငယ်ဖော်ပြချင်ပါသည်။

မြန်မာသဒ္ဒါကျမ်း ပြုနိုင်စွမ်း

သူသည် ၁၆-နှစ်သားကပင် သဒ္ဒါရစ်စောင်လုံး အလွတ် ရနေခဲ့ကြောင်း၊ မိမိရွာမှ ရွှေကျင်မြို့ လေးထပ်ကျောင်း ဆရာတော်ထံ ရောက်သောအခါ သဒ္ဒါကို အနက်,အဓိပ္ပါယ်, ရုပ်တွက်နှင့် တကွ ပိုင်ပိုင်နိုင်နိုင် တတ်မြောက်ခဲ့ကြောင်း သိရသည်။

မန္တလေးသို့ ရောက်သောအခါ၌လည်း သဒ္ဒါဆိုင်ရာ ကျမ်းပေါင်းများစွာကို အထူးစိတ်ဝင်စားစွာ သင်ယူခဲ့သဖြင့် သဒ္ဒါဘာသာမေးခွန်းတွင် လက်စွမ်းအပြဆုံးဟု နာမည်ကြီး သော မန္တလေး သကျသီဟ စာသင်တန်းနှင့် အစိုးရပထမကြီး

တန်း စာမေးပွဲနှစ်ခုကို အသက် ၂၂-နှစ် အရွယ်တွင် အောင် မြင်ခဲ့ကြောင်းကိုလည်းကောင်း၊ သဒ္ဒါနှင့်ဂါကျနဲ့, အဘွက်,အတက်,စုဒ် စောဒနာများကို ပိုင်နိုင်သဖြင့် အသက် ၂၃-နှစ်တွင် သကျသီဟ စာချတန်း အဋ္ဌကကထာကြီး သုံးကျမ်းနှင့် အစိုးရဓမ္မာစရိယ အဋ္ဌကထာကြီး ၇-ကျမ်းကို နှစ်ချင်းပေါက် အောင်မြင်ခဲ့၍ တနှစ်တည်း ဓမ္မာစရိယဘွဲ့ နှစ်ခုကို ရရှိခဲ့ကြောင်းကိုလည်းကောင်း၊ စာသင်တန်းအောင်ပြီးနောက် စာချတန်း အဋ္ဌကထာကြီး သုံးကျမ်းကို နှစ်ချင်းပေါက်အောင်မြင်သဖြင့် ၃၄-နှစ်အတွင်း ယခင်က ၃-ပါးသာရဘူးသော ဝဋ္ဋံသကာ ဂုဏ်ထူးဆောင်ဘွဲ့ နှင့် သူဌေးကြီးဆာဦးသွင်၏ အဋ္ဌကထာပြန် အကျော် ငွေ-သကာ ရွှေတံဆိပ် ရရှိခဲ့ကြောင်းကိုလည်းကောင်း၊ အသက် ၂၃-နှစ်သာ ရှိသေး၍ အသက်အငယ်ဆုံး ဝဋ္ဋံသကာအဖြစ် သကျသီဟ အသင်းကြီးက မှတ်တမ်းတင်ခြင်း ခံခဲ့ရကြောင်းကိုလည်းကောင်း သိရ ပေသည်။

ဘာသန္တရ ကျမ်းကျင်လှ

အင်္ဂလိပ်စာ သင်သောအခါ မြန်မာသဒ္ဒါကို အခြေခံ၍ အင်္ဂလိပ်သဒ္ဒါ သင်နည်းကို ကိုယ်တိုင်စမ်းသပ် တီထွင်၍ ကိုယ်တိုင်သင်ကြားခဲ့ရာ သုံးနှစ်အတွင်း တက္ကသိုလ်ဝင်တန်းကို အောင်မြင်ခဲ့ကြောင်းကိုလည်း သိရသည်။ မိမိကိုတိုင် အောင်မြင်မှုရခဲ့သော နည်းများကို တယောက်ချင်း, နှစ် ယောက်ချင်း အကြိမ်ကြိမ်စမ်းသပ်ကြည့်ရာ အောင်မြင်ခဲ့ရာမှ ရန်ကုန်မြို့ ရွှေတိဂုံဘုရား သွေးဆေးကန်အနီးတွင် နည်းသစ် အင်္ဂလိပ် သဒ္ဒါသင်တန်းကို ဖွင့်လှစ်ခဲ့ရာ အထူးအောင်မြင်၍ နည်းသစ်ကောလိပ်ကို ဆက်လက် ထူထောင်နိုင်ခဲ့ကြောင်း

ကိုလည်း သိရသည်။ အခြေခံတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသားကြီးငယ်တို့အား အင်္ဂလိပ်သဒ္ဒါကို နှစ်နှစ်တိုတို လက်တွေ့သင်ပြ၊ အထပ်ထပ်မှမ်းမံဖြည့်စွက်ပြီးနောက် **နည်းသစ်အင်္ဂလိပ်သဒ္ဒါ** စာအုပ်ကို ရေးသား၍ ပုံနှိပ်ထုတ်ဝေခဲ့ရာ အရောင်းရဆုံး အင်္ဂလိပ်သဒ္ဒါ စာအုပ်အဖြစ် စာအုပ်ဆိုင်များ၏ မှတ်တမ်းတင်ခြင်းကို ခံရပြီး **ယခု ဒသမအကြိမ် ပုံနှိပ်**ရသည်အထိ အောင်မြင်နေကြောင်း သိရသည်။

များမကြာမီ နှစ်ကာလ အတွင်းကလည်း မြန်မာအက္ခရာဗေဒကျမ်းကို ပြုစုထုတ်ဝေခဲ့ရာ ပညာရှင်တို့ များစွာ ချီးကျူးခြင်း ခံခဲ့ရလေသည်။

ဤသို့လျှင် ဦးသောင်းလွင်သည် ပါဠိဘာသာ၊ အင်္ဂလိပ်ဘာသာတို့ကို သဒ္ဒါအမြင်သန်သန်ဖြင့် ကောင်းစွာတတ်ကျွမ်းသူ ဖြစ်ခဲ့လေသည်။ သဒ္ဒါပညာကို ပါသနာနှင့်တကွ စူးစိုက်လေ့လာတတ်သော အလေ့လည်း ရှိပေသည်။ သဒ္ဒါပညာကို သာမက တုလနတ္တမကဗေဒခေါ် ဘာသာဗေဒအတတ်ပညာကိုလည်း များစွာစူးစိုက်လေ့လာနေသူ ဖြစ်ပေသည်။ ဘာသာဗေဒပညာကို လေ့လာသည်ဆိုရာ၌လည်း အရေးကြီးသော ဘာသာကြီးများနှင့်တကွ ဘာသန္တရအမျိုးမျိုးတို့ကို တတ်မြောက်ထားသူဖြစ်၍ သာမန်လေ့လာသူတို့ထက် ပိုမိုထိရောက်နိုင်စွမ်း ရှိလေသည်။ ဘာသာဗေဒ အမြင်ရှိသူသည် သဒ္ဒါကျမ်းကိုပြုစုရာ၌ ဘာသာဗေဒ အမြင်မရှိသူထက် များစွာ သာလွန်နိုင်စွမ်း ရှိလေသည်။ ဦးသောင်းလွင်သည် ပါဠိ၊ အင်္ဂလိပ် စသော ဘာသာများနှင့်တကွ အခြားဘာသန္တရများကိုပါ လေ့လာထားသူ ဖြစ်သည့်အတိုင်း ဘာသာဗေဒ

ဉာဏ်အမြင်ကလည်း ထက်သန်သူဖြစ်လေရာ မြန်မာသဒ္ဒါနှင့် စပ်လျဉ်း၍ ထက်သန်သောအမြင်အသိ၊ ထူးခြားသောအမြင်အသိ၊ ရှင်းလင်းသုတ်သင်နိုင်သော အမြင်အသိတို့နှင့် ပြည့်စုံကြောင်းကို ဤနည်းသစ်မြန်မာသဒ္ဒါဖြင့် သက်သေပြလိုက်သကဲ့သို့ ဖြစ်လေသည်။

အမည်နှင့် လိုက်လျောစွာ မြန်မာသဒ္ဒါလောကအတွက် အကြံသစ်၊ ဉာဏ်သစ်များပါ၍နေပုံကိုတွေ့ရသည်။ ရှေးဟောင်း မြန်မာသဒ္ဒါကျမ်းများ၌ ဝါစင် ရှစ်ပါးဟုသာ ပြဆိုကြသည်။ ဦးသောင်းလွင်ကမူ မြန်မာသဒ္ဒါတွင် ဝါစင် ၉-ပါးရှိသည်ဟု ကျေညာ၍ မြန်မာသဒ္ဒါကို ဝါစင် ၉-ပါ ဖြင့် ရေးသည်မှာ ဤနည်းသစ်မြန်မာသဒ္ဒါ၏ အထူးခြားဆုံးအချက် ဖြစ်သည်။

မြန်မာသဒ္ဒါဟောင်းများတွင် ကေဝိမဲနာမ်၊ ဝေါဟာရနာမ်၊ သမူဟနာမ်၊ ဒဗ္ဗနာမ်၊ စိတ္တဇနာမ်တို့ကို ပြဆိုခဲ့ကြသည်။ သို့သော် ယင်းတို့မှာ အင်္ဂလိပ်ဘာသာအတွက်သာ လိုအပ်ကြောင်း ပယ်ထားပုံများ တွေ့ရသည်။ ယုတ္တိလည်းရှိပေသည်။

ထို့ပြင် မြန်မာသဒ္ဒါဟောင်းများတွင် မပါသေးသည့် လုံးချင်းနာမ်၊ ပေါင်းစပ်နာမ်၊ ဖွဲ့စည်းနာမ်တို့ကို ဘာသာဗေဒ နည်းအရ ခွဲ၍ထည့်ထားသည်။

'များ'ဟူသည် ဗဟုဝုစ်ကိန်းညွှန်းလောက်သာ မဟုတ်ဘဲ 'အဖေနဲ့များ တွေ့မလားလို့'၊ 'လမ်းမှာများ ကျကျန်ခဲ့သလား မသိဘူး'စသော သုံးစွဲပုံအကိုးများနှင့်တကွ လေးနက်ပစ္စည်းလည်း ဖြစ်နိုင်ကြောင်း ပြဆိုထားသည်။ ဤ'များ'မျိုးကို အင်္ဂလိပ်ဘာသာ၊ ပါဠိဘာသာ စသည်တို့ဖြင့်လည်း ဘာသာ

ပြန်ဆို၍ ရနိုင်မည် မဟုတ်ပေ။ ဤသို့သော များ အသုံးကို လေးနက်ပစ္စည်း (မြန်မာအဓိဒီယမ်) ဖြစ်ကြောင်း ပြထားပုံ တွေ့ရသည်။ ထို့ပြင် 'တို့ဗမာ', 'ဒို့ကျောင်းသား' စသည်ဖြင့် 'တို့'ကိုလည်း ဗဟုဝုစ်ကိန်းညွှန်းလောက်သာမက နာမ်စား အဖြစ်လည်း သုံးစွဲထားပုံတို့ကို ဖော်ပြထားသည်။ ထို့ပြင် နာမ်စားများ နောက်က ကိုယ်တိုင်, ဖာသာ, ဖာဟူသော လေးနက်ပစ္စည်းများဆက်ကာ လေးနက်နာမ်စားဖွဲ့ပုံ၊ ပုဂ္ဂလနာမ်စားနှစ်ခုအကြား ကိုယ်ဟူသောပစ္စည်းထည့်ကာ (ပစ္စည်းရှေ့ရှိ သံရှည်ကို သံတိုပြောင်း၍) 'သူကိုယ်သူ', 'ငါကိုယ်ငါ'ဟု ကိုယ်တိုင်ခံနာမ်စားဖွဲ့ပုံမှစ၍ သဒ္ဒါဟောင်းများ၌ကျန်ခဲ့သည်တို့ကို လက်ညှိုးထိုးပြချက်ပေါင်း အများပင်တွေ့ရသည်။

ပစ္စည်းဝါစင်္ဂအရာတွင် ဝိစ္ဆာပစ္စည်း, ခေါ်ထူးပစ္စည်း, နာမ်မည်ရှေ့ဆက်ပစ္စည်း, နာမ်ထောက်ပစ္စည်းတို့ သည်လည်း သဒ္ဒါဟောင်းများ၌ မပြခဲ့သေးသည့် အရာများပင်ဖြစ်သည်။

ကြိယာပစ္စည်းအရာတွင်လည်း ဝါကျအဆုံးသတ် ပစ္စည်းများမှာ ပါဠိဘာသာ, အင်္ဂလိပ်ဘာသာ စသည်တို့ဖြင့် ဘာသာပြန်၍ မရနိုင်သည့် မြန်မာ့ ဝိသေသ လက္ခဏာများ ဖြစ်ကြောင်း ပြဆိုထားပုံကို တွေ့ရသည်။

ထိုမှတပါး ဤနည်းသစ်မြန်မာသဒ္ဒါ၌ ဝါကျဗေဒ (ဝါကျဖွဲ့စည်းပုံ) အတွက် အခြေခံဝါကျ ၈-မျိုးကို ပုံစံများနှင့်တကွ ကျယ်ကျယ်ပြန့်ပြန့် ပြဆိုထားပုံကို တွေ့သည်။ ဝါကျတို့နှင့် ဝါကျရှည်ဖွဲ့နည်းများကိုလည်း တခန်းစီ ဆက်လက်ဖော်ပြထားသည်။

ထို့ပြင် ပရိစ္ဆေဒဗေဒ (ဝါကျခွဲစိတ်ပုံ) များကိုလည်း အဆင့်သုံးဆင့်ထားကာ အသေးစိတ် ဖော်ပြထားပေသည်။ ဝါစင်္ဂ ၉-ပါး မထား၍ မဖြစ်ကြောင်း ဤပရိစ္ဆေဒဗေဒဖြင့် သက်သေထူထားသည်။

အပိုင်း ၅-၌ ဘာသာစကား၏ အသက်သဖွယ်ဖြစ်သော ဂဇ္ဇဗေဒ (စကားပြေရေးနည်း)ကိုလည်း အခန်းသီးသန့် ဖွဲ့ကာ ရိုးရိုးစကားပြေ, ကာရန်ဖောက်စကားပြေ (ဝိဝိဿ) ဟူ၍၎င်း, မြန်မာစကားပြေအစစ်နှင့် ဘာသာပြန်စကားပြေ ဟူ၍၎င်း ရှုပုံများမှစ၍ ရေးပုံ, ဖွဲ့ပုံများပါ အကျယ်တဝင့် ဖော်ပြထားသည်။

အပိုင်း-၆ ပါဒဗေဒခေါ် စာပိုဒ်ခွဲနည်းများကို အကျယ်တဝင့် ပြဆိုထားသည်၊ ရုံးစာရေးရာ, ကျမ်းစာရေးရာ၌ စာပိုဒ်အမျိုးမျိုး ခွဲနည်းနှင့် ၎င်းစာပိုဒ်များကို ခေါင်းစဉ်တပ်နည်းများ၊ ခေတ်မီစာအုပ်တအုပ်တွင် ပါရှိရသည့် စာအုပ်၏ အစိတ်အပိုင်းများ၊ ၎င်းတို့၏ အစီအစဉ်နှင့် အဆင်အပြင်များပါ အသေးစိတ်ပြထားသည်။

အပိုင်း ၇-၌ ယတိဗေဒခေါ် ရေးသားပုံနှိပ်ဟန်များကို လည်း တချောင်းပိုဒ်, နှစ်ချောင်းပိုဒ်, မျဉ်းတို, မျဉ်းရှည်, မျဉ်းစောင်း, ကော်မာ, လက်သဲကွင်း, ကိုးကားမှတ်, လီဒါ, မေးခွန်းမှတ်, စာချုန်မှတ်များ အသုံးပြုပုံတို့ကို အကျယ်တဝင့် ပြဆိုထားပေသည်။

အပိုင်း ၅-၆-၇ တို့မှာ ယခင် သဒ္ဒါကျမ်းများ၌ ပါလေ့မရှိ ဘာသာဗေဒကျမ်းတို့က မပြသော စာရေးရာ၌ တကယ်

PDF CREATOR - NYEYADHAMMA@GMAIL.COM

လိုအပ်သည့်အချက်များ ဖြစ်ပေသည်။ ဦးသောင်းလွင်သည် ထိုအချက်များကို ထည့်ရေးနိုင်သည်မှာ သူကိုယ်တိုင် စာရေးဆရာ၊ ကျောင်းဆရာ၊စာပေထုတ်ဝေသူ၊ပုံနှိပ်တိုက် ဖိုမင်ကြီး၊ လက်ထောက် စာပြင်မှူးချုပ်၊ ပုံနှိပ်ဌာနစုမှူး တာဝန်များကို ထမ်းဆောင်ခဲ့ဘူးသောကြောင့်သာ ဖြစ်ပေသည်။

ဤသို့လျှင် ယခု နည်းသစ်မြန်မာသဒ္ဒါသည် "လမ်းရိုးဟောင်း တွင်၊ ဆင့်ကာထွင် သို့"ဟူသော ရှင်မဟာသီလဝံသ၏ ပါရမီချုံ့လာ စကားအတိုင်း ရှေးရှေးသဒ္ဒါဆရာကြီးတို့၏ 'ဟော င်းလည်းဟောင်း, ကောင်းလည်းကောင်း'ဟူသော နည်းများကို ယူထားပုံလည်း တွေ့ရသည်၊ သစ်လ ည်းသစ် ဖြစ်လည်းဖြစ်'ဟူသော မဟာဇေယျသင်္ခယာ အမတ်ကြီး၏ ရွှေဘုံနိဒါန်းလာစကားအတိုင်း မှန်ကန်ကျိုးများ ဖြစ်မည့် အချက်အလက်ခေါင်း များစွာတို့ဖြင့် ရှေးမြန်မာသဒ္ဒါတို့ကို ကျေ ်တက်သွားအောင် ကြိုးစားထားပုံများကိုလည်း တွေ့ရသည်၊

ထို့ကြောင့် အားလုံး ပြည့်စုံပြီ, မှန်ကန်ပြီ, နှုတ်ပယ်ဖြည့်စွက်စရာမရှိပြီဟု မဆိုနိုင်သော်လည်း မြန်မာဘာသာအတွက် ယခင်ကျမ်းများထက် အထူး ကျေးဇူးပြုမည့်ကျမ်း ဖြစ်မည်ဟု ဆိုရမည်၊ ဆိုနိုင်သည်၊ ဆိုရဲသည်၊ ဆိုကြပါစို့။

မာဃ

၁၅-၈-၇၈

PDF CREATOR - NYEYADHAMMA@GMAIL.COM

ကျေးဇူးတင်လွှာ

ဤ နည်းသစ်မြန်မာသဒ္ဒါစာအုပ်ကို ရေးသားပြုစုနိုင်ရန် အတွက် ပညာသင်ကြားပေးခဲ့ကြသော ဆရာ,ဆရာမအပေါင်း တို့အားရင်း၊ ပညာသင်စဉ် ကူညီ ထောက်ပံ့ ခဲ့ကြသော ကျေးဇူးရှင် အပေါင်းတို့အားရင်း၊ ဤစာအုပ် ရေးသားရန် တိုက်တွန်း အားပေး ကူညီသူ ဦးလှအောင်နှင့် ဒေါ်သိန်းဥ တို့အားရင်း၊ ဤစာအုပ်ရေးသားစဉ် အဖက်ဖက်မှ ကူညီသူ စာရေးသူ၏ ဇနီး ဒေါ်တင်ရီအ ားရင်း၊ ဤ နည်းသစ် မြန်မာ သဒ္ဒါကျမ်းစာကို စာအုပ်အဖြစ်ရောက်လာအောင် စီမံ ပုံနှိပ် ထုတ်ဝေပေးသူ သာသနာရေး ်းစီးဌာနညွှန်ကြားရေးမှူးချုပ် နှင့်တကွ သက်ဆိုင်ရာ ပုဂ္ဂိုလ်များအားရင်း၊စာစီ,စာပြင်, စက်ဌာန၊စာအုပ်ချုပ်,မိုနို,လစ်သိုဌာနရှိ အရာထမ်း အမှုထမ်းများ အားရင်း ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်အပ်ပ သည်။

ဤ စာအုပ် လက်ရေးမူကြမ်းကို အစ အဆုံး တပိုဒ်ချင်း ဖတ်ရှု၍ တည်းဖြတ် ပြင်ဆင် အကြံဉာဏ်ပေးသူ ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်၊ ဟင်ဒီ၊ သက္ကတ ဘာသန္တရ ကောဝိဒ၊ နက္ခတ်ဗေဒင် ပညာရှင် "အရှင်သဒ္ဒိယ" မေ့ွာစရိယ အားရင်း၊ လက်နှိပ်စက် မူကြမ်းကို အစ အဆုံး ဖတ်ရှု၍ အ ကြောင်းအရာနှင့် ပုံနှိပ်ဟန် အနေအထားတို့ကို တည်းဖြတ် ပြင်ဆင်ပေးသူ စာရေးဆရာ

"လေ့လာသူတဦး" အားရင်း၊ နှစ်ပေါင်းများစွာ ရှာဖွေပြုစုထားသော မြန်မာသဒ္ဒါ လက်ရေးမူကို ငှါးရမ်း ကူညီသူ ဆေးတက္ကသိုလ် အမှတ် (၁) အငြိမ်းစား မြန်မာစာဌာနမှူး ဦးအေးမောင်အားရင်း၊ သဒ္ဒါအချက်အလက်များ ဆွေးနွေး အကြံပေး၍ အမှာစာရေးသားပေးသူ ဆရာမာဃ အားရင်း၊ မြန်မာသဒ္ဒါဆိုင်ရာ စာအုပ်စာတမ်းများကို ကြိုးစား ရှာဖွေ ငှါးရမ်းကူညီသူ ရန်ကုန် တက္ကသိုလ်များ စာကြည့် တိုက်မှူး ဦးသော်ကောင်းနှင့် အမှုထမ်းများအားရင်း၊ သာသနာရေး ဦးစီးဌာန စာကြည့်တိုက်မှူး ဒေါ်ခင်ခင်စု၊ ဒေါ်စိန်စိန် နှင့် ဦးအောင်သန်းတို့အားရင်း အထူးလှိုက်လှဲစွာ ကျေးဇူး တင်ရှိပါသည်။

သောင်းလွင်

ကျမ်းဦးနိဒါန်း

နည်းသစ် မြန်မာသဒ္ဒါ၏ ကျမ်းဦးနိဒါန်းတွင် နည်းသစ် မြန်မာသဒ္ဒါကို ဘာကြောင့် ရေးသည်၊ ဘယ်လိုရေးသည် တို့ကို ဖော်ပြရမည် ဖြစ်ပါသည်။ နည်းသစ်မြန်မာသဒ္ဒါ အကြောင်းရေးလျှင် ၎င်း၏ အခြေခံရာဖြစ်သော မြန်မာ သဒ္ဒါကျမ်းဟောင်းများ အကြောင်းနှင့် ထိုသဒ္ဒါကျမ်း ဟောင်း များ၏ အခြေခံမှီငြမ်းပြုရာ ဖြစ်သော သက္ကတ၊ ပါဠိ သဒ္ဒါကျမ်း များ၊ ဂရိ လက်တင်နှင့် အင်္ဂလိပ်သဒ္ဒါကျမ်းများ သမိုင်းကို လည်း အကျဉ်းချုပ် သိထားရန် လိုအပ်ပေသည်။

ကမ္ဘာ့အစောဆုံး သဒ္ဒါကျမ်း

ယနေ့ ထင်ရှားရှိနေသော သဒ္ဒါကျမ်းများတွင် ၄-ရာစု ဘီစီ-က ရေးသားသော ပါဏိနိ ခေါ် သက္ကတ သဒ္ဒါကျမ်းသည် အစောဆုံးဖြစ်သည်။ ထိုပါဏိနိ သဒ္ဒါကျမ်း၏အဖွင့် မဟာ ဘာသျကို ပတဉ္ဇလိ ဆရာကြီးက ပြုစုရေးသားခဲ့သည်။ ပတဉ္ဇ လိ ဆရာကြီးနှင့် ဝေါပဒေဝ ဆရာကြီးတို့ အဆိုအရ ဣန္ဒ ဗျာကရဏ်းသည် ကမ္ဘာ့အစောဆုံး ပထမဆုံး သဒ္ဒါဖြစ်သည်။ ဗြိဟဿပတိ(ကြာသပတေးဂြိုဟ်မင်း) သည် ဣန္ဒ (သိကြား နတ်မင်း) အား အနှစ်ဘထောင် ကာလပတ်လုံး သင်ပေး သော သဒ္ဒါစည်းမျဉ်း ဥပဒေသများ ဖြစ်၍ ဣန္ဒဗျာကရဏ်း ဟု ခေါ်သည်။

ပုဒ်လေးမျိုးအစ ယာစကမုနိ-က

ပါဏိနိ သဒ္ဒါမတိုင်မီ သဒ္ဒါကျမ်း ၆၄-ကျမ်း (မီမံသက၊ ဒဿန ပညာရှင်တို့အလို ကျမ်းပေါင်း ၈၅) ရှိခဲ့သည်။ ဘီစီ ၈၀၀ တွင် ယာစကမုနိသည် ဂန္ထနိရုတ္တိကျမ်းကြီးကို ပြုစုခဲ့သည်။ ယနေ့ သက္ကတနှင့် ပါဠိသဒ္ဒါ ကျမ်းများ၌ သုံးနေသော နာမ်၊ အာချာတ်၊ ဥပသာရ၊ နိပါတ်၊ ပုဒ်လေးမျိုး အခွဲကို ယာစကမုနိ-က စတင်တီထွင်ခဲ့သည်။

ထို့နောက် ဘီစီ ၄၀၀-ခန့်တွင် ပါဏိနီဆရာကြီးက အဋ္ဌာဓျာယီ ခေါ် သက္ကတသဒ္ဒါကျမ်းကို ရေးသားခဲ့သည်။ ကမ္ဘာ့ လက်ရှိ သဒ္ဒါကျမ်းများအနက် အစောဆုံးနှင့် အပြည့်စုံဆုံး စနစ်အကျဆုံး ဖြစ်၍ နောင်ပြုစုကြသော သက္ကတ သဒ္ဒါကျမ်း ၁၀၀၀-ခန့်မှာ ပါဏိနီဆရာကြီး၏ နောက်လိုက်တပည့်များသာ ဖြစ်ကြသည်။ ထို့ကြောင့် ပါဏိနီ ဆရာကြီးကို သဒ္ဒါဆရာတို့၏ ဖခင်ကြီး ဟု ခေါ်ကြလေသည်။ အနောက်တိုင်း ဘာသာဗေဒ ပညာရှင်တို့ကပင် ချီးကျူးရသော ကျမ်းဖြစ်သည်။ သက္ကတ မတတ်ဘဲ ဘာသာဗေဒကို လေ့လာခြင်းသည် သင်္ချာမတတ်ဘဲ နက္ခတ္တဗေဒကို လေ့လာသည်နှင့် တူမည်ဟု မက္က(စ်)မူလာက အဆိုပြုခဲ့သည်။

အနောက်တိုင်း သဒ္ဒါသမိုင်း

ဂရိဘာသာဗေဒနှင့် ဒဿနိက ပညာသည် ဘီစီ ၅၀၀-စု တွင်မှ စတင်ထွန်းကားခဲ့သည်။ ဘီစီ ၃-ရာစုတွင် ဂရိကိုလိုနီ အလက်ဇန္ဒြီယား ပိဋကတ်တိုက်ကြီး၌ ဂရိ ကဗျာဆရာကြီး ဟုမ်းမား၏ ကဗျာများကို နှိုင်းယှဉ် လေ့လာရာမှ ရှေး

ဟောင်းစာပေကို အထင်ကြီး၍ အရေးအသားကို အခြေခံသော သဒ္ဒါကျမ်းများ ရေးခဲ့ကြ၏။ ထို့ကြောင့် သဒ္ဒါကို Grammar. ဟု ခေါ်ကြသည်။ Grammar. ဟူသော စကား၏အဓိပ္ပါယ်မှာ The Art of Wrighting=စာရေးနည်း အတတ်ပညာဟူ၍ ဖြစ်သည်။

ထိုသို့ ရှေးဟောင်းကို အထင်ကြီးပြီး အရေး ဘာသာကို အခြေခံခဲ့ကြသဖြင့် ဘာသာစကား၏ ပြောင်းလဲတတ်သော သဘောကို အသိအမှတ် မပြုကြချေ။ ရှေးစာ အရေး အသားနှင့် မတူဘဲ ပြောင်းလဲ ရေးသားမှု, ပြောဆိုမှုတို့ကို အမှားများဟု သတ်မှတ် ယူဆခဲ့ကြ၏။ ထိုအယူကို နှစ်ပေါင်း ၂၀၀၀- ကြာ ၁၅ ရာစုအထိ ထိန်းလာခဲ့ကြ၏။ (မြန်မာပညာရှင်အချို့ "ဖြင့်" အစား "နှင့်"၊ "ကို" အစား "အား"၊ "အား"အစား "ကို"၊ "၌"အစား "တွင်"၊ "အောက်" အစား "ထက်"ဟု သုံးသည်ကို မှားသည်ဟု ယူဆကြသကဲ့သို့ ဖြစ်၏။)

သဒ္ဒါတွင် လိင် ၃ ပါး (ပုလ္လိင်, ဣတ္ထိလိင်, နပုံလိင်) အခွဲကို ဘီစီ၅-ရာစု ဒဿနိကဆရာကြီး ပရိုတာဂရက်စ် (Protagras) ကရင်း၊ နာမ်နှင့် ကြိယာအခွဲကို (ဘီစီ ၄၂၉-၃၄၇) ပလေတို ကရင်း တီထွင်ခဲ့သည်။ ပလေတိုသည် ဖြူ နီ ဆိုး ကောင်း နာမဝိသေသနများကို ကြိယာအဖြစ် သတ်မှတ်ခွဲခြားခဲ့သည်။ (ဖြူ နီ ချော ကြမ်း ဆိုး ကောင်း ဂုဏ်ပုဒ် နာမဝိသေသန တို့ကို ကြိယာဟု မြန်မာသဒ္ဒါ၊ မြန်မာအဘိဓာန် အချို့တွင် ခွဲခဲ့ကြသကဲ့သို့ ဖြစ်ပါသည်။) နောက်ပိုင်း ပညာရှင်တို့က

နာမဝိသေသနသည် ကြိယာမျိုးမဟုတ်၊ နာမ်၏ ဂုဏ် အရည် အချင်းပြ နာမ်မျိုးသာဟု ခွဲပြကြလေသည်။

အရစ်စတိုတယ်သည် သမ္ဗန္ဓနှင့် ကာလပြ စကားလုံး (Conjunction and Tense) တို့ကို ဖော်ထုတ်ပြခဲ့၍ ဇေနို (Zeno)နှင့် တပည့်များက Article, Proper Noun နှင့် Common Noun, Active Voice နှင့် Passive Voice. ကံရှိကြိယာနှင့် ကံမရှိကြိယာတို့ကို တီထွင်ဖော်ပြခဲ့ကြသည်။

ပထမဆုံး ဂရိသဒ္ဒါ

ဂရိပညာရှင် ဒိုင်အိုနီ ရှပ်စ်သရက်စ် (Dionisious Thrax)သည် ဘီစီ ၂၀၀-ခန့်တွင် (၁)နာမ်စား၊ (၂)ကြိယာ ဝိသေသန၊ (၃)ဝိဘတ်နှင့် (၄)ပါတီစီပယ်သ်တို့ကို တီထွင် ဖော်ထုတ် နိုင်ခဲ့၏။ ရှေးဆရာများ တွေ့ရှိဖော်ထုတ်ခဲ့သော (၁)နာမ်၊ (၂)နာမဝိသေသန၊ (၃)ကြိယာ၊ (၄)သမ္ဗန္ဓတို့နှင့် သူကိုယ်တိုင် တွေ့ရှိခဲ့သော (၅)နာမ်စား၊ (၆)ကြိယာ ဝိသေသန၊ (၇)ဝိဘတ်၊ (၈)ပါတီစီပယ်လ်တို့ကို စနစ်တကျ စီစဉ်၍ The Art of Grammar = စာရေးနည်း အတတ်ပညာခေါ် ပထမဆုံး သဒ္ဒါကျမ်းကို ပြုစုခဲ့သည်။ ထိုကျမ်းတွင် Morphology=ပဒဗေဒသာ ပါ၍ Syntax =ဝါကျဗေဒ မပါသေးချေ။ Syntax=ဝါကျဗေဒ ဝါကျ ဖွဲ့ထုံးပုံကိုကား အပိုလိုနီးယပ်စ် ဒစ်စ်ကောလပ်စ် Applo-nius Dyscolus. က ပထမဆုံး တီထွင်နိုင်ခဲ့လေသည်။

ပထမဆုံး လက်တင်သဒ္ဒါ

ဘီစီ ၂- ရာစုတွင် ရောမတို့သည် ဂရိယဉ်ကျေးမှုနှင့် ပညာ ရေးကို လေ့လာ လိုက်စားခဲ့ကြ သည်။ အေဒီ ၄- ရာစုတွင် Aelius Donatus.ကင်း၊ အေဒီ ၆-ရာစုတွင် အာဖရိက လူမျိုး Priscion. ကင်း ဂရိသဒ္ဒါကျမ်းများထက် ပို၍ စနစ်ကျသော လက်တင်သဒ္ဒါကျမ်းများကို ပြုစုခဲ့ကြသည်။

ဂရိနှင့်လက်တင် သဒ္ဒါဆရာတို့သည် အပြောဘာသာထက် အရေးဘာသာကို လေးစားခဲ့ကြ၏။ ပြောစကားသည် ကာလဒေသအလိုက် ပြောင်းလဲတတ်၍ တည်ငြိမ်သော အရေးဘာသာကို အခြေခံ၍ သဒ္ဒါကျမ်းများကို ပြုစုကြ ခြင်းဖြစ်သည်။ ထို့ကြောင့် ဂရိ,လက်တင် သဒ္ဒါတို့သည် Prescriptive Grammar ပြဋ္ဌာန်းသဒ္ဒါ, အညွှန်း သဒ္ဒါ များ ဖြစ်ကြသည်။ ၁၆-ရာစုအထိ သဒ္ဒါဆိုလျှင် လက်တင် အညွှန်းသဒ္ဒါဟု နားလည်ကြ၏။

ပထမဆုံး အင်္ဂလိပ်သဒ္ဒါ

ဥရောပတွင် ရိနေဆန်း ခေါ် ခေတ်ဆန်းချိန် ရောက်မှ သဒ္ဒါကျမ်းများ ပေါ်ပေါက်သည်ဟု အယူအဆ ရှိခဲ့ကြသည်။ ၁၆၄၀-ခုနှစ်တွင် ဘင်းဂျွန်ဆင် Ben Johnson က လက်တင် သဒ္ဒါကျမ်းများကို ပုံတူကူး၍ ပထမဆုံး အင်္ဂလိပ်သဒ္ဒါကျမ်း ကို ပြုစုခဲ့သည်။ အောက်စဖို့ တက္ကသိုလ်မှ ရောဘတ်လို့သ် (Robert Lowth) ပြုစုသော Introduction to English Grammar နှင့် Lindley Marray ပြုစုသော The Grammar of English Language.

တို့သည် အင်္ဂလန်, အမေရိကန် တက္ကသိုလ်သုံး,ကျောင်းသုံး, ဖြစ်ခဲ့၏။ လက်တင်ပုံတူကူး ပြဋ္ဌာန်းသဒ္ဒါများ ဖြစ်၏။

အစောဆုံး ပါဠိသဒ္ဒါ

ထေရဝါဒ ဗုဒ္ဓဘာသာ ပိဋကတ်တော်များသည် ပါဠိဘာသာဖြင့် ရှိ၏။ ထိုပိဋကတ်တော်တို့၏ အနက် အဓိပ္ပါယ်ကို သိရှိနိုင်ရန် အတွက် ပါဠိသဒ္ဒါ ကျမ်းများကို သင်ကြရ၏။ အစောဆုံးနှင့် ထြဇာအသက်ရှောက်ဆုံး သဒ္ဒါမှာ ရှင်မဟာကစ္စည်း မထေရ် ပြုစုသော ကစ္စည်းသဒ္ဒါကြီးကျမ်း ဖြစ်၏။ ကစ္စည်းကျမ်းအဖွင့် နျာသ၊ ရူပသိဒ္ဓိ၊ ကာရိကာ၊ သဒ္ဒနီတိ၊ အပဒါန် အဋ္ဌကထာတို့က အကျဉ်းကို အကျယ်ချဲ့ ဟောရာ၌ တေဒဂ်ရ ရှင်မဟာကစ္စည်းဟု ဖွင့်ပြကြ၏။

မြတ်ဗုဒ္ဓပွင့်ရာကာလကို ဘီစီ ၆-ရာစုဟု ဆိုကြသဖြင့် ကစ္စည်းသဒ္ဒါကျမ်းသည် လက်ရှိသဒ္ဒါကျမ်းများအနက် အစောဆုံးဟု ဆိုနိုင်၏။

နောက်ပိုင်း သုတေသီတို့က ကစ္စည်းကျမ်းသည် ဆရာ သဗ္ဗဝမ္မာ ပြုစုသော ကာတန္တြခေါ် သက္ကတသဒ္ဒါ ကျမ်းကို မှီ၍ ပါဠိဘာသာနှင့် လျော်အောင် ပါဠိမူ ပြုထားသော ကာတန္တြာနုယာယီကျမ်း ဖြစ်သည်၊ အေဒီ ၇-ရာစုတွင် စတင် ပေါ်ပေါက်လာသည်ဟု ဆိုကြသည်။ မည်သို့ဆိုစေ အစောဆုံး ပါဠိသဒ္ဒါအဖြစ်ကိုကား ပညာရှင်တိုင်း လက်ခံကြပေသည်။ မောဂ္ဂလန်၊ သဒ္ဒနီတိ၊ သဒ္ဒသင်္ဂဟ၊ ဗာလာဝတာရ- တို့ကား ကစ္စည်းသဒ္ဒါ၏ နောက်မှ ပေါ်သော ကျမ်းများ ဖြစ်ကြ၏။

မြန်မာနိုင်ငံဖြစ် ပထမဆုံးသဒ္ဒါ

မြန်မာသက္ကရာဇ် ၄၂၆-ခု နှစ်တွင် နန်းတက်သော ကျန်စစ်သားမင်း လက်ထက် နန္ဒာဂူ (ယခု ပုဂံ အာနန္ဒာ ဘုရား) အနီး ကျန်စစ်သားမင်းကြီး လှူသော နန္ဒာကျောင်း (ဝါဆိုကျောင်း)နေ ရှင်ဓမ္မသေနာပတိ ပြုစုသည့် **ကာရိကာ ကျမ်း**သည် ပထမဆုံး မြန်မာနိုင်ငံဖြစ် ကျမ်းဂန်ဖြစ်၏၊ ပထမ ဆုံး မြန်မာနိုင်ငံဖြစ် သဒ္ဒါကျမ်းလည်း ဖြစ်၏။

မြန်မာနိုင်ငံရောက် ပထမဆုံးသဒ္ဒါ

ရှင်ဓမ္မသေနာပတိသည် ကာရိကာ ကျမ်းကို ပြုစုရာ၌ ကစ္စည်းသဒ္ဒါကျမ်းကို မှီငြမ်းပြုကြောင်းကို—

နတွာ ကစ္စာယနတ္ထေရဥ္စ၊ တေန သဒ္ဒါနုသာသနံ။
(သဒ္ဒါနုသာသနကျမ်းကို ပြုစုသော ရှင်မဟာကစ္စည်း
မထေရ်ကိုလည်း ရှိခိုးပါ၏။) —

ဟူသောစကားနှင့် ကာရိကာဋီကာတွင်–

သဒ္ဒါနုသာသနန္တိ ကစ္စာယနပကရဏံ=သဒ္ဒါနုသာသန
ကျမ်းဆိုသည်မှာ ကစ္စည်းသဒ္ဒါကြီးကျမ်းပင် ဖြစ်သည်–
ဟူသော ကာရိကာဋီကာ စကားအရ သိသာသည်။

အနော်ရထာမင်း အေဒီ ၁၀၅၇-ခု သထုံကိုအောင်နိုင်၍ ပိဋကတ်များ ပင့်လာစဉ်က ကစ္စည်းသဒ္ဒါကြီးကျမ်း ပါလာ သည်ဟု မုချ ဆိုနိုင်သည်။ ထို့ကြောင့် ကစ္စည်းသဒ္ဒါကြီး သည် မြန်မာနိုင်ငံသို့ ပထမဆုံး ရောက်သော သဒ္ဒါကျမ်းဖြစ် သည်ဟုလည်း အခိုင်အမာဆိုနိုင်သည်။

မြန်မာလူမျိုးတို့ သဒ္ဒါခံယူချက်

မြန်မာလူမျိုးတို့သည် သဒ္ဒါဘာသာကို အထူးမြတ်နိုး အလေးထားသူများ ဖြစ်ကြသည်။ သဒ္ဒတ်မတာ စတ်မတာ (သဒ္ဒါမတတ် စာမတတ်)၊ သဒတ်တာမှ စတ်တာမည် (သဒ္ဒါ တတ်မှ စာတတ်မည်)၊ သဒ္ဒါငံမှ စာမှန်သည်-ဟု ဆိုရိုးပြုခဲ့ကြ သည်။ သဒ္ဒါကို အခေါက်ခေါက် လေ့လာရမည်ဖြစ်ကြောင်း "သဒ္ဒါကိုးခေါက် စာပြိုးပြောက်"ဟု ဆိုရိုးပြုခဲ့သည်။ အရေး အဖတ် တတ်သည်နှင့် တပြိုင်နက် သဒ္ဒါကို စသင်တော့သည်။ သဒ္ဒါဆိုင်ရာ မှတ်စုများ, သဘောတရားများကို ရေးသား သော သဒ္ဒါငယ်ကျမ်း မြောက်မြားစွာကို ရေးခဲ့ကြသည်။သင် ခဲ့ကြသည်။

သို့သော် မြန်မာတို့သင်ခဲ့ကြသော သဒ္ဒါကား မြန်မာသဒ္ဒါ မဟုတ်၊ ပါဠိသဒ္ဒါများ ဖြစ်သည်။ အနောက်တိုင်းတွင် ၁၆- ရာစုအထိ ခရစ်ယာန်သာသနာပြု ရဟန်းများက လက်တင် သဒ္ဒါနှင့် သမ္မာကျမ်းစာတို့ကို သင်ပေးခဲ့ကြသကဲ့သို့ မြန်မာ ဘုန်းတော်ကြီးများကလည်း မြန်မာကျောင်းသား များအား ပါဠိသဒ္ဒါနှင့် ပိဋကတ်စာပေတို့ကိုသာ အဓိကသင်ပေးကြသည်။

မြန်မာသဒ္ဒါ မရေးခဲ့ခြင်း အကြောင်းရင်း

ဥရောပနိုင်ငံများတွင် ၁၆- ရာစု အထိ Grammar. ဆိုလျှင် လက်တင်သဒ္ဒါဟု နားလည်ကြသကဲ့သို့ ဘုန်းကြီး ကျောင်း ပညာရေး စနစ်ဖြင့် စာတတ်လာသူ အားလုံးတို့က လည်း သဒ္ဒါဆိုလျှင် ပါဠိသဒ္ဒါ, ကစ္စည်းသဒ္ဒါဟု နားလည်ခဲ့ကြ သည်။ မြန်မာသဒ္ဒါ သီးခြားရှိသည်ဟု မယူဆခဲ့ကြချေ။

ထို့ကြောင့် ပါဠိသဒ္ဒါကိုလည်း ပါဠိသဒ္ဒါဟု မခေါ်ဘဲ သဒ္ဒါဟု သာမည ခေါ်ခဲ့ကြ၏။ မွန်၊ မြန်မာ၊ ရှမ်း၊ ကရင်၊ ကချင် ဘာသာအားလုံးအတွက် သဒ္ဒါတမျိုးတည်းသာ ဟု မှတ်ယူခဲ့ကြ သောကြောင့် ဖြစ်သည်။ မြန်မာ ပုဒ် ဝါကျ များကို ပါဠိသဒ္ဒါနည်းဖြင့်သာ ရှင်းလင်းခဲ့ကြသည်မှာ ယနေ့တိုင်ပင် ဖြစ်သည်။ ထို့ကြောင့် ၁၉- ရာစုခေတ်ဦးအထိ မြန်မာသဒ္ဒါကျမ်းဟူ၍ မပေါ်ပေါက်ခဲ့ခြင်း ဖြစ်လေသည်။

ပထမဆုံး မြန်မာသဒ္ဒါ

မြန်မာတို့သည် အနော်ရထာမင်း လက်ထက် သထုံ ကို အောင်နိုင်၍ ထေရဝါဒ ဗုဒ္ဓဘာသာ ပိဋကတ်များကို အနက်ဖော်နိုင်မှုအတွက် ပါဠိသဒ္ဒါကို သင်ယူခဲ့ကြသည်။ ပါဠိဘာသာရေး ပိဋကစာပေတို့ကို မြန်မာဘာသာ ပြန်ဆို၍ မြန်မာစာပေကိုလည်း တီထွင်ဖန်ဆင်းခဲ့ကြသည်။

ရှေးအခါ စာဆို့စာရေးဆရာတို့သည် ပါဠိသဒ္ဒါ တတ်သူ များ ဖြစ်၍ မြန်မာစာကို စီကုံးရေးသားသောအခါ ပါဠိ သဒ္ဒါနည်းများကို ယူ၍ မြန်မာစကားပြေကို စီကုံးနိုင်ကြ သဖြင့် မြန်မာသဒ္ဒါကျမ်းကို သီးခြားပြုစုရန် အားမထုတ်ခဲ့ ကြပေ။

၁၇၇၇-နှစ်တွင် ပထမကျော် အောင်စံထား ဆရာတော် ပြုစုသော **ကဝိလက္ခဏာ** ခေါ် **သဒ္ဒါပရမတ်အဆုံးအဖြတ်** ကျမ်းနှင့် ၁၇၄၀ -ခုနှစ်ခန့်တွင် တောင်တွင်းဆရာတော် ခင်ကြီးဖျော် ပြုစုသော **မြန်မာဝါစ္စဝါစက** ခေါ် **မြန်မာသဒ္ဒါ ဟောမှတ်စု** နှင့် **သဒ္ဒဗျူဟာကျမ်း**တို့မှာလည်း မြန်မာ

စကားလုံးများ အထူးသဖြင့် ဝိဘတ်ပစ္စည်းစကားလုံးများ၏ အနက် အဓိပ္ပါယ်ကို ပါဠိသဒ္ဒါနည်းဖြင့် ဖွင့်ပြခြင်းဖြစ်၍ မြန်မာ သဒ္ဒါကျမ်းများဟု မဆိုနိုင်ပေ။

ထို့ကြောင့် ဖဲလစ်ကယ်ရေးက သူ၏သဒ္ဒါနိဒါန်းတွင်—

> မြန်မာပညာရှိများသည် သတ်ပုံသတ်ညွှန်း ကျမ်းများကို ပြုစုကြသည်။ မာဂဓဘာသာကို မြန်မာပြန်ဆိုရန် အတွက် ပါဠိအဘိဓာန်များကို နိဿယရေးသားကြသည်။ သို့သော်လည်း မြန်မာဘာသာအတွက် သဒ္ဒါကျမ်းကိုကား မစီကုံးခဲ့ကြ—

ဟု မှတ်ချက်ချခဲ့လေသည်။

ပထမဆုံး မြန်မာသဒ္ဒါ ကျမ်းကို ဖဲလစ်ကယ်ရေးက ၁၈၁၄-ခုနှစ်၌ စတင် ရေးသားသည်။ ဖဲလစ်ကယ်ရေးသည် ၁၈၀၇-ခုနှစ်တွင် ရန်ကုန်သို့ ရောက်လာသော အမေရိကန် သာသနာပြု ဖြစ်သည်။ မြန်မာနိုင်ငံတွင် သာသနာပြုရန် မြန်မာဘာသာကို တတ်မြောက်ဘို့ လိုအပ်သည်ဟု သိမြင်၍ မြန်မာ အကောက်ဝန် ဂျူဟန်နစ်မိုးဇက်-ခေါ် ဘာဘာရှိန်း ထံတွင် မြန်မာစကားနှင့် စာပေကို သင်ယူလေ့လာ၍ ၁၈၁၄-ခုနှစ်တွင် မြန်မာသဒ္ဒါကျမ်းကို ရေးသားခဲ့သည်။ မြန်မာသဒ္ဒါကို လက်တင်အင်္ဂလိပ် ပုံစံသွင်းထားသည့် ပထမဆုံး သဒ္ဒါကျမ်း ဖြစ်သည်။

ကယ်ရေး၏မြန်မာသဒ္ဒါကျမ်းနောက်တွင် ဂျပ်ဆင်၊စိန်ဂျွန်း၊ သောမတ်ဇလက်တား၊ ဒေါ်မား-တို့၏ အင်္ဂလိပ်ပုံတူကူး မြန်မာသဒ္ဒါကျမ်းများ ထွက်လာခဲ့သည်။

မြန်မာလူမျိုးရေး ပထမဆုံး မြန်မာသဒ္ဒါ

မြန်မာလူမျိုးထဲမှ မြန်မာသဒ္ဒါကို ပထမဆုံး ရေးသူမှာ မော်လမြိုင် ဦးရွှေပွင့် ဖြစ်၏။ မြန်မာဆန်စေလိုသောကြောင့် လော မသိ အခန်းများကို—

၁။ ဌာန်ကရော အကြောင်း၊

၂။ ဣတုမောအကြောင်း၊

၃။ သဒ္ဒါရော၏ အကြောင်း၊

အုံ့ဌရော၏ အကြောင်း၊

ကဗျာရော၏ အကြောင်း—

ဟု ခွဲခြားရေးထားသည်။ မြန်မာဆန်သော သဒ္ဒါအခေါ် များကို တီထွင်၍ အင်္ဂလိပ်သဒ္ဒါ စည်းမျဉ်းနှင့်အညီ ရေးသော သဒ္ဒါကျမ်း ဖြစ်သည်။

ကျောင်းသုံးမြန်မာသဒ္ဒါကျမ်းများ

၁၈၅၆-၅၇-ခုနှစ် ပဲခူးတိုင်း ပညာရေးအစီရင်ခံစာ၌ " အင်္ဂလိပ် စာသင်ကျောင်းများ၏ သင်ရိုးမာတိကာနှင့် ပတ်သက်၍ သမိုင်း၊ ပထဝီ၊ အင်္ဂလိပ်၊ မြန်မာသဒ္ဒါနှင့် စာစီစာကုံး၊ အင်္ဂလိပ် မြန်မာ အပြန်အလှန် ဘာသာပြန်ခြင်း၊ ဂဏန်းသင်္ချာ စသည်ကိုတိုက်ကို သင်ကြားပို့ချသည်" ဟု တွေ့ရသည်။ ၁၈၈၆-ခုနှစ်ထုတ် ပညာရေးဌာန လက်စွဲစာအုပ် နောက်ဆက်တွဲ (ခ) ကျောင်းသုံး စာအုပ်စာရင်းတွင်— "ဂျပ်တဆင် စီမံသော သဒ္ဒါ၊ ဆရာဂရေး စီမံသော ရှေးဦး သင်ရန် သဒ္ဒါ၊ ၎င်းနှင့် ကျင့်ရန် အခန်းများ" ဟု ပါရှိသည်။

ထို့ကြောင့် ၁၈၅၆-ခုနှစ်တွင် အင်္ဂလိပ်ကျောင်းများ၌ မြန်မာသဒ္ဒါကို သင်ကြားနေပြီ ဖြစ်ကြောင်း သိရလေသည်။ ကျောင်းသုံး စာအုပ် အများ အပြားကိုလည်း ရေးသား ပြုစုခဲ့ကြလေသည်။ ကျောင်းသုံးမြန်မာသဒ္ဒါ အားလုံးမှာ အင်္ဂလိပ် သဒ္ဒါကို ပုံတူကူး ထားသော စာအုပ်များသာ ဖြစ်လေသည်။

ကျောင်းများ၌ မြန်မာသဒ္ဒါ သင်ပြမှု ရပ်ဆိုင်းခြင်း

အာရယန်တို့ ပြောဆိုသည့် အင်ဒို-ဥရောပ မျိုးနွယ် အင်္ဂလိပ် ဘာသာစကား၊ သက္ကတ, ပါဠိ ဘာသာစကားတို့သည် မွန်ဂို-အနွယ် မြန်မာတို့၏ တိဗက် - မြန်မာဘာသာစကား နှင့် ဘာသာစကား တည်ဆောက်ပုံချင်း ကွဲပြားခြားနားသည်။ ကျောင်းသုံး မြန်မာသဒ္ဒါ ပြုစုသူတို့သည် မြန်မာသဒ္ဒါ၌ လိုအပ်, မလိုအပ် မစိစစ်နိုင်ဘဲ အင်္ဂလိပ်သဒ္ဒါကို တိုက်ရိုက် ပုံတူကူး၍ မြန်မာသဒ္ဒါကို ရေးခဲ့ကြသည်။

ဒုတိယ- တတိယ- စတုတ္ထတန်း အရွယ် ကလေးသူငယ် များအား အဓိပ္ပါယ် နားမလည်ဘဲ အင်္ဂလိပ်, ပါဠိ နှစ်ဘာသာ ရောထားသော စကားလုံးရှည်ကြီးများကို မြန်မာသဒ္ဒါအဖြစ် အာဂုံဆောင်စေကြသည်။

ကျောင်းသုံး မြန်မာသဒ္ဒါများ၏ ချွတ်ယွင်း အားနည်း ချက်နှင့် မြန်မာသဒ္ဒါ သင်ပြမှု ရပ်ဆိုင်းလိုက်ရခြင်း အကြောင်း ကို "မြန်မာကျမ်းများ ဖော်ထုတ် ပုံနှိပ်ခြင်း" ဆောင်းပါး တွင် ဆရာကြီး ဦးဖေမောင်တင်က အောက်ပါအတိုင်း ဖော် ပြထားသည်—

(က) ခန့်ထားသည်-ဟူသော ကြိယာကို A Transitive Verb of Incomplete Predication ဝါစက မစုံ ကတ္တုသကမ္မကြိယာ ဟု ခေါ်သည်။

(ခ) သူကိုယ်သူ-ဟူသောနာမ်စားကို A Reflexive Personal Pronoun သပစ္စာဂမ ပုဂ္ဂလ နာမ်စားဟု ခေါ်သည်။

(ဂ) မိုးရွာသော အခါ-ကို Subordinate Adverb Clause of Time ကြိယာဝိသေသန ကာလ နိဿိတဝါကျ ကဏ္ဍဟု ခေါ်သည်—

အစရှိသည်တို့ကို လက်ဦး အာဂုံဆောင်ကြရ၏။ ဤ အကြောင်းတို့ကြောင့် ကျွန်တော်တို့သည် သဒ္ဒါကို ရှုံရှာ၍ စာဖတ်ရန် မနှစ်သက်ကြချေ။ ဤကဲ့သို့ သဒ္ဒါ အားဖြင့် နှိပ်စက်ကလူ ပြုလုပ်ခြင်းကို ခံလာခဲ့ကြရရာ ၁၉၂၀-ခုလောက်ကျသောအခါအချို့သောကျောင်းသား တို့သည် သြဇာကြီးမား လာကြသဖြင့် ထိုနှိပ်စက်မှုမျိုး မရှိရလေအောင် **မြန်မာသဒ္ဒါ-ဟူသည် မရှိ**-ဟု ပညာ ရေးဌာနအား ပြောဆို ဖော်ပြကြ၏။ ပညာရေးဌာန ကလည်း သဘောတူ၍ ကျောင်းများတွင် မြန်မာ သဒ္ဒါ သင်ကြားမှုကို ရုပ်သိမ်းလိုက်လေသည်။

မြန်မာစာဆရာတို့၏ ဘခင်ကြီး အဂ္ဂမဟာပဏ္ဍိတ ဆရာကြီး ဦးလင်းက ၁၉၃၂-ခုနှစ် နိုဝင်ဘာလ, ဒီဇင်ဘာလ ထုတ် မြန်မာနိုင်ငံတော် ပညာသတင်းစာ "**မြန်မာစာ စီစာကုံး အကြောင်း**" ဆောင်းပါးတွင် မြန်မာသဒ္ဒါအကြောင်း ကို အောက်ပါအတိုင်း ရေးသားထားလေသည်—

ရှေးက မြန်မာစာရေးသူတို့ ပါဠိသဒ္ဒါ တတ်၍ မြန်မာသဒ္ဒါ မလိုသောကြောင့် မြန်မာသဒ္ဒါ မရေးခဲ့၊ အင်္ဂလိပ်တို့လက်ထက် အင်္ဂလိပ်သဒ္ဒါကို မှီ၍ မြန်မာသဒ္ဒါကို ရေး၍ သင်စေရာ ကျောင်းသားများ စာစီစာကုံး မတတ်၊ အဘယ်ကြောင့် ထိုသို့ဖြစ်သနည်း-ဟု ပညာပိုင်းဆိုင်ရာ အရာရှိတို့ စည်းဝေးသော အခါ အချို့ပုဂ္ဂိုလ်တို့က "**မြန်မာစာသည် တရုတ်စာနှင့် တူသည်။ မြန်မာစာနှင့် တရုတ်စာတို့မှာ သဒ္ဒါဟူ၍ မရှိ၊ ရှိအောင် ကြံစည်၍ ရေးသားသော်လည်း အကျိုးထူး မမြင်၊ စိတ်ထင်ရာ စီကုံးရေးသားရသော ဘာသာများဖြစ်သည်**—ဟု ပြောဆိုကြ၏။

၁၉၂၂-ခု အဦးအစလောက်က ရန်ကုန်တက္ကသိုလ် ပရော်ဖက်ဆာကြီး တဦး၏ စာရေး တောင်းပန်ချက်အရ ပညာဝန်ကြီးမင်းက ၁၉၂၂-ခု၊ ဩဂုတ်လ ၂၆-ရက်နေ့တွင် ပညာဝန်ကြီးရုံး၌ ဥရောပနှင့် မြန်မာ ပညာရှင်များကို ဖိတ်ကြား၏၊ မစ္စတာ မတ်ဟန်တား၊ မစ္စတာ ဆင်း၊ ဦးမေအောင်နှင့် ဦးစံရွှေ၊ မစ္စတာ တေလာ၊ ဦးဘိုးရင်တို့ တက်ရောက်ဆွေးနွေးကြ၏။

မြန်မာသဒ္ဒါကို ကျောင်းသုံး စာအုပ်အဖြစ် သီးခြားပြဋ္ဌာန်း မသင်သင့်ကြောင်း ဤကော်မီတီက ကြေငြာရန် အဆိုကို ပရော်ဖက်ဆာဦးမေအောင်က တင်သွင်း၍ မစ္စတာ တေလာက ထောက်ခံပြီး အားလုံး သဘောတူ အတည်ပြုသည်။ ဆရာသုံး မြန်မာသဒ္ဒါ လက်စွဲ စာအုပ်ကို ပြုစု၍ မြန်မာဘတ်စာနှင့် တွဲသင်ရန် အဆိုကို ပရော်

ဖက်ဆာ ဦးမေအောင်ကပင် တင်သွင်းရာ ဦးဘိုးရင်က ထောက်ခံ၍ အများ သဘောတူ အတည်ပြုကြသည်။ ဆရာကြီး ဦးပွါးအား ဆရာသုံး မြန်မာသဒ္ဒါ လက်စွဲ စာအုပ်ရေးဘို့ တာဝန်ပေးရန် သဘောတူကြသည်။

အထက်ပါ ဆရာကြီး ဦးဖေမောင်တင်နှင့် ဆရာကြီး ဦးလင်းတို့၏ ဆောင်းပါး နှစ်ပုဒ်ကို ဆက်စပ် ဖတ်ရှုလျှင် ကျောင်းသုံး သဒ္ဒါများ ဘာကြောင့် ရပ်ဆိုင်းသွားသည်၊ ဘယ်အချိန်က ရပ်ဆိုင်း သွားသည်ကို သိရှိပါလိမ့်မည်။ ထိုကော်မီတီက လိုလားသော ဆရာကိုင် မြန်မာသဒ္ဒါ စာအုပ်မှာလည်း ၁၀-နှစ်ကြာသည့်တိုင် ၁၉၂၂-ခုမှ ဆရာကြီး ဦးလင်း ဆောင်းပါးရေးသည့် ၁၉၃၂-အထိ မပေါ်သေးကြောင်း သိရပေသည်။

မတ်ဟန်တားနှင့် ဆရာပွါးတို့ ပင်စင်ယူသွားသည့်အထိ ဆရာကိုင်မြန်မာသဒ္ဒါစာအုပ် မထွက်လာကြောင်းကို ၁၉၃၉-ခု၊ အောက်တိုဘာလထုတ် စာဆိုတော်မဂ္ဂဇင်း၊ အတွဲ ၁-ပါ နေမျိုးကျော်တင် သံတော်ဆင့်မင်း၏ ကဝိလက္ခဏာ နိဒါန စာတမ်းအရ သိရလေသည်။

ကျောင်းသုံးသဒ္ဒါ ပြဋ္ဌာန်းလာရပြန်ခြင်း

နေ့ခေတ် တန်းကြီးကျောင်း ပညာရေးဖြင့် စာတတ်လာသူတို့သည် ပါဠိသဒ္ဒါ အကူအညီဖြင့် မြန်မာစာကို ရေးကြသကဲ့သို့ ကိုလိုနီခေတ် မြန်မာတို့ကလည်း အင်္ဂလိပ်သဒ္ဒါ အကူအညီဖြင့် မြန်မာစာကို ရေးခဲ့ကြသည်။ လွတ်လပ်ရေး ရပြီးနောက် အင်္ဂလိပ်သဒ္ဒါကိုလည်း မတတ်၊ ပါဠိသဒ္ဒါကိုလည်း

မတတ်သော လူငယ်တို့အတွက် မြန်မာသဒ္ဒါကို သင်ကြားရန် အမှန်လိုအပ် လာပြန်၍ ပညာရေး ဌာနသည် ဆရာကြီး ဦးဖေမောင်တင်အား မြန်မာသဒ္ဒါစာအုပ်ကို ရေးစေ၍ ကျောင်းများ၌ သင်ကြား စေပြန်၏။

ဆရာကြီး ဦးဖေမောင်တင်၏ မြန်မာသဒ္ဒါ

ဆရာကြီးဦးဖေမောင်တင်က အင်္ဂလိပ် သဒ္ဒါကို ပုံတူကူးသည့် သဘော မသက်ရောက် စေလို၍ ဝါစင် ဘယ်နှစ်ပါး ဟု မခွဲဘဲရေးသည်။ ဝိဘတ်၊ သမ္ဗန္ဓနှင့် ပစ္စည်းတို့ကိုလည်း မခွဲဘဲ နောက်ဆက် ဟု တမျိုးတည်းထား၍ ရေးသည်။

ဘာသာဗေဒနည်းအရ ပုဒ်နှင့်နောက်ဆက် ဟု နှစ်မျိုးရှိသည့်အနက် Morpheme ခေါ် ရုပ်သီး (ပုဒ်) များကို အစဉ်အလာ နည်းဟောင်းအတိုင်း နာမ်၊ နာမ်စား၊ နာမဝိသေသန၊ ကြိယာ၊ ကြိယာဝိသေသန-ဟု ခွဲသည်။ (အာမေဍိတ်ကိုကား ချန်ထားခဲ့သည်။) အစဉ်အလာ နည်းဟောင်းတွင် **ဝိဘတ်၊ သမ္ဗန္ဓနှင့် နည်းဟောင်းတွင်** မပြသော ပစ္စည်းတို့ကိုကား ဘာသာဗေဒနည်းအတိုင်း နောက်ဆက် (Bound Morpheme)ဟု တမျိုးတည်းထား၍ ရေးသားခဲ့သည်။ ရှေးဟောင်း မြန်မာစကားပြေအရေးအသား (စာ) များကို ပုံစံယူ၍ ရေးသဖြင့် ဘာသာဗေဒ ပညာရှင်တို့ အဓိကတန်ဖိုးထားသော စကားပြော နောက်ဆက်များ လုံးဝ မပါရှိသောကြောင့် ခေတ်မှီအင်္ဂါ ယုတ်လျော့နေပေသည်။

ဤသို့ **ပုဒ်**-ပိုင်းကို ခေတ်ဟောင်း ဝါစင်နည်း မကျတကျ, **နောက်ဆက်**-ပိုင်းကို ခေတ်သစ် ဘာသာဗေဒနည်း မကျတကျ

ရေးထား သဖြင့် ခေတ်ဟောင်း, ခေတ်သစ် ပညာရှင် နှစ်ဦးလုံးတို့က ဘဝင်မကျဘဲ ရှိနေကြပေသည်။

ဂျွန်အိုကယ်၏ မြန်မာသဒ္ဒါ

၁၈-ရာစု အစပိုင်းတွင် ဘာသာဗေဒပညာ ထွန်းကားလာသည်။ ယခင်က သဒ္ဒါဆိုလျှင် အနောက်တိုင်းသားတို့က ဂရိ · လက်တင်သဒ္ဒါ တမျိုးတည်းဟု ယူဆကြ၍ အရှေ့တိုင်းသားတို့က ပါဠိ-သက္ကတ သဒ္ဒါ တမျိုးတည်း ဟု နားလည် လာကြသည်။ ဘာသာဗေဒ ပညာ ပေါ်လာမှ ဘာသာ စကားတိုင်းမှာ တူညီသော သဒ္ဒါနည်းများ ရှိသကဲ့သို့ ဝိသေသလက္ခဏာ ကိုယ်ပိုင် သဒ္ဒါနည်းများလည်း ရှိကြောင်း နားလည်လာကြသည်။

မြန်မာဘာသာကို ဘာသာဗေဒနည်းဖြင့် အစောဆုံး လေ့လာသူများမှာ ဂျေ-အေ စတီးဝပ်၊ ဝီလယံ ကောနင်း၊ မင်းလတ် နှင့် ဂျွန်အိုကယ်တို့ ဖြစ်သည်။ ဂျွန်အိုကယ်သည် **စကားပြော မြန်မာသဒ္ဒါ** စာအုပ်ကြီး နှစ်တွဲကို ရေးသား၍ (၁၉၆၉) နှစ်တွင် ထုတ်ဝေခဲ့သည်။

ဂျွန်အိုကယ်က မြန်မာသဒ္ဒါတွင် မော်ဖိးမ်ခေါ် ရုပ်ရင်းသည် အခြေခံဖြစ်သည်။ ၎င်းကို စကားလုံး (Words)နှင့် ပစ္စည်း (Particle) ဟု နှစ်မျိုးခွဲသည်။ တဖန် စကားလုံးကို နာမ်၊ ကြိယာ၊ အာမေဍိတ်ဟု သုံးမျိုးခွဲ၍ ပစ္စည်းကို Formative, Marker, Postposition ဟု သုံးမျိုးခွဲသည်။

တဖန် Marker ကို Verb Sentence Marker နှင့် Subordinate Marker သို့မဟုတ် Completement Marker ဟုထပ်ခွဲပြီး Postposition ကိုလည်း Sentence Final Postposition နှင့် Sentence Medial Post-position များဟု ခွဲခြားပြန်လေသည်။

ပုဒ်ကို ထပ်ခွဲရာ၌ နာမ်စား၊ နာမဝိသေသန၊ ကြိယာဝိသေသနတို့ကို ချန်ထားသည်။ ပစ္စည်းဆိုင်ရာ သဒ္ဒါဝေါဟာရတို့ကို စာရေးသူ ဂျွန်အိုကယ်ကလည်း မြန်မာအမည် မပြန်ခဲ့၊ ကျွန်စာရေးသူလည်း မည်သို့ ပြန်ရမည်မသိ၊ စာဖတ်သူတို့လည်း သိလိမ့်မည်ဟု မထင်မိပေ။ မဖြစ်ဖြစ်အောင် ဘာသာပြန်လျှင် ရမည် ဖြစ်သော်လည်း ခေတ်ဟောင်း ကျောင်းသုံးမြန်မာသဒ္ဒါ ကျမ်းများထဲမှ **A Transitive Verb of Incomplete Predication**=ဝါစကမစုံ ကတ္တုအကမ္မကြိယာ ဟူသော သဒ္ဒါဝေါဟာရထက် ပို၍ပင် ခက်ခဲစရာ ရှိနေပေသည်။

မှန်ပေသည်။ ရှေးခေတ် ကျောင်းသုံးမြန်မာသဒ္ဒါများ၌ ပါသော **ဝါစကမစုံ ကတ္တုအကမ္မ ကြိယာ** ဟူသော ပါဠိဝေါဟာရကို နားမလည်သော်လည်း အင်္ဂလိပ် ဝေါဟာရမှာ အင်္ဂလိပ် သဒ္ဒါသုံး ဝေါဟာရဖြစ်၍ အင်္ဂလိပ်သဒ္ဒါ တတ်သူတို့ နားလည်နိုင်ပေသေးသည်။ အထက်ပါ ဂျွန်အိုကယ်၏ မြန်မာသဒ္ဒါဝေါဟာရများမှာ အင်္ဂလိပ်ဘာသာဖြင့် ရေးထားသော်လည်း အင်္ဂလိပ် သဒ္ဒါသုံး ဝေါဟာရများ မဟုတ်၍ မည်သူမျှ နားမလည် နိုင်ခြင်း ဖြစ်ပေသည်။ အထက်ပါ ဝေါဟာရတို့ကို

မကြိုက်၍ အခြားဝေါဟာရ အသစ်တို့ကို ထွင်လျှင်လည်း အသစ် အဆန်းဖြစ်၍ အခက်အခဲ တွေ့မြဲတွေ့ရမည်သာ ဖြစ်ပေသည်။

ဘာသာဗေဒ အပြော အဓိက

ဘာသာဗေဒနည်းကျ မြန်မာသဒ္ဒါရေးရန် မဖြစ်နိုင်သည့် အဓိကအကြောင်းကြီး တရပ်လည်း ရှိပေသေးသည်။ ဘာသာဗေဒပညာရှင်တို့က ဘာသာစကားသည် အပြောဘာသာစကား, အရေးဘာသာ (စာ)စကားဟု နှစ်မျိုးမရှိ၊ အရေးဘာသာ(စာ) ဆိုသည်မှာ နှုတ်မှပြောဆိုသော စကားသံကို အက္ခရာ သင်္ကေတတို့ဖြင့် ရေးခြစ်မှတ်တမ်းတင်ထားခြင်းသာ ဖြစ်သည်။ ထို့ကြောင့် ယခုခေတ် အများ ပြောနေသည့် အတိုင်း ယခုခေတ်စာကို ရေးရမည်။ ယခု စာနှင့် စကားပြော ကွဲပြားနေသည်မှာ ရှေးခေတ်ကပြောသည့် အတိုင်း ရေးထားသည့် ရှေးခေတ်စာကို ယနေ့လူတို့က လိုက်ရေးနေသောကြောင့် ဖြစ်သည်။ ထို့ကြောင့် မြန်မာဘာသာကို လေ့လာလိုလျှင် ယနေ့ မြန်မာတို့ ပြောသော စကားကို ခွဲခြမ်းစိတ်ဖြာ လေ့လာရမည်၊ ရှေးကရေးခဲ့သော မြန်မာစာ ရှေးခေတ်ရေးနည်း အတိုင်း လိုက်၍ရေးနေသော ယနေ့အရေး ဘာသာ(စာ) တို့ကို လေ့လာရန် မလို-ဟု ဘာသာဗေဒ ပညာရှင်တို့က ကြွေးကြော် အော်ဟစ်လျက် ရှိပေသည်။

အများပြည်သူ ယုံကြည်ချက်နှင့် ဘာသာဗေဒ

ဂန္ထဝင် စာကြီးပေကြီး ထွန်းကားသော လူမျိုးတိုင်းတွင် အပြောဘာသာနှင့် အရေးဘာသာဟု ကွဲပြားမှု ရှိကြသည်။

မြန်မာတို့လည်း ဂန္ထဝင် စာပေရှိသော လူမျိုးဖြစ်၍ အပြော ဘာသာနှင့် အရေးဘာသာ ကွဲပြားလျက်ရှိသည်။ အပြော ဘာသာက ကာလဒေသအလျောက် ပြောင်းလဲ တိုးတက် ဆုတ်ယုတ်လာ၍ အရေးဘာသာ ဂန္ထဝင်စာပေများက ရှေးခေတ် ရေးသား ပုံနှိပ်ထားသည့် အတိုင်း တည်မြဲနေသော ကြောင့် အပြောနှင့် အရေး ကွဲပြားလာရခြင်း ဖြစ်၏။

မြန်မာ အများစုက ပြောစကားတွင် သဒ္ဒါမလို၊ အရေးဘာ သာ (စာ) ၌သာ သဒ္ဒါလိုသည်။ သဒ္ဒါဆိုသည်မှာ အပြော နှင့်မဆိုင်၊ အရေး (စာ) နှင့်သာ ဆိုင်သည် ဟု အစဉ်အလာ ယုံကြည်ခဲ့ကြသည်။ ဂရိ-ခေါမနှင့် အင်္ဂလိပ်၊ ဂျာမန်၊ ပြင်သစ်- တို့လည်း ဘီစီ ၄၀၀ -မှ ၁၆-ရာစုအထိ နှစ်ပေါင်း ၂၀၀၀- ပြောစကားတွင် သဒ္ဒါမလို၊ စာပေ အရေးအသားမှာသာ သဒ္ဒါလိုသည် ဟု ယုံကြည်ခဲ့ကြသည်။ Grammar- ဟူသော စကားလုံးသည် စာရေးနည်း ဟု အဓိပ္ပါယ်ရှိသည်။

ထို့ကြောင့် အပြောဘာသာ၌သဒ္ဒါမလိုဟု ယုံကြည်လျက် ရှိသော မြန်မာလူမျိုးတို့အတွက် အပြောဘာသာကို အဓိက ထားသော ဂျေ-အေ-စတီးဝပ်၊ ဝီလယမ် ကောနင်း၊ ဂျွန်အို- ကယ်တို့၏ ဘာသာဗေဒနည်းကျ မြန်မာသဒ္ဒါမျိုးရေးရန်မှာ လုံးဝမဖြစ်နိုင်သေးကြောင်း ထင်ရှားနေပေသည်။

နည်းသစ်မြန်မာသဒ္ဒါ

အထက်ပါ ကမ္ဘာနှင့် မြန်မာသဒ္ဒါတို့၏ သမိုင်းဖြစ်စဉ်ကို လေ့လာပြီးနောက် နည်းသစ်မြန်မာသဒ္ဒါကို စတင် ရေးသား ပါသည်။ ထိုသို့ ရေးရာ၌ မြန်မာစာပေ၏ မူလအခြေခံဖြစ်

သော ပါဠိသဒ္ဒါ၏ နာမ်၊ ကြိယာ၊ ဥပသာရ၊ နိပါတ်-တို့ကိုရင်း၊ ယခုတိုင် မြန်မာနိုင်ငံ၏ ဒုတိယ ဘာသာအဖြစ် သင်ယူနေရ၍ နှစ်တရာခန့် မြန်မာကျောင်းဆရာ, ကျောင်းသား လောက၌ အမြစ်တွယ်နေသော အင်္ဂလိပ်ဘာသာ ဝါစင် ၈-ပါးတို့ကိုရင်း အခြေခံထားကာ ဘာသာဗေဒနည်းများဖြင့် အမှမ်းတင်၍ ရေးသားထားပါသည်။ ပါဠိဘာသာ၏ နာမ်ကို နာမ်စား (သဗ္ဗနာမ်)၊ နာမဝိသေသန၊ အာမေဍိတ်နှင့် ကြိယာ ဝိသေသန-ဟု ခွဲ၍ နိပါတ်တို့ကို မြန်မာသဒ္ဒါ၌ ပစ္စည်းနှင့် သမ္ဗန္ဓ ဟု ခွဲထားပါသည်။ အင်္ဂလိပ်သဒ္ဒါ ကြိယာဝိသေသန အချို့နှင့် ရှေ့ဆက်၊ နောက်ဆက် တို့သည်လည်း မြန်မာသဒ္ဒါတွင် ပစ္စည်း ဝါစင် ဖြစ်လာကြပါသည်။ အင်္ဂလိပ်၊ ပါဠိတို့၌ လုံးဝမရှိသော မြန်မာပိုင် ဝိသေသ နောက်ဆက်စကားများကိုလည်း ပစ္စည်း အဖြစ် သတ်မှတ် ရေးသားထားပါသည်။

ထိုသို့ ဝါစင် အမည်ဟောင်းများကို ပြန်သုံးထားခြင်းမှာ ပါဠိသဒ္ဒါ တတ်နေသူနှင့် အင်္ဂလိပ်သဒ္ဒါ တတ်နေသူမြန်မာတို့ ၏ နည်းသစ်မြန်မာသဒ္ဒါကို အလွယ်တကူ လေ့လာသင်ယူ ကြည့်ရှုနိုင်ရန် ဖြစ်ပါသည်။

ကမ္ဘာ့သဒ္ဒါ ဝါစင် ၈-ပါး

လက်တင်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်-စသော အနောက် တိုင်း သဒ္ဒါကျမ်းများက ဝါကျတွင် သီးခြား ရပ်တည်နိုင်သော **ပုဒ်** **(စကားလုံး)** တို့ကိုသာ ဝါစင်ဟု သတ်မှတ်သည်။ ပုဒ် တခု၏ ရှေ့နောက်တွင် ဆက်တွဲ၍သုံးသော **ရှေ့ဆက်**, **နောက် ဆက်**တို့ကို ဝါစင်ဟု မသတ်မှတ်ကြ။ ထို့ကြောင့် အင်္ဂလိပ် ဝါစင်

ရှစ်ပါးသည် အင်္ဂလိပ်ဘာသာ တရပ်လုံးကို မလွှမ်းခြုံမိပေ။ ဝါစင်္ဂ ၈-ပါးမှ အလွတ်ဖြစ်နေသော စကား အစိတ်အပိုင်းများ (ရှေ့ဆက်-နောက်ဆက်များ) သီးခြား ရှိနေလေသည်။

မြန်မာသဒ္ဒါ ဝါစင်္ဂ ၉-ပါး

မြန်မာဘာသာတွင် သီးခြား မရပ်တည်နိုင်ဘဲ ပုဒ်တို့၏ ရှေ့နောက်တွင် မှီကပ် ရေးပြောရသော နောက်ဆက်သုံးမျိုး (ဝိဘတ်၊ သမ္ဗန္ဓ၊ ပစ္စည်း) တို့ကိုလည်း ဝါစင်္ဂအဖြစ် သတ်မှတ်သည်။ မြန်မာသဒ္ဒါမှာ အဓိပ္ပါယ်ရှိ အသေးငယ်ဆုံးသော စကားအစိတ်အပိုင်း တခုစီကို ဝါစင်္ဂတခုအဖြစ် သတ်မှတ်သည်။ ထိုသို့ဘာသာဗေဒနည်းကျ သတ်မှတ်သဖြင့် ဝါစင်္ဂ ၉-ပါးမှ လွတ်သော မြန်မာစာ,မြန်မာစကား ဟူ၍ လုံးဝမရှိတော့ပေ။ ဤသို့အားဖြင့် မြန်မာ ဝါစင်္ဂ ၉-ပါးသည် မြန်မာဘာသာ စကားတရပ်လုံးကို လွှမ်းခြုံငုံမိ သွားလေသည်။

ပစ္စည်းတပါး တိုးထားရုံသာမဟုတ်

ဝါစင်္ဂ ၉-ပါး အမည်ဟောင်းများ ကို ကြည့်၍ နည်းသစ် မြန်မာသဒ္ဒါဆိုသည်မှာ အင်္ဂလိပ်ဝါစင်္ဂ ၈-ပါးတွင် ပစ္စည်း ဝါစင်္ဂ တမျိုး ထပ်တိုးထားရုံမျှသာဟု မမှတ်သင့်ပေ။ အမည်နာမ တူသော်လည်း အနှစ်သာရအားဖြင့် များစွာခြားနားပေသည်။ ပုံစံအားဖြင့် ဝါစင်္ဂဟူသော ဝေါဟာရသည် အင်္ဂလိပ် သဒ္ဒါတွင် ပုဒ် ၈-မျိုးကို ဆိုလိုသော်လည်း ဤ နည်းသစ်မြန်မာသဒ္ဒါတွင် ကား ပုဒ် ၆-မျိုးနှင့် နောက်ဆက် ၃-မျိုးကို ဆိုလိုပေသည်။ ဘာသာဗေဒ အဆိုအတိုင်း အဓိပ္ပါယ်ရှိ အသေးငယ်ဆုံး စကား

အစိတ်အပိုင်း ၉-မျိုးကို ဝါစင်္ဂဟု ဖွင့်ဆိုခြင်းဖြင့် အင်္ဂလိပ် ဝါစင်္ဂ ၈-ပါးလည်း ပါသွားသည့်ပြင် အင်္ဂလိပ်ဝါစင်္ဂတွင်မပါသော ရှေ့ဆက်,နောက်ဆက်များ၊ အင်္ဂလိပ်, ပါဠိ၌ မပါသော မြန်မာပိုင် စကားများလည်း ဝါစင်္ဂစာရင်းတွင် ပါသွားပေသည်။ အလားတူပင် ဝိဘတ်တွင်လည်း အင်္ဂလိပ် Preposition နှင့် မြန်မာ နာမ်ဝိဘတ်များသာ မက ကာလနောက်ဆက်ဟု ခေါ်သော ကြိယာဝိဘတ်များ ပါဝင်အောင် အဓိပ္ပါယ် ဖွင့်ဆို၍ သရုပ်ပါ ထည့်သွင်း ထားပေသည်။

အပြောသဒ္ဒါနှင့် အရေးသဒ္ဒါ

အစဉ်အလာအားဖြင့် အရေးဘာသာ အတွက်သာ မြန်မာသဒ္ဒါကျမ်းများကို ရေးသားခဲ့ကြသည်။ ဘာသာ ဗေဒ ပညာရှင်တို့ကလည်း အပြောဘာသာ အတွက်သာ သဒ္ဒါရေးကြသည်။ မြန်မာဘာသာသည် အပြောဘာသာ နှင့် အရေးဘာသာဟု နှစ်မျိုး သိ သိသာသာကွဲလျက်ရှိသဖြင့် မြန်မာဘာသာ တရပ်လုံးကို ခြုံမိစေရန် ဤနည်းသစ်မြန်မာ သဒ္ဒါတွင် အပြောသဒ္ဒါ, အရေးသဒ္ဒါ နှစ်မျိုး အပြည့်အစုံ ထည့်သွင်း ရေးသားထားသည်။

ဆိုင်ရာ အခန်းများတွင် အပြောသဒ္ဒါများကို သီးခြား မှာ၍ရင်း၊ လက်သဲကွင်း အတွင်းထား၍ရင်း ရေးထားပါသည်။ အပြောသဒ္ဒါနှင့် အရေးသဒ္ဒါကို ခွဲခြား မှတ်သား၍ ပြော ဟန်ဖြင့် ရေးလျှင် အပြောသဒ္ဒါအတိုင်း, ရေးဟန်ဖြင့် ရေး လျှင် အရေးသဒ္ဒါ အတိုင်း ခွဲခွဲခြားခြား ရေးသားကြရန် ပြောဟန်နှင့် ရေးဟန်ကို ရောရေး၍ မချကြောင်း သတိပြုနိုင်

စေရန် အပြောသဒ္ဒါနှင့် အရေးသဒ္ဒါ နှစ်မျိုးကို ယှဉ်တွဲရေး ပြထားပါသည်။

ဘာတွေသစ်၍ နည်းသစ်ခေါ် သနည်း

ဤ နည်းသစ်မြန်မာသဒ္ဒါကျမ်းတွင် နည်းဟောင်းများနှင့် မတူသော နည်းသစ်များကို ဤနိဒါန်း၌ ရေးသားဖော်ပြရန် ဖြစ်နိုင်မည် မဟုတ်ပေ။ ထို့ကြောင့် ဘာတွေ သစ်၍ နည်းသစ် ခေါ်သည်ကို သိရှိနိုင်ရန်အတွက် "ယခုပင် စာမျက်နှာများကို ဖွင့်လှစ်၍ ရှုကြည့်ပါကုန်" ဟူသော တိုက်တွန်းစကားဖြင့် နိဒါန်း စကားကို အဆုံးသတ်လိုက်ပါသတည်း။

ရန်ကုန် — သောင်းလွင်

၉-၉-၇၈

နည်းသစ်မြန်မာသဒ္ဒါ

အပိုင်း-၁

သဒ္ဒဗေဒ

(အက္ခရာနှင့် အသံ)

ပါဝင်မည့် အကြောင်းအရာများ

၁။ မြန်မာလူမျိုးတို့ ပြောဆိုသောစကားကို မြန်မာစကားဟု ခေါ်သည်။ မြန်မာစကားသံများကို ရေးမှတ်ထားသော အက္ခရာအစဉ်ကို မြန်မာစာဟု ခေါ်သည်။ မြန်မာစာရေးသားရာ၌ မြန်မာအက္ခရာစာလုံးပေါင်းစပ်ပုံနှင့် ၎င်းတို့၏ အသံထွက်ကို ဖော်ပြသောအပိုင်းကို သဒ္ဒဗေဒ=အက္ခရာနှင့် အသံထွက်ပိုင်းဟု ခေါ်သည်။ ဤသဒ္ဒဗေဒပိုင်းတွင်—

(က) မြန်မာသရ ၁၁-လုံး၊

(ခ) မြန်မာဗျည်း ၃၃-လုံး၊

(ဂ) နောက်လိုက်ဗျည်း ၃-လုံး—

အားဖြင့် မူလမြန်မာအက္ခရာ (၄၇) လုံးကိုလည်းကောင်း၊

(ဃ) မြန်မာသရကာရန် ၂၅-လုံး၊

(င) မြန်မာတွဲဗျည်း ၈၈-လုံး၊

(စ) မြန်မာအသတ် ၁၀-လုံး၊

(ဆ) မြန်မာအသတ်ကာရန် ၄၅-လုံး၊

(ဇ) ပါဠိဆင့်အက္ခရာ၊

(ဈ) ပါဠိဆင့်ဖတ်နည်း၊

(ည) အဘိဓာန်အက္ခရာစဉ်ပုံများကို လည်းကောင်း- အစဉ်အတိုင်း ဖော်ပြမည်ဖြစ်ပါသည်။

(က) မြန်မာသရ (၁၁) လုံး

၂။ အခြားအက္ခရာ တလုံးလုံးကို မမှီခိုဘဲ ကိုယ်ပိုင်အသံ ရှိသော အက္ခရာကို သရဟု ခေါ်သည်။ မြန်မာဘာသာတွင် သရ (၁၁) လုံး ရှိ၏။

သရများ	စာလုံးပေါင်းဖတ်ပုံ
အ	အ-ရေး အ
အာ	အ-ရေးချ အာ
ဣ	အက္ခရာ ဣ
ဤ	အက္ခရာ ဤ
ဥ	အက္ခရာ ဥ
ဦ	အက္ခရာ ဦ
ဧ	အက္ခရာ ဧ

သရများ	စာလုံးပေါင်းဖတ်ပုံ
အဲ	အ-ရေး နောက်ပစ် အဲ
ဩ	အက္ခရာ ဩ
ဪ	အက္ခရာ ဪ
အို	အ-လုံးတင်ချောင်းငင် အို

သရနှစ်မျိုး

၃။ မြန်မာသရ (၁၁) လုံးတွင်—

အ-ဣ-ဥ သုံးလုံးကို မျက်စိတမှိတ် လျှပ်စစ်တပြက် ဟူသော တမကြာကာလအတွင်း ပြီးအောင်ရွတ်ဆိုရ သောကြောင့် ရဿသရ (သံတိုသရ) ဟု ခေါ်၏။

အာ-ဤ-ဦ-ဧ-အဲ-ဩ-ဪ-အို သရ (၈) လုံးကို မျက်စိနှစ်မှိတ် လျှပ်စစ်နှစ်ပြက်ဟူသော နှစ်မကြာ ကာလထိ အသံရှည်ဖြင့် ရွတ်ဆိုရသောကြောင့် ဒီဃ သရ (သံရှည်သရ)ဟု ခေါ်၏။

(ခ) မြန်မာဗျည်း (၃၃) လုံး

၄။ သူချည့်သက်သက် အသံပီပြင်အောင်မထွက်၊ သရ တလုံးလုံးနှင့်ပေါင်းမှ အသံပီပြင်အောင်ထွက်သော အက္ခရာကို ဗျည်းဟုခေါ်၏။ မြန်မာဘာသာတွင် ဗျည်း (၃၃)လုံး ရှိ၏။

ဗျည်းများ	ဗျည်းအမည်များ	ဗျည်းများ	ဗျည်းအမည်များ
က	ကကြီး	ဒ	ဒထွေး
ခ	ခခွေး	ဓ	ဓအောက်ခြိုက်
ဂ	ဂငယ်	န	နငယ်
ဃ	ဃကြီး	ပ	ပစောက်
င	င	ဖ	ဖဦးထုပ်
စ	စလုံး	ဗ	ဗထက်ခြိုက်
ဆ	ဆလိမ်	ဘ	ဘကုန်း
ဇ	ဇကွဲ	မ	မ
ဈ	ဈမျဉ်းဆွဲ	ယ	ယပက်လက်
ည	ည	ရ	ရကောက်
ဋ	ဋသံလျင်းချိတ်	လ	လ
ဌ	ဌဝမ်းပူ	ဝ	ဝ
ဍ	ဍရင်ကောက်	သ	သ
ဎ	ဎရေမှုတ်	ဟ	ဟ
ဏ	ဏကြီး	ဠ	ဠကြီး
တ	တဝမ်းပူ	အ	အ
ထ	ထဆင်ထူး		

မှတ်ချက်(က) သရများမှာ အသံတူသရ မရှိသောကြောင့် အမည်မှည့်ရန်မလို၍ မမှည့်ပါ။

(ခ) ဗျည်းများမှာ ဂနှင့်ဃ၊ ဇနှင့်ဈ စသည်ဖြင့် အသံတူ ဗျည်းစုံ ၁၀-စုံ ရှိနေသဖြင့် သရများကဲ့သို့ အမည်မမှည့်ဘဲ ပင်ကိုယ်အသံအတိုင်း

ဖတ်လျှင် အသံချင်း ရောနှောနိုင်သောကြောင့် ဗျည်းများကို အမည်မှည့်ရသည်။

(ဂ) မြန်မာအက္ခရာများမှာ အိန္ဒိယပြည်သုံး ဗြာဟ္မီ အက္ခရာများကို အသွင် ပြောင်းယူထားခြင်း ဖြစ်ရာ မူလ ဗြာဟ္မီအက္ခရာ၌ရှိသော ဃ·ဈ·တ·ထ·ဒ·ဓ·န·ဘ·ရ·ဠ·တို့၏ အသံမျိုးသည် မူလ မြန်မာတို့အသံ၌ မရှိသဖြင့် ၎င်းတို့နှင့် အသံနီးရာ ဂ·ဇ·ဋ·ဌ·ဍ·ဎ·ဏ·ဗ·ယ·လ·တို့နှင့် အသံတူအဖြစ် ပြောင်းယူခဲ့သောကြောင့် မြန်မာတွင် အသံတူ ဗျည်းများ ရှိနေရသည်။

(ဃ) မြန်မာ့အသံ၌ မရှိသောထိုအက္ခရာတို့ကို ချန်ထားလျှင် ဖြစ်နိုင်သော်လည်း ထိုအက္ခရာတို့ကို အသုံးပြုထားသော ပါဠိဘာသာနှင့် ပါဠိသက် မြန်မာ ဝေါဟာရများကို မြန်မာတို့ လေ့လာနိုင်စေရန် အတွက် အသံတူပြု၍ ယူထားခြင်းဖြစ်သည်။ အကျယ်သိလိုလျှင် စာရေးသူ၏ မြန်မာအက္ခရာ ဗေဒကျမ်းတွင် ကြည့်ပါ။

(ဂ) နောက်လိုက်ဗျည်း (၃) လုံး

၅။ နိဂ္ဂဟိတ်၊ သို့မဟုတ် သေးသေးတင်ဟု ခေါ်သော အပေါ်စက်(ံ), ပဋ္ဌိသေဓ၊ သို့မဟုတ် အောက်မြစ်ဟုခေါ်သော အောက်စက်(့), ဝိသဇ္ဇနီ၊ ဝတ်ဆံနှစ်လုံးပေါက်, ရှေ့ကပေါက်ဟုခေါ်သော နောက်စက်(း)၊ ဤသုံးလုံးကို သရများ၊ အသတ်များ၏ နောက်တွင် ထား၍ ရေးရသော ကြောင့်နောက်လိုက်ဗျည်း(ပရာသယဗျည်း)များဟု ခေါ်၏။

(ဃ) တွဲဗျည်း (ဂဂ) လုံး

၆။ မြန်မာဗျည်း (၃၃) လုံးသည် မြန်မာစကားသံများအားလုံးအတွက် မလုံလောက်သေးပေ။ ထို့ကြောင့် မြန်မာဗျည်း (၃၃) လုံးကို ယပင့်(–ျ)၊ ရရစ်(ြ–)၊ ဝဆွဲ(–ွ) ဟထိုး(–ှ)၊ ၎င်း ၄-လုံးတို့ဖြင့် တွဲ၍ ပွါးလိုက်သောအခါ အောက်ပါ တွဲဗျည်း (ဂဂ)လုံး၊ အသံ(ဂဂ)သံကို ရရှိပေသည်။ မူလဗျည်း ၃၃-လုံးနှင့် ပေါင်းလျှင် မြန်မာဗျည်း ၁၂၁-လုံး ရရှိလာပေသည်။

(က) ယပင့် ၁၀-လုံး=ကျ ချ ဂျ တျ ပျ ဖျ ဗျ မျ လျ သျ၊
(ခ) ရရစ် ဂ-လုံး=ကြ ခြ ဂြ ငြ ပြ ဖြ ဗြ မြ၊
(ဂ) ဝဆွဲ ၃၂-လုံး=ကွ ခွ....လွ သွ ဟွ အွ၊ (ဝ-မပါ)
(ဃ) ဟထိုး ၁၀ လုံး=ငှ ညှ ဏှ နှ မှ ယှ ရှ လှ ဝှ ဠှ၊
(င) ယပင့်ဝဆွဲ ၇-လုံး=ကျွ ချွ ဂျွ ပျွ ဖျွ ဗျွ မျွ၊
(စ) ရရစ်ဝဆွဲ ၇-လုံး=ကြွ ခြွ ဂြွ ပြွ ဖြွ ဗြွ မြွ၊
(ဆ) ယပင့်ဟထိုး ၃-လုံး= မျှ လျှ သျှ၊
(ဇ) ရရစ်ဟထိုး ၂-လုံး=ငြှ မြှ၊
(ဈ) ဟထိုးဝဆွဲ ဂ-လုံး=ငွှ ညွှ ဏွှ နွှ မွှ ယွှ ရွှ လွှ၊
(ည) ရရစ်ဟထိုးဝဆွဲ ၁-လုံး=မြွှ၊

မှတ်ချက်

(က) ဒြပ်စင်၊ ဗ္ဗြန္ဒြေ၊ ပထျာ၊ အညတြ-စသော မွေးစားစကားလုံးများအတွက် တွဲဗျည်းအထူးများ ရှိသေးသည်။ ဤ၌ မြန်မာသင်ပုန်းကြီးအတိုင်းသာ ပြထားသည်။

(ခ) မြန်မာဘာသာတွင် ယ-နှင့် ရ-ကို အသံတူထား၍ ပြောဆိုဖတ်ရွတ်ကြသဖြင့် ယပင့်နှင့်ရရစ် တွဲဗျည်းများမှာ အသံအတူတူဖြစ်သည်။ ကျ=ကြ၊ ချ=ခြ၊

ကိုယ်ပိုင်အက္ခရာမရှိ၍ ဗြာဟ္မီအက္ခရာကို ယူခဲ့ရသော်လည်း ကိုယ်ပိုင်အသံကို အပျောက်မခံဘဲ မူလအက္ခရာသံကိုသာ ပြောင်းယူခဲ့ခြင်းဖြင့် ပုဂံခေတ် မြန်မာတို့၏ သဒ္ဒဗေဒကျွမ်းကျင်မှုမှာ ဂုဏ်ယူဘွယ်ရာ ဖြစ်ပေသည်။

(ဂ) ပါဠိဘာသာတွင် ရ-ကောက်ကို လျှာလိပ်၍ အင်္ဂလိပ်အက္ခရာ (R)အသံမျိုး ဖတ်ရသည်၊ ရ-ရစ်ကိုလည်း လျှာလိပ်၍ ဖတ်ရသည်=ကြိယာ၊ ဣန္ဒြိယ၊ အညတြ။

(ဃ) ရခိုင်တိုင်းရင်းသားတို့ကလည်း ပါဠိဘာသာဖတ်နည်းအတိုင်း ရ-ကို လျှာလိပ်၍ရရစ်ကိုလည်း လျှာလိပ်ကာ ဖတ်ကြသည်။ ထို့ကြောင့် ရခိုင်တိုင်းရင်းသားတို့အဖို့ ယပင့်နှင့်ရရစ် အရေး ရောထွေးခြင်း မရှိ။ ပင့်ရစ်မနိုင် ရခိုင်မေး ဟူ၍ပင် ဆိုရိုးရှိပေသည်။

ဗျည်းယှဉ်သရ သင်္ကေတ

၇။ သရ(၁၁)လုံးကို ဗျည်း၊တွဲဗျည်းများနှင့် ပေါင်းသောအခါ မူလပုံစံများဖြင့် မပေါင်းရပေ။ ဖတ်ရာ၌ အသံတိကျ၍ နေရာကျဉ်းစေရန် သရ(၁၁)လုံးကို ဗျည်းယှဉ် သရပုံစံသို့ ပြောင်းပေး၍ နာမည်အသစ်များဖြင့် မှည့်ခေါ်ထား ပေသည်။

မူလသရ	ဗျည်းယှဉ်သရ	စာလုံးပေါင်းအခေါ်
ပုံစံ	ပုံစံ	
အ	–	....
အာ	–ါ–ာ	ချ (ရေးချ)
ဣ	–ိ	လုံးကြီးတင်
ဤ	–ီ	လုံးကြီးတင်ဆန်ခတ်
ဥ	–ု	တချောင်းငင်
ဦ	–ူ	နှစ်ချောင်းငင်
ဧ	ေ–	သဝေထိုး
အဲ	–ဲ	နောက်ပစ်
ဩ	ေ–ာ	သဝေထိုးရေးချ
ဪ	ေ–ာ်	သဝေထိုးရေးချရှေ့ထိုး
အို	–ို	လုံးတင်ချောင်းငင်

(င) သရကာရန် (၂၅) လုံး

၈။ ဗျည်းယှဉ်သရ (၁၁)လုံးကို သေးသေးတင်၊အောက်မြစ်၊ဝတ်ဆံနှစ်လုံးပေါက်တို့ဖြင့် ပွါးလိုက်သောအခါ အောက်ပါအတိုင်း သရကာရန်(၂၅) လုံးကို ရရှိပေသည်—

(က) – –ာ –ား =အ အာ အား
(ခ) –ိ –ီ –ီး =အိ အီ အီး
(ဂ) –ု –ူ –ူး =အု အူ အူး
(ဃ) ေ– ေ–့ ေ–း =အေ အေ့ အေး
(င) –ဲ –ဲ့ =အဲ အဲ့
(စ) ေ–ာ ေ–ာ့ ေ–ာ်=အော အော့ အော်

(ဆ) –ို –ို့ –ိုး =အို အို့ အိုး
(ဇ) –ံ –ံ့ =အံ အံ့
(ဈ) –ုံ –ုံ့ –ုံး=အုံ အုံ့ အုံး

မှတ်ချက်

ဆရာ့စာအုပ်၊ ပြည်သူ့ဆိုင် စသည့် ရေးချအောက်မြစ်၊ နှစ်ချောင်းငင်အောက်မြစ် စာလုံးပေါင်းများမှာ မြန်မာသင်ပုန်းကြီးဖတ်စဉ်၌ ပါသော်လည်း ၎င်းတို့နှင့် အသံတူ အ-ဥ-သရတို့ ရှိနေသဖြင့် အသံအတွက် အသုံးမပြု၊ မြန်မာကာရန် ၆၄-ပါးတွင်လည်း ထည့်၍ မပြကြပါ။ ထို့ကြောင့် ၎င်း –ာ့, –ူ့ တို့ကို သရကာရန်အဖြစ် မပြပါ။ ၎င်းရေးချအောက်မြစ်, နှစ်ချောင်းငင်အောက်မြစ်တို့သည် ကဗျာလင်္ကာမှတပါး အသံရေးထုံး မဟုတ်ပေ၊ (၏)ဟူသော ပိုင်ရှင်ပြဝိဘတ်အစား သုံးသော သဒ္ဒါရေးထုံးသာ ဖြစ်ပါသည်။

ဗျည်းနှင့် သရကာရန်များ တွဲပုံ

၉။ မြန်မာဗျည်းရိုးရိုး (၃၃)လုံးနှင့် တွဲဗျည်း(၈၈)လုံးအနက် ဝဆွဲမပါသော တွဲဗျည်း(၃၃)၊ နှစ်ရပ်ပေါင်း (၆၆) လုံးကို သရကာရန် (၂၅)လုံးနှင့် တွဲ၍ (၆၆×၂၅=၁၆၅၀) စာလုံးပေါင်းအသံထွက် ၁၆၅၀-ကို၎င်း၊ဝဆွဲပါသော တွဲဗျည်း ၅၅-လုံးကို သရကာရန် (၁၃)လုံးတို့နှင့်တွဲ၍ (၅၅×၁၃=၇၁၅) စာလုံးပေါင်း အသံထွက် (၇၁၅) လုံးကို၎င်း ရေးသားနိုင်ပေသည်။ နှစ်ရပ်ပေါင်း စာလုံးပေါင်း အသံထွက် ၂၃၆၅-လုံး ရေးသားနိုင်ပေသည်။

(က) ဝဆွဲမပါ ဗျည်း၆၆-လုံးကို သရကာရန်၂၅-လုံးနှင့် တွဲပုံ

က ကာ ကား	ကဲ ကဲ့
ကိ ကီ ကီး	ကော ကော့ ကော်
ကု ကူ ကူး	ကို ကို့ ကိုး
ကေ ကေ့ ကေး	ကံ ကံ့၊ ကုံ ကုံ့ ကုံး

(ခ) ဝဆွဲပါ ဗျည်း ၅၅-လုံးကို သရကာရန်၁၃-လုံးနှင့် တွဲပုံ

ကွ ကွာ ကွား	ကွဲ ကွဲ့
ကွိ ကွီ ကွီး	ကွံ ကွံ့
ကွေ ကွေ့ ကွေး	

အမှာ။ နမူနာအဖြစ် က-ဗျည်းတလုံးတည်းကိုသာ သရကာရန်များနှင့် တွဲပြထားပါသည်။ ကျန်ဗျည်း၊ တွဲဗျည်းများကိုလည်း တွဲ၍အသံထွက်ကို လေ့ကျင့်ရန်ဖြစ်ပါသည်။

(စ) အသတ် (၁၀)ပါး

၁၀။ မြန်မာဘာသာသည် အသံကြွယ်ဝသော ဘာသာဖြစ်၏။ ထို့ကြောင့် ဗျည်းသရတွဲ အသံပေါင်း(၂၃၆၅)သံဖြင့် မလုံလောက်သေးသဖြင့် ပါဠိဘာသာမှပါဠိဆင့် ရေးထုံးကို မှီငြမ်းပြုကာ အောက်ပါ အသတ်(၁၀)ပါးကို တီထွင်ခဲ့ကြပေသည်—

အသတ်	အခေါ်	အသတ်	အခေါ်
က်	က-သတ်	တ်	တ-သတ်
င်	င-သတ်	န်	န-သတ်
စ်	စ-သတ်	ပ်	ပ-သတ်
ဉ်	ဉ(လေး)သတ်	မ်	မ-သတ်
ည်	ည-သတ်	ယ်	ယ-သတ်

မှတ်ချက် "ဝသတ်"ကို မြန်မာသင်ပုန်းကြီး၌ပြသော်လည်း ၎င်းဝသတ် မပါဘဲ အစားထိုး သုံးနိုင်သော ရေးထုံးအတို ရှိပြီဖြစ်၍ အများပင် မသုံးတော့သဖြင့် ပယ်ထားသည်။ "ဉလေးသတ်" ကို သင်ပုန်းကြီးတွင် မပြသော်လည်း ရေးထုံးရှိ၍ ထည့်ထားသည်။

(ဆ) အသတ်ကာရန် (၄၅)

၁၁။ မြန်မာအသတ် ၁၀-လုံးတွင် သံရှည်အသတ်များဖြစ်သော င်-ဉ်-ည်-န်-မ်-ယ် တို့ အောက်၊ သို့မဟုတ် နောက်တွင် အောက်မြစ် (့)နှင့် ဝစ်ဆံပေါက်(း)များကို ထည့်၍ ပွါးလိုက်သောအခါ အောက်ပါအသတ်သံပွါး ၄၅ မျိုး၊ သို့မဟုတ် အသတ်ကာရန် ၄၅ မျိုးကို ရရှိပေသည်—

က-သတ် သုံးလုံး = အက်၊ အောက်၊ အိုက်၊
င-သတ် ကိုးလုံး = အင်၊အင့်၊အင်း၊ အောင်၊
အောင့်၊အောင်း၊အိုင်၊အိုင့်၊အိုင်း၊

စ-သတ် တလုံး = အစ်၊
ဉ-လေးသတ် သုံးလုံး = အဉ်၊အဉ့်၊အဉ်း၊
ည-ကြီးသတ် သုံးလုံး = အည်၊အည့်၊အည်း၊
တ-သတ် သုံးလုံး = အတ်၊အိတ်၊အုတ်၊
န-သတ် ကိုးလုံး = အန်၊အန့်၊အန်း၊အိန်၊
အိန့်၊အိန်း၊အုန်၊အုန့်၊အုန်း၊
ပ-သတ် သုံးလုံး = အပ်၊အိပ်၊အုပ်၊
မ-သတ် ကိုးလုံး = အမ်၊အမ့်၊အမ်း၊အိမ်၊အိမ့်၊အိမ်း
အုမ်၊အုမ့်၊အုမ်း၊
ယ-သတ် နှစ်လုံး = အယ်၊အယ့်၊

မှတ်ချက် အသတ်ကာရန်များကို ပြရာ၌ သင်ပုန်းကြီးသံစဉ်အတိုင်းမဟုတ်ပဲ မြန်မာအဘိဓာန်၊ မြန်မာ့စွယ်စုံကျမ်းများ အက္ခရာစဉ် ကာရန်စဉ်နှင့် နီးစပ်အောင် ပြထားပါသည်။

ဗျည်းနှင့် အသတ်ကာရန် တွဲပုံ

၁၂။ မြန်မာ့ဗျည်းရိုးရိုး (၃၃)လုံးနှင့် တွဲဗျည်း(၈၈)လုံးအနက် ဝဆွဲမပါသော တွဲဗျည်း(၃၃)လုံး၊ နှစ်ရပ်ပေါင်း (၆၆)လုံးကို အသတ်ကာရန် ၄၅-လုံးနှင့်တွဲ၍ (၆၆×၄၅=၂၉၇၀) စာလုံးပေါင်းအသံထွက် ၂၉၇၀ ကိုရင်း၊ ဝဆွဲပါသော ဗျည်းတွဲ ၅၅ လုံးကို အသတ်ကာရန် ၃၃ လုံးနှင့်တွဲ၍ (၅၅×၃၃=၁၈၁၅)စာလုံးပေါင်းအသံထွက် ၁၈၁၅-လုံး ကိုရင်း ရေးသားနိုင်၍ နှစ်ရပ်ပေါင်း စာလုံးပေါင်း အသံထွက် ၄၇၈၅-လုံးကို ရေးသားနိုင်ပေသည်။

ဝဆွဲမပါသော ဗျည်း တွဲဗျည်း ၆၆-ကို အသတ်ကာရန် ၄၅-နှင့် ပေါင်းပုံ

(နမူနာ က)

က-သတ် သုံးလုံး = ကက်၊ကောက်၊ကိုက်၊
င-သတ် ကိုးလုံး = ကင်၊ကင့်၊ကင်း၊ကောင်၊ကောင့်၊
ကောင်း၊ကိုင်၊ကိုင့်၊ကိုင်း၊
စ-သတ် တလုံး = ကစ်၊
ဉ-လေးသတ် သုံးလုံး= ကဉ်၊ကဉ့်၊ကဉ်း၊
ည-ကြီးသတ် သုံးလုံး= ကည်၊ကည့်၊ကည်း၊
တ-သတ် သုံးလုံး = ကတ်၊ကိတ်၊ကုတ်၊
န-သတ် ကိုးလုံး = ကန်၊ကန့်၊ကန်း၊ကိန်၊ကိန့်၊ကိန်း၊
ကုန်၊ကုန့်၊ကုန်း၊
ပ-သတ် သုံးလုံး = ကပ်၊ကိပ်၊ကုပ်၊
မ-သတ် ကိုးလုံး = ကမ်၊ကမ့်၊ကမ်း၊ ကိမ်၊ကိမ့်၊ကိမ်း၊
ကုမ်၊ကုမ့်၊ကုမ်း၊
ယ-သတ် နှစ်လုံး = ကယ်၊ကယ့်၊

ဝဆွဲပါ တွဲဗျည်း(၅၅)ကို အသတ်ကာရန် (၃၃)နှင့် ပေါင်းပုံ

(နမူနာ ကွ)

က-သတ် နှစ်လုံး = ကွက်၊ကွိုက်၊
င-သတ် ခြောက်လုံး = ကွင်၊ကွင့်၊ကွင်း၊ကွိုင်၊ကွိုင့်၊ကွိုင်း
စ-သတ် တလုံး = ကွစ်၊
ဉ-လေးသတ် သုံးလုံး= ကွဉ်၊ကွဉ့်၊ကွဉ်း၊

ည-ကြီးသတ် သုံးလုံး = ကွည်၊ ကွည့်၊ ကွည်း၊
တ-သတ် နှစ်လုံး = ကွတ်၊ ကွိတ်၊
န-သတ် ခြောက်လုံး = ကွန်၊ ကွန့်၊ ကွန်း၊ ကွိန်၊ ကွိန့်၊ ကွိန်း၊
ပ-သတ် နှစ်လုံး = ကွပ်၊ ကွိပ်၊
မ-သတ် ခြောက်လုံး = ကွမ်၊ ကွမ့်၊ ကွမ်း၊ ကွိမ်၊ ကွိမ့်၊ ကွိမ်း၊
ယ-သတ် နှစ်လုံး = ကွယ်၊ ကွယ့်၊

မှတ်ချက် ကကြီးတလုံးကိုသာနမူနာပေါင်းပြထားပါသည်။ ကျန်ဗျည်းနှင့် တွဲဗျည်းများကို က-နေရာတွင် အစားသွင်း၍ ပေါင်းကြည့်ပါ။

မြန်မာစာလုံးပေါင်း အသံထွက်ပေါင်း

၁၃။ သရကာရန် စာလုံးပေါင်း အသံထွက် ၂၃၆၅
အသတ်ကာရန်စာလုံးပေါင်း အသံထွက် ၄၇၈၅
စုစုပေါင်း ၇၁၅၀ တိတိ
ရှိပါသည်။

မှတ်ချက်။ ။ဝဆွဲပါတွဲဗျည်းများကို ဥ-ဦ-ဩ-ဪ-အို သရများနှင့်ဍင်း၊ ထိုသရများပါသော အသတ်များနှင့်ဍင်း စာလုံးပေါင်း မရေးခြင်းမှာ ဝ-ကလည်း နှုတ်ခမ်းဖြစ် အက္ခရာ၊ ဥ-ဦ-ဩ-ဪ-အို-တို့ကလည်း နှုတ်ခမ်းဖြစ် အက္ခရာများ ဖြစ်၍ အခြားဌာန်အက္ခရာတလုံးနှင့် နှုတ်ခမ်းဌာန် အက္ခရာနှစ်လုံးတို့ တပြိုင်တည်းရွတ်ဆိုရန် မဖြစ်နိုင်သောကြောင့်ဖြစ်ပါသည်။ (ဌာန်အခန်းတွင် ကြည့်ပါ)။

ရေးထုံးအထူးများ

၁၄။ ၍-ကို အက္ခရာ ရွေ
၌-ကို အက္ခရာ နှိုက်
၏-ကို အက္ခရာ အိ
ဍင်း-ကို ဍင်း
ကျော် (သဝေထိုးရေးချ သေးတင်ကို သဝေထိုးရေးချ ကသတ် အနေထား၍) ဟူသော ရေးထုံးအထူး (၅) လုံးနှင့် အောက်ပါ သင်္ကေတ ရေးထုံးများ ထည့်လိုက်လျှင် မြန်မာစာလုံးပေါင်း အသံထွက်ရေးထုံးများ ပြည့်စုံလုံလောက်ပေပြီ။

သင်္ကေတ ရေးဖတ်ထုံးများ

၁၅။ မြန်မာဘာသာတွင် အချိန်အတွယ်, အခြင်အတွယ်ဆိုင်ရာ သင်္ကေတရေးထုံးများ အောက်ပါအတိုင်း ရှိပါသည်။

(က) ဂဏန်းပေါ် လုံးကြီးတင်လျှင် ကျပ်
ဂဏန်းပေါ် သေးသေးတင်လျှင် မတ်
ဂဏန်းတွင် နှစ်ချောင်းငင်ဝတ်ဆံပေါက်လျှင် မူး
ဂဏန်းတွင် နောက်ပစ်လျှင် ပဲ
ဂဏန်းတွင် ရေးချဝတ်ဆံနှစ်လုံးပေါက်လျှင် ပြား
ဟု ဖတ်ရသည်။ (ယခု ကျပ်နှင့်ပြား ရေးထုံးကိုသာ သုံးတော့၏။)

ပုံစံ — ငွေ ၁ိ–ံ (သုံးကျပ် တမတ်)
လေးညှင်း ၃ူး–ဲ (သုံးမူး တပဲသား)
ဖျော်ရည်တခွက် ၆၅ါး (ခြောက်ဆယ့်ငါးပြား)

(ခ) ဂဏန်းပေါ်တွင် ကင်းစီးလျှင် — တင်း၊ တောင်း
ဂဏန်းတွင် ဝဆွဲနောက်ပစ်လျှင် — ခွဲ
ဂဏန်းတွင် ဝဆွဲရေးချလျှင် — ထွာ
ဂဏန်းတွင် ရေးချလျှင် — ပိဿာ

ဟု ဖတ်ရ၏။

ပုံစံ — ဆန် ၃်–၃ဲ (သုံးတင်းတခွဲ)
ပိတ်စ ၄်–၃ါ (လေးတောင့်တထွာ)
ဆီ ၆ါ–၅ဝိ (ခြောက်ပိဿာငါးဆယ်သား)

မှတ်ချက် အထက်ပါ ရေးထုံးများအနက် ကျပ်သားနှင့် ပိဿာ ရေးထုံးများသာ ခေတ်ရေးထုံး ရှိတော့သည်။

(ဂ) ဂဏန်းပေါ်တွင် တချောင်းခြစ်လျှင် ပေ၊ နှစ်ချောင်းခြစ်လျှင် လက်မဟု ဖတ်ရ၏။

ပုံစံ — ၄' ၆'' (လေးပေခြောက်လက်မ)

(ဃ) ဂဏန်းနှစ်လုံးကြားရှိ အစက်ကို ဒသမ ဟု ဖတ်။

ပုံစံ — ၄.၈၃ (လေး ဒသမ ရှစ် သုံး)

(င) ဂဏန်းပေါ် သေးသေးတင်ထားလျှင် ဒီဂရီဟု ဖတ်ရသည်။

ပုံစံ — ၈ဝ° (ရှစ်ဆယ်ဒီဂရီ)၊ ၄၅° (လေးဆယ့်ငါးဒီဂရီ)

ရေးတော့အမှန် ဖတ်တော့အသံ

၁၆။ မြန်မာဘာသာတွင် ရေးတော့အမှန်၊ ဖတ်တော့အသံ ဟူသော ဆိုရိုးအရ ရေးချ၊ လုံးကြီးတင်၊ တချောင်းငင်၊ နှစ်ချောင်းငင်၊ ရေးချဝတ်ဆံနှစ်လုံးပေါက်တို့ကို အသံပေါ့ဖြင့် ဖတ်ရ၏။

အရေး	အဖတ်	အရေး	အဖတ်
ဒကာမ	ဒကမ	မားမ	မမ
ပီတောက်	ပတောက်	နွားမ	နမ
ပုဆိုး	ပဆိုး	ငွေင်းတ	ငွတ
ပုဆိန်	ပဆိန်	ထန်းရည်	ထရေ
သူဌေး	သဌေး	ကန့်လန့်ကာ	ကလကာ
သူတောင်းစား	သတောင်းစား	ခံတွင်း	ခတွင်း

(ဇ) ပါဠိဆင့် ရေးထုံး

၁၇။ မြန်မာတို့သည် ဗုဒ္ဓဘာသာအယူဝါဒကို အကြောင်းပြု၍ ပါဠိစကားလုံးအချို့ကို မွေးစားသုံးစွဲကြရ၏။ ထိုပါဠိသက်စကားလုံးများတွင် ဗုဒ္ဓ၊ ဓမ္မ၊ ဒုက္ခ၊ သစ္စာ-စသော အဆင့်စာလုံးများ ပါရှိ၏။ မြန်မာစကားစစ်စစ်တွင် စာလုံးဆင့်ရေးထုံးမရှိသဖြင့် အဆင့်မှန်သမျှ ပါဠိစကားလုံးချည်း ဖြစ်သောကြောင့် ထိုအဆင့်စကားလုံးများကို ပါဠိဆင့်ဟု ခေါ်ကြ၏။ ထိုပါဠိဆင့်များကို ရေးတတ် ဖတ်တတ်ရန် အက္ခရာအုပ်စု (ဝဂ်) များကို သိရန်လိုအပ်ပေသည်။

အက္ခရာအုပ်စု

၁၈။ ဗျည်း ၃၃-လုံးတွင် က-အစ မ-အဆုံး ၂၅-လုံးကို (ဝဂ်) အုပ်စုအက္ခရာဟု ခေါ်၏။ ကျန်ဗျည်း ၈-လုံးကို (အ-ဝဂ်) အုပ်စုမဲ့ အက္ခရာဟု ခေါ်၏။ အုပ်စုမဲ့အက္ခရာတွင် ပါသော ရကောက်ကို ပါဠိစာလုံးဖြစ်ပါက လျှာလိပ်သံဖြင့် အမြဲဖတ်ရမည်။ (ဝဂ်) အုပ်စုအက္ခရာ ၂၅-လုံးကို ငါးလုံးတတွဲ တွဲ၍ အစအက္ခရာကို အုပ်စုနာမည်တပ်ကာ—

က ခ ဂ ဃ င ၅-လုံးကို က-အုပ်စု က-ဝဂ်၊
စ ဆ ဇ ဈ ည ၅-လုံးကို စ - အုပ်စု စ-ဝဂ်၊
ဋ ဌ ဍ ဎ ဏ ၅-လုံးကို ဋ - အုပ်စု ဋ-ဝဂ်၊
တ ထ ဒ ဓ န ၅-လုံးကို တ-အုပ်စု တ-ဝဂ်၊
ပ ဖ ဗ ဘ မ ၅-လုံးကို ပ - အုပ်စု ပ-ဝဂ် —

ဟု ခေါ်ရ၏။

ထိုအုပ်စု ၅-ခုတွင် ပဌမအက္ခရာ ငါးလုံး က စ ဋ တ ပ နှင့်
တတိယအက္ခရာငါးလုံး ဂ ဇ ဍ ဒ ဗ၊
ပဥ္စမအက္ခရာ ငါးလုံး င ည ဏ န မ၊

၎င်း ၁၅-လုံးတို့သည် ကိုယ့်အပေါ်ကိုယ် ပြန်ဆင့်နိုင်၏။ (က) ပေါ်ကို (က), (မ) ပေါ်ကို (မ) ပြန်ဆင့်နိုင်၏။ ထိုသို့ ဆင့်ခြင်းကို အတူဆင့်ဟု ခေါ်၏။

၁၉။ အုပ်စု ၅-ခုတွင် ပထမအက္ခရာ ၅-လုံးသည် သူ့အုပ်စုရှိ ဒုတိယ အက္ခရာ ၅-လုံးပေါ်မှာ၎င်း၊ တတိယအက္ခရာငါးလုံးသည် သူ့အုပ်စုရှိ စတုတ္ထအက္ခရာ ၅-လုံးပေါ်မှာ၎င်း၊ ပဥ္စမအက္ခရာငါးလုံးသည် သူ့အုပ်စု၏ ကျန်အက္ခရာ ၄-လုံးပေါ်မှာ

ရင်းထား၍ ဆင့်နိုင်၏။ ထိုသို့ဆင့်ခြင်းကို မတူဆင့်ဟု ခေါ်၏။ င-ကို အဆင့်အနေဖြင့် မရေးဘဲ င-သတ် အသေးကလေးဖြင့် ရေးရ၏။ ကင်းစီးဟု ခေါ်၏။

သိထိလ=သံလျော့နှင့် ဓနိတ=သံတင်း

၂၀။ အထက် (ဝဂ်) အုပ်စုအက္ခရာ ၂၅-လုံးတွင် ပထမအက္ခရာ ၅-လုံးနှင့် တတိယအက္ခရာ ၅-လုံးတို့ကို အသံလျော့ဖြင့် ရွတ်ဆိုရသောကြောင့် သိထိလ=သံလျော့အက္ခရာများဟု ခေါ်ရ၏။ ဒုတိယအက္ခရာ ၅-လုံးနှင့် စတုတ္ထအက္ခရာ ၅-လုံးတို့ကို အသံတင်းတင်းဖြင့် ရွတ်ဆိုရသောကြောင့် ဓနိတ=သံတင်းအက္ခရာများဟု ခေါ်၏။

၂၁။ လောကသဘာဝ အရာဝတ္ထုနှစ်ခုကို ဆင့်ရာ၌ အပေါ့ကို အပေါ်၊ အလေးကို အောက်ထား၍ ဆင့်ကြသကဲ့သို့ အက္ခရာမတူဆင့်သောအခါ သံလျော့=သိထိလအက္ခရာများကို အပေါ်ကထား၍ သံတင်း=ဓနိတအက္ခရာများကို အောက်ကထား၍ ဆင့်ရပေသည်။

(ဈ) ပါဠိဆင့်ဖတ်နည်း

၂၂။ ပါဠိဆင့်စာလုံးများတွင် အပေါ်အက္ခရာများကို အသတ်အနေသဘောထား၍ အောက်အက္ခရာကို့သာ အသံထွက်ပြီးဖတ်ရ၏။ သရနှဲ့အသတ်များသည် အောက်အက္ခရာနှင့်သာ ဆိုင်၏။ (ပါဠိမှာ "ဉ-လေးသတ်"သာ ရှိ၏။) တတိယအက္ခရာတို့ကို ပထမအက္ခရာ အသတ် (က် စ် တ် ပ်) နှင့် အသံတူ ဖတ်ရ၏။

ဥပမာ

စက္က =စက်က	သစ္စာ = သစ်စာ
ရက္ခ =ရက်ခ	ပစ္ဆာ = ပစ်ဆာ
အဂ္ဂ =အက်ဂ	ရဇ္ဇ = ရစ်ဇ
အနဂ္ဃ=အနက်ဃ	သဇ္ဈာယတိ= သစ်ဈာယတိ
ဒီပင်္ကရ=ဒီပင်ကရ	ပဉ္စာလ = ပင်စာလ
သင်္ခါရ=သင်ခါရ	သဉ္ဆန္န = သင်ဆန်န
အင်္ဂါ=အင်ဂါ	သဉ္ဇာနန = သင်ဇာနန
သင်္ဃာ=သင်ဃာ	သဉ္ဈာ = သင်ဈာ
သတ္တ =သတ်တ	သညာ = သင်ညာ
သတ္ထ =သတ်ထ	ကပ္ပ = ကပ်ပ
သဒ္ဒ =သတ်ဒ	ပုပ္ဖ = ပုပ်ဖ
သဒ္ဓ =သတ်ဓ	ဒဗ္ဗ = ဒဗ်ဗ
သန္တ =သန်တ	လဗ္ဘ = လဗ်ဘ
သန္ထတ=သန်ထတ	ကမ္ပ = ကမ်ပ
နန္ဒ =နန်ဒ	သမ္ဖ = သမ်ဖ
ခန္ဓ =ခန်ဓ	အမ္ဗ = အမ်ဗ
အန္န =အန်န	ထမ္ဘ = ထမ်ဘ
	ဓမ္မ = ဓမ်မ

အထူး

၂၃။ ဣ-သုံး ဥ-သုံး အက္ခရာတို့နောက်မှာ က ဂ စ ဇ အဆင့်များရှိသောအခါ တသတ်သံ ဖတ်ရမည်။

တိက္ခ = တိတ်ခ
ဒုက္ခ = ဒုတ်ခ
ဥဂ္ဂ = အုတ်ဂ
ကိစ္စ = ကိတ်စ
ပုစ္ဆာ = ပုတ်ဆာ
ဘိဇ္ဇ = ဘိတ်ဇ
ဒုဇ္ဇန = ဒုတ်ဇန

၂၄။ (ဧ)အေ-သုံး အက္ခရာနောက် က ဋ တ အဆင့်ရှိသောအခါ စသတ်သံ ဖတ်၍ န-အဆင့်ရှိသောအခါ ဉ-လေး သတ်သံ ဖတ်ရသည်။

သေက္ခ = သစ်ခ	သေန္တိ = သဉ်တိ
သေဋ္ဌိ = သစ်ဌိ	ဧန္တု = အဉ်တု
ခေတ္တ = ခစ်တ	ဒေန္တိ = ဒဉ်တိ
မေတ္တာ = မစ်တာ	

၂၅။ ဩ-သုံး အက္ခရာနောက် အဆင့် တနရှိလျှင် ဝဆွဲ တသတ်၊ ဝဆွဲနသတ်သံ ဖတ်ရသည်။

ပေါတ္ထက =ပွတ်ထက
သောတ္ထိ =သွတ်ထိ
ကောဋ္ဌာသ =ကွတ်ဌာသ

ဂေါတ္တ =ဂွတ်တ
ဟောန္တု =ဟွန်တု
ကရောန္တိ =ကရွန်တိ
ဘောန္တော = ဘွန်တော

၂၆။ အုပ်စုမဲ့ အက္ခရာ လ-နှင့် သ-တို့ အချင်းချင်း ဆင့်နိုင်၍ လ-ဆင့်ကို န-သတ်သံ၊ သ-ဆင့်ကို တသတ်သံ ဖတ်ရမည်။

ပလ္လင်္က	=	ပန်လင်က	ဗုဒ္ဓဿ	=	ဗုတ်ဒတ်ဿ
မလ္လိကာ	=	မန်လိကာ	ဣဿာ	=	အိတ်သာ
ဣလ္လိသ	=	အိန်လိသ	ဒိဿတိ	=	ဒိတ်သတိ
ဝေပုလ္လ	=	ဝေပုန်လ	ဥဿာဟ	=	အုတ်သာဟ
တဖုဿ	=	တဖုတ်သ	ဒုဿတိ	=	ဒုတ်သတိ

နမော တဿ=နမော တတ်သ

သံပျော့ သံပြင်း ပြောင်းလဲခြင်း

၂၇။ မြန်မာဗျည်းများအနက် အုပ်စုအက္ခရာ(ဝဂ်)၅မျိုးတွင် ပထမနှင့် ဒုတိယအက္ခရာ က ခ စ ဆ ဋ ဌ တ ထ ပ ဖ နှင့် သအက္ခရာတို့သည် သံပျော့အက္ခရာ (အဃောသအက္ခရာ) များဖြစ်၍ ကျန်ဗျည်းများမှာ သံပြင်းအက္ခရာ (ဃောသအက္ခရာ)များ ဖြစ်၏။

၂၈။ သံတိုအသတ် (၄) လုံး (က် စ် တ် ပ်) နောက်ရှိ သံပျော့အက္ခရာများသည် အသံမပြောင်းဘဲ သံရှည်အသတ် (၆)လုံး(င် ဉ် ည် န် မ် ယ်)နောက်ရှိ သံပျော့အက္ခရာ(၁၁)လုံး ကို သံမာအက္ခရာသံ ပြောင်း၍ ဖတ်ရွတ်ပြောဆိုရ၏။ သ-၏

သံမာအတွက် မြန်မာဗျည်း သီးခြားမရှိသောကြောင့် ဿ (သကြီး)ဖြင့် ရေးပြထားပါသည်။ သ၏ သံမာသည် မြန်မာ ဘာသာစကား၌လည်း ရှိသည်။ ကမ္ဘာ့ဘာသာစကားများ၌ လည်း ရှိသည်။

သို့ရာတွင် ၎င်းအသံကို ဖော်ပြသော အက္ခရာသည် မြန်မာ၌လည်း မရှိ။ ကမ္ဘာ့ဘာသာအသီးသီး၌လည်း မရှိ။ ထိုသို့မရှိသောကြောင့် အပြည်ပြည်ဆိုင်ရာ သဒ္ဒဗေဒအသင်းကြီးက သ-၏ သံမာအတွက် အသံသင်္ကေတပြရန် (ð)ဟူသော အက္ခရာသင်္ကေတကို တီထွင်ထားပေးသည်။ သ၏ သံမာသည် ကမ္ဘာ့ဘာသာများ၌ တကယ်ရှိနေပါလျက် ၎င်းအတွက် အက္ခရာမတီထွင်ကြသည်မှာ မလိုအပ်သောကြောင့်, အပြစ် မကင်းသောကြောင့်ဟု မှတ်ရပါမည်။ မြန်မာဘာသာ၌ သ၏ သံမာ အက္ခရာတခု မတီထွင်သင့်ကြောင်းကို စာရေးသူ ပြုစုသည့် မြန်မာအက္ခရာဗေဒ စာမျက်နှာ(၄၂၅)၌ အကျယ် ဖော်ပြထားပါသည်။

မူလသံမပြောင်း	သံမာပြောင်း	ပြောင်းသံ
သရက်ချဉ်	ခရမ်းချဉ်	ခရမ်းဂျင်
တက်ကြ	ဆင်းကြ	ဆင်းဂြ
ကြက်သား	ကြောင်သား	ကြောင်ဿား
ကြက်စာ	ကြောင်စာ	ကြောင်ဇာ
ဖျက်ပါ	ပြင်ပါ	ပြင်ဘာ
ချစ်ပါ	နမ်းပါ	နမ်းဘာ
ချစ်ကြ	မုန်းကြ	မုန်းဂြ
အိပ်ကြ	ဝယ်ကြ	ဝယ်ဂြ

ပုပ်သည်	ဟောင်သည်	ဟောင်သာည်
ထိပ်ဆုံး	အမြင့်ဆုံး	အမြင့်ဇုံး
သဖန်းပင်	သတ္တုတ်ပင်	သာဒ္ဒတ်ပင်

၂၉။ သံတိုအသတ်လေးလုံးနောက်တွင် ရ-သံသည် က-သံသို့ ပြောင်း၏။

(က) အဟောင်းရော အသစ်ကော၊
(ခ) ဟုတ်ကဲ့လား၊
(ဂ) စပ်ကဲ့လား၊
(ဃ) ချစ်ကဲ့လား၊
(င) ကျောင်းတက်ကဲ့လား၊

၃၀။ အ-နှင့် မ-ပေါ့လျှင် မပြောင်း၊ လေးလျှင် ပြောင်း၏။

အ နှင့် မ ကို အသံပေါ့ပေါ့ မြန်မြန် ထွက်ရသောအခါ နောက်အက္ခရာ အသံမပြောင်း၊ အသံလေးလေးပင်ပင် ပိပိရိရိ ထွက်ရသောအခါ နောက်အက္ခရာ အသံပြောင်း၏။

အသံမပြောင်း	အသံပြောင်း
အကြီး	လူအ-ကြီး
အသေး	မင်းအ-သေးတယ်
အပေးအယူ	အ-ပါပေ့ကွာ
မကြီး -	မမ-ကြီး
မငယ်	မ-ခဲ့ပါ
မကြင်နာ	မ-သဘာဝ
အောက်မကျ	မ-ကြသည်
မသောပါ	မ-စမ်းပါ

ပါဠိဌာန်အခွဲ

၃၁။ အထက်တွင် အက္ခရာတို့ကို ၅-လုံးတစု ဖွဲ့ထားသည်မှာလည်း အကြောင်းမဲ့မဟုတ်၊ အက္ခရာတို့၏ ဖြစ်ပေါ်ရာ အရပ် ဌာန် တူညီမှုအရဖွဲ့စည်းထားခြင်းသာ ဖြစ်၏။ ထိုဌာန်တူညီမှုဆိုသည်မှာလည်း ပါဠိသဒ္ဒါကျမ်းလာ ပါဠိအသံထွက်ပုံအရ ဖွဲ့စည်းထားသောကြောင့် အောက်ပါ ပါဠိသဒ္ဒါကျမ်းလာ ဌာန်အခွဲကို မှတ်သားသင့်ပေသည်—

စဉ်	ဌာန်အမည်	ရင်းဌာန်၌ဖြစ်အက္ခရာများ
၁။	ကဏ္ဍဌာန်=လည်ချောင်း	က ခ ဂ ဃ င အ အာ ဟ
၂။	တာလုဌာန်=အာစောက်	စ ဆ ဇ ဈ ည ဣ ဤ ယ
၃။	မုဒ္ဓဌာန်=အာထိပ်	ဋ ဌ ဍ ဎ ဏ ရ ဠ
၄။	ဒန္တဌာန်=သွား	တ ထ ဒ ဓ န သ
၅။	ဩဋ္ဌဌာန်=နှုတ်ခမ်း	ပ ဖ ဗ ဘ မ ဥ ဦ
၆။	နာသိကဌာန်=နှာခေါင်း	အံ င ည ဏ န မ
၇။	ကဏ္ဍတာလုဌာန်=လည်ချောင်း အာစောက်	ဧ
၈။	ကဏ္ဍဩဋ္ဌဌာန်=လည်ချောင်း နှုတ်ခမ်း	ဩ
၉။	ဒန္တဩဋ္ဌဌာန်=သွား နှုတ်ခမ်း	ဝ

ကရိုဏ်းခေါ် လျှာအကူ ၄-မျိုး

၃၂။ ဌာန်နှင့်စပ်၍ ကရိုဏ်းခေါ် လျှာအကူ အောက်ဖော်ပြပါ ၄-မျိုးကို သိသင့်၏—

(က) အာစောက်ကို လျှာအလယ်ဖြင့် ထိခတ်ရသောကြောင့် အာစောက်ဌာန်အက္ခရာများသည် လျှာလယ်ကရိုဏ်းအက္ခရာများ ဖြစ်၏။

(ခ) အာထိပ်အရပ်ကို လျှာဖျားအနီးဖြင့် ထိခတ်ရသောကြောင့် အာထိပ်ဌာန် အက္ခရာများသည် လျှာဖျားအနီး ကရိုဏ်းအက္ခရာများ ဖြစ်၏။

(ဂ) သွားဌာန်ကို လျှာဖျားနှင့် ထိခတ်ရသောကြောင့် သွားဌာန်အက္ခရာများသည် လျှာဖျားကရိုဏ်း အက္ခရာများ ဖြစ်၏။

(ဃ) ကျန်သော ဌာန်အက္ခရာများကို လျှာအကူမပါဘဲ ရွတ်ဆိုရသောကြောင့် သကဌာန်ကရိုဏ်း လျှာလွတ်အက္ခရာများဟု ခေါ်၏။

ပယတ်ခေါ် အားထုတ်မှု ၄-မျိုး

၃၃။ အက္ခရာတို့ကို ရွက်ဆိုရာ၌ ဌာန်နှင့်ကရိုဏ်းတို့ ထိပုံအခြင်းအရာ, အားထုတ်ပုံအခြင်းအရာကို ပယတ်ဟု ခေါ်၏။

(က) အ-ကိုရွတ်သောအခါ လည်ချောင်းဌာန်ကိုပိတ်၍ ရွတ်ရသောကြောင့် 'အ' ကိုပိတ်ရွတ်အက္ခရာ (သံဝုဋအက္ခရာ) ဟု ခေါ်၏။

(ခ) ကျန်သရ ၇-လုံးနှင့် သ-ဟ-တို့ကို ရွတ်ဆိုသောအခါ လည်ချောင်းကို ဖွင့်၍ ရွတ်ဆိုရသောကြောင့် ၎င်းအက္ခရာ ၉ လုံးကို ဖွင့်ရွတ်အက္ခရာ (ဝိဝဋအက္ခရာ) ဟု ခေါ်၏။

PDF CREATOR - NYEYADHAMMA@GMAIL.COM

(ဂ) က-အစ မ-အဆုံး အုပ်စု ၅-ခု အက္ခရာ ၂၅-လုံးကို ရွတ်ဆိုသောအခါ ဆိုင်ရာ ဌာန် ကရိုဏ်းတို့ကို ထိ၍ ရွတ်ဆိုရသောကြောင့် ထိရွတ်အက္ခရာ (ဖုဋ္ဌအက္ခရာ) ဟု ခေါ်၏။

(ဃ) ယ ရ လ ဝ လေးလုံးကို ရွတ်ဆိုသောအခါ ဌာန်ကရိုဏ်းတို့ကို အသာရှရှ စဉ်းငယ်ထိ၍ ရွတ်ဆိုရသောကြောင့် စဉ်းငယ်ထိအက္ခရာ (ဤသံဖုဋ္ဌအက္ခရာ)များဟု ခေါ်၏။

မြန်မာဌာန်အခွဲ

၃၄။ မြန်မာတို့သည် ဣန္ဒိယဗြာဟ္မီအက္ခရာတို့ကို အသင့်သဏ္ဌာန်သာ ပြောင်းယူသည်မဟုတ်။ အသံကိုပါ မြန်မာတို့၏ ကိုယ်ပိုင်အသံဖြင့် ပြောင်းယူကြ၏။ မြန်မာအက္ခရာများကို မြန်မာတို့ ရွတ်ဆိုသံအတိုင်း အက္ခရာဖြစ်ပေါ်ရာ ဌာန်ကို အောက်ပါအတိုင်း ခွဲရပါမည်—

ဌာန်အမည်	ဌာန်ဖြစ်အက္ခရာများ
(က) လည်ချောင်းဌာန်	က ခ ဂ ဃ င အ အာ ဟ
(ခ) အာစောက်ဌာန်	ည ဋ ဤ ယ
(ဂ) အာထိပ်ဌာန်	ဋ ဌ ဍ ဎ ဏ တ ထ ဒ ဓ န ရ ဠ လ
(ဃ) သွားဌာန်	စ ဆ ဇ ဈ သ
(င) နှုတ်ခမ်းဌာန်	ပ ဖ ဗ ဘ မ ဥ ဦ ဝ

(စ) လည်ချောင်းအာစောက်ဌာန် ဧ အဲ
(ဆ) လည်ချောင်း နှုတ်ခမ်းဌာန် ဩ ဪ အို
(ဇ) နှာခေါင်းဌာန် အံ င ည ဏ န မ

မြန်မာဌာန်အခွဲကို မြန်မာအက္ခရာဗေဒကျမ်း စာမျက်နှာ ၄၀၅-၌ အကျယ်ရှုပါ။

(ဉ) မြန်မာအဘိဓာန်ကြည့်နည်း

၃၅။ ဆရာဟာနား ပြုစုသော တိဗက်သဒ္ဒါ ကျမ်းတွင် တိဗက်အဘိဓာန်အက္ခရာစဉ်နည်းကို ပြထားသည်။ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ရုရှား ဘာသာတို့သည် အက္ခရာများကို ဗျည်း, သရ မခွဲဘဲ ရှေ့နောက်စဉ်၍ စားလုံးပေါင်းသောကြောင့် အဘိဓာန် အက္ခရာစဉ်ရာ၌ လွယ်ကူသည်။

မြန်မာဘာသာတွင် ဗျည်းသက်သက်များ ရှိသည်။ ဗျည်းတွဲများ ရှိသည်။ ထိုဗျည်း၊ဗျည်းတွဲများနောက်တွင် သရကာရန် ၂၅-နှင့် အသတ်ကာရန် ၄၅-ကိုထား၍ စာလုံးပေါင်းသည်။ မြန်မာအဘိဓာန်ကျမ်းများ၊ မြန်မာ့စွယ်စုံကျမ်းများ၊ မြန်မာစာကြည့်တိုက် အညွှန်းကတ်ပြားများ၊ ကျမ်းစာအုပ်နောက်ပိုင်း အက္ခရာစဉ်အညွှန်းများတွင် မိမိသိလိုသော စကားလုံး၊ အမည်၊ အကြောင်းအရာကို အလွယ်တကူ ရှာဖွေနိုင်ရန်အတွက် မြန်မာအက္ခရာစဉ်နည်းကို သိထားသင့်ပေသည်။

ဗျည်းများစဉ်ပုံ

တအုပ်လုံးတွင်—

မြန်မာဘာသာတွင် က-အစ အ-အဆုံး ဗျည်း ၃၃-လုံးရှိသည်။ မြန်မာအဘိဓာန် အက္ခရာစဉ်တွင် ဗျည်းတလုံးပြီး

မှ တလုံးကို စဉ်သည်။ ဆိုလိုသည်မှာ က-ပြီးမှ ခ၊ ခ-ပြီးမှ ဂ၊.......ဠကြီးပြီးမှ အ-ကို စဉ်သည်။ ထို့ကြောင့် မြန်မာဗျည်း ၃၃-လုံးအစဉ်ကို သိလျှင် မိမိရှာလိုသော အမည်၊ စကားလုံးသည် စာအုပ်၏ မည်သည့်အပိုင်းလောက်တွင် ရှိမည်ဟု ခန့်မှန်းနိုင်သည်။

အက္ခရာတမျိုးတွင် ဗျည်းများစဉ်ပုံ

အက္ခရာတလုံးတွင် လုံးချင်းဗျည်း နှင့် တွဲဗျည်းဟု နှစ်မျိုးရှိရာ လုံးချင်းဗျည်းမှာ တလုံးတည်းသာ ရှိ၍ တွဲဗျည်းများမှာ အက္ခရာကိုလိုက်၍ သုံးမျိုးမှ ဆယ်မျိုးအထိ ရှိနိုင်သည်။ သို့ရာတွင် ရှေ့တွဲဗျည်း ၁၀-မျိုးတွင် ပြထားသည့်အတိုင်း ပင့်၊ ရစ်၊ ဆွဲ၊ ထိုး၊ ပင့်ဆွဲ၊ ရစ်ဆွဲ၊ ပင့်ထိုး၊ ရစ်ထိုး၊ ဆွဲထိုး၊ ရစ်ဆွဲထိုး အစဉ်အတိုင်း တွဲခြင်းဖြစ်၍ အက္ခရာတူ စကားလုံးများ၏ ဗျည်း၊ တွဲဗျည်းအစဉ်ကို အလွယ်တကူ မှတ်သားနိုင်ပေသည်။

က- အက္ခရာအတွက် က၊ကျ၊ကြ၊ကွ၊ကျွ၊ကြွ၊
ခ - အက္ခရာအတွက် ခ၊ ချ၊ ခြ၊ ခွ၊ ချွ၊ ခြွ၊
ဂ - အက္ခရာအတွက် ဂ၊ ဂျ၊ ဂြ၊ ဂွ၊ ဂျွ၊ ဂြွ၊
င - အက္ခရာအတွက် င၊ ငြ၊ ငွ၊ ငှ၊ ငြှ၊ ငွှ၊
န - အက္ခရာအတွက် န၊ နွ၊ နှ၊ နွှ၊
မ - အက္ခရာအတွက် မ၊မျ၊မြ၊မွ၊မှ၊မျွ၊မြွ၊မျှ၊မြှ၊မွှ—

စသည်ဖြင့် အက္ခရာတမျိုးအတွက် လုံးချင်းဗျည်း တွဲဗျည်းတို့ ရှေ့နောက်, အထက်အောက် စဉ်ပုံကို မှတ်သားနိုင်ပေသည်။

ကာရန်(၇၀)စဉ်ပုံ

ဗျည်းတလုံးတွင်—

အထက်ပါ အက္ခရာတမျိုး၏ ဗျည်း၊တွဲဗျည်း တလုံးစီကို ဝဆွဲမပါလျှင် သရကာရန် (၂၅)၊ အသတ်ကာရန် (၄၅) အားဖြင့် ကာရန်(၇၀) အထက်အောက် စဉ်ပါ။ ဝဆွဲပါလျှင် သရကာရန် (၁၃)၊ အသတ်ကာရန် (၃၃)အားဖြင့် ကာရန် (၄၆) အထက်အောက် စဉ်ပါ။

အကယ်၍ ပထမအက္ခရာချင်းတူနေလျှင် ဒုတိယအက္ခရာ၏ ဗျည်းစဉ်၊ ကာရန်စဉ်အရ စဉ်ရမည်။ ပုံ စ-(၁) (၂)။ ပထမ ဒုတိယ အက္ခရာ ဗျည်းစဉ်၊ ကာရန်စဉ် တူနေလျှင် တတိယ အက္ခရာ ဗျည်းစဉ်၊ ကာရန်စဉ်အရ အထက်အောက် စဉ်ရပါမည်။ ပုံစံ ၃။

ပုံစံ(၁)	ပုံစံ(၂)	ပုံစံ(၃)
ပညာ	ပေး	ပါတီ
ပညတ်	ပေးကမ်း	ပါတီစိတ်
ပယင်း	ပေးချေ	ပါတီမိတ်ဆွေ
ပယတ်	ပေးစား	ပါတီယူနစ်
ပရိတ်	ပေးဆပ်	ပါတီဝင်
ပရုပ်	ပေးပုံ	ပျော်ပွဲ
ပလီ	ပေးပို့	ပျော်ပွဲစား
ပလူး	ပေးလျော်	ပျော်ပွဲစားထွက်
ပလတ်	ပေးဝေ	ပျော်ပွဲရှင်ပွဲ
ပလွေ	ပေးအပ်	ပျော်ပွဲသဘင်

မှတ်ချက်။ ။(၁) ဗျည်းမတူများကို စဉ်လျှင် ကာရန်ကြည့်စရာမလို။ ပုံစံ(၂)နှင့် (၃)တွင် ကြည့်ပါ။ ပုံစံ(၂)တွင် ဒုတိယစာလုံး၊ ပုံစံ(၃)တွင် တတိယစာလုံးအရ စဉ်ခြင်းဖြစ်၍ ထိုစာလုံးများမှာ ဗျည်းချင်း မတူသောကြောင့် ကာရန်ကို ကြည့်စရာ မလိုပေ၊ ဗျည်းစဉ်အတိုင်းသာ စဉ်ပေးရမည်။

(၂) ဗျည်းတူများပါလျှင် ကာရန်ကို ကြည့်၍ စဉ်ရမည်။ ပုံစံ (၁)တွင် ကြည့်ပါ။ ပုံစံ (၁)တွင် ဒုတိယဗျည်းကို ကြည့်၍ စဉ်ရာ အက္ခရာတူများပါရှိနေသဖြင့် ကာရန်အားဖြင့် ဆက်လက် စိစစ်ရသည်။

ပါဠိဆင့် မွေးစား စကားလုံးများ စဉ်ပုံ

ပါဠိဆင့်ဖတ်နည်း အပိုဒ် (၂၂) တွင် ပြခဲ့သည့် အတိုင်း အပေါ် အက္ခရာကို အသတ်ဟု သဘောထား၍ အောက် အက္ခရာကို အသတ်နောက်အက္ခရာဟု သဘောထားပြီး စဉ်ရမည်။ ဂ၊ ဇ၊ ဋ၊ ဏ၊ ဒ၊ ဗ၊ ယ၊ လ၊ သ၊ ဟ တို့ကိုလည်း အက္ခရာစဉ်အတိုင်း အသတ်ဟု မှတ်ယူ စဉ်ရမည်။

အဂ္ဂ	အဂ္ဃ	ရဇ္ဇ	သဇ္ဈာယ
အဋ္ဋ	အဍ္ဎ	အဏ္ဍ	အစု
ကဏ္ဋက	ကဏ္ဌ	ကဏ္ဍ	အဏ္ဏဝါ

သဒ္ဒါ	သဒ္ဓါ	ဒဗ္ဗ	လဗ္ဘ
အယျ	မလ္လ	အဿ	ဗြဟ္မာ

ပါဠိသက်စကားလုံးများ

မြန်မာစကားအစစ်မဟုတ်သော ပါဠိသက်အသတ်များကို အက္ခရာအစဉ်အတိုင်း အသတ်စဉ်ထား၍ စဉ်ရမည်။

က်၊ ခ်၊ ဂ်၊ င်၊ စ်၊ ဇ်၊ ဉ်၊ ည်၊ ဋ်၊ ဍ်၊ ဏ်၊ တ်၊
ဒ်၊ ဓ်၊ န်၊ ပ်၊ မ်၊ ယ်၊ ရ်၊ လ်၊ သ်၊ ဟ်၊ ဠ်။

ဓမ္မစက်	မုခ်ဦး
ဝဂ်	ကြန်အင်
ကေဝုစ်	ကေရာဇ်
ပုထုဇဉ်	ဝိနည်း
ဥက္ကဋ္ဌ	ပါဍ်
ဗျာကရုဏ်း	ပညတ်
ဥပဒ်	ကမ္မသာဓ်
ဝိမာန်	ကပ်ကမ္ဘာ
ဒြဗ်	ရှပ်နာမ်
အာဓေယ်	မထေရ်
မင်္ဂလ်	ဥပုသ်
သင်္ဂြိုဟ်	သီဟိုဠ်

သတိပြုမှတ်သားရန် ကာရန်စဉ်ပုံ မူကွဲများ

ဆရာဦးဝန်၏ တက္ကသိုလ် မြန်မာအဘိဓာန်နှင့် မြန်မာ့စွယ်စုံကျမ်းများက သရကာရန် (အံ) ကို အသတ်ကာရန်

(အမ်) ၏ နောက်၌ရှင်း၊ သရကာရန် (အုံ) ကို အသတ်ကာရန် (အုမ်)၏နောက်၌ရှင်း ထား၍စဉ်ပါသည်။

ပုံစံ

အမ်	အုမ်	အုမ်း
အံ	အုံ	အုံး
အမ့်	အုမ့်	
အံ့	အုံ့	

အောက်မြစ်ပါသော သရအသတ်ကို အောက်မြစ်မပါသော သရအသတ်၏ ရှေ့တွင်ထား၍ စဉ်ပါသည်။

ပုံစံ

အေ့	အေ	အေး
အော့	အော်	အော
အင့်	အင်	အင်း
အန့်	အန်	အန်း

မြန်မာစာအဖွဲ့မှ ပြုစုသော အဘိဓာန်ချုပ်တွင် သရကာရန် အံ-ကို (ဩ)နှင့် (အို)ကာရန်အကြား၌ ထား၍ရှင်း၊ သရကာရန် (အုံ) ကို အသတ်ကာရန် (အုမ်)၏နောက်၌ထား၍ရှင်း စဉ်ပါသည်။

အော	အော့	အော်
အံ	အံ့	
အို	အို့	အိုး
အုမ်	အုမ့်	အုမ်း
အုံ	အုံ့	အုံး

အောက်မြစ်မပါသော သရအသတ်များကို အောက်မြစ်ပါ သရအသတ်တို့၏ ရှေ့ကထား၍ရင်း ဤနည်းသစ်မြန်မာသဒ္ဒါ စဉ်နည်းအတိုင်း စဉ်ပါသည်။

အေ	အေ့	အေး
အော	အော့	အော်
အင်	အင့်	အင်း
အန်	အန့်	အန်း

အမှာ ဤမှုကွဲကို သတိပြု မှတ်သားမိပါက အဘိဓာန်ကျမ်း၊ စွယ်စုံကျမ်း အက္ခရာစဉ်အညွန်းများတွင် မိမိလိုရာကို အလွယ်တကူ ရှာဖွေကြည့်ရှုနိုင်မည် ဖြစ်ပါသည်။

သဒ္ဒဗေဒဆိုင်ရာ လေ့ကျင့်ခန်း

၁။ သရကာရန်, အသတ်ကာရန်တို့ကို—

(က) ဤနည်းသစ်မြန်မာသဒ္ဒါ စဉ်နည်း၊

(ခ) မြန်မာစာအဖွဲ့စဉ်နည်း၊

(ဂ) မြန်မာ့စွယ်စုံကျမ်းနှင့် တက္ကသိုလ်အဘိဓာန် စဉ်နည်း ၃-မျိုးဖြင့် စဉ်ပြပါ။

၂။ က-မှ အ- အထိ အက္ခရာတလုံးစီ၏ ဗျည်း၊တွဲဗျည်းများကို အထက်အောက်စဉ်ပြပါ။(က-ကျ ကြ-ကွ ကျွ-ကြွ စသည်)

၃။ သံပျော့-သံပြင်း ပြောင်း-မပြောင်း စာလုံး ၂၀-စီ ထုတ်ပြပါ။

၄။ စကားလုံး ၃၀-ကို ချရေး၍ မြန်မာ့စွယ်စုံ အက္ခရာစဉ်နည်းဖြင့် စဉ်ပြပါ။

၅။ မြန်မာအက္ခရာတို့ကို ပါဠိနည်း၊ မြန်မာနည်း ငှာန်ခွဲပြပါ။

အပိုင်း (၂)

ဝါစင်္ဂဗေဒ

အဓိပ္ပါယ်ဖွင့်ဆိုချက်

၃၅။ မြန်မာဘာသာစကား၌ ပါဝင်သည့် အဓိပ္ပါယ်ရှိ အသေးငယ်ဆုံးသော စကားအစိတ်အပိုင်း တခုစီကို ဝါစင်္ဂ ဟု ခေါ်သည်။ (ဝါစာ=စကား။ အင်္ဂ=အစိတ်အပိုင်း၊ ဝါစင်္ဂ=စကား၏အစိတ်အပိုင်း။) ဝါစင်္ဂတခုစီ၏ အဓိပ္ပါယ်နှင့် အမျိုးအစားကိုရင်း၊ ဝါစင်္ဂများကို တခုနှင့်တခု မည်သို့တွဲစပ်ဖွဲ့စည်းရသည်ကိုရင်း တင်ပြသောအပိုင်းကို ဝါစင်္ဂဗေဒ= ဝါစင်္ဂပိုင်းဟု ခေါ်သည်။

ဝါစင်္ဂ ၉-ပါး

၃၆။ မြန်မာလူမျိုးတို့ ပြောသမျှ စကား၊ ရေးသမျှ စာကြောင်းဝါကျတို့ကို ထပ်မံခွဲခြမ်း၍ မရနိုင်တော့သည့် နောက်ဆုံးအဆင့်အထိ ခွဲခြမ်းစိတ်ဖြာ၍ အမျိုးတူရာတို့ကို တစုစီ စုပုံလိုက်လျှင် ၉-စု၊ ၉ ပုံ ရသည်။ ၎င်းတို့ကို ဝါစင်္ဂ ၉-ပါးဟု ခေါ်သည်။ ဝါစင်္ဂများမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) နာမ်၊

(ခ) နာမ်စား၊

(ဂ) နာမဝိသေသန၊

(ဃ) ကြိယာ၊

(င) ကြိယာဝိသေသန၊
(စ) အာမေဍိတ်၊
(ဆ) ဝိဘတ်၊
(ဇ) ပစ္စည်း၊
(ဈ) သမ္ဗန္ဓ၊

၃၇။ မြန်မာစာ၊ မြန်မာစကား၌ ပါဝင်သော အစိတ်အပိုင်းတို့သည် အထက်ပါ ၉-မျိုးအနက် တမျိုးမျိုးသာ ဖြစ်ကြရသည်။

ဝါစင် ၉-ပါး၊ ၂-မျိုး

(က) မြန်မာဝါစင် ၉-ပါးတို့ကို—

(၁) သီးခြားဝါစင်၊
(၂) အမှီဝါစင်-ဟု နှစ်မျိုး ခွဲခြားနိုင်သည်။

(က) (က)မှ(စ) အထိ ဝါစင်ခြောက်မျိုးတို့သည် မိမိတို့ဖာသာ သီးခြားလည်း ရပ်တည်နိုင်၊ အခြားဝါစင်တခုခု၏ မှီတွယ်ခြင်းကိုလည်း ခံနိုင်သောကြောင့် သီးခြားဝါစင်ဟု ခေါ်ရ၏။ ထိုသီးခြားဝါစင် ၆-မျိုးကိုပင် ဘာသာဗေဒ ပညာရှင်တို့က Free Morpheme 'ရုပ်သီး'ဟုငင်း၊ Lexical Morpheme စကားလုံးရုပ်ရင်း ဟုငင်း ခေါ်ကြ၏။

(ခ) ဝိဘတ်၊ပစ္စည်း၊သမ္ဗန္ဓတို့သည် မိမိတို့ဖာသာ မရပ်တည်နိုင်၊ သီးခြားဝါစင်တခုခုကို မှီတွယ်ကပ်ယပ်၍သာ တည်နေနိုင်ကြသောကြောင့် ၎င်းသုံးမျိုးကို အမှီဝါစင် ဟု ခေါ်ရပေသည်။ ထို အမှီဝါစင် ၃-မျိုးကိုပင် ဘာသာဗေဒပညာရှင်တို့က Bound Morpheme ရုပ်မှီးဟုငင်း၊ Grammartical Morpheme သဒ္ဒါရုပ်ရင်းဟုငင်းခေါ်ဆိုကြပေသည်။



ဝါစင် ၉-ပါး၊ ၃-မျိုး

(ဂ) ခေတ်သစ် ဘာသာဗေဒပညာရှင်တို့က မြန်မာဝါစင်တို့ကို—

(က) နာမ်၊
(ခ) ကြိယာ၊
(ဂ) နောက်ဆက်—

ဟု သုံးမျိုးခွဲ၍ လေ့လာကြလေသည်။

(ဃ) ထိုခေတ်သစ်ဘာသာဗေဒပညာရှင်တို့ အလိုမှာ နာမ်စားသည် နာမ်ပုဒ်၏အစားသုံးသော နာမ်တမျိုးသာ ဖြစ်သည်။ နာမဝိသေသနများမှာ နာမ်ပုဒ်၏ ဂုဏ်၊ အရည်

အချင်း၊ အရေအတွက်တို့ကို ပြသောကြောင့် နာမ်တမျိုးပင် ဖြစ်သည်။ နာမ်အာမေဍိတ်များမှာလည်း နာမ်ပုဒ်များပင် ကြောက်ခြင်း-စသည်ကြောင့် အသံတမျိုးဖြင့် ပြောဆိုခြင်း ဖြစ်၍ နာမ်အမျိုးအစားပင် ဖြစ်သည်။ ထို့ကြောင့် နာမ်၊ နာမ်စား၊ နာမဝိသေသန၊ နာမ်အာမေဍိတ်တို့ကို နာမ်ဟုသာ သတ်မှတ် လေ့လာကြသည်။

(င) ကြိယာဝိသေသနသည် ကြိယာအား ဆောင်ရွက်ပုံ အမူအရာကိုပြ၍ ကြိယာမျိုးပင် ဖြစ်သည်။ ကြိယာအာမေဍိတ်မှာလည်း ကြိယာပုဒ်ကိုပင် ရုတ်တရက် အသံတမျိုးဖြင့် ပြောဆိုခြင်းဖြစ်၍ ကြိယာပင်ဖြစ်သည်။ ထို့ကြောင့် ကြိယာ၊ ကြိယာဝိသေသန၊ ကြိယာအာမေဍိတ်တို့ကို ကြိယာဟုသာ သတ်မှတ် လေ့လာကြသည်။

(စ) ဝိဘတ်၊ ပစ္စည်း၊ သမ္ဗန္ဓ-တို့မှာ သူတို့ချည်း သီးခြား မရပ်တည်နိုင်ဘဲ အထက်ပါ နာမ်နှင့် ကြိယာတို့ နောက်၌ ဆက်၍ ပြောဆို၊ ရေးသားရသောကြောင့် သုံးမျိုးစလုံးကို ပေါင်းကာ နောက်ဆက်ဟု သတ်မှတ်လေ့လာကြသည်။

(ဆ) နောက်ဆက်သည် သီးခြားမရပ်တည်နိုင်။ နာမ်ပုဒ်၊ (သို့မဟုတ်) ကြိယာပုဒ်ကို မှီတွယ်နေရသောကြောင့် နာမ်၊ ကြိယာတို့နှင့် ပူးတွဲလေ့လာကြသည်။ ထို့ကြောင့် မြန်မာ ဘာသာတွင် အဓိကအားဖြင့် လေ့လာစရာ နာမ်နှင့်ကြိယာ သာ ရှိသည်ဟု သတ်မှတ်ကြသည်၊ ထိုခေတ်သစ် ဘာသာ ဗေဒပညာရှင်တို့ဆန္ဒအရ မြန်မာဘာသာကို နာမ်၊ ကြိယာ နှင့် နောက်ဆက်ဟု ဝါစင်္ဂသုံးမျိုးခွဲ၍ လေ့လာလျှင်လည်း ဖြစ်နိုင်ပါသည်။ ၉-ပါးကို ချုံးလျှင် ၃-ပါးဖြစ်၍ ၃-ပါးကို အသေးစိတ်လျှင် ၉-ပါးပင် ရပါသည်။



ကမ္ဘာ့သဒ္ဒါနှင့် မြန်မာ့သဒ္ဒါ

(ဇ) ဝါစင်္ဂသုံးပါးနည်းသည် မြန်မာဘာသာအတွက် စောသေးသည်။ အဆင့်ကျော်နေသည်။ နှစ်ပေါင်းများစွာကပင် ကိုယ်ပိုင်သဒ္ဒါ၊ ကိုယ်ပိုင်အဘိဓာန်ကျမ်းကြီးများကို ရေးသားနိုင်ခဲ့ကြသောလူမျိုးများပင် ၎င်းတို့၏ ဘာသာစကားကို နာမ်၊ ကြိယာ၊ နောက်ဆက်-ဟူသော ဝါစင်္ဂသုံးပါးနည်း အဆင့်ရောက်အောင် မချုံးကြသေး။ ကမ္ဘာ့သဒ္ဒါနှင့် အဘိဓာန်ကျမ်းများတွင် ဝါစင်္ဂ ၈-ပါးနှင့် ရှေ့ဆက် နောက်ဆက်များကို ခွဲခြားပြနေကြဆဲပင် ရှိနေပေသေးသည်။

(ဈ) မြန်မာစာအဖွဲ့မှ ပြုစုလျက်ရှိသော မြန်မာအဘိဓာန် ချုပ်တွင်လည်း ဝိဘတ်၊ သမ္ဗန္ဓမဟုတ်သော နောက်ဆက်တို့ကို

ပစ္စည်းဟု အမည်တပ်ကာ ဝါစင်္ဂ ၉-ပါးဖြင့် ရေးသားနေဆဲဖြစ်သည်။ အကယ်၍ မြန်မာသဒ္ဒါကို ခေတ်မှီလို၍၊ ခေတ်ရွေ့ပြေးလို၍ ဝါစင်္ဂသုံးပါးနည်းကို အသုံးပြုပါက မြန်မာသဒ္ဒါနှင့် မြန်မာအဘိဓာန်သည်၎င်း မြန်မာ့သဒ္ဒါနှင့် ကမ္ဘာ့သဒ္ဒါ၊ ကမ္ဘာ့အဘိဓာန်တို့သည်၎င်း အဆက်အစပ်မရှိ တသီးတခြားစီ ဖြစ်ကုန်မည်။ ထိုသို့ဖြစ်လျှင် မြန်မာဘာသာကိုလေ့လာသော သုတေသီများနှင့် ကမ္ဘာ့ဘာသာကို လေ့လာသော မြန်မာကျောင်းသားတို့အဖို့ ရှုပ်ထွေးကုန်မည်။

(ည) ဝါစင်္ဂရှစ်ပါးကို အခြေခံသော မြန်မာသဒ္ဒါကို သင်ခဲ့သူ၊ သင်နေသူ မြန်မာများအတွက် ကြားဘူးပြီး ဝါစင်္ဂရှစ်ပါးကို အခြေခံကာ "ပစ္စည်း" ဟူသော မြန်မာပိုင်ဝါစင်္ဂ တခု ဖြည့်စွက်၍ ဝါစင်္ဂ ၉-ပါး အခြေခံသော မြန်မာသဒ္ဒါသည်သာ အကောင်းဆုံး ဖြစ်ပေမည်။

အင်္ဂလိပ်နှင့်မြန်မာ ဝါစင်္ဂချင်းမတူ

(ဋ) အင်္ဂလိပ်ဘာသာတွင် ဝါစင်္ဂ ၈-ပါးရှိ၏။ ပုဒ်=စကားလုံးလည်း ၈-မျိုးရှိ၏။ အင်္ဂလိပ်ဘာသာတွင် ဝိဘတ်နှင့် သမ္ဗန္ဓတို့သည် သီးခြားရပ်တည်သည့် အမှီအခိုကင်းသော ပုဒ်များဖြစ်၏။ ပုဒ်-၈-ပါးသည်ပင် ဝါစင်္ဂ ၈-ပါး၊ ဝါစင်္ဂ ၈-ပါးသည်ပင် ပုဒ် ၈-ပါး ဖြစ်၏။

(ဌ) မြန်မာဘာသာ၌ ဝါစင်္ဂ ၉-ပါး ရှိ၏။ ထိုဝါစင်္ဂ ၉-ပါးသည် ပုဒ် ၉-ပါး မဟုတ်ချေ။ ဝါစင်္ဂ ၉-ပါးအနက် နာမ်၊ နာမ်စား၊ နာမဝိသေသန၊ ကြိယာ၊ ကြိယာဝိသေသန၊ အာမေဍိတ်-တို့သာ ပုဒ် ဖြစ်ကြသည်။ ဝိဘတ်၊

ပစ္စည်း၊ သမ္ဗန္ဓတို့သည် သီးခြားမရပ်တည်နိုင်ကြသဖြင့် ပုဒ်မဟုတ်ကြချေ။ ၎င်း ဝိဘတ်၊ပစ္စည်း၊သမ္ဗန္ဓတို့သည် အဓိပ္ပါယ်တခုကို ဖော်ဆောင်နိုင်သော စကား၏ အစိတ်အပိုင်းများဖြစ်ကြသောကြောင့် ၎င်းတို့ကို ဝါစင်္ဂဟူ၍ကား ခေါ်နိုင်ပေသည်။

ဘာသာဗေဒ၏မော်ဖီးမ်နှင့်

မြန်မာ ဝါစင်္ဂ

၃၈။ ထပ်မံခွဲစိတ်၍ မရတော့သည့် အဓိပ္ပါယ်ရှိ အသေးငယ်ဆုံးသော စကားအစိတ်အပိုင်းကို ခေတ်သစ် ဘာသာဗေဒပညာရှင်တို့က မော်ဖီးမ် (Morpheme)ဟု ခေါ်၍ မြန်မာတို့က ရုပ်ရင်းဟု ခေါ်သည်။ ဤ နည်းသစ်မြန်မာသဒ္ဒါ၏ ဝါစင်္ဂကို အဓိပ္ပါယ်ဖွင့်ဆိုချက်သည် ခေတ်သစ်ဘာသာဗေဒပညာရှင်တို့၏ မော်ဖီးမ်ကို အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် တူပြီး ရှေးဟောင်းလက်တင် အင်္ဂလိပ် သဒ္ဒါကျမ်းလာ Parts of Speech နှင့် မတူဟု ခွဲခြား မှတ်သားအပ်ပေသည်။

၃၉။ ဤနည်းသစ်မြန်မာသဒ္ဒါတွင် အင်္ဂလိပ်ဝါစင်္ဂ ၈-ပါး အမည်များကို ပါဠိသက် စကားလုံးများဖြင့် ပြန်ဆိုထားသော ဝေါဟာရဟောင်းများကို သုံးထားပါသည်။ အင်္ဂလိပ်၊ မြန်မာ၊ပါဠိသဒ္ဒါကျမ်းများကို လေ့လာပြီးသူ၊ လေ့လာနေသူတို့ သိနားလည်ပြီးသောဝေါဟာရများဖြစ်သောကြောင့် ဖြစ်ပါသည်။ သို့ရာတွင် အထူး သတိပေး မှာကြားလိုသည်မှာ ဝါစင်္ဂတခုစီကို အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့်အမျိုးအစားခွဲခြားရာ၌ အင်္ဂလိပ်နည်း၊ ပါဠိနည်းအတိုင်း အတိအကျမဟုတ်ဘဲ မြန်မာ

ဘာသာ စကားဖွဲ့စည်းတည်ဆောက်ပုံ သဘာဝနှင့်အညီ ပြင်ဆင် ဖွင့်ဆို ခွဲခြားထားခြင်းပင် ဖြစ်ပါသည်။ သဒ္ဒါကျမ်းဟောင်းများမှ မြန်မာသဒ္ဒါဆရာကြီးတို့၏ ကောင်းမွန်သော အချက်အလက်အားလုံးကို အမွေ ဆက်ခံယူ၍ မြန်မာသဒ္ဒါအတွက် မလိုအပ်သည့် အချက်အလက်ဟောင်းများကို ပယ်ထုတ်ကာ သဒ္ဒါကျမ်းဟောင်းများ၌ မပါသော်လည်း မြန်မာသဒ္ဒါအတွက် လိုအပ်သော အချက်အလက် အဓိပ္ပါယ်များကို ဖြည့်စွက်ထားပါသည်။

ပုဒ်=စကားလုံး

၄၀။ အနက်အဓိပ္ပါယ်တခုကို ဖော်ပြနိုင်သော သီးခြားဝါစင်္ကတခု၊ သို့မဟုတ် သီးခြားဝါစင်္က တခု ပါဝင်သော ဝါစင်္ကတခုကို ပုဒ်=စကားလုံးဟု ခေါ်သည်။

ပုဒ် ၄-မျိုး

ပုဒ်=စကားလုံးသည် အောက်ပါအတိုင်း ၄-မျိုး ရှိ၏။

(က) ပုဒ်ရိုး၊
(ခ) ပုဒ်ပေါင်း၊
(ဂ) ပုဒ်ယှက်၊
(ဃ) ဝိဘတ်သွယ်ပုဒ်။

(က) ပုဒ်ရိုး

အနက်အဓိပ္ပါယ်တခုကို ဖော်ပြနိုင်သော သီးခြားဝါစင်္ကတခုစီကို ပုဒ်ရိုးဟု ခေါ်၏။

ပုံစံ

လူ၊ ခွေး၊ အိမ်၊ ငါ၊ သင်၊ ဆိုး၊ ကောင်း၊ အလိုလေး၊ စား၊ သောက်၊

(ခ) ပုဒ်ပေါင်း

အနက်အဓိပ္ပါယ်တခုကို ဖော်ပြသော သီးခြားဝါစင်္က နှစ်ခု၊ သုံးခုပေါင်းကို ပုဒ်ပေါင်းဟု ခေါ်၏။

(ပုံစံ)

ရေအိုး၊ ရေခွက်၊ ငါးကြော်၊ ဖတ်စာ၊ ကုန်တင်ကား၊ လက်တွန်းလှည်း၊ နှုတ်ဆက်၊ အကြောင်းကြား၊ သွားပြော၊ လာပေး၊

အမှာ။ ။အပိုဒ် (၇၂) ပေါင်းစပ်နာမ်, အပိုဒ် (၂၁၉) ပေါင်းစပ်ကြိယာများတွင် ကြည့်ပါ။

(ဂ) ပုဒ်ယှက်

သီးခြားဝါစင်္ကတခုနှင့် ပစ္စည်းတခုကို ယှဉ်တွဲပြီးမှ အနက်အဓိပ္ပါယ်တခုကို ဖော်ပြလျှင် ထိုပုဒ်ကို ပုဒ်ယှက်ဟု ခေါ်၏။

အစာ၊ စားစရာ၊ စားဖွယ်၊ သွားသော၊ ကောင်းစွာ၊ အမြန်၊ လူတိုင်း၊ အမြိုမြို၊

(ဃ) ဝိဘတ်သွယ်ပုဒ်

ဝါကျတခုအတွင်းရှိ ဝိဘတ်တခုခုနှင့် ဆက်ထားသော ပုဒ်ကို ဝိဘတ်သွယ်ပုဒ်ဟု ခေါ်၏။

ကျွန်တော်သည်   ကျောင်းသို့   သွား၏။
မမြသည်   ထမင်းကို   ချက်ပြီးပြီ။
ဆရာသည်   တုတ်ဖြင့် တပည့်ကို ရိုက်လိမ့်မည်။

ဝိဘတ်သွယ်ပုဒ်များကို မူလဝါစင် အမည်ဖြင့် မခေါ်ဘဲ ဝါကျအတွင်း သူတို့လုပ်ဆောင်သည့် တာဝန်ကို ဝိဘတ်များက ညွှန်ပြလျက်ရှိရာ ထိုတာဝန်အရ အမည်မှည့်ခေါ်ရပေသည်။

ပုဒ်ခွဲပုံ

ကျွန်တော်သည်	ကတ္တားပုဒ်၊
ကျောင်းသို့	ဆိုက်ရောက်ရာပုဒ်၊
သွား၏	ပစ္စုပ္ပန်ကြိယာပုဒ်၊
ချက်ပြီးပြီ	အတိတ်ကြိယာပုဒ်၊
ရိုက်လိမ့်မည်	အနာဂတ်ကြိယာပုဒ်၊
ထမင်းကို	ကံပုဒ်၊
တုတ်ဖြင့်	အသုံးခံပုဒ်၊

ဝါစင်နှင့်ပုဒ်

၄၁။ အထက်ပါ ဝါစင်နှင့်ပုဒ်=စကားလုံးတို့၏အဓိပ္ပါယ်ဖွင့်ဆိုချက်များ၊ ပုံစံများကို ကြည့်လျှင် မြန်မာဘာသာတွင် ပုဒ်နှင့်ဝါစင်များသည် မတူပေ။ သီးခြားဝါစင်များသည် ဝါစင်လည်းဖြစ်၊ပုဒ်လည်း ဖြစ်နိုင်သည်။ အမှီဝါစင်မှာ ဝါစင်သာဖြစ်၍ ပုဒ်မဖြစ်နိုင်ပေ။ တနည်းအားဖြင့် ပုဒ်တိုင်းသည် ဝါစင်ဖြစ်၍ ဝါစင်တိုင်းသည် ပုဒ်မဖြစ်နိုင်ချေ။

ပုဒ်ပေါင်းနှင့် ပုဒ်စု

၄၂။ ပုဒ် နှစ်ပုဒ်၊ သုံးပုဒ် စသည်ကို ဝိဘတ်၊ ပစ္စည်း၊ သမ္ဗန္ဓ တခုခုမခံဘဲ တိုက်ရိုက် ပူးတွဲ ယှဉ်ကပ်ပြီးလျှင် ဝါကျ၏အစိတ်အပိုင်းတခုအဖြစ် သုံးသော ပုဒ်အပေါင်းကို ပုဒ်ပေါင်း=(သမာသ်ပုဒ်)ဟု ခေါ်သည်။

၄၃။ ပုဒ် နှစ်ပုဒ်၊သုံးပုဒ် စသည်ကို ဝိဘတ်၊ပစ္စည်း၊ သမ္ဗန္ဓ တခုခု ကြားခံ၍ ဝါကျ၏ အစိတ်အပိုင်းတခုအဖြစ် သုံးသော ပုဒ်အပေါင်းကို ပုဒ်စုဟုခေါ်သည်။ (ဝိဘတ်နှင့် နာမ်အပေါင်းကို ပုဒ်စု Phrase ဟု ခေါ်သော အင်္ဂလိပ်သဒ္ဒါမှသတ်မှတ်ချက်နှင့် မတူဟု မှတ်ပါ။)

ပုဒ်ပေါင်း	ပုဒ်စု
ရေခွက် (နာမ်+နာမ်)	အဖေ၏ ကား
ရေအေး (နာမ်+နာမဝိသေသန)	လှသော မိန်းခလေး
သောက်ရေ (ကြိယာ+နာမ်)	သောက် သောရေ
ပြောဆို(ကြိယာ+ကြိယာ)	မျက်မှန်နှင့်သူ
ငပိကြော် (နာမ်+ကြိယာ)	ပဲခူးကလူ
ကုန်တင်ကား (နာမ်+ကြိယာ+နာမ်)	ဝသောလူ
အပျော်စီးယာဉ်	ဘီဒိုထဲက ငွေ
အလှပြကား	တောက ညွှဲသည်
ကျည်ဆန်ခံ အင်္ကျီ	အိပ်နေသော ခွေး

ဝါစင်္ဂ ၁

နာမ်

အစီပွါယ်ဖွင့်ဆိုချက်

၄၄။ သက်ရှိသတ္တဝါ၊ သက်မဲ့ အရာဝတ္ထုနှင့် ဖြစ်ရှိ ဖြစ်မဲ့ သဘောတရားတို့၏ အမည်ကို နာမ်ဟုခေါ်သည်။ ၎င်းတို့ကို အောက်ပါအတိုင်း ပုံစံသုံးမျိုးဖြင့် ဖော်ပြပါသည်—

ပုံစံ

(က) လူ၊ ခွေး၊ နွား၊ ကြက်၊ ခဲတံ၊ ဖောင်တိန်၊

(ခ) အိမ်၊ ကျောင်း၊ သင်္ကြား၊

(ဂ) ပညာ၊ စိတ်၊ အကြံ၊ နိဗ္ဗာန်၊

အင်္ဂလိပ်သဒ္ဒါနည်း နာမ်ငါးမျိုးမခွဲ

၄၅။ တဦးပိုင် ကေဝိဓနာမ်, အများဆိုင် ဝေါဟာရနာမ် စသော နာမ်ငါးမျိုးအခွဲသည် အင်္ဂလိပ်သဒ္ဒါနည်း ဖြစ်၏။ အင်္ဂလိပ်ဘာသာကို မှန်ကန်စွာ ပြောနိုင်၊ ရေးနိုင်မှုအတွက် နာမ်ငါးမျိုးကို ခွဲခြားသိထားရန်လို၏။ အင်္ဂလိပ်ဘာသာတွင် ကေဝိဓနာမ်ကို စားလုံးကြီးဖြင့် စရေးရသည်။ရှေ့တွင် အာတိကယ်လ် လုံးဝမသုံးရ။ ဗဟုဝုစ်ကိန်း ပစ္စည်း ဆက်သုံးလေ့မရှိ။ ဝေါဟာရနာမ်ကို (ဝါကျ၊အစ မဟုတ်လျှင်) စာလုံးသေးဖြင့်သာ ရေးရသည်။ တခုကိန်း ရေတွက်ရ ဝေါဟာရနာမ်၏ရှေ့

မှာ အာတိကယ်လ် တခုခုမပါ မဖြစ်၊ပါရသည်။ ဗဟုဝုစ်ကိန်း ဖြစ်လျှင် ကိန်းညွှန်းပစ္စည်း ဆက်သုံးရသည်။ ထိုသို့ ပုဒ်၊ဝါကျ တည်ဆောက်ပုံ မတူသောကြောင့် အင်္ဂလိပ်ဘာသာတွင် ကေဝိဓနာမ်နှင့် ဝေါဟာရနာမ်ကို ခွဲခြားသိဘို့လိုသည်။

၄၆။ မြန်မာဘာသာ၌ကား စာလုံးအကြီး-အသေးလည်း မရှိ၊ အာတိကယ်လ်အသုံးလည်း မရှိ၊ မောင်ခင်တို့ ပြန်သွားပြီ၊မလှတို့ မရောက်သေးပါ၊ စသည်ဖြင့် တဦးပိုင် ကေဝိဓနာမ်နှင့် အများဆိုင် ဝေါဟာရနာမ်တို့နောက်တွင် ကိန်းညွှန်း ပစ္စည်းကို ဆက်၍ သုံးနိုင်၏။ ထို့ကြောင့် ကေဝိဓနာမ်နှင့် ဝေါဟာရနာမ် ခွဲခြားမှု မလိုအပ်ပေ။

၄၇။ အင်္ဂလိပ် စုပေါင်းသမူဟနာမ် ကတ္တားသည် ကေဝုစ်၊ ဗဟုဝုစ် ကြိယာနှစ်မျိုးဖြင့် တွဲနိုင်၏။ ကတ္တားကို ကေဝုစ်ဟု ယူဆ၍ ကေဝုစ်ကြိယာနှင့်တွဲလျှင် ကတ္တား၏ နာမ်စားကိုလည်း ကေဝုစ်နာမ်စား ထားရ၏။ ဗဟုဝုစ်ကြိယာနှင့်တွဲလျှင် ဗဟုဝုစ်နာမ်စားထားရ၏။ မြန်မာဘာသာ၌ကား ကတ္တားနှင့် ကြိယာတို့၏ ကိန်းညီညွတ်မှုသည် ပုံသေမရှိ။ သမူဟနာမ်ဟု သိမှု-မသိမှုကြောင့် ပုဒ်၊ဝါကျ တည်ဆောက်မှုအတွက် အမှားအမှန် မရှိနိုင်။ ထို့ကြောင့် သမူဟနာမ်ကို ခွဲခြားလေ့လာရန် မလို။

၄၈။ အင်္ဂလိပ် ဒဗ္ဗနာမ်နှင့် စိတ္တဇနာမ်တို့၏ ရှေ့တွင် သာမညပစ္စည်းစကား(A)ကို မသုံးနိုင်။ ၎င်းနာမ်နှစ်မျိုး နောက်တွင် ကိန်းညွှန်းပစ္စည်းများ ဆက်၍ ဗဟုဝုစ်ကိန်း ပြောင်း၍မရ။ ထို ရေးထုံး၊ ပြောထုံးများကို မှန်ကန်စွာ ရေးနိုင်၊ ပြောနိုင်မှုအတွက် အင်္ဂလိပ်ဘာသာတွင် ဒဗ္ဗနာမ်နှင့်

စိတ္တဇနာမ်ကို ခွဲခြားသိဘို့လို၏။ မြန်မာဘာသာ၌ကား အာတိကယ်အသုံး အနှုန်းလည်း လုံးဝမရှိ၊ ဒဗ္ဗနာမ်များကို ဆန်တွေ၊ ဆီတွေ၊ ဆားတွေ၊ ရွှေတွေ၊ ငွေတွေ စသည်ဖြင့် အများကိန်း ပြောင်းနိုင်၏။ အကောင်းတွေ၊ အကြမ်းတွေ၊ အချောတွေ စသဖြင့် အများကိန်း ပြောင်းနိုင်သဖြင့် အခြားနာမ်များနှင့် ခြားနားမှုမရှိ။ ပြောထုံး၊ ရေးထုံးတွင် အတူတူပင်ဖြစ်သောကြောင့် ဒဗ္ဗနာမ်၊ စိတ္တဇနာမ်ဟု ခွဲခြင်းဖြင့်လည်း ရှုပ်ရုံမှတပါး အကျိုးမထူး၊ ခွဲခြား၍ မသိခြင်းကြောင့်လည်း မြန်မာ အရေး၊အပြော၌ မမှားနိုင်ပေ။ ထို့ကြောင့် မြန်မာသဒ္ဒါတွင် ဒဗ္ဗနာမ်၊ စိတ္တဇနာမ်များကို ခွဲခြား လေ့လာစရာ မလိုပေ။

၄၉။ အင်္ဂလိပ်ဘာသာနည်း နာမ်ငါးမျိုးတွင် တမျိုးစီ၌ ထူးခြားသောဝိသေသလက္ခဏာများရှိ၍ခွဲခြားသိရန်လိုသည်။ မြန်မာဘာသာ၌ကား အဆိုပါ နာမ်ငါးမျိုးလုံးမှာ ပြောထုံး၊ ရေးထုံး၌ အတူတူဖြစ်၍ ခွဲခြားသိခြင်းဖြင့် အကျိုးမထူးသောကြောင့် အင်္ဂလိပ် နာမ်ငါးမျိုးအခွဲကို ဤ နည်းသစ်မြန်မာသဒ္ဒါကျမ်းတွင် ခွဲမပြတော့ပါ။

နာမ်ဖွဲ့စည်းပုံ—၅-မျိုး

၅၀။ မြန်မာဘာသာနာမ်ပုဒ်တို့ကို နည်းငါးမျိုးဖြင့် ဖွဲ့စည်းထားသည်။ ပုဒ်တို့၏ ဖွဲ့စည်းပုံ ကွဲပြားမှုအရ ခွဲခြားသောအခါ မြန်မာဘာသာတွင် နာမ်ငါးမျိုးရှိသည်။ ၎င်းတို့မှာ—

(က) လုံးချင်းနာမ် (သီးခြားနာမ်)၊
(ခ) ပေါင်းစပ်နာမ် (သမာသ်နာမ်)၊
(ဂ) ဖွဲ့စည်းနာမ် (ကိတ်နာမ်)၊
(ဃ) လိင်ညွှန်းနာမ်၊
(င) ဝိစ္ဆာနာမ်—

တို့ ဖြစ်သည်။

(က) လုံးချင်းနာမ် (သီးခြားနာမ်)

၅၁။ အခြား ဝါစင်္ဂတခုနှင့် ပေါင်းစပ်မှီကပ်ခြင်း မရှိဘဲ သီးခြား တလုံးတည်း ရပ်တည်နိုင်သောနာမ်ကို လုံးချင်းနာမ်ဟု ခေါ်၏။

ပုံစံ

(က) လူ၊ ခွေး၊ နွား၊ ကြက်၊ ငှက်၊ တုတ်၊ ဓား၊ အိမ်၊ ကျောင်း။
(ခ) မာလကာ၊ လိမ္မော်၊ ပိတောက်၊ အင်္ကျီ၊ ပုဆိုး၊ ထမီ၊ သင်္ကန်း။
(ဂ) မြန်မာ၊ တရုတ်၊ မန္တလေး၊ ပဲခူး၊ မြင့်မောင်၊ လှရီ။
(ဃ) လောဘ၊ စေတနာ၊ ပီတိ၊ ဒါရိုက်တာ၊ ဒရိုင်ဘာ၊ စပယ်ယာ။

ရှင်းလင်းချက်

အထက်ပါ (က) (ခ)ပုံစံပါ နာမ်များသည် မည်သည့်ပုဒ်နှင့် မည်သည့်ပုဒ်ကို ပေါင်းစပ်မှီကပ် ထားသည်ဟု ထပ်မံခွဲစိတ်၍မရသဖြင့် လုံးချင်းနာမ်(သီးခြားနာမ်)များ ဖြစ်၏။

(ဂ)ပုံစံရှိ နိုင်ငံ မြို့ ရွာ ရပ်ကွက် လမ်းနှင့် လူအမည်များမှာ အများအားဖြင့် အဓိပ္ပါယ်ကို အဓိက မထားဘဲ မှည့်ခေါ်ထားခြင်းဖြစ်၍ အဓိပ္ပါယ် ထပ်မံခွဲခြမ်းရန် မလိုသောကြောင့် လုံးချင်းနာမ်များဟုသာ ဆိုရ၏။

(ဃ)ပုံစံပါ ပါဠိ၊ အင်္ဂလိပ်စသည့် ဘာသာခြားမွေးစားစကားလုံးတို့ကို သူ့မူရင်းဘာသာ၌ ခွဲ၍ရစေကာမူ မြန်မာဘာသာအဖြစ်သုံးသောအခါ ခွဲ၍မရသောကြောင့် လုံးချင်းနာမ်ဟုသာ ဆိုရ၏။

(ခ) ပေါင်းစပ်နာမ် (သမာသ်နာမ်)

၅၂။ ပုဒ် နှစ်ခု၊ သုံးခုကို ပေါင်းစပ်၍ နာမ်ပုဒ်တပုဒ်ဖြစ်အောင် ဖွဲ့စည်းထားသောနာမ်ကို ပေါင်းစပ်နာမ်ဟု ခေါ်၏။ ၎င်းပေါင်းစပ်နာမ်သည် ပေါင်းစပ်ထားသောပုဒ် အမျိုးအစား ကွဲပြားမှုအရ အောက်ပါအတိုင်း ၆-မျိုးရှိ၏။

(က) နာမ်ချင်း ပေါင်းစပ်နာမ်

ပုံစံ

ရေအိုး၊ ဟင်းအိုး၊ ရေခွက်၊ ရေတံခွန်၊ ရေချိုင့်၊ ရေအိုင်၊ ရေတွင်း၊ ရေကန်။

(ခ) နာမ်နှင့်ကြိယာ ပေါင်းစပ်နာမ်

ပုံစံ

လက်စွပ်၊ လက်ရိုက်၊ ခဲဖျက်၊ မီးခြစ်၊ ငပိကြော်၊ ငပိချက်၊ ချိုးကြော်၊ ထမင်းချက်၊ စက်ပြင်၊ ဆီလောင်း၊ မီးထိုး။

(ဂ) နာမ်နှင့်ဂုဏ် ပေါင်းစပ်နာမ်

ပုံစံ

လူဝ၊ မီးပူ၊ ရေအေး၊ ရေနွေး၊ ကုန်ကြမ်း၊ ကုန်ချော၊ အိမ်သစ်၊ အိမ်ဟောင်း၊ လူဖြူ၊ လူမဲ။

(ဃ) ကြိယာနှင့် နာမ် ပေါင်းစပ်နာမ်

ပုံစံ

သောက်ရေ၊ နေအိမ်၊ အိပ်ခန်း၊ ဖတ်စာ၊ ရောင်းကုန်၊ ဖျော်ရည်၊ ဝင်ပေါက်၊ ထွက်ပေါက်၊ ပျိုးခင်း၊ စိုက်ခင်း၊ ထွက်ငွေ၊ ဝင်ငွေ။

(င) နာမ်၊ကြိယာနှင့်နာမ် ပေါင်းစပ်နာမ်

ပုံစံ

စာရေးဆရာ၊ ရေကူးကန်၊ ကုန်တင်ကား၊ လက်ပတ်နာရီ၊ လက်ကိုင်အိတ်၊ လက်ဆွဲခြင်း၊ ခါးသွေးကျောက်၊ ဝမ်းနုတ်ဆေး၊ လက်နှိပ်စက်၊ လက်ကိုင်ပုဝါ၊ ခေါင်းရိတ်ဓား၊လက်တွန်းလှည်း။

(စ) ကြိယာနှင့် ကြိယာ ပေါင်းစပ်နာမ်

ပုံစံ

ကြော်ချက်၊ ပြွတ်ခြော်၊ စားကြွင်း၊ စားကျန်၊ ကြော်ငြာ၊ ရက်ဖောက်၊ ပေါက်ဘူး၊

(ဂ) ဖွဲ့စည်းနာမ်

၅၃။ ကြိယာပုဒ်ရင်း၊ ဂုဏ်ပုဒ်ရင်းများ နောက်တွင် ခြင်း၊ ချက်၊ မှု၊ စရာ၊ ဖွယ်၊ သူ တို့ကိုငင်း၊ ရှေ့တွင် အ ပစ္စည်းကိုငင်း မှီကပ်၍ ဖွဲ့စည်းထားသောနာမ်ကို ဖွဲ့စည်းနာမ် ဟု ခေါ်၏။ ၎င်းဖွဲ့စည်းနာမ်သည် ၂-မျိုးရှိပါသည်။

ဖွဲ့စည်း နာမ်-၂-မျိုး

ဖွဲ့စည်းနာမ်ပုဒ်များသည် အခြေခံပုဒ်ရင်းကိုလိုက်၍—

(က) ကြိယာပုဒ်ရင်း၏ ရှေ့နှင့်နောက်ပစ္စည်းဆက်၍ ဖွဲ့သော ကြိယာနာမ်၊

(ခ) ဂုဏ်ပုဒ်ရင်း၏ ရှေ့နှင့်နောက်တွင် ပစ္စည်းဆက်၍ ဖွဲ့သော ဂုဏ်ရည်နာမ်-ဟု နှစ်မျိုး ရှိသည်။

ကြိယာနာမ်

အပြော၊ ပြောချက်၊ ပြောခြင်း၊ ပြောမှု၊ ပြောစရာ၊ ပြောသူ၊ ပြောရေး၊ ပြောဖွယ်၊

ဂုဏ်ရည်နာမ်

အပျော်၊ ပျော်စရာ၊ ပျော်ခြင်း၊ ပျော်မှု၊ ပျော်ဖွယ်၊ ပျော်ရေး၊

ဝိသေသလက္ခဏာ 'အ'ပစ္စည်း

၅၄။ (က) ကြိယာပုဒ်ရင်းများရှေ့တွင် 'အ'ပစ္စည်းဆက်၍ နာမ်ဖွဲ့နိုင်ခြင်း၊

(ခ) ဂုဏ်ပုဒ်များကို ကြိယာပုဒ်ရင်း (ဓာတ်)နှင့် အတူထား၍ ပုဒ်ဖွဲ့ ပစ္စည်း (ပါဠိသဒ္ဒါအလို ကိတ်ပစ္စည်း)ဆက်၍ နာမ်ဖွဲ့နိုင်ခြင်း—

တို့မှာ ပါဠိသဒ္ဒါနှင့် မတူသော မြန်မာသဒ္ဒါ၏ ဝိသေသလက္ခဏာဟု မှတ်သားကြရန် ဖြစ်ပါသည်။

'အ'သည် ဥပသာရပုဒ် မဖြစ်နိုင်

၅၅။ အချို့သော ပါဠိပညာရှင်တို့က ကြိယာ (ဓာတ်) ကို နာမ်ပုဒ်အဖြစ် ပြောင်းနိုင်သောပစ္စည်း (ကိတ်ပစ္စည်း) များမှာ ကြိယာ (ဓာတ်)၏ နောက်မှာသာ ဆက်ရသည်။ ထို့ကြောင့် ရှေ့မှ ဆက်သော အ-သည် ပစ္စည်းမဟုတ်၊ ဥပသာရ ဖြစ်သည်ဟု ဆိုကြသည်။ သို့ရာတွင် ကြိယာ(ဓာတ်)၏ ရှေ့၌ ဥပသာရဆက်ရုံဖြင့် နာမ်အဖြစ် ပြောင်းသွားသော ပုဒ်မျိုး ပါဠိဘာသာ၌ လုံးဝမရှိသောကြောင့် အသွား အလာ အပြော အဆို စသည်မှ အ-သည် ဥပသာရပုဒ် မဖြစ်နိုင်။

'အ'သည် အာဂုံမဟုတ်

၅၆။ အချို့ပညာရှင်တို့က 'အ'သည် အလိုအလျောက် ပေါ်လာသော အာဂုံအက္ခရာဟု ဆိုပြန်သည်။ ကြိယာပုဒ်ရင်း၊ ဂုဏ်ပုဒ်ရင်းရှေ့တွင် အာဂုံတခုခု လာရုံဖြင့် ကြိယာပုဒ်၊ ဂုဏ်ပုဒ် တို့က နာမ်ပုဒ်အဖြစ် ပြောင်းသွားခြင်းမျိုး ပါဠိဘာသာ၌ လုံးဝ

မရှိသောကြောင့် အသွား၊အလာ-စသည်မှ 'အ'သည် အာဂုံလည်း မဖြစ်နိုင်။ ထို'အ'သည် ပါဠိဘာသာ၌ မရှိသော၊ ပါဠိသဒ္ဒါကျမ်းများက မရှင်းပြနိုင်သော၊ အင်္ဂလိပ်ဘာသာ၌ မရှိသော၊ အင်္ဂလိပ်သဒ္ဒါကျမ်းများက မရှင်းပြနိုင်သော၊ ပါဠိ၊ အင်္ဂလိပ်သဒ္ဒါတို့ကို ပုံတူကူး၍ မြန်မာသဒ္ဒါမဖြစ်နိုင်ကြောင်း ညွှန်းပြသော မြန်မာသဒ္ဒါ၏ ဝိသေသလက္ခဏာ တရပ်ဟုသာ မှတ်ကြရပါမည်။

(ဃ) လိင်ညွှန်းနာမ်

၅၇။ နာမ်ပုဒ် တခုနောက်တွင် လိင်ညွှန်းပစ္စည်းတခု ဆက်၍ ဖွဲ့စည်းသောနာမ်ကို လိင်ညွှန်းနာမ်ဟု ခေါ်သည်။

၅၈။ မြန်မာဘာသာသည် ပါဠိ၊ သက္ကတ၊ ပြင်သစ်၊ ဂျာမန်ဘာသာတို့ကဲ့သို့ လိင်ကွဲပြားမှုကြောင့် ပုဒ်-ဝါကျ တည်ဆောက်ပုံ ကွဲပြားသောဘာသာ မဟုတ်၊ လိင်မသိသောကြောင့် ဝါကျမမှားနိုင်၊ ထို့ကြောင့် မြန်မာဘာသာတွင် လိင်သုံးပါး၊ လေးပါးအခွဲကို သင်ရန်မလိုချေ။

ယောက်ျား၊ မိန်းမ၊ အထီး-အမကို ခွဲပြရန် နာမ်ပုဒ်နှင့် လိင်ညွှန်းပစ္စည်းဘို့ ဆက်သွယ်ပုံကိုသာ သိထားသင့်ပေသည်။

၅၉။ နေရာဒေသဟော နာမ်ပုဒ်များ နောက်တွင် လိင်ညွှန်းပစ္စည်း **သားနှင့်သူ** ဆက်၍ လိင်ညွှန်းနာမ် ဖွဲ့နိုင်သည်။

မိန်းမ	ယောက်ျား
ကျောင်းသူ	ကျောင်းသား
မြို့သူ	မြို့သား

တောသူ	တောသား
လယ်သူ	လယ်သား
ရွာသူ	ရွာသား
ဈေးသူ	ဈေးသား
ပြည်သူ	ပြည်သား
အိမ်သူ	အိမ်သား

၆၀။ တိရစ္ဆာန်အထီးကို ပြရန် လိင်ညွှန်းပစ္စည်း ဖ၊ ဖို၊ ထီး၊သိုး၊ပိုက်-ပစ္စည်းများဆက်၍ အမကိုပြရန် မ-ပစ္စည်း ဆက်ပေးရသည်။

အထီး	အမ
ကြက်ဖ	ကြက်မ
ကျီးဖို	ကျီးမ
ခွေးထီး	ခွေးမ
ဝက်သိုး	ဝက်မ
နွားပိုက်	နွားမ

၆၁။ နာမ်တခုနောက်တွင် လိင်ညွှန်းပစ္စည်း မ ကို ဆက်ပေးခြင်းဖြင့် လိင်ညွှန်းနာမ် ဖွဲ့နိုင်သည်။ ယောက်ျားနောက်တွင် မ ပစ္စည်း ဆက်ပေးလျှင် မိန်းမဖြစ်သွားသည်။

ယောက်ျား	မိန်းမ
ဆရာ	ဆရာမ
တူ	တူမ

ညီ	ညီမ
ဘုရင်	ဘုရင်မ
ဒကာ	ဒကာမ
သခင်	သခင်မ

(င) ဝိစ္ဆာနာမ်

၆၂။ လုံးချင်းနာမ်တခု၏နောက်တွင် အမျိုးတူအများကို ပြန့်နှံ့စေရန် ဝိစ္ဆာပစ္စည်း တိုင်း နှင့် တကာ ကို နောက်ဆက်၍ငင်း၊

၆၃။ 'အ' ကို နာမ်ရှေ့ကဆက်ကာ နာမ်ကို နှစ်ဆပြု၍ငင်း ဝိစ္ဆာနာမ်ကို ဖွဲ့စည်းနိုင်သည်။

(က) လူတိုင်းသည် ချမ်းသာချင်ကြ၏။
(ခ) ဗုဒ္ဓဘာသာ အိမ်တိုင်းမှာ ဘုရားစင်ရှိသည်။
(ဂ) မောင်မောင်သည် နေ့တိုင်း ဘုရားကိုသွား၏။
(ဃ) မောင်ကျော်သည် အခန်းတကာသို့ဝင်၍ စကားပြောနေ၏။
(င) ဒေါ်လှသည် နေရာတကာမှာ စေ့စပ်၏။
(စ) ရေဒီယိုဖြင့် အပြည်ပြည်မှသတင်းများကို ဖမ်းယူနားဆင် နိုင်သည်။
(ဆ) စာပို့လုလင်သည် အရပ်ရပ်မှ စာများကို ဝေငှပေးရ၏။
(ဇ) သတင်းစာတွင် အမြို့မြို့အနယ်နယ် မှ သတင်းများကို ဖော်ပြ၏။

ဝိသေသလက္ခဏာ ဝိစ္ဆာပစ္စည်း

၆၄။ အများကို ပြန့်နှံ့စေလိုသောအခါ ပါဠိဘာသာတွင် ဝိဘတ်ဆုံးပုဒ်ကို နှစ်ခါထပ်ဆိုရ၏။ သို့ရာတွင် မြန်မာဘာသာ၌ အများကို ပြန့်နှံ့စေလိုသော် နာမ်နောက်တွင် ဝိစ္ဆာပစ္စည်း တိုင်း နှင့် တကာကို ဆက်၍ ဝိစ္ဆာနာမ်ဖွဲ့နိုင်၏။ ပါဠိနှင့်မတူသော ဝိသေသလက္ခဏာ ဖြစ်သည်။

၆၅။ လူတိုင်းလူတိုင်း ချမ်းသာချင်၏။ တန်ဆောင်မုန်းလပြည့်နေ့ညတွင် အိမ်တိုင်းအိမ်တိုင်းမှာ မီးအလှထွန်း၏။ ဟူသော ဝါကျများတွင် ဝိစ္ဆာပုဒ်များကို နှစ်ခါထပ်ဆိုသည်မှာ လေးနက်စေရန်သာဖြစ်၏။ မြန်မာဘာသာ၏ထူးခြားမှုတခု ပေတည်း။

နာမ် နှင့် ကိန်း

၆၆။ ရေတွက်ခြင်းကို ကိန်းဟုခေါ်သည်။သင်္ချာသဘောအရ အရေအတွက်သည် တစ်, နှစ်, သုံး, လေးမှ သိန်းသန်းကုဋေအထိ အများရှိသော်လည်း သဒ္ဒါသဘောအရ ကိန်းသည်—

(က) တခုကိန်း=ဧကဝုစ်ကိန်း၊
(ခ) အများကိန်း=ဗဟုဝုစ်ကိန်း–

ဟု နှစ်မျိုးသာ ရှိသည်။

(က) တခုကိန်း

၆၇။ တခုတည်းသော အရေအတွက်ကို တခုကိန်းဟုခေါ်သည်။ တခုကိန်းဖြစ်ကြောင်းကို ဖော်ပြသောပစ္စည်း

စကား မရှိ။ အများကိန်းပစ္စည်းမပါသော နာမ်ပုဒ်သည် တခုကိန်းနာမ် ဖြစ်သည်။

ပုံစံ (၁) လူကလေးသည် ခွေးကို ရိုက်သည်။

(၂) ဆရာသည် စာအုပ်ကို ကိုင်ထားသည်။

(၃) ဦးလေးမှာ ကားရှိသည်။

ဤပုံစံတွင် **စာလုံးမဲ** ပြထားသော နာမ်ပုဒ်များသည် ဧကဝုစ်ကိန်း=တခုကိန်းများ ဖြစ်သည်။

(ခ) အများကိန်း

၆၈။ တခုထက်ပိုသော အရေအတွက်ကို အများကိန်း=ဗဟုဝုစ်ကိန်းဟု ခေါ်သည်။ အများကိန်းဖြစ်ကြောင်း ပြလိုလျှင် နာမ်ပုဒ်နောက်တွင်—

များ၊ တို့ (တွေ) (တို့တွေ)-

ဟူသော အများကိန်း ပစ္စည်းတခုခု ဆက်ပေးရ၏။

ပုံစံ (၁) ကလေးတို့သည် ခွေးဘို့ကို ရိုက်ကြ၏။
(၂) ကလေးများသည် ခွေးများကို ရိုက်ကြ၏။
(၃) (ကလေးတွေဟာ ခွေးတွေကို ရိုက်ကြတယ်။)
(၄) ဆရာများသည် တပည့်များကို ချစ်ကြ၏။
(၅) ဆရာတို့သည် တပည့်တို့ကို ချစ်ကြ၏။
(၆) (ဆရာတွေဟာ တပည့်တွေကို ချစ်ကြတယ်။)

ဤပုံစံများတွင် **များ၊ တို့၊ တွေ** ဆက်ထားသော နာမ်များသည် အများကိန်းများ ဖြစ်ကြသည်။

တို့နှင့် များ အထူး

၆၉။ တမျိုးတည်းဖြစ်သော၊ သို့မဟုတ် အမျိုးတူဖြစ်သော အများကို တို့၊ များ၊ တွေ ဖြင့် ပြနိုင်သော်လည်း အမျိုးမတူသော အများကို တို့ ဖြင့်သာ သုံးရလေသည်။

ပုံစံ (က) အထက်ပါ ပုံစံများ ပြန်ကြည့်ပါ၊ ကလေးအများ၊ ခွေးအများ၊ ဆရာအများ၊ တပည့်အများဖြစ်၍ တို့၊ များ၊ တွေ ဖြင့် သုံးနိုင်သည်။

ပုံစံ (ခ) (၁) နက်ဖြန် **အဖေတို့** ပြန်လာကြမည်။
(၂) **အမေတို့** ဘုရားသွားကြ၏။
(၃) ကျွန်တော် **မောင်မောင်တို့**အိမ် သွားလည်မည်။
(၄) **ဦးလေးနှင့်အဒေါ်တို့** ပြန်သွားကြပြီ။
(၅) **မောင်ခင်နှင့် မောင်တင်တို့** စာမေးပွဲ အောင်ကြ၏။

ဤပုံစံများတွင် အဖေအများ၊ အမေအများ၊ မောင်မောင်အများ မဟုတ်။ အဖေဦးဆောင်သော၊ အမေ၊ မောင်မောင် ဦးဆောင်သော အုပ်စုဟု ဆိုလိုသည်။ ထို့ကြောင့် တွေ-နှင့် များ-ကို မသုံးနိုင်။ အမေနှင့်အကို၊ အမေနှင့်အမ၊ မောင်မောင်နှင့်မလှ၊ မောင်ခင်နှင့်မောင်တင်တို့မှာ အမျိုးမတူသော အများဖြစ်၍ 'တို့' ကိုသာ သုံးနိုင်သည်။ 'တို့' နှင့် တွဲထားသော နာမ် ဦးဆောင်သည့် အများဟု ဆိုလို၏။ 'တို့' အစား 'များ' ကို သုံးကြည့်ပါက ပြောထုံး၊ ရေးထုံး မဟုတ်ကြောင်း တွေ့ရပေမည်။

နာမ်စားအများကို "တို့"နှင့်သာသုံး

၇၀။ နာမ်စားပုဒ်မှ အများကိုတယောက်နှင့်တယောက် မတူသောကြောင့် "တို့"နှင့်သာ သုံးရသည်။

သူတို့ ပြန်သွားကြပြီ။
မင်းတို့ ဘယ်ကလာသလဲ။
ငါတို့ ကစားကြမည်။

အထူး

၇၁။ အသင်းအဖွဲ့ကို ကိုယ်စားပြုရာ၌ ကျွန်တော်များ ဟုရင်း၊ အခြားသူများကို ရည်ညွှန်းရာ၌ သူများ၊ လူများဟုရင်း သုံးသည်မှာ အသုံးထူးများဖြစ်၏။

ပုံစံ

(က) ကျွန်တော်များ သုကကာရီအသင်းကြီးမှ ကုန်းတော်ယင်ပြင် သန့်ရှင်းရေးအတွက် အလှူခံနေပါသည်။
(ခ) ကျွန်တော်များ စုပေါင်းရှင်ပြုပွဲကြီး လှည့်လည်လာပါပြီ။
(ဂ) သူများပြောတိုင်း မယုံနှင့်။
(ဃ) လူများ ကြိုးစားကြသည်။

၇၂။ မိမိတယောက်တည်းကိုပင် သူများ၊ လူများဟု ထူးခြားစွာ သုံးသေး၏။

ပုံစံ

(က) သူများကိုစ စ နေတယ်။ (သီချင်း)
(ခ) သူများ(လူများ)လဲ ဘုရားကို လိုက်ချင်တာပေါ့။

PDF CREATOR - NYEYADHAMMA@GMAIL.COM

PDF CREATOR - NYEYADHAMMA@GMAIL.COM

အများသင်္ချာနှင့် ကိန်းညွှန်းပစ္စည်း

၇၃။ ပါဠိ၊ သက္ကတ၊ အင်္ဂလိပ်၊ ဂျာမန်ဘာသာတို့တွင် တခုအထက် သင်္ချာနာမဝိသေသနကို ဗဟုဝုစ်နာမ်နှင့် တွဲ၍ ရေး၊ ပြောကြသော်လည်း မြန်မာဘာသာတွင်ကား—

(က) ကိန်းညွှန်းပစ္စည်း မပါဘဲ သုံး၏။ သင်္ချာနာမဝိသေသန ပုဒ်များက တခုထက်ပိုသော အများဖြစ်ကြောင်းကို ပြပြီးဖြစ်၍ ကိန်းညွှန်းပစ္စည်းဖြင့် ထပ်ပြရန် မလိုသောကြောင့် အများသင်္ချာနှင့် ကိန်းညွှန်းပစ္စည်း မတွဲသည်မှာ သဘာဝယုတ္တိ ရှိလှ၏။ ထိုသို့သုံးခြင်းမှာ မြန်မာစာ၊ မြန်မာစကား အစစ်များလည်း ဖြစ်၏။

ပုံစံ

(၁) ကျောင်းသားလေးယောက် ကျောင်းမလာချေ။
(၂) ဆရာအချို့ ဖျားနေ၏။
(၃) ဘုရားရှင်သည် သစ္စာလေးပါးကို ဆရာမရှိ ကိုယ်တော်တိုင် သိတော်မူ၏။
(၄) အလုပ်သမားအားလုံး ပြန်ကြပြီ။
(၅) မေမေ လိမ္မော်သီးဆယ်လုံး ဝယ်လာသည်။

(ခ) အများသင်္ချာနှင့် အများကိန်း နာမ်တို့ကို တွဲ၍ ရေး၊ ပြောလေ့ရှိသော ပါဠိ၊ အင်္ဂလိပ် ဝါကျများ

ကို သဒ္ဒါနည်းကျကျ နိဿယနည်း ဘာသာပြန်ပြောဆို၊ ရေးသားရာမှ တဆင့်အများသင်္ချာနှင့် ကိန်းညွှန်းပစ္စည်းတို့ကို တွဲရေးသည့် ဘာသာပြန်မြန်မာရေးထုံးများလည်း ရှိ၏။ တွဲသောအခါ တို့-ပစ္စည်းဖြင့်သာ တွဲနိုင်၏။ များ၊ တွေ-ပစ္စည်းတို့ဖြင့် တွဲ၍မရပေ။ (ပြောစကား၌ကား လုံးဝ တွဲလေ့မရှိပေ။)

ပုံစံ

(၁) ကျောင်းသားငါးယောက်တို့ စာမေးပွဲအောင်၏။
(၂) လူမိုက်သည် သစ္စာလေးပါးတို့ကို မသိနိုင်။
(၃) မောင်မောင်သည်သရက်သီးရှစ်လုံးတို့ကို ဝယ်ခဲ့၏။
(၄) သင်တို့သည် မဂ္ဂင်ရှစ်ပါးတို့ကို ပွါးများလော့။
(၅) ကလေးငါးယောက်တို့ စာမေးပွဲအောင်ကြ၏။
(၆) ကျောင်းသား အားလုံးတို့ အတန်းတွင်း ရောက်ကြပြီ။

"တို့များ" လေးနက်ပစ္စည်း

၃၄။ တို့များ-ကို ဗဟုဝုစ်ကိန်း ပစ္စည်းအနေ မဟုတ်ဘဲ ပြောစကားတွင် လေးနက်ပစ္စည်းအ-ဖြစ် အသုံးပြု၏။

ပုံစံ

(က) ကျွန်တော်တို့များ သူများပစ္စည်း မလိုချင်ပါဘူး။
(ခ) မောင်မောင်တို့များ သိပ်နေနိုင်တာဘဲ၊ အိမ်ဖက်တောင် အလည်မလာဘူး။
(ဂ) မလှတို့များ သိပ်စန်းပွင့်နေတာဘဲ။

"များ" လေးနက်ပစ္စည်း (မြန်မာ့အသုံးထူး ရေးထုံး)

၃၅။ "များ"ကို ကိန်းညွှန်း ပစ္စည်း အနေဖြင့် မဟုတ်ဘဲ သံသယအဓိပ္ပါယ်ကို လေးနက်စေသည့် နာမ်ထောက်ပစ္စည်း အနေဖြင့်လည်း သုံးသည်။ ထိုအခါ "များ"သည် နာမ်ပုဒ်နောက်တွင် ကပ်မနေဘဲ ဝိဘတ်၏နောက်တွင်သာ ရှိနေရပေသည်။

ပုံစံ

(က) အမေနဲ့များ တွေ့မလားလို့။
(ခ) ဦးလေးတို့ကိုများ မှီအုံးမလားလို့။
(ဂ) ငါ့စာအုပ် မောင်မောင်များ ယူသွားလား မသိဘူး။
(ဃ) ကျွန်တော်က သူတို့နဲ့ ဘုရားမှာများ တွေ့မလားလို့။
(င) လမ်းမှာများ ကျကျန်ခဲ့လား မသိဘူး။
(စ) ဘယ်ကိုများ သွားနေကြလဲ မသိဘူး။

မှတ်ချက်။ ။၎င်းတို့မှာ ပါဠိ၊ အင်္ဂလိပ်စသော အခြားဘာသာတို့ဖြင့် အဓိပ္ပါယ်ထပ်တူကျအောင် ဘာသာပြန်ဆိုရန် ခဲယဉ်းသော မြန်မာ့အသုံးထူး ရေးထုံး၊ ပြောထုံး (မြန်မာအိဒီယံ)များဖြစ်သည်။

"တို့"ပစ္စည်းမှ "တို့"နာမ်စားသို့ ပြောင်းခဲ့ပုံ

၃၆။ ငါတို့၊ ကျွန်တော်တို့၊ ကျွန်မတို့၊ ကျွန်ုပ်တို့-ဟူသော အသုံးမှ ငါ၊ ကျွန်တော်၊ ကျွန်ုပ် နာမ်စားတို့ကို ဖြုတ်ကာ "တို့"ကို နာမ်စား အနေဖြင့် သုံးကြ၏။ အသံထွက်ကို လိုက်၍ "ဒို့" ဟူ၍လည်း ရေးကြ၏။

(က) ဒါ တို့ပြေ ဒါ တို့မြေ ဒါ ငါတို့မြေ၊
(ခ) တို့ဗမာအစည်းအရုံး၊
(ဂ) ကျွေးမွေးသုတ်သင်၊ သက်ဆိုးပင်၊ ချစ်ခင်ရှာပေ တို့မေမေ။
(ဃ) စားဝတ်နေရေး၊ ငွေရှာပေး၊ ကျေးဇူးကြီးပေ တို့ဖေဖေ။
(င) ဒို့ကျောင်းသားစာစောင်၊
(စ) ဒို့စာ ဒို့သဒ္ဒါ ဒို့စကား၊
(ဆ) တို့လဲ လိုက်မယ် ချန်မထားနဲ့၊ အမေသွားတော့ ပျင်းလှတယ်။

နာမ်ဆိုင်ရာလေ့ကျင့်ခန်း

၇၇။ အောက်ပါ လေ့ကျင့်ခန်းများကို ဖတ်၍ စိတ်ဖြင့်ဖြေပါ၊ အဖြေကို မသိလျှင် စာအုပ်တွင် ပြန်၍ လေ့လာပါ။

(က) နာမ် ဟူသည် အဘယ်နည်း။
(ခ) အဘယ့်ကြောင့် လုံးချင်းနာမ်ဟု ခေါ်သနည်း။
(ဂ) မြို့ ရွာ လမ်း လူနာမည်များနှင့် နိုင်ငံခြားဘာသာမှ မွေးစား စကားလုံးများကို အဘယ့်ကြောင့် လုံးချင်းနာမ်ထဲ သွင်းရသနည်း။
(ဃ) ပေါင်းစပ်နာမ်ကို မည်ကဲ့သို့ ဖွဲ့စည်းနိုင်သနည်း၊ ဖွဲ့စည်းပုံငါးမျိုးကို ပုံစံတခုစီဖြင့် ရှင်းပြပါ။
(င) ဖွဲ့စည်းနာမ်ဖြစ်ရန် မည်သည့်ပုဒ်ဖွဲ့ပစ္စည်းများ ဆက်တွဲပေးရသနည်း၊ ပုံစံ နှစ်ခုစီ ပြ၍ ဖြေပါ။

(စ) အထီး ယောကျ်ားများကို ပြရန် ဆက်ပေးရသော လိင်ညွှန်းပစ္စည်းများကို ပြ၍ ပုံစံနှစ်ခုစီ ပေးခဲ့ပါ။
(ဆ) အမ မိန်းမကို ဖော်ပြသော လိင်ညွှန်း နာမ်ပစ္စည်းများကို ပုံစံဖြင့် ရေးပြပါ။
(ဇ) အောက်ပါနာမ်ပုဒ်များကို ဖွဲ့စည်းပုံ ကွဲပြားချက် အရ ဇယား ငါးကွက်ချ၍ ခွဲပြပါ။

ဟင်းအိုး၊ မီးတိုင်၊ နေအိမ်၊ လှမြင့်၊ အစောင့်၊ ကင်းတပ်၊ ခါးပိုက်နှိုက်၊ ခွေးဘီလူး၊ စားစရာ၊ အမဲ၊ ထွန်းအောင်၊ ပြောခြင်း၊ အစား၊ ကြက်ဆင်၊ လက်နှိပ်စက်၊ ထမင်းအိုး၊ ထမင်းစားခန်း၊ ဖတ်စာ၊ ဝမ်းနုတ်ဆေး၊ ပဲခူး၊ လက်တွန်းလှည်း၊ ကျမ်းပြုဆရာ၊ စာရေးမ၊ ကျောင်းသူ၊ အနယ်နယ်၊ အထူး၊ အကြီး၊ ကျောင်းသား၊ ကလေးတိုင်း၊ အပြည်ပြည်၊ ညတိုင်း၊ ကြက်ဖ၊ ဖျော်ရည်၊ လက်ဆွဲခြင်း၊ လက်ဖွဲ့၊ လက်ဆွဲအိတ်၊ လှပခြင်း၊ စားစရာ၊ အိမ်တကာ၊ လိမ်မာခြင်း၊ အကောင်း၊ ရောင်းကုန်၊ ပေးသူ၊ လမ်းတကာ၊ အချင်းချင်း၊ အနတ်နတ်။

(ဈ) ကိန်းဟူသည် အဘယ်နည်း၊ ကိန်း ဘယ်နှစ်မျိုး ရှိသနည်း။
(ည) ကိန်းတခုစီကို အဓိပ္ပါယ် ဖော်ပြ၍ ပုံစံ ၅-ခုစီ ပေးပါ။

(ဋ) ကိန်းညွှန်း ပစ္စည်းများကို ဖော်ပြ၍ 'များ'ဖြင့် မသုံးနိုင်သော အများကိန်းကို ပုံစံသုံးခု ထုတ်၍ အဓိပ္ပါယ် ရှင်းပြပါ။

(ဌ) အများသင်္ချာနှင့် ကိန်းညွှန်းပစ္စည်း တွဲ·မတွဲ နှစ်မျိုး ရှိရာ သင် အဘယ်ကို ကြိုက်သနည်း၊ အကြောင်းပြ ဖြေပါ။

(ဍ) အောက်ပါဝါကျရှိ ကွက်လပ်များတွင် ကိန်းညွှန်း ပစ္စည်း ဖြည့်ပေးပါ၊ (မဖြည့်ဘဲ ရနိုင်မည်ဟုထင် လျှင် မဖြည့်ဘဲ သူ့အတိုင်း ထားနိုင်သည်။)

(၁) လူကလေး........ကစားနေကြ၏။
(၂) မလှသည် ကျောင်းသား လေးယောက်........ကို စာပြနေ၏။
(၃) အမေ........ပြန်လာတော့မည်။
(၄) လူ........သည် ချမ်းသာချင်ကြ၏။
(၅) မမြ........မရောက်ကြသေးချေ။
(၆) အဖေနှင့်အမေ........ဘုရားသွားသည်။
(၇) အမသည် သရက်သီး ငါးလုံး........ဝယ်လာ၏။
(၈) မောင်ဘနှင့် မောင်လှ........စာမေးပွဲအောင်သည်။
(၉) ကျွန်တော် ဦးလေး........အိမ်မှာ အိပ်သည်။
(၁၀) မောင်ခင်.......အိမ်ပြန်သွားပြီ။
(၁၁) ဆရာသည် စာအုပ်........ကို ဝယ်လာ၏။
(၁၂) ဦးဘသည် ကားသုံးစီး........ကို ပိုင်၏။

(၁၃) ညနေ မမြ....လာကြလိမ့်မည်။
(၁၄) ဆရာ........ပဲခူးကို လေ့လာရေးထွက်သည်။

(ဎ) အောက်ပါနာမ်ပုဒ်များတွင် အထီးကို ဖော်ပြရန် လိုသော လိင်ညွှန်းပစ္စည်းများ ဆက်ပေးပါ၊ (မလိုက သူ့အတိုင်း ထားပါ)။

ဆရာ၊ ဒေါင်း၊ ခွေး၊ တူ၊ ကြက်၊ ကျီး၊ ဘုရင်၊ ဝက်။

(ဏ) အောက်ပါ နာမ်များတွင် အမကို ဖော်ပြရန် လိင်ညွှန်းပစ္စည်း ဆက်ပေးပါ။

ကျား၊ ဆင်၊ တူ၊ ခွေး၊ ဘုရင်၊ တပည့်၊ စာရေး၊ စာရေး ဆရာ။

ဝါစင်္ဂ-၂

နာမ်စား

အစိပ္ပါယ်ဖွင့်ဆိုချက်

၇၈။ နာမ်ပုဒ်အစား သုံးရသော ပုဒ်ကို **နာမ်စား** ပုဒ်ဟု ခေါ်သည်။

(က) မောင်မောင်က ငါ စာမေးပွဲ အောင်သည်ဟု ပြော၏။

(ခ) မလှက ငါ စာမေးပွဲ အောင်သည်ဟု ပြော၏။

(ဂ) လူကလေးက ငါ စာမေးပွဲအောင်သည်ဟု ပြော၏။

(ဃ) ဆရာက မောင်မောင်ကို မင်း စာမေးပွဲ အောင်သလားဟု မေး၏။

(င) ဆရာက မလှကို မင်း စာမေးပွဲအောင်သလားဟု မေး၏။

(စ) ဆရာက လူကလေးကို မင်း စာမေးပွဲအောင်သလားဟု မေး၏။

(ဆ) မောင်မောင်က သူ စာရေးပြီးပြီဟု ပြော၏။

(ဇ) မလှက သူ စာရေးပြီးပြီဟု ပြော၏။

(ဈ) လူကလေးက သူ စာရေးပြီးပြီဟု ပြော၏။

အထက်ပါ ဝါကျများတွင် မောင်မောင်၊ မလှ၊ လူကလေး ဟူသော နာမ်ပုဒ်များအစား ငါ၊ မင်း၊ သူ ဟူသော ပုဒ်များကို

သုံးထားသဖြင့် ငါ၊ မင်း၊ သူ ဟူသော ပုဒ်များကို နာမ်စားပုဒ်ဟု ခေါ်သည်။

နာမ်နှင့် နာမ်စား

၇၉။ နာမ်နှင့် နာမ်စားတို့သည် အနက်ဒြဗ်တခုကို ညွှန်ပြပုံချင်း တူသော်လည်း နာမ်ပုဒ် တပုဒ်က အနက်တခုကိုသာ ညွှန်ပြနိုင်၍ နာမ်စားပုဒ်သည်ကား အနက် ရာ ထောင် သိန်း သန်းကို ကိုယ်စားပြုနိုင်သည်မှာ ထူးခြားချက် ဖြစ်ပေသည်။

၈၀။ ၎င်းပြင် ဝါကျတခုတွင် နာမ်ပုဒ်တခုကို တကြိမ် သုံးပြီးပါက နောက်ဝါကျများတွင် နာမ်ပုဒ်ကို မသုံးတော့ဘဲ နာမ်စားပုဒ်များကိုသာ ဆက်ကာ ဆက်ကာ သုံးသွားခြင်းဖြင့် အဓိပ္ပါယ်လည်း တိကျ၊ စကားလည်း သိပ်သည်း ချောမော ပြေပြစ်သွားပေသည်။

ပုံစံ

(က) ကျွန်တော်၏ အချစ်ဆုံး သူငယ်ချင်းမှာ မောင်ခင် ဖြစ်ပါသည်။

(ခ) **သူသည်** သတ္တမတန်းတွင် ပညာသင်နေပါသည်။

(ဂ) **သူသည်** အတန်းထဲတွင် အတော်ဆုံးဖြစ်၍ ဆရာများက **သူ့** ကို ချစ်ပါသည်။

(ဃ) **သူသည်** ကျောင်းမှ ပြန်လာသောအခါ **သူ့** အမေနှင့် အတူ ဈေးရောင်းပါသည်။

၈၁။ နာမ်နှင့် နာမ်စားပုဒ်တို့သည် ဝါကျတွင်း၌ ကတ္တားပုဒ်၊ ကံပုဒ်၊ အသုံးခံပုဒ် စသည်ဖြင့် လုပ်ငန်းအတူတူကို လုပ်ကြသော်

လည်း အထက်တွင် ပြခဲ့သည့်အတိုင်း ရေးထုံး၊ ပြောထုံး မတူသောကြောင့် သဒ္ဒါကျမ်းများတွင် နာမ်နှင့် နာမ်စားကို ခွဲခြား ပြဆိုကြလေသည်။ ပါဠိသဒ္ဒါတွင် နာမ်စားပုဒ်များကို သဗ္ဗနာမ် ဟု ခေါ်၏။ နာမ် အားလုံးအတွက် နာမ်အားလုံးအစား သုံး၍ရသောနာမ်ဟု အဓိပ္ပါယ်ရသဖြင့် နာမ်စားဟု ခေါ်ခြင်းနှင့် အတူတူ ဖြစ်ပေသည်။

နာမ်စား(၇)မျိုး

၈၂။ နာမ်စားပုဒ်ကို အောက်ပါအတိုင်း ခွဲခြားနိုင်သည်–

(က) ပုဂ္ဂလနာမ်စား၊
(ခ) အညွှန်းနာမ်စား၊
(ဂ) ပုစ္ဆာနာမ်စား၊
(ဃ) သမ္ဗန္ဓနာမ်စား၊
(င) အပိုင်ခံနာမ်စား၊
(စ) လေးနက်နာမ်စား၊
(ဆ) ကိုယ်တိုင်ခံနာမ်စား—

ဟု (၇)မျိုး ရှိသည်။

(က) ပုဂ္ဂလနာမ်စား

၈၃။ လူပုဂ္ဂိုလ်အစား သုံးသောပုဒ်ကို **ပုဂ္ဂလနာမ်စားဟု** ခေါ်၏။ ပါဠိ၊ သက္ကတ၊ ဂျာမန်၊ ဂျပန်၊ အင်္ဂလိပ် စသော ဘာသာတို့တွင် လူပုဂ္ဂိုလ် အကြီး-အငယ် မခွဲခြားဘဲ နာမ်စား တမျိုးတည်းကို သုံးကြသော်လည်း မြန်မာဘာသာ၌ကား အကြီးသုံး၊ သို့မဟုတ် ရွယ်တူသုံး ပုဂ္ဂလနာမ်စားနှင့် အငယ်သုံး၊

သို့မဟုတ် အယဉ်သုံး ပုဂ္ဂလနာမ်စားတို့ကို ခွဲခြားထားပေသည်။ အကြီး၊ ရွယ်တူသုံး နာမ်စား၌ ယောကျ်ား၊ မိန်းမ မခွဲခြားဘဲ တမျိုးတည်း သုံးသော်လည်း အငယ်၊ အယဉ်သုံး နာမ်စား၌ အချို့မှာ ယောကျ်ားသုံး၊ မိန်းမသုံး ခွဲခြားထားပေသည်။

အကြီး-ရွယ်တူ	အငယ်-အယဉ်	
	ယောကျ်ား	မိန်းမ
ငါ	ကျွန်တော် (ကျနော်) တပည့်တော်	ကျွန်မ (ကျမ) တပည့်တော်မ
မင်း	ကျွန်ုပ် (အခန့်သုံး) အကျွန်ုပ်(။)	ကျွန်ုပ် (အခန့်သုံး) အကျွန်ုပ်(။)
ကျုပ်	ကျုပ် (။)	ကျုပ် (။)
နင်၊ သင်	ခင်ဗျား	ခင်ဗျား
အသင်	ရှင်	ရှင်
ညည်း (မိန်းမ အတွက် သာ)	တော် (အညာသုံး)	တော် (အညာသုံး)
ကိုယ်	ကိုယ်	ကိုယ်
မောင်ရင် (ယောကျ်ား အတွက်သာ)		
သူ မိမိ	သူ မိမိ	သူ မိမိ

မှတ်ချက်။ ။(က) မြန်မာဘာသာ၌ သူမဟူသော နာမ်စား မရှိချေ။

ယောကျ်ား၊ မိန်းမ နှစ်မျိုးလုံးကို **သူဟုသာ** တမျိုးတည်း သုံးရသည်။

အင်္ဂလိပ်နာမ်စားကို ဘာသာပြန်ရာမှ **သူမ** ဟူသော ဝေါဟာရသည် "အရေး မြန်မာဘာသာ" ထဲသို့ ရောက်လာ၏။သူမ ဟု "အပြောဘာသာ"၌ လုံးဝ မသုံးချေ။

(ခ) ပါဠိ၊သက္ကတတို့တွင် ပုဂ္ဂလနာမ်စားကို အမှုယောဂ၊ တုမှုယောဂ၊ နာမယောဂ ဟု ယောဂကွဲသည့် အလျောက် အဆုံးသတ် ကြိယာ၏ ကြိယာဝိဘတ် ကွဲသောကြောင့် ယောဂ သုံးပါး ခွဲပြ၏။ အင်္ဂလိပ်ဘာသာတွင် တဆင့်စကားပြန်ပြောရာ၌ ပြောသူ၊ နာသူ နာမ်စားကို အခြားသူ နာမ်စားသို့ ပြောင်းပေးရ၏။ ထို့ကြောင့် အင်္ဂလိပ်၊ ပါဠိ၊ သက္ကတ ဘာသာတို့တွင် ပုဂ္ဂလနာမ်စားကို သုံးမျိုးခွဲ သိသင့်ပေသည်။ မြန်မာဘာသာ၌ကား နာမ်စားကတ္တား ပြောင်းသလောက် ကြိယာဝိဘတ်လည်း မပြောင်း၊ တဆင့် ပြောစကားတွင်လည်း နာမ်စားတို့ကို မပြောင်းဘဲ ရေးနိုင်၊ ပြောနိုင်သောကြောင့် ပုဂ္ဂလနာမ်စားကို ထပ်ခွဲရန် မလိုပေ။

(ခ) အညွှန်းနာမ်စား

၇၄။ အနီး၊ အဝေးရှိ နာမ်ပုဒ်တခုကို ညွှန်ပြသော နာမ်စားကို **အညွှန်းနာမ်စား**ဟု ခေါ်၏။

အနီးညွှန်	အဝေးညွှန်	ပြောသူနှင့်ဝေး, နားထောင်သူနှင့် နီး	အနီး အဝေး
ဤ၊ဤဟာ၊	ထို၊ ထိုဟာ၊	(အဲဒီ)၊ (အဲဒီဟာ)	၎င်း
သည်၊	ဟို၊ ဟိုဟာ၊	(အဲဒီဥစ္စာ)၊ (အဲဒါ)	
သည်ဟာ	ဟိုဥစ္စာ၊	အဲသည်၊အဲသည်ဒင်း	ယင်း
ဒီ(ဒီဟာ)	(ဟော ဟို)	အဲသည်ဒင်းဟာ	အနို
သည်ဥစ္စာ၊	ဟောဟိုဟာ	အဲသည့်ဟာ	အနှာ
(ဒီဥစ္စာ)ဒါ၊	ဟိုဒင်း	အဲသည့်ဥစ္စာ	သင်း
(ဟောဒီ၊	ဟောဟိုဒင်း	အဲသာ၊အဲသဟာ	ချင်း
ဟောဒါ)		အဲဟို အဲဟိုဟာ	ဒင်း
သည်ဒင်း		အဲဟိုဥစ္စာ၊ အဲဟိုဒင်းဟာ	အဝှါ
ဒီဒင်း			ဟာဝါ

အနီးညွှန်းပုံစံများ

(က) ဤကား အဓိပ္ပါယ်တည်း။
(ခ) **ဤဟာ**သည် စာအုပ် ဖြစ်၏။
(ဂ) **သည်မှာ** ထိုင်နေပါ။
(ဃ) ဒီမှာ ထိုင်နေပါ။
(င) **သည်ဟာ** ဘယ်သူ့ ခဲတံလဲ။
(စ) **ဒီဟာ** ဘယ်သူ့အိမ်လဲ။
(ဆ) **ဒီဥစ္စာ** ဘယ်သူ ယူကိုင်သလဲ။
(ဇ) **ဒါ** ကျွန်တော့်အဒေါ် အိမ်ပါ။
(ဈ) စာအုပ်တွေ **ဟောဒီမှာ** လာပုံပါ။

အဝေးညွှန်း နာမ်စားပုံစံများ

(က) ဤသို့လာ ထိုသို့သွားနှင့်၊ အငှါး ခန္ဓာမြှောင်
ကြတယ်၊ ဆန်းခေါင်ထိမျိုး။
(ခ) **ထိုဟာ**သည် ပေတံ ဖြစ်၏။
(ဂ) ထိုးကို ဟိုမှာ ချိတ်ထားပါ။
(ဃ) ဟိုဟာ ဘယ်သူလဲ။
(င) **ဟိုဥစ္စာ** ဘယ်သူ့ကားလဲ။
(စ) ဦးမြ **ဟောဟို**မှာ ထိုင်နေတယ်။

ပြောသူ ဝေး,နားထောင်သူ နီး အညွှန်းနာမ်စားပုံစံများ

(က) တို့ **အဲဒီ**ကို လာမယ်။
(ခ) **အဲဒီ**ဟာ ဘယ်သူ့ဟာလဲ။
(ဂ) **အဲဒါ** ဘယ်သူ့ဟာလဲ။
(ဃ) **အဲဒီဥစ္စာ**ကို မင်းမကြိုက်ဘူးလား။
(င) **အဲဒီ**က ဘယ်သူတွေ လိုက်ကြမလဲ။

နီး-ဝေး-ညွှန်း နာမ်စားပုံစံများ

(က) ဦးမြသည် ကားတစီး ဝယ်ထား၏။
ရင်းကို မနေ့က ပြန်ရောင်းလိုက်သည်။
(ခ) ဦးတင် စာအုပ် တအုပ် ဝယ်လာ၏။
ရင်းကို ကျွန်တော် မကြိုက်ချေ။

အညွှန်းနာမ်စားနှင့် အညွှန်းနာမဝိသေသန

၇၅။ အညွှန်းနာမ်စားနှင့် အညွှန်း နာမဝိသေသနတို့မှာ ပုဒ်အားဖြင့် အတူတူဖြစ်သည်။ နောက်မှ နာမ်ပုဒ်တခုပါလျှင်

အညွှန်းနာမဝိသေသနဖြစ်၍ နာမ်ပုဒ်မပါလျှင် အညွှန်းနာမ်စားဖြစ်သည်။ (နာမဝိသေသနခန်းကြည့်။)

(ဂ) အမေးနာမ်စား

၇၆။ နာမ်ပုဒ်တခု၏ အစားသွင်း၍ မေးရသော နာမ်စားကို **အမေးနာမ်စား**ဟု ခေါ်၏။ အမေးနာမ်စားနှင့် မေးသော ဝါကျတွင် **လဲ၊နည်း** ဟူသော အမေးပစ္စည်း ဆက်ပေးရ၏။

ပုံစံ

ဘယ်၊ အဘယ်၊ ဘယ်သူ၊ ဘယ်ဟာ၊ ဘာ၊ ဘယ်သူ့ဟာ

(က) နာမ်ဟူသည် **အဘယ်**နည်း။
(ခ) **အဘယ်**ကို နာမ်ဟု ခေါ်သနည်း။
(ဂ) သင်တို့ **ဘယ်**ကို သွားကြမည်နည်း။
(ဃ) သူ **ဘယ်**မှာ နေသလဲ။
(င) ဒီသူငယ်က **ဘယ်သူ**လဲ။
(စ) မောင်လှ **ဘယ်သူ**နှင့် နေသလဲ။
(ဆ) မင်းအိတ်ထဲက **ဘာ**လဲ။
(ဇ) အမေ **ဘာ** ဝယ်လာသလဲ။
(ဈ) ဆရာ **ဘာ** လုပ်နေသလဲ။
(ည) ဒီအဖြေနှစ်ခု **ဘယ်ဟာ** မှန်သလဲ။
(ဋ) ဖောင်တိန်အနီနဲ့ အနက် **ဘယ်ဟာ**ကို ကြိုက်သလဲ။
(ဌ) အိမ်နဲ့ကား နှစ်မျိုးမှာ **ဘယ်ဟာ**ကို အရင်ဝယ်မလဲ။
(ဍ) ဒီ ဖောင်တိန် **ဘယ်သူ့ဟာ**လဲ။
(ဎ) ဟိုစာအုပ် **ဘယ်သူ့ဟာ**လဲ။

မည်သူ၊ မည်သည့်ဟာ၊ မည်သူ့ဟာ

(က) သင် **မည်သူ** နည်း။
(ခ) မောင်လှ **မည်သူ** နှင့် နေသနည်း။
(ဂ) အိမ်မှာ **မည်သူ့** ကို တွေ့ခဲ့သနည်း။
(ဃ) သင် စာပွဲပေါ်မှာ မည်သည့်ဟာကို တွေ့ခဲ့သနည်း။
(မည်သည့်အရာကို တွေ့ခဲ့သနည်း။)
(င) ဤ စာအုပ် **မည်သူ့ဟာ** ဖြစ်သနည်း။
(စ) သင် **ဘယ်သူ့** ဟာကို ယူလာသလဲ။

အမေးနာမ်စားနှင့် အမေးနာမဝိသေသန

၈၇။ အမေး နာမ်စားနှင့် အမေးနာမဝိသေသနတို့သည် ပုဒ်အားဖြင့် အတူတူဖြစ်သည်။ နောက်မှ နာမ်ပုဒ် ဆက်မလာလျှင် အမေးနာမ်စားဖြစ်သည်။ (နာမဝိသေသနအခန်း ကြည့်။)

(ဃ) သင်္ချာ နာမ်စား

၈၈။ အရေအတွက် သင်္ချာ၊ အနဲ၊ အများ ပမာဏကို ကိုယ်စားပြုသော နာမ်စားပုဒ်ကို **သင်္ချာနာမ်စား**ဟု ခေါ်၏။

တစ်၊ နှစ်၊ သုံး၊ လေး စသည်

အချို (တချို)၊ အားလုံး၊ တဝက်၊ နဲနဲ၊ အများကြီး။

(က) ဦးမြမှာ သား နှစ်ယောက်ရှိသည်။ **တယောက်က** မန္တလေးမှာ နေ၍ **တယောက်က** ရန်ကုန်မှာ နေပါသည်။

(ခ) မလှသည် နှင်းဆီပန်း ၄ ပွင့် ဝယ်ခဲ့သည်။ ၃ ပွင့်ကို ဘုရားလှူ၍ **တပွင့်**ကို ပန်ရန် ဖြစ်သည်။
(ဂ) အမေသည် ဩဇာသီး တခြင်း ဝယ်လာသည်။ **အချို့**ကို ဆွမ်းလောင်း၍ **အချို့**ကို စားရန် ဖြစ်သည်။
(ဃ) ဦးမြမှာ သားသမီး ခြောက်ယောက် ရှိ၏။ **အားလုံး** ဘွဲ့ရပညာတတ်များ ဖြစ်သည်။
(င) အတန်းထဲမှာ ကျောင်းသား ၄၀ ရှိသည်။ **တချို့** သင်္ချာတော်၍ **တချို့** အင်္ဂလိပ်စာတော်သည်။

သင်္ချာနာမ်စားနှင့် သင်္ချာနာမဝိသေသန

၈၉။ သင်္ချာ နာမ်စားနှင့် သင်္ချာနာမဝိသေသနတို့သည် ပုဒ်နေ အားဖြင့် အတူတူ ဖြစ်သည်။ သင်္ချာပုဒ်များ ရှေ့သို့မဟုတ် နောက်တွင် နာမ်ပုဒ်လိုက်၍ ရေးပြောလျှင် သင်္ချာနာမဝိသေသနဖြစ်၍ ရှေ့နောက်တွင် နာမ်ပုဒ်မလိုက်ဘဲ ၎င်း သင်္ချာပုဒ်များကိုပင် ကတ္တား၊ ကံ အဖြစ် သုံးလျှင် သင်္ချာ နာမ်စားဖြစ်၏။ (သင်္ချာ နာမဝိသေသန ပုံစံများကို နာမဝိသေသန အခန်းတွင် ကြည့်ပါ။)

(င) အပိုင်းခံ နာမ်စား

၉၀။ ပိုင်ရှင် နာမ်ပုဒ်၊ နာမ်စားပုဒ်နှင့် တွဲ၍ပြရသော နာမ်စားကို **အပိုင်ခံနာမ်စား**ဟု ခေါ်၏။

(က) ဤပေတံသည် **ဆရာ့ဟာ** ဖြစ်၏။
(ခ) ဤဖောင်တိန်သည် **မောင်ဘဟာ**ဖြစ်၏။
(ဂ) **သူ့ဟာ**ကို ဘယ်သူယူသလဲ၊
(ဃ) **အမေ့ဟာ** ကျွန်တော် မယူပါ၊
(င) ဒီ ထီးဟာ **ကျွန်တော့်ဟာ**ပါ။

(စ) လေးနက် နာမ်စား

၉၁။ အလုပ်တခုကိုတဆင့်မခိုင်းဟု လေးနက်စေလိုသော အခါ ပုဂ္ဂလနာမ်စားများနောက်တွင် **ကိုယ်တိုင်**ဟူသော ပစ္စည်းဆက်၍၎င်း၊ အခြားသူ အကူအညီမပါဟု လေးနက်စေလိုသောအခါ ပုဂ္ဂလနာမ်စားနှစ်ခုအကြား **ဖာသာ**၊ဖာဟူသော ပစ္စည်းများဆက်၍၎င်း**လေးနက်နာမ်စား**ကို ဖွဲ့စည်းနိုင်၏။

ပုံစံ

(က) သင့်စာအုပ် မောင်လှယူသွားသည်ကို **ကျွန်တော်ကိုယ်တိုင်** မြင်ပါသည်။
(ခ) **သူကိုယ်တိုင်** ကျွန်တော့်အိမ်သို့ လာ၍ ခေါ်ပါသည်။
(ဂ) ဤ လက်ဆောင်ပစ္စည်း များကို **သင်ကိုယ်တိုင်** ပေးပါ။
(ဃ) ဒီကိစ္စ **ငါကိုယ်တိုင်** သွားပြောမည်။
(င) ညွန်ကြားရေးမှူးသည် အစည်းအဝေးမှတ်တမ်းကို **သူ့ဖာသာသူ** ရေး၏။
(စ) မောင်မောင်သည် ထမင်းကို **သူ့ဖာသူ**ချက်စား၏။
(ဆ) ဤအိမ်ပုံစံကို **မင်းဖာမင်း** ဆွဲသလား။

(ဇ) ကျွန်တော် ရေးသမျှ စာများကို **ကျွန်တော့်ဖာကျွန်တော်** ထုတ်ဝေပါသည်။

(ဆ) ကိုယ်တိုင်ခံနာမ်စား

၉၂။ ကတ္တား၏ လုပ်ဆောင်ချက်သည် ပြုလုပ်သူသို့ တုံ့လည်၍ ပြန်လာလျှင် ပြုလုပ်သူ ကတ္တားနှင့် အပြုခံ ကံပုဒ်တို့သည် တဦးတည်းဖြစ်နေသည်ကိုပြရန် ပုဂ္ဂလနာမ်စား နှစ်ခု၏ အကြား **ကိုယ်** ဟူသော ပစ္စည်းကို ထည့်၍ ရှေ့ပုဂ္ဂလနာမ်စား၏ သံရှည်များကို သံတိုသို့ (အောက်မြစ်အရေးသို့) ပြောင်းပေးကာ **ကိုယ်တိုင်ခံနာမ်စား**ပုဒ်ကို ဖွဲ့စည်းရ၏။

ပုံစံ

(က) မောင်တင်သည် **သူ့ကိုယ်သူ** အပြစ်တင်၏။
(ခ) မောင်လှ **မင့်းကိုယ်မင်း** ပြန်ကြည့်ပါ။
(ဂ) ငါ့ကိုယ်ငါ ဒုက္ခပေးနေပါကလား။
(ဃ) သူတို့ကိုယ်သူတို့ လူတတ်ကြီးတွေ ထင်နေကြသည်။
(င) မင်းတို့ကိုယ်မင်းတို့ သူဌေးသားတွေ မှတ်နေကြသလား။

နာမ်စားဆိုင်ရာလေ့ကျင့်ခန်း

၉၃။ အောက်ပါမေးခွန်းကို စိတ်ဖြင့် ဖြေပါ၊ မဖြေနိုင်လျှင် စာအုပ်တွင် ပြန်လေ့လာပါ—
(က) နာမ်စားဟူသည် အဘယ်နည်း၊ ပုံစံထုတ်၍ ရှင်းပြပါ။

(ခ) နာမ်စား ဘယ်နှစ်မျိုးရှိသနည်း၊ ရေတွက်ပြပါ။

(ဂ) လူကြီးက လူငယ်အား ပြောသော ပုဂ္ဂလနာမ်စားများကို ဝါကျ တခုစီဖြင့် ရေးပြပါ။

(ဃ) အသက်ဂုဏ်ငယ်သူက ကြီးသူအား ပြောသောနာမ်စားများကို ပုံစံတခုစီဖြင့် ရှင်းပြပါ။

(င) အနီးညွှန် နာမ်စားပါ သုံးဝါကျ၊ အဝေးညွှန် နာမ်စားပါ သုံးဝါကျ၊ ပြောသူနှင့်ဝေး၍ နားထောင်သူနှင့် နီးသော နာမ်စားပါ သုံးဝါကျတို့ကို ရေးပြပါ။

(စ) အမေးနာမ်စားပုဒ်များ ပါဝင်သော ဝါကျ ၁၀-ခုကို ရေးပြပါ။

(ဆ) သင်္ချာနာမ်စားဟူသည် အဘယ်နည်း၊ ပုံစံပြ၍ ရှင်းခဲ့ပါ။

(ဇ) သင်္ချာပုဒ်တခုကို တွေ့သောအခါ သင်္ချာ နာမ်စားဖြစ်သည်, သင်္ချာနာမဝိသေသနဖြစ်သည်ကို မည်သို့ ခွဲခြားသိနိုင်သနည်း၊ ပုံစံတခုစီဖြင့် ရှင်းပြပါ။

(ဈ) ပိုင်ရှင်နာမ်စား၊ လေးနက် နာမ်စား၊ ကိုယ်တိုင်ခံ နာမ်စားတို့၏ အဓိပ္ပါယ်ကို ပုံစံတခုစီဖြင့် ရှင်းပြပါ။

(ည) နာမ်နှင့် နာမ်စား ပုဒ်တို့၏ ထူးခြားချက်ကို ရေးပြပါ။

(ဋ) နာမ်နှင့် နာမ်စား ပုဒ်တို့ တူညီသော အချက်နှစ်ခုကို ဖော်ပြပါ။

(ဌ) နီးရာ စာအုပ်တအုပ်မှ စာပိုဒ်တခုကို ရေးကူး၍ နာမ်စားပုဒ်များအောက်တွင် မျဉ်းဆွဲပြပါ။

PDF CREATOR - NYEYADHAMMA@GMAIL.COM

ဝါစင်္ဂ-၃
ဝိဘတ်

အဓိပ္ပါယ်ဖွင့်ဆိုချက်

၉၄။ ပုဒ်တို့၏ အလုပ်တာဝန်ကို ဝေဘန် ပိုင်းခြားပြသော စကားအင်္ဂါ အစိတ် အပိုင်းကို ဝိဘတ်ဟု ခေါ်၏။ ပါဠိဘာသာ "ဝိဘတ္တိ"မှ မြန်မာလို ဝိဘတ်ဟု ဖြစ်လာ၏။

ဝိဘတ် နှစ်မျိုး

မြန်မာဘာသာတွင် ဝိဘတ်တို့သည်—
(က) နာမ်ဝိဘတ်၊
(ခ) ကြိယာဝိဘတ်—
ဟု နှစ်မျိုးရှိ၏။

(က) နာမ်ဝိဘတ်

နာမ်၊ နာမ်စားပုဒ်တို့၏ နောက်၌ ပူးတွဲတည်နေ၍ နာမ်၊ နာမ်စားပုဒ်တို့၏ အလုပ်တာဝန်ကို ဝေဘန် ပိုင်းခြားပြသော **သည်၊ ကို၊ အား၊ ဖြင့်၊ မှ၊ ၏၊ ၌**- စသည်ကို **နာမ်ဝိဘတ်**ဟု ခေါ်၏။

(ခ) ကြိယာဝိဘတ်

ကြိယာ ပုဒ်ရင်း၏ နောက်၌ ပူးတွဲ တည်နေ၍ ကြိယာပုဒ်၏ ကာလနှင့် ကြိယာ အမျိုးအစားကို ဝေဘန် ပိုင်းခြားပြသော **သည်၊ ၏၊ ပြီ၊ မည်၊ အံ့၊ လတ့်** စသည်ကို **ကြိယာ**

ဝိဘတ်ဟု ခေါ်၏။ (ကြိယာဝိဘတ် အကြောင်းကို ကြိယာအခန်းမှာ ကြည့်ပါ။)

နာမ်ဝိဘတ် (၁၉)မျိုး

၉၅။ နာမ်ဝိဘတ်များကို ၎င်းတို့၏ လုပ်ငန်းအရ နာမည်ပေး၍ အောက်ပါအတိုင်း (၁၇)မျိုး ခွဲခြားထားပါသည်—

(က) ကတ္တားဝိဘတ် = သည်၊ က၊ မှာ၊ ဟာ၊ အနေနဲ့၊
(ခ) ကံဝိဘတ် = ကို (အား)၊
(ဂ) လက်ခံဝိဘတ် = အား (ကို)၊
(ဃ) အသုံးခံဝိဘတ် = ဖြင့်၊ နှင့် (နဲ့)၊
(င) ရှေးရှုရာဝိဘတ် = သို့ (ကို)၊
(စ) ထွက်ခွါရာဝိဘတ် = မှ (က)၊
(ဆ) တည်နေရာဝိဘတ် = မှာ၊ ၌၊ တွင်၊ ဝယ်၊ က၊
(ဇ) အချိန်ပြဝိဘတ် =မှာ၊ ၌၊ တွင်၊ ဝယ်၊ က၊ တုန်းက၊ ကမှ၊ ထဲက၊ မှ၊ ကျမှ၊ ကျရင်၊
(ဈ) အချိန်နေရာအစပြဝိဘတ်=က၊ ထဲက၊ ကတဲက၊
(ည) အချိန် နေရာ အဆုံးပြ ဝိဘတ် = အထိ၊ အရောက်၊ တိုင်၊ တိုင်အောင်၊
(ဋ) အချိန်နေရာအစအဆုံးပြ ဝိဘတ်= မှ၊ က၊ ကနေ.......သို့၊ အထိ၊ အရောက်၊
(ဌ) အကြာပြ ဝိဘတ် = တိုင်တိုင်၊ ကြာ၊ လုံးလုံး၊
(ဍ) အကြောင်းပြ ဝိဘတ် =ကြောင့်၊ အတွက်ကြောင့်၊
(ဎ) ထုတ်ဆောင်ရာ ဝိဘတ် = ထဲမှာ၊ တွင်၊ အနက်၊
(ဏ) ရည်ညွှန်းပြ ဝိဘတ် = အတွက်၊ ဖို့၊ အတိုင်း၊ ငှါ၊

(တ) တင်စားဝိဘတ် =ကဲ့သို့၊ လို၊ သဖွယ်၊ ပမာ၊ အတိုင်း၊ အလား။
(ထ) ယှဉ်တွဲပြည့်စုံပြ ဝိဘတ် = နှင့် (နဲ့)၊
(ဒ) တလျှောက်ပြဝိဘတ် = တလျှောက်။
(ဓ) ပိုင်ရှင်ပြ ဝိဘတ် = ၏၊ ရဲ့၊ (့)အောက်မြစ်၊

နာမ်၊နာမ်စားတို့၏ လုပ်ငန်းတာဝန် (၁၉)ရပ်

၉၆။ နာမ်၊ နာမ်စား ပုဒ်တို့သည် ဝါစင်္ဂ ပုဒ်အားဖြင့် နှစ်မျိုးသာ ဖြစ်သော်လည်း ဝါကျ ဖွဲ့ဆို သီကုံးသော အခါ အထက်ပါ ဝိဘတ် (၁၉)မျိုးနှင့် တွဲ၍ အနက် အဓိပ္ပါယ် (၁၉)မျိုး၊သို့မဟုတ်လုပ်ငန်း(၁၉)မျိုးကိုဖော်ပြနိုင်လေသည်။ ထို့ကြောင့် ဝါကျ တခုအတွင်း၌ ပါဝင်သော နာမ်၊ နာမ်စား ပုဒ်များကို နာမ်ပုဒ်၊ နာမ်စားပုဒ်ဟု မခွဲခြားဘဲ ၎င်းတို့နှင့် ယှဉ်တွဲနေသော နာမ်ဝိဘတ်များက ညွှန်ပြသည့် လုပ်ငန်းများ အရ ကတ္တားပုဒ်၊ကံပုဒ်၊လက်ခံပုဒ်၊...........ယှဉ်တွဲပုဒ် စသည်ဖြင့်သာ ခွဲခြားရမည် ဖြစ်ပါသည်။

ပါဠိသဒ္ဒါကာရက ၆-ပါးနှင့် အကာရကများ

၉၇။ ပါဠိသဒ္ဒါတွင် ဝိဘတ်၏ အနက်များကို ကာရက ၆-ပါးနှင့် အကာရကများဟု နှစ်မျိုးခွဲ၏။

(က) ပြုလုပ်သူကို ပြသောပုဒ်ကို ကတ္တာကာရက၊
(ခ) ပြုလုပ်ခံရသူကို ပြသောပုဒ်ကို ကမ္မကာရက၊
(ဂ) အသုံးခံပစ္စည်းကို ပြသောပုဒ်ကို ကရဏကာရက၊
(ဃ) လက်ခံပြပုဒ်ကို .... သမ္ပဒါနကာရက၊
(င) ထွက်ခွါရာပြပုဒ်ကို ....အပါဒါနကာရက ၊

(ခ) နေရာအချိန်ပြပုဒ်ကို .... ဩကာသ ကာရက—ဟု ခေါ်၍ ကျန်လုပ်ငန်းပြ ပုဒ်များကို သာမန်အားဖြင့် အ-ကာရကဟု ခေါ်၏။

အင်္ဂလိပ်သဒ္ဒါ ကာရက ၅-မျိုး

၉၈။ အင်္ဂလိပ်သဒ္ဒါတွင် အကာရက မရှိ။ ကာရက ငါးပါးဟု ပြ၏။

(က) ကတ္တာကာရက၊
(ခ) ကမ္မကာရက၊
(ဂ) သမ္ပဒါနကာရက၊ (တို့မှာ ပါဠိနှင့်တူ၏။)
(ဃ) ပိုင်ရှင်ပြပုဒ်ကို သာမိကာရက၊
(င) ခေါ်ဝေါ်ခြင်းပြပုဒ်ကို အာလပန ကာရက–

ဟု ခေါ်၏။ ကျန် နာမ်ဝိဘတ်ဆုံး ပုဒ်တို့ကို ကြိယာဝိသေသန ပုဒ်စုဟု ခေါ်၏။

ပါဠိနှင့်အင်္ဂလိပ် နှိုင်းယှဉ်ချက်

၉၉။ ပါဠိသဒ္ဒါတွင် အကာရက ဖြစ်သော သာမိနှင့် အာလုပ်ကို အင်္ဂလိပ် သဒ္ဒါက ကာရကဟု ပြ၏။ ပါဠိသဒ္ဒါက ကာရကဟုပြသော ကရဏ၊ အပါဒါန၊ ဩကာသနှင့် ကျန် ဝိဘတ်ဆုံး ပုဒ်တို့ကို အင်္ဂလိပ် သဒ္ဒါက ကာရကဟု မပြ၊ ကြိယာ ဝိသေသန ပုဒ်စုများဟုသာ ပြ၏။ ထိုသို့ ကွဲလွဲနေသဖြင့် မည်သည့်သဒ္ဒါက မှန်ကန်၍ မည်သည့် သဒ္ဒါက မှားသနည်းဟု စိစစ်ဖွယ်မရှိ၊ သူ့နည်းနှင့်သူ မှန်ကြ၏။ ထိုသို့ မှန်သောကြောင့်လည်း သူ့သဒ္ဒါနှင့် သူ့ဘာသာကို မှန်အောင် ရေးနိုင်၊ ပြောနိုင်ခြင်း ဖြစ်၏။

မြန်မာသဒ္ဒါနှင့် ကာရက-အကာရက

၁၀၀။ မြန်မာသဒ္ဒါတွင် ဝိဘတ်ဆုံးပုဒ်များကို ကာရက-က ဘယ်လောက်၊ အကာရက-က ဘယ်လောက်ဟု ခွဲရန် အကြောင်းမရှိ၊ မခွဲဘဲလည်း မြန်မာဘာသာကို မှန်အောင် ရေးနိုင်၊ပြောနိုင်၏။ ထို့ကြောင့် ဤနည်းသစ်မြန်မာသဒ္ဒါတွင် ကာရက၊ အကာရက ခွဲ၍ မပြတော့။ အစဉ်အလာ စာအုပ်များက ခွဲခဲ့၍ ခွဲလိုပါသေးသည်ဆိုလျှင်လည်း ပါဠိသဒ္ဒါ သန်သူတို့က အထက်တွင်ပြထားသော ပါဠိနည်းအတိုင်း ခွဲ၍ အင်္ဂလိပ် သဒ္ဒါနည်းကြိုက်သူတို့က အင်္ဂလိပ်နည်း အတိုင်း ကာရက ငါးပါးနှင့် ကြိယာ ဝိသေသနပုဒ်စုများ ဟူ၍ ခွဲခြားယူနိုင်ကြလေသည်။

ပုဒ်အဆုံး သံရှည်ကို သံတိုသို့ပြောင်းစေသော နာမ်ဝိဘတ်များ

၁၀၁။ ကံဝိဘတ်၊လက်ခံဝိဘတ်နှင့် ကတ္တားဝိဘတ်"မှာ"ကို လူ နာမ်၊နာမ်စား ပုဒ်များနောက် ဆက်လိုက်သော အခါ နာမ်၊ နာမ်စားပုဒ်တို့၏ အဆုံးသံရှည်သည် သံတိုသို့ ပြောင်းသွားသည်။ (အောက်မြစ်သံ၊ အောက်မြစ်အရေးသို့ ပြောင်းသွားသည်။)

ပုံစံ

(က) အမေ့ကို ပြောလိုက်ပါ။
(ခ) အမေ့အား သတိ ရပါသည်။
(ဂ) အဖေ့ကို ခေါ်ခဲ့ပါ။
(ဃ) အဖေ့အား လုံချည်တထည် ဝယ်ပေးလိုက်ပါသည်။
(င) ဆရာ့ကို တွေ့ခဲ့သလား။

(စ) ဆရာ့အား ဤစာအုပ်ကို ပေးလိုက်ပါ။
(ဆ) အကိုကို မတွေ့ဘူးလား။
(ဇ) လှိုင်လှိုင့်ကိုပါ ခေါ်ခဲ့ပါ။
(ဈ) အမေ့မှာ ပိုက်ဆံ ဘယ်လောက်ရှိသလဲ။
(ည) အဖေ့မှာ ကားတစီး ရှိသည်။
(ဋ) ဆရာ့မှာ စာအုပ်မပါခဲ့ဘူး။
(ဌ) တင်တင့်မှာ ဖောင်တိန်ပါသလား။
(ဍ) မောင်လှ သူ့ကို တွေ့ခဲ့သလား။
(ဎ) သူ့မှာ မော်တော်ကား မရှိပါ။
(ဏ) ငါ့မှာ ဖောင်တိန်မပါဘူး။

ကတ္တားဝိဘတ်များ အသုံးပြုပုံ

၁၀၂။ သည်၊ က၊ မှာ(ဟာ၊ အနေနဲ့)တို့သည် ပြုသူ၊ ဖြစ်သူ၊ ရှိသူကို ဖော်ပြသော ကတ္တားဝိဘတ်များ ဖြစ်၏။ ကတ္တားဝိဘတ်နှင့် ဆက်ထားသော နာမ်၊ နာမ်စား ပုဒ်တို့ကို ကတ္တားပုဒ်ဟု ခေါ်၏၊ ကတ္တားဝိဘတ်တို့သည် တခုနှင့်တခု အသုံး အနည်းငယ်စီ ကွာခြား၏။

'သည်" ဝိဘတ်

၁၀၃။ **သည်** ဝိဘတ်သည် အများသုံး သာမန် ကတ္တားကို ဖော်ပြ၏၊ **အရေး**တမျိုးတွင်သာ သုံး၏။

ပုံစံ

(က) မောင်မောင်သည် ကျောင်းသို့ သွား၏။
(ခ) စာအုပ်သည် စားပွဲပေါ်မှာ ရှိ၏။
(ဂ) ဦးမြသည် ကျောင်းဆရာ ဖြစ်၏။

"က" ဝိဘတ်

၁၀၄။ "က"ဝိဘတ်ကို—
(က) တဆင့်ပြန်ပြောသူ ကတ္တား၊
(ခ) သဘောချင်းမတူသော ကတ္တားနှစ်ခု၊
(ဂ) ပြုလုပ်သူကတ္တား သာမန်—
ကို ဖော်ပြရန် သုံး၏၊ အပြော,အရေး နှစ်မျိုးတွင် သုံးသည်။

ပုံစံ

(က) (၁) မောင်မောင်က"သူ နေမကောင်းပါ"ဟု ပြော၏။
(၂) မလှက"ထမင်းစားပြီးပြီလား"ဟု မေး၏။
(၃) ဆရာက "လေ့ကျင့်ခန်းများကို ကူးထားပါ"ဟု ပြော၏။
(ခ) (၁) မောင်လှက လဘက်ရည်သောက်၍ မမြက မုန့်ဟင်းခါး စား၏။
(၂) အမေက ထမင်းချက်နေသည်။ အဖေက ရုံးသို့ သွား၏။
(၃) ကြည်ကြည်က အသက်ကြီး၍ စီစီက အသက် ငယ်သည်။
(ဂ) (၁) အမေက ကျွန်တော့်ကို ဆူ၏။
(၂) မောင်မောင်က ကျွန်တော့် အကိုပါ။
(၃) အမေက မောင်လှကို လှမ်းခေါ်လိုက်၏။

"မှာ" ဝိဘတ်

၁၀၅။ မှာ ဝိဘတ်ကို—
(က) ပိုင်ဆိုင်သူ၊

(ခ) အားနွဲ့သူ၊သနားဖွယ် ဖြစ်သူ—
ကို ဖော်ပြရန် သုံး၏။

ပုံစံ

(က) (၁) ဦးမြမှာ အိမ်ရှိ၏။
(၂) မောင်လှမှာ ကားရှိသည်။
(၃) မမြမှာ ငွေတသိန်းရှိသည်။
(ခ) (၁) မောင်မောင်မှာ စာမေးပွဲ ရှုံးရှာလေသည်။
(၂) ဒေါ်တင်မှာ မုဆိုးမ ဖြစ်သွားရလေသည်။
(၃) ကျွန်မမှာ မိန်းမသားဖြစ်၍ လက်လျှော့လိုက်ရပါသည်။

မှတ်ချက်။ ။"ကား"ကိုရှေးသဒ္ဒါကျမ်းများတွင်-ကတ္တားဟုပြခဲ့သော်လည်း ကတ္တားမဟုတ်၊ကတ္တားဝိဘတ်မြုပ်ထားသော ပစ္စည်းသာ ဖြစ်၏။

(က) အခြား ဝိဘတ်များ၏ နောက်တွင် ထားကာ နာမ်ထောက် ပစ္စည်းအနေဖြင့်လည်း သုံး၏။

ပုံစံ

(က) (၁) ဦးမြနှင့် တွေ့ခဲ့၏၊ ပိုက်ဆံကိုကား မရခဲ့။
(၂) အဖေတို့ ရောက်လာပြီ၊ ကျွန်တော်နှင့်ကား မတွေ့ရသေး။
(၃) မြင့်မြင့်သည် ဖက်ရှင်အမျိုးမျိုးဖြင့် အပြင်သို့ ထွက်၏၊ အိမ်မှာကား စားစရာမရှိချေ။
(ခ) ကြိယာ နှစ်လုံးကြား၌ ထားကာ ကြိယာထောက် ပစ္စည်းအနေဖြင့်လည်း သုံး၏။

ပုံစံ

(ခ) (၁) ပေးကားပေး၏၊ မရ။
(၂) ကျွေးကားကျွေး၏၊ မဝ။
(၃) ဝတ်ကားဝတ်၏၊ မလှ။
(၄) ဖြေကားဖြေ၏၊ မပြေ။

"ဟာ" ဝိဘတ်

၁၀၆။ **ဟာ-ဝိဘတ်ကို စကားပြော ကတ္တားပုဒ်အတွက်** သုံး၏။

(က) ကျွန်တော်ဟာ လယ်သမားသားသမီး ဖြစ်ပါတယ်။
(ခ) ကျွန်တော့်အဖေဟာ အသက်ငှစ်ဆယ်မှာ သေဆုံးပါတယ်။
(ဂ) ကြည်ကြည်ဟာ စီစီထက် တရက် ကြီးပါတယ်။

"အနေနဲ့" ဝိဘတ်

၁၀၇။ **အနေနဲ့** ဝိဘတ်ကို အများစု အဖွဲ့အစည်းထဲမှ သီးခြား ခွဲထုတ်သော **စကားပြော** **ကတ္တားပုဒ်**ကို ဖော်ပြရန် သုံး၏။

ပုံစံ

(က) လယ်သမားတွေ အနေနဲ့ ကောင်းတဲ့ အပိုင်းက ကောင်းသလို ချွတ်ယွင်းတဲ့ အပိုင်းက ချွတ်ယွင်းတယ်။
(ခ) အစိုးရ အနေနဲ့ စပါးဈေး တိုးမြှင့်ပေးထားပါတယ်။
(ဂ) သားသယ်မိခင်အနေနဲ့ အာဟာရ ဖြစ်မဲ့အစာတွေကို စားပေးရမယ်။

(ဃ) ခင်ဗျား အနေနဲ့ ဘယ်လို သဘောရသလဲ။
(င) ကျွန်တော့် အနေနဲ့ ဒီအကြံပြုချက်ကို သဘော မတူဘူး။

ကံဝိဘတ်များ အသုံးပြုပုံ

၁၀၇။ **ကို**-သည် အပြုခံရသော လူ၊ အရာဝတ္ထုကို ဖော်ပြသော **ကံဝိဘတ်**ဖြစ်၏။ ကံဝိဘတ်နှင့် ဆက်ထားသော နာမ်၊ နာမ်စားပုဒ်ကို **ကံပုဒ်** ဟု ခေါ်၏။

ပုံစံ

(က) ခွေးသည် ကြောင်ကို ကိုက်၏။
(ခ) မောင်ဘက ခွေးကို ရိုက်၏။
(ဂ) မြမြသည် ထမင်းကို ချက်၏။

လက်ခံဝိဘတ် အသုံးပြုပုံ

၁၀၉။ **အား**-သည် ပစ္စည်းဝတ္ထုကို လက်ခံယူသူကို ဖော်ပြသော **လက်ခံဝိဘတ်**ဖြစ်၏။ လက်ခံဝိဘတ် အဆုံးရှိသော နာမ်၊ နာမ်စားပုဒ်ကို **လက်ခံပုဒ်**ဟု ခေါ်၏။

လက်ခံပုဒ်ဖြင့် ပြောရ ရေးရသော ကြိယာများ

လက်ခံပုဒ်ထည့်၍ ရေးရ၊ ပြောရသော ကြိယာများမှာ—

ပေးသည်၊	အပ်နှင်းသည်၊
ဝယ်ပေးသည်၊	အပ်ထားသည်၊
သင်ပေးသည်၊	နှံထားသည်၊
ပြောပေးသည်၊	ဆက်သသည်၊
ပြပေးသည်၊	ပေးဆက်သည်၊

ချက်ပေးသည်၊	ဆက်ကပ်သည်၊
ရေးပေးသည်၊	လှူဒါန်းသည်၊
ပြသည်၊	ပြောသည်၊
သင်ပြသည်၊	ဟောသည်၊
ပြောပြသည်၊	လျှောက်ထားသည်၊
တင်ပြသည်၊	မေးမြန်းသည်၊
ရေးပြသည်၊	ဖော်ပြသည်-တို့ ဖြစ်၏။

ပုံစံ

(က) မောင်မောင်သည် မလှအား စာအုပ်ကို ပေး၏။
(ခ) မလှသည် မောင်မောင်အား အင်္ဂလိပ်စာကို သင်ပေး၏။
(ဂ) ဒေါ်တင်သည် ဒေါ်ခင်အား အထည်ကို ပြ၏။
(ဃ) စာရေးကြီးသည် အရာရှိအား အမှုတွဲကို တင်ပြ၏။
(င) ဥက္ကဋ္ဌကြီးက စာအောင်သံဃာများအား ဘွဲ့လက်မှတ်ကို ဆက်ကပ်၏။
(စ) မလှက သူ့အမေအား မောင်ဘအကြောင်းကို ပြော၏။
(ဆ) ဘုရားရှင်သည် ပဉ္စဝဂ္ဂီတို့အား ဓမ္မစကြာကိုဟော၏။
(ဇ) တပည့်တို့က ဆရာအား ပုစ္ဆာကို မေးမြန်း၏။

အား-ကို ကို-နှင့်လဲ၍ ပြောခြင်း

၁၁၀။ ကံပုဒ်နှင့် လက်ခံပုဒ်ကို ပါဠိ၊ သက္ကတ သဒ္ဒါကျမ်းများနှင့် အင်္ဂလိပ်၊ ဂျာမန်၊ လက်တင် သဒ္ဒါကျမ်းတို့က အထက်ပါအတိုင်း ပြတ်ပြတ်သားသား ခွဲခွဲခြားခြား သုံး၏ ။ သို့ရာတွင်

မြန်မာတို့က အပြောမြန်မာဘာသာ၌ လက်ခံဝိဘတ် **အား**-ကို လုံးဝမသုံးဘဲ **အား**-အစား **ကို** ကို သုံးကာ ကံပုဒ်တွင် **ကို**-ဝိဘတ်ကို ဖျောက်၍ ပြောကြလေသည်။

ပုံစံ

(က) မောင်မောင်က မလှကို စာအုပ်ပေးလိုက်တယ်။
(ခ) မလှက မောင်မောင်ကို အင်္ဂလိပ်စာ သင်ပေးတယ်။
(ဂ) ဒေါ်တင်က ဒေါ်ခင်ကို အထည်တွေ ပြတယ်။
(ဃ) စာရေးကြီးက အရာရှိကို အမှုတွဲတွေ တင်ပြတယ်။
(င) ဥက္ကဋ္ဌကြီးက စာအောင်သံဃာတွေကို ဘွဲ့လက်မှတ် ဆက်ကပ်တယ်။
(စ) မလှက သူ့အမေကို မောင်မောင့်အကြောင်း ပြောတယ်။
(ဆ) ဘုရားရှင်က ပဉ္စဝဂ္ဂီတို့ကို ဓမ္မစကြာ ဟောတယ်။
(ဇ) တပည့်တွေက ဆရာ့ကို ပုစ္ဆာတွေ မေးတယ်။

‘**ကို**’ ကို ‘**အား**’နှင့်လဲ၍ ရေးခြင်း

၁၁၁။ မြန်မာ့ဂန္ထဝင် စာပေများတွင် အပြုခံ ကံပုဒ်ကို ကံဝိဘတ်**ကို**-ဖြင့် အများအားဖြင့် ရေးခဲ့ကြသော်လည်း ထိုဂန္ထဝင် စာပေများ၌ပင် ကံဝိဘတ် **ကို**-အစား **အား**-ကို အသုံးပြုခဲ့သည်ကိုလည်း တွေ့နေရလေသည်။ **ကို** အစား **အား** သုံးခြင်းကို ခေတ်ဟောင်းပညာရှင်တို့က ကန့်ကွက် တိုက်ခိုက်နေသည် ကြားမှပင် တဆင့်တဆင့် တိုးတက် အသုံးပြုနေကြရာ ယနေ့ ခေတ်သုံး မြန်မာစာပေအရေးအသားတွင် **ကို**-အစား **အား**-ကို တွင်တွင်ကျယ်ကျယ် အသုံးပြုသည့်အဆင့်သို့ ရောက်ရှိလာလေသည်။ နေ့စဉ်သတင်းစာများတွင်၎င်း၊ ခိုင်မာသော စာအုပ်များ, စာတန်းများတွင်၎င်း တွေ့နိုင်ပေသည်။ ပြောဆိုသူမရှိတော့သော ဘာသာသေ ပါဠိ၊ ကက္ကတ၊ လက်တင်သဒ္ဒါကျမ်းများကို ပုံသေကားချ သတ်မှတ်ထား၍ ရသော်လည်း ပြောဆိုသူ ရှိနေသော ဘာသာရှင်များတွင် ပြောထုံး၊ ရေးထုံးများ ပြောင်းလဲရသည်မှာ ဘာသာဗေဒသိပ္ပံနည်းအရ ဖြစ်ရိုးဖြစ်စဉ်ပင် ဖြစ်သည်။

လက်ခံပုဒ်ကို **ကို** ဝိဘတ်ဖြင့် ပြောသော်လည်း လက်ခံပုဒ်ဖြစ်ကြောင်း ပြောသူ၊ကြားသူ နားလည်သကဲ့သို့ အပြုခံ ကံပုဒ်ကို **အား** ဝိဘတ်ဖြင့် ရေးသော်လည်း ကံပုဒ်သာ ဖြစ်သည်ဟု ရေးသူ၊ဖတ်သူနှစ်ဦးတို့ နားလည်နေကြလေပြီ။ နားလည်ကြသည့် အလျောက်လည်း **အား** အစား **ကို** နှင့် တွင်တွင် ပြော၍ **ကို** အစား **အား** နှင့် တွင်တွင်ရေးနေကြလေပြီ။ အများပြော၍ အများ ရေးကြကာ နားလည် နေကြပြီ ဖြစ်သောကြောင့် **ကို** အစား **အား**နှင့် ရေးခြင်းကို ဤ နည်းသစ်သဒ္ဒါကျမ်းက အမှန်ဟု လက်ခံပါသည်။ သို့ရာတွင် ဘာသာဗေဒကို မလေ့လာ၊ မယုံကြည်၊ အစွဲအလမ်းကြီးသော ဆရာများလည်း ရှိကြသေးသဖြင့် စာမေးပွဲ ဖြေဆိုရသော ကျောင်းသားများသည် **ကို**-နှင့် **အား**-ကို အထက်ပါ ခွဲခြားချက်အတိုင်း တိတိကျကျ လိုက်နာ ရေးသားကြရန် သတိပြုရပါမည်။

နှစ်ခုပါက လွဲ မရ

၁၁၂။ **ကို** နှင့် **အား** နှစ်ခုပါသော ဝါကျတွင် **ကို** နှင့် **အား** နှစ်ခုကို လွဲမှားမရေးမိရန် အထူးသတိပြုရပါမည်။

အမှားပုံစံများ

(က) မောင်မောင်သည် မလှကို စာအုပ်အား ပေး၏။
(ခ) မလှသည် မောင်မောင်ကို အင်္ဂလိပ်စာအား သင်ပေး၏။
(ဂ) ဒေါ်တင်သည် ဒေါ်ခင်ကို အထည်အား ပြ၏။
(ဃ) ဘုရားရှင်သည် ပဥ္စဝဂ္ဂီတို့ကို ဓမ္မစကြာအား ဟော၏။

ရှေးရှုရာဝိဘတ်

၁၁၃။ သို့ ဝိဘတ်သည် ပြုလုပ်သူ ကတ္တား၏ ရှေးရှု ဦးတည်ရာ ဆိုက်ရောက်ရမည့် ခရီးလမ်းဆုံးကို ဖော်ပြသောကြောင့် ရှေးရှုရာ ဝိဘတ်ဟု ခေါ်၏။ စာပေအရေးအသားတွင် သို့ ဝိဘတ်ကို သုံးသော်လည်း စကားပြောသောအခါ သို့ အစား ကို ဝိဘတ်ဖြင့် ပြောကြလေသည်။ ယခုအခါ အခိုင်အမာ ရေးသားသော စာပေများ၌ပင် သို့ အစား ကို ဖြင့် ရေးနေကြပါပြီ။ ထိုသို့ ရေးခြင်းကို ဤနည်းသစ်သဒ္ဒါကျမ်းက အမှန်ဟု လက်ခံပါသည်။

ပုံစံ

(က) မောင်ဘသည် ကျောင်းသို့ သွား၏။ (ရေး)
မောင်ဘ ကျောင်းကို သွားတယ်။ (ပြော)
(ခ) ကျွန်တော်သည် စနေနေ့က မန္တလေးသို့ ရောက်၏။
ကျွန်တော် စနေနေ့က မန္တလေးကို ရောက်တယ်။
(ဂ) မလှသည် သူ့ အမေဆီသို့ စာရေး၏။ (ရေး)
မလှက သူ့အမေဆီကို စာရေးလိုက်တယ်။ (ပြော)

(ဃ) ရှဉ့်သည် အုန်းပင်ပေါ်သို့ တက်ပြေး၏။ (ရေး)
ရှဉ့်ဟာ အုန်းပင်ပေါ်ကို တက်ပြေးတယ်။ (ပြော)

အသုံးခံဝိဘတ်

၁၁၄။ ကတ္တားသည် ကြိယာကို ပြုလုပ်ရာ၌ အသုံးအဆောင် လက်နက်ကိရိယာတခုကို အသုံးပြု၏။ ထိုလက်နက် ကိရိယာကို ဖော်ပြသော ဖြင့်-ကို အသုံးခံဝိဘတ်ဟု ခေါ်၏။ ဂန္ထဝင်စာပေအရေးအသား၌ ဖြင့်တလုံးတည်းကိုသာ အသုံးများခဲ့သော်လည်း ခေတ်သုံး မြန်မာဘာသာ၌ ဖြင့်-အစား နှင့်-ဖြင့် ရေး၍ နဲ့-ဖြင့် ပြောဆိုကြ၏။

ပုံစံ

(က) ဦးမြသည် သစ်တုံးကို လွှဖြင့် ဖြတ်၏။
ဦးမြသည် သစ်တုံးကို လွှနှင့် ဖြတ်၏။
(ဦးမြက သစ်တုံးကို လွှနဲ့ ဖြတ်တယ်။)
(ခ) မောင်လှသည် ခွေးကို တုတ်ဖြင့် ရိုက်၏။
မောင်လှသည် ခွေးကို တုတ်နှင့် ရိုက်၏။
(မောင်လှက ခွေးကို တုတ်နဲ့ ရိုက်တယ်။)
(ဂ) မြမြသည် ကျောင်းကို ကားဖြင့် လာ၏။
မြမြသည် ကျောင်းကို ကားနှင့် လာ၏။
(မြမြဟာ ကျောင်းကို ကားနဲ့ လာတယ်။)

ထွက်ခွါရာဝိဘတ်

၁၁၅။ ကတ္တားပုဒ် စတင်ထွက်ခွါသည့် နေရာကို ပြသော မှ၊ က တို့ကို ထွက်ခွါရာ ဝိဘတ်ဟု ခေါ်၏။ မှ ဝိဘတ်ကို

အရေးဘာသာတွင်သာ သုံး၍ **က** ဝိဘတ်ကို အရေး၊အပြော နှစ်မျိုးလုံး၌ သုံးလေသည်။

ပုံစံ

(က) ကြည်ကြည် ကျောင်းမှ ပြန်လာ၏။
ကြည်ကြည် ကျောင်းက ပြန်လာ၏။
(ကြည်ကြည် ကျောင်းက ပြန်လာတယ်။)

(ခ) ဘုရားလောင်းသည် နန်းတော်မှ ထွက်သွား၏။
ဘုရားလောင်းသည် နန်းတော်က ထွက်သွား၏။
(ဘုရားလောင်းဟာ နန်းတော်က ထွက်သွားတယ်)

(ဂ) ဦးတင်သည် နေ့လည်စာကို အိမ်မှ ယူလာ၏။
ဦးတင်သည် နေ့လယ်စာကို အိမ်က ယူလာ၏။
(ဦးတင်ဟာ နေ့လယ်စာကို အိမ်က ယူလာတယ်)။

တည်နေရာဝိဘတ်

၁၁၆။ **မှာ၊ ၌၊ တွင်၊ ဝယ်၊ က**-တို့သည် တည်နေရာကို ပြသောကြောင့် ၎င်းတို့ကို **တည်နေရာဝိဘတ်**များဟု ခေါ်၏။ တည်နေရာဝိဘတ် အဆုံးရှိသော နာမ်၊ နာမ်စားပုဒ်ကို တည်နေရာပုဒ်ဟု ခေါ်၏။

၁၁၇။ **မှာ၊ ၌၊ တွင်၊ဝယ်**- တို့မှာ အဓိပ္ပါယ်တူ၊ ရေးထုံးတူ ပရိယာယ်ပုဒ်များဖြစ်၍ **က**-ဝိဘတ်၏ နေရာ၌ ရပ်တည်၍ အဝေးသို့ ရှေးရှုမြော်ခေါ်သော အခါမျိုး၌ သုံးရလေသည်။

ပုံစံ

(က) အမေသည် အိမ် ၌- မှာ- တွင်- ဝယ်- ရှိ၏။

(ခ) သူသည် စာအုပ်ကို စားပွဲပေါ်-မှာ- ၌- တွင်-ဝယ် ထား၏။

(ဂ) ဦးမြသည် တောရွာ၌၊ မှာ၊တွင်၊ဝယ်၊နေ၏။

(ဃ) ကျွန်တော် ကားပေါ်က သူ့ကို မြင်လိုက်၏။

(င) အဖေသည် အိမ်ပေါ်က ကျွန်တော့်ကို လှမ်းခေါ်၏။

(စ) ကျွန်တော် သူ့အကြောင်းကို မန္တလေးက ကြား၏။
(ရှေ့က သွားသည်၊ နောက်က လိုက်သည်၊ဘေးက ပြောသည်၊ အပြင်က ကြည့်သည်၊ အောက်က စောင့်သည်။)

နေရာပြဝိဘတ် သုံးမျိုးနှင့် နေရာပြနာမ်

၁၁၈။ အထက်တွင် ပြခဲ့သော....

(က) ရှေးရှုရာ ဝိဘတ်၊
(ခ) ထွက်ခွါရာ ဝိဘတ်၊
(ဂ) တည်နေရာ ဝိဘတ်–

တို့သည် နေရာကိုညွှန်ပြသော ဝိဘတ်များဖြစ်၏၊ ရှေးရှု ဆိုက်ရောက်ရာနေရာ၊ ထွက်ခွါရာ နေရာ၊ ရပ်တည်ရာ နေရာတို့ကို ညွှန်ပြ၏။ ထိုဝိဘတ် သုံးမျိုးကို–

၁၁၉ (က) နာမ်၊နာမ်စား ပုဒ်များ နောက်၌ တိုက်ရိုက် ဆက်၍ သုံးနိုင်၏။

ပုံစံ

(၁) အိမ်သို့၊ ကျောင်းသို့၊ ဈေးသို့၊ မြို့သို့၊
(၂) အိမ်မှ၊ ကျောင်းမှ၊ ဈေးမှ ၊မြို့မှ၊
(၃) အိမ်မှာ၊ ကျောင်းမှာ၊ ဈေးမှာ၊ မြို့မှာ။

၁၂၀။ (ခ) နာမ်၊ နာမ်စားပုဒ်ကို နေရာပြ အထူးနာမ်များနှင့် ပေါင်းစပ်နာမ် ဖွဲ့ပြီးမှ အထက်ပါ နေရာပြ ဝိဘတ်

သုံးမျိုးကို ဆက်သုံးရသည်လည်း ရှိ၏။ပေါင်းစပ်နာမ် ဖွဲ့သော အခါ 'အ'နှင့်စသော နေရာပြ အထူးနာမ်တို့၏ 'အ'ကို ချေ၍ ပေါင်းစပ်ရသည်။

ပုံစံ

(၁) အိမ်ပေါ်သို့၊ကျောင်းအောက်သို့၊ဈေးထဲကို၊မြို့ပြင်ကို၊
(၂) အိမ်ပေါ်မှ၊ ကျောင်းအောက်မှ၊ ဈေးထဲက၊မြို့ပြင်က၊
(၃) အိမ်ပေါ်မှာ၊ ကျောင်းအောက်၌၊ ဈေးထဲတွင်၊ မြို့ပြင်ဝယ်၊

၁၂၁။ (ဂ) တခါတရံ နေရာဖြစ်ရမည့် နာမ်၊နာမ်စား ပုဒ်များနှင့် နေရာပြ အထူးနာမ်တို့အကြားတွင် **'၏,ရဲ့, အောက်မြစ်'** ဟူသော ပိုင်ရှင် ဝိဘတ်ထည့်ကာ နေရာပြ နာမ်ပုဒ်စု ဖွဲ့စည်းပြီးမှ အထက်ပါ နေရာပြ ဝိဘတ်သုံးမျိုးကို ဆက်သုံးရသည် လည်း ရှိ၏။

ပုံစံ

(၁) အိမ်၏အပေါ်သို့၊ ကျောင်း၏အနီးသို့၊ဈေးရဲ့အထဲကို၊ မြို့ရဲ့အပြင်ကို၊
(၂) အိမ်ရဲ့အပေါ်မှ၊ကျောင်း၏အောက်မှ၊ဈေးရဲ့အထဲက၊ မြို့ရဲ့အပြင်က၊
(၃) အိမ်၏အပေါ်မှာ၊ ကျောင်း၏အောက်၌၊ ဈေးရဲ့အထဲ တွင်၊ မြို့ရဲ့အပြင်ဝယ်။

နေရာပြ အထူးနာမ်ပုဒ်များ

၁၂၂။	အပေါ်	ရှေ့
	အောက်	နောက်

အထက်	ဆီ
ဘေး(ဖေး)	ထံ
အနီး	အပေါ်နား
အနား	အောက်နား
အပြင်(ပ)	ရှေ့နား
အတွင်း	နောက်နား(စသည်)
အထဲ	အပြင်ဘက်
အလယ်	အတွင်းဘက် (စသည်)
အကြား	အတွင်းထဲ
ဘက်	အထဲထဲ
ထိပ်	ကြားထဲ

နေရာပြပုဒ်များ ရှေ့နောက်စဉ်ပုံ

၁၂၃။ နေရာပြပုဒ် ၂၊ ၃၊ ၄၊ ၅-ခု ရှိသောအခါ အကျယ်ဆုံး နေရာကို ရှေ့ဆုံးကထား၍ အကျဉ်းဆုံးနေရာကို နောက်ဆုံးက ထားပြီး နောက်ဆုံးပုဒ်တွင်သာ အထက်ပါ နေရာပြ ဝိဘတ် သုံးမျိုးအနက် တခုခုကို ဆက်ပေးရသည်။

(က) ဤ နည်းသစ်မြန်မာသဒ္ဒါကို အလိုရှိလျှင် **ရန်ကုန်မြို့၊ ကျောက်မြောင်း၊ ကျွဲးကုန်းကွက်သစ်၊ ကျိုက္ကဆံလမ်း၊ အိမ်အမှတ် ၂၂၈**-သို့ မှာပါ။

(ခ) ကျွန်တော်သည် ပဲခူးမြို့၊ **ကရင်ကွက်သစ်၊ ၄-လမ်း၊ အိမ်အမှတ်**....မှ ပြန်လာ၏။

(ဂ) ကျွန်တော်၏ဆရာသည် **မန္တလေးမြို့၊ တောင်ပြင်၊ ထီးလင်းတိုက်၊ အုတ်ကျောင်း၌** သီတင်းသုံး၏။

ခြွင်းချက်။ ။အင်္ဂလိပ်ဘာသာတွင် ဝိဘတ်ကို ရှေ့ဆုံးက ထား၍ အကျဉ်းဆုံးနေရာကို ရှေ့၊ အကျယ်ဆုံး နေရာကို နောက် ထား၍ ရေး၏။ စာအိတ်များပေါ်တွင် လိပ်စာတပ်ရာ၌ အင်္ဂလိပ်နည်းအတိုင်း အလေ့အကျင့် ရနေပြီဖြစ်၍ အင်္ဂလိပ်နည်း အတိုင်းပင် တပ်နိုင်ပါသည်။

သို့
ဦးသောင်းလွင်
အမှတ်-၂၂၈၊ ကျိက္ကစံလမ်း
ကျောက်မြောင်း
ရန်ကုန်မြို့။

မှ
ဦးလှအောင်
အမှတ် ၃၉၊ မဂ္ဂင်လမ်း၊
ကျောက်မြောင်း
ရန်ကုန်မြို့။

လူ+ဆီ/ထံ

မြို့ရွာ+ဆီ

၁၂၄။ လူနှင့် မြို့၊ ရွာကို ပြသော နာမ်၊ နာမ်စားပုဒ်များကို ဆီ၊ ထံ ဟူသော နေရာပြ အထူးနာမ်များနှင့် ပေါင်းစပ်နာမ်ဖွဲ့ပြီးမှ နေရာပြ ဝိဘတ်သုံးမျိုးအနက် တမျိုးမျိုးနှင့် ရေးနိုင်၊ ပြောနိုင်သည်။

ပုံစံ

အမေ့ဆီသို့၊ အမေ့ဆီကို၊ အမေ့ထံသို့၊ အမေ့ထံကို၊
အကိုဆီမှ၊ အကိုဆီက၊ အကိုထံမှ၊ အကိုထံက၊
သင့်ဆီမှာ၊ သင့်ဆီ၌၊ သင့်ထံတွင်၊ သင့်ထံဝယ်၊
ရန်ကုန်ဆီသို့၊ ရန်ကုန်ဆီမှာ၊ တောင်ဘက်ဆီသို့၊
အနောက်ဆီမှာ။

အချိန်ပြဝိဘတ်

၁၂၅။ အလုပ်တခုကို ပြုလုပ်သည့် အချိန်ကို ပြသော ဝိဘတ်ကို အချိန်ပြဝိဘတ်ဟု ခေါ်၏။ အချိန်သည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟု ကာလ သုံးမျိုးရှိသည့်အနက်—

(က) က၊ တုန်းက၊ ကမှ၊ ထဲက တို့သည် အတိတ်အချိန်ကို ပြ၍၊
(ခ) မှ၊ ကျမှ၊ ကျရင်-တို့သည် အနာဂတ်အချိန်ကို ပြပြီး၊
(ဂ) မှာ၊ ၌၊ တွင်၊ ဝယ်-တို့သည် အတိတ်၊ အနာဂတ် အချိန် နှစ်မျိုးကို ညွှန်ပြနိုင်၏။

ပုံစံ

၁၂၆။ (က) (၁) ကျွန်တော် ရန်ကုန်ကို စနေနေ့တုန်းက ရောက်ခဲ့သည်။
(၂) သူတို့ မနက် ၉-နာရီ-က—တုန်းက— ထွက်သွားကြသည်။
(၃) ကျွန်တော် ၁၉၅၇-ခု-နှစ်က—တုန်းက— ရန်ကုန်ကို ရောက်သည်။
(၄) အမေတို့ မနက်ကမှ ရောက်လာသည်။

(၅) အဖေတို့ စနေနေ့ထဲက ရောက်နေ၏။
(၆) မောင်မောင်သည် မနှစ်ကမှ ၁၀-တန်းကို အောင်၏။
(၇) မောင်လှက တမြန်နှစ်ထဲက အောင်ခဲ့သည်။
(၈) ကျွန်တော် ဦးမြကို အရင်ထဲက သိသည်။
(၉) သူက မနေ့ကမှ သိသည်။

မှတ်ချက်။ ။**ကမှ**- သည် အတိတ်အချိန်အပြင် မကြာသေးခင်ကမှ ဟူသော အဓိပ္ပါယ်ကိုလည်း ပြ၍ **ထဲက** သည် အတိတ်အချိန်အပြင် စောသည်၊ ကြိုကြိုတင်တင် ပြုလုပ်ခဲ့သည် ဟူသော အဓိပ္ပါယ်ကိုပါ ပြပါသည်။

ကမှ-နှင့် **ထဲက**-ကို ယှဉ်ပြိုင် ရေးနိုင်၍ နောက်ဝါကျ၏ ကတ္တားကို **က**- ဖြင့် ရေးရ၊ ပြောရသည်၊ ပုံစံများတွင် ကြည့်ပါ။

ပုံစံ

၁၂၇။ (ခ) (၁) ဆရာဦးသိန်းတို့ ၃-နာရီ-မှ – ကျမှ– ပြန်မည်။
(၂) အမေတို့ စနေနေ့ကျရင် မန္တလေးသွားမည်။
(၃) အဖေက တနင်္ဂနွေနေ့ကျမှ လိုက်သွားမည်။

(၄) ကျွန်တော် ပြေလကျရင် ခွင့်ယူမည်။
(၅) ကျွန်တော် မေလမှ အလုပ်ပြန်ဝင်မည်။

၁၂၈။ (ဂ) (၁) မောင်လှသည် ည ၁၀-နာရီမှာ အိပ်ရာဝင်၏။
(၂) သူသည် နံနက် ၆-နာရီတွင် အိပ်ရာမှ ထသည်။
(၃) မြန်မာနိုင်ငံသည် ၁၉၄၈-ခုနှစ်မှာ လွတ်လပ်ရေးရ၏။
(၄) ဦးမြသည် ၁၉၈၀-ခုနှစ်တွင် ပင်စင်ယူမည်။
(၅) မလှကို စနေနေ့ နံနက်ခင်း ဝယ် မွေးဖွား၏။

အချိန်ပြပုဒ်အများ ရှေ့နောက်စဉ်ပုံ

၁၂၉။ အချိန်ပြပုဒ် နှစ်ပုဒ်၊ သုံးပုဒ် စသည် ရှိသောအခါ ကြာသောအချိန်ကိုရှေ့ကထား၍ အသေးစိတ်လာသောအချိန်ကို နောက်ကထားပြီး နောက်ဆုံးပုဒ်တွင်မှ ဝိဘတ်ဆက်ပေးရမည်။

(က) မြန်မာနိုင်ငံသည် ၁၉၄၈-ခုနှစ် ဇန်နဝါရီလ ၄-ရက်နေ့ နံနက် ၄-နာရီတွင် လွတ်လပ်ရေးရသည်။
(ခ) ကျွန်တော်တို့ တနင်္ဂနွေနေ့ နံနက် ၆-နာရီ ၃၀-မိနစ်တွင် ရွှေတိဂုံဘုရားမှာ ဆုံကြမည်။

(ဂ) မြန်မာနိုင်ငံ စာပေပြန့်ပွါးရေးအဖွဲ့သည် ၁၉၇၆-ခုနှစ် အောက်တိုဘာလ ၁၂-ရက်နေ့ တနာရီ ၃၀-မိနစ်တွင် စကားရည်လုပွဲ ကျင်းပလိမ့်မည်။

ခြွင်းချက်။ စာဖြင့် ရက်စွဲ အတိုကို ဖော်ပြရာ၌ အင်္ဂလိပ်နည်းအတိုင်း အသေးစိတ်လာသော အချိန်ကို ရှေ့၊ အကြာဆုံးအချိန်ကို နောက် ထား၍ ရေးနိုင်ပါသည်။ရက်စွဲအရှည်ရေးလျှင် မြန်မာနည်းအတိုင်း ရေးရမည်။

အတိုရေးပုံ	**အရှည်ရေးပုံ**
နေ့စွဲ၊ ၂၄-၄-၇၆။	၁၉၇၆-ခု၊ဧပြီလ ၂၄-ရက်။
နေ့စွဲ၊ ၄-၁-၄၈။	၁၉၄၈-ခု၊ ဇန်နဝါရီလ ၄-ရက်။

အချိန်ခရီး အစပြဝိဘတ်

၁၃၀။ **က၊ထဲက၊ ကတည်းက၊ တုန်းက၊ တည်းက** တို့သည် အချိန်ကာလနှင့် လမ်းခရီး၏ **အစကို** ပြသောဝိဘတ်များ ဖြစ်၏။

ပုံစံ

(က) (၁) ဦးဝင်းတို့ ၃-နာရီက – ထဲက – ကတည်းက ပြန်သွားသည်။
(၂) ကျွန်တော်သည် ၁၉၅၇-ခုက ထဲက–ကတည်းက–ရန်ကုန်ကို ရောက်နေသည်။
(၃) စာပို့ရထားသည် ၆-နာရီထဲက ထွက်သွားပြီ။

(ခ) (၁) မမြသည် ပျဉ်းမနားက–ကတည်းက–အိပ်ငိုက်လာသည်။
(၂) ဦးထူးသည် ကားပေါ်မှာထဲက သေနေပြီ။
(၃) သူ့ကို လမ်းမှာထဲက–ကတည်းက – ရိုက်ချင်နေသည်။
(၄) မလှသည် သင်္ဘောပေါ်ထဲက–တုန်းက–ကတည်းက–ထမင်း ဆာနေသည်။

အချိန်ခရီး အဆုံးပြ ဝိဘတ်များ

၁၃၁။ အထိ၊အရောက်၊တိုင်အောင် တို့သည် အချိန်ကာလနှင့် လမ်းခရီး၏အဆုံးကို ပြသော ဝိဘတ်များ ဖြစ်၏။

ပုံစံ

(က) (၁) ကျွန်တော် ည ၁၀-နာရီအထိ စာကျက်မည်။
(၂) အမ ညက ၁၂-နာရီအထိ ဝတ္ထုဖတ်သည်။
(၃) အဖေ မနက်က ၈-နာရီအထိ အိပ်သည်။
(၄) သူတို့ ပုဂံမှာ စနေနေ့တိုင်အောင် ရှိကြမည်။
(၅) ဦးဖေသည် အောဂျီရုံးမှာ ၁၉၅၅-ခုတိုင်အောင် လုပ်ခဲ့သည်။

(ခ) (၁) ကျွန်တော် ကျောက်မြောင်းဈေးအထိ လမ်းလျှောက်သည်။
(၂) သူတို့ ဘူတာအရောက် ဆိုက်ကားစီး၏။
(၃) ဦးလှက ကျွန်တော်တို့ကို အိမ်အထိ–အရောက်–လိုက်ပို့သည်။

(၄) မလှက မုတ္တမအရောက် ဝတ္တုဖတ်သွားသည်။
(၅) ရဲသားများက မောင်မောင်ကို အိမ်အရောက် လိုက်ပို့သည်။

အချိန်ခရီး အစ-အဆုံးပြ ဝိဘတ်များ

၁၃၂။ **မှ၊ က၊ ကနေ၊ မှသည်၊ .... သို့၊ အထိ၊ ထိအောင်၊** တို့သည် အချိန်နှင့် လမ်းခရီး၏ အစနှင့်အဆုံးကို ပြသော ဝိဘတ်များ ဖြစ်၏။

ပုံစံ

(က) (၁) ရွှေတိဂုံဘုရားပွဲတော်ကို တပေါင်းလဆန်း ၈-ရက်မှ လပြည့်နေ့အထိ ကျင်းပမည်။
(၂) ဦးသိန်းသည် ၃-ရက်နေ့က ၁၀-ရက်နေ့ထိ ခွင့်ယူသည်။
(၃) မလှသည် ည၈-နာရီမှ—ကနေ—မနက် နှစ်နာရီတိုင်အောင် စာကျက်၏။

(ခ) (၁) ကျွန်ုပ်သည် ဗဟန်းမှ — ကနေ — ကျောက်မြောင်းသို့ (ကို) ကုန်းကြောင်းသွား၏။
(၂) ဦးမြသည် ပုဇွန်တောင်မှ တာမွေသို့ ၁-ကားစီး၏။
(၃) မလှသည် တာမွေဈေးမှ ရွှေဂုံတိုင်ထိအောင် ၁၆-ကားစီး၍ ရွှေဂုံတိုင်မှ—ကနေ—ကမ္ဘာအေး (သို့)ကို ၅-ကား စီးသည်။
(၄) ရန်ကုန်မှသည် ပဲခူးအထိ အိပ်လိုက်သွားသည်။

အကြာပြဝိဘတ်များ

၁၃၃။ အသုပ်တခုကို မည်မျှကြာအောင် ပြုလုပ်ရသည်ဟု ပြသော **ပတ်လုံး၊ တိုင်တိုင်၊ ကြာ**-ဝိဘတ်တို့ကို အကြာပြဝိဘတ်ဟု ခေါ်၏။

ပုံစံ

(က) သဘော်သားများသည် သုံးရက်ပတ်လုံး ပင်လယ်ထဲ၌ မျောနေ၏။
(ခ) အဖွဲ့ဝင်များသည် ၄-နာရီကြာ ဆွေးနွေးကြ၏။
(ဂ) မောင်မြ အိမ်ကထွက်သွားရာ ၃-လတိုင်တိုင် ရှာ၍ မတွေ့သေးချေ။
(ဃ) သတင်းစာအဖွဲ့သည် အင်္ဂလန်တွင် ၁၅-ရက်ကြာ လှည့်လည်ခဲ့ကြ၏။
(င) ဘုရားလောင်းသည် ၆-နှစ်ပတ်လုံး ဒုက္ကရစရိယာ ကျင့်တော်မူ၏။

အကြောင်းပြ ဝိဘတ်များ

၁၃၄။ **ကြောင့်၊ နှင့်၊ အတွက်ကြောင့်သည်** အကြောင်းပြ ဝိဘတ်များ ဖြစ်၏။

ပုံစံ

(က) **အမေ့ကြောင့်—အမေ့အတွက်ကြောင့် — ကျွန်တော် စာမေးပွဲ မအောင်မြင်ပါ။**
(ခ) **အကိုကြောင့် ကျွန်တော်ပါ အဆူခံရသည်။**

(ဂ) မလှသည် ဝမ်းရောဂါနှင့် သေ၏။
(ဃ) အစာတို့သည် အကုသိုလ်ကြောင့် ကွယ်ကုန်၏။
(င) ကလေးများသည် အပေါင်းအဖော်ကြောင့် ပျက်စီး၏။

ထုတ်ဆောင်ရာဝိဘတ်များ

၁၃၅။ **ထဲမှာ၊ တွင်၊ အနက်-** တို့သည် ထူးခြားသူ တဦးတယောက်ကို ထုတ်နှုတ်ရာ အပေါင်းကို ဖော်ပြသော ဝိဘတ်များ ဖြစ်၏။

(အများအားဖြင့် အမြတ်စား နာမဝိသေသနကြိယာနှင့် ရေး၏။)

ပုံစံ

(က) သတ္တဝါအပေါင်းတို့တွင် ဘုရားရှင်သည် အမြတ်ဆုံး ဖြစ်၏။
(ခ) ကျောင်းသားများအနက် မောင်ဘသည် အတော်ဆုံး ဖြစ်၏။
(ဂ) ကျောင်းသူတွေထဲမှာ မမြင့်သည် အချောဆုံး ဖြစ်၏။
(ဃ) ဆရာတွေထဲမှာ ဦးထွန်းသည် အသက်အကြီးဆုံး ဖြစ်၏။
(င) သစ်သီးများ အနက် ဒူးရင်းသီးသည် အရသာ အရှိဆုံး ဖြစ်၏။

ရည်ညွှန်းဝိဘတ်များ

၁၃၆။ **အတွက်၊ ဖို့၊ အတိုင်း၊ အရ၊ အလိုငှါ-**တို့သည် ရည်ညွှန်းချက်ကို ဖော်ပြသော ဝိဘတ်များ ဖြစ်၏။

ပုံစံ

(က) ကျွန်တော်အမေ့အတွက်/အမေ့ဖို့မုန့်ဝယ်လာသည်။
(ခ) မမြင့်သည် ဆရာမအတွက်/ဆရာမဖို့ သစ်ခွပန်း ယူခဲ့သည်။
(ဂ) ဦးမြသည် နိဗ္ဗာန်အလို့ငှါ ဒါန ပြု၏။
(ဃ) ဦးတင်သည် နတ်ပြည်အလို့ငှါ သီလဆောက်တည်၏။
(င) သင်တို့သည် ညွှန်ကြားချက်အတိုင်း လုပ်ဆောင်ကြရမည်။
(စ) ညွှန်ကြားရေးမှူး၏ အမိန့်အရ ထုတ်ပြန်ကျေညာသည်။
(ဆ) ရဲသားများသည် သတင်းအရ ဦးခွေးအိမ်ကို ရှာဖွေကြ၏။

တင်စားဝိဘတ်များ

၁၃၇။ **ကဲ့သို့၊ လို၊ သဖွယ်၊ ပမာ၊ အတိုင်း၊ အလား-**တို့ကို တင်စား ဝိဘတ်များဟု ခေါ်၏၊ တကယ်မဟုတ်သော စိတ်ကူးယဉ်မှုကို ပြ၏။ (အပိုဒ်-၁၇၀ ဥပမာ ပစ္စည်းများ ကြည့်ပါ။)

ပုံစံ

(က) မောင်လှသည် ဦးမြအား အဖေအရင်းကဲ့သို့ လေးစား၏။

(ခ) မောင်ချိန်သည် ဒေါ်စောအား အမေအရင်းကဲ့သို့ ချစ်၏။

(ဂ) မလှသည် ဇာတ်လိုက်မင်းသမီးလို ဝတ်စား၏။

(ဃ) ဆရာမဒေါ်မြင့်ခိုင်သည် တပည့်များအား သားသမီး များ ပမာ ဂရုစိုက်၏။

(င) ရဟန်းသည် သီလကို အသက်သဖွယ် စောင့်ရှောက် ၏။

(စ) မမြသည် သူ့အဖွားအား ကလေးလေးအတိုင်း ပူဆာ၏။

ယှဉ်တွဲဝိဘတ်များ

၁၃၈။ နှင့် နှင့် နဲ့ သည် ယှဉ်တွဲခြင်း၊ ပြည့်စုံခြင်းကို ပြသော ဝိဘတ်ဖြစ်၏။ တခါတရံ **အတူ၊ အတူတကွ** ဟူသော ကြိယာ ဝိသေသနပုဒ်နှင့် တွဲ၍ ရေး၊ ပြောလေ့ရှိ၏။

ပုံစံ

(က) မလှသည် ဦးလေးနှင့် အတူနေ၏။

(ခ) ကြည်ကြည်သည် အမေနှင့် ဈေးကို လိုက်သွား၏။

(ဂ) ဆရာသည် တပည့်များနှင့် အတူတကွ ပြန်လာ၏။

(ဃ) မင်း ငါနဲ့လိုက်မလား။

(င) မလှ ဘယ်သူနဲ့ ကျောင်းသွားသလဲ။

(စ) ဦးလှသည် ခေါင်းဆောင် အရည်အချင်းနှင့် ပြည့်စုံ၏။

တလျှောက်ပြဝိဘတ်

၁၃၉။ ရှည်လျားသော ခေတ်ကာလ လမ်းကြောင်း၊ မြစ် ကြောင်းများကို ပြန့်နှံ့ခြုံငုံ၍ပြောလိုသောအခါ**တလျှောက်ပြ ဝိဘတ်**ကို သုံးရ၏။

ပုံစံ

(က) သမိုင်းစဉ်တလျှောက် အလုပ်သမားများ ရုန်းကန် ခဲ့ကြ၏။

(ခ) ဧရာဝတီ မြစ်တလျှောက် သူတို့ ဆန်တက် သွား၏။

(ဂ) ဦးဝိစာရလမ်းတလျှောက် တပ်မတော်ကြီး ချီတက် သွား၏။

(ဃ) ပဒေသရာဇ် ခေတ်တလျှောက်လုံး မနှရှင်များ အခွင့် သာလာခဲ့၏။

ပိုင်ရှင်ပြဝိဘတ်များ

၁၄၀။ ၏(ရဲ့)နှင့် **အောက်မြစ်**တို့သည် ပိုင်ဆိုင်သူကိုဖော် ပြသော ဝိဘတ်များ ဖြစ်၏။ ပိုင်ရှင်ပြပုဒ်သည် ပိုင်ဆိုင်သော ပစ္စည်းနှင့်သာ အငြိမ်ပါယ်စပ်သဖြင့် နာမဝိသေသနသဘော ရှိလေသည်။

ပုံစံ

(က) မောင်မောင်သည် မောင်ဘ၏ ခဲတံကို ယူ၏။

(ခ) မမြသည် သူ၏အမေကို ကူညီ၏။

(ဂ) မောင်ခင်သည် သူ၏ အကိုကို ချစ်၏။

(ဃ) ဦးမြဟာ သူ့ရဲ့တပည့်တွေကို ချစ်တယ်။
(င) မလှက သူ့ရဲ့ ကြောင်တွေကို ဂရုစိုက်တယ်။
(စ) ကျွန်တော်က ခင်ဗျားရဲ့ တပည့်ပါ။
(ဆ) ကျွန်တော်ဟာ ဆရာ့တပည့် ဖြစ်ပါတယ်။
(ဇ) ကျွန်မ အဖေ့စာအုပ်ကို မကိုင်ပါဘူး။
(ဈ) အမေ့ပိုက်ဆံအိတ် ဘယ်မှာ တွေ့သလဲ။

ဝိဘတ်မဲ့ နာမ်ပုဒ်များ

၁၄၁။ မြန်မာဘာသာသည် ပါဠိဘာသာကဲ့သို့ ပုဒ်တိုင်း ဝိဘတ်ဆုံးရသည့် ဘာသာ မဟုတ်။ အောက်ပါ နာမ်ပုဒ် ၄-မျိုးတွင် နာမ်၊ နာမ်စားပုဒ်များ၌ ဝိဘတ်မပါဘဲ ရေး၊ ပြော ရလေသည်။

ကတ္တားတူဖြည့်ပုဒ်

၁၄၂။ ဝါကျတခုတွင် ကတ္တားနှင့် ကြိယာ ပါသော်လည်း အဓိပ္ပါယ် မပြည့်စုံသေး၍ ကတ္တားပုဒ်နှင့် အရတူ ပုဒ်တခုကို ကတ္တားပုဒ်နောက်တွင် ဖြည့်ပေးရသည်။ ၎င်းကို **ကတ္တားတူဖြည့်ပုဒ်**ဟု ခေါ်၏။

၁၄၃။ ကတ္တားတူဖြည့်ပုဒ် လိုသော ကြိယာများမှာ **ဖြစ်သည်၊** ဖြစ်လာသည်၊ ဖြစ်သွားသည်၊ မှာရှိသည်၊ ပါသည် နှင့် အခြင်အတွယ်၊ အချိန်အတွယ်၊ အတိုင်းအတာပြ ကြိယာများ ဖြစ်သည့် ရှည်၏၊ နက်၏၊ မြင့်၏၊ **ကျယ်၏၊ လေး၏၊ စီး၏၊ အလေးချိန်ရှိ၏** စသည်တို့ ဖြစ်ကြသည်။

ပုံစံ

(က) ဦးမြသည် ကျောင်းဆရာ ဖြစ်၏။
(ခ) ဦးထူးသည် လူဆိုး ဖြစ်လာ၏။
(ဂ) မလှသည် ဇာတ်လိုက်မင်းသမီး ဖြစ်သွား၏။
(ဃ) ဦးလှမှာ ကား ရှိ၏။
(င) မလှမှာ ထီးပါသလား။
(စ) မင့်းမှာ ပိုက်ဆံ ပါသေးလား။
(ဆ) ဤကြိုးသည် ၁၅-ပေ ရှည်၏။
(ဇ) ထိုရေတွင်းသည် ၁၀-တောင် နက်၏။
(ဈ) ဝါယာလက်တိုင်သည် ပေ-၂၀၀ မြင့်၏။
(ည) သူ၏ အိပ်ခန်းသည် ၁၆-ပေ ကျယ်၏။
(ဋ) ဤသေတ္တာသည် ၄၀-ပေါင် လေး၏။
(ဌ) ထိုငါးသည် ၁၂-ပိဿာ စီး၏။
(ဍ) ထိုစပါးပုံသည် ၁၄၀-တင်း ရှိ၏။
(ဎ) သူ၏ ဆွဲကြိုးသည် ၂-ကျပ်သား ရှိ၏။

ကံတူဖြည့်ပုဒ်

၁၄၄။ ဝါကျတခုတွင် ကတ္တား၊ ကံ၊ ကြိယာတို့ ပါသော်လည်း အဓိပ္ပါယ် မပြည့်စုံသေး၍ ကံပုဒ်နှင့် အရတူ နာမ်ပုဒ်တခုကို ကံပုဒ်နောက်တွင် ထပ်ဖြည့်ပေးရ၏။ ၎င်းကို **ကံတူဖြည့်ပုဒ်**ဟု ခေါ်၏။

ကံတူဖြည့်ပုဒ် ကြိယာများမှာ—

လုပ်၏။ ထင်၏။ ချက်၏။ ခန့်၏။ ပြု၏။ မွေးစား၏။ စုစည်း၏။ သတ်မှတ်၏။ ခေါ်သည်။ တင်မြှောက်သည် စသည်တို့ ဖြစ်၏။

ထိုကံတူဖြည့်ပုဒ်သည် တခါတရံ **အဖြစ်**ဟူသော နာမ်နှင့် ပေါင်းစပ်နာမ် ဖြစ်လေ့ရှိ၏။ ဟု၊ လို့-ဆိုသည့် အဖြည့်ကံညွှန်း ပစ္စည်းနှင့်လည်း တွဲသုံးလေ့ရှိသည်။

ပုံစံ

(က) မောင်လှသည် ရွှံကို **အရုပ်** လုပ်၏။
(ခ) ပန်းထိမ်ဆရာသည် ရွှေကို **လက်ကောက်** လုပ်၏။
(ဂ) ဒေါ်တင့်သည် သူ့သားမက်လောင်းကို **သူခိုး**ထင်၏။
(ဃ) သူတို့သည် ပင်လယ်ရေငန်ကို **ဆား** ချက်၏။
(င) ဒေါ်ရီသည် ကြက်သားကို **ဆီပြန်** ချက်၏။
(စ) ညွှန်ကြားရေးမှူးချုပ်က ဦးထွန်းကို **ရုံးအုပ်** ခန့်၏။
(ဆ) ဒေါ်လှသည် သူ့သားများကို **ရှင်**ပြု၏။
(ဇ) ဦးထူးက မောင်မောင်ကို **သားအဖြစ်** မွေးစား၏။
(ဈ) ရပ်ကွက်များကို **မြို့အဖြစ်** စုစည်းသည်။
(ည) ရခိုင်တိုင်းကို **ရခိုင်ပြည်နယ်**ဟု သတ်မှတ်၏။
(ဋ) တနင်္သာရီတိုင်း(၁)ကို **မွန်ပြည်နယ်** ဟု သတ်မှတ်သည်။
(ဌ) အမည်ဟူသမျှကို **နာမ်**ဟု ခေါ်သည်။

(ဍ) ရပ်ကွက်က ဦးလှကို **ဥက္ကဋ္ဌအဖြစ်**တင်မြှောက်သည်။
(ဎ) ကောင်စီဝင်များက ဦးမြင့်ကို **သဘာပတိအဖြစ်** ရွေး၏။
(ဏ) အများက သူ့ကို **လံဘားလို့** ခေါ်တယ်။
(တ) ဒေါ်မြက သူ့သားကို **ထွန်းထွန်းဟု** မှည့်ခေါ်သည်။

အသုံးခံ "အား" အစား "ကို" သုံးသော ကံပုဒ်

၁၄၅။ "အား-ကို ကို-နှင့် လဲ၍ ပြောခြင်း" ဟူသော ခေါင်းစဉ် အပိုဒ် (၁၁၀)အောက်တွင် ပုံစံများ ပြန်ကြည့်ပါ။ ကံပုဒ်များကို ဝိဘတ်မဲ့ သုံးထားသည်ကို တွေ့ရပါမည်။

အခေါ် "အာလုပ်"ပုဒ်

၁၄၆။ စကားတခွန်းကို စတင်ပြောဆို, မေးမြန်း, ခိုင်းစေလိုသောအခါ မိမိ ပြောလို, မေးလို, ခိုင်းလိုသူ၏ နာမည်, ရာထူး, တော်စပ်ပုံကို ခေါ်လေ့ရှိ၏။ ၎င်းကို **အခေါ်ပုဒ် (အာလုပ်ပုဒ်)** ဟု ခေါ်သည်။ အာလုပ်ပုဒ်တွင် ဝိဘတ်မရှိချေ။ အာလုပ်ပုဒ်ကို ဝါကျ၏ ရှေ့ဆုံးနှင့် နောက်ဆုံး၌ ထား၍ ပြောလေ့ ရေးလေ့ရှိ၏။ အာလုပ်ပုဒ်နှင့် ဝါကျအကြားတွင် စဉ်းငယ်ရပ်၍ ပြောရ၊ ရေးရသကဲ့သို့ ရေးသောသခါ တချောင်းပိုဒ်ခြား၍ ရေးသင့်ပေသည်။

ပုံစံ

(က) မောင်မောင်၊ မင်း ဘယ်က လာသလဲ။
(ခ) မင်း ဘယ်ကလာသလဲ၊ မောင်မောင်။

(ဂ) မလှ၊ ထမင်းစားပြီးပြီလား။
(ဃ) ထမင်းစားပြီးပြီလား၊ မလှ။
(င) အာနန္ဒာ၊ မငိုကြေးနှင့်။
(စ) မငိုကြေးနှင့်၊အာနန္ဒာ။
(ဆ) ရဟန်းတို့၊ သတိရှိကြကုန်လော့။
(ဇ) သတိရှိကြကုန်လော့၊ရဟန်းတို့။
(ဈ) ဥက္ကဋ္ဌကြီး၊ဘယ်က ပြန်လာသလဲ။
(ည) ဘယ်က ပြန်လာသလဲ၊ ဥက္ကဋ္ဌကြီး။
(ဋ) ဦးလေး၊ ကျွန်တော်လဲ လိုက်ဦးမယ်။
(ဌ) ကျွန်တော်လဲ လိုက်ဦးမယ်၊ ဦးလေး။

လေ့ကျင့်ခန်း

၁၄၇။ အောက်ပါ ပုစ္ဆာများကို စိတ်ဖြင့်ဖြေပါ။ မဖြေနိုင်လျှင် ပြန်လှန်လေ့လာပါ။

(က) မြန်မာစကားပြေစာအုပ်မှ စာပိုဒ်တခုကို ထုတ်၍ စာပိုဒ်ပါ ဝိဘတ်ဆုံးပုဒ်များကို အမည်ပေးပြပါ။ ဝိဘတ်မြုပ်ထားသောပုဒ်၊ လုံးဝမပါသောပုဒ်များကိုလည်း နာမည်ပေးပါ။

(ခ) ဝိဘတ် တမျိုး တမျိုးဖြင့် သင်၏ကိုယ်ပိုင်ဝါကျသုံးခုစီ တည်ဆောက်ပြပါ။
(ကတ္တား ဝါကျ ၃-ခု၊ ကံ ဝါကျသုံးခု စသည်)

(ဂ) ဝိဘတ်မဲ့ ပုဒ် ၄-မျိုးပါဝင်သည့် ဝါကျ ၁၀-ခုကို ရေးပြပါ။

(ဃ) ကတ္တား-ကံ၊ ဝိဘတ်တို့ကို မြုပ်၍ ရေးထားသော ဝါကျပုံစံ ၁၀ ခုကို ရေးပြပါ။

(င) ဤစာအုပ်တွင် ပြမထားသော မြန်မာဝိဘတ်များကို စာအုပ်များနှင့် နေ့စဉ်စကားများမှ ရှာဖွေဖော်ပြပါ။ (ပစ္စည်းများကို ဝိဘတ်ထင်၍ ထုတ်ပြတတ်ပါသည်။ သံသယရှိလျှင် ဆရာကို မေးပါ။ ပစ္စည်းများအခန်းကို လှမ်းကြည့်ပါ။)

PDF CREATOR - NYEYADHAMMA@GMAIL.COM

ဝါစင်္ဂ-၄
ပစ္စည်း

အဓိပ္ပါယ် ဖွင့်ဆိုချက်

၁၄၈။ ပုဒ်တခု၌ယှဉ်ကပ်၍ ထိုပုဒ်၏အဓိပ္ပါယ်ကို ထောက်ပံ့ ကူညီသော စကားအစိတ်အပိုင်းကို ပစ္စည်းဟု ခေါ်၏။

ပစ္စည်းနှစ်မျိုး

၁၄၉။ ပစ္စည်းသည်—

(က) နာမ်ပစ္စည်း၊
(ခ) ကြိယာပစ္စည်း—

ဟု နှစ်မျိုးရှိ၏။

နာမ်ပစ္စည်း

၁၅၀။ နာမ်ပုဒ်၏ ရှေ့နောက်၌ ယှဉ်ကပ်မှီတွယ်၍ ထို နာမ်ပုဒ်၏ အဓိပ္ပါယ်ကို ထောက်ပံ့သော စကားအစိတ် အပိုင်းကို နာမ်ပစ္စည်းဟု ခေါ်၏။

ကြိယာပစ္စည်း

၁၅၁။ ကြိယာတခု၏ ရှေ့နောက်တို့၌ မှီတွယ်ယှဉ်ကပ်၍ ကြိယာ၏ အဓိပ္ပါယ်ကို ထောက်ပံ့သော စကားအစိတ်အပိုင်း ကို ကြိယာပစ္စည်းဟု ခေါ်၏။

(ကြိယာပစ္စည်းကို ကြိယာအခန်းမှာ ကြည့်ပါ။)

နာမ်ပစ္စည်း (၈)မျိုး

၁၅၂။ ထိုနာမ်ပစ္စည်းသည်—

(က) မျိုးပြပစ္စည်း၊
(ခ) သချာလေးနက်ပစ္စည်း၊
(ဂ) လိင်ညွှန်းပစ္စည်း၊
(ဃ) ဝိစ္ဆာပစ္စည်း၊
(င) ကိန်းညွှန်းပစ္စည်း၊
(စ) ခေါ်ထူးပစ္စည်း၊
(ဆ) နာမည်ရှေ့ဆက်ပစ္စည်း၊
(ဇ) နာမ်ထောက်ပစ္စည်း—

ဟု (၈)မျိုး ရှိ၏။

ထို နာမ်ပစ္စည်း (၈) မျိုးအနက် အထက် (၅)မျိုးကို ဆိုင်ရာအခန်းတွင် ပြခဲ့ပြီးဖြစ်၍ ဤ၌ ကျန်သောပစ္စည်း (၃)မျိုးကိုသာ ဖော်ပြပါအံ့။

ခေါ်ပုဒ် ခေါ်ပစ္စည်း

၁၅၃။ လူတယောက်အား နာမည်၊ ရာထူး၊ တော်စပ်ပုံ တခုခုအားဖြင့် ခေါ်သောအခါ ထိုနာမည် ရာထူး၊တော်စပ်ပုံ အပြင်—

(က) အသက်၊ဂုဏ် ကြီးသူအတွက် ရှိသေလေးစားခြင်း နှင့် ယဉ်ကျေးခြင်းကိုပြရန် ခင်ဗျား (ခမျာ)၊ ရှင်၊ ဘုရား-ဟူသော နောက်ဆက် ခေါ်ပစ္စည်းကို ၎င်း၊

PDF CREATOR - NYEYADHAMMA@GMAIL.COM

(ခ) အသာက်-ဂုဏ် ငယ်သူ၊ တူသူအတွက် ရင်းနှီးခင်မင် အကျွမ်းဝင်သည်ကို ပြရန် ရေ၊ ရယ်၊ရှဲ၊ ရာ၊ ရ၊ နော်·ဟူသော နောက်ဆက် ခေါ်ပစ္စည်း’နှင့် ဟော့၊ ဟိတ်၊ ဟဲ့၊ ဟ-စသော ရှေ့ဆက်‘ခေါ်ပစ္စည်း’ များကိုရင်း

ထည့်၍ ခေါ်လေ့ရှိ၏။ ထိုအခေါ်ပုဒ်များနှင့်တွဲ၍ခေါ်သော စကား အစိတ်အပိုင်းများကို ခေါ်ပစ္စည်းဟု ခေါ်၏။

ပုံစံ

(၁) ဆရာခင်ဗျား၊ တခါ ထပ် ရှင်းပြပါဦး။
(၂) ရွှေပွဲလာများရှင်၊ အိုးစည်ကကို ဆက်လက်ရှုစားကြပါ။
(၃) သောတရှင်များရှင်၊ သတင်းများကို ဦးရဲထွတ်က ဆက်လက် ကျေညာပါလိမ့်မယ်။
(၄) ဆရာတော်ဘုရား၊ ဆွမ်းဘုဉ်းပေးဘို့အချိန်ရောက်ပါပြီ။
(၅) အမကြီးရှင့်၊ ညီမ တခု မေးပါရစေ။
(၆) မောင်ညီမလေးတို့ရေ၊ ပုံပြင်လေးကတော့ ဒါပါဘဲကွယ်။
(၇) သူငယ်ချင်းရယ်(ရာ)၊ ငါ့ဘို့လဲ စာအုပ်တအုပ် ဝယ်ခဲ့စမ်းပါ။
(၈) အိမ်ဘက်လဲအလယ်လာပါအုံးကွဲ့၊မောင်တင်ထွန်းရှဲ။
(၉) မောင်ခင်ရ၊ ခဏ ထိုင်စမ်းပါအုံးကွ။
(၁၀) မြမြရာ၊ မင့်းကို ငါ သတိရလိုက်တာ။

(၁၁) ဟော့ (ဟိတ်) မောင်မောင်၊ ဘာလုပ်နေလဲကွ။
(၁၂) ဟဲ့မိခွေး၊အခုထက်ထိထမင်းမကျက်သေးဘူးလား
(၁၃) မိစံစီနော်၊ငါ့ကိုလိုက်မစနေနဲ့။
(၁၄) မောင်မောင်နော်၊ ငါ ဆရာကြီးကို တိုင်လိုက်မယ်။

ထူးပုဒ်နှင့် ထူးပစ္စည်း

၁၅၄။ တစုံတယောက်က မိမိကိုခေါ်၍ ထိုသို့ခေါ်သည်ကို ကြားသိကြောင်း တုံ့ပြန်လိုသောအခါ ခေါ်သူကို ပြန်ခေါ်လေ့ရှိ၏။ ထိုသို့ ပြန်ခေါ်သည်ကို ထူးသည်ဟု ခေါ်၏။ ထိုပြန်ခေါ်သောပုဒ်ကို ထူးပုဒ်ဟု ခေါ်၏။မြန်မာ့ထူးပုဒ်တွင် ဝိဘတ်မရှိချေ။ ခေါ်သောအခါပစ္စည်းနှင့်တွဲခေါ်သကဲ့သို့ထူးသော အခါလည်း ပစ္စည်းနှင့် တွဲ ထူးလေ့ရှိ၏။

၁၅၅။ ထူးပုဒ်ကို အပြည့်အစုံ မထူးဘဲ အများအားဖြင့် ထူးပစ္စည်းများဖြစ်သော ခင်ဗျာ (ခမျာ)၊ ဗျာ၊ ရှင်၊ ရေ၊ ဟင်၊ ဘုရား စသော ထူးပစ္စည်းများကိုသာ အဖျားဆွတ် ထူးလေ့ရှိ၏။ ထိုအခါ ထူးပစ္စည်းဟုမခေါ်ဘဲ ထူးပုဒ်များဟု ခေါ်ရ၏။(အပိုဒ် (၇၆) ကိုပြန်ကြည့်ပါ။)

၁၅၆။ ထူးပုဒ်သည် မိမိအား ခေါ်သည်ကို ကြားသိကြောင်း တုံ့ပြန်မှုသက်သက်သာ ဖြစ်၍ ထူးပုဒ်နှင့် ဆက်စပ်နေသောဝါကျ မရှိ။ ထူးပုဒ်သည် သီးခြား ရပ်တည်၏။ တခါတရံ ပြောပါမေမေ၊ ပြောပါဆရာ၊ ဘာလဲမေမေ၊ ဘာလဲမောင်မောင် စသဖြင့် တောင်းပန်ဝါကျ,အမေးဝါကျ တခုခုနှင့်တွဲ၍ ထူးတတ်ပေသည်။

မှတ်ချက်။ ။ခေါ်ပုဒ်၊ ထူးပုဒ် နှစ်မျိုးလုံးကို ပါဠိသဒ္ဒါတွင် အာလပနဟု ခေါ်၍ မြန်မာသဒ္ဒါဟောင်းများတွင် အာလုပ်ဟု ခေါ်ကြ၏။

ခေါ်ပုဒ်	ထူးပုဒ်
မောင်မောင်ရေ	(အဖေ)ခင်ဗျာ၊
မောင်ထွန်း	(ဆရာ)ခင်ဗျာ၊
မမြရေ	(အမေ)ရှင်၊
ကိုတင်ထွန်း	(ဦးလေး)(ခင်)ဗျာ၊
မေမေ	(ပြောပါ)သမီး၊
ဖေဖေ	(ဘာလဲ)သားသား၊
မေမေ	ဟေ(လည်ချောင်းသံ)
ဖေဖေ	ဟင်(ပါးစပ်ပိတ်ဆို)
သမီးရေ	မေမေ၊
အကိုကြီးရေ	ညီမလေးရေ၊
ကိုမြမောင်	(ကိုလှထွန်း)ခင်ဗျာ၊
မခင်မြင့်ရေ	(ဒေါ်ဒေါ်)ရှင်၊
ဆရာခင်ဗျား	ဘာလဲ မောင်မောင်၊
အကို	ပြောပါ ညီလေး၊
ဘုန်းကြီးဘုရား	ဘာလဲ ဒကာကြီး၊
ဒကာကြီး	အမိန့်ရှိပါ ဆရာတော်ဘုရား၊

မှတ်ချက်။ ။ခေါ်ပုဒ်တိုင်းကို ထူးစရာ မလိုပါ။ ဝါကျတခု နှင့်ဆက်နေသော ခေါ်ပုဒ် အခေါ်ပစ္စည်း ရယ် ရဲ့ ရာ ရ ဟိတ် ဟ ဟဲ့ ခေါ်ပစ္စည်းဆုံးသော ခေါ်ပုဒ်များကို ပြန်ထူးရန် မလိုပေ။ (ခေါ်ပုဒ် ဝါကျပုံစံများကို ကြည့်ပါ။)

နာမည်ရှေ့ဆက်ပစ္စည်းများ

၁၅၇။ မြန်မာတို့သည် ကိုယ့်ထက် ငယ်သူများ ကိုသာ နာမည်သက်သက် ခေါ်လေ့ရှိ၏။ ကိုယ်နှင့်ရွယ်တူ၊ကိုယ့်ထက် ကြီးသူများကိုကား ကို၊ ဦး၊ ဘိုး၊ မောင်၊ မ၊ ဒေါ်၊ ဖွား စသော နာမည်ရှေ့ဆက်ပစ္စည်းများ ထည့်၍ ခေါ်လေ့ရှိကြ သည်။

၁၅၈။ အမှန်မှာ နာမည်ရှေ့ဆက် ပစ္စည်း များသည် အကို၊ ဦးလေး၊ အဘိုး၊ မောင်လေး၊ အမ၊ အဒေါ်၊ အဖွား ဟူသော နာမ်ပုဒ်များမှ ဆင်းသက်လာသော စကားလုံးများ သာ ဖြစ်သည်။ မိမိနှင့် သွေးသားမတော်စပ်စေကာမူ အကို အရွယ်ကို အကိုရင်း၊ဦးလေး အရွယ်ကို ဦးလေးအရင်း၊ အဖွား အရွယ်ကို အဖွားအရင်း စသည်ဖြင့် ဆွေရင်းမျိုးချာ သွေး သားတော်စပ်သူများအဖြစ် သဘောထားကာ ခေါ်ဝေါ်ခြင်း ဖြစ်၏။တဖက်သားအပေါ် ခင်မင် လေးစားဖော်ရွေမှု၌ ကမ္ဘာ က လေးစား စံထားရသော မြန်မာ့အတွင်းစိတ်ထားကို ဖော်ပြ သော စကားလုံးများ ဖြစ်၏။ မူလက အကိုအရွယ်ကိုမှ အကို၊ အဒေါ်အရွယ်ကိုမှ အဒေါ်တပ်၍ ခေါ်ခဲ့သော်လည်း ယခု အခါ ရာထူးဌာနန္တရ အဆင့်အတန်းကို အလေးပြုသော အားဖြင့်၎င်း၊ မိမိကိုယ် မိမိ နှိမ့်ချသော မြန်မာ့ပင်ရင်းစိတ်

ထားကို ဖော်ဆောင်သောအားဖြင့်ရင်း ကိုယ့်ထက်ငယ်သူ၊ ရွယ်တူများကိုပင် ဦး၊ ဒေါ်၊ ကို၊ မ- တပ်၍ ခေါ်ဝေါ်နေကြလေသည်။

ထို့ကြောင့် ဦး၊ ဒေါ်၊ ကို၊ မ၊ ဖိုး၊ ဖွား- စသည်တို့သည် မူလက နာမ်ပုဒ်များပင် ဖြစ်သော်လည်း ယခုအခါ သီးခြားရပ်တည်နိုင်ခြင်း လက္ခဏာမရှိဘဲ နာမည်များရှေ့ကသာ ဆက်၍ ပြောဆို ရေးသားရသောကြောင့် မြန်မာသဒ္ဒါနည်း အရ ၎င်း ကို၊ မ၊ ဦး၊ ဒေါ်၊ ဖိုး၊ ဖွား၊ မောင်၊ ရှင်၊ အရှင်- တို့ကို နာမည်ရှေ့ဆက်ပစ္စည်းများဟု အမည်သစ် တီထွင်ပေးလိုက်ပါသည်။

၁၆၀။ ကိုယ့်ထက် သိသိသာသာငယ်သော အမျိုးသမီး၏ နာမည်ရှေ့တွင် မိ၊ အညာဒေသတွင် မယ်၊ အမျိုးသား နာမည်ရှေ့တွင် ငကို ဆက်၍ ခေါ်လေ့ရှိ၏။ မသိမသာငယ်သူများ၊ ရွယ်တူများကို မိ င တည့်ခေါ်လျှင် ရိုင်းသည်၊ နှိမ်သည်ဟု ယူဆကြ၏။ ထို့ကြောင့် ကိုယ့်ထက် ငယ်သူပင် ဖြစ်စေကာမူ မိ င-ဖြင့်မခေါ်ဘဲ မ မောင်-ဖြင့်သာ အခေါ်များလေသည်။ မောင်-သည် မောင်လေး၊ ညီလေး၊ တူလေး၊ သားလေးဟု အဓိပ္ပါယ်ကိုဆောင်၍ မ-သည် အထက်ပါ အမဟူသော အဓိပ္ပါယ်အပြင် နှမ၊ ညီမ၊ တူမ-ဟူသော အဓိပ္ပါယ်ကိုလည်း ဆောင်သည်ဟု မှတ်ယူရပါမည်။

၁၆၁။ ရှင်သာမဏေများ၊ ရဟန်းတော်များ၏ ဘွဲ့ရှေ့မှ တပ်၍ခေါ်သော ရှင်၊ အရှင်၊ အသျှင်၊ ဦး-တို့သည်လည်း နာမည်ရှေ့ဆက်ပစ္စည်းများပင် ဖြစ်၏။

၁၆၂။ မွန်ဘာသာ နိုင်၊ မင်း၊ မိ, ရှမ်းဘာသာ စပ်၊စိုင်း, ကရင်ဘာသာ စော၊ မန်း, ပအို့ဘာသာ ခွန်၊ နန့်-စသည် တို့မှာလည်း နာမည်ရှေ့ဆက်ပစ္စည်းများသာ ဖြစ်ကြ၏။

နာမည်ရှေ့ဆက်ပစ္စည်းပါ နာမည်များ

မောင်ခင်မောင်လွင်	ဒေါ်သန်းရီ	မိတင်အေး
မောင်သန်းလွင်	ဒေါ်ကျင်ရွှေ	မိအေးသိန်း
မောင်ဝင်းလှိုင်	ဒေါ်ခင်မေ	ငစိုး
မစန်းစန်းလွင်	ဖိုးပေါ်ထွန်း	ငခွေး
မကြည်ကြည်လွင်	ဖိုးမြညို	ရှင်ဇဝန
မစီစီလွင်	ဖွားစိန်ပွင့်	အရှင်သုမန
ကိုလှအောင်	ဖွားစိန်တင့်	ဦးခေမိန္ဒ
ကိုသန်းမောင်	စပ်ရွှေထွန်း	အသျှင်သောဘန
ဦးထွန်းအေး	စိုင်းဂုဏ္ဏ	ဒေါ်ကဥ္စန
ဦးစံအေး	စောစံဖိုးသင်	ဒေါ်ဉာဏဝတီ
မိအုန်းကြည်	စောကျော်အေး	နိုင်ပန်းလှ
နန့်ခင်စိန်	မန်းဘခိုင်	မင်းဖေအောင်
မိညို	ခွန်ဝင်းလှိုင်	နိုင်ထွန်းဝေ

နာမ်ထောက်ပစ္စည်းများ

၁၆၃။ နာမ်ဝိဘတ်အဆုံးရှိသောနာမ်၊နာမ်စားပုဒ်များ၏ နောက်၌ မှီတွယ်၍ ၎င်းပုဒ်များ၏အဓိပ္ပါယ်ကို ပေါင်းဆည်းခြင်း၊ ကန့်သတ်ခြင်း၊ လေးနက်စေခြင်းတို့ဖြင့် ထောက်ပံ့သောပစ္စည်းကို နာမ်ထောက်ပစ္စည်းဟု ခေါ်၏။

ပေါင်းဆည်း နာမ်ထောက်ပစ္စည်းများ

၁၆၄။ လည်း၊ (လဲ)၊ (လဲပဲ)၊ ပါ၊ ရော၊ ကော-ပစ္စည်းများသည် လုပ်ငန်းတူပုဒ်များကို ပေါင်းဆည်းကြ၏။

ပုံစံ

(က) အမေတို့လည်း/ပါ/ရော/ကော နက်ဖြန် လိုက်လာကြမည်။
(အမေတို့လဲ/လဲပဲ နက်ဖြန်လိုက်လာကြမယ်။)
(ကျွန်တော်တို့သာ လာသည် မဟုတ်ပါဟု ကျွန်တော်တို့နှင့်အမေတို့ နှစ်ဦးကို ပေါင်းဆည်းပေးပါသည်။)

(ခ) အဖေကိုလည်း/ပါ/ရော/ကော ပြောပြီးပါပြီ။
(အဖေ့ကိုလဲ/လဲပဲ ပြောပီးတီ)
(အမေ့ကိုသာ ပြောပြီးသည် မဟုတ်ဟု ပေါင်းဆည်းပေးပါသည်။)

(ဂ) အိမ်မှာလည်း/ပါ/ရော/ကော နည်းသစ်သဒ္ဒါ မရှိတော့ဘူးလား။
(အိမ်မှာလဲ/လဲပဲ နည်းသစ်သဒ္ဒါ မရှိတော့ဘူးလား)
(ဆိုင်မှာသာ မရှိသည် မဟုတ်လားဟု ပေါင်းဆည်းပေးသည်)။

ကန့်သတ်နာမ်ထောက်ပစ္စည်းများ

၁၆၅။ သာ၊ သာလျှင်၊ ပဲ၊ တင်၊ ချည်း၊ တော့ပစ္စည်းတို့သည် လုပ်ငန်းတူပုဒ်များကို ပိုင်းခြားကန့်သတ် ပေးကြသည်။

ပုံစံ

(က) ကျောင်းသူများ သာ/သာလျှင်/ချည်း ဂုဏ်ထူးရ၏။
(ကျောင်းသူ များ ပဲ/ တင်/ တော့ ဂုဏ်ထူးရတယ်။)
(ကျောင်းသားများ ဂုဏ်ထူးမရဟု ကန့်သတ်ထားခဲ့၏။)

(ခ) မောင်မောင်သည်အဖေကိုသာ/သာလျှင်/ချည်းချစ်၏။
(မောင်မောင်ဟာ အဖေ့ကို ပဲ/တင်/တော့ချစ်တယ်) (အမေ့ကိုမချစ်ပါဟု ကန့်သတ်၏။)

(ဂ) ကျွန်တော် ငပိရေနဲ့ဘဲ စားတယ်၊
(ကြက်သားဟင်း မစားဟု ကန့်၏။)

(ဃ) အမေ အိမ်မှာပဲ ဥပုသ်စောင့်တယ်။
(ကျောင်းကို မသွားတော့ဘူးဟု ကန့်၏။)

လေးနက်နာမ်ထောက်ပစ္စည်းများ

၁၆၆။ ပင်၊ တောင်၊ တောင်မှ ပစ္စည်းတို့သည် အသက်၊ အင်အား၊ ဂုဏ် ငယ်သူများ လုပ်နိုင်မှုကိုပြသဖြင့် သူတို့ထက်ကြီးသူများ သာ၍ပင် လုပ်နိုင်သည် ဟူသော အဓိပ္ပါယ်ကို လေးနက်စေသည်။

(က) ကလေးများပင် သိကုန်ကြပြီ။
(ကလေးတွေ တောင်/တောင်မှ သိကုန်ကြပြီ)

(လူကြီးတွေတော့ ဘယ်ပြောစရာရှိ မလဲဟု လေးနက်စေ၏။)

(ခ) နည်းသစ်သဒ္ဒါသည် ပင်ရင်းတိုက်မှာပင် မရှိတော့ချေ။
(နည်းသစ်သဒ္ဒါဟာ ပင်ရင်းတိုက်မှာတောင်/တောင်မှ မရှိတော့ဘူး)
(စာအုပ်ဆိုင်လေးတွေမှာ ဘယ်ရှိပါတော့မလဲဟု လေးနက်စေ၏။)

အငြင်း နာမ်ထောက်ပစ္စည်းများ

၁၆၇။ ကို၊ မှ၊ မှန်း၊ ဖြင့် ပစ္စည်းများသည် အငြင်းဝါကျကို လေးနက်စေကြ၏။

(က) ပိုက်ဆံ အိမ်ကကို ပါမလာဘူး။
(လမ်းမှာ ကုန်သွားဒါ မဟုတ်ဘူးဟု ဆိုလိုသည်။)
(ခ) သူနဲ့ကို မတွေ့ရသေးဘူး။
(တွေ့ရက်သားနဲ့ အလုပ်ပြီးဒါ မဟုတ်ဟု ဆိုလိုသည်။)
(ဂ) အခန်းထဲကကို မထွက်ဘူး။
(အပြင်မှာ အလုပ်လုပ်ဘို့က ပိုဝေးဒါပေါ့ ဟု ဆိုလိုသည်။)
(ဃ) မမြကိုယ်က မပြတ်သားဘူး။
(သူ့ယောကျ်ားက ဘယ်ပြတ်သားတော့မလဲ)
(င) မင်းကမှ မပြောဘဲ။
(ပြောလျှင် သိမှာပေါ့ဟု ဆိုလိုသည်)

(စ) သူလိပ်စာကိုမှ မသိပဲ။
(သိလျှင် စာထည့်လိုက်မှာပေါ့ဟု ဆိုလိုသည်)
(ဆ) ဦးလေက မန္တလေးမှာမှ မရှိဘဲ။
(ရှိရင် သွားတွေ့မှာပေါ့ဟု ဆိုသိုသည်)

မှတ်ချက်။ ။မေးကို မေးရမယ်၊ ပြောကို ပြောအုံးမယ်၊ သိမှ မသိဘဲ၊ တွေ့မှ မတွေ့ဘဲ-ဟု ကြိယာထောက်အဖြစ် သုံးပုံကို ကြိယာထောက်ပစ္စည်းခန်းတွင် ကြည့်ပါ။

(ဇ) လူတွေက မောင်ထွေးကို စုံထောက်မှန်း မသိကြဘူး။
(ဈ) မောင်ထူးကို ခါးပိုက်နှိုက်မှန်း မသိဘူးလား။
(ည) စာကိုဖြင့် မကျက်ကြဘူး။
(ဋ) အိမ်မှာဖြင့် မနေကြဘူး။
(ဌ) သူကဖြင့် မသင်ပေးဘဲနဲ့။
(ဍ) အိမ်ကိုမြင့် လာ မလည်ကြဘူး။

မှတ်ချက်။ ။"ဖြင့်"အစား "မြင့်"ကို သုံး၍ တချို့ ပြောဆိုကြသည်။

သံသယ နာမ်ထောက်ပစ္စည်းများ

၁၆၈။ 'များ'သည် နာမ်ဝိဘတ်ဆုံးသော နာမ်၊ နာမ်စားပုဒ်များနောက်တွင် နေ၍ အမေးဝါကျ၊ အငြင်းဝါကျ ပုံစံရှိကာ သံသယကို လေးနက်စေ၏။ (နာမ်အခန်း ဗဟုဝုစ်ကိန်းညွှန်းပစ္စည်းတွင် ပြန်ကြည့်ပါ။)

(က) ငါ့ဖောင်တိန် မောင်မောင်များ ယူသွားလား (မသိဘူး)။

(ခ) ကလေးတွေ သူ့အဖိုးဆီများ ဝင်နေကြလား (မသိဘူး)။

(ဂ) အမေတို့ ဘယ်ကိုများ သွားကြပါလိမ့်(မလဲ)။

(ဃ) မလှ ဘယ်သူနဲ့များ နေပါလိမ့် (မလဲ)။

(င) ဦးလေးတို့ ဘာကြောင့်များ မလာကြပါလိမ့် (မလဲ)။

အတူပြု ရူပကအလင်္ကာပစ္စည်း

၁၆၉။ တည်းဟူသောသည် တူညီသော အရာနှစ်ခုတို့ကို အတူပြုပြောဆိုရေးသားသော ရူပကအလင်္ကာပစ္စည်း ဖြစ်၏။

(က) သံဃာတော်သည် ကောင်းမှုတည်းဟူသော မျိုးစေ့၏ စိုက်ပျိုးရာဖြစ်၏။

(ခ) နေမင်းတည်းဟူသောဘုရားသည် ဖြစ်ထွန်း ပွင့်ပေါ်တော်မူ၏။

နှိုင်းယှဉ်ခြင်း ဥပမာပစ္စည်းများ

၁၇၀။ ကဲ့သို့၊ လို၊ နှယ်၊ ပမာ၊ အလား စသည်တို့သည် တူမျှခြင်းကို လေးနက်စေသော ဥပမာပစ္စည်းများ ဖြစ်၏။

[အပိုဒ် (၁၇၇) တင်စားဝိဘတ်များနှင့် ယှဉ်ကြည့်ပါ။]

(က) မမြသည် သူ့အမေကဲ့သို့ (သူ့အမေလို၊ သူ့အမေပမာ၊ သူ့အမေအလား)လှပ၏။

(ခ) ဘုရားရှင်သည် နေမင်းကဲ့သို့ (နေမင်းလို၊ နေမင်းပမာ၊ နေမင်းအလား)ပညာအလင်းရောင်ကို ပေးတော်မူ၏။

လေ့ကျင့်ခန်း

၁၇၁။ အောက်ပါ မေးခွန်းများကို ဖြေပါ။

(က) ခေါ်ပစ္စည်း၊ ထူးပစ္စည်း၊ နာမည်ရှေ့ဆက် ပစ္စည်းတို့ ပါဝင်သော ဝါကျငါးခုစီ ရေးပြပါ။

(ခ) ဝတ္ထုစာအုပ်တခုမှ ခေါ်-ထူး-နာမည်ရှေ့ဆက် ပစ္စည်းများ ပါဝင်သောဝါကျ ၁၀-ခုကို ရှာဖွေ ကောက်နုတ်ပြပါ။

(ဂ) နာမ်ထောက်ပစ္စည်း ၅-မျိုးပါဝင်သောအရေး ဝါကျ ၁၀-ခုကို ရေးပြပါ။

(ဃ) နာမ်ထောက်ပစ္စည်း ၅ မျိုး ပါဝင်သော အပြောဝါကျ ၁၀-ခုကို ပြောဟန် ပုံစံဖြင့် ရေးပြပါ။

(င) မြန်မာစကားပြေ စာအုပ်မှ နာမ်ထောက် ပစ္စည်းများ ပါဝင်သော ဝါကျ ၁၀-ခုကို ကောက်နုတ်ဖော်ပြပါ။

(စ) ဤစာအုပ်တွင် မပြထားသော နာမ်ထောက် ပစ္စည်းများ ခေါ်ထူးနှင့် နာမည်ရှေ့ဆက် ပစ္စည်းများကို နေ့စဉ်သုံး စကားနှင့် စာအုပ်များမှ ရှာဖွေဖော်ပြပါ။

PDF CREATOR - NYEYADHAMMA@GMAIL.COM

ဝါစင်္ဂ-၅
နာမဝိသေသန

အစိပ္ပါယ်ဖွင့်ဆိုချက်

၁၇၂။ နာမ်ပုဒ်ကို ထူးခြားထင်ရှားစေသောပုဒ်ကို နာမဝိသေသနပုဒ်ဟု ခေါ်၏။ ဘာသာစကားအများတွင် နာမဝိသေသနပုဒ်သည် နာမ်ရှေ့မှနေ၍ အထူးပြုကြသော်လည်း မြန်မာဘာသာ၌ ရှေ့နောက် နှစ်နေရာလုံးမှ အထူးပြုနိုင်သည်။

၁၇၃။ ဂုဏ်၊ သင်္ချာနှင့် ပမာဏနာမဝိသေသနများသည် ရှေ့ကနေ အထူးပြုသောအခါ သော-ပစ္စည်းပါ၍ ကျန် နာမဝိသေသနများ ရှေ့ကနေသောအခါနှင့် နောက်ကအထူးပြုသော နာမဝိသေသနများတွင် ပစ္စည်းမလိုချေ။ မြန်မာ နာမဝိသေသနပုဒ်များ၌ ဝိဘတ်၊ ကိန်းနှင့်လိင် မရှိသည်မှာ ပါဠိ၊ သက္ကတတို့နှင့်မတူ ထူးခြားချက်ဖြစ်ပေသည်။

နာမဝိသေသန(၇)မျိုး

၁၇၄။ နာမဝိသေသနပုဒ်သည်–

(က) ဂုဏ်ရည်နာမဝိသေသန၊
(ခ) အညွှန်းနာမဝိသေသန၊
(ဂ) သင်္ချာနာမဝိသေသန၊
(ဃ) ပမာဏနာမဝိသေသန၊
(င) နာမ်နာမဝိသေသန၊
(စ) ကြိယာနာမဝိသေသန၊
(ဆ) ပုစ္ဆာနာမဝိသေသန—

ဟု (၇)မျိုး ရှိ၏။

(၁) ဂုဏ်ရည်နာမဝိသေသန

၁၇၅။ နာမ်ပုဒ်၏ဂုဏ်အရည်အချင်းကို ဖော်ပြ အထူးပြုသောပုဒ်ကို ဂုဏ်ရည်နာမဝိသေသန ဟု ခေါ်၏။ နာမ်ရှေ့က အထူးပြုသောအခါ သော (တဲ့)ပစ္စည်းပါ၍ နာမ်နောက်က အထူးပြုသောအခါ ပစ္စည်းမပါပေ။ ပေါင်းစပ်နာမ်ပုဒ်အဖြစ် အသုံးပြုလေသည်။

နာမ်ရှေ့က အထူးပြုပုံ (နာမ်ပုဒ်စု)	နာမ်နောက်ကအထူးပြုပုံ (ပေါင်းစပ်နာမ်)
လိမ္မာသောခွေး=လိမ္မာတဲ့ခွေး၊	ခွေးလိမ္မာ
ဝသောလူ=ဝတဲ့လူ၊	လူဝ
သစ်သောစာအုပ်=သစ်တဲ့စာအုပ်	စာအုပ်သစ်
ကြီးသောသေတ္တာ=ကြီးတဲ့သေတ္တာ၊	သေတ္တာကြီး
ဆိုးသောခွေး=ဆိုးတဲ့ခွေး	ခွေးဆိုး
ကောင်းသောစာအုပ်=ကောင်းတဲ့စာအုပ်၊	စာအုပ်ကောင်း
ဖြူသောကြွက်=ဖြူတဲ့ကြွက်၊	ကြွက်ဖြူ
ပူသောဟင်း=ပူတဲ့ဟင်း၊	ဟင်းပူ
အေးသောရေ=အေးတဲ့ရေ၊	ရေအေး

အညွှန်းနာမဝိသေသန

၁၇၆။ အနီး၊ အဝေး၊ သို့မဟုတ် ပြဆိုခဲ့ပြီးသော နာမ်ပုဒ်ကို ညွှန်ပြသော နာမဝိသေသနပုဒ်ကို အညွှန်းနာမဝိသေသန ဟု ခေါ်၏။ အညွှန်းနာမဝိသေသနသည် နာမ်ပုဒ်ရှေ့က နေ၍ 'သော', 'တဲ့' ပစ္စည်းမပါဘဲ အထူးပြု၏။

PDF CREATOR - NYEYADHAMMA@GMAIL.COM

ဤ၊ သည်၊(ဒီ၊ ဟောဒီ)	အနီးညွှန်း
ထို (ဟို့,ဟောဟို)	အဝေးညွှန်း
ဟိုးက	အတော်ဝေးညွှန်း
(အဲဒီ,အဲဟို)	ပြောသူနှင့် ဝေး၊ နားထောင်သူနှင့် အနီးညွှန်း
ထို ယင်း ၎င်း	ရှေ့ကပြပြီးကိုပြန်ညွှန်း
အခြား (တခြား) တပါး၊တပါးသော၊ သည့်ပြင် (ဒိပြင်)	ပြောပြီးမှအကျန်ကို ညွှန်း
အကြင်၊တခုသော၊တယောက်သော၊ တစုံတယောက်သော၊ တစုံတခုသော၊တစုံတရာသော	မသေချာ ညွှန်း

ပုံစံများ

(က) သင်သည် ဤအိမ်ကို ဝယ်လိုသလော။
(ခ) သည်စာအုပ်ကို ဖတ်ပြီးပြီလား။
(ဂ) ကျွန်တော် ဒီဖောင်တိန်ကို မကြိုက်ဘူး။
(ဃ) အဖြေလွှာတွေကို ဟောဒီစားပွဲမှာ လာထားပါ။
(င) မောင်လှသည် ထိုကားကို မကြိုက်ချေ။
(စ) စာအုပ်တွေကို ဒီစားပွဲပေါ်မှာ တင်ထားလိုက်။
(ဆ) ငါတို့ ဟောဟိုသစ်ပင်အောက်မှာ ထိုင်ကြဦးမည်။
(ဇ) ကျွန်တော်တို့ ဟိုးကဘုရားကို သွားကြမည်။
(ဈ) ဟိုးကလူ ဘယ်သူလဲ။
(ည) တို့ ဟိုးက တဲလေးမှာ ခဏနားမည်။

(ဋ) ပေတံနှင့်ခဲတံဟာ အဲဒီအံဆွဲထဲမှာ ရှိတယ်။
(ဌ) သော့တွဲကို အဲဒီစားပွဲပေါ်မှာ တွေ့မိတယ်။
(ဍ) ထိုအဆိုကို အများက ကန့်ကွက်နေ၏။
(ဎ) ယင်းအဆိုကို အားလုံးက ထောက်ခံသည်။
(ဏ) ၎င်းစာအုပ်ကို ကျွန်တော် မဖတ်ဘူးသေးပါ။
(တ) အခြားဝတ္ထုကို ခဏ ဖတ်နှင့်ပါဦး။
(ထ) တခြားဆိုင်မှာ ကျွန်တော် မသောက်ချင်ဘူး။
(ဒ) တပါးသောအခါ၌ ဘုရားရှင်သည် ရာဇဂြိုဟ်မြို့မှာ သီတင်းသုံးနေတော်မူ၏။
(ဓ) အခါတပါး ဘုရားရှင်သည် ရာဇဂြိုပြည်မှာ သီတင်းသုံးနေတော်မူ၏။
(န) သင့်မှာ သည့်ပြင် ဖောင်တိန် ရှိသေးသလော။
(ပ) ကလေးတွေဟာ ဒိပြင်ပုံပြင်ကို မကြိုက်ကြပေ။
(ဖ) အကြင်သူသည် ကြိုးစား၏၊ ထိုသူသည် အောင်မြင်၏။ (ပါဠိပြန်ရေးထုံး)
(ဗ) ဘုရားရှင်သည် တခုသောတောအုပ်၌ သီတင်းသုံးနေတော်မူ၏။
(ဘ) တစုံတယောက်သောသူက သင့်အား အကူအညီပေးမည်။
(မ) တစုံတခုသောအမှုကို အမြန်ပြုသင့်၏။

မှတ်ချက် အညွှန်းနာမဝိသေသန ဤ၊သည်၊ဒီ၊ဟောဒီ၊ထို၊ အဲဒီ-တို့နောက်တွင် ကဲ့သို့သော၊ လို-ဟူသော ပစ္စည်းများ ဆက်၍ ရေးလိုက်သောအခါ

အတူကိုညွှန်း၍ မျှလောက်သော၊ လောက်များသော ဟူသော ပစ္စည်းကို ဆက်လိုက်သောအခါ ပမာဏကို ညွှန်းပြလေသည်။

ပုံစံ

(က) သင်သည် ဤကဲ့သို့သောစကားကို မပြောဆိုသင့်။
(ခ) သင်သည် သည်လိုစာအုပ်မျိုးကို ဖတ်သလော။
(ဂ) မင်း ဒီလိုမုန့်မျိုး စားဘူးသလား။
(ဃ) သင်သည် ထိုကဲ့သို့သော အမှုကို မပြုသင့်။
(င) ဆရာ အဲဒီလိုဝတ္ထုတပုဒ် ထပ်ရေးပါအုံး။
(စ) ငါ့မိ ငါ့ဖတို့သည် ဤမျှလောက်သော ဥစ္စာတို့ကို မယူသွားနိုင်ကုန်။
(ဆ) သင်သည် ထိုမျှလောက်သောဥစ္စာတို့ကို မည်သို့စုဆောင်းခဲ့သနည်း။
(ဇ) ဒီလောက်များသော အထည်များကို ဘယ်ကရသနည်း

သချ်ာနာမဝိသေသန

၁၇၇။ အရေအတွက်ကိုပြသော သချ်ာပုဒ်များကို သချ်ာနာမဝိသေသနဟု ခေါ်၏။

၁	၁၁	၄၀	၁၀၀၀၀၀
၂	၁၂	၅၀	၁၀၀၀၀၀၀
၃	၁၃	၁၀၀	၁၀၀၀၀၀၀၀
၄	....	၁၀၁	၄၅၆၇၅၈၄၆
၅	....	၁၁၀	

၆	၂၀	၁၅၆
၇	၂၁	၂၀၀
၈	၂၂	၃၀၀
၉	....	၁၀၀၀
၁၀	၃၀	၁၀၀၀၀

အစဉ်ပြသချ်ာ ယှဉ်ဖွဲ့ယူခြင်း

အစဉ်ပြ သချ်ာနာမဝိသေသနကို—

(က) ၁-မှ ၁၀-အထိကို ပထမ၊ဒုတိယ စသည်ဖြင့် ပါဠိစာလုံးများအတိုင်း သုံး၍၎င်း၊
(ခ) ၁၁-မှအထက် သချ်ာပုဒ်များနောက်တွင်'ကြိမ်' 'မြောက်' ဟူသော ပစ္စည်းဆက်၍၎င်း၊
(ဂ) ၂၀-၃၀-၁၀၀-၁၀၀၀-စသော ဆယ်ဆတိုးသချ်ာပုဒ်များရှေ့တွင် အကြိမ်ဟူသောပစ္စည်းဆက်၍ နောက်တွင် မြောက်ဟူသောပစ္စည်းကို ဆက်၍၎င်း

ဖွဲ့စည်းနိုင်သည်။

ပုံစံ

ပထမတန်း ပထမနှစ် ၁၁-ကြိမ်မြောက်ဘုရားပွဲ
ဒုတိယတန်း ဒုတိယနှစ် ၁၂-ကြိမ်မြောက်ကထိန်ပွဲ
တတိယတန်း တတိယနှစ် ၁၃-ကြိမ်မြောက် ပြည်ထောင်စုနေ့
စတုတ္ထတန်း စတုတ္ထနှစ် ၁၄-ကြိမ်မြောက် လွတ်လပ်ရေးနေ့
ပဉ္စမတန်း ပထမတွဲ ၁၅-ကြိမ်မြောက် တပ်မတော်နေ့

ဆဋ္ဌမတန်း	ဒုတိယတွဲ	အကြိမ် ၂၀-မြောက် အစည်းအဝေး
သတ္တမတန်း	တတိယတွဲ	အကြိမ် ၃၀-မြောက်သင်တန်း
အဋ္ဌမတန်း	စတုတ္ထတွဲ	အကြိမ် ၄၀-မြောက်ငါးလွှတ်ပွဲ
နဝမတန်း	နဝမတွဲ	အကြိမ် ၁၀၀-မြောက် သတိပေးခြင်း
ဒသမတန်း	ဒသမတွဲ	၅-ကြိမ်မြောက်သင်တန်း။

မှတ်ချက်။ ။ပထမ၊ ဒသမ အစဉ်ပြသင်္ချာ ပါဠိပုဒ်များ နောက်တွင်လည်း မြောက်၊ **အကြိမ်မြောက်** ပစ္စည်းများထည့်၍ ပြောနိုင်၊ ရေးနိုင်သည်။

ပုံစံ

ဒုတိယမြောက် သားရတနာ ဖွားမြင်ပါကြောင်း၊
တတိယမြောက် သမီးရတနာ မွေးဖွား၏။
စတုတ္ထအကြိမ်မြောက် ဘုံကထိန်၊
သတ္တမအကြိမ်မြောက် ဆွမ်းဆန်စိမ်း လောင်းလှူပွဲ၊
အဋ္ဌမအကြိမ်မြောက် စုပေါင်းရှင်ပြုပွဲ။

အစဉ်ပြသင်္ချာ ရေးနည်းတမျိုး

၁၇၉။ အခန်း၊အတွဲ၊အမှတ်၊ အပိုဒ်-စသော နာမ်ပုဒ်များ နောက် သင်္ချာပုဒ်ကို ထားလျှင် ပစ္စည်းမပါစေကာမူ **အစဉ်ပြသင်္ချာ** ဖြစ်၏။ (အထက် နာမ်ပုဒ်များရှေ့က သင်္ချာရှိလျှင် **အရေအတွက်ပြသင်္ချာပင်** ဖြစ်၏။)

အစဉ်ပြ	**အရေအတွက်ပြ**
(က) ကျွန်တော် ဤစာအုပ်မှ အခန်း ၃ ကို ဖတ်ပြီးပြီ။	(စ) ကျွန်တော်ဤစာအုပ်မှ သုံးခန်းကို ဖတ်ပြီးပြီ။
(ခ) မောင်မောင် ဗုဒ္ဓဝင် အတွဲ-၈ ဝယ်လာ၏။	(ဆ) မောင်မောင် ဗုဒ္ဓဝင် ၈-တွဲ ဝယ်လာ၏။
(ဂ) ဦးမြသည် စက်ရုံအမှတ် ၅-၏ မန်နေဂျာဖြစ်၏။	(ဇ) ဦးမြသည်စက်ရုံ ၅-ခုကို လှည့်လည်ကြည့်ရှု၏။
(ဃ) ဥပဒေအပိုဒ်-၃ကို သေချာစွာ ဖတ်ပါ။	(ဈ) ဥပဒေ ၃-ပိုဒ်ကို သေချာစွာ ဖတ်ပါ။
(င) ကျွန်တော် စွယ်စုံကျမ်း အတွဲ၁၄-ကို ဝယ်ချင်သည်။	(ည) ကျွန်တော်စွယ်စုံကျမ်း ၁၄-တွဲကို ဝယ်ချင်၏။

သင်္ချာနာမဝိသေသန နာမ်နောက်က

၁၈၀။ အရေအတွက်ပြ သင်္ချာနာမဝိသေသနပုဒ်များသည် နာမ်နောက်က အထူးပြု၏။ (တခါတရံ **သော** ပစ္စည်းပါသော သင်္ချာပုဒ်များကို ရှေ့ထား၍ ရေးသည်မှာ ပါဠိရေးထုံး၊ အင်္ဂလိပ်ရေးထုံးတို့ကို တိုက်ရိုက် မြန်မာပြန်သုံးသော မြန်မာပြန်ရေးထုံးများဖြစ်၏။ **သော**ပစ္စည်းပါ သင်္ချာရှေ့ထားသော ပြောထုံး လုံးဝမရှိ။

ပါဠိနှင့် အင်္ဂလိပ် ဘာသာပြန်ရေးထုံး	မြန်မာအစစ် ရေးထုံး၊ ပြောထုံး
သုံးယောက်သော လူ	လူသုံးယောက်
လေးပါးသော သစ္စာ	သစ္စာလေးပါး
ခုနစ်ဆူသော ဘုရား	ဘုရားခုနစ်ဆူ
ရှစ်ပါးသော မဂ္ဂင်	မဂ္ဂင်ရှစ်ပါး

ချိန်တွယ်တိုင်းတာ နာမ်ရှေ့ကသင်္ချာ

၁၈၁။ အချိန်အတွယ်၊ အခြင်အတွယ်၊ အတိုင်းအတာ၊ ငွေကြေးနှင့် အချိန်ကာလပြ နာမ်ပုဒ်များတွင် သော-ပစ္စည်းမပါသော သင်္ချာပုဒ်များက ရှေ့ကအထူးပြု၏။

အချိန်အတွယ်	အခြင်အတွယ်	အတိုင်းအတာ
သုံးပိဿာ	တပြည်	တလက်မ
လေးအောင်စ	နှစ်တင်း	နှစ်ပေ
ငါးပေါင်	သုံးစိတ်	သုံးတောင်
ခြောက်ကျပ်သား	လေးဂါလံ	လေးကိုက်
ခုနစ်ပဲသား	လေးခွက်	ခြောက် ယူဇနာ
ရှစ်ရွေးသား	ငါးပန်းကန်	ငါးမိုင်
ကိုးမောင်း	ခြောက်တောင်း	ခုနစ်တာ
	ခုနစ်ပုံး	ရှစ်ဖာလုံ

ငွေကြေး	အချိန်ကာလ
တသျှီလင်	ငါးမိနစ်
သုံးပေါင်	ဆယ်စက္ကန့်
လေးဒေါ်လာ	သုံးနာရီ
ငါးဆင့်	လေးရက်
၁၀-ပြား	ငါးပတ်
၁၁-ပဲနီ	ခြောက်သီတင်း
ဆဲ့ငါးကျပ်	ခုနစ်လ
	ရှစ်နှစ်

သင်္ချာလေးနက်ပစ္စည်း(၁၅)မျိုး

၁၈၂။ သင်္ချာ အရေအတွက်သည် အပိုအလို မရှိ၊ အတိအကျဖြစ်သည်ဟု လေးနက်စေလိုသောအခါ 'တိတိ'ဟူသော နောက်ဆက်ပစ္စည်းကို ဆက်ပေးရသည်။

ပုံစံ

(က) ကျောင်းသား နှစ်ဆဲ့ငါးယောက်တိတိ စာမေးပွဲအောင်၏။

(ခ) ဦးမြသည် ဆီ ဆယ်ပိဿာတိတိ ဝယ်ခဲ့၏။

(ဂ) ဤ ရေတွင်းသည် သုံးဆဲ့ငါးတောင်တိတိ နက်၏။

(ဃ) မောင်မောင်သည် ဖောင်တိန်ကို သုံးဆဲ့သုံးကျပ်တိတိဖြင့် ရောင်းလိုက်၏။

(င) သူတို့သည် မန္တလေးတွင် ရှစ်ရက်တိတိ လည်ခဲ့ကြ၏။

၁၈၃။ သင်္ချာအရေအတွက်သည် အတိအကျ မဟုတ်၊ ခန့်မှန်းခြေအထင်ဟုလေးနက်စေလိုသောအခါ 'ခန့်၊ လောက်' ဟူသော နောက်ဆက်ပစ္စည်း ဆက်ပေးရ၏။

ပုံစံ

(က) ရန်ကုန်မှ စာရေးဆရာ လေးဆယ်ခန့် တွံတေးသို့ သွားကြမည်။

(ခ) ကော်ဖီမှုန့်ထုတ်သည် ဆယ်အောင်စ လောက် လေး၏။

(ဂ) ရေကန်ထဲတွင် ရေ၁၂-ဂါလံခန့်သာ ကျန်တော့၏။

(ဃ) မလှသည် အိမ်မှ ငွေသုံးရာ ကျပ်လောက် ယူခဲ့၏။

(င) ကျွန်တော်သည် ဤစာအုပ်ကို ရှစ်နှစ်လောက် ရေးရ၏။

၁၇၄။ သင်္ချာအရေအတွက်သည် နည်းသည်ဟု လေးနက်စေလိုသောအခါ 'ဘဲ'၊ 'တည်း' (ထဲ)၊ 'ထဲဘဲ' ပစ္စည်း ဆက်ပေး၍ များသည်ဟု လေးနက်စေလိုသောအခါ တောင်၊ တောင်မှ နောက်ဆက်ပစ္စည်း ဆက်ပေးရမည်။

ပုံစံ

(က) သူဌေးဦးလှက ငွေသုံးဆယ်ထဲ လှူလိုက်၏။

(ခ) ဒေါ်တင်က ငွေ ၁၀၀-တောင် လှူနိုင်သည်။

(ဂ) သူတို့ မေမြို့မှာ နှစ်ရက်ဘဲ နေခဲ့၏။

(ဃ) ကျွန်တော် မန္တလေးမှာ ဆယ်ရက်တောင် ကြာသည်။

(င) မောင်မောင်သည် ငါးဘာသာတောင်မှ ဂုဏ်ထူးရ၏။

၁၇၅။ သင်္ချာအရေအတွက် အညီအမျှ ခွဲခြမ်းခြင်းကို လေးနက်စေရန် သင်္ချာပုဒ်တွင် နောက်ဆက်ပစ္စည်း ကျ၊ စီ၊ ကျစီ-ကို ဆက်ပေးရသည်။

ပုံစံ

(က) ကလေးများအား မုန့်သုံးခုစီ ပေးလိုက်ပါ။

(ခ) တအိမ်ထောင်လျှင် ဆီလေးပိဿာစီ ရောင်း၏။

(ဂ) မောင်လှသည် ကြိုးကို လေးကိုက်စီ ဖြတ်၏။

(ဃ) ဒေါ်တင်သည် သားသမီး များအား ငွေနှစ်သောင်း ကျစီ ခွဲဝေပေး၏။

(င) ရေနံဆီ သုံးဂါလံစီ ရောင်းနေသည်။

(စ) ကလေးများအား ချိုချဉ် လေးလုံးကျဝေပေးပါ။

၁၇၆။ အချိုးကျ နှုန်းထားကို လေးနက်စေလိုသောအခါ ရှေ့သင်္ချာနောက်တွင် 'လျှင်'၊ 'ကို' - ပစ္စည်း ဆက်၍ နောက် သင်္ချာနောက်တွင် ကျ၊ နှုန်း-ပစ္စည်းများ ဆက်ပေးရသည်။

ပုံစံ

(က) ဦးမြသည် တနာရီလျှင် သုံးမိုင်ကျ လမ်းလျှောက်၏။

(ခ) လူသုံးယောက်ကို ဆပ်ပြာ တတောင့်ကျ ရောင်းနေသည်။

(ဂ) အလင်းရောင်သည် တစက္ကန့်လျှင် ၁၈၆၀၀၀-မိုင်နှုန်း ခရီးသွား၏။

(ဃ) ဘတ်စ်ကား များကို တနာရီလျှင် ၃၀-မိုင်နှုန်း မောင်းစေ၏။

(င) လူသုံးယောက်ကို နို့ဆီတလုံးကျ ပေးနေသည်။

၁၇၇။ တစုတလုံးတည်း ရှိသမျှအကုန်လုံးဟု လေးနက်စေလိုသောအခါ 'လုံး၊ စလုံး'-ဟူသော နောက်ဆက်ပစ္စည်းကို ဆက်ပေးရသည်။

ပုံစံ

(က) သားသုံးယောက်လုံး ဒေါက်တာဘွဲ့ ရကုန်ပြီ။

(ခ) သမီးငါးယောက်စလုံး အိမ်ထောင်ကျကုန်ပြီ။

(ဂ) ထန်းလျက် ငါးပိဿာလုံး ဝယ်ထားလိုက်၏။

၁၇၈။ ပြထားသော သင်္ချာထက် အနည်းငယ် ပိုလွန်သည်၊ လျော့နဲသည်ကို လေးနက်စေလိုသောအခါ ကျော်၊ ကျော်ကျော်၊ သာသာ၊ လျော့လျော့-နောက်ဆက်ပစ္စည်း ဆက်ပေးရသည်။

ပုံစံ

(က) ယနေ့ ကျောင်းသား လေးဆယ်ကျော် ကျောင်းတက်၏။

(ခ) စာအုပ် တအုပ်လျှင် အရင်း ၃-ကျပ်လျော့လျော့ ကုန်ကျ၏။

(ဂ) ကျွန်တော့်မှာ ငွေလေးဆယ်ကျပ် ကျော်ကျော် ပါ၏။

(ဃ) အစည်းအဝေးသည် တနာရီ လျော့လျော့ ကြာ၏။

(င) မိတ်ဆွေသုံးဆယ်ကျော် ညစာကျွေးရန်ရှိသည်။

၁၇၉။ သရော်၍ ခနဲ့၍ ပြောလိုရာ၌ ကြီးမျှား၊ ကြီးမျှားတောင် ပစ္စည်းကိုဆက်၍ သုံးသည်။

ပုံစံ

(က) တအိမ်ထောင်အတွက် ဆီ နှစ်ဆယ်ကျပ်သားကြီးများ ရောင်းနေသည်။

(ခ) သူဌေး ဦးဘက ငွေငါးကျပ်ကြီးများတောင် လှူလိုက်၏။

(ဂ) တကျပ်ဖိုးကြီးများတောင် စားလိုက်သလား။

၁၈၀။ ကာလတခုလုံး၊ ဌာနတခုလုံးဟု လေးနက်စေလိုသောအခါ နာမ်ရှေ့မှ တ သင်္ချာနှင့် နောက်မှ 'လုံး' ပစ္စည်းကို ဆက်ပေးရ၏။

ပုံစံ

(က) မောင်လှသည် တမနက်လုံး စာရေးနေ၏။

(ခ) တရွာလုံး ဘုရားပွဲသို့ သွားကြ၏။

(တနေ့လုံး၊ တညလုံး၊ တညနေလုံး၊ တပတ်လုံး၊ တနှစ်လုံး၊ တနေ့လုံး၊ တမိုးလုံး) တနိုင်ငံလုံး၊ တမြို့နယ်လုံး၊ တတိုင်းလုံး၊ တရပ်ကွက်လုံး၊ တအိမ်လုံး၊ တကျောင်းလုံး၊ တကွင်းလုံး)

၁၈၁။ အောက်ထစ်ဆုံး တခုကလေးမျှ မရ၊ မရှိဟု လေးနက်စေလိုသောအခါ ရှေ့မှ တ-သင်္ချာနှင့် နောက်မှ မျှ၊ မှ-ပစ္စည်းကို ဆက်ပေးရ၏။

ပုံစံ

(က) ကျွန်တော် မုန့်တခုမှ မစားရသေးပါ။
(ခ) သူ မန္တလေးကို တခေါက်မျှ မရောက်ဘူးသေးပါ။
(ဂ) သူ့ကို တခါမျှ မတွေ့ဘူးပါ။
(ဃ) ယခုနှစ် မြန်မာဘာသာတွင် တယောက်မျှ ဂုဏ်ထူးမရပါ။

၁၉၂။ တစ် (တ) သချ်ာနောက်မှ တည်း (ထဲ) သည် တူညီသောကြိယာကို လေးနက်စေ၏။

ပုံစံ

(က) ကျွန်ုပ်တို့သည် တမြေတည်း နေ၍ တရေတည်း သောက်သူများ ဖြစ်ကြ၏။
(ငါတို့ တမြေထဲနေ တရေထဲသောက်တွေဘဲ)
(ခ) မောင်လှနှင့်မောင်မြတို့ တလမ်းတည်း တရပ်ကွက်တည်း တမြို့တည်းမှာ နေကြ၏။
(သူတို့ဟာ တအိမ်ထဲမှာနေပြီး တကျောင်းထဲမှာ စာသင်ခဲ့သူတွေ ဖြစ်တယ်)

ပမာဏနာမဝိသေသန

၁၉၃။ အရေအတွက် အတိအကျကို မပြ၊ အချို့,အဝက်, အနဲ့,အများကို ပြသောနာမဝိသေသနကို ပမာဏနာမဝိသေသနဟု ခေါ်၏။ ရေတွက်မရနာမ်ကို အထူးပြုမှ ပမာဏနာမ

ဝိသေသနဟုခေါ်သော အင်္ဂလိပ်သဒ္ဒါနှင့် မတူပါ။ မြန်မာ ပမာဏနာမဝိသေသနသည် ရေတွက်ရ-မရ နှစ်မျိုးလုံးကို အထူးပြုသည်။)

ပုံစံ

(က) ကျောင်းသားအချို့ စာမေးပွဲအောင်၏။
(ခ) ကျောင်းသူအားလုံး ကြိုးစားကြသည်။
(ဂ) ဆားအနည်းငယ် ပေးပါ။
(ဃ) အချို့ဆန်များ အောက်စော်နံသည်။
(င) ဆန်တချို့ အောက်စော်နံသည်။
(စ) လူခပ်သိမ်းတို့ ပျော်ရွှင်ကြ၏။
(ဆ) လူအပေါင်းတို့ ဘုရားရှင်ကို ရှိခိုးကြ၏။
(ဇ) ကျောင်းသားအားလုံး စာမေးပွဲအောင်သည်။
(ဈ) ပျားရည်နဲနဲ ဝယ်ခဲ့ပါ။
(ည) ဆီအနည်းငယ် ဝယ်ချင်၏။
(ဋ) ဤအရပ်၌ များသောဘေးရန် ရှိ၏။
(ဌ) များစွာသောဆင်တို့ကို ပုဇွန်သည် ဖမ်းယူစားသုံး၏။
(ဍ) လူအမြောက်အမြား သေကြေကုန်၏။

နာမ်နာမဝိသေသန

၁၉၄။ မိမိ၏ရှေ့နောက်၌ ရှိသော နာမ်ပုဒ်တို့ကို ထူးခြားစေသော နာမ်တခုကို နာမ်နာမဝိသေသနဟု ခေါ်၏။ နာမ်နာမ်ချင်း ပေါင်းစပ်ဖွဲ့စည်းထားသော ပေါင်းစပ်နာမ်များတွင် နာမ်ပုဒ်တခု (တစု) သည် နာမ်နာမဝိသေသန ဖြစ်၏။

ပုံစံ

မြန်မာနိုင်ငံ	မြစ်ရေ
ရန်ကုန်တိုင်း	ရေအိုး
ဆူးလေဘုရား	ကျောင်းဆရာ ဦးထွန်း
ဗိုလ်ချုပ်ဈေး	စာရေးကိုမြ

ညွှန်ကြားရေးမှူးချုပ် ဦးထွန်းစိန်
ရွှေတိဂုံဘုရား ဘဏ္ဍာတော်ထိန်းအဖွဲ့ဥက္ကဋ္ဌ
အစိုးရအထက်တန်းကျောင်း
တာမွေမြို့နယ် ပြည်သူ့ ကောင်သူ့စီ ဥက္ကဋ္ဌ
ဦးထွန်းစိန်

၁၉၅။ အထက်ပါပုံစံများတွင် အများအားဖြင့် နောက်ဆုံး နာမ်ပုဒ်သည် အထူးပြုခံနာမ်ပုဒ်ဖြစ်၍ ရှေ့မှကပ်နေသော နာမ်ပုဒ်များသည် အဆင့်ဆင့် ထူးခြားကွဲပြားစေသော နာမဝိသေသနပုဒ်များ ဖြစ်သည်။ ဦးထွန်းစိန်ဟုဆိုလျှင် ဈေးသည်၊ ဆိုက်ကားသမား၊ စာရေးဟု ဦးထွန်းစိန် အများ ရှိနိုင်သဖြင့် ဥက္ကဋ္ဌဟူသောနာမ်ဖြင့် အထူးပြုလိုက်သည်။ ဥက္ကဋ္ဌဦးထွန်းစိန်ဟုဆိုလျှင် ဆိုက်ကားအသင်း၊ ဆွမ်းလောင်းသင်း ဥက္ကဋ္ဌစသည် ရှိနိုင်သောကြောင့် ပြည်သူ့ကောင်စီဟူသော နာမ်ပုဒ်ဖြင့် အထူးပြုလိုက်လည်း။ ခွဲခြားလိုက်သည်။ ပြည်သူ့ကောင်စီ ဥက္ကဋ္ဌသည် ရပ်ကွက်၊ တိုင်း၊ မြို့နယ်-ဟု အဆင့်ဆင့် ရှိနေသဖြင့် မြို့နယ်ဟူသော နာမ်ဖြင့် အထူးပြုလိုက်ပြန်သည်။ မြို့နယ်ပြည်သူ့ကောင်စီအဖွဲ့ အများရှိနေပြန်၍ တာမွေဟူသော နာမ်ပုဒ်

ဖြင့် အခြားမြို့နယ်များကို ကန့်ထုတ်လိုက်သည်။ ဤသို့ အများနှင့်ဆိုင်နေသည်တို့ကို အများနှင့်မဆိုင်ရအောင်၊ သီးသီးခြားခြား ပြတ်ပြတ်သားသား ဖြစ်လာအောင် ထည့်ပေးရသော နာမ်ပုဒ်ကို နာမ်နာမဝိသေသနဟု ဆိုသည်။

၁၉၆။ နာမ်ပုဒ်တခုသည် နာမဝိသေသန ဖြစ်သောအခါ ၎င်းနောက်ရှိ နာမ်ပုဒ်တခု၊ သို့မဟုတ် နာမ်ပုဒ်အပေါင်းကို နာမဝိသေသ=အထူး ပြုခံနာမ်ဟု ခေါ်သည်။

၁၉၇။ အများအားဖြင့် ရှေ့နာမ်သည် နောက်နာမ်ကို အထူးပြု၏။ ခွေးဘီလူး=ဘီလူးနှင့်တူသောခွေး၊ ကြက်ဆင်=ဆင်နှင့်တူသောကြက်၊ ငါးသေတ္တာ=သေတ္တာနှင့်ထဲ့သောငါး၊ အင်္ကျီလက်တို=လက်တိုနေသော အင်္ကျီ၊ ကြောင်ကတိုး=ကတိုးနံ့ရသော ကြောင်စသည်ဖြင့် နောက်နာမ်က ရှေ့နာမ်ကို အထူးပြုသည်မှာ အနည်းငယ်သာ ရှိ၏။

မှတ်ချက်။ လင်မယား၊ ညီအကို၊ ဆရာ တပည့်၊ ကျွဲ နွား၊ ကြက် ဝက်၊ ဆင် မြင်း စသည် ဒွိပ်နှစ်ခုပေါင်း ပေါင်းစပ်နာမ်မှ တပါးသော ပေါင်းစပ်နာမ်များတွင် နာမ်တပုဒ်သည် ကျန်နာမ်တပုဒ်ကို ထူးခြားစေသော နာမ်နာမဝိသေသနများဖြစ်သည်။

ကြိယာနာမဝိသေသန

၁၉၈။ ရှေ့၊ သို့မဟုတ် နောက်၌ရှိသော နာမ်ပုဒ်ကို အထူးပြု ကန့်သတ်ပေးသော ကြိယာကို ကြိယာနာမဝိသေသနဟု ခေါ်၏။ ပေါင်းစပ်နာမ်၏ အစိတ်အပိုင်းအဖြစ် အထူးပြုသော

အခါ ပစ္စည်းမပါဘဲ နာမ်၏ရှေ့နှင့်နောက်၊အလယ်မှ အထူးပြုနိုင်သော်လည်း နာမဝိသေသနပုဒ်အဖြစ် အထူးပြုသောအခါ သော၊ သည့်၊ တဲ့၊ မည့်၊ မဲ့ ပစ္စည်းများပါ၍ နာမ်ပုဒ်ရှေ့မှသာ အထူးပြုရလေသည်။

သီးခြား	ပေါင်းစပ်နာမ်	
ကြိယာနာမဝိသေသန	ကြိယာနာမဝိသေသန	
အိပ်နေသော ကျား	ဖတ်စာ	ရှေ့မှအထူးပြု
သွားနေသည့်လူ	အိပ်ခန်း	
ဆော့နေတဲ့ ကလေး	နေအိမ်	
ဝယ်မည့်အိမ်	ဖျော်ရည်	
ရောင်းမဲ့စက်	ငပိကြော်	နောက်မှအထူးပြု
စီးတဲ့ရေ	ဆီချက်	
ဆယ်တဲ့ကံသင်း	ဆားပုပ်	
ထိုးမည့်ဆင်	စာရေးဆရာ	အလယ်မှ အထူးပြု
ရွာမဲ့မိုး	လက်ဆွဲအိတ်	
	ရေကူးကန်	

ပုစ္ဆာနာမဝိသေသန

၁၉၉။ နာမ်ပုဒ်တပုဒ်၏ဂုဏ်၊ရည်ညွှန်းချက်၊သင်္ချာ၊ ပမာဏ-စသော နာမဝိသေသန(၄)မျိုးကို မေးသောပုဒ်ကို ပုစ္ဆာနာမဝိသေသနဟု ခေါ်၏။ ဂုဏ်ကိုမေးရန် မည်ကဲ့သို့သော၊ ဘယ်လို ဟူသော ပုစ္ဆာနာမဝိသေသနကို နာမ်ပုဒ်ရှေ့မှာ ထား၍ မေးရသည်။

ပုံစံ

(က) သင်သည် မည်သို့သောစာအုပ်ကို ဝယ်ခဲ့သနည်း။
(ခ) သင်သည် ဘယ်လို စာအုပ်ကို ဝယ်ခဲ့သနည်း။
(ဂ) အောင်နက်သည်မည်ကဲ့သို့သောခွေးဖြစ်သနည်း။
(ဃ) အောင်နက်သည် ဘယ်လိုခွေး ဖြစ်သနည်း။
(င) ဦးမြသည် မည်ကဲ့သို့သောလူ ဖြစ်သနည်း။
(စ) ဦးမြသည် ဘယ်လိုလူ ဖြစ်သနည်း။

၂၀၀။ အညွှန်း နာမဝိသေသန၊ နာမ်နာမဝိသေသန၊ ကြိယာနာမဝိသေသနတို့ကို မေးရန် မည်သည့် နှင့် ဘယ်၊ဘာ ဟူသော ပုစ္ဆာနာမဝိသေသနပုဒ်ကို နာမ်ပုဒ်ရှေ့မှာ ထား၍ မေးရသည်။

ပုံစံ

(က) သင်သည် မည်သည့်အိမ်ကိုဝယ်လိုသနည်း။
(ခ) အဖြေလွှာများကို မည်သည့် စားပွဲမှာ ထားရမည်နည်း။
(ဂ) ကျွန်တော်တို့ ဘယ်ဘုရားကို သွားကြမည်နည်း။
(ဃ) တို့ ဘယ်တဲမှာ ခဏ နားမည်နည်း။
(င) သော့တွဲကို မည်သည့်စားပွဲမှာ တွေ့ခဲ့သနည်း။
(စ) သင် ဘာဟင်းနှင့် ထမင်းစားခဲ့သနည်း။

၂၀၁။ သင်္ချာနာမဝိသေသန နှင့် ပမာဏနာမဝိသေသနကိုမေးရန်'ဘယ်နှစ်'ကို နာမ်နှင့် မျိုးပြပစ္စည်း၊အချိန်၊အခြင်၊

အတိုင်းအတာပုဒ်များ အကြား၌ရင်း၊ 'ဘယ်လောက်'နှင့် 'မည်မျှ'ကို နာမ်၏ နောက်၌ရင်း ထား၍ မေးရ၏။

ပုံစံ

(က) ကျောင်းသား ဘယ်နှစ်ယောက် စာမေးပွဲ အောင်သနည်း။
ကျောင်းသား ဘယ်လောက် စာမေးပွဲ အောင်သနည်း။
ကျောင်းသားမည်မျှ စာမေးပွဲအောင်သနည်း။

(ခ) ဆီ ဘယ်နှစ်ပိဿာ ဝယ်ခဲ့သနည်း။
ဆီ ဘယ်လောက် ဝယ်ခဲ့သနည်း။
ဆီ မည်မျှ ဝယ်ခဲ့သနည်း။

(ဂ) ရေနံဆီ ဘယ်နှစ်ဂါလံ ရသနည်း။
ရေနံဆီ ဘယ်လောက် ရသနည်း။
ရေနံဆီ မည်မျှ ရသနည်း။

(ဃ) ဤကားကို ဘယ်နှစ်ဒေါ်လာ ပေးခဲ့ရသနည်း။
ဤကားကိုဒေါ်လာဘယ်လောက်ပေးခဲ့ရသနည်း။
ဤကားကို ဒေါ်လာမည်မျှ ပေးခဲ့ရသနည်း။

၂၀၂။ နာမ်ပုဒ်နောက်တွင် အချိန်၊ အခြင်၊ အတိုင်းအတာပြပုဒ်များကိုထားပြီးမှ မည်မျှ၊ ဘယ်လောက် ဟူသော ပုစ္ဆာနာမဝိသေသနကို ထား၍ တမျိုးမေးနိုင်၏။

(က) ဆီ ပိဿာ မည်မျှ ဝယ်ခဲ့သနည်း။
ဆီ ပိဿာ ဘယ်လောက် ဝယ်ခဲ့သနည်း။

(ခ) ရေနံဆီ ဂါလံမည်မျှ ရသနည်း။
ရေနံဆီ ဂါလံဘယ်လောက် ရသလဲ။

(ဂ) ပဲခူးနှင့်ရန်ကုန်သည် မိုင်မည်မျှ ဝေးသနည်း။
ပဲခူးနှင့် ရန်ကုန်ဟာ မိုင်ဘယ်လောက် ဝေးသလဲ။

ဂုဏ်ရည်နာမဝိသေသန အဆင့် ၃-မျိုး

၂၀၃။ ဂုဏ်ရည်နာမဝိသေသနများသည်—
(က) အနိမ့်စား၊
(ခ) အလတ်စား၊
(ဂ) အမြတ်စား—
ဟု ပုံစံသုံးမျိုးရှိ၏။

အလတ်စားနှင့်အမြတ်စား ပုံစံဖွဲ့နည်း

၂၀၄။ (က) ဂုဏ်ရည်နာမဝိသေသနပုဒ်တခုသည် မူလအားဖြင့် အနိမ့်စား နာမဝိသေသနဟု ခေါ်၏။

(က) ၎င်းရှေ့တွင် ရှေ့ဆက်ပစ္စည်း သာ၊သာ၍၊ သာပြီး၊ ပို၊ ပို၍၊ ပိုပြီး၊ သာတောင်၊ ပိုတောင် ပစ္စည်းများ ဆက်ပေးလိုက်သောအခါ အလတ်စား နာမဝိသေသန ပုံစံများ ဖြစ်သွား၏။

(၃) မူလဝိသေသနတွင် ရှေ့ဆက်ပစ္စည်းအ-နှင့် နောက်ဆက်ပစ္စည်း ဆုံး-ကို ဆက်ပေးလိုက်သောအခါ အမြတ်စား နာမဝိသေသနပုံစံ ဖြစ်သွား၏။

အနိမ့်စား	အလတ်စား	အမြတ်စား
လှသော	သာ၍လှသော	အလှဆုံး
ပျင်းသော	ပို၍ပျင်းသော	အပျင်းဆုံး
ကောင်းသော်	သာပြီးကောင်းသော	အကောင်းဆုံး
မြင့်သော	ပိုမြင့်သော	အမြင့်ဆုံး

ဂုဏ်ရည်နှိုင်းယှဉ်ဝါကျ

၂၀၅။ နှစ်ယောက်၊ နှစ်ခုကို ဂုဏ်တခုဖြင့် နှိုင်းယှဉ်ရာ တယောက်က တယောက်ထက်သာနေလျှင် သာသူကို ကတ္တားပုဒ်၊ အသာခံရသူကို နှိုင်းယှဉ်ပစ္စည်းနှင့်တွဲ၍—

(က) အနိမ့်စားဂုဏ်ရည်ကြိယာဖြင့်၎င်း၊

(ခ) အလတ်စားဂုဏ်ရည်ကြိယာဖြင့်၎င်း — ရေးရမည်။

(၁) ကြည်ကြည်က စီစီထက် ကြီး၏။
ကြည်ကြည်က စီစီထက် သာ၍ကြီး၏။

(၂) မောင်မောင်က မောင်မြထက် မြင့်၏။
မောင်မောင်က မောင်မြထက် ပိုမြင့်၏။

(၃) ခင်ခင်က မြင့်မြင့်ထက် ချော၏။
ခင်ခင်က မြင့်မြင့်ထက် ပိုချော၏။

(၄) ဒေါ်တင်က ဒေါ်လှထက် အသက်ကြီး၏။
ဒေါ်တင်က ဒေါ်လှထက် သာ၍အသက်ကြီး၏။

(၅) မောင်ဘက မောင်မြထက် ဉာဏ်ကောင်း၏။
မောင်ဘက မောင်မြထက် ပိုပြီးဉာဏ်ကောင်း၏။

မှတ်ချက်။ ဂုဏ်မတူနှိုင်းယှဉ်မှုကို အနိမ့်စားဖြင့်ရေး၊ ပြောနိုင်သည်မှာ ပါဠိ၊ အင်္ဂလိပ်တို့နှင့်မတူသော ဝိသေသလက္ခဏာ မြန်မာပိုင်နည်း ဖြစ်၏။ တယောက်ကို အနိမ့်စားဂုဏ်ပုဒ်ဖြင့်ပြောပြီးမှနောက်တယောက်က သူထက်သာသည်ကို ပြလိုသောအခါ အထက်ပါ နှိုင်းယှဉ်ဝါကျမျိုးတွင်—

(က) ထက် ပစ္စည်းနောက်တွင် **တောင်** ပစ္စည်း ထည့်၍၎င်း၊

(ခ) **ထက်** ပစ္စည်းဆုံး ပုဒ်မပါဘဲ **သာ**၊ ပို ပစ္စည်းနောက်တွင် **တောင်** ပစ္စည်းကို ထပ်ထည့်၍၎င်း၊ ဂုဏ်ရည်ကြိယာတွင်လည်း **သေး** ဟူသော ကြိယာထောက်ပစ္စည်းကို ထည့်၍၎င်း ရေးနိုင်၊ ပြောနိုင်၏။

ပုံစံ

(၁) မြင့်မြင့်ဟာ အတော်ချောတယ်။

(က) သူ့ညီမခင်ခင်က သူ့ထက်တောင်ချောသေးတယ်။
(ခ) သူ့ညီမခင်ခင်က ပိုတောင်ချောသေးတယ်။

(၂) ကြည်ကြည်က သိပ် ဉာဏ်ကောင်းတာဘဲ။
(က) သူ့ညီမ စီစီက သူ့ထက်တောင် ဉာဏ်ကောင်းသေးတယ်။
(ခ) သူ့ညီမ စီစီက ပိုတောင် ဉာဏ်ကောင်းသေးတယ်။

(၃) ကိုသောင်းလွင်ရေ ခင်ဗျားလဲ ဝနေပါလား။
(က) ခင်ဗျားက ကျွန်တော်ထက်တောင် ဝသေးတယ်။
(ခ) ခင်ဗျားက ပိုတောင်ဝသေးတယ်။

၂၀၆။ အများထဲမှ အတော်ဆုံး အကောင်းဆုံးကို ထုတ်ပြလိုသောအခါ နောက်တွင် နေရာပြ၊ သို့မဟုတ် ထုတ်ဆောင်ရာပုဒ် ထားပြီး နာမဝိသေသနနောက်တွင် ဖြစ်ကြိယာထည့်၍ ၎င်း၊ ကြိယာကို ဖြုတ်၍ အမြတ်စားပုဒ်နောက်တွင် ပါ၊ ဘဲ၊ ပေါ့ ဟူသောပစ္စည်းများဖြင့်၎င်း ပြောနိုင်၊ ရေးနိုင်သည်။

ပုံစံ

(က) ကြည်ကြည်သည် ပထမတန်း (က)တွင် အတော်ဆုံး ဖြစ်သည်။
(ခ) စီစီသည် အိမ်တွင် အသက်အငယ်ဆုံး ဖြစ်သည်။
(ဂ) မြမြသည် ဤသမ်းထဲ ဘွင် အချောဆုံးဖြစ်သည်။
(ဃ) မြင့်မြင့်သည် ကျောင်းသူတွေထဲမှာ အလှဆုံး ဖြစ်သည်။
(င) စိန်သည် သတ္တုတွေဘဲမှာ အမာဆုံးဖြစ်သည်။
(စ) တို့ရွာမှာတော့ မခင်ဟာ အချောဆုံးဘဲ။
(ဆ) သတ္တမတန်းမှာတော့ စီစီဟာ အတော်ဆုံးဘဲ။
(ဇ) ရန်ကုန်မှာတော့ ဦးဘဟာ အချမ်းသာဆုံးပေါ့။
(ဈ) မိသားစုထဲမှာ ဦးတင်က အသက်အကြီးဆုံးပါ။

သင်္ချာမျိုးပြပစ္စည်း

၂၀၇။ အရေအတွက်ကိုပြသော သင်္ချာပုဒ်များ နောက်တွင် ၎င်းသင်္ချာပုဒ်က အထူးပြုသော နာမ်ပုဒ်၏ ပုံသဏ္ဌာန်၊ အမျိုးအစားကို ပြဆိုသောပစ္စည်းများကို ထည့်၍ ပြောကြ၊

ရေးကြ၏။ ပါဠိဘာသာ၊ အင်္ဂလိပ်ဘာသာတို့၌ မရှိသော မြန်မာပိုင် ရေးထုံး၊ ပြောဘုံး ဖြစ်၏။ တရုပ်ဘာသာနှင့် ဂျပန်ဘာသာတွင်လည်း သင်္ချာမျိုးပြပစ္စည်းများ ရှိသောကြောင့် မျိုးပြပစ္စည်းအသုံးသည် တိဗက် တရုပ်ဘာသာမိသားစု ၏ ဝိသေသလက္ခဏာဟု ဆိုနိုင်၏။

(က) ဦး။ ။ လူ၊ နတ်စသော မြင့်မြတ်သည် သတ္တဝါကို ညွှန်ပြသည်။

ပုံစံ —လူ နတ် ပြဟ္မာ သတ္တဝါ သုံးဦး၊ ဖောက်သည် လေးဦး၊ ပါရဂူ နှစ်ဦး၊ နတ်သား တဦး။

(ခ) အုပ်။ ။ တိရစ္ဆာန် အစုအဝေးကိုငြင်း၊ ပိတ်စအရှည်အခေါက်ကို၎င်း၊ ဖုံးအုပ် ထားသော ခွက်,အစ်ကို၎င်း ညွှန်ပြသည်။

ပုံစံ —ဘဲ တအုပ်၊ သိုးတအုပ်၊ နွားမတအုပ်၊ ဖျင်တအုပ်၊ ပေါ်ပလင်တအုပ်၊ လှိုင်းကြီးတအုပ်၊ လဖက်တအုပ်၊ ဆွမ်းတအုပ်။

(ဂ) ကုံး။ ။ ကြိုးဖြင့် သီထားသော အရာ နှင့် သတ္တုကို ညွှန်ပြသည်။

ပုံစံ —ပန်းတကုံး၊ ပုတီးတကုံး၊ ပုလဲတကုံး၊ ရွဲကြိုးတကုံး၊ ဘတ်ကြိုးတကုံး၊ လက်ပတ်ကြိုးတကုံး။

(ဃ) ကောင်။ ။တိရစ္ဆာန်ကို ညွှန်ပြသည်။
ပုံစံ –ကြက်တကောင်၊ ဆင်သုံးကောင်၊ မြင်းနှစ်ကောင်။

(င) ကြောင်း။ရေးဆွဲ၍ ထင်နေသော အရာနှင့် ခရီး လမ်းကြောင်းကို ညွှန်ပြသည်။
ပုံစံ –မျဉ်းပြိုင်နှစ်ကြောင်း၊ စစ်ကြောင်း လေးကြောင်း၊ ခရီးတကြောင်း။

(စ) ကွင်း။ ။အစွန်းချင်း ဆက်ပြီး စွပ်၍, ချွတ်၍ ရသောရာကို ညွှန်ပြသည်။
ပုံစံ –သားရေကွင်း ၊ လက်စွပ်နှစ်ကွင်း၊ လုံချည်တကွင်း။

(ဆ) ခု။ ။ အရာဝတ္ထုတခုခုကို ညွှန်ပြသည်။
ပုံစံ –ခဲဖျက်တခု၊ ပြက္ခဒိန်တခု၊ ထိုင်ခုံ တခု။

(ဇ) ခဲ။ ။ အစိုင်အခဲကို ညွှန်ပြသည်။
ပုံစံ —ထမင်း တခဲ၊ ထန်းလျက် တခဲ၊ သနပ်ခါး တခဲ။

(ဈ) ခိုင်။ ။အစုလိုက် သီးပွင့်သည့် ပန်း,သစ်သီး တို့ကို ညွှန်ပြသည်။
ပုံစံ –အုန်းတခိုင်၊ ပန်းတခိုင်၊ ငှက်ပျော တခိုင်။

(ည) ခေါင်း။ ။အမျှင်များ၏အခွေကို ညွှန်ပြသည်။
ပုံစံ –မုန့်ဟင်းခါးတခေါင်း၊ ချည်တခေါင်း၊

(ဋ) ချပ်။ ။ပါး၍ ပြားချပ်သောအရာကို ညွှန်ပြ သည်။
ပုံစံ –ဖျာတချပ်၊ ပန်းကန်ပြားတချပ်၊ မှန် တချပ်၊အုပ်တချပ်၊ကျောက်ဖျာတချပ်။

(ဌ) ချောင်း။ ။ရှည်လျားသော အရာကို ရည်ညွှန်း သည်။
ပုံစံ –ကြိုးတချောင်း၊ခဲတံတချောင်း၊ပေတံ တချောင်း။

(ဍ) ခွန်း။ ။စကားကို ညွှန်ပြသည်။
ပုံစံ –စကားတခွန်း၊မိန့်ခွန်းတခွန်း။

(ဎ) စီး။ ။စီးနင်းရသည့်ယာဉ်ကို ညွှန်ပြသည်။
ပုံစံ –ကားတစီး၊ လှည်းနှစ်စီး၊ ဆင် ဆယ်စီး။

(ဏ) စင်း။ ။ရှည်လျား ဖြောင့်စင်းသည့် အရာကို ညွှန်ပြသည်။
ပုံစံ –လှေတစင်း၊ ဓားတစင်း၊ အပ်တစင်း၊ သင်္ဘော ၄-စင်း။

(တ) စည်း။ ။ဖွဲ့စည်းချည်နှောင်ထားသော အရာကို ညွှန်ပြသည်။

ပုံစံ —ပန်း တစည်း၊ ချဉ်ပေါင်ရွက်တစည်း၊ စာအုပ်တစည်း။

(ထ) ဖြာ။ ။မြင့်မြတ်သော တရားဓမ္မကို ညွှန်ပြသည်။ ပါးနှင့်အဓိပ္ပါယ် ဆင်ဆင်တူ၏။

ပုံစံ —ကောင်းခြင်း ငါးဖြာ၊ ကိုယ်စိတ်နှစ်ဖြာ၊ ရှစ်ဖြာမဂ္ဂင်၊ အံ့ဘွယ် ရှစ်ဖြာ သာသနာ။

(ဒ) ပွင့်။ ။ပန်းပွင့်၊ ပန်းပွင့်နှင့်တူသော အရာကို ညွှန်ပြသည်။

ပုံစံ —ပန်းသုံးပွင့်၊ ဖဲသုံးပွင့်၊ ကြယ်ငါးပွင့်၊ မှိုတပွင့်၊

(ဓ) ဖက်။ ။တွဲဖက်ယှဉ်ဖက်ကို ညွှန်ပြသည်။

ပုံစံ —ခြေနှစ်ဖက်၊ လက်တဖက်။

(န) မျိုး။ ။အမျိုးအစားကို ညွှန်ပြသည်။

ပုံစံ —ကြာငါးမျိုး၊ အရောင် သုံးမျိုး၊ သရက် ၄-မျိုး။

(ပ) ယောက်။ ။လူနှင့်မြင့်မြတ်သူကို ဖော်ပြသည်။

ပုံစံ —အရိယာ ဂ-ယောက်၊ လူသုံးယောက်၊ သူခိုးကောင်း လေးယောက်၊ လူစွမ်းကောင်း သုံးယောက်။

(ဖ) ရံ။ ။အစုံလိုက်ရှိသော အရာကို ညွှန်ပြသည်။

ပုံစံ —ဖိနပ်တရံ။ လက်ကောက်နှစ်ရံ။

(ဗ) ရပ်။ ။အမျိုးအစားကွဲပြားခြင်းကို ညွှန်ပြ၏။

ပုံစံ —အဆိုနှစ်ရပ်၊ မွန်သုံးရပ်၊ စကားတရပ်။

(ဘ) ရှဉ်း။ ။ယှဉ်တွဲသုံးရသောတိရစ္ဆာန်ကို ပြသည်။

ပုံစံ —ကျွဲတရှဉ်း၊ နွားတရှဉ်း။

(မ) လက်။ ။လက်နက်နှင့် ဂှင်းကဲ့သို့ အသုံးပြုရသော ပစ္စည်းကို ညွှန်ပြ၏။

ပုံစံ —သေနတ်တလက်၊ မျက်မှန်နှစ်လက်၊ ဆေးတလက်၊ ဓားတလက်။

(ယ) လုံး။ ။လုံးဝန်းဟန်ရှိသော အရာကိုညွှန်ပြ၏။

ပုံစံ —အိုးတလုံး၊ တောင်းတလုံး၊ တောင်တလုံး၊ စာတလုံး။

(ရ) လွှာ။ ။ပါးလွှာသောအရာကို ညွှန်ပြ၏။

ပုံစံ—မြေသားတလွှာ၊ ဆေးတလွှာ၊စောင်တလွှာ။

(လ) သွယ်။ ။သေးသွယ် ရှည်လျားသော အရာကို ညွှန်ပြ၏။

ပုံစံ —လမ်းနှစ်သွယ်၊ မြစ်သုံးသွယ်၊ ရောင်ခြည် ခြောက်သွယ်။

၂၀၇။ အချို့ နာမ်ပုဒ်များကိုပင် မျိုးပြပစ္စည်းအဖြစ် ပြန်၍ သုံးရသည်။

ပုံစံ
(က) မြို့တမြို့။
(ခ) ရွာသုံးရွာ။
(ဂ) အခန်းနှစ်ခန်း။
(ဃ) သစ်ပင် ငါးပင်။
(င) ခွာတ်ပုံတပုံ။
(စ) အိမ် ၂၅-အိမ်။

၂၀၉။ နှစ်ဆယ်၊ သုံးဆယ်၊ တရာ၊ တထောင် စသော ဆယ်ဆတိုး သင်္ချာပုဒ်များနောက်တွင်—

(က) မျိုးပြပစ္စည်းမပါဘဲငင်း၊
(ခ) မျိုးပြပစ္စည်းရှေ့တွင် အ-ပစ္စည်းထည့်ကာ သင်္ချာပုဒ်ရှေ့တွင် ထား၍ငင်း

ရေးနိုင် ပြောနိုင်သည်။

ပုံစံ

(၁) ခွေး ငါးဆယ်၊ ခွေး အကောင်ငါးဆယ်။
(၂) ဖျာလေးဆယ်၊ ဖျာ အချပ်လေးဆယ်။
(၃) သံဃာ တရာ၊ သံဃာ အပါးတရာ။
(၄) ဘဲတထောင်၊ ဘဲအကောင်တထောင်။

၂၁၀။ အလေးချိန်၊ အခြင်အတွယ်၊ အတိုင်းအတာ၊ အချိန်ကာလ၊ ငွေကြေးပြ နာမ်ပုဒ်များကို မျိုးပြပစ္စည်း မပါဘဲ သုံးရသည်။

ပုံစံ
(က) ဆီတပိဿာ။
(ခ) ကော်ဖီလေးပေါင်။
(ဂ) ဆန်လေးတင်း။
(ဃ) ရေနံဆီ ငါးဂါလံ။
(င) ခရီးသုံးမိုင်
(စ) သစ် ၁၅-တန်
(ဆ) အလျား ၃၈-ကိုက်
(ဇ) အနံ ၃၅-ပေ။

နာမဝိသေသနဆိုင်ရာ လေ့ကျင့်ခန်း

၂၁၁။ အောက်ပါတို့ကို ဖြေပါ။ မဖြေနိုင်လျှင် စာအုပ်တွင် ပြန်လေ့လာပါ။

(က) နာမဝိသေသန ဟူသည် အဘယ်နည်း။ နာမ်ပုဒ်၏ မည်သည့်နေရာမှ နေ၍ အထူးပြုသနည်း။
(ခ) ဂုဏ်ရည်နာမဝိသေသနပုဒ်များကို နာမ်၏ ရှေ့နှင့် နောက်တွင် ထား၍ ဝါကျ၅-ခုစီ ရေးပြပါ။
(ဂ) အညွှန်းနာမဝိသေသနကို အဓိပ္ပါယ်ရှင်း၍ ပုံစံ ၅-ခု ရေးပြပါ။
(ဃ) အညွှန်း နာမဝိသေသနတွင် အတူနှင့် ပမာဏကို ပြရန် မည်သည့်ပစ္စည်း ဆက်ပေးရမည်နည်း၊ ပုံစံ ၃-ခုစီဖြင့်ဖြေပါ။

(င) အရေအတွက်ကို ပြသော သင်္ချာနာမဝိသေသန ကို နာမ်ရှေ့နှင့် နောက်တွင် ထား၍ ၃-ဝါကျစီ ရေးပြပါ။

(စ) အမှတ်စဉ်ပြ သင်္ချာ နာမဝိသေသနကို ပစ္စည်း ပါ-မပါ နှစ်မျိုးဖြင့် ပုံစံ ၃-ခုစီ ရေးပြပါ။

(ဆ) အချိန်အတွယ်၊ အခြင်အတွယ်၊ အတိုင်းအတာ၊ ငွေကြေး၊အချိန်ကာလကိုပြသော ပုဒ်များတွင် သင်္ချာနာမဝိသေသနသည် မည်သည့် နေရာမှာ နေရသနည်း။ ပုံစံ ၂-ခုစီ ပြဖြပါ။

(ဇ) သင်္ချာလေးနက်ပစ္စည်းများ ပါဝင်သော ဝါကျ တခုစီ ရေး၍ ထိုပစ္စည်းများကို မျဉ်းသားပြပါ။

(ဈ) နာမ်ပုဒ်များက နာမဝိသေသနအလုပ် လုပ်ပုံကို ပုံစံတခုပေး၍ ရှင်းပြပါ။

(ည) ကြိယာပုဒ်တို့က နာမဝိသေသနအလုပ် လုပ်ပုံကို ပုံစံ ၃-ခုဖြင့် ရှင်းပြပါ။

(ဋ) ပုစ္ဆာနာမဝိသေသနပုဒ်များ ပါသော အမေး ဝါကျ ၁၀-ခုကို ရေးပြပါ။

(ဌ) မျိုးပြပစ္စည်းပါ-မပါ အမေးနှစ်ခုထူးခြားပုံကို ပုံစံ ၃-ခုစီဖြင့် ရှင်းပြပါ။

(ဍ) ဂုဏ်ရည်၊နှိုင်းယှဉ် ဝါကျဆိုင်ရာ သိစရာတို့ကို ပုံစံ တခုစီဖြင့် ဖော်ပြပါ။

(ဎ) အမြတ်စား နာမဝိသေသနပုဒ်အသုံးကို ပုံစံ ၃ ခု ဖြင့် ရှင်းပြပါ။

(ဏ) မျိုးပြပစ္စည်းတခုစီကို နာမ်ပုဒ်တခုနှင့်တွဲ၍ သင် မှတ်မိသမျှ ရေးပြပါ။

(တ) နာမ်ပုဒ်များကို မျိုးပြပစ္စည်းအနေ သုံးပုံကို ပုံစံ ၃-ခုဖြင့် ပြပါ။

(ထ) ဆယ်ဆတိုးသင်္ချာပုဒ်နှင့် မျိုးပြပစ္စည်း တွဲသော အခါ ရေးပုံနှစ်မျိုးကို ပုံစံနှစ်ခုစီဖြင့် ဖော်ပြပါ။

(ဒ) မျိုးပြပစ္စည်းမပါဘဲ သုံးနိုင်သော နာမ်များကို ဖော်ပြ၍ ပုံစံ ၁-ခုစီ ပေးပါ။

(ဓ) မြန်မာနာမဝိသေသနများနှင့် အင်္ဂလိပ်၊ ပါဠိ နာမ ဝိသေသနတို့ မတူသည့်အချက်ကို သင် သိသမျှ ရေးပြပါ။

(န) ဖြူ၊နီ၊ချော၊ကြမ်း၊ကောင်း၊ဆိုး-ဂုဏ်ပုဒ်တို့ကို ကြိယာဟုပြလျှင် သင့်-မသင့် စိစစ်ဝေဘန်ပြပါ။

PDF CREATOR - NYEYADHAMMA@GMAIL.COM

ဝါစင်္ဂ-၆

ကြိယာ

အစိပ္ပါယ်ဖွင့်ဆိုချက်

၂၁၂။ ဖြစ်ခြင်း၊ ရှိခြင်းနှင့် လူတိရစ္ဆာန်တို့၏ ပြုမူလှုပ်ရှား ဆောင်ရွက်မှုကို ကြိယာဟုခေါ်၏။ ကြိယာသည် ဝါကျတခုတွင် အရေးအကြီးဆုံး အစိတ်အပိုင်းဖြစ်၍ မြန်မာဝါကျတွင် ကြိယာပုဒ်ကို ဝါကျနောက်ဆုံးမှာ ထား၍ ရေးရလေသည်။

ပုံစံ

(က) ဦးမြသည် ကျောင်းဆရာ ဖြစ်၏။

(ခ) ဦးမြ အတန်းထဲမှာ ရှိသည်။

(ဂ) ဦးမြသည် သမိုင်းဘာသာကို သင်ပြသည်။

၂၁၃။ အထက်ပါ ဝါကျတို့အနက် အမှတ် (၁) ဝါကျက ဦးမြ ဘာဖြစ်သည်ကို ပြ၏။ အမှတ် (၂) ဝါကျက ဦးမြ ဘယ်မှာ ရှိသည်ကို ပြ၏။ အမှတ် (၃) ဝါကျက ဦးမြ ဘာလုပ်သည်ကို ပြ၏။ ဤကဲ့သို့ ဘာဖြစ်သည်၊ ဘယ်မှာရှိသည်၊ ဘာလုပ်သည်ကိုပြသော ပုဒ်များကို ကြိယာပုဒ်ဟု ခေါ်၏။

ကြိယာဝါစင်္ဂ သုံးပါး

၂၁၄။ ကြိယာပုဒ်တခုတွင်—

(က) ကြိယာပုဒ်ရင်း(ဓာတ်)၊
(ခ) ကြိယာဝိဘတ်၊
(ဂ) ကြိယာပစ္စည်း—

ဟု ဝါစင်္ဂသုံးပါးတို့ ထိုက်သင့်သလို ပါဝင်ကုန်၏။

(က) ကြိယာပုဒ်ရင်း (ဓာတ်)

၂၁၅။ ဖြစ်၊ ရှိ၊ သွား၊ လာ၊ စား၊ သောက်၊ပေး၊ယူ-စသော ကြိယာပုဒ်ရင်း (ဓာတ်) တို့သည် ကြိယာပုဒ်တခုအတွက် မပါလျှင်မဖြစ်သော အခြေခံဝါစင်္ဂ ဖြစ်၏။ ဝိဘတ်၊ ပစ္စည်း မပါဘဲ ကြိယာပုဒ်ရင်း (ဓာတ်) ချည်း သက်သက်လည်း ကြိယာ ဖြစ်နိုင်၏။ (အလွန်နဲ သည်–အမိန့်ပေး၊ စေခိုင်း၊ တောင်းပန်ဝါကျများနှင့်ဆက်ဘိုက်ပြောကြိယာများ၌သာ၊)

ပုံစံ

(က) (၁) မောင်မောင်၊ အဲဒီကုလားထိုင် ဒီကိုယူလာ။
(၂) လေ့ကျင့်ခန်းပြီးတဲ့လူတွေ ဒီမှာ လာထပ်။
(၃) ကျန်းမာချင်ရင် စာစောစောထလမ်းလျှောက်။
(၄) စာတော်ချင်လျှင် ကြိုးစား။
(၅) တို့သွားနှင့်မယ်၊ မင်းတို့နေ့လယ်ကျမှ လိုက်လာ။
(၆) မင်းတို့ ထမင်းဆာလျှင် ထည့်စား။

(ခ) (၁) ၆ နာရီ အိပ်ရာက ထ၊ ရေချိုး၊ အဝတ်လဲပြီး ရုံးကိုသွား၏။

PDF CREATOR - NYEYADHAMMA@GMAIL.COM

(၂) ၅-နာရီ အိပ်ရာ ထ၊ ထမင်းဟင်း ချက်၊ ဘုရား ရှိခိုး၊ ဆွမ်းတော် ကပ်၊ ကျောင်း အတွက်, ရုံးအတွက် ထမင်းထည့်ပေးပြီး ဈေးသွားရဒါဘဲ။

(၃) ကလေးတွေ ကျောင်းပို့၊ အမေ့ကို ဈေး လိုက်ပို့၊ ပြီးတော့မှ ကျွန်တော် ဒီကို ထွက် လာတယ်။

၂၁၆။ (က) ပုံစံများမှာ အမိန့်ပေး စေခိုင်းဝါကျများ ဖြစ်ကြောင်း ထင်ရှား၏။

(ခ) ပုံစံများမှာ အမိန့်ပေးဝါကျနှင့် ပုံသဏ္ဍာန် တူနေစေကာမူ အိပ်ရာမှ ထသည်၊ ရေးချိုးသည်၊ အဝတ် လဲသည်၊ ရုံးကိုထွက်သွားသည်ဟု ဆိုလိုသည်။

ကြိယာပုဒ်ရင်း (၃) မျိုး

၂၁၇။ ကြိယာပုဒ်ရင်း (ဓာတ်) တို့သည်—

(က) လုံးချင်းကြိယာပုဒ်ရင်း၊
(ခ) ပေါင်းစပ်ကြိယာပုဒ်ရင်း၊
(ဂ) ဂုဏ်ကြိယာပုဒ်ရင်း—

ဟု သုံးမျိုးရှိ၏။

လုံးချင်းကြိယာပုဒ်ရင်း

၂၁၈။ သွား၊ လာ၊ စား၊ သောက်၊ နေ၊ ထိုင်၊ ပေး၊ ယူ၊ ရှိခိုး၊ ပူဇော်၊ ကန်တော့-စသည့် ထပ်မံခွဲစိတ်၍မရသော ကြိယာ ပုဒ်ရင်းများသည် လုံးချင်းကြိယာပုဒ်ရင်းများ ဖြစ်၏။

မှတ်ချက်။ ကေဝဏ္ဏ အသံတသံ စာလုံးပေါင်းတခုသာ ရှိသောကြိယာကိုသာ လုံးချင်းခေါ် သည်မဟုတ်၊ ရှိခိုး၊ ပူဇော်၊ ကန်တော့စသော နှစ်သံထွက်, စာလုံးပေါင်းနှစ်ခုပါ ကြိယာများလည်း လုံး ချင်း ကြိယာများပင် ဖြစ်သည်။ အများအား ဖြင့် မြန်မာကြိယာများသည် တသံထွက်, တလုံး ပါ ကေဝဏ္ဏကြိယာများသာ ဖြစ်၏။

ပေါင်းစပ်ကြိယာပုဒ်ရင်း

၂၁၉။ (က) ကြိယာပုဒ်ရင်း (ဓာတ်) နှစ်ခု, သုံးခုကို ဖြစ်စေ၊ (ခ) နာမ်နှင့် ကြိယာပုဒ်ရင်း (ဓာတ်) တို့ကို ဖြစ်စေ ပေါင်းစပ်၍ ကြိယာပုဒ်ရင်းတခုအဖြစ် ဖွဲ့စည်းနိုင်သည်။

(က) ကြိယာချင်းပေါင်းစပ်ပုံစံများ

ပြောဆို၊ ကြည့်ရှု၊ ရေးသား၊ ရပ်စဲ၊ ဆုတ်ခွါ၊ ပြုလုပ်၊ လွတ်လပ်၊ ကင်းကွာ၊ ဆင့်ဆို။

(ခ) နာမ်ကြိယာပေါင်းစပ်ပုံများ

နားထောင်၊ နှုတ်ဆက်၊ အကြောင်းကြား၊ မေတ္တာပို့၊ ဆုတောင်း၊ ဆေးခြယ်။

မြန်မာဝိသေသ ကာရန်ကွဲအက္ခရာတူ ကြိယာများ

၂၂၀။ ကြိယာတလုံးနောက်တွင် ထိုကြိယာနှင့်စာလုံးတူ ကာရန်ကွဲ အက္ခရာ လိုက်၍ စကားပြေပြစ်ချောမောစေရန် သုံးနိုင်၏။

ဤခရေးထုံး၊ပြောထုံးမျိုး ပါဠိ၊အင်္ဂလိပ်တို့၌ မရှိချေ။

ပုံစံ

(က) တရားတော်သည် အလွန်နက်နဲ၏။
(ခ) ဖဲမွေ့ရာသည် ညက်ညောလှပေ၏။
(ဂ) မောင်ခမောင်သည် သူ့အမေ့အကြောင်း တွေးတောနေ၏။
(ဃ) ဦးမြအား ဥက္ကဋ္ဌမြှောက်ရန် လမ်းသူလမ်းသားများက လိုလား၏။
(င) သူ၏ စာပေအရေးအသားသည် ပြေပြစ်၏။
(စ) ဘုရားရှင်၏ သွားတော်လေးဆယ်တို့သည် ညီညာလှပေ၏။
(ဆ) ဤမင်းသားသည် အလွန်ပေါ့ပါး၏။
(ဇ) အဘိုးအိုသည် အလွန် လေးလံ၏။
(ဈ) သူ၏အကြံဘို့သည် ပျက်ပြားကုန်၏။

မြန်မာဝိသေသ ကာရန်တူအက္ခရာကွဲ ကြိယာများ

၂၂၁။ ကြိယာတခု၏နောက်တွင် ထိုကြိယာနှင့် ကာရန်တူ အက္ခရာကွဲစာလုံး လိုက်၍ စကားပြေပြစ်ချောမောစေရန် သုံးနိုင်၏။ ဤ ကြိယာရေးထုံး၊ပြောထုံးမျိုး ပါဠိ၊အင်္ဂလိပ်တို့၌ မရှိချေ။

ပုံစံ

(က) မလှသည်အပြောအဆို သွက်လက်၏။
(ခ) ယနေ့ ဆွမ်းကပ်ရသည်မှာ မြိုင်ဆိုင်၏။

(ဂ) ဝက်ဝံသည် အလွန်ရိုင်းစိုင်း၏။
(ဃ) မောင်ဘသည် မြန်ဆန်၏။
(င) မလှသည် အနေအေးဆေးသည်။
(စ) နာမ်အစား သုံးသောပုဒ်ကို နာမ်စားပုဒ်ဟု ခေါ်ဝေါ်၏။
(ဆ) ကိန်းနှစ်ခုတို့သည် ခြားနားကြ၏။
(ဇ) ယနေ့ ရာသီဥတု သာယာ၏။
(ဈ) သခွါးသီးများ လတ်ဆတ်သည်။
(ည) လူငယ်များကို ညှာတာပါ။
(ဋ) အားငယ်သူကို မိမိနှင့်ထပ်တူ စာနာပါ။
(ဌ) ယနေ့ညနေ ရာသီဥတု ထိုင်းမှိုင်း၏။

မြန်မာ့ဝိသေသ ရှေ့ပြေးကြိယာများ

၂၂၂။ ကတ္တားတခုသည် ကြိယာနှစ်ခုကို ပြုလုပ်ရာ၌ ရှေ့ကြိယာတွင် ဝိဘတ်၊ပစ္စည်းမပါဘဲ နောက်ကြိယာတွင်သာ ဝိဘတ်၊ပစ္စည်း ဆက်၍ ကြိယာတပုဒ်တည်းကဲ့သို့ သုံး၏။ ရှေ့အလုပ်ပြုကြိယာကို ရှေ့ပြေးကြိယာဟု ခေါ်၏။ ဤရေးထုံးမျိုး ပါဠိ၊သက္ကတ၊အင်္ဂလိပ်တို့၌ မရှိချေ။

ရှေ့ပြေးကြိယာများ

၂၂၃။ သွား၊ လာ၊ ဝင်၊ ထွက်၊ ထိုင်၊ ထ၊ တက်၊ ဆင်း၊ လှည့်၊ လိုက်၊ သိပ်၊ တည့်၊ လွှတ်၊ မိ၊ နင်း၊ သား၊ ပို၊

ထပ်၊ ပြန်၊ စ၊ ဆက်၊ လျှောက်၊ လှမ်း၊ ကြို၊ ကြည့် စသည်တို့သည် ရှေ့ပြေးကြိယာများ ဖြစ်၏။

ဝါကျပုံစံများ

(က) မောင်မောင် ထမင်း သွားစား၏။ (သွားပြီးမှစား)
(ခ) မောင်မောင် ထမင်းစားသွား၏။ (စားပြီးမှသွား)
(ဂ) ကျွန်တော့်ကိုကားနှင့်လာခေါ်ပါ (လာပြီးမှခေါ်)
(ဃ) ဆရာ့ကို ကားနှင့် ခေါ်လာ ပါ။ (ခေါ်ပြီးမှလာ)
(င) ကျွန်တော် မောင်ဘကို ဝင်ခေါ်မည်။
(စ) သူ၏ခွေးသည် လမ်းပေါ်မှာ ထွက်ကိုက်၏။
(ဆ) ဒေါ်တင်သည် စာ ထိုင်ရေးနေ၏။
(ဇ) အတွင်းရေးမှူးက ထပြော၏။
(ဈ) အရာရှိကို တက်ပြောပါ။
(ည) အလုပ်သမားများအား ဆင်းကြည့်ပါ။
(ဋ) ဆရာကြီးကို လှည့်ခေါ်ခဲ့ပါ။
(ဌ) မောင်မောင်သည် သူ့အမေကို ထမင်း လိုက်ပို့၏။
(ဍ) သူသည် မမြကို ပြန်ခေါ်၏။
(ဎ) ဆရာက အရင် စမေး၏။
(ဏ) ကျွန်တော် ငွေကို ဆက်ရေးပါမည်။
(တ) ဝန်ကြီးသည် စက်ရုံများကို လျှောက်ကြည့်၏။
(ထ) အမေက အမကို လှမ်းခေါ်၏။
(ဒ) ကျောင်းသားတို့သည် စာအုပ်ကို ကြိုဖတ်ထား၏။
(ဓ) ဆရာ့ကို ကျွန်တော် ကြည့်ပြောပါမည်။

(သေသွားပြီ၊ အိုလာ၏၊ ပို့လိုက်မည်၊ မေးပြန်၏၊ ပြောကြည့်မည်တို့၌ သွား၊လာ၊လိုက်၊ပြန်၊ကြည့်-သည် ကြိယာထောက်များ ဖြစ်၏။)

(၃) ဂုဏ်ကြိယာပုဒ်ရင်း

၂၂၄။ ဖြူ၊ နီ၊ ညို၊ ပြာ၊ ပျင်း၊ ပျော်၊ ဆိုး၊ ကောင်း-စသော ဂုဏ်တို့ကို ကြိယာပုဒ်ရင်းအဖြစ် သုံး၏။

ဖြူသည်၊ နီသည်၊ ပျော်သည်၊ ပျင်းသည်၊ ကောင်းသည်၊ ဆိုးသည်။

အထူးမှတ်စရာ

ဝိသေသမြန်မာသဒ္ဒါ

၂၂၅။ ကြိယာချင်း၊ နာမ်နှင့်ကြိယာတို့ကို ပေါင်းစပ်၍ သုံးသော ပေါင်းစပ်ကြိယာ မျိုး ပါဠိ၊ သက္ကတ၊ အင်္ဂလိပ် စသည့် အခြားသော ဘာသာတို့၌ မရှိ။ ဂုဏ်ပုဒ်ရင်း နောက်တွင် ကြိယာဝိဘတ်ဆက်ကာ ကြိယာအဖြစ်သုံးသော ဂုဏ်ရည်ကြိယာမျိုးလည်း ပါဠိ၊သက္ကတ၊ အင်္ဂလိပ်၊ဂျာမန် စသော အခြားဘာသာတို့၌ မရှိ။ မြန်မာဘာသာ၌သာ ထူးထူးခြားခြား ရှိသည့် ဝိသေသလက္ခဏာ မြန်မာသဒ္ဒါနည်းများ ဖြစ်၏။

၂၂၆။ အင်္ဂလိပ် စသော ဥရောပဘာသာတို့က ဖြစ်၏ဟု အဓိပ္ပါယ်ရသော is, are, was, were စသည့် ကြိယာတို့နှင့် ယှဉ်တွဲကာ ဂုဏ်ပုဒ်တို့ကို Complement အဖြည့်

ပုဒ် အနေထား၍ ရေးသားကြကုန်၏။ ဥရောပဘာသာတို့ရှိ ဂုဏ်ရည်ကြိယာထက် မြန်မာဂုဏ်ရည်ကြိယာက ပို၍ ကျစ်လစ်သိပ်သည်းပေသည်။

(က) is clever = လိမ္မာ၏။
(ခ) is white = ဖြူ၏။
(ဂ) is beautiful = လှ၏။

ဂုဏ်ပုဒ်သည် ကြိယာမူရင်းမဟုတ်
နာမဝိသေသနမူရင်း

၂၂၇။ စားသည်၊ စားမည်၊ စားသော-တို့၌ စား-သည် ကြိယာဖြစ်သကဲ့သို့ လှသည်၊ လှမည်၊ လှသော-တို့၌ လှ-သည်လည်း ကြိယာဖြစ်သည်ဟု ယူဆသော ပညာရှင်တို့ ရှိကြသည်။

၂၂၈။ ဂုဏ်ဟူသည် ဒြဗ်(နာမ်)၌ မှီတွယ်နေသော၊ ဒြဗ်မှ ခွဲထုတ်၍မရသော အရည်အချင်း ဖြစ်၏။ ကြိယာဟူသည် ဒြဗ်(နာမ်)၏ ပြုမှုလှုပ်ရှားချက် ဖြစ်၏။ ဤသို့ သဘာဝအားဖြင့် ကွဲပြားသောကြောင့် သည်၊မည်၊သော-စသော ဝိဘတ်၊ ပစ္စည်းဆက်၍ သုံးပုံချင်းတူရုံမျှဖြင့် ဝါစင် တမျိုးတည်းဟု တွဲသတ်မှတ်၍ မရပေ။

၂၂၉။ 'စား'-သည် ကြိယာပုဒ် ဖြစ်သော်လည်း သော-ပစ္စည်းနှင့်တွဲသောအခါ နာမဝိသေသနဖြစ်၍ ခြင်း-ပစ္စည်းနှင့် တွဲသောအခါ နာမ်ဖြစ်သွားသကဲ့သို့ 'လှ'သည်နာမဝိသေသန ဖြစ်သော်လည်း သည်၊ မည်-ကြိယာဝိဘတ်နှင့် တွဲသောအခါ

ကြိယာပုဒ်ဖြစ်၍ ခြင်း-စသောပစ္စည်းနှင့်တွဲသောအခါ နာမ်ပုဒ်ဖြစ်နိုင်ပြီး စွာ-ပစ္စည်းနှင့်တွဲသောအခါ ကြိယာဝိသေသန ဖြစ်သွားနိုင်ပါသည်။

၂၃၀။ ပုဒ်တခုကို ဝါစင်ခွဲခြားသတ်မှတ်ရာ၌ ထိုပုဒ်၏ မူလအနက်သဘောကိုသာကြည့်ရပြီး ထိုပုဒ်၏ရှေ့-နောက်တွင် ဝိဘတ်နှင့်ပစ္စည်းတို့ ဆက်၍ ဖြစ်ပေါ်လာသော ဆင့်ပွါးပုဒ် အနေကို ကြည့်ရန်မလိုပေ။ ပါဠိ၊ သက္ကတ၊ အင်္ဂလိပ်၊ ဂျာမန်၊ ဂျပန်ဘာသာ တို့၌ ဂုဏ်အရည်အချင်းကိုပြသော ပုဒ်သည် နာမဝိသေသနဖြစ်သကဲ့သို့ မြန်မာဘာသာ၌ ဂုဏ် အရည်အချင်းကိုပြသော ဖြူ၊ နီ၊ ချော၊ ကြမ်း၊ ကောင်း၊ ဆိုး-စသည်တို့သည်လည်း နာမဝိသေသနပုဒ်များသာ ဖြစ်သည်ဟု မှတ်ယူအပ်ပေသည်။

၂၃၁။ အကယ်၍ သည်၊မည်-စသော ကြိယာဝိဘတ်နှင့် တိုက်ရိုက်တွဲနိုင်မှုကို ကြည့်၍ ဖြူ၊ နီ၊ နု၊ ကြမ်း၊ ကောင်း၊ဆိုး-စသည့် ဂုဏ်ပုဒ်တို့ကို ကြိယာဝါစင်အဖြစ် သတ်မှတ်မည်ဆိုလျှင် ပါဠိ၊ သက္ကတ၊ အင်္ဂလိပ်၊ ဂျာမန်၊ ဂျပန်၊ ပြင်သစ်၊ ရုရှ ကမ္ဘာ့သဒ္ဒါကျမ်းအားလုံးက တမျိုး၊မြန်မာ့သဒ္ဒါကျမ်း တခုတည်းက တဖုံ ဖြစ်နေပေမည်။

၂၃၂။ အထက်ပါ ဝါစင်သတ်မှတ်မှု သဘာဝယုတ္တိနှင့် ကမ္ဘာ့သဒ္ဒါကျမ်းများ၏ အာဂမယုတ္တိကို ထောက်၍ ဖြူ၊ နီ၊ နု၊ ကြမ်း၊ ကောင်း၊ ဆိုး-စသော ဂုဏ်အရည်အချင်း၊ အခြေအနေပြပုဒ်များကို နာမဝိသေသနမူရင်းပုဒ်ဟု မှတ်သားလိုက်နာအပ်ပေသည်။

(၂) ကြိယာဝိဘတ်

၂၃၃။ ကြိယာနှင့် ဂုဏ်ပုဒ်ရင်း၏နောက်၌ ယှဉ်ကပ်ဆက်တွဲ၍ ထိုကြိယာ၏ ဖြစ်၊ ရှိ၊ ပြုလုပ်ရာ အချိန်ကာလနှင့် ကြိယာအမျိုးအစားကို သတ်မှတ်ဖော်ပြသော စကားအစိတ်အပိုင်းကို ကြိယာဝိဘတ်ဟု ခေါ်၏။

ပစ္စုပ္ပန်ကြိယာဝိဘတ်များ

၂၃၄။ ၏ သည် (တယ်) (သာ) (တာ) (ဒါ) တို့သည် ပစ္စုပ္ပန်ကြိယာဝိဘတ်များ ဖြစ်၍—

(က) ဖြစ်ဆဲ, ရှိဆဲ, ပြုလုပ်ဆဲ ဖြစ်သည်ကိုရင်း၊
(ခ) ပြောဆိုရေးသားချိန်တွင် ပြုလုပ်ဆဲ မဟုတ်သေးသော်လည်း အချိန်မှန်အလေ့အထ ဖြစ်နေသည့် ကြိယာများကိုရင်း၊
(ဂ) သိပ္ပံနှင့်အဘိဓမ္မာဆိုင်ရာ အမှန်သဘောတရားတို့ကိုရင်း—

ဖော်ပြ၏။

ပုံစံ

(၁) မလှသည် ကျောင်းဆရာမ ဖြစ်၏။
မလှသည် အတန်းထဲမှာ ရှိ၏။
ရန်ကုန်သည် မြန်မာနိုင်ငံ၏ မြို့တော် ဖြစ်၏။
ရွှေတိဂုံဘုရားသည် ရန်ကုန်မြို့၌ ရှိသည်။
(၂) မောင်လှသည် မနက်တိုင်း လမ်းလျှောက်၏။
မောင်လှသည် တနင်္ဂနွေနေ့တိုင်း ဘုရားကို သွားသည်။

(၃) ခဲသည် ဒန်ထက် လေး၏။
ဆီသည် ရေအက် သိပ်သည်း၏။
ဝေဒနာသည် အာရုံကို ခံစား၏။
ရုပ်ဘရားတို့သည် ဖောက်ပြန်တတ်ကုန်၏။

အတိတ်ကြိယာဝိဘတ်များ

၂၃၅။ ခဲ့၏၊ ခဲ့သည် (ခဲ့တယ်) (ခဲ့တာ၊ခဲ့ဒါ) (ခဲ့သား) တို့သည် ပြောဆို ရေးသားချိန် မတိုင်ခင်က ဖြစ်ခဲ့၊ ရှိခဲ့၊ ပြုလုပ်ခဲ့သည်ကို ဖော်ပြသော အတိတ်ကြိယာ ဝိဘတ်များ ဖြစ်၏၊ခဲ့-မပါဘဲ ပစ္စုပ္ပန်ကြိယာနှင့်အတူတူလည်း သုံးနိုင်၏။

(ဂျပန်ဘာသာတွင် ပစ္စုပ္ပန်ကြိယာနှင့် အနာဂတ်ကြိယာ ပုံစံတူဖြစ်သကဲ့သို့တည်း။)

(က) မောင်လှသည် မနေ့က ရွှေတိဂုံသို့ သွားခဲ့သည်။
(ခ) စာအုပ်သည် မနက်က စားပွဲပေါ်မှာရှိခဲ့၏။
(ဂ) ဦးထွန်းသည် မနှစ်က ကောင်စီဥက္ကဋ္ဌဖြစ်ခဲ့သည်။
(ဃ) ကိုတင်စီစဉ်နိုင်ဘို့ မနက်က ဝင်ပြောခဲ့တာ။
(င) ဆရာက ရှင်းမှမရှင်းခဲ့တာ။
(စ) အကိုကတော့ ကိုတင်သတိပေးခဲ့သား။
(ဆ) မလှက ကြိုးတော့ ကြိုးစားသား ညဏ်ကထိုင်းတော့ မတော်ဘူး။

အတိတ်ပစ္စုပ္ပန် အတူသုံး

၂၃၆။ မြန်မာသဒ္ဒါတွင် ပစ္စုပ္ပန်နှင့် အတိတ်ကြိယာတို့ကို အတူထား၍ ရေး၊ ပြောနိုင်သည်မှာ ပါဠိ၊ သက္ကတ၊ အင်္ဂလိပ်တို့နှင့် မတူသောအချက် ဖြစ်သည်။

၂၃၇။ ပါဠိ၌ အတိတ်ကြိယာတို့ကို ရှေးနိဿယနှင့်မြန်မာပြန် ဆရာတော်တို့က ပြီ-ဟု ဘာသာပြန်ဆိုခဲ့သော်လည်း မြန်မာဘာသာ၌ ပြီ သည် အတိတ်ကို မပြပေ၊ ခဲ့သည် ကိုသာ အတိတ်ကြိယာဝိဘတ်အနေဖြင့် သုံးကြပေသည်။

၂၃၈။ အင်္ဂလိပ် အတိတ်ကြိယာတို့ကို ခဲ့သည် ဟု မြန်မာပြန်ဆိုခဲ့ကြသော်လည်း မြန်မာစာ၊ မြန်မာစကား၌ အတိတ်ကြိယာတိုင်းမှာခဲ့ မပါချေ။ ထို့ကြောင့် ပစ္စုပ္ပန်နှင့် အတိတ်ကြိယာတို့ကို အတူတူထား၍ ပြောနိုင်၊ ရေးနိုင်ပေသည်။

၂၃၉။ မြန်မာတို့နှင့် ထိတွေ့ဆက်စပ်ခဲ့သော ပါဠိသဒ္ဒါ၊ အင်္ဂလိပ်သဒ္ဒါတို့တွင် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ဟုသာ ကာလသုံးမျိုးရှိသော်လည်း ဘာသာတိုင်းမှာ ကာလသုံးမျိုး ရှိသည် မဟုတ်ပေ။ ပုံစံအားဖြင့် ဂျပန်ဘာသာတွင် ပစ္စုပ္ပန်နှင့် အနာဂတ် ကြိယာမှာ အတူတူဖြစ်၍ အတိတ်ကြိယာပုံစံသာ ကွဲ၏။ ကာလသုံးမျိုးအတွက် ကြိယာပုံစံ နှစ်မျိုးသာရှိ၏။

ပစ္စုပ္ပန်+အနာဂတ်	အတိတ်
ကိမတ်=သွားသည်။ =သွားမည်	ကိမတ်ရှိတ=သွားခဲ့သည်။
ထာဘဲမတ်စ်=စားသည်။ =စားမည်။	ထာဘဲမတ်ရှိတ=စားခဲ့သည်။

ထို့ကြောင့် မြန်မာဘာသာတွင် ပစ္စုပ္ပန်နှင့် အတိတ်ကာလကို အတူတူထား၍ ပြောနိုင်၊ ရေးနိုင်သည်။ သို့ပြောနိုင်၊ ရေးနိုင်သောကြောင့်လည်း ရှေး မြန်မာပညာရှင် အဆက်ဆက်တို့ ပြောခဲ့၊ ရေးခဲ့ကြသည်ဟု မှတ်အပ်ပေသည်။

အနာဂတ်ကြိယာဝိဘတ်

၂၄၀။ မည်(မယ်)၊ လိမ့်မည်(လိမ့်မယ်)၊ မလို့၊ လတ္တံ့၊ အံ့(မှာ) (မှ) တို့သည် ပြောချိန်၊ ရေးချိန်၏ နောက်မှာမှ ဖြစ်မည့်၊ ရှိမည့်၊ ပြုလုပ်မည့် အနာဂက်ကာလကို ဖော်ပြသော အနာဂတ်ကြိယာဝိဘတ်များ ဖြစ်၏။

ပုံစံ

(က) အမေတို့ မနက် ဘုရား သွားမည်။
(အမေတို့ မနက် ဘုရားသွားမယ်)
(ခ) မလှ စာမေးပွဲ အောင်လိမ့်မည်။
(မလှ စာမေးပွဲ အောင်လိမ့်မယ်)
(ဂ) သိဒ္ဓတ္ထမင်းသားသည် ဘုရားလောင်း ဖြစ်လတ္တံ့။
(ဃ) ကျွန်တော်ကတော့တက္ကသိုလ်ကို ဆက်တက်မှာဘဲ။
(င) မင်း ငါနဲ့ လိုက်နေမလား။
(စ) အိမ်ပြန်နောက်ကျရင် အမေက ဆူမှာ။
(ဆ) မိုးဦးမိုးလယ် ကောင်းအံ့။
(ဇ) မိုးနှောင်းတန့်အံ့။

(ဈ) တိုင်းသူပြည်သားတို့ သာယာဝပြောအံ့။
(ည) မောင်မောင် ကျောင်းသွားမလို့။

စေခိုင်းတောင်းပန် ဝိဘတ်များ

၂၄၁။ လော့၊ စေ၊ စမ်း၊ ပါရစေ၊ ပါစေ၊ စို့-တို့သည် စေခိုင်းခြင်း၊ အမိန့်ချမှတ်ခြင်း၊ တောင်းပန်ခြင်း၊ ဖိတ်ခေါ်ခြင်း၊ ပန်ကြားခြင်း၊ ဆုတောင်း မေတ္တာ ပို့ခြင်း၊ ကျိန်ဆဲခြင်းတို့ကို ပြသော စေခိုင်းတောင်းပန် ဝိဘတ်များ ဖြစ်၏။

ပုံစံ

(က) အမျိုး ဘာသာ သာသနာကို ချစ်ကြလော့။
(ခ) နိုင်ငံအတွက် ကုန်ထုတ်ကြလော့။
(ဂ) အလုပ်ကြမ်းနှင့် ထောင်ဒဏ်သုံးနှစ် ကျခံစေ။
(ဃ) ကုန်ကျစရိတ်အားလုံးကို တရားရှုံးသူက ကျခံစေ။
(င) တံခါး မြန်မြန်ဖွင့်စမ်း။
(စ) ဒီစာအုပ်တွေ စားပွဲပေါ် တင်လိုက်စမ်း။
(ဆ) ကျွန်တော် တခု မေးပါရစေ။
(ဇ) တယ်လီဖုန်း ခဏ ဆက်ပါရစေ။
(ဈ) ကလေးတွေ အိပ်ပါစေ။
(ည) စာရေးမတွေ ပြန်ချင် ပြန်ပါစေ။
(ဋ) ဆွေးနွေးပွဲ စကြစို့။
(ဌ) ထမင်းစားကြစို့။
(ဍ) သတ္တဝါအားလုံး ချမ်းသာကြပါစေ။
(ဎ) တပည့်တို့အားလုံး စာမေးပွဲ အောင်ပါစေ။

(ဏ) ချစ်သူနဲ့ ကွဲပါစေ။
(တ) မြွေကိုက် သေပါစေ။

မှတ်ချက်။ ။ဝါကျတိုအခန်း စေခိုင်း တောင်းပန် ဝါကျ အပိုင်းကို ကြည့်ပါ။

အခြေအနေရောက်ပြ ဝိဘတ်များ

၂၄၂။ ပြီ (ပီ)၊ ဘီ၊ ဗ-တို့သည် အခြေအနေ တခုသို့ ရောက်ပြီဟု ပြသော ကြိယာဝိဘတ် ဖြစ်၏။ ရံခါ ကြိယာနောက် တိုက်ရိုက်ဆက်၍ ရံခါ နေ၊ ပြီး ဟူသော ကြိယာထောက်များ ခံ၍ဆက်၏။

ပုံစံ

(က) ဆရာလဲ အာညောင်းပြီ၊ တပည့်တို့လဲ လက်ညောင်းပြီ။
(ခ) ငါတော့ ထမင်းဆာပြီ။
(ဂ) အမေတို့ ရောက်ပြီ။
(ဃ) ဦးလေးတို့ ပြန်သွားကြပြီ။
(င) ကလေးတွေ အိပ်ချင်နေပြီ။
(စ) ကျွန်တော်တို့ ထမင်းစားပြီးပြီ။
(ဆ) လေ့ကျင့်ခန်းတွေ ရေးပြီးပြီလား။
(ဇ) ဒီဝတ္ထု ဖတ်ပြီးပလား။
(ဈ) သမီးရေ၊ ထမင်းပွဲ ပြင်ပီးပလား။
(ည) ကျွန်တော်တော့ ဂဏန်းတွက်ပြီးပြီ။

(၃) ကြိယာပစ္စည်း

၂၄၃။ ကြိယာပုဒ် တခုတွင် (၁) ကြိယာပုဒ်ရင်း၊ (၂) ကြိယာဝိဘတ် အပြင်(၃)ကြိယာပစ္စည်းများလည်း ပါဝင်၏။ ကြိယာပုဒ်တခု၏ ရှေ့၊ အလယ်၊ နောက်၌ မှီတွယ်၍ ကြိယာပုဒ်ကို တစုံတခုသော အဓိပ္ပါယ်ဖြင့် ကူညီထောက်ပံ့သော စကားအစိတ်အပိုင်းကို ကြိယာပစ္စည်းဟု ခေါ်၏။

ကြိယာပစ္စည်း (၆) မျိုး

၂၄၄။ ကြိယာပစ္စည်းတို့သည်—

(က) ကိန်းညွှန်းပစ္စည်း၊
(ခ) အမေးပစ္စည်း၊
(ဂ) အငြင်းပစ္စည်း၊
(ဃ) နာမ်ပြောင်းပစ္စည်း (ကိတ်ပစ္စည်း)
(င) ဝါကျအဆုံးသတ်ပစ္စည်း၊
(စ) ကြိယာထောက်ပစ္စည်း—

ဟု ခြောက်မျိုးရှိ၏။

(၁) ကိန်းညွှန်းပစ္စည်း

၂၄၅။ နာမ်ပုဒ်တွင် တခုကိန်းနှင့် အများကိန်း ရှိသကဲ့သို့ ကြိယာပုဒ်များတွင်လည်း တခုကိန်းနှင့် အများကိန်း (ကေဝုစ်ကိန်းနှင့် ဗဟုဝုစ်ကိန်း)ဟု ကိန်းနှစ်မျိုး ရှိလေသည်။

၂၄၆။ တယောက်၊ တခု၏ ဖြစ်ခြင်း၊ ရှိခြင်း၊ ပြုလုပ်ခြင်းကို ဖော်ပြသော ကြိယာကို ကေဝုစ်ကြိယာဟု ခေါ်၏။ ကေဝုစ်ကြိယာအတွက် ကိန်းညွှန်းပစ္စည်း မလိုပေ။

ပုံစံ

(က) ဦးမြသည် ကျောင်းဆရာ ဖြစ်၏။
(ခ) သူသည် အတန်းထဲမှာ ရှိသည်။
(ဂ) သူသည် အင်္ဂလိပ်စာကို သင်ပြ၏။

၂၄၇။ တယောက်၊ တခုထက် အလွန်ဖြစ်သော ကတ္တားတို့၏ ဖြစ်ခြင်း၊ ရှိခြင်း၊ ပြုလုပ်ခြင်းကို ဖော်ပြသော ကြိယာကို ဗဟုဝုစ်ကြိယာဟု ခေါ်၏။ ကြိယာပုဒ်တခုသည် ဗဟုဝုစ်ကိန်း ဖြစ်ကြောင်း ထင်ရှားစေရန် ကြိယာပုဒ်ရင်းနောက်တွင် ကြ၊ ကုန်၊ ကြကုန်၊ ကုန်ကြ-ဟူသော ကိန်းညွှန်းပစ္စည်း တခုခုကို ဆက်ပေးရ၏။

ပုံစံ

(က) မောင်ဘနှင့် မောင်လှတို့သည် ကျောင်းသားများ ဖြစ်ကြ၏။
(ခ) သူတို့သည် အတန်းထဲမှာ ရှိကြ၏။
(ဂ) သူတို့သည် အင်္ဂလိပ်စာကို သင်ကြ၏။
(ဃ) သူတို့သည် ၈-နာရီတွင် ကျောင်းသို့ ရောက်ကြကုန်၏။
(င) ဆရာတို့ ပြန်ကုန်ကြပြီ။

ဗဟုဝုစ်ကြိယာ ပုံသေမသုံး

၂၄၈။ ပါဠိ၊သက္ကတ၊ အင်္ဂလိပ် စသော ဘာသာတို့တွင် ဗဟုဝုစ်ကတ္တားကို ဗဟုဝုစ်ကြိယာဖြင့် ပုံသေ ရေးကြသော်လည်း မြန်မာဘာသာတွင်ကား ဗဟုဝုစ်ကတ္တားကို ဗဟုဝုစ်ကိန်းညွှန်းမပါသော ကြိယာနှင့် (ဧကဝုစ်ကြိယာနှင့်)လည်း တွဲ၍ ပြောနိုင်၊ ရေးနိုင်ပေသည်။ (ဂျပန်ဘာသာတွင်လည်း ကြိယာကို ဧကဝုစ်၊ ဗဟုဝုစ် မခွဲဘဲ အတူတူထား၍ သုံးပါသည်။)

ပုံစံ

(က) ပုဏ္ဏားတို့ ကျွန်အဖြစ်မှ လွတ်လေသတည်း။ (မနုကျယ် ၃၄)

(ခ) ကျွန်ုပ်တို့ မြေက အိမ်သည်။ (ကဝိလက္ခဏာ-ဒီပနီ–၁၃၆)

(ဂ) ယှင်ရဲချွားတို့သည်ငါ့အား မခဲနိုင်ခဲ့သတည်း။ (ဇိနတ္ထပကာသနီ ၅၀၁)

(ဃ) ယခု အကျွန်ုပ်တို့ ချမ်းသာရာ ရလတ္တံ့။ (ဝေဿန္တရာ ၂၃၃)

(င) သူ့ကိုလည်း အုတ်လှ လျှောက်သည့်အဘိုင်း နားတော်လျှောက်၏။ (ဦးကုလားရာဇဝင် ၃၀၀)

(စ) သင်တို့ပင်ပန်းရုံမျှသာဖြစ်မည်။ (ဝေဿန္တရာ ၁၁၇)

မှတ်ချက်။ ။ဗဟုဝုစ်ကတ္တားကို ကြ၊ကုန် မပါသော ကြိယာနှင့် တွဲလျှင် မှားသည်ဟု ယူဆသော ပညာရှင်များရှိ၍ ဂန္ထဝင်စာပေမှဝါကျများကို ထုတ်ပြပါသည်။ အများဖြစ်ကြောင်း ကတ္တားပုဒ်က ပြပြီးဖြစ်၍ ကြိယာပုဒ်က ထပ်ပြရန် မလိုသောကြောင့် မပြခြင်းဖြစ်ပါသည်။ အပိုဒ် (၇၃)ကို ပြန်ကြည့်ပါ။

အမေးပစ္စည်း

၂၄၉။ ကြိယာပုဒ်၏ နောက်၌ မှီတွယ်၍ ထိုကြိယာကို (ဝါကျတခုလုံးကို) အမေးဝါကျသို့ ပြောင်းစေသော နည်း၊လား၊ လဲ၊ တုံး၊ စ– တို့ကို အမေးပစ္စည်းဟု ခေါ်၏။

ဝိဘတ်များ ပြောင်းခြင်း

၂၅၀။ ကြိယာတခု၏ နောက် (ဝါကျတခု၏နောက်)တွင် အမေးပစ္စည်းတခုခု ဆက်လိုက်သောအခါ ကြိယာဝိဘတ်—

သည်-မှ	သ-သို့ရင်း၊
မည်-မှ	မ သို့ရင်း၊မှာ-သို့ရင်း၊
ပီ-မှ	ပ-သို့ရင်း၊
၏-မှ	ရဲ-သို့ရင်း–

ရံခါပြောင်းလဲသွား၏(မပြောင်းဘဲလည်း ရှိ၏။)

ပုံစံ

(က) မောင်မောင် ဘာလုပ် နေသနည်း။ (သလဲ)

(ခ) ဆရာ မန္တလေး ဘယ်တော့ သွားမည်နည်း။
(သွားမှာလဲ။ သွားမလဲ)

(ဂ) သင် ထမင်း စားပြီးပြီလား။ (စားပီးပလား)

(ဃ) မောင်မောင် မနေ့က ကျောင်းတက်ရဲ့လား။

(င) မင်း မနက်က ဘယ်သွားနေသတုံး။

(စ) သင် မည်သို့ ဖြေကြား မည်နည်း။

(ဆ) ဘယ့်နှယ်ရှိစ။

(ဇ) ကျန်းမာပါစ။

(ဈ) ရပ်ရွာ အေးချမ်းသာယာပါစ။

မှတ်ချက်။ ။ဝါကျတိုအခန်း အမေးဝါကျပိုင်းကို ကြည့်ပါ။

အငြင်းပစ္စည်း

၂၅၁။ ကြိယာတခုကို မသွား၊ မလား၊ မစား၊ မသောက်-ဟု ငြင်းပယ်လိုသောအခါ ကြိယာပုဒ်ရင်း ရှေ့တွင် မ နှင့် နောက်တွင် ဘူး၊ နှင့် (နဲ့)၊ ချေ၊ ပေ၊ တော့၊ သေး၊ ပါ-ဟူသော အငြင်းပစ္စည်းများကို ဆက်ပေးရလေသည်။

ပုံစံ

မောင်မောင် ကျောင်းမသွားဘူး။
။ မသွားချေ။

မောင်မောင် ကျောင်း(မသွားနဲ့)။
။ မသွားပေ။
။ မသွားတော့။
။ မသွားသေး။
။ မသွားပါ။
။ မသွားနှင့်။
။ မသွားရ။
။ မသွားရဘူး။
။ မသွားချင်ဘူး။

မှတ်ချက်။ ။ဝါကျတိုအပိုင်း အငြင်းဝါကျအခန်းတွင်လည်း ကြည့်ပါ။

နာမ်ပြောင်းပစ္စည်း

၂၅၂။ ကြိယာပုဒ်ရင်း၏ ရှေ့တွင် ဆက်သော အ-ပစ္စည်းသည်၎င်း၊ နောက်တွင်ဆက်သော ခြင်း၊ ချက်၊ မှု၊ စရာ၊ ဖွယ်၊ ရေး- စသောပစ္စည်းတို့သည်၎င်း ကြိယာပုဒ်ရင်းကို နာမ်ပုဒ် အဖြစ်သို့ ပြောင်းစေသောကြောင့် ၎င်းတို့ကို နာမ်ပြောင်း ပစ္စည်းဟု ခေါ်၏။

ပုံစံ

အသွား၊ အလာ၊ အစား၊ အသောက်၊
သွားမှု၊ လာမှု၊ စားမှု၊ သောက်မှု၊

သွားစရာ၊ လာစရာ၊ စားစရာ၊ သောက်စရာ၊
သွားခြင်း၊ လာခြင်း၊ စားခြင်း၊ သောက်ခြင်း၊
တင်ပြချက်၊ ယုံကြည်ချက်၊ ရေးသားချက်၊
နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေး၊

မှတ်ချက်။ ။တိုင်းရေး၊ ပြည်ရေး၊ သားရေး၊ သမီးရေး-စသည့် နာမ်ပုဒ်နှင့် ဆက်ထားသော ရေး-မှာ ပစ္စည်းမဟုတ်၊ အရေးဟူသော နာမ်ပုဒ်နှင့် အခြားနာမ်တခုကို ပေါင်းစပ်ထားသော ပေါင်းစပ်နာမ် ဖြစ်သည်။

ဝါကျအဆုံးသတ် ကြိယာပစ္စည်း

၂၅၃။ ပါ၊ ပေါ့၊ ဘဲ၊ ကွာ၊ ဟာ၊ ဟယ်၊ ဟ၊ ကွယ်၊ ကွယ့်၊ လား၊ နော်၊ လေ၊ ကော၊ ဗျား၊ ဗျာ့၊ ရှင်၊ ဘုရား-တို့သည် အဆုံးသတ်ကြိယာပုဒ်၏ နောက်၌ မှီတွယ်၍ အဓိပ္ပါယ်ကို လေးနက်စေသော ဝါကျအဆုံးသတ်ပစ္စည်းများ ဖြစ်၏။

၂၅၄။ ဝါကျအဆုံးသတ်ပစ္စည်းများပါသောအခါ အချို့ ကြိယာဝိဘတ်များသည် အသံနှင့် စာလုံးပေါင်း ပြောင်းလဲသွား၏ (ပြောင်းပုံကို ပုံစံတွင်ကြည့်ပါ)။ဤ ပစ္စည်းတို့ကို စကားပြောဝါကျ၌သာ အသုံးများ၏။

ပုံစံများ

(က) ကိုတင်သိရအောင် လာပြောတာပါ။
(ခ) အဲဒီစာအုပ်ဟာ ကျွန်တော်ရေးဒါပါ။
(ဂ) သူတို့လဲ ညနေ ပြန်မှာပါ။
(ဃ) သိချင်လို့ မေးတာပေါ့။
(င) ဥပုသ်နေ့ဆို ဆရာတို့ ဘုရားသွားမှာပေါ့။
(စ) ဟင်းမရှိရင်လဲ ဆိုင်သွားစားဒါပေါ့။
(ဆ) ဒါကြောင့် အမေ စိတ်ဆိုးတာဘဲ။
(ဇ) ကျွန်တော်တို့လဲ မနက် ပြန်မှာဘဲ။
(ဈ) မနက်က ထမင်းစားလို့ ကောင်းလိုက်တာကွာ။
(ည) နောက်တော့လဲ စိတ်ဆိုး ပြေသွားမှာပါကွာ။
(ဋ) လန့်လိုက်တာ ဟာ။
(ဌ) ဟိုကျရင် ဆရာကို တွေ့မှာပါဟဲ့။
(ဍ) ခဏနေ ပြန်ပေးမှာပါ ဟ (ဟယ်)။
(ဎ) တပည့်တို့ စကားမပြောကြနဲ့ကွယ်။
(ဏ) သူ့ကို အမေက သိပ်ချစ်တာ ကွ။
(တ) နက်ဖြန် စောစောလာကြ နော်။
(ထ) ဒီပန်းလေးဟာ သိပ်လှတာဘဲ နော်။

(ဒ) ပိုက်ဆံ အမကို ပေးလိုက်တယ်လေ။

(ဓ) တို့ မနက်ကျ လိုက်လာခဲ့မယ်လေ။

(န) ရဲတင်းကို မင့်းအကို ပြန်ယူသွားပါပြီ ကော။

(ပ) မြဝတီမဂ္ဂဇင်း ဆိုင်မှာ ရောင်းနေပါပကော။

(ဖ) ဒီကောင် အတော်ဆိုးတယ် ဗျာ။

(ဗ) ကျွန်တော်ရောက်တော့ သူတို့ မရှိတော့ဘူးဗျ။

(ဘ) ကျေးဇူးတင်ပါတယ် ရှင်။

(မ) ကျွန်မ အရာရှိကို ပြောလိုက်ပါတယ် ရှင်။

(ယ) သူတို့ မကြာခင် လက်ထပ်ကြတော့မှာ ကွဲ။

(ရ) ဘုရင်မင်းတရားကြီး သိတော်မူသည်ပင်။

(လ) နေ့ဆွမ်း တပည့်တော်တို့အိမ်မှာ ကပ်ပါတယ် ဘုရား။

(ဝ) အော် ချမ်းသာစွ ချမ်းသာစွ။

(သ) ရဟန်းအဖြစ်သည် ငြိမ်းချမ်းစွတကား။

(ဟ) ချင်ခင်ပေါင်းသင်း၊ ဆက်ဆံခြင်း၊ ကွေ့ကွင်း နောက်ဆုံးပါ တကား။

(ဠ) ငါတို့ တယောက်ကို တယောက် ကူညီကြစို့လား။

(အ) တွက်ပဒတ်ပင်သည် တံ့တေးမြို့၌သာ ရှိသတတ် (ရှိသတဲ့)။

(တဆင့်စကား ကြားခြင်းကို လေးနက်စေ၏။)

လုံးထပ်ကြိယာ ကြားဝင်ပစ္စည်းများ

၂၅၅။ လဲ၊ တော့၊ ရော၊ ကော၊ တောင်၊ မှ၊ ကို၊ မြဲ၊ သာ-တို့ကို လုံးထပ်ကြိယာနှစ်ခု၏ အကြား၌ ထား၍ ပြောနိုင်၊ ရေးနိုင်၏။

ပုံစံ

(က) မမြသည် ဝလဲဝ၏၊ လှလဲလှ၏။

(ခ) ဒေါ်တင်သည် သရက်သီးများကို စားလဲစား၏၊ လှူလဲလှူ၏။

(ဂ) ကျွန်တော် ရှာတော့ ရှာသည်၊ မတွေ့ချေ။

(ဃ) ဆရာက ပြတော့ပြ၏၊ ကျွန်တော် နားမလည်ပါ။

(င) မနက်က ကျောင်းကို သွားရော သွားရဲ့လား။

(စ) သားက အမေ့ကို ချစ်ကော ချစ်ကဲ့လား။

(ဆ) သူတို့ စာကျက်ပြီးလို့ အိပ်တောင် အိပ်သွားပြီ။

(ဇ) ကျွန်တော်က ပြန်တောင် ပြန်တော့မလို့။

(ဈ) သူ အိမ်မှာ ရှိမှ ရှိရဲ့လား။

(ည) မောင်လှ စာမေးပွဲ အောင်မှ အောင်ပါ့မလား။

(ဋ) ဒီကိစ္စ အမေ့ကိုတော့ ပြောကို ပြောရမယ်။
(ဌ) ဒီနှစ်တော့ မန္တလေးကို သွားကို သွားမှ ဖြစ်မယ်။
(ဍ) မောင်မောင်သည် အရက်ကိုသောက်မြဲ သောက်၏။
(ဎ) မလှသည် ကွမ်းကို စားမြဲ စား၏။
(ဏ) ညနေ လာသာလာပါ။
(တ) ဆရာ့ထံ သွားသာသွားပါ။

ဖြစ်ကြိယာမြုပ် ပစ္စည်းများ

၂၅၆။ (က) **တည်း**-ကို **သည်**-ဝိဘတ်နောက်တွင် စာပိုဒ်ပြီးဆုံးမှုနိဂုံး လေးနက်စေရန်အတွက် သုံး၏။ **သည်**-က **သ**-သို့ ရုံခါ ပြောင်း၏။

ပုံစံ

(၁) ရဟန်းတို့သည် တရားထူးကို ရကြလေသတည်း။
(၂) ချစ်သူနှစ်ဦးတို့ ပြန်လည်ပေါင်းဆုံကာ သာယာသောအိမ်ထောင်ကို တည်ဆောက်ကြလေသတည်း။

(ခ) **တည်း**-ကို နာမ်ပုဒ်နောက်တွင် ထား၍ ဝါကျတခုကို အဆုံးသတ်နိုင်၏။ အမှန်မှာ "ဖြစ်သည်တည်း" ဟူသော အသုံးမှ ဖြစ်သည် ကို မြုပ်သုံးခြင်း ဖြစ်၏။ (အချို့သဒ္ဒါ ဆရာက နာမ်ကြိယာဟု ခေါ်၏။)

(၁) ရာဟုလာ ယခု ကြွလာသော ဘုရားရှင်သည် သင်၏ ဘခင်တည်း။
(၂) ဤကား ဋီကာကျမ်းလာ အဓိပ္ပါယ်တည်း။

(ဂ) စကားပြောရာ၌ **တည်း** အစား ပါ၊ပေါ့ လေ တို့သည် "ဖြစ်သည်"ကြိယာအား မြုပ်ထားကြောင်း ပြနိုင်၏။

ပုံစံ

(၁) သူက ကျွန်တော်တို့ ဆရာပါ။
(၂) မမြက အမသူငယ်ချင်းလေ။
(၃) အဲဒီတုန်းက ဦးမြက ဥက္ကဋ္ဌပေါ့။

ကြိယာပြည့်

၂၅၇။ ဝိဘတ်၊ပစ္စည်းတို့နှင့် ပေါင်းစပ်၍ မိမိ၏ အနက်အဓိပ္ပါယ်ကို ပဓာနအားဖြင့်ဖော်ပြသော ကြိယာကို 'ကြိယာပြည့်"(ကြိယာ)ဟုခေါ်၏။ မိမိဖာသာ ကြိယာတလုံးအဖြစ်သီးခြား ရပ်တည်နိုင်သောကြောင့်"သီးခြားကြိယာ"ဟုလည်း ခေါ်ကြ၏။

ပုံစံ

သွားသည်၊ လာသည်၊ သောက်မည်၊
စားမည်၊ ပေးပါ၊ ယူလော့။

ကြိယာထောက်

၂၅၈။ ကြိယာပြည့်၊ သို့မဟုတ် သီးခြား ကြိယာတခု၏ နောက်၌ ဆက်တည်၍ ထိုကြိယာပြည့်၏ အဓိပ္ပါယ်ကို ကူညီ

ထောက်ပံ့သော ကြိယာကို **ကြိယာထောက်**ဟု ခေါ်၏။ အချို့ ကြိယာထောက်များသည် မူလက ကြိယာပုဒ်များဖြစ်ခဲ့သော်လည်း ကြိယာထောက်ဖြစ်သောအခါ ကြိယာပြည့်တွင် မှီကပ်နေ၍ ပစ္စည်းများဟု မှတ်ယူရလေသည်။ ကြိယာထောက်များမှာ—

လွယ်၊ လောက်၊ အား၊ ခိုင်း၊ ရဲ၊ ဝံ့၊ ထိုက်၊ သင့်၊အပ်၊ ကောင်း၊ ရ၊ နေ၊ တတ်၊ မိ၊ သွား၊ လာ၊ကြည့်၊ ချ၊ပေး၊ပြ၊ ထား၊ ဖြစ်၊ ချင်၊ နိုင်၊ စေ၊ ရက်၊ သာ၊ ပစ်၊ ခဲ၊ လှ၊ နှင့်၊ လိုက်၊ ဖူး၊ ရစ်၊ ပြန်၊ ကုန်၊ ခင်၊ အားကြီး၊ လွန်၊ ရော၊ သေး၊ အုံးတော့၊ တုံ၊ ပါ၊ စမ်း၊ လည့်၊ ရှာ၊ ပေ၊ လေ၊ ချော၊ နိုး(နိုးနိုး)၊ တော်မူ၊ ငြား၊ ခဲ့၊ စား၊ ပျော်၊ ရာ-တို့ ဖြစ်ကြလေသည်။

မှတ်ချက်။ ။အချို့သော ကြိယာထောက်များကို ကြိယာပြည့်၊ သို့မဟုတ် သီးခြားကြိယာ အဖြစ်လည်း သုံးနိုင်၏၊ ကြိယာတမျိုးတည်းပင် ဖြစ်စေကာမူ ကြိယာပြည့်အနေ သုံးစဉ် အဓိပ္ပါယ်တမျိုး ကြိယာထောက်အနေသုံးစဉ် အဓိပ္ပါယ်တမျိုး ဖြစ်နိုင်လေသည်။

ပုံစံ

(က) မောင်မောင်သည် အမေ့ထံမှ ငွေတဆယ် ရသည်။
(ခ) မောင်မောင်သည် မလှထံမှ ငွေတဆယ်ချေးရသည်။
(၁)(က) ဝါကျတွင် ရ-သည် လက်ဝယ်ရရှိခြင်းကို ပဓာနထား၍ ပြောသောကြိယာ ဖြစ်၏။

(၂)(ခ) ဝါကျတွင် ရ သည် မလုပ်မဖြစ် အကြပ်အတည်း ဖြစ်နေသည် ဟူသော အဓိပ္ပါယ်ဖြင့် **ချေး** ကြိယာကို ကူညီ ထောက်ပံ့သည်။

ပုံစံ

(က-က) မနေ့ညက သူခိုးတယောက် မိသည်။
(ခ-ခ) ကျွန်တော် သူခိုးကို ရိုက်မိ၏။

၂၅၉။ (က)ဝါကျ၌ **မိ**-သည် လက်ရ ဖမ်းဆီးမိသည် ဟူသော အဓိပ္ပါယ်ရှိသည့် ကြိယာပြည့် ဖြစ်သည်။ (ခ) ဝါကျ၌ **မိ**-သည် မတော်တဆ အမှတ်တမဲ့ ရိုက်လိုက်မိပါသည် ဟူသော အဓိပ္ပါယ်ဖြင့် **ရိုက်** ကြိယာကို ထောက်ပံ့ ကူညီလေသည်။

မှတ်ချက်။ ။အချို့ ကြိယာထောက်များကို ကြိယာပြည့် အနေ သုံးနိုင်သော်လည်း အသုံးပုံစံ မပြပါ။ ကြိယာထောက်အနေ သုံးပုံကိုသာ ပြပါမည်။

ကြိယာထောက်များ အဓိပ္ပါယ်နှင့်ရေးထုံး

လွယ်

၂၆၀။ ကြိယာ ဖြစ်ပေါ်မှုသည် ခက်ခဲမှု မရှိ၊ လွယ်ကူသည် ဟူသော အဓိပ္ပါယ်ဖြင့် ကူညီထောက်ပံ့လေသည်။
(က) မောင်မောင်သည် အိပ်ပျော်လွယ်သည်။
(ခ) ပုဇွန်သည် အသားထက်ပို၍ ကျက်လွယ်၏။

လောက်

၂၆၁။ ပြည့်စုံလုံလောက်ခြင်း အဓိပ္ပါယ်ဖြင့် သီးခြားကြိယာကို ကူညီထောက်ပံ့၏။

(က) သူ၏ ထမင်းချိုင့်သည် နှစ်ယောက် စားလောက်၏။
(ခ) ကျွန်တော်၏အိမ်သည် ၂-အိမ်ထောင်နေလောက်၏။

ခိုင်း

၂၆၂။ သူတပါးအား စေခိုင်းသည် ဟူသော အဓိပ္ပါယ်ဖြင့် ကူညီထောက်ပံ့၏။

(က) ဆရာက ကျောင်းသားများကို စာရေးခိုင်း၏။
(ခ) ဒေါ်လှက မောင်ခင်ကို ကျောင်းသွား ခိုင်း၏။

ရဲ=ဝံ့

၂၆၃။ သတ္တိရှိခြင်း, ဝံ့စားခြင်း အဓိပ္ပါယ် ရှိ၏။

(က) မလှသည် တယောက်တည်း၊အိပ်ရဲ၏၊ အိပ်ဝံ့၏။
(ခ) မောင်မောင်သည် ဆရာ့အား မမေးဝံ့ချေ။

ထိုက်=သင့်

၂၆၄။ လုပ်သင့် လုပ်ထိုက်သည်၊လုပ်လျှင် ကောင်းသည်ဟု ဆိုလို၏။

(က) လူမမာသည် အစာကို လျှော့စားသင့်၏။
(ခ) မိဘတို့အား ပြန်၍ မအော်ထိုက်ချေ။

အပ်

၂၆၅။ (က) လုပ်သင့်သည်,လုပ်ထိုက်သည်ဟု ဆိုလို၏။

(၁) မိဘတို့အား ကျေးဇူးတုံ့ပြန်အပ်၏။
(၂) ဆင်းရဲသူတို့အား ပေးကမ်းအပ်၏။

(ခ) စကားလုံးလှရုံ, ပဒပူရဏ အနေဖြင့်လည်း သုံး၏။

(၁) တင်ပြ အမိန့်နာခံအပ်ပါသည်။
(၂) ရှိသေစွာ လျှောက်ထားအပ်ပါသည်။

(ဂ) ကံပုဒ်ကို အထူးပြုသော ကြိယာနာမဝိသေသနပုဒ်ဘွင် တွဲ၍ သုံးသည်။ (ပါဠိ ကံဟော ပစ္စည်းအနက် ဖြစ်သည်။)

(၁) သိကြားမင်း ဖန်ဆင်းအပ်သော ကျောင်းဦးနေ၏။
(၂) သုဇာတာ လှူအပ်သော နို့ဆွမ်းကို သုံးဆောင်တော်မူ၏။

ကောင်း (စကောင်း)

၂၆၆။ လုပ်ဆောင်ရန် သင့်လျော်ကောင်းမွန်ခြင်းကို ပြ၏။

(က) သိမ်ထဲသို့ အမျိုးသမီးများ ဝင်ကောင်းပါသည်။
(ခ) မိဘတို့အား လိမ်ညာ၍ မပြောကောင်းပေ။
(ဂ) သူတပါး၏အလှူကို မဖျက်စကောင်းပေ။
(ဃ) အားငယ်နိမ့်ကျသူကို မနှိမ်စကောင်းပေ။

ရ

၂၆၇။ (က) အကြပ်အတည်း မလွဲမရှောင်သာမှုကို ပြ၏။

(၁) အမေတို့ မရှိ၍ ဆိုင်မှာ ထမင်းသွားစားရသည်။
(၂) ငွေမလွယ်၍ ဆွဲကြိုးကို ပေါင်လိုက်ရသည်။

(ခ) အခွင့်အလမ်း သာသည်ကို ပြ၏။
(၁) ပွဲကသည်ကို အိမ်ပေါ်က မြင်ရ၏။
(၂) ကလေးငိုသံကို ရေတွင်းမှ ကြားရ၏။

နေ

၂၆၈။ ကြိယာကို ပြုလုပ်နေဆဲ မပြီးသေးဟု ဆိုလို၏။
(က) သူတို့ စာကူးရေးနေသည်။
(ခ) အမေ ဘုရားရှိခိုးနေ၏။

တတ်

၂၆၉။ (က) ကျွမ်းကျင်လိမ္မာခြင်းကို ပြ၏။
(၁) ခွေးသည် ကြိုးတန်းလျှောက်တတ်၏။
(၂) မောင်လှသည် ကားမောင်းတတ်၏။
(ခ) အလေ့အကျင့်ကို ပြ၏။
(၁) ဦးလေးမြသည် စနေနေ့တိုင်း ဘုရားသွားတတ်၏၊ (သွားလေ့ရှိ၏)။
(၂) ဒေါ်မြသည် နံနက်ဖက် လမ်းလျှောက်တတ်၏၊ (လမ်းလျှောက်လေ့ရှိ၏)။
(ဂ) ဓမ္မတာသဘာဝကို ဖော်ပြ၏။
(၁) ရေမပြည့်သော အိုးသည် ဘောင်ဘင် ခတ်တတ်၏။
(၂) အိပ်ရေးပျက် ခံသွန်းလျှင် ခေါင်းကိုက်တတ်၏။

မိ

၂၇၀။ မပြုသင့်ဘဲ အမှတ်မထင် ပြုလုပ်မိခဲ့သည်ကို ပြ၏။
(က) အမှတ်မထင် ပြောမိပါသည်။
(ခ) မတော်တဆ တိုက်မိပါသည်။
(ဂ) ညအိပ်စဉ် ယောင်၍ ကန်မိပါသည်။
(ဃ) ကျွန်တော်သည်အဖေ့အား ပြစ်မှားမိပါသည်။

သွား

၂၇၁။ အခြေအနေတခုသို့ ရောက်သွားသည်ကို ပြ၏။
(က) ကလေးတို့သည် ပုံပြင်ကို နားထောင်ရင်း အိပ်ပျော်သွားလေ၏။
(ခ) နာရီသည် အလိုလို ရပ်သွား၏။

လာ

၂၇၂။ အခြေအနေ တခုသို့ ရောက်လာသည်ကို ပြ၏။
(က) ကျွန်တော် တဖြည်းဖြည်း အားရှိလာ၏။
(ခ) အမေသည် တနေ့တခြား ဝလာ၏။

ကြည့်

၂၇၃။ အစမ်းသဘော ပြုလုပ်သည်ကို ပြ၏။
(က) အဲဒီဘိနပ် တော်ပါသည်၊ စီးကြည့်ပါ။
(ခ) ကျွန်တော် ဆရာကို မေးကြည့်မည်။

ချ

၂၇၄။ အောက်သို့ ကျစေသည်ဟု ဆိုလို၏။

(က) ဆင်သည် သစ်တုံးကို ချောင်းထဲသို့ တွန်းချ၏။
(ခ) ဦးမြသည် နွယ်ကို သစ်ပင်ပေါ်မှ ဆွဲချ၏။
(ဂ) မလှသည် သရက်သီးများကို ရိုက်ချ၏။

ပေး

၂၇၅။ အကူအညီ ပေးသည်ဟု ဆိုလို၏။

(က) အမသည် အဖေ့ကို ထမင်း ထည့်ပေး၏။
(ခ) အဖေက မလှကို စာပြပေးသည်။
(ဂ) ဦးလှက ကျွန်တော်ကို အလုပ်သွင်းပေးသည်။

ပြ

၂၇၆။ ပြုလုပ်၊ ပြသ၊ မြင်စေ၊ ကြားစေ၊ သိစေ သည်ဟု ဆိုလို၏။

(က) မောင်မောင်က မလှကို သီချင်းဆိုပြ၏။
(ခ) မလှက မောင်မောင်ကို လက်ကပြ၏။
(ဂ) အိမ်သားများကိုသတိရကြောင်း ပြောပြပါ။

ထား

၂၇၇။ ကြိုတင် ပြုလုပ်ပြီး အသင့်ရှိသည်ကို ပြ၏။

(က) အမေသည် ဦးလေးတို့အတွက် ညစာချက်ထား၏။

(ခ) အမက အဖေ့အတွက် ထမင်းပွဲ ပြင်ထားသည်။
(ဂ) ကျွန်တော်က အမေ့ထံ စာကြိုရေးထား၏။

ဖြစ်

၂၇၈။ ထမြောက်၊ အောင်မြင် မှုကို ပြ၏။

(က) အမေတို့ ဘုရားဖူး သွားဖြစ်သည်။
(ခ) ကျွန်တော်သည် အသုံးချ အဘိဓမ္မာစာအုပ်ကို မရေးဖြစ်သေး။

ချင်

၂၇၉။ အလို ဆန္ဒ ဖြစ်သည်ကို ပြ၏။

(က) ကျွန်တော် ဆရာဝန် ဖြစ်ချင်သည်။
(ခ) အမေ ဘုရားသို့ သွားချင်သည်။

နိုင်

၂၈၀။ စွမ်းရည် သတ္တိ ရှိသည်ကို ပြ၏။

(က) မလှသည် ဆန်တတင်းကို ရွက်နိုင်၏။
(ခ) ကျွန်တော် စာအုပ်တအုပ်နှင့် တိုက်ဆောက်နိုင်၏။

စေ

၂၉၀။(က)ကိုယ်တိုင် မလုပ်၊တစုံတယောက်အား ပြုလုပ်စေသည်ဟု အဓိပ္ပါယ် ရ၏။

(၁) ဆရာသည် ကျောင်းသားများအား စာကျက်စေ၏။

(၂) အမေက အမအား ဈေးသို့ သွားစေသည်။
(ခ) ကြိယာတခု ဖြစ်ပေါ်အောင် ပြုလုပ်ခြင်းကိုပြ၏။
(၁) နေပူရှိန်သည် ခရီးသွားတို့အား မောပန်းစေ၏။
(၂) ရေတိသီးသည် ထမင်းကို မြိန်စေ၏။

ရက်

၂၉၁။ ထောက်ထား ကြင်နာမှုမရှိ၊ ရက်စက်သည်ဟု ဆိုလို၏။
(က) ဒုက္ခိတ အဖွားအိုး၏ပိုက်ဆံကို သူမို့ ယူရက်သည်။
(ခ) သူ့မှာဒုက္ခရောက်နေချိန် ကျွန်တော်ကြွေးစကား မပြောရက်ပါဘူး။

သာ

၂၉၂။ အခွင့်အရေး သာသည်ဟု ဆိုလိုသည်။
(က) ဒီနေ့ အင်္ဂလိပ်မေးခွန်း ဖြေသာပါသည်။
(ခ) သူ့ဖက်က မှန်နေသဖြင့် မပြောသာချေ။

ပစ်

၂၉၃။ ငဲ့ကွက် ထိန်းချုပ်ခြင်း မရှိဟု ဆိုလို၏။
(က) ကျွန်တော် စိတ်ဆိုး၍ ပြောပစ်သည်။
(ခ) မောင်လှသည် ဟင်းများကို အကုန် စားပစ်၏။

ခဲ

၂၉၄။ ခဲယဉ်းသည်၊မလွယ်ဘူးဟု ဆိုလို၏။
(က) ကျွန်တော်သည် ကုလားရုပ်ရှင်ကို ကြည့်ခဲ၏။
(ခ) အဖေသည် ကလေးများကို ရိုက်ခဲ၏။

လှ

၂၉၅။ ကြိယာ၏ လွန်ကဲမှုကို ပြ၏။
(က) မောင်ခင်သည် စာရေး မြန်လှ၏။
(ခ) မောင်မောင် တနေကုန် အိပ်လှချေလား။

နိုင်

၂၉၆။ အခြား ကြိယာတခု၏ အရင်လုပ်နိုင်သည်ဟု ဆိုလို၏။
(က) ဆရာတို့ ဘုရားကို သွားနိုင်၏။
(ခ) အမေတို့ ထမင်းစားနိုင်ပါ။

လိုက်

၂၉၇။ (က) ဖြစ်ပြီးကြိယာကို လေးနက်စေ၏။
(၁) ကျွန်တော် ဆရာကို မှာလိုက်တယ်။
(၂) မစားချင်ဘူးလို့ ပြောလိုက်တယ်။
(ခ) ငဲ့ကွက် ထိန်းချုပ်ခြင်း မရှိဟု ဆိုလိုသော အခါ"ပစ်"နှင့် တွဲသုံး၏။
(၁) စိတ်ဆိုးဆိုးနဲ့ ပြောပစ်လိုက်တယ်။
(၂) ဆာဆာနဲ့ မုန့်တွေ အကုန်စားပစ်လိုက်တယ်။

ဘူး(ဖူး)

၂၉၈။ ယခင်က ဖြစ်ပျက်ဘူးသည်ကို ပြ၏။
(က) ကျွန်တော် သူ့ကို အရင်က မြင်ဘူးပါသည်။
(ခ) သူ အင်္ဂလန်ကို ရောက်ဘူး(ဖူး)သလား။

နေရစ်

၁၉၉။ တစုံတခုကို လုပ်လျက် ကျန်ရစ်သည် ဟု ဆိုလို၏။

(က) ဆရာ ပြန်သွားသောအခါ ကျောင်းသားများ စာရေး နေရစ်သည်။

(ခ) မောင်မောင်သည် အိမ်မှာ စာဖတ်နေရစ်၏။

ပြန်

၂၀၀။ ကြိယာတခုကို တကြိမ် ထပ်လုပ်ပြန်သည်ဟု ဆိုလို၏။

(က) မနက်က ပြောပြီးသော်လည်း ညနေတွင်ထပ်၍ မေးပြန်သည်။

(ခ) ကျွန်တော်တို့ တခေါက် လာပြန်ပြီ။

လွန်း

၂၀၁။ လွန်ကဲသည်ဟု ဆိုလို၏။

(က) မောင်မောင်သည် ဒေါသကြီးလွန်း၏။

(ခ) မလှသည် စာကြိုးစားလွန်း၏။

ရော

၂၀၂။ လေးနက်စေ၏၊ အဆုံးသတ် ကြိယာဝိဘတ်မပါဘဲ ပြောလေ့ရှိ၏၊ လား ပေါ့ ပစ္စည်းများ ဆုံးတတ်၏။

(က) ဒီငွေ နှစ်ဆယ်နဲ့ ပြီးရောလား။

(ခ) နှစ်ဆယ် တော်ရောပေါ့။

(ဂ) ဒီလောက်ပြောရင် သိရောပေါ့။

သေး

၂၀၃။ (က)ဆက်လက်ဖြစ်နေ၊ ထပ်၍ ပြုလုပ်နေသည်ကိုပြ၏။

(၁) မောင်မောင် ရန်ကုန်မှာ ရှိသေးသည်။

(၂) ဆရာ ကျူရှင်ပြသေးသလား။

၂၀၄။ (ခ)ထည်း၊ ဘဲ၊ သာ-ဟူသော ပစ္စည်းများနှင့် တွဲ၍ ကြိယာကို လေးနက်စေသည်။

(၁) ဂဏန်းဘဲ တွက်ရသေးတယ်။

(၂) ငွေ ၁၀၀၀-ထဲ ပြန်ရသေးတယ်။

(၃) ဤသတင်းကို လူအချို့သာ သိသေးတယ်။

ဦး(အုံး)

၂၀၅။ အခြားတခု မလုပ်မီ ကြိယာတခုကို အရင်လုပ်မည်ကို ပြ၏။

(၁) ထမင်း စားဦးမည် ပြီးမှ လိုက်လာမည်။

(၂) ရေချိုးလိုက်ဦးမည် ပြီးမှ ထမင်းစားမည်။

(၃) လာခဲ့ပါဦး။ ပြန်ပါဦး။

(၄) လာခဲ့ဦးမည်။ ပြန်ပါဦးမည်။

တော့

၂၀၆။ (က) ခွင့်ပြုခြင်းကို ပြ၏။

(၁) မင်းတို့ ပြန်ကြတော့။

(၂) ကလေးတွေ အိပ်ချင် အိပ်ကြတော့ ။

၃၀၇။ (ခ) နီးကပ်လာသော အနာဂတ်ကာလကို ပြ၏။

(၁) ရထား ထွက်တော့မည်။

(၂) ရထား ဆိုက်တော့မည်။

မှတ်ချက်။ ။ကန့်သတ်နာမ်ထောက်ပစ္စည်းအဖြစ် သုံးပုံကို အပိုဒ် ၁၆၅-တွင် ပြန်ကြည့်ပါ။

စမ်း (ကြည့်စမ်း)

၃၀၈။ အစမ်းသဘော လုပ်ကြည့်မည်ဟု ဆိုလိုသည်။

(က) ပေးပါ၊ကျွန်တော် ဖွင့်ကြည့်စမ်းမယ်။

(ခ) ကျွန်တော် မောင်းကြည့်စမ်းမယ်။

၃၀၉။ အာဏာဖြင့် စေခိုင်းခြင်းကို ပြသည်။

(က) အဲဒီတံခါး ဖွင့်လိုက်စမ်း။

(ခ) ဒီစားပွဲ ဟိုဘက်ကို ရွှေ့စမ်း။

ရှာ

၃၁၀။ ကရုဏာသက်ခြင်းကို ပြ၏။

(က) ဦးဘ သေသွားရှာပြီ။

(ခ) အိမ် မီးလောင်သွား၍ တဲကလေးမှာ နေရရှာသည်။

ပေ

၃၁၁။ လေးနက်မှုအတွက် သုံးသည်။

(က) ရေးသားဖော်ပြလိုက်ရပေသည်။
(ခ) သင် ပြောသည့်အတိုင်း မှန်ပေ၏။

လေ

၃၁၁။ စကား ပြေပြစ်ချောမောရှိမှုကို ပြ၏။

(က) မြေခွေးသည် တောသို့ ဝင်သွားလေ၏။
(ခ) ကျောင်းသားများ အိမ်သို့ ပြန်ကြလေ၏။

ချေ

၃၁၂။ စကားကို ပြေပြစ်ချေမောစေ၏။

(က) သေခြင်းနောက်ဆုံး ရှိချေ၏။
(ခ) နှစ်သက်ကျေနပ်ဖွယ် ရှိချေ၏။

၃၁၃။ ပြောသူမှ ခွဲခွါခြင်းကို ပြ၏။ (စေခိုင်းဝါကျများ ဖြစ်၏။)

(က) အကိုကို သွားခေါ်ချေ။
(ခ) စာ သွားကျက်ချေ။

ပေး

၃၁၄။ ကူညီ လုပ်ဆောင်ပေးသည်ဟု ဆိုလို၏။

(က) အမသည် ကလေးတို့ကို ထမင်းခွံ့ပေး၏။
(ခ) မမြသည် မလှအား စာကူးပေး၏။

ဘိ

၃၁၅။ လေးနက် ပြေပြစ်ခြင်းကို ပြ၏။

(က) သင်သည် အဘယ့်ကြောင့် သူ့အား ရိုက်ဘိ သနည်း။

(ခ) မင်းကြီးသည် ဤစကားကို ဆိုဘိ၏။

လတ်

၃၁၆။ နောက်ကြိယာကို အခါဖြင့် အဓိပ္ပါယ်လေးနက်စေရာ၌ သုံး၏။ (သော်သမ္ဗန္ဓနှင့် အသုံးများ၏။)

(က) ဘုရားလောင်း မွေးဖွားပြီးလတ်သော် ကပိလဝတ်ပြည်သို့ သတင်းပို့စေ၏။

(ခ) မိုးစဲလတ်သော် ကျွန်ုပ်တို့ ပြန်လာခဲ့ကြ၏။

လို

၃၁၇။ အလိုဆန္ဒကို ပြ၏ (ချင်နှင့်တူ၏။)

(က) ငါသည် ဘုရားအဖြစ်ကို ရလို၏။

(ခ) မိဘတို့သည် သားသမီးတို့ ကြီးပွါးချမ်းသာသည်ကို မြင်လို၏။

လှည့်

၃၁၈။ ပြောဆိုသူထံသို့ လာရောက် ပြုလုပ်စေ၏။

(စေခိုင်းဝါကျ၌ အသုံးများ၏။ ချေ (ခ)အသုံးနှင့် ယှဉ်ကြည့်ပါ)။

(က) နက်ဖြန် တို့အိမ်မှာ ထမင်းလာစားလှည့်။

(ခ) ငါ့စာအုပ် ညနေ လာပို့လှည့်။

နိုး (နိုးနိုး)

၃၁၉။ စောင့်ဆိုင်း မြော်လင့်ခြင်းကို ပြ၏။

(က) အမေတို့ ရောက်နိုး ရောက်နိုးနှင့် စောင့်နေ၏။

(ခ) ကျွန်တော်လဲ လျှောက်လွှာတင်ပြီး ခေါ်နိုး ခေါ်နိုးနှင့် စောင့်နေ၏။

(ဂ) ဒေါ်မြသည် အိမ်မှ ဆင်းသွားသော သားကလေး ပြန်လာနိုးနိုး မြော်ကိုးစောင့်စားလျက် နေလေ၏။

တော်မူ

၃၂၀။ မြင့်မြတ်သော ပုဂ္ဂိုလ်တို့၏ လုပ်ဆောင်မှုကို လေးနက်စေ၏။

(က) မြတ်စွာဘုရားသည် ဓမ္မစကြာတရားကို ဟောကြားတော်မူ၏။

(ခ) မင်းကြီးသည် စစ်သူကြီးအား ဆုလာဘ်များစွာ ပေးတော်မူ၏။

ငြား

၃၂၁။ ကြိယာပုဒ်ကို လေးနက်စေ၏။

(က) အကယ်၍ သင်သည် ကြိုးစားငြားအံ့၊ ဂုဏ်ထူး ရနိုင်ပေ၏။

(ခ) သင်သည် မည်သည့်ဘာသာကိုကိုးကွယ်သနည်း ဟု မေးငြားအံ့၊ မည်သို့ ဖြေမည်နည်း။

(ဂ) အစွမ်းကုန် ကြိုးစားသော်ငြားလည်း ဂုဏ်ထူး မရချေ။

ခဲ့

၃၂၂။ ပြောဆိုသူထံသို့ ရွေးရှုယူဆောင်ရန် စေခိုင်းခြင်းကို ပြ၏။

(က) ငါ့တို့ ဈေးက ကောက်ညှင်းပေါင်း ဝယ်ခဲ့ပါ။
(ခ) စာအုပ်တွေ ဒီကို ယူခဲ့။

၃၂၃။ ကြိုတင်၍၊ နောက်ချိန်၍ ပြုလုပ်မည်ကို ပြ၏။ (အနာဂတ်ကြိယာနှင့် တွဲသုံး၏။)

(က) အမေ ဈေးမသွားခင် မုန့်ဘိုးပေးခဲ့မည်။
(ခ) ဆရာမပြန်ခင် လေ့ကျင့်ခန်းတွေ စစ်ခဲ့မည်။
(ဂ) သင်တို့ သွားနှင့်၊ ကျွန်ုပ် ညနေမှ လိုက်ခဲ့မည်။
(ဃ) ဒီသေတ္တာတွေ ထားခဲ့၊ ငါယူလာခဲ့မယ်။

စား

၃၂၄။ အထူး-ဟူသော အနက်အဓိပ္ပါယ်ဖြင့် လေးနက်စေ၏။

(က) ဦးဘသည် မောင်လှကို မွေးစား၏။
(ခ) မောင်မောင်သည် သူ့ဆရာကို စောင့်စား၏။ (ယုံစား၊ ကိုးစား၊ မြှောက်စား၊ တင်စား၊ ပေးစား)

ပျော်

၃၂၅။ ထိုက်တန်ခြင်း၊ သင့်လျော်ခြင်းကို ပြ၏။

(က) ဒီမုန့် တခု ဒိ ဆိုတော့ စားပျော်ပါတယ်။
(ခ) ဒီအိမ်ခန်း တလ ဂဝိ ဆို နေပျော်ပါတယ်။

ရာ

၃၂၆။ သင့်လျော် လျောက်ပတ်ခြင်းကို ပြ၏၊

(က) လျောက်ပတ်သော အခါ တရားကို နာရာ၏။
(ခ) ရဟန်း သာမဏေတို့အား ပေးလှူရာ၏။

ကြိယာဆိုင်ရာ လေ့ကျင့်ခန်း

(က) ကြိယာဟူသည် အဘယ်နည်း။
(ခ) ကြိယာသည်ဝါကျတွင် မည်သည့်နေရာ၌ရှိရသနည်း။
(ဂ) ကြိယာတခုတွင် ဝါစင်္ဂ မည်မျှ ပါဝင်နိုင်သနည်း၊ ပုံစံပေး၍ ဖြေပါ။
(ဃ) မည်သည့် ကြိယာမျိုးကို ဝိဘတ်မပါဘဲ ရေး၍ ရသနည်း၊ ပုံစံပြ ဖြေပါ။
(င) လုံးချင်းကြိယာ ၁၀-လုံးဖြင့် ဝါကျရေးပြပါ။
(စ) ပေါင်းစပ်ကြိယာ ၁၀-လုံးဖြင့် ဝါကျရေးပြပါ။
(ဆ) နာမ်ပေါင်း ကြိယာဖြင့် ဝါကျ ၅-ခု ရေးပြပါ။
(ဇ) ကာရန်ကွဲ အက္ခရာတူ ကြိယာပါသော ဝါကျ ၅-ခု ရေးပြပါ။
(ဈ) ကာရန်တူ အက္ခရာကွဲ ကြိယာပါသော ဝါကျ ၅-ခု ရေးပြပါ။
(ည) ရှေ့ပြေး ကြိယာပါသော ၁၀-ဝါကျ ရေးပြပါ။
(ဋ) ပစ္စုပ္ပန် ကြိယာဝိဘတ် များကို ဖော်ပြပါ၊ ၎င်းတို့ သုံးနိုင်သော နေရာများကို ပုံစံပေးဖြေပါ။
(ဌ) အနာဂတ် ကြိယာ ဝါကျ ၁၀-ခု ရေးပြပါ။

(ဍ) စေခိုင်း တောင်းပန် ဝိဘတ်တခုစီဖြင့် ဝါကျ တခုစီ ရေးပြပါ။

(ဎ) ကိန်းညွှန်းပစ္စည်းဟူသည် အဘယ်နည်း၊ပုံစံပြဖြေပါ။

(ဏ) ဝါကျတခုကို အမေးပုဒ်ပြောင်းရန် မည်သည့် ပစ္စည်းများ ထည့်ပေးရမည်နည်း။

(တ) အငြင်းပစ္စည်းများကို ဝါကျတွင် သုံးပြပါ။

(ထ) ကြိယာပုဒ်ရင်း ရှေ့နောက်တွင် ဆက်ပေးခြင်းဖြင့် ကြိယာနာမ် ဖြစ်စေသော ပစ္စည်းများကို ပုံစံတခုစီ ဖြင့်ဖြေပါ။

(ဒ) ကြိယာထောက် ၁၀-လုံးကို ဝါကျတွင်သုံး၍ ကြိယာ ထောက် တခုစီ၏ အဓိပ္ပါယ်ကို ဖော်ပြပါ။

(ဓ) အခြား ကြိယာထောက် ၁၀-လုံးဖြင့် ဝါကျစီခဲ့ပါ။

(န) မြန်မာဘာသာတွင် ကတ္တားနှင့် ကြိယာတို့သည် ကိန်းအားဖြင့် မညီလျှင် မှားပါသလား။

(ပ) ဝါကျအဆုံးသတ် ကြိယာပစ္စည်းများဖြင့် ဝါကျပုံစံ တခုစီ ရေးပြပါ။

(ဖ) လုံးထပ်ကြိယာ၊ ကြားဝင်ကြိယာ၊ ကြိယာ ထောက် ပစ္စည်းများ ပါဝင်သော ဝါကျ ၁၀-ခု ရေးပြပါ။

Myanmar Online Ebook Library

PDF CREATOR - NYEYADHAMMA@GMAIL.COM

ဝါစင်္ဂ-၇

ကြိယာဝိသေသန

၃၂၈။ ကြိယာကို ထူးခြားစေသော ပုဒ်ကို **ကြိယာ ဝိသေသန**ပုဒ်ဟု ခေါ်သည်။ ထိုကြိယာဝိသေသနပုဒ်များကို အများအားဖြင့် ကြိယာရှေ့တွင် အောက်ပါအတိုင်း ကပ်၍ ရေးပြောကြသည်—

ပုံစံ

(က) မောင်မောင်သည် ကျောင်းသို့ လျင်မြန်စွာသွား၏။
(ခ) မလှသည် စာကို ဖြည်းဖြည်းရေးသည်။
(ဂ) အရက်မူးသမားသည် ဒယိမ်းဒယိုင်လမ်းလျှောက်၏။
(ဃ) မြင့်မြင့်သည် အိပ်ရာမှ ကပိုကယို ထလာ၏။
(င) ကျွန်တော် သူ့ကို နဲနဲသိပါသည်။
(စ) ကိုလှသည် မမြကို အလွန်ချစ်ပါသည်။
(ဆ) ကျွန်တော် စကားအနည်းငယ် ပြောလိုပါသည်။
(ဇ) ပညာရှိသည် စကား များများမပြောချေ။
(ဈ) သူသည် မန္တလေးသို့ တခေါက် ရောက်ဘူးသည်။
(ည) ကျွန်တော် သူ့ကို သုံးကြိမ် မြင်ဘူး၏။
(ဋ) ကျွန်တော်သူ့ကို အကြိမ်ကြိမ်—အတန်တန်—အဖန်ဖန်—အခါခါ—သတိပေးခဲ့သည်။

ကြိယာဝိသေသန လေးမျိုး

၃၂၉။ ကြိယာဝိသေသနပုဒ်သည်—

(က) နည်းနာ ကြိယာဝိသေသန၊
(ခ) ပမာဏ ကြိယာဝိသေသန၊
(ဂ) ခွဲဝေ ကြိယာဝိသေသန၊
(ဃ) ပုစ္ဆာ ကြိယာဝိသေသန–
ဟု လေးမျိုး ရှိ၏။

နည်းနာကြိယာဝိသေသန

၃၃၀။ အလုပ်(ကြိယာ)တခုကို **မည်ကဲ့သို့၊ ဘယ်ပုံ၊ ဘယ်လို** လုပ်သည်ကို ဖော်ပြသော ပုဒ်ကို **နည်းနာကြိယာဝိသေသန** ဟု ခေါ်၏။

ပုံစံ

(က) ဒေါ်မြသည် ကျယ်လောင်စွာ စကားပြော၏။
(ခ) ဦးထွန်းသည် ရန်ကုန်သို့ အလျင်အမြန် ပြန်လာ၏။
(ဂ) မြမြသည် အိပ်ရာမှ ကပိုကယို ထလာ၏။
(ဃ) လူအပေါင်းတို့သည် မေ့မေ့လျော့လျော့ နေကြကုန်၏။
(င) မောင်လွင်သည် စာကို ကရော်ကမယ် ရေးသည်။
(စ) မောင်ထွန်းသည် မခကို မထိတထိ စ၏။
(ဆ) ဒေါ်လှသည် အလန့်တကြား အော်လေသည်။
(ဇ) မိုးသည် တဖြောက်ဖြောက်နှင့် ရွာနေ၏။
(ဈ) မနီသည် တရှုတ်ရှုတ်နှင့် ငိုနေသည်။

(နည်းနာကြိယာဝိသေသနပုဒ်များ ဖွဲ့စည်းပုံ ၁၇-မျိုးနှင့် ပုံစံအချို့ကို အပိုဒ် ၃၃၅-မှ ၃၅၃-အထိတွင် ပြထားသည်။)

ပမာဏကြိယာဝိသေသန

၃၃၁။ အလုပ်(ကြိယာ)တခုကို **ဘယ်နှစ်ကြိမ်၊ ဘယ်နှစ်ခါ၊ ဘယ်နှစ်ထပ်၊ ဘယ်လောက်** ပြုလုပ်သည်ကို ဖော်ပြသော ပုဒ်ကို **ပမာဏ ကြိယာဝိသေသန**ဟု ခေါ်၏။

ပုံစံ

(က) မမြသည် စာကို အလွန်ကြိုးစားနေလေသည်။
(ခ) ကျွန်မ သူ့ကို နဲနဲ သိပါသည်။
(ဂ) ဦးခွေးသည် အလွန် ချမ်းသာကြွယ်ဝသည်။
(ဃ) အဖေ အနည်းငယ် ဖျားနေ၏။
(င) ကျွန်ုပ်တို့ သူ့အတွက် များစွာ ဝမ်းနဲနေပါသည်။
(စ) ကျွန်တော် ဤမျှသာ (ဒီလောက်ဘဲ) ရေးနိုင်ပါသည်။
(ဆ) လူအချို့သည် ဝမ်းဝရုံမျှ အလုပ်လုပ်ကြ၏။
(ဇ) မောင်ချစ်သည် အောင်မှတ်ရရုံသာ စာကျက်၏။
(ဈ) သူ မန္တလေးကို တခေါက် ရောက်ဘူး၏။
(ည) ကျွန်တော် သူ့ကို တကြိမ် မြင်ဘူး၏။
(ဋ) သူသည် တနေ့ လဘက်ရည် ၃-ခါ သောက်၏။
(ဌ) မမြသည် ထမင်း တနေ့ သုံးထပ် စား၏။

ပမာဏကြိယာဝိသေသန အချို့

လုံးဝ၊ အလျှင်း၊ အကုန်၊ အကုန်အစင်၊ နည်းနည်း၊ နည်းနည်းပါးပါး၊ အနည်းငယ်၊ အနည်းအကျဉ်း၊ အမြွက်မျှ၊ အနည်းငယ်လောက်၊ များစွာ၊ များများ၊ အများအပြား၊ အမြောက်အမြား၊ အလွန်၊ အလွန်အမင်း၊ အင်မတန်၊ ရုံ၊ လောက်၊ ရုံမျှလောက်–

စသည်တို့သည် ပမာဏကြိယာဝိသေသနအချို့တို့ ဖြစ်၏။

ခွဲဝေကြိယာဝိသေသန

၃၃၂။ အလုပ် (ကြိယာ)တခုကို အညီအမျှ ခွဲဝေ လုပ်ဆောင်မှု ပြသောပုဒ်ကို **ခွဲဝေကြိယာဝိသေသန** ဟု ခေါ်၏။ အခြင်အတွယ်၊ အချိန်အတွယ်၊ အတိုင်းအတာပြ ပုဒ်များနောက်တွင် ကျ၊ စီ၊ ကျစီ ပစ္စည်းများ ဆက်ထားသော ပုဒ်များသည် ခွဲဝေကြိယာဝိသေသနပုဒ်များ ဖြစ်၏—

(က) လမ်းပြင်ရန် တအိမ် တဆယ်ကျ ပါဝင်လှူဒါန်းကြပါ။

(ခ) သကြားများကို တအိမ်ထောင်လျှင် ၅၀-ကျပ်သားစီ ရောင်း၏။

(ဂ) ကလေး ငါးယောက်တို့သည် ငွေ ၁ဝ-ကို နှစ်ကျပ်စီ ဝေယူကြ၏။

(ဃ) အမှုဆောင် နှစ်ဦးတို့သည် လိုငွေ တရာကို ငါးဆယ်စီ ထည့်ဝင်ကြ၏။

(င) ကလေး နှစ်ယောက်တို့သည် သရက်သီး ရှစ်လုံးကို ၄-လုံးကျစီ ခွဲယူကြ၏။

ပုစ္ဆာကြိယာဝိသေသန

၃၃၃။ **မည်သို့၊ မည်ကဲ့သို့၊ ဘယ်လို၊ ဘယ့်နှယ်၊ ဘယ်လောက်၊ မည်မျှလောက်၊ ဘယ်နှစ်ကြိမ်၊ ဘယ်နှစ်ခါ၊ ဘယ်လောက်စီ** လုပ်သနည်းဟု မေးသော ပုဒ်ကို **ပုစ္ဆာကြိယာဝိသေသန**-ဟု ခေါ်၏။

ပုံစံ

(က) မြမြသည် အိပ်ရာက မည်ကဲ့သို့ ထလာသနည်း။
(ခ) မြမြသည် အိပ်ရာက ဘယ်လို ထလာသနည်း။
(ဂ) မောင်လွင်သည် စာကို မည်ကဲ့သို့ ရေးသနည်း။
(ဃ) မောင်လွင်ဟာ စာကို ဘယ်လို ရေးသလဲ။
(င) မိုးသည် မည်သို့ ရွာနေသနည်း။
(စ) မိုးဟာ ဘယ်လို ရွာနေသလဲ။
(ဆ) စီစီသည် စာကို မည်သို့ ရေးသနည်း။
(ဇ) စီစီဟာ စာကို ဘယ်လို ရေးသလဲ။
(ဈ) မမြသည် စာ မည်မျှ ကြိုးစားသနည်း။
(ည) မမြဟာ စာ ဘယ်လောက် ကြိုးစားသလဲ။
(ဋ) သင်သည် သူ့ကို မည်မျှသိသနည်း။
(ဌ) သင်ဟာ သူ့ကို ဘယ်လောက် သိသလဲ။
(ဍ) ဦးခွေးသည် မည်မျှ ချမ်းသာသနည်း။
(ဎ) ဦးခွေးဟာ ဘယ်လောက် ချမ်းသာသလဲ။
(ဏ) သင် မန္တလေးကို ဘယ်နှစ်ကြိမ် ရောက်ဘူးသနည်း။
(တ) သင် မန္တလေးကို ဘယ်နှစ်ခါ (ခေါက်) ရောက်ဘူးသလဲ။
(ထ) သူသည် တနေ့ ဘယ်နှစ်ခါ လဘက်ရည်သောက်သနည်း။
(ဒ) သူတို့ အင်္ဂလန်ကို ဘယ်နှစ်ခါ ရောက်ဘူးသလဲ။
(ဓ) အလုပ်သမားများ ပိုက်ဆံ ဘယ်လောက်စီ ရသလဲ။

အင်္ဂလိပ်နှင့်မြန်မာ မတူပါ

၃၃၄။ ဆိုက်ရောက်ရာပုဒ်၊ ထွက်ခွါရာပုဒ်၊ တည်ရာပြပုဒ်၊ အချိန်ပြပုဒ်၊ အကြောင်းပြပုဒ်၊ အသုံးခံပုဒ်များကို ကြိယာဝိသေသနသဘောရှိသောပုဒ်များဟု မြန်မာသဒ္ဒါကျမ်းဟောင်းများတွင် ပြကြ၏။ ကတ္တား၊ ကံ၊ ကြိယာမှ တပါး ဝါကျတွင်းရှိပုဒ်၊ ပုဒ်စုအားလုံးကို ကြိယာဝိသေသနပုဒ်၊ ကြိယာဝိသေသနပုဒ်စုဟု ယူဆသော အင်္ဂလိပ်သဒ္ဒါကျမ်းများကို ပုံတူကူးထားခြင်းသာ ဖြစ်၏။ ဆိုက်ရောက်ရာပုဒ် စသည်တို့မှာ ဝါကျတွင် သူတို့၏လုပ်ငန်းအရ ဆိုင်ရာနာမည်များ ရရှိပြီးဖြစ်၍ ကြိယာဝိသေသနပုဒ်ဟု တပ်ခေါ်ရန် အကြောင်းမရှိပါ။ ထို့ကြောင့် မြန်မာဘာသာတွင် အထက်ပါ ၄-မျိုးကိုသာလျှင် ကြိယာဝိသေသနအဖြစ် မှတ်ယူကြရပါမည်။ အင်္ဂလိပ်သဒ္ဒါနှင့် မတူဟု မှတ်ပါ။ ပါဠိသဒ္ဒါကလည်း ၎င်းပုဒ်များကို ကြိယာဝိသေသနဟု မဆိုပါ၊ ကာရကပုဒ်များ ဟူ၍သာ ဆိုထားပါသည်။

နည်းနာကြိယာဝိသေသနပုဒ်များ ဖွဲ့စည်းပုံ

၃၃၅။ မြန်မာဘာသာသည် ကြိယာဝိသေသန ဖွဲ့စည်းပုံ စုံလင် များပြားသော ဘာသာ ဖြစ်၏။ နာမ်ပုဒ်၊ ကြိယာပုဒ်၊ ဂုဏ်ပုဒ်တို့တွင် ပစ္စည်းဆက်ကာ ကြိယာဝိသေသနကို ဖွဲ့ယူနိုင်သော ဘာသာ ဖြစ်၏။

၃၃၆။ ဂုဏ်ရည်ပြ ပုဒ်များ နောက်တွင် **စွာ**-ပစ္စည်းဆက်ပေးရသည်။

ကောင်းစွာ	မြန်စွာ
နှေးစွာ	မှန်စွာ

လွန်စွာ	သေသပ်စွာ
သပ်ယပ်စွာ	လေးကန်စွာ
လှပစွာ	လွတ်လပ်စွာ
ညီညွတ်စွာ	တိကျစွာ
သိပ်သည်းစွာ	တင့်တယ်စွာ
ရိုသေစွာ	ကြည်ဖြူစွာ
လေးနက်စွာ	ကောင်းမွန်စွာ
နက်နဲစွာ	ခက်ခဲစွာ

၃၃၇။ တန်ဘိုးမြှင့်လိုရာ၌ ဂုဏ်ရည်ပြပုဒ်များကို နှစ်သံထပ်ပြုလုပ်ပေးရသည်။

ကောင်းကောင်း	သေသေသပ်သပ်
မြန်မြန်	သပ်သပ်ယပ်ယပ်
နှေးနှေး	လေးလေးကန်ကန်
မှန်မှန်	လှလှပပ
လှလှ	လွတ်လွတ်လပ်လပ်
ပျင်းပျင်းရိရိ	သေသေချာချာ
ပေါ့ပေါ့ဆဆ	အေးအေးဆေးဆေး
လိမ်လိမ်မာမာ	ယုယုယယ
မိုက်မိုက်ကန်းကန်း	သာသာယာယာ
ညီညီညွတ်ညွတ်	တိတိကျကျ
သိပ်သိပ်သည်းသည်း	တင့်တင့်တယ်တယ်
နှံ့နှံ့စပ်စပ်	ရိုရိုသေသေ
ထိထိရောက်ရောက်	ကောင်းကောင်းမွန်မွန်
ကျစ်ကျစ်လစ်လစ်	ကြည်ကြည်ဖြူဖြူ

ပြတ်ပြတ်သားသား
ပြေပြေပြစ်ပြစ်
ပြာပြာယာယာ
ပျော့ပျော့ပျောင်းပျောင်း
လေးလေးနက်နက်
နက်နက်နဲနဲ
ချိုချိုသာသာ
သွဲ့သွဲ့နွဲ့နွဲ့

၃၃၈။ နှစ်သံရှိ ဂုဏ်ကြိယာများ ရှေ့နှင့်ကြားတွင် **အ**-ပစ္စည်း ထည့်ပေးရသည်။

(က) အညီအညွတ်
(ခ) အတိအကျ
(ဂ) အရိုအသေ
(ဃ) အလေးအနက်
(င) အလျင်အမြန်
(စ) အပြင်းအထန်
(ဆ) အသေအချာ
(ဇ) **အကောင်းအမွန်**

၃၃၉။ နှစ်သံရှိ ဂုဏ်ကြိယာပုဒ်များရှေ့တွင် **အ**၊ ကြားတွင် **တ**-ပစ္စည်း ဆက်ပေးရသည်။

(က) အမြတ်တနိုး
(ခ) အဆန်းတကြယ်
(ဂ) အဆောတလျင်
(ဃ) အသာတကြည်

၃၄၀။ နှစ်သံရှိ ဂုဏ်ကြိယာပုဒ်များ ရှေ့နှင့် ကြားတွင် **တ**-ပစ္စည်း ထည့်ပေးရသည်။

(က) တရိုတသေ
(ခ) တယုတယ
(ဂ) တယိမ်းတယိုင်
(ဃ) တညီတညွတ်
(င) တပင်တပန်း
(စ) **တခမ်းတနား**

၃၄၁။ နှစ်သံရှိကြိယာ ရှေ့နှင့် ကြားတွင် **က**-ပစ္စည်း ထည့်ပေးရသည်။

(က) ကန္တဲကလျ
(ခ) ကသီကရီ
(ဂ) ကပျက်ကချော်
(ဃ) ကတိမ်းကပါး
(င) ကတုန်ကရီ
(စ) ကသောကမြော
(ဆ) ကတိုက်ကရိုက်
(ဇ) ကမန်းကတန်း

၃၄၂။ နှစ်သံရှိ ကြိယာ ရှေ့နှင့် ကြားတွင် မ- ပစ္စည်း ထည့်ပေးရသည်။

(က) မဖွယ်မရာ
(ခ) မဆုတ်မနစ်
(ဂ) မတုန်မလှုပ်
(ဃ) မအိပ်မနေ
(င) မပြောမဆို
(စ) မထင်မရှား
(ဆ) မယိမ်းမယိုင်
(ဇ) မရိုမသေ
(ဈ) မညှာမတာ
(ည) မလေးမခန့်

၃၄၃။ တသံရှိကြိယာကို ၂-ထပ် ပြု၍ မ- နှင့် တ-ပစ္စည်း ထည့်ပေးရသည်။

(က) မဝတဝ
(ခ) မပွင့်တပွင့်
(ဂ) မကောင်းတကောင်း
(ဃ) မသိတသိ
(င) မကျက်တကျက်
(စ) မနူးတနူး

၃၄၄။ သံရှည် (ရှေ) ကြိယာကို အောက်မြစ်သံ ထည့်ပေးရသည်။

(က) မမှောင့်တမှောင်
(ခ) မသာ့တသာ (လ)
(ဂ) မလုံ့တလုံ
(ဃ) မဆာ့တဆာ (ထမင်း)
(င) မထင့်တထင်
(စ) မပေါ့်တပေါ်
(ဆ) မပြောင့်တပြောင်
(ဇ) မမြင့်တမြင်

၃၄၅။ တလုံးရှိဂုဏ်ကြိယာနှင့် အသံများ နောက်မှာ **ကနဲ** (ခနဲ) ပစ္စည်း ထည့်ပေးရသည်။

(က) လစ်ကနဲ
(ခ) ရိပ်ကနဲ
(ဂ) ဝင်းကနဲ
(ဃ) မြက်ကနဲ
(င) ဒိတ်ကနဲ
(စ) ဒေါက်ကနဲ
(ဆ) ဝုန်းကနဲ
(ဇ) ဒိုင်းကနဲ
(ဈ) ဆွေးကနဲ
(ည) ပူကနဲ
(ဋ) ချွတ်ကနဲ
(ဌ) ခွပ်ကနဲ
(ဍ) စွပ်ကနဲ
(ဎ) ဝေါကနဲ
(ဏ) ရှဲကနဲ
(တ) ဘူကနဲ

၃၄၆။ အသံပြ စာလုံးများကို နှစ်ဆပြု၍ ရှေ့က **တ**-ပစ္စည်း ထည့်ပေးရသည်။

(က) မိုးတွေက တဝုန်းဝုန်းရွာ။
(ခ) သေနတ်တွေက တဒိုင်းဒိုင်းပစ်၊
(ဂ) ခွေးက တဝုတ်ဝုတ်ဟောင်၊
(ဃ) သံချောင်းတွေက တဒေါင်ဒေါင်ခေါက်၊
(င) ကားသံတွေက တဂီဂီကြား၊
(စ) တံခါးကို တဒေါက်ဒေါက်ခေါက်။

၃၄၇။ တန်ဘိုးလျော့လိုရာ၌ ဂုဏ်ကြိယာပုဒ်နှင့် ကာရန်တူ **တ**-ပစ္စည်း နှစ်ခု ဆက် ထည့်ပေးရသည်။

(က) ပြုံးတုံးတုံး ကြည့်၏။
(ခ) ငေါ့တော့တော့ ပြော၏။
(ဂ) အောင့်တောင့်တောင့် နာ၏။

(ဃ) နန့်တန့်တန့် နေ၏။
(င) ပျံတံတံ သွား၏။
(စ) ပေါတောတော နေ၏။
(ဆ) ရှူးတူးတူး ဖြစ်၏။
(ဇ) ကြောင်တောင်တောင် ကြည့်၏။
(ဈ) ညုတုတု ပြောသည်။
(ည) ခယာတာတာ ချွဲသည်။
(ဋ) သရော်တော်တော် ပြောသည်။

၃၄၈။ ဂုဏ်ကြိယာနောက်တွင် ကာရန်တူ **တ**-ပစ္စည်း ထည့်၍ ရှေ့တွင် ထိုအက္ခရာနှစ်လုံးကို အိုးကာရန်ဖြင့် ဆက်ပေးရသည်။

(က) ဝါး = ဝိုးတိုးဝါးတား
(ခ) ရွ = ရိုးတိုးရွတ
(ဂ) မတ် = မိုးတိုးမတ်တပ်
(ဃ) ရှန့် = ရှိုးတိုးရှန့်တန့်
(င) ကြောင် = ကြိုးတိုးကြောင်တောင်
(စ) ရိပ် = ရိုးတိုးရိပ်တိပ်
(ဆ) ခု = ခိုးလိုးခုလု

၃၄၉။ တလုံး ကြိယာကို နှစ်ဆပြု၍ ရှေ့တွင် **ခပ်**-ပစ္စည်း ထည့်ပေးရသည်။

(က) ခပ်နာနာ ရိုက်၏။
(ခ) ခပ်တည်တည် ပြောသည်။
(ဂ) ခပ်မြန်မြန် လာပါ။

(ဃ) ခပ်မော့မော့ နေပါ။
(င) ခပ်ပြုံးပြုံး နေသည်။
(စ) ခပ်စောင်းစောင်း ထားပါ။
(ဆ) ခပ်ရှင်းရှင်း ရေးပါ။
(ဇ) ခပ်တိုတို ပြောပါ။
(ဈ) ခပ်တင်းတင်း ချည်သည်။
(ည) ခပ်ကင်းကင်း နေသည်။

၃၅၀။ အထွေထွေ ကာရန်တူ၊ကာရန်ကွဲ ပစ္စည်းများ ဆက်ပေးရ၏။

(က) ကန့် = ကန့်လန့်
(ခ) တွဲ = တွဲလဲ
(ဂ) တန်း = တန်းလန်း
(ဃ) မတ် = မတ်တတ်
(င) ကား = ကားရား
(စ) ကလေး = ကလေးကလား
(ဆ) ပလီ = ပလီပလာ
(ဇ) လျှပ် = လျှပ်တီးလျှပ်တပ်
(ဈ) ပေါ့ = ပေါ့တီးပေါ့ဆ
(ည) ကတ် = ကတ်သီးကတ်သတ်

၃၅၁။ နာမ်ပုဒ် တပုဒ်နောက်တွင် **လိုက်၊ အလိုက်** ပစ္စည်း ဆက်ပေးရသည်။ထပ်မံ ခွဲစိတ် ပြင်ဆင်ခြင်း မရှိဘဲ သူ့မူလ အတိုင်းဟု ဆိုလို၏။

ပုံစံ

(က) အတုံးလိုက် (ဇ) အုန်းအခိုင်လိုက်
(ခ) အတစ်လိုက် (ဈ) ပိတ်အုပ်လိုက်
(ဂ) အစိမ်းလိုက် (ည) လူမျိုးအလိုက်
(ဃ) ဆန်အိတ်လိုက် (ဋ) ပြည်နယ်အလိုက်
(င) ဆီပုံးလိုက် (ဌ) တိုင်းအလိုက်
(စ) နို့ဆီသေတ္တာလိုက် (ဍ) မြို့နယ်အလိုက်
(ဆ) ငှက်ပျောအခိုင်လိုက် (ဎ) ရပ်ကွက်အလိုက်

၃၅၂။ ကြိယာပုဒ်ရင်း၊ ဂုဏ်ပုဒ်ရင်းများ ရှေ့တွင် **အ-ပစ္စည်း** ထည့်၍ ကြိယာဝိသေသန ဖွဲ့စည်းနိုင်သည်။

ပုံစံ

(က) အလွန်ကောင်း၏။ (ဈ) အဝေး၏။
(ခ) အရမ်းပြော၏။ (ည) အပြီးဖတ်၏။
(ဂ) အကုန်ရှောင်၏။ (ဋ) အပိုင်ပေး၏။
(ဃ) အတော်နာ၏။ (ဌ) အရယူ၏။
(င) အမြဲငြင်း၏။ (ဍ) အလွတ်ကျက်၏။
(စ) အသာရိုက်၏ (ဎ) အပြတ်အသတ်ကွာ၏။
(ဆ) အတင်းခေါ်၏။ (ဏ) အပြေးအလွှားတက်၏။
(ဇ) အကြီးအကျယ်ဆူ၏။ (တ) **အပိုင်အဆိုင်ယူ၏။**

ဝါစင်္ဂများကို ပေါင်းယှဉ်ခြင်း

၃၅၃။ ရုံခါ ပုဒ်နှစ်မျိုး၊ သုံးမျိုးကို ပေါင်းစပ်ကာ ကြိယာဝိသေသန ဖွဲ့နိုင်၏။

ပုံစံ

(က)	လက်တွေ့	သင်သည်။
(ခ)	ဆီပြန်	ချက်၏။
(ဂ)	ဘေးတိုက်	ထိုင်၏။
(ဃ)	ပုတ်ပြတ်	ကြိတ်၏။
(င)	ပုဂ္ဂိုလ်စွဲ	တိုက်၏။
(စ)	အညောင်းပြေ	လမ်းလျှောက်၏။
(ဆ)	စိတ်ပါလက်ပါ	ပြော၏။
(ဇ)	အားရပါးရ	ရယ်၏။
(ဈ)	ဘယ်ပြန်ညာပြန်	ရိုက်၏။
(ည)	မျက်နှာချင်းဆိုင်	ဆောက်၏။
(ဋ)	ကရင်က	က၏။
(ဌ)	မိန်းမထိုင်	ထိုင်၏။
(ဍ)	ကြက်တူရွေးသင်	သင်၏။
(ဎ)	ခေါ်တောကြည့်	ကြည့်၏။
(ဏ)	အမှည့်ကြွေ	ကြွေ၏။
(တ)	အနုခွါ	ခွါ၏။

လေ့ကျင့်ခန်း

၃၅၄။ ဖြေပါ၊ မပြေက ပြန်လေ့လာပါ။

(က) မြန်မာစကားပြေ စာအုပ်မှ စာပိုဒ်တပိုဒ်ကို ကောက်နှုတ်၍ ၎င်းစာပိုဒ်ပါ ကြိယာဝိသေသနများကို ထုတ်နှုတ်ပြီး အမျိုးအစား ခွဲပြပါ။

(ခ) ဝါကျတခုတွင် ကြိယာဝိသေသနတို့ကို မည်သည့်နေရာတွင်ထား၍ ရေးရ၊ပြောရသနည်း။ ပုံစံ ၅-ခုဖြင့် ဖြေပါ။

(ဂ) နည်းနာကြိယာဝိသေသန ဖွဲ့စည်းပုံ ၁၇-မျိုးအနက် အပေါ် ၁၀-မျိုးထဲမှ ပုံစံတခုစီယူ၍ ဝါကျစီကုံးပြပါ။

(ဃ) ၎င်းဖွဲ့စည်းပုံ ၁၇-မျိုးအနက် နောက် ၇-မျိုးမှ ပုံစံ ၂-ခုကို ယူ၍ ဝါကျဖွဲ့ပြပါ။

(င) ပမာဏ ကြိယာဝိသေသန ၁၀-လုံးပါသော ဝါကျ ၁၀-ခုကို ရေးပြပါ။

(စ) ဤစာအုပ်တွင် ပြမထားသော ကြိယာဝိသေသန အလုံး ၂၀-ကို ရှာဖွေဖော်ပြပါ။

PDF CREATOR - NYEYADHAMMA@GMAIL.COM

ဝါစင်္ဂ-ဂ

သမ္ဗန္ဓ

အဓိပ္ပါယ်ဖွင့်ဆိုချက်

၃၅၅။ ပုဒ်နှစ်ခု၊ ဝါကျနှစ်ခုနှင့် အဓိပ္ပါယ် နှစ်ရပ်ကို ဆက်စပ်ပေးသော စကားအစိတ်အပိုင်းကို **သမ္ဗန္ဓ** ဟု ခေါ်၏။ သမ္ဗန္ဓများသည် ဝါကျတွင်း၌ သီးခြားမရပ်တည်နိုင်။ပုဒ်၊ဝါကျ တခုခု၏ နောက်တွင် ဆက်စပ်မှီခိုဘွယ်နေရသောကြောင့် အမှီ ဝါစင်္ဂမျိုးသာ ဖြစ်၏။

သမ္ဗန္ဓလေးမျိုး

၃၅၆။ သမ္ဗန္ဓသည် အောက်ပါအတိုင်း (၄) မျိုး ရှိသည်။

(က) ပုဒ်ဆက် သမ္ဗန္ဓ၊
(ခ) ဝါကျဆက် သမ္ဗန္ဓ၊
(ဂ) ပုဒ်ဝါကျဆက်သမ္ဗန္ဓ၊
(ဃ) အဓိပ္ပါယ်ဆက် သမ္ဗန္ဓ။

ပုဒ်ဆက်သမ္ဗန္ဓ (ဝါကျတို)

၃၅၇။ လုပ်ငန်းတူ ပုဒ် နှစ်ခု၊သုံးခုကို ဆက်စပ်ပေးသော သမ္ဗန္ဓကို ပုဒ်ဆက် သမ္ဗန္ဓဟု ခေါ်၏။ (ဆိုလိုသည်မှာ ကတ္တား ပုဒ် နှစ်ပုဒ်- သုံးပုဒ်၊ ကံပုဒ် နှစ်ပုဒ်- သုံးပုဒ်၊ နာမဝိသေသန၊ ကြိယာဝိသေသန၊ ကြိယာ နှစ်ပုဒ်-သုံးပုဒ် စသည်ကို ဆက်စပ်သော သမ္ဗန္ဓကို **ပုဒ်ဆက်သမ္ဗန္ဓ** ဟု ခေါ်သည်)။

ပုဒ်ဆက် သမ္ဗန္ဓဖြင့် ပုဒ်နှစ်ခုကို ဆက်၍ရေး၊ပြောသောအခါ ပုဒ်တခုတည်းကဲ့သို့ ဖြစ်သွားသောကြောင့် ပုဒ်ဆက်သမ္ဗန္ဓ ပါသော ဝါကျသည် ဝါကျတို တခုသာ ဖြစ်သည်။

ပုဒ်ဆက်သမ္ဗန္ဓ(၂)မျိုး

၃၅၈။ ပုဒ်ဆက်သမ္ဗန္ဓသည် လုံးချင်းသမ္ဗန္ဓနှင့် စုံတွဲသမ္ဗန္ဓ ဟု အောက်ပါအတိုင်း နှစ်မျိုးရှိသည်။

(က) လုံးချင်း သမ္ဗန္ဓများမှာ နှင့်၊ သို့မဟုတ်၊ မှတပါး၊ ကလဲ့လို့၊ က လဲ့ရင်-တို့ ဖြစ်၍
(ခ) စုံတွဲသမ္ဗန္ဓများမှာ ဖြစ်စေ-ဖြစ်စေ၊ ဖြစ်ဖြစ်-ဖြစ်ဖြစ်၊ သော်၎င်း-သော်၎င်း၊ လည်း-လည်း (ကြိယာကိုသာ ဆက်)၊ ရော-ရော၊ ရော-ပါ တို့ ဖြစ်ကြသည်။

(က) လုံးချင်းသမ္ဗန္ဓဆက်ပုံ

၃၅၉။ လုံးချင်းသမ္ဗန္ဓများကို ပုဒ်တုနှစ်ခု၏ ကြားတွင်၊ သို့မဟုတ် ရှေ့ပုဒ်၏နောက်တွင် ထား၍ ဆက်ရ၏။ ရှေ့ပုဒ်၏ အဆုံးဝိဘတ်သည် အများအားဖြင့် ကျေပျောက်သွား၏။

နှင့် (ပေါင်းဆည်းခြင်း)

(၃၆၀) နှင့် သမ္ဗန္ဓသည် ပေါင်းဆည်းခြင်း အဓိပ္ပါယ်ကို ပြ၏။

ပုံစံ

(က) ကြည်ကြည်နှင့် စိစိသည် ကျောင်းသို့ သွား၏။
(ခ) ခင်မောင်လွင်သည် စာအုပ်နှင့် ခဲတံကို ဝယ်ခဲ့၏။
(ဂ) လှလှသည် အိမ်နှင့် ကျောင်းမှာ စာကျက်၏။
(ဃ) မြမြသည် ရုံးနှင့် ဈေးသို့ ရောက်ခဲ့၏။
(င) လှိုင်လှိုင်သည် မြန်မြန်နှင့် လှလှ စာရေး၏။

PDF CREATOR - NYEYADHAMMA@GMAIL.COM

သို့မဟုတ်(ရွေးချယ်ခြင်း)

(၃၆၁) သို့မဟုတ် သမ္ဗန္ဓသည် ရွေးချယ်ခြင်း အဓိပ္ပါယ်ကို ပြ၏။

ပုံစံ

(က) ကြည်ကြည်၊သို့မဟုတ်စီစီသည် ကျောင်းသို့သွား၏။
(ခ) ခင်မောင်လွင်သည် စာအုပ်၊ သို့မဟုတ် ခဲတံကို ဝယ်လိမ့်မည်။
(ဂ) လှလှသည် အိမ်၊သို့မဟုတ်ကျောင်းမှာ စာကျက်၏။
(ဃ) မြမြသည် ရုံး၊သို့မဟုတ် ဈေးသို့ ရောက်ခဲ့၏။
(င) လှိုင်လှိုင်သည် မြန်မြန်၊ သို့မဟုတ် လှလှ စာရေး၏။

(ခ) စုံတွဲသမ္ဗန္ဓ ဆက်ပုံ

၃၆၂။ စုံတွဲ သမ္ဗန္ဓများသည် ကတ္တားပုဒ် အချင်းချင်း၊ ကံပုဒ် အချင်းချင်း စသော ပုဒ်တူ နှစ်မျိုးကိုသာ ဆက်၏။ ဆက်သောအခါ ရှေ့ပုဒ်နောက်မှာ တလုံးနှင့် နောက်ပုဒ်နောက်မှာ တလုံး ထား၍ ဆက်ရသည်။ ပုဒ်နှစ်ခုတို့၏ အဆုံး နာမ်ဝိဘတ်များ မကျေ၊ နာမဝိသေသန ပစ္စည်းနှင့် ကြိယာဝိဘတ်တို့သာ ကျေပျောက်သွားရသည်။

(က) (၁) ရော....ရော) ပေါင်းစည်းခြင်း အဓိပ္ပါယ်ရှိ
(၂) ရော....ပါ) 'နှင့်'နှင့် အဓိပ္ပါယ်တူ၊

ပုံစံ

(ခ) (၁) ကြည်ကြည်ရော စီစီရော ကျောင်းသို့ သွား၏။
(၂) ကြည်ကြည်ရော စီစီပါ ကျောင်းသို့ သွား၏။
(ဂ) (၁) ခင်မောင်လွင်သည် စာအုပ်ရော ခဲတံရော ဝယ်ခဲ့၏။

(၂) ခင်မောင်လွင်သည် စာအုပ်ရော ခဲတံပါ ဝယ်ခဲ့၏။
(ဃ) (၁) လှလှသည် အိမ်မှာရော ကျောင်းမှာရော စာကျက်၏။
(၂) လှလှသည် အိမ်မှာရော ကျောင်းမှာပါ စာကျက်၏။
(င) (၁) မြမြသည် ရုံးသို့ရော ဈေးသို့ရော ရောက်ခဲ့၏။
(၂) မြမြသည် ရုံးသို့ရော ဈေးသို့ပါ ရောက်ခဲ့၏။

လည်း...လည်း (ပေါင်းဆည်းခြင်းအဓိပ္ပါယ်)

၃၆၃။ နာမဝိသေသန၊ကြိယာဝိသေသန၊ ကြိယာ ပုဒ်ချင်း အောက်ပါအတိုင်း ဆက်ရသည်။

ပုံစံ

(က) မောင်မောင်သည် ပိန်လည်းပိန် အရပ်လည်းမြင့်၏။
(မောင်မောင်ဟာ ပိန်လဲပိန် အရပ်လဲ မြင့်တယ်)
(ခ) မောင်မောင်သည် ပိန်လည်းပိန် အရပ်လည်းမြင့်သော လူကလေးဖြစ်၏။
(မောင်မောင်ဟာ ပိန်လဲပိန် အရပ်လဲမြင့်တဲ့ လူကလေး ဖြစ်တယ်)
(ဂ) မြင့်မြင့်သည် စာအုပ်ကို ဝယ်လည်း ဝယ်၏၊ ရောင်းလည်း ရောင်း၏။
(မြင့်မြင့်ဟာ စာအုပ်ကို ဝယ်လဲ ဝယ်တယ်၊ရောင်းလဲ ရောင်းတယ်)

(ဃ) မောင်လှသည် စာကို မြန်လည်း မြန်မြန် လှလည်း လှလှ ရေး၏။

(မောင်လှဟာ စာကို မြန်လဲမြန်မြန် လှလဲလှလှ ရေးတယ်)

ရွေးချယ်ခြင်းအဓိပ္ပါယ်

(၁) ဖြစ်စေ.... ဖြစ်စေ
(၂) ဖြစ်ဖြစ်.... ဖြစ်ဖြစ်
(၃) သော်ငြား... သော်ငြား

} (သို့မဟုတ်နှင့် **အတူတူ** ဖြစ်သည်။)

(က) (၁) ကြည်ကြည် ဖြစ်စေ၊ စီစီဖြစ်စေ ကျောင်းသို့ သွားရမည်။

(၂) ကြည်ကြည် ဖြစ်ဖြစ်၊စီစီ ဖြစ်ဖြစ် ကျောင်းသို့ သွားရမည်။

(၃) ကြည်ကြည်သော်ငြား၊စီစီသော်ငြား ကျောင်း သို့ သွားရမည်။

(ခ) ခင်မောင်လွင်သည် စာအုပ်ကို ဖြစ်စေ၊ ခဲတံကို ဖြစ်စေ ဝယ်ခဲ့ရမည်။

(ဂ) လှလှသည် အိမ်မှာ ဖြစ်စေ၊ ကျောင်းမှာ ဖြစ်စေ စာကျက်၏။

(ဃ) မြမြသည် ရုံးသို့ ဖြစ်စေ၊ ဈေးသို့ဖြစ်စေ ရောက်ခဲ့ ရမည်။

(င) လှိုင်လှိုင်သည် စာကို မြန်မြန်ဖြစ်စေ၊ လှလှဖြစ်စေ ရေးမည်။

အနည်းကို ချန်ခြင်း

(၁) မှတပါး-....အားလုံး
(၂) ကလွဲလို့....အားလုံး
(၃) ကလွဲရင်....အားလုံး

} ထုတ်ဖော် ဝါကျမှာ သုံးသည်။

(က) မောင်မြင့်မှ တပါး ကျောင်းသားအားလုံး စာမေးပွဲ အောင်ကြသည်။

(မောင်မြင့်ကလွဲလို့ ကျောင်းသား အားလုံး စာ မေးပွဲ အောင်တယ်)

(မောင်မြင့်က လွဲရင် ကျောင်းသား အားလုံး စာ မေးပွဲ အောင်တယ်)

(ခ) မရီသည် အမဲသားမှ တပါး အသားအားလုံးကို စားသည်။

(ဂ) ဘိုးခွေးသည် ဘိုးအေးနှင့်မှတပါး လူအားလုံးနှင့် သင့်မြတ်သည်။

အများကို ကန့်ထား၍

(၁) မှတပါး-....ဘာမျှ
(၂) ကလွဲလို့... ဘယ်သူမျှ
(၃) ကလွဲရင်....ဘာမျှ

} အငြင်းဝါကျတွင် သုံးသည်။

(က) မောင်မြင့်မှတပါး ဘယ်ကျောင်းသားမှ စာမေးပွဲ မအောင်ချေ။

(ခ) မငြိသည် အမဲသား မှတပါး ဘာအသားကိုမျှ မစား ချေ။

(ဂ) ဖိုးခွေးသည် ဖိုးအေးနှင့်မှတပါး ဘယ်သူနှင့်မျှ မသင့်မြတ်ချေ။

(ဃ) မလှသည် အိမ်မှာကလွဲလို့ ဘယ်မှာမှ ထမင်းမစားချေ။

(င) ကိုထွန်းသည် အရာရှိက လွဲလျှင် ဘယ်သူ့ကိုမှ ဂရုမစိုက်ချေ။

(၄) အဓိပ္ပါယ်ဆက်သမ္ဗန္ဓများ (ဝါကျတို့)

၃၆၄။ (က) အချို့ သမ္ဗန္ဓများသည် ဝါကျ နှစ်ခုကို တိုက်ရိုက်မဆက်ပေ။ ဝါကျတခုကို အဆုံးသတ်ပြီးမှ ထိုဝါကျတခုလုံးအစား ထို **သည်** ဒါ အဲဒါ ဟူသော နာမ်စားပုဒ်များကို သုံးပြီး ထိုနာမ်စားများနောက်ဘွင်မှ သမ္ဗန္ဓဖြင့် ဆက်၍ သုံးကြသည်။ အဓိပ္ပါယ်အားဖြင့် ဆက်နေသော်လည်း ဝါကျချင်း မဆက်သောကြောင့် ဝါကျရှည်ဟု မခေါ်နိုင်ပေ။

(ခ) ဝါကျချင်း မဆက်သော်လည်း အညွှန်းနာမ်စားနှင့် သမ္ဗန္ဓများ ပေါင်းထားကြောင်း ထင်ရှားစေရန်နှင့် ဝါကျရှည်ပြောင်းရေးလိုက ရေးနိုင်စေရန် ဝါကျရှည်များနှင့် ယှဉ်တွဲဖော်ပြလိုက်ပါသည်။

ပုံစံ

(၁) မောင်လှသည် စာကြိုးစား၏။ ထို့ကြောင့် ဂုဏ်ထူးငါးခု ရလေသည်။
(မောင်လှသည် စာကြိုးစားသောကြောင့် ဂုဏ်ထူးငါးခု ရလေသည်)

(၂) အမှုဆောင်အားလုံး ရောက်လာ၏။ ထိုအခါ သူတို့အစည်းအဝေး ကျင်းပလေသည်။
(အမှုဆောင်အားလုံး ရောက်သောအခါ အစည်းအဝေး ကျင်းပလေသည်)

(၃) တသောင်းသောသူတို့ သရဏဂုံ တည်ကြသတည်း။ ထိုအခါ ဗိမ္ဗိသာရမင်းကြီးသည် ဤသို့ နားတော်လျှောက်၏။
(တသောင်းသောသူတို့ သရဏဂုံ တည်ကုန်သောအခါ ဗိမ္ဗိသာရမင်းကြီးသည် ဤသို့ နားတော်လျှောက်၏။)

(၄) ဦးမြသည် နံနက် ၅-နာရီတွင် ဘုရားရှိခိုး၏။ ထို့နောက် လမ်းလျှောက်ထွက်လေသည်။
(ဦးမြသည် နံနက် ၅-နာရီတွင် ဘုရားရှိခိုးပြီး**နောက်**/ရှိခိုးပြီးမှ/ရှိခိုးပြီး**တော့**လမ်းလျှောက်ထွက်လေ၏။

(၅) ကျွန်တော်တို့သည် မန္တလေးမှာ သုံးရက် ဘုရားဖူး၏။ ထို့နောက် ပုဂံသို့ သွားခဲ့လေသည်။
(ကျွန်တော်တို့သည် မန္တလေးမှာ သုံးရက် ဘုရားဖူးပြီးနောက် ပုဂံသို့ သွားခဲ့လေသည်။)

(၆) ကျွန်ုပ်တို့သည် စောင်းတန်း တခန်း လှူဒါန်းခဲ့သည်။ ထို့ပြင် သံဃာ ၁၀၀-ကိုလည်း ဆွမ်းကျွေးခဲ့ပါသည်။

(ကျွန်ုပ်တို့သည် စောင်းတန်းတခန်း လှျုဒါန်းခဲ့သည့်ပြင်/လှျုဒါန်းရုံသာ**မက**/လှျုဒါန်းရုံတင်**မက** သံဃာ ၁၀၀-ကို**လည်း** ဆွမ်းကျွေးခဲ့လေသည်။)

(၇) မောင်လှကလဲ နေမကောင်းဘူး။ **ဒီလိုဆိုရင်/ထိုသို့ဖြစ်လျှင်** မောင်ထွန်းကို ကျွန်တော် ခေါ်သွားမည်။
(မောင်လှ နေမကောင်း**လျှင်** မောင်ထွန်းကို ကျွန်တော် ခေါ်သွားမည်။)

(၈) အမတို့ဆီကို ကြေးနန်းရိုက်လိုက်။ **သို့မဟုတ်/ဒါမှမဟုတ်** စာတိုက်က ဖုန်းဆက်လိုက်။

(အမေတို့ဆီသို့ ကြေးနန်းမရိုက်လိုသော် ဖုံးဆက်ပါ။)

(၉) ပစ္စည်းဘဲ အစားပေးပါ။ **သို့မဟုတ်** တန်ဘိုးငွေဘဲ လျော်ပါ။

(ပစ္စည်း အစားမပေး**ချင်လျှင်**/မပေးနိုင်**လျှင်** တန်ဘိုးငွေ လျော်ပါ။)

(တန်ဘိုး မလျော်နိုင်**ရင်**/**ချင်ရင်** ပစ္စည်း အစားပေးပါ)

(တန်ဘိုးလျော်ချင်လျော်၊မလျော်ချင်လျှင် **ပစ္စည်း** အစားပေးပါ)။

(၁၀) မောင်မောင်သည် ကြိုးစား၏။ **သို့ရာတွင်/သို့သော်လည်း** ဂုဏ်ထူး မရချေ။
(မောင်မောင်သည် ကြိုးစား**သော်လည်း** ဂုဏ်ထူး မရပေ။)

(၁၁) ကျွန်တော် ကိုယ်တိုင် မလာနိုင်ပါ။ **သို့ပါ၍/သို့ဖြစ်ပါသောကြောင့်** ဤစာကို ရေးလိုက်ရပါသည်။
(ကျွန်တော်ကိုယ်တိုင် မလာနိုင်**သောကြောင့်** ဤစာကို ရေးလိုက်ရပါသည်။)

အစိပ္ပါယ်ချင်းဆက်သော်လည်း ဝါကျတိုသာ

၃၆၅။ အထက်ပါ အဓိပ္ပါယ်ဆက် သမ္ဗန္ဓများနှင့် အဓိပ္ပါယ်တူ (So, but) စသည်တို့ကို အင်္ဂလိပ်သဒ္ဒါကျမ်းများတွင် သမ္ဗန္ဓဟု ပြ၏။ အင်္ဂလိပ်သဒ္ဒါတွင် သမ္ဗန္ဓသည် ဝါကျထဲ၌ သီးခြားရပ်တည်နိုင်သော သီးခြားပုဒ်တခု ဖြစ်၏။ သို့ရာတွင် မြန်မာဘာသာ၌ သမ္ဗန္ဓသည် ဝါကျတွင်း၌ သီးခြားမရပ်တည်နိုင်။ ပုဒ်တခုကို မှီတွယ်၍သာ ရပ်တည်ရ၏။ အထက် အဓိပ္ပါယ်ဆက် သမ္ဗန္ဓများရှေ့ရှိ ဝါကျသည် အဆုံးသတ်ကြိယာ တခုပါသော သီးခြားဝါကျတိုတခုသာ ဖြစ်၏။ရေးသောအခါလည်း နှစ်ချောင်းပိုဒ် ပုဒ်မကြီးခံ၍ ရေးရ၏။ ထိုသို့ ပုဒ်မကြီး ပါနေသဖြင့် **သို့ရာတွင်**၊ **သို့သော်လည်း**၊ **ထို့ကြောင့်**၊ **ထို့နောက်**၊ **ထိုအခါ**၊ **ထို့ပြင်** စသော အဓိပ္ပါယ်ဆက် သမ္ဗန္ဓများသည် ရှေ့ဝါကျရှေ့ကြိယာနှင့် လုံးဝမဆက်ကြောင်း ထင်ရှား၏။ ရှေ့ပုဒ်အဆုံး၌ မဆက်လျှင် ၎င်းတို့သည် သီးခြား ရပ်တည်နေကြကြောင်း ထင်ရှား၏။ ထိုသို့ သီးခြား ရပ်တည်နေသောကြောင့် သမ္ဗန္ဓ

အစစ်များမဟုတ်ဟု အခိုင်အမာ ဆိုနိုင်ခြင်း ဖြစ်၏။ အမှန်အားဖြင့် ရှေ့ဝါကျတခုကို ယတိပြတ်ပြောပြီးမှ ထိုရှေ့ဝါကျနှင့် နောက်ဝါကျကို အဓိပ္ပါယ်ဆက်စပ် ပြောလို၊ရေးလို၍ ရှေ့ဝါကျ တခုလုံး၏ အဓိပ္ပါယ်ကို **ထို၊ ဒီ၊ ဒါ၊ အဲဒါ** ဟူသော အညွှန်း နာမ်စားပုဒ်များဖြင့် ညွှန်ပြပြီးမှ ထိုနာမ်စားများနောက်တွင် သမ္ဗန္ဓများကို ဆက်ကာ ရေးကြ၊ ပြောကြခြင်း ဖြစ်၏။ **ထို၊ ဒီ၊ အဲဒီ** တို့သည် ရှေ့ဝါကျ၏ အဓိပ္ပါယ်ကို ပြန်ညွှန်းကြောင်းနှင့် ထိုနာမ်စားများနောက်ရှိ **သော်လည်း၊ ကြောင့်၊ နောက်၊ အခါ၊ ပြင်** တို့သာ သမ္ဗန္ဓများ ဖြစ်ကြောင်းကို ၎င်းတို့နှင့် ယှဉ်တွဲ ဖော်ပြထားသောဝါကျရှည်များက အခိုင်အမာသက်သေခံလျက် ရှိပါသည်။

၃၆၆။ ထိုသို့ နာမ်စားပုဒ်ကို သုံးပြီး အဓိပ္ပါယ်အားဖြင့် ဆက်စပ်ထားစေကာမူ ဝါကျ ဖွဲ့စည်းပုံအရ အဆက်အစပ်မရှိသောကြောင့် ထိုအဓိပ္ပါယ်ဆက်သမ္ဗန္ဓများပါသော ဝါကျများကို ဝါကျတိုများ ဟူ၍သာ မှတ်ရပါမည်။

ဝါကျဆက်သမ္ဗန္ဓ

၃၆၇။ ဝါကျတို နှစ်ခု၊ သုံးခုကို ဝါကျရှည်တခုဖြစ်အောင် ဆက်ပေးသောသမ္ဗန္ဓကို**ဝါကျဆက်သမ္ဗန္ဓ**ဟု ခေါ်၏။ဝါကျဆက် သမ္ဗန္ဓသည် ဝါကျကိုလည်း ဆက်၏၊ အဓိပ္ပါယ်ကိုလည်း ဆက်၏။

ဝါကျဆက် သမ္ဗန္ဓ (၉) မျိုး

၃၆၈။ ဝါကျဆက် သမ္ဗန္ဓများသည် အောက်ပါအတိုင်း ၉-မျိုး ရှိသည်—

(က) အကြောင်းပြသမ္ဗန္ဓ၊
(ခ) အချိန်ပြသမ္ဗန္ဓ၊
(ဂ) ဆန့်ကျင်ဘက်သမ္ဗန္ဓ၊
(ဃ) စည်းကမ်းသတ်သမ္ဗန္ဓ၊
(င) အကျိုးမြှော်သမ္ဗန္ဓ၊
(စ) အနှိုင်းသမ္ဗန္ဓ၊
(ဆ) အပြိုင်သမ္ဗန္ဓ၊
(ဇ) ပမာဏသမ္ဗန္ဓ၊
(ဈ) အထွေထွေသမ္ဗန္ဓ၊

မှတ်ချက်။ ၎င်းကိုးမျိုး၌ ပါသော သမ္ဗန္ဓများနှင့် ဝါကျပုံစံများကို ဝါကျရှည် အခန်း အပိုဒ် (၅၀၈) မှ (၅၂၀) အထိတွင် ကြည့်ပါ။

(၃) ပုဒ်-ဝါကျဆက် သမ္ဗန္ဓ

၃၆၉။ ၍၊ **သာမဟုတ်၊ လဲ(ပါ)သာမက၊ လဲ(ပါ) အပြင်၊ လဲ(ပါ)** တို့သည် ပုဒ်နှစ်ခုကို ဆက်သည့်အပြင် ဝါကျနှစ်ခုကိုလည်း ဆက်နိုင်သည်။ ထို့ကြောင့် ၎င်းတို့ကို **ပုဒ်ဝါကျဆက် သမ္ဗန္ဓ** ဟု ခေါ်သည်။ (ပုဒ်အချင်းချင်းကိုလည်း ဆက်နိုင်, ဝါကျအချင်းချင်းကိုလည်း ဆက်နိုင်သော သမ္ဗန္ဓများဟု ဆိုလိုသည်)။

ပုဒ်ဝါကျဆက်သမ္ဗန္ဓ (၂)

၃၇၀။ ပုဒ်ဝါကျဆက် သမ္ဗန္ဓသည်—

(က) လုံးချင်းပုဒ်ဝါကျဆက် သမ္ဗန္ဓ၊

(ခ) စုံတွဲပုဒ်ဝါကျဆက် သမ္ဗန္ဓ—

ဟု နှစ်မျိုးရှိသည်။

လုံးချင်းပုဒ်ဝါကျဆက်သမ္ဗန္ဓ (ဝါကျတို၊ဝါကျရှည်)

၃၇၁။ ဆက်လိုသောပုဒ်၊ဝါကျ နှစ်ခု၊သုံးခု၏အကြားတွင်၊ သို့မဟုတ် ရှေ့ပုဒ်၊ ရှေ့ဝါကျ၏ အဆုံးတွင် ထား၍ ဆက်ပေးသော သမ္ဗန္ဓမျိုးကို **လုံးချင်းပုဒ်ဝါကျဆက်သမ္ဗန္ဓ**ဟု ခေါ်၏။

၃၇၂။ လုံးချင်း ပုဒ်ဝါကျဆက် သမ္ဗန္ဓမှာ ၍ နှင့် ပြီး ဟု နှစ်လုံးသာ ရှိသော်လည်း ၎င်းတို့မှာ ပါဠိဘာသာ၏ တမျိုးတည်းသော သမ္ဗန္ဓ **ပုဗ္ဗကာလကြိယာ** ဖြစ်သောကြောင့် ပါဠိစာပေကို ဘာသာပြန်၍ ပြုစုခဲ့ကြသော မြန်မာဂန္ထဝင် စာပေများ၌၎င်း၊ ထိုမှတဆင့် ခေတ်မြန်မာစာ အရေးအသား၌၎င်း အသုံးများသော သမ္ဗန္ဓတခု ဖြစ်လေသည်။ ဤ ၍ နှင့် ပြီ ဖြင့် နာမ်နှင့် နာမ်စား ပုဒ်တို့ကို မဆက်နိုင်၊ နာမဝိသေသနနှင့် ကြိယာတို့ကိုသာ ဆက်ပေးနိုင်သည်။

၍-ပြီး-ဖြင့် ပုဒ်ကိုဆက်ပုံ (ဝါကျတို)

၃၇၃။ ၍-ပြီး-ဖြင့် နာမဝိသေသနနှင့် ကြိယာပုဒ် နှစ်မျိုးကိုသာ ဆက်သည်။

ပုံစံ

(က) မောင်မောင်သည် ပိန်၍ (ပြီး) အရပ်မြင့်သော လူကလေး ဖြစ်၏။ (နာမဝိသေသန နှစ်ခုဆက်)

(ခ) မောမောင်သည် ပိန်၍(ပြီး) အရပ်မြင့်၏။ (နာမဝိသေသန ကြိယာ နှစ်ခုဆက်)

(ဂ) မြင့်မြင့်သည် စာအုပ်ကို ဝယ်၍(ပြီး)ရောင်း၏။ (ကြိယာ နှစ်ခုဆက်)

(ဃ) ကိုလှသည် ထမင်းကို ဝယ်၍(ပြီး)စား၏။ (ကြိယာ နှစ်ခုဆက်)

၍-ပြီး-ဖြင့် ဝါကျနှစ်ခုကိုဆက် (ဝါကျရှည်)

၃၇၄။ မြန်မာတို့က ပါဠိသဒ္ဒါအဆိုအတိုင်း ရှေ့ကြိယာ အဆုံးတွင်သာ မထုတ်ဘဲ—

(က) ရှေ့-နောက် ကြိယာ နှစ်ခုကို ဆက်ရန်၊

(ခ) ဆန့်ကျင်ဘက် ကြိယာ နှစ်ခုကို ဆက်ရန်၊

(ဂ) အကြောင်းအကျိုး ဝါကျ နှစ်ခုကို ဆက်ရန်၊

(ဃ) အပြိုင်ကြိယာနှစ်ခုကို ဆက်ရန်—

အသုံးပြုနေသည်ကို တွေ့ရပါသည်။

ရေးထုံး (၁)

၃၇၅။ လူတယောက်သည် အလုပ်နှစ်ခုကို လုပ်ရာ ပထမ လုပ်သော အလုပ် (ကြိယာ)ကို အဆုံးသတ်ကြိယာမထားဘဲ ၍-ခံပြီး နောက်ဝါကျနှင့် တဆက်တည်းရေး၊ပြောခြင်း ဖြစ်၏။

ပုံစံ

(က) မောင်လှသည် ၇-နာရီတွင် လမ်းလျှောက်၍ ၈-နာရီတွင် ကျောင်းသို့ သွား၏။
(ခ) မမြင့်သည် ဈေးမှ ကြက်သားကို ဝယ်၍ အိမ်သို့ ပြန်လာ၏။
(ဂ) ဦးမြသည် စာတစောင်ကို ရေး၍ သူ့အဖေထံသို့ ထည့်လိုက်၏။

ရေးထုံး (၂)

၃၇၆။ ကြိယာ နှစ်ခုသည် ရှေ့-နောက် မဟုတ်စေကာမူ ကတ္တား နှစ်ခုသည် မတူသော ကြိယာနှစ်ခုကို ပြုလုပ်ကြောင်း ဖော်ပြလိုသောအခါ ပထမဝါကျ၏ အဆုံးသတ်ကြိယာဝိဘတ်ကို ဖြုတ်၍ ဤသမ္ဗန္ဓ ၍-ကို ခံပြီး ဆက်ပေးနိုင်သည်။

၍-ချည်းဖြင့် ဝါကျချင်းဆက်ပုံ

(က) မောင်မောင်သည် ကျောင်းသို့ သွား၍ မလှသည် ဈေးရောင်းနေသည်။
(ခ) ပြေီလသည် အပူဆုံးဖြစ်၍ ဒီဇင်ဘာလသည် အအေးဆုံး ဖြစ်သည်။
(ဂ) မလှ လက်ဘက်ရည်သောက်၍ မမြ မုန့်ဟင်းခါး စားသည်။

ရေးထုံး (၃)

၃၇၇။ အကြောင်း-အကျိုး ဝါကျ နှစ်ခုတွင် အကြောင်းဝါကျ၏ အဆုံးသတ်ကြိယာဝိဘတ်ကို ဖျောက်၍ ဤသမ္ဗန္ဓ ၍-

ကို ခံပြီး ဆက်နိုင်၏။ **သော၊ ကြောင့်၊ သဖြင့်၊ လို့** စသော သမ္ဗန္ဓများနှင့် အဓိပ္ပါယ်တူ၏။

ပုံစံ

(က) ဆရာသည် နေမကောင်း၍ ကျောင်းမလာပါ။
(ခ) မောင်မောင်သည် နေမကောင်း၍ အိပ်နေ၏။
(ဂ) မလှ ထမင်းဆာ၍ မုန့်ဝယ် စားသည်။

ရေးထုံး (၄)

၃၇၉။ ကြိယာနှစ်ခု ပြိုင်တူဖြစ်ခြင်းကိုပြသော**လျက်၊ကာ**-ဟူသော သမ္ဗန္ဓများအစား ရေးထုံး (၁) မှာကဲ့သို့ ၍-ကို ထည့်ပြီး ရေး၊ပြောကြ၏။

ပုံစံ

(က) မလှသည် ဝတ္ထုစာအုပ်ကိုဖတ်၍ ထမင်းချက်နေ၏။
(ခ) မမြသည်လွယ်အိတ်ကိုလွယ်၍ကျောင်းမှပြန်လာ၏။
(ဂ) စီစီသည် ရေအိုးကို ရွက်၍ ရေတွင်းမှ ပြန်လာ၏။
(ဃ) မောင်မောင်သည် ခုံပေါ်မှာထိုင်၍ စာဖတ်နေ၏။

အပြိုင်ကြိယာများဖြစ်၍ ကာ၊ လျက်-တို့ဖြင့် ရေး၊ ပြောခြင်းက သာ၍ ကောင်း၏။

စုံတွဲပုဒ်ဝါကျဆက် သမ္ဗန္ဓ

၃၈၀။ သာမဟုတ် ....လဲ(ပါ)၊ သာမက....လဲဘဲ(ပါ)၊ အပြင်....လဲ(ပါ)တို့သည် ကတ္တားအချင်းချင်း၊ ကံအချင်းချင်း-စသော လုပ်ငန်းတူ ပုဒ်နှစ်ခုကိုလည်း ဆက်နိုင်၏။ ဝါကျနှစ်ခုကိုလည်း ဆက်နိုင်၏။ ပုဒ်နှစ်ခု၊ ဝါကျနှစ်ခုကို သမ္ဗန္ဓ နှစ်ခုဖြင့် ဆက်သောကြောင့် **စုံတွဲဝါပုဒ်ကျဆက် သမ္ဗန္ဓ**ဟု ခေါ်၏။

မှတ်ချက်။ သာမဟုတ်၊ သာမက၊ အပြင်-တို့ကိုသာ သမ္ဗန္ဓဟုယူ၍ လဲ၊ ပါ-တို့ကို ပစ္စည်းဟုယူပြီး လုံးချင်းသမ္ဗန္ဓဟုလည်း ခေါ်ဆိုနိုင်ပါသည်။

ပုဒ်နှစ်ခုကိုဆက်ပုံ (ဝါကျတို)

၃၈၁။ ပုဒ်နှစ်ခုကို သမ္ဗန္ဓနှစ်ခုနှင့် ဆက်ခြင်းဖြစ်၍ ရှေ့ပုဒ်နောက်မှာ သမ္ဗန္ဓတလုံး၊ နောက်ပုဒ်နောက်မှာ သမ္ဗန္ဓတလုံး ထား၍ ဆက်ပေးရ၏။

(က) (၁) ကြည်ကြည်သာ မဟုတ် စီစီလဲဘဲ (စီစီပါ) ကျောင်းသို့ သွား၏။
(၂) ကြည်ကြည်သာ မက စီစီလဲဘဲ (စီစီပါ) ကျောင်းသို့ သွား၏။
(၃) ကြည်ကြည်အပြင် စီစီလဲဘဲ (စီစီပါ) ကျောင်းသို့ သွား၏။

(ခ) (၁) ခင်မောင်လွင်သည် ငှက်ပျောသီးသာ မဟုတ် မုန့်ကိုပါ စားပစ်၏။
(၂) ခင်မောင်လွင်သည် ငှက်ပျောသီးသာမက မုန့်ကိုလဲ စားပစ်၏။
(၃) ခင်မောင်လွင်သည် ငှက်ပျောသီး အပြင် မုန့်ကိုပါ စားပစ်၏။

(ဂ) (၁) စန်းစန်းလွင်သည် အိမ်မှာသာ မဟုတ် ကျောင်းမှာပါ စာကျက်၏။
(၂) စန်းစန်းလွင်သည် အိမ်မှာသာမက ကျောင်းမှာလဲ စာကျက်၏။

(၃) စန်းစန်းလွင်သည် အိမ်မှာ အပြင် ကျောင်းမှာလဲ စာကျက်၏။

(ဃ) (၁) ဒေါ်လှသည် ဘုရားသို့သာ မဟုတ်၊ ဈေးကိုပါ ရောက်ခဲ့၏။
(၂) ဒေါ်လှသည် ဘုရားသို့သာမက ဈေးကိုပါ ရောက်ခဲ့၏။
(၃) ဒေါ်လှသည် ဘုရားအပြင် ဈေးကိုလဲ ရောက်ခဲ့၏။

(င) (၁) မောင်မောင်သည် အရပ် မြင့်ရုံသာ မဟုတ် ပိန်လဲပိန်၏။
(၂) မောင်မောင်သည် အရပ် မြင့်ရုံသာ မက ပိန်လဲပိန်၏။
(၃) မောင်မောင်သည် အရပ် မြင့်သည့်ပြင် ပိန်လဲပိန်၏။

(စ) (၁) ဦးထွေးသည် နာရီကို ပြင်ရုံသာ မဟုတ်၊ ရောင်းလဲ ရောင်း၏။
(၂) ဦးထွေးသည် နာရီကို ပြင်ရုံသာမက ရောင်းလဲ ရောင်း၏။
(၃) ဦးထွေးသည် နာရီကို ပြင်သည့်ပြင် ရောင်းလည်း ရောင်း၏။

မှတ်ချက် (၁) လုံးချင်းနှင့် ပေါင်းစပ်နာမဝိသေသန၊ လုံးချင်းနှင့် ပေါင်းစပ်ကြိယာတို့ကို ဆက်သောအခါ ရုံသာ မဟုတ်၊ ရုံသာမက-ဟု ရုံ-တလုံး အပိုပါလာသည့်ပြင် လည်း (လဲ) နောက်တွင် မူလ နာမဝိသေသနနှင့်

ကြိယာတလုံးပါ ထပ်လိုက်ရသည်ကို သတိပြုရန် ဖြစ်ပါသည်။

ပုံစံ

(က) မမြသည် အရပ်မြင့်ရုံသာ မဟုတ် ပိန်လဲပိန်သည်။
(ခ) ဦးထွေးသည် နာရီကို ပြင်ရုံသာမက ရောင်းလဲရောင်းသည်။
(ဂ) မမြသည် ဝရုံသာ မဟုတ် နုလည်း နုပျိုသည်။
(ဃ) ဦးထွေးသည် စာကို ကူးရုံသာမက ကျက်လည်း ကျက်မှတ်၏။

မှတ်ချက် (၂) နောက် နာမဝိသေသနနှင့် ကြိယာတို့သည် နာမ်ပေါင်း နာမဝိသေသန၊ နာမ်ပေါင်းကြိယာတို့ ဖြစ်သောအခါ **လည်း** (လဲ) ကို နာမ်နောက်တွင် ထား၍ နာမဝိသေသနကြိယာတို့ကို နှစ်ခါ ထပ်သုံးရန် မလိုတော့ပေ။

ပုံစံ

(က) မောင်မောင်သည် ချမ်းသာရုံသာ မက ရုပ်လည်း ချော၏။
(ခ) မောင်လှသည် စာမေးပွဲ အောင်ရုံသာမက ဂုဏ်ထူးလည်း ရ၏။
(ဂ) မမြသည် ဝိနိယ ရှိရုံသာမက ဉာဏ်လည်း ကောင်း၏။
(ဃ) မလှသည် သဘော ကောင်းရုံသာမက ရုပ်လည်း လှ၏။

ဝါကျနှစ်ခုကို ဆက်ပုံ (ဝါကျရှည်)

၃၈၂။ စုံတွဲသမ္ဗန္ဓ တခုဖြင့် ဝါကျ နှစ်ခုကို ဆက်သောအခါ ရှေ့သမ္ဗန္ဓကို ရှေ့ဝါကျ အဆုံး၌ ထားသော်လည်း နောက် သမ္ဗန္ဓ **လည်း လဲ ပါ** ကိုကား နောက်ဝါကျအဆုံး၌ မထားဘဲ နောက်ဝါကျ၏ ဒုတိယ စကားလုံး နောက်မှာ ထား၍ ဆက်ရလေသည်။ (ပုဒ်ချင်း ဆက်ပုံနှင့် မတူပါ)

ပုံစံ

(က) သိန်းဆုရှင် ဦးလှသည် တိုက်တလုံး ဆောက်နိုင်ရုံသာမက ကားတစီးပါ ဝယ်နိုင်သည်။
(ခ) ဦးမြကို စာပေးခဲ့ရုံသာမက ပါးစပ်နှင့်ပါ မှာခဲ့သေးသည်။
(ဂ) လူဆိုးများသည် ပစ္စည်း ယူရုံသာမဟုတ် အဖွားကြီးကိုပါ သတ်သွားသေးသည်။
(ဃ) မောင်ခသည် စာမေးပွဲ အောင်ခဲ့ရုံသာမက မိန်းမလှလေး တယောက်ကိုပါ ရခဲ့သေးသည်။
(င) ရဟန်းကြီးသည် တန်ခိုးကြီးရုံသာမက ငါ့စိတ် အကြံကိုပါ သိသည်။
(စ) ကျွန်တော်သည် စိုးတင်ကို သိရုံသာမက အလွန်လည်း ရင်းနှီးသည်။
(ဆ) ကျွန်ုပ်သည် သင့်ထံသို့ စာပေးရုံမျှမက ကြေးနန်းပါ ရိုက်လိုက်သေးသည်။
(ဇ) အဘိုးအိုသည် ဧည့်သည်များအား နေရာပေးသည့်ပြင် အစားအသောက်ကိုလည်း ကျွေးသေးသည်။

သမ္ဗန္ဓဆိုင်ရာလေ့ကျင့်ခန်း

၃၇၃။ အောက်ပါမေးခွန်းများကိုဖြေပါ၊မဖြေနိုင်လျှင် ပြန်လေ့လာပါ—

(က) ပုဒ်ဆက် လုံးချင်း သမ္ဗန္ဓ **နှင့်၊ သို့မဟုတ်- တို့ဖြင့်** ၃-ဝါကျစီ ရေးပြပါ။

(ခ) ပုဒ်ဆက် စုံတွဲသမ္ဗန္ဓ ၅-မျိုးဖြင့် တမျိုးလျှင် ၃-ဝါကျစီ ရေးပြပါ။

(ဂ) အဓိပ္ပါယ်ဆက် သမ္ဗန္ဓ ၁၀-မျိုးဖြင့် ဝါကျ ၁၀-ခု ရေးပြပါ၊ ၎င်းတို့ကို ဝါကျဆက်သမ္ဗန္ဓ ပြောင်းပြပါ။

(ဃ) လုံးချင်း ပုဒ်ဝါကျဆက် သမ္ဗန္ဓဖြင့် ပုဒ်ဆက်၊ ဝါကျဆက် ၅-ခုစီ ရေးပြပါ (၍၊ပြီး)

(င) စုံတွဲ ပုဒ်ဝါကျဆက် သမ္ဗန္ဓဖြင့် ပုဒ်ဆက် ၅-ဝါကျ၊ ဝါကျဆက် ၅-ဝါကျ ရေးပြပါ။

(စ) စုံတွဲ ပုဒ်ဝါကျဆက်ဖြင့် နာမ်ပေါင်းနာမဝိသေသန ကြိယာတို့ကို နောက်ထား ဆက်သောအခါ ထူးခြားပုံကို ပုံစံ ၅-ခုဖြင့် ဖော်ပြပါ။

(ဆ) ဤစာအုပ်တွင် မပြထားသော ပုဒ်ဆက်၊ ပုဒ်ဝါကျဆက်၊ အဓိပ္ပါယ်ဆက် သမ္ဗန္ဓများကို ရနိုင်သမျှ ရှာဖွေ၍ ပုံစံ ဝါကျများ ရေးပြပါ။

PDF CREATOR - NYEYADHAMMA@GMAIL.COM

PDF CREATOR - NYEYADHAMMA@GMAIL.COM

ဝါစင်္က-၉

အာမေဋိတ်

အဓိပ္ပါယ် ဖွင့်ဆိုချက်

၃၇၄။ စိတ်၌ ရုတ်တရက် ဖြစ်ပေါ်ခံစားချက်ကို ထုတ်ဖော် မြည်တမ်း ပြောဆိုသော အသံ့စကားလုံးနှင့် ဝါကျကို **အာမေဋိတ်**ဟု ခေါ်သည်။

အာမေဋိတ် ၃-မျိုး

၃၇၅။ ၎င်းသည် အဓိပ္ပါယ်မရှိ စိတ်ခံစားမှု တခုအရ မြည်တမ်း ရွတ်ဆိုသော အသံအာမေဋိတ်၊ နာမ်ပုဒ်, ကြိယာ ပုဒ်တို့ကို အသံမြှင့်၍ ပြောဆိုသော ပုဒ်အာမေဋိတ်နှင့် ဝါကျတခုကို အသံတမျိုးဖြင့် ပြောဆိုသော ဝါကျအာမေဋိတ် ဟု သုံးမျိုးရှိ၏

(က) **အသံအာမေဋိတ်**=အား၊ အမယ်လေး၊ အို၊ အော်၊ ဟော၊ သယ်(ဟယ်)၊ အောင်မယ်၊ ဟောဗျာ၊ ဟောတော်၊ ဟိုက်၊ ဟင်း၊

(ခ) **ပုဒ်အာမေဋိတ်**=သူခိုး သူခိုး၊လိုက်ဟ လိုက်ဟ၊ မီးမီး၊ မြွေကြီး မြွေကြီး၊ ဘုရား၊ အနိစ္စ၊ရွှေဘကွ၊ ကျော် ဆွေကွ၊ အမေ မြွေကြီး)။

(ဂ) **ဝါကျအာမေဋိတ်**=အား နာလိုက်တာ၊ အမယ်လေး သေပါပြီ၊ အို ဖြစ်မှဖြစ်ရလေ၊ အော် ဒါကြောင့်ကိုး၊

အော် သေရှာပြီကိုး၊ အိုးဟိုး ဒါ့ကြောင့်ကိုး၊ သယ် (ဟယ်) ငါလေ မပြောလိုက်ချင်ဘူး၊ အောင်မယ် မင်းကို ဘာလို့ ဂရုစိုက်ရမှာလဲ၊ ဆရာတော် ပျံတော်မူသွားပြီ။ ဟောဗျား (ဟောတော့)၊ဟိုက် ဖောင်တိန် ပါသွားပြီ၊ ဟင်း တနေ့ သိမှာပေါ့ကွာ၊ ဟင် ဖြစ်မှ ဖြစ်ရလေ။

တကြိမ်တည်းလည်း အာမေဍိတ်

၃၇၆။ နှစ်ကြိမ်၊ သုံးကြိမ် ဆိုရ၊ ပြောရမှ အာမေဍိတ် ဖြစ်သည်ဟု ပါဠိ သဒ္ဒါငယ်ကျမ်းများ အဆိုအတိုင်း မြန်မာသဒ္ဒါကျမ်းဟောင်းများတွင် ရေးကြသော်လည်း မြန်မာဘာသာ၌ကား ပုံစံ(က, ခ)တွင် ပြထားသည့် အတိုင်း တကြိမ်တည်း ပြောဆိုခြင်းကိုလည်း အာမေဍိတ်ဟု ခေါ်ပါသည်။

ဝိစ္ဆာသဘော

၃၇၇။ ပုဒ်တခုကို နှစ်ကြိမ် ထပ်ဆိုခြင်းဖြင့် အမျိုးတူ အာလုံးကို ခြုံမိအောင် ပြောဆိုခြင်းကို **ဝိစ္ဆာ**ဟု ပါဠိသဒ္ဒါကျမ်းများက ဆို၏။မြန်မာသဒ္ဒါတွင်ကား နာမ်ပုဒ်နောက်တွင် **တိုင်း-**ဟူသော ပစ္စည်း ဆက်ပေးခြင်းဖြင့် အမျိုးတူအားလုံး ပြန့်နှံ့ခြုံငုံ မိသဖြင့် **တိုင်း-**ကို **ဝိစ္ဆာပစ္စည်း** (ပြန့်နှံ့ပစ္စည်း)ဟု ခေါ်နိုင်ပေသည်။ ဝိစ္ဆာပစ္စည်းအဆုံးရှိသော နာမ်ကို ဝိစ္ဆာနာမ်ဟု ခေါ်၏။ ပိုမိုလေးနက်စေရန် ဝိစ္ဆာပုဒ်ကို နှစ်ခါထပ်၍လည်း ပြောနိုင်၏။

မှတ်ချက် (၁) ပါဠိဘာသာတွင် ဝိစ္ဆာပစ္စည်း မရှိပါ။ ဝိဘတ်တူ ပုဒ်ကို နှစ်ခါထပ်ဆိုလျှင် ဝိစ္ဆာဟု ဆိုရ

သည်။ တကြိမ်ဆိုသော ဝိစ္ဆာ ပါဠိ၌ မရှိ၊ မြန်မာတွင်ကား ဝိစ္ဆာပစ္စည်းရှိ၍ တကြိမ် ဆိုလျှင်လည်း ဝိစ္ဆာ ဖြစ်သည်။ ပါဠိနှင့် မြန်မာသဒ္ဒါတို့ ဤသို့ ကွဲလွဲပါသည်။ လေးနက်စေလို၍ နှစ်ကြိမ် ဆိုရာ၌လည်း နောက်ပုဒ်၌သာ ဝိဘတ်ရှိ၏—

ပုံစံ

(က) လူတိုင်းသည် ချမ်းသာချင်ကြ၏။
(ခ) လူတိုင်း လူတိုင်း ကြိုးစားကြရမည်။
(ဂ) အိမ်တိုင်းမှာ ဘုရားစင်ရှိ၏။
(ဃ) အိမ်တိုင်း အိမ်တိုင်းမှာ ဘုရားစင်ရှိသည်။
(င) မြို့တိုင်းမှာ လျှပ်စစ်မီး ရှိသင့်သည်။
(စ) မြို့တိုင်း မြို့တိုင်းမှာ လျှပ်စစ်မီး ရှိသင့်သည်။
(ဆ) ကလေးတိုင်းကို ကျောက်ဆေး ထိုးပေးပါ။
(ဇ) ကလေးတိုင်းကလေးတိုင်းကို ကျောက်ဆေး ထိုးပေးပါ။
(ဈ) နှစ်တိုင်း ဘုရားပွဲ ထွက်ကြသည်။
(ည) နှစ်တိုင်း နှစ်တိုင်း ဘုရားပွဲ ထွက်ကြသည်။
(ဋ) မနက်တိုင်း ကျွန်တော် လမ်းလျှောက်သည်။
(ဌ) မနက်တိုင်းမနက်တိုင်း ကျွန်တော်လမ်းလျှောက်၏။

မှတ်ချက် (၂) ဝိစ္ဆာ=ပြန့်နှံ့ပုဒ်သည် ဝါစင်္ဂ သီးခြားမဟုတ်။ ပါဠိနည်း အရ နှစ်ကြိမ်ပြောပုံချင်း တူသလိုလိုရှိ၍ အာမေဍိတ်နှင့် နှိုင်းယှဉ် သင်ကြားခြင်း ဖြစ်ပါသည်။

ဝိစ္ဆာပုဒ်တမျိုး

၃၀၀။ နာမ်ပုဒ်တပုဒ်၏ရှေ့တွင် **အ**-ပစ္စည်းထဲ့၍ နာမ်ပုဒ်ကို နှစ်ထပ်ပြုခြင်းဖြင့် အမျိုးတူ နာမ်အများစု ပြန့်နှံ့သော ဝိစ္ဆာ နာမ်တမျိုး ဖြစ်လာ၏။ ထိုနာမ်မျိုးအများဟု အဓိပ္ပါယ် ရှိပေသည်။

မှတ်ချက် (၁) နှစ်၊လ၊အကြိမ်၊အခြေနေပြ ပုဒ်တို့ကို ဝိစ္ဆာပုဒ်ဖွဲ့စည်းသောအခါ ကြိယာဝိသေသနများ ဖြစ်ကုန်ကြ၏။

နာမ်ပုဒ်ကို နှစ်ထပ် ပြုခြင်းဖြင့် ပါဠိ ဝိစ္ဆာပုဒ်နှင့် တူသလိုလို ရှိသော်လည်း ဝိစ္ဆာပစ္စည်း **အ** ပါရှိခြင်း၊ ရှေ့နာမ်တွင် ဝိဘတ်မပါခြင်းမှာ ပါဠိသဒ္ဒါနှင့် မတူခြားနားချက် ဖြစ်ပါသည်။

ပုံစံ

(က) မြန်မာနိုင်ငံတွင် အတိုင်းတိုင်း အပြည်ပြည်မှ သံရုံးများ ရှိ၏။
(ခ) ပြည်သူ့ ကိုယ်စားလည် ရွေးကောက်ပွဲကို အမြို့မြို့ အနယ်နယ်တွင် ကျင်းပ၏။
(ဂ) တပေါင်း ပွဲတော်ကို မြန်မာနိုင်ငံ အမြို့မြို့ အရွာရွာမှာ ကျင်းပကြ၏။
(ဃ) လုပ်သား သတင်းစာတွင် အမြို့မြို့ အနယ်နယ်မှ သတင်းများ ပါရှိ၏။
(င) နိုင်ငံတိုင်း သည် အပြည်ပြည်ဆိုင်ရာ ဥပဒေကို လိုက်နာကြရ၏။

မှတ်ချက် (၂) နှစ်၊ လ၊ အကြိမ်၊အခြေနေ-ပြ ပုဒ်တို့ကို ဝိစ္ဆာပုဒ်ဖွဲ့စည်းသောအခါ ကြိယာဝိသေသနများ ဖြစ်ကုန်ကြ၏။

ပုံစံ

(က) ဦးမြသည် အနှစ်နှစ် အလလ စုထားသော ငွေဖြင့် အိမ်တလုံး ဝယ်၏။
(ခ) ပင့်ကူငယ်သည် အဖန်ဖန် ကြိုးစား၍ တက်၏။
(ဂ) အဖွားအိုသည် ဓားပြများအား အတန်တန်တောင်းပန်၏။
(ဃ) ဦးလှသည် အင်္ဂလန်သို့ အခေါက်ခေါက် အခါခါ ရောက်ဘူး၏။
(င) ပုဂံလုံးသည် အစိတ်စိတ် အမွှာမွှာ ကွဲသွား၏။

မှတ်ချက် (၃) ပါဠိသဒ္ဒါတွင် နှစ်ကြိမ် ပြောရ၊ ရေးရ ပုံချင်းတူသော အာမေဍိတ်နှင့် ဝိစ္ဆာတို့၏ အထူးကို နှိုင်းယှဉ်သင်ပြကြ၏။မြန်မာသဒ္ဒါကျမ်းဟောင်းများတွင် ပါဠိသံယောင်လိုက်၍ ပြကြသော်လည်း မြန်မာဘာသာတွင် တကြိမ် ပြောရ၊ ရေးရသော အာမေဍိတ်နှင့် ဝိစ္ဆာတို့ ရှိနေသောကြောင့် နှိုင်းယှဉ်သင်ပြရန်ပင် မလိုဟု မှတ်ပါ ။ သဘာဝ အရ ကွဲပြားပြီး ဖြစ်ပါသည်။

မှတ်ချက် (၄) ပါဠိဘာသာတွင် ကြောက်ခြင်း၊ အမျက်ထွက်ခြင်း၊ ချီးမွမ်းခြင်း၊ အဆောတလျင်ပြုခြင်း၊ အုတ်အုတ်ကျက်ကျက်ဖြစ်ခြင်း၊ အံ့ဩ

ခြင်း၊ ဝမ်းသာရယ်မောခြင်း၊ စိုးရိမ်ခြင်း၊ ကြည်ညိုခြင်းဟု အာမေဍိတ် ဖြစ်ခြင်း အကြောင်း ၉-ပါးကို ပြ၏။ ခွဲသိရခြင်းဖြင့် အကျိုးမထူး, မသိခြင်းဖြင့် အပြောအရေး တွင် မမှားယွင်း နိုင်သောကြောင့်၎င်း၊ အုတ်အုတ် ကျက်ကျက် အာမေဍိတ်မျိုး မြန်မာဘာသာ၌ မရှိသောကြောင့်၎င်း၊ ကျန် အာမေဍိတ်များလည်း တခုနှင့်တခု ရောနှော ထွေးရှက် နိုင်သောကြောင့်၎င်း ဤနည်းသစ် မြန်မာသဒ္ဒါ၌ ပါဠိနည်း အာမေဍိတ် ၉-ပါး, ၁၂-ပါးတို့ကို ခွဲမပြတော့ပါ။

အာမေဍိတ် လေ့ကျင့်ခန်း

၃၇၉။ အောက်ပါ မေးခွန်းများကို ဖြေပါ။

(က) အသံအာမေဍိတ်ပါသော ဝါကျ ၅-ခု ရေးပြပါ။
(ခ) ဝိစ္ဆာပုဒ်များကို ဝိဘတ် ငါးမျိုးဖြင့် တွဲ၍ ဝါကျ ရေးပြပါ။ (ဝိစ္ဆာကတ္တား၊ ဝိစ္ဆာကံ စသည်)
(ဂ) ဝိစ္ဆာပစ္စည်း အ-တိုင်း-တို့ဖြင့် ဝိစ္ဆာပုဒ်အသစ် ၅-ခုစီ ဖွဲ့ပြပါ။
(ဃ) ဤစာအုပ်တွင် ပြမထားသော အသံ အာမေဍိတ် များ ရသမျှ ရှာဖွေ ဖော်ပြပါ။
(င) ဝိစ္ဆာပစ္စည်း အ-တိုင်း-တို့ဖြင့် ဝိစ္ဆာနာမ်ပုဒ်အသစ် များ ဖွဲ့ပြပါ။

အပိုင်း-၃

ဝါကျဗေဒ=ဝါကျဖွဲ့စည်းပုံ

အဓိပ္ပါယ် ဖွင့်ဆိုချက်

၃၈၀။ ရှေ့နောက် အစီအစဉ် မှန်ကန်၍ ဆိုလိုရင်းအဓိပ္ပါယ် ပြည့်စုံသော စကားလုံး အစုအပေါင်းကို **ဝါကျ**ဟု ခေါ်၏။ အပိုင်း ၂-တွင် မြန်မာဘာသာ စကား၌ ပါရှိသော စကား အင်္ဂါ အစိတ်အပိုင်း ဝါစင်္ဂ ၉-မျိုးနှင့် ၎င်းတို့ကို ပေါင်းစပ်ကာ စကားလုံးများ ဖွဲ့စည်းပုံကို ပြခဲ့၏။ ထိုစကားလုံးများ ရှေ့-နောက် အစီအစဉ် မှန်ကန်စွာ ပေါင်းစပ် ပြောဆို၊ ရေးသားသောအခါ ဝါကျတခု ဖြစ်လာ၏။ ထိုစကားလုံးတို့၏ ရှေ့-နောက် အစီအစဉ် ပုံမှန် ဖွဲ့စည်းပုံကို ဖော်ပြသော အပိုင်းကို **ဝါကျဗေဒ**=ဝါကျဖွဲ့စည်းပုံအပိုင်းဟုခေါ်၏။

အခြေခံဝါကျ (ဂ)မျိုး

၃၈၁။ ထိုဝါကျသည်—

(က) စေခိုင်းတောင်းပန် ဝါကျ၊
(ခ) တားမြစ်ဝါကျ၊
(ဂ) ဆုတောင်းဝါကျ၊
(ဃ) ကျိန်ဆဲဝါကျ၊
(င) ပြောဆိုဝါကျ၊
(စ) ငြင်းဆိုဝါကျ၊
(ဆ) မေးခွန်းဝါကျ၊

(ဇ) ငြင်းဆို-မေးခွန်းဝါကျ—

ဟူ ၈-မျိုးရှိ၏။

စေခိုင်းတောင်းပန်ဝါကျ

၃၉၂။ လော့၊ စမ်း၊ ပါရစေ၊ ပါစေ၊ ကြစို့၊ ရမည်(ရမယ်) ဟူသော စေခိုင်း၊တောင်းပန်၊တိုက်တွန်း၊ ဖိတ်ခေါ်၊ပန်ကြား ကြိယာဝိဘတ်များအဆုံးရှိသည့် ဝါကျကို **စေခိုင်းတောင်းပန် ဝါကျ**ဟု ခေါ်သည်။

ပုံစံ

(က) မင်္ဂလာ တရားကို ဟောတော်မူပါလော့။
(ခ) အစွမ်းကုန် ကြိုးစားလော့။
(ဂ) နိုင်ငံအတွက် ကုန်ထုတ်ကြလော့။
(ဃ) ထမင်း မြန်မြန်စားစမ်း။
(င) ဒီစာအုပ်တွေ သိမ်းလိုက်စမ်း။
(စ) တံခါးဖွင့်ပေးစမ်း။
(ဆ) ဒီစာအုပ်ကို ဖတ်ကြည့်စမ်းပါ၊
(ဇ) နံပါတ်(၁) ပုစ္ဆာ ရှင်းပြစမ်းပါ။
(ဈ) တောကို တခေါက်လောက် လာလည်စမ်းပါ။
(ည) ကျွန်တော် ဗိုက်နာလို့ အိမ်ပြန်ပါရစေ။
(ဋ) ကျွန်တော်လဲ လိုက်ပါရစေ။
(ဌ) အဝတ်အစား လဲလိုက်ပါရစေ(အုံး)။
(ဍ) ကလေးတွေ အိပ်ချင် အိပ်ပါစေ။
(ဎ) ကျောင်းသူတွေ ပြန်ပါစေ(တော့)။
(ဏ) ကဲ ထမင်းစားစို့။

(တ) သင်တန်း စကြစို့(လား)။
(ထ) ခဏတဖြုတ် နားကြဦးစို့။

ဝိဘတ်မဲ့စေခိုင်းတောင်းပန်ဝါကျ

၃၉၃။ အချို့ စေခိုင်းတောင်းပန် ဝါကျများတွင် ကြိယာ ဝိဘတ် မပါဘဲ ကြိယာပုဒ်ရင်းနှင့် ကြိယာ ပစ္စည်းများသာ ပါရှိတတ်၏။

ပုံစံ

(က) မနက်ကျ စောစောထ၊ စောစောထကြ။
(ခ) ရေ ဝဝသောက်၊ ရေ ဝဝသောက်ကြ၊
(ဂ) ပြီးတော့ ကျန်းမာရေး လေ့ကျင့်(ကြ)။

ဝါကျအဆုံးသတ်ပစ္စည်းပါသော စေခိုင်းတောင်းပန်ဝါကျ

၃၉၄။ စေခိုင်း တောင်းပန် ဝါကျများ၏ အဆုံးတွင် ပါဦး (အုံး)၊ တော့၊ပါလား၊ လား-ဟူသော ဝါကျ အဆုံးသတ် ပစ္စည်းများ ထည့်ရေးနိုင်၍ နော်၊ ကွာ၊ ကွယ်၊ ပေါ့၊ ဟယ်၊ ဟာ၊ ဟ၊ ဟေ့-စသော ဝါကျအဆုံးသတ် ပစ္စည်းများ ထည့်၍ ပြောနိုင်၏။

ပုံစံ

(က) မနက် စောစောထနော်—ကွာ—ကွယ်—ပေါ့—ဟယ် —ဟာ)။
(ခ) မှောင်ရင် မီးဖွင့်လိုက်ပါလား။
(ဂ) သုံးဘီးကား စီးသွားပါလား။
(ဃ) ထမင်းဆာရင် စားနှင့်ပါလား။

(င) နေမကောင်းရင် ရုံးမသွားပါနဲ့လား။
(စ) အိမ်ကို ပြန်ကြတော့။

စေခိုင်းတောင်းပန် ဝါကျနှင့် ကတ္တားပုဒ်

၃၉၅။ စေခိုင်းတောင်းပန် ဝါကျများတွင် မျက်မှောက်၌ တိုက်ရိုက် ခိုင်းစေခြင်း ဖြစ်၍ အခိုင်းခံရသူသည် ကတ္တားပုဒ် ဖြစ်ကြောင်း ထင်ရှားသောကြောင့် ကတ္တားပုဒ်ကို ချုပ်၍ ရေးလေ့ ပြောလေ့ရှိကြသည်။

၃၉၆။ ရံခါ မင်း၊ မင်းတို့၊ ရှင်၊ ရှင်တို့၊ ခင်ဗျား၊ ခင်ဗျားတို့ ဟူသော ကတ္တားပုဒ်များကို ကတ္တားဝိဘတ် မပါဘဲ ပြောလေ့ ရှိ၏။

ပုံစံ

(က) မင်း ပြန်တော့။
(ခ) မင်းတို့ ပြန်ကြတော့။
(ဂ) ရှင် နက်ဖြန် စောစောလာပါ။
(ဃ) ရှင်တို့ ညနေ စောစောလာကြပါ။
(င) ခင်ဗျား ဒီည ဒီမှာအိပ်သွားပါလား။
(စ) ခင်ဗျားတို့ ဘုရားက စောင့်နေကြလေ။

၃၉၇။ ပါရစေ၊ ပါစေ၊ ကြစို့၊ ရအောင် အဆုံးသတ် ဝိဘတ်ပါသော တောင်းပန် ဝါကျများတွင် ဝိဘတ်ဖျောက်၍ ကတ္တားပုဒ် ပါလေ့ရှိ၏။

ပုံစံ

(က) ကျွန်တော်တို့ ပြန်ပါရစေ။
(ကျွန်တော်တို့ ပြန်ကြရအောင်)

(ခ) သူတို့ ခဏ နားကြပါစေ။
(ဂ) ကျွန်တော်တို့ သင်တန်းစကြစို့။

မှတ်ချက်။ ။ကြိယာဝိဘတ်များအခန်း ပြန်ကြည့်ပါ။

(၂) တားမြစ်ဝါကျ

၃၉၈။ စေခိုင်းတောင်းပန်ဝါကျများတွင် ကြိယာဝိဘတ် များကို ဖျောက်၍ မ....နှင့်၊မ....နဲ့၊ မ....ရ၊ မ....လင့် (မ....နဲ့) အငြင်းပစ္စည်းများထည့်ပေးလျှင် **တားမြစ်ဝါကျ**ဖြစ်ကုန်၏—

ပုံစံ

(က) လမ်းပေါ် အမှိုက် မပစ်ပါနှင့် (မပစ်ရ)။
(ခ) အာနန္ဒာ မငိုကြွေးပါလင့်။
(ဂ) အဖျားရှိလျှင် ထမင်းမစားနှင့် (နဲ့) (မစားရ)။
(ဃ) သူတို့ အိမ် မပြန်ကြစေနှင့် (နဲ့)။
(င) မျောက်များကို မစပါနှင့် (နဲ့) (မစရ)။

(၃) ဆုတောင်းဝါကျ

၃၉၉။ စေသတည်း၊ စေသော်၊ ပါစေ၊ ပါလို၏၊ စေသား ဟူသော ဆုတောင်း၊ ဆုပေး၊ မေတ္တာပို့ ကြိယာဝိဘတ် အဆုံးရှိသော ဝါကျကို ဆုတောင်းဝါကျဟု ခေါ်၏—

ပုံစံ

(က) သတ္တဝါအားလုံး ဘေးရန်ကင်းပါစေ။ ကြောင့်ကြ ကင်းပါစေ။ ဆင်းရဲကင်းပါစေ။ ချမ်းသာကြ ပါစေ။

(ခ) နိဗ္ဗာန်ကို လျင်မြန်စွာ ရောက်ရပါလို၏။
(ဂ) သိန်းထီ ပေါက်ရပါလို၏။
(ဃ) လိုအင်ဆန္ဒ ပြည့်ဝပါစေသတည်း။
(င) အားလုံး စာမေးပွဲအောင်ကြပါစေသော်။
(စ) တူနှစ်ကိုယ် ပေါင်းရပါစေသား။
(ဆ) မယ်နှင့်မောင် သစ္စာထား ပေါင်းရပါစေသားလို့ ဆုတောင်းမည်။

(၄) ကျိန်ဆဲဝါကျ

၄၀၀။ စေသား၊ စေရဲ့၊ ပါစေ-ဟူသော ကျိန်ဆဲခြင်း၊ ကျမ်းသစ္စာကျိန်ဆိုခြင်း၊ ကျိန်တွယ်ပြောဆိုခြင်းကို ပြသော ကြိယာဝိဘတ် အဆုံးရှိသော ဝါကျကို ကျိန်ဆဲဝါကျဟု ခေါ်၏။

ပုံစံ

(က) ဤကောင်းမှုကို ဖျက်စီးသူ အပါယ်ကျပါစေသား။
(ခ) မဟုတ် မမှန် ပြောပါက ကျမ်းစူးပါစေသား။
(ဂ) ဘုရားစူးရစေရဲ့ ငါမသိပါဘူး။
(ဃ) ချက်ချင်း သေရစေရဲ့ မင့်းစာအုပ် ငါ မယူပါဘူး။
(င) ကျားကိုက် သေပါစေ။
(စ) မြွေကိုက် သေပါစေ။

(၅) ပြောဆိုဝါကျ

၄၀၁။ ၏၊ သည် (တယ်)၊ မည် (မယ်)၊ ပြီ (ပီ)၊ လတ္တံ့၊အံ့ ဟူသော ကြိယာဝိဘတ်များအဆုံးရှိသော ဝါကျကို ပြောဆိုဝါကျဟု ခေါ်၏။

ပုံစံ

(က) မောင်မောင် ကျောင်းသို့ သွားသည်။
(မောင်မောင် ကျောင်းကို သွားတယ်)
(ခ) မလှ အိမ်တလုံး ဝယ်လိမ့်မည်။
(မလှ အိမ်တလုံး ဝယ်မယ်)
(ဂ) ကလေးများသည် အိမ်သို့ ပြန်ရောက်ကြပြီ။
(ကလေးတွေ အိမ်ရောက်ပီ)
(ဃ) အလမ္ပာယ်သည် ငါ့ကို နဂါးဖြင့် တိုက်လတ္တံ့။
(င) ငါသည် မိခင်ဖခင်တို့ကို လုပ်ကျွေးအံ့။

ကြိယာဘုရင်နှစ်ပါး 'ပြု' နှင့် 'ဖြစ်'

၄၀၂။ ပါဠိသဒ္ဒါတွင် "ဘူကရာ သဗ္ဗဓာတုတ္တဗျာပကာ= ဘူဓာတ်နှင့် ကရဓာတ်သည် ဓာတ်အားလုံး၏ အနက်တွင် ပြန့်နှံ့ ပါဝင်သဖြင့် ၎င်းတို့ကို ဓာတ်အားလုံး၏ ဘုရင်= ဓာတ်မင်း"ဟု ဆိုကြသည်။ မြန်မာသဒ္ဒါတွင်လည်း အခြား ကြိယာတလုံးတွင် ခြင်းပစ္စည်းကို တွဲ၍ ပြုလုပ်သည်၊ ဖြစ်သည် ကြိယာများဖြင့် ရေးနိုင်သည်။ ထို့ကြောင့် ၎င်းကြိယာ နှစ်လုံးကို ကြိယာအားလုံး၏ဘုရင်=ကြိယာမင်းဟု ခေါ်ဆို နိုင်သည်။

ပုံစံ

(က) မြက်ခင်းပေါ် ဖြတ်သန်းခြင်းမပြုရ။
(မြက်ခင်းပေါ် မဖြတ်သန်းရ)

(ခ) ကြော်ငြာကပ်ခြင်း မပြုရ။
(ကြော်ငြာ မကပ်ရ)
(ဂ) တိရစ္ဆာန်များကို ညှဉ်းဆဲခြင်းမပြုရ။
(တိရစ္ဆာန်များကို မညှဉ်းဆဲရ)
(ဃ) ဘတ်စ်ကားမှတ်တိုင်တွင်သာ အတက် အဆင်း ပြုရမည်။
(င) ရန်ပုံငွေအတွက် ရောင်းချခြင်းဖြစ်ပါသည်။
(ရန်ပုံငွေအတွက် ရောင်းချပါသည်)
(စ) ကြိုတင် သတိပေးခြင်း ဖြစ်ပါသည်။
(ကြိုတင် သတိပေးပါသည်)
(ဆ) အာဟာရဖြစ်ရန် ဆန်လုံးညိုကို စားစေခြင်း ဖြစ်ပါသည်။
(အာဟာရဖြစ်ရန် ဆန်လုံးညိုကို စားစေပါသည်)

မည်, ပြီး-နောက် မှာ 'ဖြစ်ကြိယာ'

၄၀၃။ 'မည်' ဟူသော အနာဂတ်ကြိယာဝိဘတ်နှင့် 'ပြီး' ဟူသော ကြိယာထောက် နောက်တွင် ဖြစ်သည် ကြိယာကို ထား၍ ဝါကျတမျိုး ရေးနိုင်သည်။

ပုံစံ

(က) ရှေ့အခန်းတွင် အပြည့်အစုံ ရေးပြီးဖြစ်ပါသည်။
(ခ) နောက်အခန်းတွင်အကျယ်ဖော်ပြမည်ဖြစ်ပါသည်။
(ဂ) နယ်သို့ ဗွီပီပီဖြင့် ပေးပို့မည်ဖြစ်ပါသည်။
(ဃ) သက်ဆိုင်ရာသို့ သတင်းပို့ပြီးဖြစ်ပါသည်။

(၆) ငြင်းဆိုဝါကျ

၄၀၄။ ပြောဆိုဝါကျများတွင် အဆုံးသတ်ကြိယာဝိဘတ်ကို ဖြုတ်၍ အငြင်းပစ္စည်း မ....ပေ၊ မ ...ပါ၊မ....ချေ။ (မ ....ဘူး) (မ ပေါင်)ကို ကြိယာပုဒ်ရင်း၏ ရှေ့-နောက်မှာ ထည့်၍ ရေး၊ပြောလျှင် ငြင်းဆိုဝါကျဖြစ်သည်။

ပုံစံ

(က) (၁) မောင်မောင်ကျောင်းသို့မသွားပေ(ချေ)(ပါ)။
(၂) (မောင်မောင် ကျောင်းကို မသွားဘူး)
(၃) (မောင်မောင် ကျောင်းကို မသွားပေါင်)
(ခ) (၁) မလှ အိမ်တလုံးကို မဝယ်ပေ (ချေ) (ပါ)။
(၂) (မလှ အိမ်မဝယ်ဘူး)
(၃) (မလှ အိမ်မဝယ်ပေါင်)
(ဂ) (၁) ကလေးများသည် အိမ်သို့ ပြန်မရောက်ပေ (ချေ) (ပါ)။
(၂) (ကလေးတွေ အိမ်ပြန်မရောက်ဘူး)
(၃) (ကလေးတွေ ပြန်မရောက်သေးပေါင်)

အမေး ပုံစံရှိ အငြင်းဝါကျ

၄၅၀။ဘာ ဘယ်မည်သူ မည်သို့-စသောအမေးပုံစံများနှင့် လဲ နည်း၊တုံး-ဟူသော အမေးပစ္စည်းများဖြင့် လေးနက်သော အငြင်းဝါကျ ပုံစံတမျိုးကို ရေးနိုင်၏။

ပုံစံ

(က) ဘယ်သိမလဲ။
(ခ) ဘယ် စားရအုံးမလဲ။
(ဂ) ဘာရမလဲ။
(ဃ) ဘာ တတ်နိုင်အုံးမှာလဲ။
(င) ဘယ်က စားရအုံးမှာလဲ။
(စ) ဘယ်သူကျေးလို့ စားရမှာလဲ။

တော့ သေး ပစ္စည်းနှင့် အငြင်းဝါကျ

၄၀၆။ တော့-ပစ္စည်းသည် အပြီးငြင်းဆိုမှုကို ပြ၍ သေး-ပစ္စည်းသည် ဒယခိုက်အတန့် ငြင်းဆိုမှုကို ပြသည်။

ပုံစံ

(က) မောင်မောင် ထမင်းမစားတော့ဘူး(လုံးဝမစား)။
(ခ) မောင်မောင် ထမင်းမစားသေးဘူး (မကြာခင် စားမည်)။
(ဂ) သူ့ဖောင်တိန် မတွေ့တော့ဘူး (မြော်လင့်ချက် မရှိ)။
(ဃ) သူ့ဖောင်တိန် ပြန်မတွေ့သေးဘူး (မကြာင်ခင် တွေ့ဘို့ရှိ)

အားလုံးကို ငြင်းပယ်ဝါကျ

၄၀၇။ အမေးနာမ်စား၊ အမေးနာမဝိသေသနနှင့် တခု၊ တယောက်၊ တနေ့ ပုဒ်များ နောက်တွင် မျှ(မှ) ပစ္စည်းကို

ထည့်၍ အငြင်းဝါကျကို ရေး၊ ပြောသောအခါ အကြွင်းအကျန်မရှိ၊အလုံးစုံ ငြင်းပယ်မှုကို ဖော်ပြ၏။

ပုံစံ

(က) တို့ကျောင်းက ဘယ်သူမှ စာမေးပွဲ မကျဘူး။
(မည်သူမျှ)
(ခ) သေတ္တာထဲမှာ ဘာမှ မရှိဘူး။
(ဘာမျှ)
(ဂ) မောင်မောင်ဟာ ဘယ်သူနှင့်မှ မတည့်ဘူး။
ဘယ်သူနှင့်မျှ
(ဃ) ဆရာတို့ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး။
မည်သည့်အခါမှ
(င) သူတို့ကို ဘယ်မှာမှ မတွေ့ဘူး။
(စ) အိမ်မှာ ဘာဟင်းမှ မရှိဘူး။
(ဆ) အမေက ဘာသတင်းစာမှ မဖတ်ဘူး။
(ဇ) အကိုက ဘယ်ကားကိုမှ မကြိုက်ဘူး။
(ဈ) အတန်းထဲတွင် ကျောင်းသား တယောက်မျှ မရှိချေ။
(ည) အတန်းထဲမှာ ကျောင်းသားတယောက်မှ မရှိဘူး။
(ဋ) အိမ်တွင် လူကြီး တယောက်မျှ မရှိချေ။
(ဌ) အိမ်မှာ လူကြီး တယောက်မှ မရှိဘူး။
(ဍ) ဦးဘသည် မန္တလေးသို့ တခေါက်မျှ မရောက်ဘူးချေ။
(ဎ) ဦးဘဟာ မန္တလေးကို တခေါက်မှ မရောက်ဘူးဘူး။
(ဏ) ကျွန်မ သူ့ကို တခါမှ မမြင်ဘူးဘူး။

ဆင်ခြေပြ အငြင်းဝါကျ

၄၀၈။ ကြိယာနောက်တွင် မှ-ပစ္စည်း ခံပြီးမှ အငြင်းကြိယာ လိုက်သောဝါကျသည် "အကယ်၍ ဖြစ်ခဲ့သော် တမျိုးတမည် ဖြစ်ရာ၏"ဟု ဆင်ခြေလဲခြင်းအဓိပ္ပါယ် ရှိ၏။

ပုံစံ

(က) မင်း ငါ့ကို ပြောမှမပြောဘဲ။
(ပြောရင် ငါ ကူညီမှာပေါ့)
(ခ) မောင်လှက စာကို ကျက်မှမကျက်ဘဲ။
(ကျက်ရင် ရမှာပေါ့)
(ဂ) ဒီနှစ် အညာမှာ မိုးက ရွာမှမရွာဘဲ။
(စပါး ဘယ်ကောင်းတော့မလဲ)

အကြောင်းပြ အငြင်းဝါကျ

၄၀၉။ ကြိယာနောက်တွင် မှ-ပစ္စည်းခံပြီးမှ အငြင်းကြိယာ လိုက်သောဝါကျသည် အကျိုးကို ဖြစ်စေသော အကြောင်းကို ညွှန်ပြ၏။

ပုံစံ

(က) ဒီလူကတော်မှာပေါ့ စာအုပ်ကိုလက်ကချမှမချဘဲ။
(ခ) ဦးမြဟာ ချမ်းသာမှာပေါ့ ငွေကိုအလဟဿဖြုန်းမှမဖြုန်းဘဲ။
(ဂ) ကိုလှဟာ အသက်ငယ်ငယ်လေးနဲ့ သေမှာပေါ့၊ အရက်ကို လျှော့မှမလျှော့ဘဲ။

ပြီးပြီ-အမေးကို ရသေး-ဖြင့် ငြင်းရပုံ

၄၁၀။ ထမင်း စားပြီးပြီလား၊ ဈေး သွားပြီလား စသော အမေးကို ငြင်းဖြေလိုသောအခါ မစားပြီးဘူး၊မသွားပြီးဘူး-ဟု မဖြေရ။ မသွားရသေးဘူး၊ မစားရသေးဘူး-ဟု ပြီး-အစား ရသေး-လဲ၍ ဖြေဆို ရသည်။ ငြင်းဆို မေးခွန်းမှာလည်း အလားတူဖြစ်သည်။

ပုံစံ

(က) သူ ဂဏန်း မတွက်ရသေးဘူး။
(ခ) သူ ဂဏန်း မတွက်ရသေးဘူးလား။
(ဂ) မလှ ထမင်းမချက်ရသေးဘူး။
(ဃ) မလှ ထမင်းမချက်ရသေးဘူးလား။

'၍,လို့'ခံကာ မပြီးသေးဘူး-ဟု ငြင်းမေးနိုင်

၄၁၁။ "အလုပ်တခုကို စတော့ လုပ်နေပြီ၊သို့ရာတွင် အပြီး မသတ်သေး"ဟု ပြောလိုသောအခါ၊ အပြီးမသတ်သေးဘူး လား-ဟု မေးလိုသောအခါ ကြိယာနောက်တွင် ၍၊လို့-ပစ္စည်း ထည့်ကာ ပြီး-၏ ရှေ့-နောက်တွင် မ....သေးဘူး၊ မ....သေးဘူး လား-ပစ္စည်းများ ထည့်ပေးရမည်။

ပုံစံ

(က) အကိုရန်ကုန်ရောက်နေတုန်းက ကရဝိက်ခန်းမကြီး ဆောက်၍ (လို့) မပြီးသေးချေ။
(ခ) ကျွန်တော်ရောက်တော့ သူတို့ ထမင်းစား၍ မပြီး သေးချေ။

(ဂ) မင်းတို့ ထမင်းစားလို့ မပြီးသေးဘူးလား။
(ဃ) ကလေးတွေ ရေချိုးလို့ မပြီးသေးဘူးလား။

အငြင်းဝါကျ ကာလမရှိ

၄၁၂။ အငြင်း ဝါကျတွင် ကြိယာဝိဘတ်ကို ဖျောက်လိုက်သဖြင့် ကာလသုံးမျိုးအတွက် အတူတူဖြစ်နေသည်ကို သတိပြုအပ်ပေသည်။

ပုံစံ

(က) မောင်မောင် ထမင်း မစားသေးဘူး။
(ခ) မောင်မောင် မနက်က ထမင်း မစားဘူး။
(ဂ) နက်ဖြန် မောင်မောင် ကျောင်းမသွားဘူး။

ထူးခြားသော အနာဂတ် အငြင်းတမျိုး

၄၁၃။ ပြောဆိုဝါကျ အခန်းတွင် အနာဂတ် ကြိယာနောက်မှာ ဖြစ်ပါသည် ဟူသော ကြိယာတခုထည့်၍ ရေးနိုင်ကြောင်း စာပိုဒ် (၄၀၃)၌ ပြခဲ့ပြီ။ အနာဂတ်အငြင်းဝါကျတွင်လည်း ကြိယာဝိဘတ် မည်၊ လိမ့်မည် ကို မဖျောက်ဘဲ နောက်မှ မဟုတ်ပါ ဟူသော အငြင်းကြိယာတလုံး သီးခြားထည့်၍ ပြောနိုင်၊ရေးနိုင်သည်။ (မြန်မာသဒ္ဒါ၏ ဝိသေသလက္ခဏာ)

ပုံစံ

(က) အရွေးမခံရသော ကဗျာများကို ပြန်ပို့လိမ့်မည် မဟုတ်ပေ။

(ခ) သတ်မှတ်ရက်လွန်မှ ရောက်သော မေးခွန်းများကို ဖြေကြားလိမ့်မည် မဟုတ်ပါ။
(ဂ) ညနေ ၄-နာရီတွင် ဆရာနှင့်တွေ့မှာ မဟုတ်ဘူး။
(ဃ) ၁၀-ရက်နေ့ဆို အမေတို့ပြန်ရောက်မှာ မဟုတ်ဘူး။
(င) သူတို့ က ငယ်တော့ မှတ်မိမှာ မဟုတ်ဘူး။

(၃) မေးခွန်းဝါကျ

၄၁၄။ ပြောဆိုဝါကျများနောက်ဆုံးတွင် အမေးပစ္စည်း၊ လား၊ လော၊ လဲ၊ နည်း၊တုံး-တို့ကို ဆက်ပေးလျှင် မေးခွန်းဝါကျ ဖြစ်သွားသည်။မြန်မာဘာသာတွင် အမေးပစ္စည်း သီးခြားရှိပြီးဖြစ်သောကြောင့် အမေးဝါကျနောက်တွင် မေးခွန်းအမှတ်လက္ခဏာ ထည့်ပြရန် မလိုချေ။ နှစ်ချောင်းပိုဒ်ပုဒ်မကြီးသာ ထား၍ ရေးရသည်။

မေးခွန်းဝါကျ နှစ်မျိုး

၄၁၅။ မေးခွန်းဝါကျသည်—

(က) အမေးပုဒ်မပါ လား၊ လော ပစ္စည်းဆုံးမေးခွန်း၊
(ခ) အမေးပုဒ်ပါ လဲ၊နည်း၊တုံး ပစ္စည်းဆုံးမေးခွန်း–

ဟူ၍ နှစ်မျိုးရှိသည်။

(က) အမေးပုဒ်မပါ မေးခွန်း

၄၁၆။ အမေးပုဒ်မပါသော မေးခွန်းအတွက် ထုတ်ဖော်ဝါကျ၏ အဆုံးတွင် လား၊လော ဟူသော အမေး ပစ္စည်းကို

ဆက်ထည့်ပေးရသည်။ အမေးပစ္စည်း ဆက်ပေးလိုက်သော အခါ—

(က) ကြိယာဝိဘတ် သည် (တယ်)က'သ'၊'၏' က'ရဲ့'၊ မည်(မယ်)က 'မ' မှာ ပြီ(ပီ)က 'ပ'-သို့ ပြောင်းသွားသည်လည်း ရှိ၏။

(ခ) ရံခါ ကြိယာဝိဘတ်များ လုံးဝကျေပျောက်သွားသည်လည်း ရှိ၏။

ပုံစံ

(၁) သင် ထမင်းဆာသလား။
(၂) သင် ထမင်းဆာလား။
(၃) သူတို့မန္တလေးကို သွားချင်ကြသလား။
(၄) သူတို့ မန္တလေးကို သွားချင်ကြလား။
(၅) မောင်မောင် ထမင်းစားပြီးပြီလား။
(၆) မောင်မောင် ထမင်းစားပြီးပလား။
(၇) မလှ ဈေးကိုသွားမည်လား။
(၈) မလှ ဈေးကိုသွားမလား။
(၉) နက်ဖြန် အမေတို့ ရောက်မှာလား။
(၁၀) ညနေလာရင် ဆရာနှင့်တွေ့မှာလား။
(၁၁) သူကို သိရဲ့လား။
(၁၂) သူကို သိလား။
(၁၃) သူကို သင် သိသလော။
(၁၄) သူတို့ ထမင်းစားပြီလော။
(၁၅) အဖေတို့ ညနေ ရောက်မည်လော။
(၁၆) သင်သည် သူကို သိပါ၏လော။

မှတ်ချက်။ လော-အမေးပစ္စည်းကြောင့် ကြိယာ ပြီ၊မည်၊ ၏-တို့ မပြောင်းလဲချေ။

အမေးပုဒ်ပါ မေခွန်း

၄၁၇။ အမေးပုဒ်ပါသော မေးခွန်းတွင် ပုစ္ဆာ နာမ်စား၊ ပုစ္ဆာနာမဝိသေသန၊ပုစ္ဆာကြိယာဝိသေသန-တို့ကို ရံခါ ဝါကျရှေ့ဆုံးတွင်ထားပြီး ရံခါ ကြိယာ၏ရှေ့တွင် ကပ်ထား၍ ဝါကျ၏အဆုံးတွင် အမေးပစ္စည်း လဲ၊ နည်း(တုံး) တခုခုကို ထည့်ပေးရသည်။ အထက်ပါအတိုင်း ကြိယာဝိဘတ်များကို ရံခါ သ၊ပ၊မ၊ မှာ-သို့ ပြောင်း၍ ရံခါ ၎င်းတို့ လုံးဝကျေပျောက်သွား၏။(နည်း-ပစ္စည်းကြောင့် ဝိဘတ်မကျေရ။ ပြီ-ကို ပ-သို့ မပြောင်းရ)

ပုံစံ

(က) မည်သူသည် စာမေးပွဲအောင်သနည်း။
(ခ) ဘယ်သူ စာမေးပွဲအောင်သလဲ။
(ဂ) ဘယ်သူ စာမေးပွဲအောင်လဲ။
(ဃ) ဘယ်သူ စာမေးပွဲ အောင်သတုံး။
(င) ဘယ်သူ စာမေးပွဲ အောင်တုံး။
(စ) ဘယ်နှစ်နာရီ ထိုးပြီနည်း။
(ဆ) ဘယ်နှစ်နာရီ ထိုးပြီလဲ။
(ဇ) ဘယ်နှစ်နာရီ ထိုးပလဲ။
(ဈ) ဘယ်နှစ်နာရီ ထိုးပြီတုံး။
(ည) ဘယ်နှစ်နာရီ ထိုးပတုံး။
(ဋ) အမေတို့ ဘယ်မှာ တည်းခိုကြမည်နည်း။

(ဌ) အမေတို့ ဘယ်မှာ တည်းခိုကြမည်လဲ။
(ဍ) အမေတို့ ဘယ်မှာ တည်းခိုကြမလဲ။
(ဎ) အမေတို့ ဘယ်မှာ တည်းခိုကြမှာတုံး။
(ဏ) အမေတို့ ဘယ်မှာ တည်းခိုကြမတုံး။

မှတ်ချက်။ ။အထက်ပါ ပုံစံ ၅-မျိုးတွင်(က) နှင့် (ခ) အပေါ် ၂-ဝါကျသည် အရေးပုံစံ ဖြစ်၍ (ဂ) (ဃ) နှင့် (င) အောက် ၃-ဝါကျ တို့သည် အပြောပုံစံများ ဖြစ်ပါသည်။

အမေးပုဒ်ပါ မေးခွန်းပုံစံအပြည့်အစုံကို ပုစ္ဆာနာမ်စား၊ ပုစ္ဆာနာမဝိသေသန၊ ပုစ္ဆာ ကြိယာဝိသေသန အခန်းများတွင် ပြန်ကြည့်ပါ။

ပြောဆိုဝါကျကို ပုစ္ဆာနာမ်စားဖြင့် မေးခွန်းပြောင်းပုံ

၄၁၈။ (က) အမေးပုဒ်ပါသော မေးခွန်းဝါကျဖြစ်ရန် ထုတ်ဖော်ဝါကျတွင် မေးလိုသော ကတ္တားပုဒ်၊ ကံပုဒ်၊ ဆိုက်ရောက်ရာပုဒ် စသည်တို့တွင်—

(၁) လူ နာမ် နာမ်စားပုဒ်ကို ဖျောက်ကာ ၎င်းအစား မည်သူ၊ ဘယ်သူ ဟူသော ပုစ္ဆာနာမ်စားကို ထည့်၍၎င်း၊
(၂) အရာဝတ္ထု၊ တိရစ္ဆာန် နာမ်၊ နာမ်စားကို ဖျောက်ကာ ၎င်းအစား ဘာ၊ ဘယ်ဟာဟူသော ပုစ္ဆာနာမ်စားကို ထည့်၍၎င်း၊
(၃) အတိတ်အချိန်ပြပုဒ်ကို ဘယ်တုန်းက ထည့်၍၎င်း၊ အနာဂတ်အချိန်ပြပုဒ်ကို ဘယ်တော့ ထည့်၍၎င်း

မေးခွန်း ဝါကျ ဖြစ်အောင် အောက်ပါအတိုင်း ပြောင်းလဲနိုင်သည်—

ပုံစံ

(က) မောင်မောင်သည် ကျောင်းသို့ သွားသည်။
မည်သူသည် ကျောင်းသို့ သွားသနည်း။
(ခ) မောင်မောင်သည် ကျောင်းသို့ သွားသည်။
မောင်မောင်သည် ဘယ်သို့ သွားသနည်း။
(ဂ) မလှသည် စာအုပ်ကို ဝယ်ခဲ့၏။
မလှသည် ဘာကို ဝယ်ခဲ့သနည်း။
(ဃ) မမြင့် ဈေးမှာ ရှိသည်။
မမြင့် ဘယ်မှာ ရှိသလဲ။
(င) မမြင့် ဈေးက ပြန်လာသည်။
မမြင့် ဘယ်က ပြန်လာသလဲ။
(စ) မောင်ဘသည် စာကို ခဲတံဖြင့် ရေး၏။
မောင်ဘသည် စာကို ဘာဖြင့် ရေးသလဲ။
(ဆ) အမေတို့ မနက်က ဘုရားသို့ သွားသည်။
အမေတို့ ဘယ်တုန်းက ဘုရားသို့ သွားသလဲ။
(ဇ) အဖေ ညနေမှာ ဂန္ဓာရအနုပညာပြပွဲသို့ သွားမည်။
အဖေ ဘယ်တော့ ဂန္ဓာရ အနုပညာပြပွဲ သွားမည်လဲ။

(ဈ) ကျွန်တော်တို့ တွံတေးကို သင်္ဘောနှင့် သွားမည်။
ကျွန်တော်တို့ တွံတေးကို ဘာနှင့် သွားမည်နည်း။

(ည) မောင်မောင် ဖျာပေါ်မှာ ထိုင်နေ၏။

(၁) မောင်မောင် ဘယ်မှာ ထိုင်နေသလဲ။

(၂) မောင်မောင် ဘယ်ပေါ်မှာ ထိုင်နေသလဲ။

(ဋ) မလှ အခန်းထဲမှာ အိပ်နေသည်။

(၁) မလှ ဘယ်မှာ အိပ်နေသနည်း။

(၂) မလှ ဘယ်ထဲမှာ အိပ်နေသနည်း။

(ဌ) မောင်ခင်သည် ဆရာ၏ စာအုပ်ကို ဖတ်နေ၏။
မောင်ခင်သည် ဘယ်သူ၏ စာအုပ်ကို ဖတ်နေသနည်း။

မှတ်ချက်။ ပုံစံ (ည) (ဋ)တွင် (၂)ပုံစံများမှာ ပုစ္ဆာနာမဝိသေသနပုံစံများ ဖြစ်၏။

ပုစ္ဆာနာမဝိသေသန အစားထည့်မေးပုံ

၄၁၉။ နာမ်နာမဝိသေသနပုဒ်အစား 'ဘာ'၊ ဂုဏ်နှင့်အညွှန်းနာမဝိသေသနပုဒ်အစား 'ဘယ်'၊ သင်္ချာနာမဝိသေသနအစား 'ဘယ်နှစ်'၊ ပမာဏ နာမဝိသေသန အစား 'ဘယ်လောက်'ကို အစားသွင်း၍ အောက်ပါအတိုင်း အမေးဝါကျ ပြောင်းလဲရမည်။

ပုံစံ

(က) ကြည်ကြည်သည် ကာတွန်းစာအုပ်ကို ဖတ်နေ၏။
ကြည်ကြည်သည် ဘာစာအုပ်ကို ဖတ်နေသလဲ။

(ခ) မေမေသည် ကြက်သားဟင်းကို ချက်နေ၏။
မေမေသည် ဘာဟင်းကို ချက်နေသလဲ။

(ဂ) ခင်မောင်လွင် ဖောင်တိန်အသစ်ကို လိုချင်၏။
ခင်မောင်လွင် ဘယ်ဖောင်တိန်ကို လိုချင်သလဲ။

(ဃ) စီစီသည် ပိုင်းလော့ဖောင်တိန်ကို ဝယ်ခိုင်း၏။
စီစီသည် ဘာဖောင်တိန်ကို ဝယ်ခိုင်းသနည်း။

(င) ကျောင်းသား လေးယောက် စာမေးပွဲ ရှုံး၏။
ကျောင်းသား ဘယ်နှစ်ယောက် စာမေးပွဲရှုံးသလဲ။

(စ) လေ့ကျင့်ခန်း ၁၀-ပုဒ် ရေးပြီးပြီ။
လေ့ကျင့်ခန်း ဘယ်နှစ်ပုဒ် ရေးပြီးပြီလဲ။

(ဆ) ဒေါ်လှသည် ဆီ ၁၀-ပိဿာ ဝယ်ခဲ့၏။
ဒေါ်လှသည် ဆီဘယ်နှစ်ပိဿာ ဝယ်ခဲ့သနည်း။

(ဇ) ဦးထွန်းသည် ဆန်အချို့ကို ရောင်းလိုက်သည်။
ဦးထွန်းသည် ဆန်ဘယ်လောက်ကို ရောင်းလိုက်သလဲ။

(ဈ) ကြည်ကြည်သည် မုန့်အနည်းငယ်ကို စားချင်၏။
ကြည်ကြည်သည် မုန့် ဘယ်လောက်ကို စားချင်သလဲ။

ပုစ္ဆာကြိယာဝိသေသန အစားထည့်မေးပုံ

၄၂၀။ နည်းနာကြိယာဝိသေသနအစား 'ဘယ်လို' 'မည်ကဲ့သို့'၊ ပမာဏကြိယာဝိသေသနအစား 'ဘယ်နှစ်ကြိမ်' 'ဘယ်လောက်'၊ ခွဲခြေကြိယာဝိသေသနအစား 'ဘယ်လောက်စီ'-ဟူသော ပုစ္ဆာကြိယာဝိသေသနပုဒ်များဖြင့် မေးခွန်းဝါကျ ပြောင်းပေးရမည်။

ပုံစံ

(က) ဒေါ်မြသည် ကျယ်လောင်စွာ စကားပြော၏။
ဒေါ်မြသည် ဘယ်လို စကားပြောသနည်း။

(ခ) ကြည်ကြည်သည် လက်ရေးကို လှပစွာ ရေး၏။
ကြည်ကြည်သည် လက်ရေးကို မည်ကဲ့သို့ ရေးသနည်း။

(ဂ) စီစီသည် စာကို အလွန် ကြိုးစား နေ၏။
စီစီသည် စာကို ဘယ်လောက် ကြိုးစားနေသလဲ။

(ဃ) မောင်မောင်သည် အောင်မှတ် ရရှိသော စာ ကျက်သည်။
မောင်မောင်သည် မည်မျှ စာကျက်သနည်း။

(င) ဦးမြသည် မန္တလေးသို့ သုံးခေါက် ရောက်ဘူး၏။
ဦးမြသည် မန္တလေးသို့ ဘယ်နှစ်ခေါက် ရောက်ဘူးသနည်း။

(စ) ဗုဒ္ဓဘာသာဝင်တို့သည် တနေ့လျှင် ဘုရားကို သုံးကြိမ် ရှိခိုး၏။

ဗုဒ္ဓဘာသာဝင်တို့သည် တနေ့လျှင် ဘုရားကို ဘယ်နှစ်ကြိမ် ရှိခိုးသနည်း။

(ဆ) အလုပ်သမားတယောက်လျှင် ပိုက်ဆံ ၁၀၀ိ-စီ ရ၏။
အလုပ်သမားတယောက်လျှင် ပိုက်ဆံ ဘယ်လောက်စီ ရသလဲ။

(ဇ) ကလေးတယောက်ကို သကြားလုံး ၃-လုံးစီ ဝေ၏။
ကလေးတယောက်ကို သကြားလုံး ဘယ်လောက်စီ ဝေသနည်း။

မှတ်ချက်။ ကြိယာဝိသေသနအခန်းတွင် ပြခဲ့သော ပုံစံများကို အမေးဝါကျ ပြောင်းကြည့်ပါ။

(ဂ) ငြင်းဆိုမေးခွန်းဝါကျ

၄၂၁။ ငြင်းဆိုဝါကျ၏ အငြင်းပစ္စည်း ဘူး-နောက်တွင် 'လော'၊ 'လား' ထည့်လိုက်လျှင် အောက်ပါအတိုင်း ငြင်းဆို မေးခွန်းဝါကျ ဖြစ်သွား၏—

ပုံစံ

(က) မောင်မောင် ကျောင်းကိုမသွားဘူးလား (လော)။
(ခ) မလှ စာမရေးဘူးလော (လား)။
(ဂ) အဖေ ထမင်းမစားတော့ဘူးလော (လား)။
(ဃ) အမေတို့ မနေ့က ပြန်မရောက်ဘူးလား။
(င) ကျောင်းကို ဘယ်သူ မလာဘူးလဲ။
(စ) သူတို့ ဘာကြောင့် ထမင်းမစားသလဲ။

(ဆ) မမြ မြို့ကို မသွားတော့ဘူးလော။
(ဇ) နက်ဖြန် ဆရာတို့ မလာဘူးလော။
(ဈ) မောင်ခင်တို့ ထမင်း မစားရသေးဘူးလော။
(ည) အမေ ဈေးကို မသွားဘူးလော(လား)။

ရေလာမြောင်းပေးမေးခွန်း

၄၂၂။ ဖြေဆိုသူထံမှ ထုတ်ဖော်ဝါကျအဖြေကို မြှော်လင့်သောအခါ ထုတ်ဖော်ဝါကျနောက်တွင်'မဟုတ်လား'-ကို ဆက်မေး၍ ငြင်းဆိုဝါကျအဖြေကို မြှော်လင့်သောအခါ ငြင်းဆိုဝါကျနောက်တွင် 'ဟုတ်လား'ကို အောက်ပါအတိုင်း ဆက်၍ မေးရသည် (အပြောတွင်သုံး၏)—

ပုံစံ

(က) မင်း ငါ့စာအုပ် ယူသွားတယ် မဟုတ်လား။
(ခ) ကြောင်အိမ်ထဲကမုန့် မင်းစားလိုက်တယ် မဟုတ်လား။
(ဂ) ဦးမြနဲ့ တွေ့ခဲ့တယ် မဟုတ်လား။
(ဃ) ပိုက်ဆံကော ရခဲ့ရဲ့ မဟုတ်လား။
(င) မင်း စာမေးပွဲ မအောင်ဘူး ဟုတ်လား။
(စ) ပိုက်ဆံ မရခဲ့ဘူး ဟုတ်လား။

မှတ်ချက်။ မဟုတ်လားနှင့် ဟုတ်လား နှစ်မျိုးလုံးကို မှုတ်လားဟု တမျိုးတည်း ပြောနေကြသည်။ သူ့ကို သိတယ် မှုတ်လား၊ ပိုက်ဆံ မရဘူး မှုတ်လား၊ ဖျားနေပြီ မှုတ်လား၊စာမေးပွဲ မအောင်ဘူး မှုတ်လား။

အမေးပုဒ်မပါ မေးခွန်းကိုဖြေခြင်း

၄၂၃။ **လား၊လော-ဆုံးသော မေးခွန်းများကို ပြန် ဖြေသောအခါ—**

(က) မေးသည့်အတိုင်း ဟုတ်လျှင် ဟုတ်ကဲ့၊အင်း၊ အေး-ဟူသော ဝန်ခံပုဒ် တလုံးတည်းဖြင့် ဖြစ်စေ၊ ဟုတ်ကဲ့၊ အင်း၊ အေးနှင့် ဝါကျတခုလုံး အပြည့်အစုံဖြင့် ဖြစ်စေ ဖြေဆိုနိုင်သည်။

(ခ) မေးသည့်အတိုင်း၊ မဟုတ်လျှင် ဟင့်အင်းဟူသော အငြင်းပုဒ်တလုံးထဲ ဖြစ်စေ၊ ဟင့်အင်းနှင့် အငြင်းကြိယာပါ ဖြစ်စေ၊ ဟင့်အင်းနှင့် ဝါကျအပြည့်ဖြစ်စေ ပြန်ဖြေနိုင်သည်။ ဟုတ်ကဲ့၊ ဟင့်အင်း နောက်တွင် မေးသူကို ပြန်ခေါ်၍လည်း ပြောနိုင်သည်။

(၁) မင်း ထမင်းစားပြီးပလား။
ဟုတ်ကဲ့ (အင်း၊ အေး)၊ (ဟုတ်ကဲ့ အမေ)။
ဟုတ်ကဲ့၊ စားပြီးပါပြီ။
ဟုတ်ကဲ့၊ ကျွန်တော် ထမင်းစားပြီးပါပြီ။
ဟင့်အင်း၊ မစားရသေးဘူး။
ဟင့်အင်း၊ကျွန်တော် ထမင်း မစားရသေးဘူး။
မစားရသေးဘူး မေမေ။

(၂) မင်း ထမင်းမစားရသေးဘူးလား။
ဟင့်အင်း။
ဟင့်အင်း၊ စားပြီးပြီ။

PDF CREATOR - NYEYADHAMMA@GMAIL.COM

ဟင့်အင်း၊ ကျွန်တော် ထမင်းစားပြီးပါပြီ။
ဟုတ်ကဲ့။
ဟုတ်ကဲ့၊ မစားရသေးပါဘူး။
ဟုတ်ကဲ့၊ ကျွန်တော် ထမင်းမစားရသေးဘူး။
အေး၊ မစားရသေးဘူး။

မှတ်ချက်။ ငြင်းဆိုမေးခွန်းကို ဟင့်အင်းဟု ငြင်းလိုက်ခြင်းဖြင့် ထုတ်ဖော်ဝန်ခံရာ ရောက်သွားပြီး ငြင်းဆိုမေးခွန်းကို ဟုတ်ကဲ့ဟု ဝန်ခံလိုက်ခြင်းဖြင့် ငြင်းဆိုသည့်သဘော ရောက်သွားပါသည်။ မြန်မာဝါကျသည် ဂျပန်ဝါကျနှင့် သွားတူပါသည်။ အင်္ဂလိပ်၊ ဂျာမန်၊ ပြင်သစ်တို့က ဟုတ်ကဲ့-နောက်မှာ ပြောဆိုဝါကျ၊ ဟင့်အင်း-နောက်မှာ ငြင်းဆိုဝါကျ လိုက်ကြပါသည်။ (အထူးသတိပြုရန်)

အမေးပုဒ်ပါမေးခွန်းကို ဖြေဆိုခြင်း

၄၂၄။ လဲ၊ နည်း-ဆုံးသော မေးခွန်းများကို ဟုတ်ကဲ့၊ ဟင့်အင်း မခံဘဲ တိုက်ရိုက်ဖြေရသည်။

(က) သင် ဘယ်က လာသနည်း(လဲ)။
ကျွန်တော် အိမ်က လာပါသည်။

(ခ) သူ ဘယ်တော့ ပြန်မည်နည်း (လဲ)။
သူ ညနေမှာ ပြန်ပါမည်။

PDF CREATOR - NYEYADHAMMA@GMAIL.COM

ဝါကျ-၁

ဝါကျတိုဖွဲ့နည်းများ

၄၂၅။ အထက်ပါ ဝါကျ(ဂ)မျိုးအနက် တမျိုးတမျိုးလျှင် ရေးပုံ၊ ပြောပုံအရ ဝါကျတိုနှင့် ဝါကျရှည်ဟု နှစ်မျိုးစီရှိ၏။ ဝါကျ အတို-အရှည်ကို လက်မ၊ ပေ၊ စင်တီမီတာ စသည်ဖြင့် တိုင်း၍ မရ။ စာကြောင်းအတို-အရှည် စာလုံးရေအနည်း-အများဖြင့်လည်း တိုင်းတာ၍ မရ။ စာလုံးရေ နည်း၍ စာကြောင်းတိုသော ဝါကျရှည် ရှိသကဲ့သို့ စာလုံးရေ များ၍ စာကြောင်းရှည်သော ဝါကျတိုလည်း အောက်ပါအတိုင်း ရှိနိုင်၏—

ပုံစံ

(က) ကျွန်တော် ညနေ လေးနာရီမှာ ကလေးများနှင့် အတူ ခင်ဗျားဆီသို့ လာခဲ့မည်။ (ဝါကျတို)
(ခ) ခင်ဗျား ထမင်းစားပြီးမှ လိုက်ခဲ့ပါ။ (ဝါကျရှည်)
(ဂ) ကျွန်တော် လူမမာကို ဆေးရုံသို့ ကားဖြင့် ပို့ပေးလိုက်ပါသည်။ (ဝါကျတို)
(ဃ) သင် ကြိုးစားလျှင် အောင်မြင် နိုင်ပါသည်။ (ဝါကျရှည်)
(င) မောင်လှ ဆေးတိုက်သို့ သွား၏။ (ဝါကျတို)
(စ) မောင်လှ နေမကောင်းသောကြောင့် ဆေးတိုက်သို့ သွား၏။ (ဝါကျရှည်)

၄၂၆။ ထိုသို့ ဝါကျတိုသည် ပမာဏအားဖြင့် ရှည်နေသကဲ့သို့ ဝါကျရှည်သည်လည်း ပမာဏအားဖြင့် တိုနေသည်

လည်း ရှိပါသည်။ သို့ရာတွင် အများအားဖြင့် ဝါကျတိုသည် ထိုဒါများ၍ ဝါကျရှည်သည် ရှည်ဒါများသောကြောင့် ၁၉၃၅-ခုနှစ် ခေတ်စမ်းစာပေပေါ် စက စ၍ တွင်ကျယ်ခဲ့သော ဝါကျတို၊ ဝါကျရှည် ဟူသော ဝေါဟာရကို အသုံးပြုထားပါသည်။ ထို့ကြောင့် ဝါကျတို၊ ဝါကျရှည်ကို ဝါကျ၏ ပမာဏဖြင့် မခွဲဘဲ အောက်ပါ အဓိပ္ပါယ်သတ်မှတ်ချက်အရ ခွဲခြားထားသည်ဟု မှတ်သားရပါမည်။

ဝါကျတို

၄၂၇။ ကတ္တားနှင့် အဆုံးသတ်ကြိယာ တခုသာ ပါသော ဝါကျကို ဝါကျတိုဟု ခေါ်သည်—

ပုံစံ

(က) ငှက်သည် ပျံ၏။
(ခ) ငါးသည် ရေကူး၏။
(ဂ) လူသည် ခွေးကို ထုဘ်ဖြင့် ရိုက်သတ်၏။
(ဃ) ဦးမြ တနင်္ဂနွေနေ့က မန္တလေးမှ ပြန်လာသည်။

ဝါကျရှည်

၄၂၈။ ဝါကျ ၂-၃-၄-၅-ခုတို့ အနက် ရှေ့ကြိယာများအဆုံးတွင် ဝိဘတ်၊ ပစ္စည်း၊ သမ္ဗန္ဓ တခုခု ထည့်ဆက် ရေး၍ နောက်ဆုံး ကြိယာတွင်သာ ကြိယာဝိဘတ်တလုံးဖြင့် အဆုံးသတ်ရေး၊ ပြောသော ဝါကျကို **ဝါကျရှည်**ဟု ခေါ်၏။

ပုံစံ

၄၂၉။ ဤသို့ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးသော် လေးဆဲ့ကိုးရက်ပတ်လုံး သတ္တဌာနဌ် နေတော်မူပြီးမှ ရာဇာယတန-က ပြန်တော်မူ၍ အဇပါလ ညောင်ပင်အနီး၌ နေတော်မူသော အခါ တရားတော်၏ နက်နဲသိမ်မွေ့သောအဖြစ်ကို ဆင်ခြင်၍ တရား ဟောတော်မူလိုသော စိတ်တော် ရှိသည်ဖြစ်၍ စကြဝဠာတသောင်းမှ လာကုန်သော နတ်ဗြဟ္မာအပေါင်းတို့နှင့်တကွ သဟံပတိ ဗြဟ္မာမင်းသည် မြင့်မိုရ်တောင်လုံးလောက်ရှိသော ရဘနာပန်းကုံးဖြင့်ပူဇော်၍ တရားဟောခြင်းငှါ တောင်းပန်သည်ရှိသော် ကျွတ်ထိုက်သော သတ္တဝါတို့ ရှိသောအဖြစ်ကို မြင်တော်မူ၍ ခွင့်ပြုတော်မူပြီးမှ ရှေးဦးစွာ တရားဟောထိုက်သော သူကို ကြည့်တော်မူလတ်သော် အာဠာရ၊ ဥဒကတို့၏ စုတေသောအဖြစ်ကို သိတော်မူ၍ ပဉ္စဝဂ္ဂီငါးယောက်တို့၏ ကျေးဇူးကို ဆင်ခြင်တော်မူပြီးမှ ဗာရာဏသီပြည်သို့ ကြွတော်မမူခင် အခြားသောရက်တို့၌ ဗောဓိပင်နှင့်နီးသောရွာတို့၌ ဆွမ်းခံ၍ နေတော်မူသည်။ (ဝါကျရှည် တဝါကျ)

မဟာရာဇဝင်ကြီး၊ ပ–၂၉။

မြန်မာဝါကျဖွဲ့ထုံး

၄၃၀။ မြန်မာဘာသာတွင် ဆဲန်းတင့်(စ်)၊ သို့မဟုတ် စထရပ်က်ချားဟု ခေါ်သော ဝါကျဖွဲ့ထုံး ရှိပါသလော။ ဤမေးခွန်းကို အင်္ဂလိပ်လူမျိုး မကွေးခရိုင် ဝန်ရှင်တော်မင်းကြီးချော်မလဲ(အိုင်၊စီ၊အက်)က မြန်မာပညာရှိ ပုဂံဝန်ထောက်မင်း

ဦးတင်အား မေးဘူး၏။ ၁၈၉၈-ခုနှစ်တွင် အင်္ဂလိပ်ပညာရေး အရာရှိများ ပြုစုထုတ်ဝေသည့် မြန်မာဘာသာ စာသင်ကျောင်းပြုစုမှု စာအုပ် စာမျက်နှာ ၁၁၇ တွင် "မြန်မာဘာသာ စာစီစာကုံး ရေးနည်း၊ ရေးထုံးတွင် ဆုံးဖြတ်ချက်မရှိ" ဟု မှားယွင်းစွာ ဖြေဆို ဆုံးဖြတ်ထား၏။ မြန်မာဘာသာတွင် ရေးထုံး၊ ပြောထုံး ပုံသေ ဥပဒေသ မရှိ။ သဒ္ဒါနည်း စနစ်တကျ မရှိ။ ရေးချင်၊ ပြောချင်သလို ရေး၊ ပြော၍ရသော အရိုင်းဘာသာ စကား ဖြစ်လေဟန် မြန်မာလူမျိုးတို့ကို နှိမ်ချ၍ မေးထား၊ ဖြေထားခြင်းသာ ဖြစ်ပေသည်။

၄၃၁။ မြန်မာဘာသာတွင် ရေးထုံး၊ ပြောထုံး ပုံသေ ဥပဒေသ ရှိပါသည်။ သို့ရာတွင် အနောက်တိုင်း သဒ္ဒါ ဥပဒေသ ဝါကျဖွဲ့ထုံးများကဲ့သို့ "ဤသို့သာ ရေးရ၊ ပြောရမည်။ ထိုသို့ မရေးရ မပြောရ" ဟု တင်းကြပ် မာကြောသော ဥပဒေသမျိုး မရှိ။ ရှိဘို့ မလိုသောကြောင့် မရှိခြင်း ဖြစ်၏။ ပူးတွဲ ဘာသာမျိုး ဖြစ်သော မြန်မာဘာသာစကားတွင် ဝိဘတ်၊ ပစ္စည်းတို့ ပေါများ ကြွယ်ဝသဖြင့် အဓိပ္ပါယ် တခုကို စကားလုံး ရှေ့နောက် အစီအစဉ် အမျိုးမျိုး ထားကာ ဝါကျအမျိုးမျိုး ဖွဲ့စည်းနိုင်လောက်အောင် ပျော့ပျောင်း၏။

ပုံစံ

(က) သူသည် အခန်းထဲမှာ ဓားဖြင့် သူခိုးကို ထိုး၏။
(ခ) အခန်းထဲမှာ သူသည် သူခိုးကို ဓားဖြင့် ထိုး၏။
(ဂ) သူသည် ဓားဖြင့် သူခိုးကို အခန်းထဲမှာ ထိုး၏။
(ဃ) ဓားဖြင့် သူသည် သူခိုးကို အခန်းထဲမှာ ထိုး၏။

(င) သူသည် ဓားဖြင့် သူခိုးကို အခန်းထဲမှာ ထိုး၏။
(စ) ဓားဖြင့် သူခိုးကို အခန်းထဲမှာ သူထိုးလိုက်သည်။
(ဆ) သူခိုးကို ဓားဖြင့် အခန်းထဲမှာ သူထိုးလိုက်သည်။
(ဇ) ဓားဖြင့် အခန်းထဲမှာ သူခိုးကို သူက ထိုးသည်။

၄၃၂။ အထက်ပါပုံစံတို့တွင် အကြောင်းအရာ အဓိပ္ပါယ် တမျိုးတည်းကို ကတ္တား၊ ကံနေရာ အသုံးခံပုဒ်မျိုး ထား၍ ပြောနိုင်၊ ရေးနိုင်၏။ ထိုသို့ ပြောနိုင်၊ ရေးနိုင်လောက်အောင် ပျော့ပျောင်းမှုအတွက် ဂုဏ်ယူဝင့်ကြွားစရာ ဖြစ်၏။ ဝိဘတ် ကြွယ်ဝ၍ ဝါကျဖွဲ့ပုံ ပျော့ပျောင်းသော မြန်မာဘာသာ၏ ဂုဏ်ရည်ကို သဘောမပေါက်သော ဥရောပသားတို့က မြန်မာဘာသာတွင် ရေးထုံးဥပဒေသ မရှိဘဲ ပြော၍ရသော စည်းမဲ့ကမ်းမဲ့ဘာသာမျိုးဟုကောက်ချက်ချခဲ့ကြ၏။ ကတ္တားဝိဘတ်၊ ကံဝိဘတ်၊ လက်ခံဝိဘတ်တို့ မရှိသဖြင့် ဝါကျတွင်း၌ နေရာ ပုံသေထား၍ ရေးရ၊ ပြောရသော မိမိတို့ အနောက်တိုင်း ဘာသာစကားများကို စည်းကမ်း ဥပဒေသ တင်းကြပ်လေဟန် ဂုဏ်ယူပြောဆိုတတ်ကြ၏။ စင်စစ်အားဖြင့် "ဝိဘတ် မစုံလင်၍ ဝါကျတွင်းရှိ တည်နေရာကို အားကိုးနေရသော ဘာသာထက် ဝိဘတ်စုံလင်၍ ရှေ့နောက် အစီအစဉ် ထားချင်သလိုထား၍ ရေးနိုင်၊ ပြောနိုင်သော မြန်မာဘာသာ ကသာ အဆင့်မြင့် ဂုဏ်ယူဘွယ် ဖြစ်ကြောင်း" ကိုကား ဘာသာဗေဒပညာ လေ့လာ လိုက်စားသူများသာ သိရှိကြပေသည်။

၄၃၃။ မြန်မာဘာသာစကားသည် ဝိဘတ် ပြည့်စုံသောကြောင့် ဝါကျစီကုံးရာတွင် ပုဒ်များကို နေရာရွေးနေစရာမလို၊

ရှေ့-နောက် ထားချင်သလို ထားနိုင်သည် ဆိုသော်လည်း အကြောင်းမဲ့ ရှေ့-နောက်စီစဉ်ကြသည် မဟုတ်။ အလေးအနက် ထားလိုရင်း၊ အဓိက သိစေလိုရင်းကို ရှေ့ဆုံးတင်၍ ရေးလေ့၊ ပြောလေ့ရှိကြပေသည်။ ကတ္တားကို အဓိကသိစေလိုလျှင် ကတ္တားကို ရှေ့ဆုံး၊ ကံ, အသုံးခံ, နေရာပြ, အချိန်ပြ ပုဒ်များအနက် မိမိတို့ အဓိကထားလိုရာကို ရှေ့ဆုံးက ထား၍ ရေး၊ ပြောလေ့ရှိကြလေသည်။

၄၃၄။ အောက်ပါ ဝါကျဖွဲ့ထုံး ပုံစံများမှာ ယေဘုယျအများရေးထုံးများ ဖြစ်ပါသည်။ ထိုအစီအစဉ် အတိုင်းသာ အမြဲရေးရမည်ဟု မဆိုလိုပါ။ ထို့ကြောင့် ရေးရ၊ ပြောရမည်ဟု တထစ်ချ ပုံသေကားကျ မရေးဘဲ အများအားဖြင့် ရေး၊ ပြောလေ့ရှိကြသည်ဟုသာ ရေးပြထားပါသည်။ ကြိယာပုဒ်ကို ဝါကျနောက်ဆုံးမှာ ထားရမည်၊ ကျန်ပုဒ်များမှာ အလေးအနက်ထားလိုရာကို ဦးစားပေး၍ ရှေ့နောက် ပြောင်းလဲ ရေးနိုင်၊ ပြောနိုင်သည်ဟု မှတ်ယူရန်ဖြစ်ပါသည်။

ဝါကျတို့ ဖွဲ့နည်း ၂၀

၄၃၅။ မြန်မာဘာသာတွင် ကတ္တား၊ ကံ၊ ကြိယာ-စသည်တို့၏ နေရာပြောင်းလဲပုံအရ ဝါကျဖွဲ့နည်း ၂၀ ရှိ၏။

(၁) ကြိယာတလုံးတည် ဖြင့် ဝါကျဖွဲ့နည်း

၄၃၆။ စေခိုင်း တောင်းပန် ဝါကျတခုကို ကြိယာတလုံးတည်းဖြင့် ဖွဲ့စည်းနိုင်သည်။

ပုံစံ

(က) လာပါ။

(ခ) ထိုင်ပါ။

(ဂ) သွားတော့။

(ဃ) စောင့်ပါဦး။

(၂) ကတ္တား-ကြိယာဖြင့် ဝါကျဖွဲ့နည်း

၄၃၇။ ကတ္တားပုဒ်နှင့် ကြိယာပုဒ် နှစ်ခုသာ ပါဝင်သော ဝါကျတွင် ကတ္တားပုဒ်ကို ရှေ့၊ ကြိယာပုဒ်ကို နောက် ထားရမည်။ (ဂုဏ်ရည်ကြိယာနှင့် ကံပုဒ်မပါ ကြိယာများ ဖြစ်၏။)

ကတ္တား	ကြိယာ
ငါးများ	ရေကူး၏။
ငှက်များ	ပျံသည်။
ကလေး	ငိုနေ၏။
အမေ	အိပ်နေသည်။
မောင်ခင်	လိမ္မာ၏။
မမြသည်	လှ၏။

(၃) ကံ-ကြိယာဖြင့် ဝါကျဖွဲ့နည်း

၄၃၈။ ကံပုဒ်နှင့်ကြိယာပုဒ် နှစ်ခုသာပါသော ဝါကျတွင် ကံပုဒ်ကို ပထမ၊ ကြိယာပုဒ်ကို ဒုတိယ ထား၍ ရေးရ၊ ပြောရမည်။

ကံပုဒ်	ကြိယာ
စာကို	ကြိုးစားပါ။
ကလေးတွေကို	သိပ်ပါ။
ကားကို	ရောင်းလိုက်ပြီ။
အမေကို	တွေ့သလား။

အဖြည့်ခံကြိယာ

၄၃၉။ ကတ္တားဖြည့်ပုဒ်၊ ကံဖြည့်ပုဒ် ပါရှိမှ အဓိပ္ပါယ်ပြည့်စုံသော ကြိယာကို အဖြည့်ခံကြိယာဟုခေါ်၏။ အဖြည့်ခံကြိယာသည်—

(က) ကတ္တားဖြည့်ပုဒ်သို့ အဖြည့်ခံကြိယာနှင့်
(ခ) ကံဖြည့်ပုဒ်လို အဖြည့်ခံကြိယာ–

ဟု နှစ်မျိုးရှိ၏။

(က) ကတ္တားဖြည့်ပုဒ်လို အဖြည့်ခံကြိယာအချို့

ဖြစ်သည် =မှာ....ရှိသည်၊ မှာ....ပါသည်။
အချိန်အတွယ် =စီး၏၊ လေး၏။
အခြင်အတွယ် = ...ရှိ၏၊ ဆံ့၏၊ ဝင်၏။
အတိုင်းအတာ =ကျယ်၏၊ရှည်၏၊မြင့်၏၊နက်၏၊ဝေး၏။

ကတ္တားနောက်မှာ ကတ္တားဖြည့်ပုဒ်လာ

၄၅၁။ ကတ္တားဖြည့်ပုဒ်များကို ကတ္တားပုဒ်၏နောက်တွင်ထား ရေးရ၏။

ကတ္တား	အဖြည့်ကတ္တား	ကြိယာ
ဦးလှသည်	ဆရာ	ဖြစ်၏။
မောင်မြသည်	စာရေး	ဖြစ်သည်။
ဦးတင်မှာ	အိမ်	ရှိ၏။
ဒေါ်တင်မှာ	ကား	ပါသည်။
မောင်မြသည်	ခြောက်ပေ	မြင့်၏။
သေတ္တာသည်	ပေါင်-၅၀	လေး၏။
ကြိုးစသည်	၈-ပေ	ရှည်၏။
ရေတွင်းသည်	၁၅-တောင်	နက်၏။
အခန်းသည်	ပေ-၂၀	ကျယ်၏။

ကတ္တားဖြည့်နောက် ကပ်လျက် ပစ္စည်းဆက်

၄၅၂။ မြန်မာဘာသာတွင် ဖြစ်၏၊ ဖြစ်သည် ကြိယာများကို မြုပ်၍ အဖြည့်ကတ္တားပုဒ်နောက်တွင် ပါ၊ တည်း၊ ပေါ့၊ လေ၊ ကိုး-ဟူသော ပစ္စည်းများ ကပ်၍ ရေးလေ့ရှိ၏။

ကတ္တား	ကတ္တားဖြည့်
သူက	မောင်လှပါ။
မောင်လှဟာ	ကျွန်တော့်ညီပါ။
ဦးလှကား	ဆရားတည်း။
ဤကား	အဓိပ္ပါယ်တည်း။
ဒါ	သူ့ဆရာပေါ့။
ဟိုဟာ	သူ့အမေလေ။
မောင်လှဟာ	သူ့သားကိုး။

ကတ္တားနှင့်ကံ ရှေ့-နောက်ပြန်

၄၅၃။ ကတ္တား၊ကံ နှစ်ခုပါဝင်သော ဝါကျတွင် ကတ္တား ရှေ့၊ ကံ-နောက် ဖြစ်စေ၊ ကံ-ရှေ့၊ကတ္တား-နောက် ဖြစ်စေ ထား၍ရေးနိုင်သည်။

ကတ္တား	ကံ	ကြိယာ
မောင်လှသည်	စာအုပ်ကို	ဝယ်ခဲ့၏။
မမြသည်	ထမင်းကို	ချက်နေသည်။
ဆရာသည်	ကော်ဖီကို	သောက်နေ၏။

ကံ	ကတ္တား	ကြိယာ
စာအုပ်ကို	မောင်လှ	ဝယ်နေ၏။
ထမင်းကို	မမြ	ချက်နေသည်။
ကော်ဖီကို	ဆရာ	သောက်နေ၏။

ကံပုဒ်နောက်မှာ ကံဖြည့်လာ

၄၅၄။ ကံဖြည့်ပုဒ်ကို ကြိယာရှေ့တွင်၊ ကံပုဒ် နောက်တွင် ထား၍ ရေးရ၊ပြောရ၏။ ရံခါ အဖြစ်-ဟူသော နာမ်နှင့် ပေါင်းစပ်နာမ်ဖွဲ့၍ ရေးကြ၏။ အချို့ ကံဖြည့်ပုဒ်နောက်တွင် လို့၊ဟု-ဟူသော ကံတူဖြည့်ပစ္စည်းတခုခု လိုက်ပါ၍ ရေး၊ ပြောကြ၏။

ကတ္တား	ကံ	ကံဖြည့်	ကြိယာ
လူထုက	ဦးမြကို	ကောင်စီဝင် (အဖြစ်)	ရွေး၏။
ပရိသတ်က	ဦးလှကို	သဘာပတိ (အဖြစ်)	မြှောက်၏။
ညွန်ကြားရေးမှူးက	ဦးထွန်းကို	မန်နေဂျာ (အဖြစ်)	ခန့်၏။
ပန်းထိမ်ဆရာသည်	ရွှေကို	လက်ကောက်	လုပ်၏။
လူထုက	ဦးတင်ကို	ဆရာဝန် (လို့)	ထင်၏။
ဒေါ်တင်က	သူ့သားကို	မောင်မောင်(ဟု)	နာမည်ပေး၏။
သူတို့သည်	ဆားငန်ရေကို	ဆား	ချက်၏။
ဦးထူးသည်	သူ့သားများကို	ရှင်	ပြုပေး၏။

ကံနှင့် လက်ခံ ပြန်လှန်ရှေ့-နောက်

၄၅၅။ လက်ခံပုဒ်ကို ကတ္တားနှင့် ကံပုဒ်အကြားတွင် ထား၍၎င်း၊ ကံပုဒ်နှင့် ကြိယာအကြားတွင် ထား၍၎င်း ရေး၊ ပြောလေ့ရှိသည်။

၄၅၆။ လက်ခံပုဒ်ကို ကံပုဒ်သို့ပြောင်းကာ ကံပုဒ်တွင် ကံဝိဘတ်ကိုဖျောက်၍ ရေးပြောနိုင်သည်။ (ကံဝိဘတ်၊ လက်ခံဝိဘတ်နှင့်ယှဉ်သောအခါ ၎င်းတို့ရှေ့ရှိ သံရှည်သရသည် သံတိုအောက်မြစ်သံသို့ ပြောင်း၏။)

ကတ္တားပုဒ်	လက်ခံပုဒ်(ကံပုဒ်)	ကံပုဒ်(လက်ခံပုဒ်)	ကြိယာ
သူသည်	ဆရာအား	စာအုပ်ကို	ပေး၏။
သူသည်	စာအုပ်ကို	ဆရာအား	ပေး၏။
သူသည်	ဆရာ့ကို	စာအုပ်	ပေးလိုက်၏။
ဦးမြသည်	သူ့သားအား	စက်ဘီးကို	ဝယ်ပေး၏။
ဦးမြသည်	စက်ဘီးကို	သူ့သားအား	ဝယ်ပေး၏။

ဦးမြက	သူ့သားကို	စက်ဘီး	ဝယ်ပေး၏။
စီစီက	သူ့အဖွားအား	သတင်းစာကို	ဖတ်ပြ၏။
စီစီသည်	သတင်းစာကို	သူ့အဖွားအား	ဖတ်ပြ၏။
စီစီက	သူ့အဖွားကို	သတင်းစာ	ဖတ်ပြသည်။

မှတ်ချက်။ စကားပြောတွင် အား-ကို လုံးဝမသုံးဘဲ အား-အစား ကို ကိုသာ သုံးကြ၍ စာရေးရာတွင် ကို-အစား အား-ကို အစားထိုးကာ ရေးနေကြပေပြီ။ လက်ခံပုဒ်နှင့်ကံပုဒ်သည် သဘောအားဖြင့် ခြားနားမှု ရှိသော်လည်း ကို နှင့် အား-ကို ပြောင်းလဲ ရေးသား၊ ပြောဆိုခြင်းဖြင့် အဓိပ္ပါယ် မပျက်သောကြောင့် အထက်ပါ အား-အစား ကို-ဖြင့် ပြောခြင်းကို အမှန်ဟု လက်ခံကြသကဲ့သို့ ကို-အစား အား-ဖြင့် ရေးခြင်းကိုလည်း အမှန်ဟု အများစုက ယုံကြည် လက်ခံလာကြပါသည်။

လက်ခံပုဒ်နှင့်တွဲသုံးရသော ကြိယာအချို့

၄၅၇။ ပြသည်၊ သင်ပေးသည်၊ ဝယ်ပေးသည်၊ ချုပ်ပေးသည်၊ လှူသည်၊ ဖတ်ပြသည်၊ တင်ပြသည်၊ ပေးသည်-တို့သည် လက်ခံပုဒ်နှင့် တွဲသုံးရသော ကြိယာအချို့ ဖြစ်သည်။

တင်စားပုဒ်များ ကံနောက်ထား

၄၅၈။ တင်စားပုဒ်များကို ကံပုဒ်နှင့်ကြိယာအကြားတွင် ထား၍ ရေး၊ ပြောလေ့ရှိသည်။

ကတ္တား ကံ တင်စားပုဒ် ကြိယာ

သူနာပြုသည် လူမမာများကို ဆွေမျိုးများကဲ့သို့ ပြုစုသည်။
။ ။ ဆွေမျိုးများလို ပြုစုသည်။
။ ။ ဆွေမျိုးများသဖွယ်-ပမာ ပြုစုသည်။
မောင်လှသည် သူ့မိထွေးကို မိခင်ရင်းကဲ့သို့ ချစ်သည်။
။ ။ မိခင်ရင်းလို ချစ်သည်။
။ ။ မိခင်ရင်းသဖွယ်-ပမာ ချစ်သည်။
ဆရာသည် တပည့်များကို သားသမီးကဲ့သို့ ချစ်သည်။
။ ။ သားသမီးရင်းလို ချစ်သည်။
။ ။ သားသမီးရင်းသဖွယ်-ပမာ ချစ်သည်။
မောင်မောင်က မောင်မြကို ရန်သူကဲ့သို့ သဘောထားသည်။
။ ။ ရန်သူလို သဘောထားသည်။
။ ။ ရန်သူ-သဖွယ်-ပမာ သဘောထားသည်။

ကံနှင့်အသုံးခံ ပြန်လှန် ရှေ့-နောက်

၄၅၉။ အသုံးခံပုဒ်ကို (က) ကြိယာပုဒ်၏ရှေ့တွင် ဖြစ်စေ၊ (ခ) ကံပုဒ်၏ ရှေ့တွင်ဖြစ်စေ ထား၍ ရေး၊ ပြောလေ့ ရှိသည်။

ကတ္တား	ကံ	အသုံးခံ	ကြိယာ
မောင်လှသည်	ခွေးကို	တုတ်ဖြင့်(နှင့်)	ရိုက်၏။
ဦးမြသည်	စပါးကို	လော်ရီကားဖြင့်(နှင့်)	သယ်၏။
မောင်ဘက	မောင်မြကို	ဓားဖြင့်(နှင့်)	ခုတ်၏။
သမိန်လွတ်က	ချေစ်ပိုကို	လှံ(ဖြင့်)နှင့်	ထိုးသည်။

ဖြင့်-အစား နှင့်-ကို သုံးနိုင်သည်

၄၆၀။ ပါဠိသဒ္ဒါတွင် အသုံးခံပုဒ်ကို ကရဏကာရကဟု ခေါ်သည်။ ကရဏကာရကကို မြန်မာလို ဖြင့်-ဟု ဘာသာပြန်သည်။ ယှဉ်တွဲပုဒ်ကို သဟာဒိယောဂ အကာရက-ဟု ခေါ်သည်။ သဟာဒိယောဂကို နှင့်-ဟု ဘာသာပြန်သည်။ ပါဠိဘာသာကို နိဿယပြန်ဆိုတော်မူကြသော ဆရာတော်တို့က အသုံးခံဝိဘတ်ကို ဖြင့်၊ ယှဉ်တွဲဝိဘတ်ကို နှင့်-ဟု တိတိကျကျ ခွဲခြား သတ်မှတ်ခဲ့ကြသည်။ သို့ရာတွင် မြန်မာဘာသာ စကားပြေရေးသားရာ၌ကား ထို ရှေးဆရာတော်များလည်း ဖြင့်-အစား နှင့်-ကို သုံးခဲ့ကြသည်။ ယနေ့ မြန်မာအရပ်သုံး စကားတွင်မူ ဖြင့်-ကို လုံးဝ မသုံးသလောက် ဖြစ်နေသည်။ ဖြင့်-ဝိဘတ်,နှင့်-ဝိဘတ်နှစ်မျိုးအတွက် နှင့်-ဝိဘတ်ကို တွင်တွင် ပြောဆို၊ ရေးနေကြပေပြီ။ ဘာသာစကားတို့၏ ပြောင်းလဲတတ်သော သဘောအရ ပြောင်းလဲခြင်းဖြစ်၍ အမှန်ဟုသာ မှတ်ယူရမည် ဖြစ်ပါသည်။

အသုံးခံ'နှင့်'ကို သတိဖြင့်သုံး

၄၆၁။ နှင့်-ကို အသုံးခံဝိဘတ်အဖြစ် သုံးနိုင်သည်။ ယှဉ်တွဲဝိဘတ်အဖြစ်လည်း သုံးနိုင်သည်။ အသုံးခံပုဒ်များကို ကြိယာ

ရှေ့တွင်ထား၍ လွတ်လွတ်လပ်လပ် ရေး၊ပြောနိုင်သော်လည်း ကံပုဒ်ရှေ့တွင် ထား၍ ရေး၊ပြောသောအခါ အသုံးခံဝိဘတ်၊ ယှဉ်တွဲဝိဘတ် နှစ်မျိုးစလုံးဖြစ်နိုင်သဖြင့် အဓိပ္ပါယ် မတိမကျ နှစ်ခွ ဖြစ်နိုင်သည်။ အပေါ် နှစ်ဝါကျတွင် နှင့်-ကို သုံး၍ အဓိပ္ပါယ်မပြောင်းသော်လည်း အောက်နှစ်ဝါကျတွင် နှင့်-ဝိဘတ်ကို သုံးခြင်းဖြင့် ဓားကိုင်ထားသောမောင်မြကို ခုတ်၏။ လှံကိုင်တားသော ချေစ်ပိုကို ထိုးသည်ဟု မလိုအပ်သော အဓိပ္ပါယ်တမျိုး ယူဆနိုင်သောကြောင့် အသုံးခံဝိဘတ် နှင့်-ကို ကံပုဒ်ရှေ့တွင် ဆင်ခြင် သတိထား၍ ရေး၊ ပြောသင့်ပေသည်။

ကံပုဒ်နောက်မှာ ထွက်ခွါပုဒ်လာ

၄၆၂။ ထွက်ခွါရာပုဒ်ကို (က) ကြိယာ၏ရှေ့တွင် ဖြစ်စေ၊ (ခ) ကံပုဒ်၏ရှေ့တွင် ဖြစ်စေ ထား၍ ရေး၊ ပြောလေ့ရှိသည်။

ကတ္တား	ကံ	ထွက်ခွါရာ	ကြိယာ
ကျွန်တော်သည်	စာအုပ်ကို	ဈေးမှ	ဝယ်လာသည်။
သူတို့	ငွေ ၂ဝိ-ကို	အမေ့ဆီက	တောင်းခဲ့သည်။
သူသည်	ဖောင်တိန်ကို	မလှဆီက	ရသည်။
ဦးမြသည်	ဂျစ်ကားကို	မန္တလေးမှ	ဝယ်ခဲ့သည်။
ကျွန်တော်	ဒီစာအုပ်ကို	ဦးလှဆီက	ငှါးခဲ့သည်။

မှတ်ချက်။ ကံပုဒ်နှင့် ထွက်ခွါရာပုဒ်ကို နေရာပြောင်း၍ ရေးလျှင် အဓိပ္ပါယ် ပြောင်းနိုင်သည်။ ဦးမြသည် မန္တလေးက ကားကို ဝယ်ခဲ့သည်။

ကြိယာရှေ့မှာ ရှေးရှုရာပုဒ်

၄၆၃။ ရှေးရှုရာပုဒ်ကိုကြိယာ၏ရှေ့တွင်ထား၍ ရေးလေ့ရှိသည်။(မြန်မာစကားပြောတွင် သို့-ဝိဘတ်ကိုမသုံး။ကို-ဖြင့်သာ ပြောကြသည်။)

ကတ္တား	ရှေးရှုရာ	ကြိယာ
မောင်လှသည်	ကျောင်းသို့	သွား၏။
မမြသည်	ဈေးသို့	သွား၏။
ကျောင်းသားများ	ကျောင်းပေါ်သို့	တက်ကြပြီ။
ဆရာများ	ကျောင်းအောက်သို့	ဆင်းလာပြီ။
မသိန်းဝင်းသည်	ဆွမ်းတောင်းထဲသို့	ဆန်လောင်းထည့်၏။

ကံ၊ထွက်ခွါ-နောက်မှာ ရှေးရှုရာပုဒ်

၄၆၄။ ကံပုဒ်၊ထွက်ခွါရာပုဒ်များကို ရှေးရှုရာပုဒ်၏ရှေ့တွင် ထား၍ ရေး၊ပြောလေ့ရှိ၏။

ကတ္တား	ကံ(ထွက်ခွါရာ)	ရှေးရှုရာ	ကြိယာ
မောင်လှသည်	စာအုပ်များကို	ဆရာ့ဆီသို့	ယူသွား၏။
ဦးမြသည်	ကုန်များကို	မန္တလေးသို့	ပို့၏။
မောင်မောင်သည်	ညီ့သည်ကို	ဆရာကြီးဆီသို့	ခေါ်သွား၏။
ကျွန်တော်	ဗဟန်းမှ	ကျောက်မြောင်းသို့	လမ်းလျှောက်၏။

သူသည်	အိမ်မှ	ကျောင်းသို့	စက်ဘီးစီး၏။
သူသည်	တာမွေမှ	ရွှေဂုံတိုင်သို့	ဘတ်စ်စီး၏။
သူသည်	ငွေ ၁၀၀ိ-ကို	အကို့ ဆီသို့	ပို့လိုက်၏။

ကံပုဒ်နောက်မှာ နေရာပြပုဒ်

၄၆၅။ နေရာပြပုဒ်ကို ကြိယာ၏ ရှေ့တွင် ထား၍ ရေး၊ ပြောလေ့ရှိသည်။

ကတ္တား	ကံ	နေရာ	ကြိယာ
သူသည်	စာအုပ်ကို	စာပွဲပေါ်မှာ	ထား၏။
ကျွန်ုပ်သည်	ဆရာ့ကို	ဈေးမှာ	တွေ့၏။
ကျောင်းသားများ		ကျောင်းထဲမှာ	ရှိသည်။
အဖေသည်		အိမ်၌	စာရေးနေ၏။
အမ		အခန်းထဲမှာ	အိပ်နေသည်။

ကြိယာရှေ့မှာ အချိန်ပြပုဒ်လာ

၄၆၆။ အချိန်ပြပုဒ်ကို ကြိယာ၏ရှေ့တွင်ထား၍ ရေး၊ပြော လေ့ရှိသည်။အတိတ်အချိန်ကို က၊တုန်းက၊ကမှ၊ထဲက-ဖြင့်ပြ၍ အနာဂတ်အချိန်ကို မှ၊ ကျမှ၊ ကျရင်-ဖြင့်ပြပြီး မှာ၊တွင်၊ ဝယ်၊ အထိ၊တိုင်အောင်၊တိုင်၊ ကြာ-ကို ကာလသုံးပါးအတွက် သုံးရသည်။

ကတ္တား	ကံ/ရှေးရှုရာ	အချိန်	ကြိယာ
ကျွန်တော်	သူ့ကို	မနေ့က	ပြောခဲ့သည်။
ကျွန်တော်တို့	ဤအိမ်ကို	၁၉၆၆-ခုနှစ်တုန်းက	ဆောက်ခဲ့သည်။
သူတို့	ရန်ကုန်ကို	အင်္ဂါနေ့ကမှ	ရောက်သည်။
ကျွန်တော်တို့	ရွာကို	မနက်ထဲက	ရောက်နေသည်။
သူ	စာကို	စနေနေ့ကမှ	ရသည်။
ကျွန်တော်	စာကုပ်ကို	အင်္ဂါနေ့မှာ(တွင်)	ပို့လိုက်သည်။
သူတို့		ညနေကျရင်	လာလိမ့်မည်။
မောင်မောင်		မနက်ကျမှ	ရောက်လာမည်။
မလှတို့		မနက်ထဲက	ရောက်နေသည်။
ကျွန်တော်		ရှစ်နာရီထဲက	စောင့်နေသည်။
မြန်မာနိုင်ငံသည်		၁၉၄၈-ခုနှစ်မှာ(တွင်)	လွတ်လပ်သည်။
သူတို့သည်		၉-နာရီအထိ(တိုင်အောင်)	စာကျက်မည်။
သူတို့	ဆိုင်ကို	တနင်္ဂနွေနေ့က စ၍	ပိတ်ခဲ့သည်။
မလှသည်	၁၀-တန်းကို	၁၉၆၈-ခုနှစ်က စ၍	ဖြေခဲ့သည်။
သူသည်	၁၀-တန်းကို	၁၉၇၂-ခုနှစ်အထိ	မအောင်သေးပါ။
သူတို့သည်		၅-နာရီကြာ	ဆွေးနွေးသည်။
မောင်မောင်သည်		ည ၁၀-နာရီတိုင်	မရောက်သေး။

အမေတို့ { မေလ ၄-ရက်မတိုင်ခင် / မေလ ၄-ရက်ကျော်မှ / မေလ ၄-ရက်နောက်ပိုင်းမှ } ပြန်လာမည်။

အချိန်နှင့်နေရာ-အစနောက်မှာ အဆုံးလာ

၄၆၇။ ခရီးအကွာအဝေးနှင့် အချိန်အကြာ အစနှင့် အဆုံးကို ပြလိုလျှင် အစကို မှ၊ က၊ ကနေ-ဖြင့် ရှေ့ကထား၍ အဆုံးကို သို့၊ အထိ၊ တိုင်အောင်၊ အရောက်-ဖြင့် နောက်မှာ ထား ရေး၊ ပြောလေ့ရှိသည်။

ကတ္တား	အစ	အဆုံး	ကြိယာ

ကျွန်ုပ်သည် { ဗဟန်းမှ ကျောက်မြောင်းသို့(ကို) / ဗဟန်းက (အထိ)(အရောက်) / ဗဟန်းကနေ တိုင်အောင် } သမ်း လျှောက်သည်။

မမြသည် { ၁၀-နာရီမှ(က) ၁၂ နာရီထိ / ၁၀-နာရီကနေ(တိုင်အောင်) } စာကျက်သည်။

မောင်မောင်သည် အင်္ဂါနေ့မှ(က) စနေနေ့ထိ ဖျားခဲ့သည်။

ဦးမြသည် ပုဇွန်တောင်ဈေးမှ တာမွေသို့ (၁)ကားစီးသည်။

ကြိယာရှေ့မှာ အကြောင်းလာ

၄၆၈။ အကြောင်းပြပုဒ်ကို ကြိယာ၏ရှေ့တွင် ထား၍ ရေး၊ ပြောလေ့ရှိသည်။

ကတ္တား	အကြောင်းပြ	ကြိယာ
ကလေးများသည်	အဖော်ကြောင့်	ပျက်စီး၏။
ဦးလှသည်	ဆေးကြောင့်	အသက်ရှည်၏။
အစာတို့သည်	အကုသိုလ်ကြောင့်	ကွယ်ကုန်၏။
မောင့်လှသည်	မမြကြောင့်	စာမေးပွဲရှုံး၏။

ကတ္တားနောက်မှာ ယှဉ်တွဲလာ

၄၆၉။ ယှဉ်တွဲပုဒ်ကို ကြိယာ၏ရှေ့မှာ ထား၍ ရေး၊ ပြောလေ့ရှိ၏။ (တခါတရံ အတူ၊ အတူတကွ ဟူသော ကြိယာဝိသေသနနှင့် တွဲ၍ ရေးသည်။)

ပုံစံ

ကတ္တား	ယှဉ်တွဲကြိယာ	ကြိယာဝိသေသန	ကြိယာ
ဒေါ်ဌေးကြည်သည်	ကျွန်တော်နှင့်		ရင်းနှီးသွား၏။
မလှသည်	သူ့ဦးလေးနှင့်	အတူ	နေ၏။
ကြည်ကြည်သည်	အမေနှင့်		လိုက်သွားသည်။
သင်သည်	ကျွန်ုပ်နှင့်		လိုက်မည်လော။
မောင်မောင်သည်	မိဘများနှင့်	အတူတကွ	နေသည်။
ဆရာသည်	ကလေးများနှင့်	အတူ	ပြန်သည်။

နှင့်...သည်-အစား နှင့်....နှင့်-သုံး

၄၇၀။ နှင့်....သည်-ဟု သုံးရမည့်အစား နှင့်....နှင့်-ကို သုံးတတ်ကြသည်။

ပုံစံ

(၁) သင်နှင့်ငါနှင့် တူသလော။
(၂) အမေနဲ့ အဖေနဲ့ ဘုရားသွားမယ်။
(၃) အမနဲ့ညီမလေးနဲ့ အိမ်စောင့်ရမယ်။
(၄) ဦးလေးနဲ့အဒေါ်နဲ့ နေ့လည် လာကြမည်။
(၅) မောင်လှနဲ့မမြနဲ့ စကားများကြတယ်။
(၆) သူနဲ့ကျွန်တော်နဲ့ ရန်ဖြစ်ထားတယ်။

ကြိယာရှေ့မှာ ရည်ညွှန်းပုဒ်လာ

၄၇၁။ ရည်ညွှန်းပုဒ်ကို နာမ်ပေါင်းကြိယာရှေ့တွင် ထား၍ ရေး၊ပြောလေ့ရှိသည်။

ကတ္တား	ရည်ညွှန်း	နာမ်ပေါင်းကြိယာ
ကျွန်တော်	အမေ့အတွက် (ဖို့)	မုန့်ဝယ်လာသည်။
သူ	ဧည့်သည်များအတွက်	ထမင်းချက်ထား၏။
မောင်လှ	အဘိုးအတွက် (ဖို့)	ရေခပ်ထားသည်။
ရဲသားများ	သတင်းအရ	ကင်းဝပ်နေ၏။
ဦးမြ	ကတိအတိုင်း	ငွေလာချေ၏။
ကျွန်ုပ်တို့	ညွှန်ကြားချက်အတိုင်း	ဆောင်ရွက်ရမည်။

မန်နေဂျာသည် မြို့နယ်အလိုက် ခွဲတမ်းချ၏။
သူတို့သည် စာရင်းအရ ခွဲဝေပေး၏။
အလောင်းတော်သည် သဗ္ဗညုတဉာဏ်အလို့ငှါ အလှူပေး၏။

ကတ္တားနောက်မှာ နိုင်းယှဉ်ပုဒ်လာ

၄၇၂။ နိုင်းယှဉ်ပုဒ်ကို ကတ္တားနောက်ထား၍ ရေး၊ပြောလေ့ရှိသည်။ ထက်-ပစ္စည်းနောက်၌ သာ၍၊ ပို၊ ပိုပြီး-ဟူသော ကြိယာဝိသေသနပုဒ်များ ရံခါလိုက်လေ့ရှိသည်။

ကတ္တား	နိုင်းယှဉ်	ကြိယာဝိသေသန	ကြိယာ
ကြည်ကြည်သည်	စီစီထက်	သာ၍	ကြီး၏။
စီစီသည်	ကြည်ကြည်ထက်		ငယ်၏။
မောင်ဘသည်	မောင်လှလောက်	ပို၍	ဝသည်။
မောင်လှသည်	မောင်ဘကဲ့သို့ (လို)		အရပ်မြင့်၏။
မခင်က	မမြထက်	ပို	ချောသည်။
မေစီသည်	သူ့အမေလို		သဘောမကောင်း။
မောင်လှသည်	သူ့အဖေလောက်		အပြောမကောင်း။
မခင်က	မရင်လောက်		မချောပေ။
အကိုက	ကျွန်တော့်ထက်		မြင့်၏။
သူက	သူ့အကိုထက်		ပိန်သည်။

ကတ္တားရှေ့မှာ ထုတ်ဆောင်ရာပုဒ်

၄၇၃။ ထုတ်ဆောင်ရာ ဝိဘတ်ကို ကတ္တားပုဒ်၏ ရှေ့တွင်ဖြစ်စေ၊ နောက်တွင်ဖြစ်စေ ထား၍ ရေး၊ပြောလေ့ ရှိသည်။ အမြွတ်စား နာမဝိသေသနနှင့် ယှဉ်တွဲလေ့ ရှိ၏။

ကတ္တား	တုတ်ဆောင်ရာ	အမြွတ်စားဝိသေသန	ကြိယာ
မောင်မောင်သည်	ကလေးများအနက်	အတော်ဆုံး	ဖြစ်၏။
။	ကျောင်းသားတွေထဲမှာ	အလိမ္မာဆုံး	ဖြစ်သည်။
။	သားသမီးများထဲမှာ	။	။
ဦးထွန်း(သည်)	ဆရာတို့တွင်	အချမ်းသာဆုံး	ဖြစ်သည်။
။	ဆရာတွေထဲမှာ	။	။
မလှ(သည်)	အတန်းသားတို့တွင်	အတော်ဆုံး	ဖြစ်သည်။
။	အတန်းသားတွေထဲမှာ	။	။
။	အတန်းသားများအနက်	။	။
ဘုရားရှင်(သည်)	သတ္တဝါတို့တွင်	အမြတ်ဆုံး	ဖြစ်၏။
မင်းမျိုး(သည်)	လူတို့တွင်	အမြတ်ဆုံး	ဖြစ်၏။

ဝိဘတ်ဖျောက် ရေး၊ပြောခြင်း

၄၇၄။ မြန်မာ ဘာသာသည် ပါဠိဘာသာကို အမှီပြု၍ အရေးအသား တိုးတက် ထွန်းကား လာရသည်

ဖြစ်၍ အရေးဘာသာ၌ ပုဒ်တိုင်း ဝိဘတ် အပါများ၏။ သို့ရာတွင် ပါဠိ၏ ဩဇာကင်းသော အပြောဘာသာ၌ကား ကတ္တား၊ ကံ ဝိဘတ်များကို ဖျောက်၍ ပြောကြလေသည်။

ကြိယာရှေ့ကပ် ကတ္တားဝိဘတ်ဖျောက်

၄၇၅။ ကတ္တားပုဒ်ကို ကြိယာရှေ့၌ကပ်၍ ရေး၊ ပြောသောအခါ ကတ္တားဝိဘတ်ကို ဖျောက်နိုင်၏။

အခြားပုဒ်	ကတ္တား	ကြိယာ
ခွေးကို	မောင်မောင်	ရိုက်၏။
ထမင်းကို	မလှ	ချက်သည်။
အိမ်ထဲမှာ	မလှ	ရှိသည်။
ဈေးက	မမြ	ပြန်လာပြီ။
အသံကြောင့်	ဖား	သေ၏။

ကြိယာရှေ့ကပ် 'ကံ'ဝိဘတ်ဖျောက်

၄၇၆။ ကံပုဒ်ကို ကြိယာရှေ့၌ ကပ်၍ ရေး၊ပြောသော အခါ ကံဝိဘတ်ကို ဖျောက်နိုင်၏။

အခြားပုဒ်	ကံပုဒ်	ကြိယာ
မမြသည်	ထမင်း	ချက်နေ၏။
အမသည်	အဝတ်	လျှော်နေသည်။

အဖေသည်	စာ	ပြီးပြီ။
အကိုသည်	စာ	မရေးပါ။
အမသည်	သီချင်း	ဆိုနေသလား။
ဦးလေးသည်	သတင်းစာ	ဖတ်ပြီးပြီ။

စကားပြောမှာ သည်-ကို-မြုပ်

၄၇၇။ စကားပြောရာ၌ ကတ္တားဝိဘတ်၊ ကံဝိဘတ်၊ ရှေးရှုရာဝိဘတ်တို့ကို အများအားဖြင့် မြုပ်၍ ပြောလေ့ရှိသည်။

ပုံစံ

ကတ္တား	ကံ	ကြိယာ
အမ	အဝတ်	လျှော်နေတယ်။
အမေ	ထမင်း	ချက်ပြီးပြီလား။
အဖေ	စာ	ရေးနေတယ်။
အကို	ဘောလုံး	ကန်ချင်တယ်။
သူတို့	ဘုရား	သွားကြတယ်။
မမြ	အမေ့ဆီ	ပြန်သွားပြီ။
မောင်မောင်	အကို့ဆီ	ပြန်လာပါ။
မလှ	အိမ်	ပြန်သွားပြီ။

ခိုင်းစေဝါကျ ကတ္တားဖျောက်

၄၇၈။ စေခိုင်း တောင်းပန်ဝါကျတွင် စေခိုင်းခံရသူသည် ကတ္တားပုဒ်ဖြစ်သင့်သော်လည်း မြုပ်၍ပြောလေ့ရှိသည်။ မည်

သူ့အား ခိုင်းသည်ကို သိသာရန်အတွက် စေခိုင်းဝါကျ၏ အစတွင်ဖြစ်စေ၊ အဆုံးတွင်ဖြစ်စေ အာလုပ် အခေါ်ပုဒ်ကို ထား၍ ရေးလေ့၊ ပြောလေ့ရှိသည်။ အာလုပ် ပုဒ်မှာ ဝိဘတ်မရှိပေ။

ပုံစံ

(က) မောင်မောင်၊ တံခါးဖွင့်လိုက်ပါ။
(ခ) တံခါးဖွင့်လိုက်ပါ၊ မောင်မောင်။
(ဂ) မမြရေ၊ ငါ့ဆီခဏလာခဲ့။
(ဂ) ငါ့ဆီ ခဏလာစမ်း၊ မမြရေ။

ခဲ့ဝေစေခိုင်းကတ္တားကို က-ဖြင့် ပြ

၄၇၉။ အလုပ် နှစ်ခု၊ သုံးခုကို ခွဲဝေစေခိုင်းခြင်းဖြစ်လျှင် ကတ္တားဝိဘတ် က ဖြင့် ရေး၊ ပြောကြသည်။

ပုံစံ

(က) မမြက အဝတ်တွေလျှော်ပါ။
(ခ) မလှက ထမင်းချက်ပါ။
(ဂ) မောင်မောင်က ရေခပ်ပါ။
(ဃ) မမြင့်က ဈေးသွားပါ။

ပုဒ်စုကတ္တားကံများ

၄၈၀။ အောက်ပါ နာမ်၊ ဝိဘတ်၊ ပစ္စည်း၊ သမ္ဗန္ဓများသည် ကြိယာနှင့်မဆက်စပ်ဘဲ ၎င်းတို့နောက်ရှိ နာမ်ပုဒ်တခုနှင့်သာ ဆက်စပ်ကြ၏။ နာမ်ပုဒ်နှစ်ခုအပေါင်းကို ပုဒ်စုဟု ခေါ်၏။

ထိုပုဒ်စုတခုကို ကတ္တားပုဒ်စု၊ ကံပုဒ်စု၊ အသုံးခံပုဒ်စု စသည်ဖြင့် ထား၍ ဝါကျဖွဲ့စည်းနိုင်၏—

ပုံစံ

(က) ဆရာတို့လို ပညာရှင်တွေသာ သိပါသည်။
(ခ) ကျွန်တော် မမြလို မိန်းမမျိုးကို တွေ့ဘူးပါသည်။
(ဂ) လူတိုင်းဟာ ဒီလို ပုစ္ဆာမျိုးကို မဖြေနိုင်ပါ။
(ဃ) ကလေးသုံးယောက်အပြင်အဖွားကြီးပါ ပါသည်။

ကတ္တားပုဒ်စု လက်ခံနေရာ ကံပုဒ်စု ကြိယာ

သူ၏ခွေးသည် ကျွန်ုပ်၏ ကြောင်ကို ကိုက်၏။
အင်္ကျီပြာနှင့်မိန်းကလေးသည် သူ၏ အမေကို ရှာနေ၏။
သူ၏ တပည့်များသည် မန္တလေးက လူကြီးကို မသိပါ။

ကတ္တားပုဒ်စု လက်ခံနေရာ ကံပုဒ်စု ကြိယာ

မလှအစား မမြက အိမ်အောက်က ခွေးကို အစာကျွေး၏။

ကားပေါ်ကလူကြီးသည် သူ၏ လက်ကို မြှောက်ပြ၏။

မောင်လှမှတပါး(အပ)
ကျောင်းသားအားလုံး သူတို့၏ စာစီစာကုံးကို ရေးပြီးကြပြီ။

ကျွန်တော်၏ဇနီးသည် ရောင်ထုံးနှင့်လူကြီးကို မသိပါ။

သူ၏ကလေးများသည် ကြောင်အိမ်ထဲကမုန့်ကို စားပစ်ကြ၏။

သူတို့သည်လုံချည်စိမ်းနှင့်လူကြီးအားစာအိတ်ကိုပေးလိုက်၏။

(လက်ခံပုဒ်စု)

ဦးမြသည် တောင်ကုန်းပေါ်ကအိမ်မှာ နေ၏။ (နေရာပြပုဒ်စု)

ဝါကျဆိုင်ရာ လေ့ကျင့်ခန်း

၄၈၄။ အောက်ပါမေးခွန်းများကို ဖြေပါ။ မဖြေနိုင်လျှင် ပြန်ကြည့်ပါ။

(က) ဝါကျဟူသည် အဘယ်နည်း။

(ခ) ဝါကျ ဘယ်နှစ်မျိုးရှိသနည်း ရေတွက်ပြပါ။

(ဂ) ဝါကျတမျိုးစီ၏ အင်္ဂါရပ်ဖွင့်ဆိုချက်ကို ဖော်ပြ၍ ပုံစံတခုစီ ထုတ်ပြပါ။

(ဃ) ရေလာမြောင်းပေးမေးခွန်းဟူသည်အဘယ်နည်း၊ ပုံစံထုတ်၍ ရှင်းပြပါ။

(င) နည်း-လဲ အမေးပစ္စည်း အဆုံးသတ်ပါတိုင်း မေးခွန်းဝါကျဟု ဆိုနိုင်ပါသလား၊ ပုံစံပြဖြေပါ။

(စ) လား လဲ တုံး အမေးပစ္စည်းများကြောင့် ကြိယာဝိဘတ်များ မည်သို့ပြောင်းလဲကုန်သနည်း၊ ကျေပျောက်ကုန်သနည်း၊ ပုံစံပြဖြေပါ။

(ဆ) တော့နှင့်သေး ပစ္စည်းများသည် အငြင်းဝါကျကို မည်သို့ ထူးစေသနည်း။

(ဇ) ဆင်ခြေပြ၊ အကြောင်းပြ အငြင်းဝါကျ ၂-ခုစီ ရေးပြပါ။

(ဈ) "မစားပြီးပါ"ဟု မြန်မာတို့ ပြောကြပါသလား။

(ည) "မပြီးသေးဘူး"ဟု ပြောလိုလျှင် ကြိယာနောက်မှာ မည်သည့်ပစ္စည်း ခံပေးရမည်နည်း။

(ဋ) အငြင်းဝါကျမှာ ကာလမရှိပုံကို ပုံစံပြဖြေပါ။

(ဌ) မည်၊ပြီး-နောက် ဖြစ်ကြိယာလိုက်ပုံ ပုံစံပြဖြေပါ။

(ဍ) ပုဒ္ဓနာမ်စားပါ ဝါကျ ၅-ခု ရေးပြပါ။

(ဎ) ပုဒ္ဓနာမဝိသေသနပါ ဝါကျ ၅-ခု ရေးပြပါ။

(ဏ) ပုဒ္ဓကြိယာဝိသေသနပါ ဝါကျ ၅-ခု ရေးပြပါ။

(တ) ငြင်းဆိုမေးခွန်း ဖွဲ့စည်းပုံကို ပုံစံဖြင့်ပြပါ။

(ထ) ရေလာမြောင်းပေး မေးခွန်းဟု အဘယ့်ကြောင့် ခေါ်သနည်း။

(ဒ) အမေးပုဒ်-မပါသော မေးခွန်းကို မည်သို့ ဖြေရသနည်း။

(ဓ) အမေးပုဒ်ပါ မေးခွန်းကို မည်သို့ဖြေရသနည်း။

(န) မြန်မာဝါကျတခုကို မည်သည့်ပုဒ်ဖြင့် စရ၍ မည်သည့်ပုဒ်ဖြင့် ဆုံးရသနည်း။

(ပ) ဝါကျတခု၌ နေရာပြောင်းလဲ၍မရသောပုဒ်တခုကို ဖော်ပြပါ။

(ဖ) ကြိယာပုဒ်မှတပါး အခြားပုဒ်များ နေရာပြောင်းနိုင်ပုံကို ပုံစံတခုဖြင့် ရှင်းပြပါ။

(ဗ) ကတ္တားဖြည့်ပုဒ်, ကံဖြည့်ပုဒ်တို့ကို နေရာပြောင်း၍ ရပါသလား၊ ပုံစံပြပါ။

(ဘ) အချိန်၊နေရာ အစ နှင့် အဆုံးကို ရှေ့-နောက် ပြောင်းရေး၍ ရပါသလား၊ ပုံစံပြပါ။

(မ) ဝါကျတို ဟူသည် အဘယ်နည်း။

(ယ) အဘယ်ကို ဝါကျရှည် ခေါ်သနည်း။

(ရ) ဝါကျဖွဲ့စည်းရာ၌ ကာရကပုဒ် (ဝိဘတ်ဆုံးသော နာမ်၊ နာမ်စားပုဒ်)တို့၏ ယေဘုယျ အစီအစဉ်ကို ပုံစံဝါကျတခုစီဖြင့် ဖော်ပြပါ။

(လ) ဝိဘတ်များ ဖျောက်ရေးနိုင်ပုံကို ပုံစံဖြင့်ပြပါ။

(ဝ) ခိုင်းစေဝါကျတွင် မည်သည့်အခါ ကတ္တားပုဒ် ပါရန် လိုအပ်သနည်း။

(သ) ပုဒ်စုများကို ကတ္တား၊ကံပြု၍ ဝါကျ ၅-ခု ရေးခဲ့ပါ။

ဝါကျ-၂
ဝါကျရှည်ဖွဲ့နည်းများ

အစိပ်ပါယ်ဖွင့်ဆိုချက်

၄၇၂။ နှစ်ခု၊ နှစ်ခုထက်ပိုသော ဝါကျတိုများကို သမ္ဗန္ဓ၊ ဝိဘတ်၊ပစ္စည်း တခုခုဖြင့် ဆက်ထား၍ ရေး၊ ပြောနိုင်၏။ ထို ဝါကျမျိုးကို ဝါကျရှည်ဟုခေါ်၏။ ဥပမာ—

မိုးသောက်ယံ၌ ပဋိစ္စသမုပ္ပါဒ်ကို အနုလောမ၊ ပဋိလောမ အားဖြင့် နှလုံးသွင်း၍ အာသဝက္ခယဉာဏ်၊ သဗ္ဗညုတဉာဏ်၊ အသာဓာရဏဉာဏ် အစရှိသော အလုံးစုံသော ဘုရားကျေးဇူးနှင့် ပြည့်စုံသော သဗ္ဗညုအဖြစ်သို့ ရောက်တော်မူပြီးသော် လေးဆဲ့ကိုးရက်တို့ ပတ်လုံး သတ္တဋ္ဌာန၌ နေတော်မူပြီးမှ ရာဇာယတနကပြန်တော်မူပြီး၍ အဇပါလညောင်ပင်၏အနီး၌ နေတော်မူသောအခါ၌ တရားတော်၏ နက်နဲသောအဖြစ်ကို ဆင်ခြင်တော်မူ၍ တရားမဟောလိုသော စိတ်တော်သည် ဖြစ်လတ်သော် စကြဝဠာတသောင်း၌ နေကုန်သော နတ်ဗြဟ္မာ အပေါင်းတို့နှင့်တကွ သဟမ္ပတိဗြဟ္မာသည် မြင်းမိုရ်တောင်လုံး လောက်ရှိသော ရတနာပန်းကုံးဖြင့် ပူဇော်၍ တရားဟော ခြင်းငှါ တောင်းပန်လတ်သော် ကျွတ်ထိုက်သော သတ္တဝါ တို့၏ ရှိသောအဖြစ်ကို မြင်တော်မူ၍ ခွင့်ပေးတော်မူပြီး သော် ရှေးဦးစွာ တရားဟောထိုက်သော အဖြစ်ကို သိတော်မူ ၍ ပဉ္စဝဂ္ဂီရဟန်းတို့၏ကျေးဇူးကို အောက်မေ့တော်မူလျက်

ထိုပဉ္စဝဂ္ဂီငါးဦးတို့အား တရားဟောအံ့သောငှါ ဗာရာဏသီသို့ သွားအံ့ဟု ကြံတော်မူပြီးသော် အကြားဖြစ်သော ရက်တို့၌ ဗောဓိပင်နှင့်နီးသောရွာ တို့၌ ဆွမ်းခံ၍ နေတော်မူပြီးမှ ဝါဆိုလပြည့်နေ့၌ တဆဲ့နှစ်ယူဇနာရှိသောခရီးကို သွားတော်မူလေသော် ခရီးအကြား၌ ဥပကမည်သော အာဇီဝကနှင့်တွေ့၍ ထိုသူသည် နေ၁င် ကျွတ်လတ္တံ့သော အကြောင်းကို ဥပနိဿယပေးသဖြင့် ဘုရားအဖြစ်ကို ပြတော်မူ၍ ပြောဟောတော်မူပြီးမှ ညချမ်းသောအခါ၌ ဗာရာဏသီပြည်၏ အနီးဖြစ်သော ဣသိပတနမိဂဒါယတောသို့ ရောက်တော်မူ၏။

(၃၃-ဝါကျကို ဆက်ထားသော ဝါကျရှည်တခု ဖြစ်ပါသည်)၉၈၁-ခုနှစ်ရေး တောင်ဖီလာဆရာတော်၏ ယသဝဍ္ဍနဝတ္ထု စာမျက်နှာ ၉- ၁၀။

(၁၀၇၆-၁၀၉၅-အတွင်းရေး ဦးကုလား၏မဟာရာဇဝင်ကြီးမှ ဝါကျရှည်တခုကို စာပိုဒ်(၄၂၉)တွင် ပြထား၏။ ပြန်ယှဉ်ကြည့်ပါ။)

ဝါကျရှည် (၃) မျိုး

၄၈၃။ ဝါကျရှည်တခုသည်—

(က) ဝါကျတို တခု၊ နှစ်ခုကို နာမဝိသေသန ပြောင်း၍ ဆက်နည်း၊

(ခ) ဝါကျတို တခု၊ နှစ်ခုကို နာမ်တခုအဖြစ်ပြောင်း၍ ဆက်နည်း၊

(ဂ) ဝါကျတိုနှစ်ခုကြားတွင် သမ္ဗန္ဓထည့်၍ဆက်နည်း–

ဟူသော နည်းသုံးမျိုးအနက် တမျိုးမျိုးဖြင့်ဖြစ်စေ၊ သုံးမျိုးစလုံးဖြင့်ဖြစ်စေ ဆက်ထားခြင်းသာ ဖြစ်၏။ အထက်ပုံစံတွင် ပြထားသည့်အတိုင်း ရေးသားပြောဆိုရာ၌ ဝါကျရှည်သုံးမျိုးသည် ရောနှောပါရှိတတ်သော်လည်း မှတ်သားရ လွယ်ကူစေရန်အတွက် ဤစာအုပ်တွင် တကဏ္ဍစီ ခွဲ၍ ပြလိုက်ပါသည်။ ခေတ်သုံးမြန်မာစာ၌လည်း ဝါကျ နှစ်ခု၊ သုံးခုလောက်သာ ဆက်၍ ရေးကြပါတော့သည်။ အထက်ပုံစံပါကဲ့သို့ ဝါကျ ၃၀-ကျော်အထိရှည်သော ဝါကျရှည်မျိုးရေးသူမရှိတော့ပေ။

၁-ဝါကျတိုတခုကို နာမဝိသေသန ပြောင်းဆက်နည်း။

၄၈၄။ ဝါကျတိုတခု၏ကြိယာဝိဘတ် သည် (တယ်)၊မည် (မယ်) တို့ကို နာမဝိသေသနပစ္စည်း သော သည့် (တဲ့)၊ မည့် (မဲ့)သို့ပြောင်း၍ အထူးပြုလိုသော ပုဒ်၏ရှေ့တွင် ဆက်ပေးလိုက်သောအခါ ဝါကျရှည်တခု ဖြစ်သွားသည်။အင်္ဂလိပ်ဘာသာမှာကဲ့သို့ ပုဒ်ဆက်နာမ်စားများ မပါရှိသည်မှာ ထူးခြားချက်ဖြစ်ပါသည်။

ပုံစံ

(က) ဂျပန်ပြည်သို့ သွားမည့်လူကြီးကို ကျွန်တော်တွေ့ခဲ့သည်။

(ခ) ကျွန်တော် တွေ့ခဲ့သော လူကြီးသည် ဂျပန်ပြည်သို့ သွားမည်။

(ဂ) အဖေဝယ်လာသောစာအုပ်ကို ကျွန်တော်ဖတ်နေသည်။

(ဃ) ကျွန်တော် ဖတ်နေသောစာအုပ်ကို အဖေ ဝယ်ခဲ့သည်။

(င) ဦးမြသည် မန္တလေး သွားမည့်လူကို ရှာနေ၏။

(စ) ဤဟာသည် မော်လမြိုင်သို့ သွားမည့် ရထားဖြစ်သည်။

(ဆ) စာကို ရေးကူးပြီးသည့် ကျောင်းသားများ ပြန်နိုင်ပြီ။

(ဇ) ကျောင်းသားများ ဆရာ ရေးပြမည့် စာကို ကူးရမည်။

(ဈ) ကျွန်ုပ်တို့ကို သင်္ချာပြမည့်ဆရာ ယနေ့ မရောက်သေးချေ။

(ည) ငါဟောလတ္တံ့သော တရားကို မှတ်သားကြကုန်လော့။

(ဋ) သူသည် တရားသူကြီး ဖတ်ပြအံ့သော စီရင်ချက်ကို နားစွင့်နေ၏၊

(ဌ) မောင်ဘနေသည့်နေရာကို ကျွန်တော်မသိပါ။

(ဍ) မန္တလေးက ပြန်ရောက်သည့်အချိန်ကို မမှတ်မိပါ။

(ဎ) သူငိုနေသည့်အကြောင်းကို မည်သူမျှမသိပါ။

(ဏ) သူတို့ မကြာမီရောက်လာမည့်ကားဖြင့် လိုက်သွားကြမည်။

(တ) မန္တလေးမှ ပြန်လာသောမောင်မြသည် သူဝယ်လာသောချိတ်လုံချည်ကို သူလက်ထပ်မည့်မိန်းကလေးထံသို့ ပို့၏။

(ထ) ဂျပန်ပြည်မှ ပြန်လာသော လူကြီးသည် သူဝယ်လာခဲ့သောကားကို ဆိပ်ကမ်းမှယူလာ၏။

(ဒ) ကျွန်တော်တို့သည် ဦးလှဝယ်မည့်အိမ်ကို သွားကြည့်ကြ၏။

(ဓ) ပရိသတ်ကြီးသည် ပွဲ့စတင် ကပြမည့်အချိန်ကို စောင့်မျှော်နေကြလေသည်။

(န) အလီသည် ဖရေဇီယာအား အလဲထိုးမည့်နေရာကို မှတ် သားပြခဲ့၏။

ဝါကျတိုတခုကို နာမဝိသေသနပြောင်း၍ ဆက်နည်း

၄၇၅။ ဝါကျတိုနှစ်ခုအနက် ဝါကျတိုတခုကို နာမဝိသေသနအဖြစ် ပြောင်း၍ အခြားဝါကျတိုတခုရှိ နာမ်ပုဒ်ရှေ့တွင်ဆက်ပြီး ဝါကျရှည်တခုအဖြစ် ပြောင်းကာ ပြောနိုင်၊ ရေးနိုင်၏။ ထိုသို့ပြောင်းလိုသောအခါ—

(က) ဝါကျတိုနှစ်ခုတွင် ပုဒ်တူ (ပုဒ်မတူစေကာမူ အဓိပ္ပါယ်တူ နာမ်နှင့်နာမ်စားနှစ်ခု) ကို တွေ့အောင်ရှာပါ။

(ခ) နာမဝိသေသန ပြောင်းလိုသောဝါကျထဲရှိ ပုဒ်တူ (အဓိပ္ပါယ်တူပုဒ်) ကို ဖျောက်၍

(ဂ) ထိုဝါကျတို၏အဆုံးသတ်ကြိယာ သည်၊ ၏၊ တယ်၊ ပြီ (ပီ) ကို သည်၊ သော၊ တဲ့ သို့ရင်း၊ မည် (မယ်)၊ အံ့၊ လတ္တံ့ ကို မည့် (မဲ့) သို့ရင်း ပြောင်းပါ။ ၎င်းကို ဝါကျနာမဝိသေသနဟု ခေါ်နိုင်သည်။

(ဃ) ဝါကျနာမဝိသေသနကို အခြား ပုဒ်တူတခု၏ ရှေ့တွင် ဆက်ပေးခြင်းဖြင့် ဝါကျရှည်တခုဖြစ်အောင် ပြောင်းပေးနိုင်သည်။ (အဆက်ခံမည့်ပုဒ်တူသည်

နာမ်စားပုဒ်ဖြစ်နေပါက ဖျောက်လိုက်သော နာမ်ပုဒ်သို့ ပြောင်းပြီးမှဆက်ရမည်။)

မှတ်ချက်။ မြန်မာဘာသာတွင် အင်္ဂလိပ်ဘာသာမှာ ကဲ့သို့ ပုဒ်ဆက်နာမ်စားကို မသုံးသောကြောင့် ဖျောက်လိုက်သောပုဒ်သည် လူနှင့်အရာဝတ္ထု၊ ကတ္တားနှင့်ကံဝိဘတ်ပါ-မပါသောပုဒ်စသည်တို့ ခွဲခြားရန် မလို။ အားလုံး အတူတူ တမျိုးတည်းသာ ဖြစ်၍ အထူးလွယ်ကူပေသည်။

ပုံစံ

၁။ မောင်မောင်သည် ကျောင်းသို့ သွား၏။
သူသည် ကျွန်တော်၏ညီ ဖြစ်သည်။
ကျောင်းသို့သွားသောမောင်မောင်သည် ကျွန်တော်၏ညီ ဖြစ်၏။
(ကျောင်းကိုသွားတဲ့မောင်မောင်ဟာ ကျွန်တော့ညီ ဖြစ်တယ်)
ကျွန်တော်၏ညီဖြစ်သောမောင်မောင်သည် ကျောင်းသို့သွား၏။

၂။ ကျွန်တော်သည် ဦးဘကို သိ၏။
ဦးဘသည် မန္တလေးမှ ပြန်လာ၏။
ကျွန်တော်သည် မန္တလေးမှပြန်လာသော ဦးဘကို သိ၏။
(ကျွန်တော်သိသော ဦးဘသည် မန္တလေးမှ ပြန်လာ၏။)
(ကျွန်တော်သိတဲ့ဦးဘဟာမန္တလေးကပြန်လာတယ်။)

၃။ အဖေသည် အိမ်တလုံးကို ဝယ်ခဲ့၏။
ကျွန်တော်တို့ ထိုအိမ်မှာ နေသည်။
ကျွန်တော်တို့သည် အဖေဝယ်ခဲ့သောအိမ်မှာ နေကြ၏။
(ကျွန်တော်တို့ဟာအဖေဝယ်ခဲ့တဲ့အိမ်မှာ နေတယ်)

၄။ အဖေက ဖောင်တိန်တချောင်း ဝယ်ပေး၏။
ကျွန်တော်သည် ထိုဖောင်တိန်နှင့် စာရေး၏။
(ကျွန်တော်သည် အဖေဝယ်ပေးသောဖောင်တိန်နှင့် စာရေး၏။)
(ကျွန်တော်ဟာ အဖေဝယ်ပေးတဲ့ ဖောင်တိန်နဲ့ စာရေးတယ်။)

၅။ ကျွန်တော်တို့သည် မန္တလေးမြို့မှာ နေ၏၊
မန္တလေးသည် ရှေးဟောင်းမြို့တော် ဖြစ်ခဲ့သည်။
(ကျွန်တော်တို့သည် ရှေးဟောင်းမြို့တော်ဖြစ်ခဲ့သော မန္တလေးမြို့မှာ နေ၏။)

၆။ မြန်မာနိုင်ငံသည် ၁၉၄၈-ခုနှစ်မှာ လွတ်လပ်ရေးရ၏။
မောင်မြကို ၁၉၄၈-ခုနှစ်မှာ မွေးဖွား၏။
(မြန်မာနိုင်ငံ လွတ်လပ်ရေးရသော ၁၉၄၈-ခုနှစ်မှာ မောင်မြကို မွေးဖွား၏။)
(မောင်မြကို မွေးဖွားသော ၁၉၄၈-ခုနှစ်မှာ မြန်မာနိုင်ငံ လွတ်လပ်ရေးရ၏။)

၇။ ကျွန်တော်၏ အကိုများသည် တောရွာတွင် နေ၏။
ထိုတောရွာလေးသည် အေးချမ်း သာယာ၏။

(ကျွန်တော်၏ အကိုများနေသော တောရွာကလေးသည် အေးချမ်း၏။)
(ကျွန်တော်၏ အကိုများသည် အေးချမ်း သာယာသော တောရွာကလေးတွင် နေကြ၏။)

ဂ။ ကျွန်တော်သည် အိမ်တလုံး ဝယ်မည်။
ကျွန်တော်သည် ထိုအိမ်ကို သွားကြည့်၏။
(ကျွန်တော်သည် ကျွန်တော် ဝယ်မည့်အိမ်ကို သွားကြည့်၏။)
(ကျွန်တော်ဟာ ကျွန်တော်ဝယ်မဲ့အိမ်ကို သွားကြည့်တယ်။)
(ကျွန်တော်သည် ကျွန်တော် သွားကြည့်ခဲ့သည့် အိမ်ကို ဝယ်မည်။)

မှတ်ချက်။ ။ဝါကျ နှစ်ခုအနက် ဒုတိယဝါကျတို့ရှိ ပုဒ်တူတွဝ်ထို ၎င်း အဲဒီ ဟူသော အညွှန်းနာမဝိသေသနပုဒ်များ ပါတတ်သည်။ ချေသောအခါ ထည့်ချေ၍ အဆက်ခံသောအခါ ချေပြီးမှ ဆက်ရမည်။ (ပုံစံ–၃,၄,၇-ကို ကြည့်ပါ။)

လေ့ကျင့်ခန်း (၁)

၄၈၆။ အောက်ပါ ဝါကျတို့ နှစ်ခုအနက် သင့်လျော်ရာ ဝါကျတို့တခုကို နာမဝိသေသန ပြောင်း၍ ဝါကျရှည်တခု ဖွဲ့ပေးပါ။ ရေးဟန်၊ပြောဟန် နှစ်မျိုးစီ ပြောင်းရေးပေးပါ။

(က) ကျွန်တော်သည် စာအုပ်တအုပ် ဝယ်လာ၏။
မမြသည် ထိုစာအုပ်ကို ဖတ်ချင်၏။

(ခ) ဦးတင်သည် ရန်ကုန်မှာ နေ၏။
သူသည် ကျွန်တော်၏ဦးလေး ဖြစ်သည်။

(ဂ) မောင်လှသည် ကားတစီး ဝယ်ထား၏။
မောင်တင်သည် ထိုကားကို မကြိုက်ချေ။

(ဃ) စီစီသည် အခန်းထဲမှာ အိပ်နေသည်။
အမေသည် စီစီကို လှမ်းခေါ်သည်။

(င) မောင်ဘသည် မြေမြို့သို့ သွား၏။
မြေမြို့သည် တောင်ပေါ်၌ ရှိသည်။

(စ) ဆရာသည် လေ့ကျင့်ခန်းကို ပေး၏။
ကျောင်းသားများ ထိုလေ့ကျင့်ခန်းကို ကူးနေ၏။

(ဆ) အမေသည် ကြောင်အိမ်ထဲ၌ မုန့်ကိုဘား၏။
ကြည်ကြည်သည် ထိုမုန့်ကို ယူစားခဲ့သည်။

(ဇ) စီစီသည် စာစီစာကုံး ရေးခဲ့သည်။
ဆရာသည် စာစီစာကုံးကို ဖတ်နေ၏။

(ဈ) မမြသည် ကြက်သားဟင်း ချက်နေသည်။
မမြသည် ကျွန်တော်၏ အဒေါ် ဖြစ်သည်။

(ည) မောင်မောင်သည် ဝတ္ထုတပုဒ် ရေး၏။
အယ်ဒီတာက ထိုဝတ္ထုကို မဂ္ဂဇင်း၌ မထည့်ခဲ့ပေ။

လေ့ကျင့်ခန်း-၂

၄၈၇။ သော၊ သည့် (တဲ့)၊မည့် (မဲ့) ဆုံးသော နာမဝိသေသနတခုစီ ပါဝင်သော ပြောဟန်၊ ရေးဟန် ဝါကျရှည်

၁၀-စုံကို ရေးပြပါ။ (တဲ့-မဲ့- ဖြင့်ရေးသောအခါ အခြားနာမ်ဝိဘတ်၊ ကြိယာဝိဘတ်တို့ကိုလည်း စကားပြောဟန် အတိုင်း ရေးဘို့သတိပြုပါ)။

၂-ဝါကျတိုတခုကို နာမ်ပြောင်း၍ ဆက်နည်း

၄၇၇။ ဝါကျတိုတခုကို—

(က) နာမ်ဝိဘတ်တလုံး ဆက်ပေးခြင်းဖြင့်၎င်း၊
(ခ) ပစ္စည်းတခု ဆက်ပေးခြင်းဖြင့်၎င်း—

နာမ်ပုဒ်တခုအဖြစ် ပြောင်းနိုင်၏။ ၎င်းကို ဝါကျနာမ်ဟု ခေါ်၏။ ထိုဝါကျနာမ်ကို အခြားဝါကျတခု၏ ကတ္တားအဖြစ်၊ ကံအဖြစ်ထား၍ ရေး၊ ပြောခြင်းဖြင့် ဝါကျတိုနှစ်ခုကို ဝါကျရှည်တခုဖြစ်အောင် ပြောင်းရေးနိုင်၏။

(က) နာမ်ဝိဘတ်ကို ဆက်၍ နာမ်ပြောင်းဆက်ခြင်း

၄၇၈။ ဝါကျတိုတခု၏ နောက်တွင် သည်၊ က၊ ကို၊ နာမ်ဝိဘတ်တလုံးဆက်၍ နာမ်ပုဒ်အဖြစ် ပြောင်းပေးရ၏။ ကြိယာဝိဘတ် သည်,၏, တယ်-ကို ရံခါ တာ ထာ ဒါ-သို့ ၎င်း၊ မည်,အံ့,လတ္တံ့-ကို ရံခါ မှာ-သို့၎င်း ပြောင်းပေးရ၏။ ရံခါ သည်,ကို. ဝိဘတ်များကို ဖျောက်၍သုံး၏။

သည်-ဆုံးဝါကျနာမ်ကို အခြားဝါကျ၏ ကတ္တားအဖြစ်ထား၍၎င်း၊ ကို-ဆုံးနာမ်ဝါကျကို အခြားဝါကျ၏ကံအဖြစ်ထား၍၎င်း ရေး၊ ပြောနိုင်၏။

(ခ) နာမ်ဝါကျကို ကတ္တားအဖြစ်သုံးပုံ

၄၈၁။ နာမ်ပြောင်း ဝါကျတိုများကို ကတ္တားအဖြစ်သုံးသောအခါ ကြိယာများသည် ဂုဏ်ရည်ပြကြိယာနှင့် ဖြစ်ကြိယာများသာ ဖြစ်၏။

ပုံစံ

(က) ခင်ဗျားပြောဒါ မှန်တယ်။
(ခ) သူဝယ်ခဲ့ဒါက ဈေးကြီးတယ်။
(ဂ) သူတို့ဝယ်ပေးတာတွေ မကောင်းဘူး။
(ဃ) အလီက နိုင်မှာ သေချာတယ်။
(င) အမေဆူနေမှာ သေချာတယ်။
(စ) အမချက်တာက ပိုကောင်းတယ်။
(ဆ) ဆရာမ သင်ပေးဒါတွေ မှားတယ်။
(ဇ) အမဝယ်ခဲ့ဒါတွေက ပိုလှတယ်။
(ဈ) ပရိသတ်မြှော်လင့်နေတာက ရွှေမန်းတင်မောင် ဖြစ်တယ်။
(ည) အခု သူပြောဒါဟာ အမှန်တရားဘဲ။
(ဋ) ကျွန်တော့်မှာရှိတာတော့ ဒါဘဲ။
(ဌ) သူ့မှာရှိတာက ပိုတောင်လှသေးတယ်။
(ဍ) သူတို့ ရန်ကုန်မှာရှိတာ သေချာရဲ့လား။
(ဎ) မလှ သေတယ်ဆိုဒါ အမှန်ဘဲလား။

(၂) နာမ်ဝါကျကို ကံအဖြစ်သုံးပုံ

၄၉၂။ ဝါကျတို့နောက် ကို-ဝိဘတ်ဆက်၍ ပြောင်းထားသောဝါကျတို့ကို ဝါကျတခု၏ကံပုဒ်အဖြစ် ထား၍သုံးနိုင်၏။

ပုံစံ

(က) မောင်မောင် ဆရာ့စာအုပ် ယူသွားသည်ကို ကျွန်တော် မြင်လိုက်၏။

(ခ) ကလေးများ သစ်ပင်ရိပ်၌ကစားနေသည်ကို သူတို့ မမြင်ချေ။

(ဂ) ခြင်းထဲမှကြက်များသည် သူတို့ နက်ဖြန်သေရမည်ကို မသိကြချေ။

(ဃ) မောင်လှသည် ချစ်သူနှင့် ပြန်တွေ့ရတော့မည်ကို စဉ်းစားနေလေ၏။

(င) ခင်ဗျာ့စာအုပ် သူယူသွားတာ (ဒါ) ကျွန်တော် မြင်တယ်။

(စ) သူတို့ မနေ့က ပြန်ရောက်တာ (ထာ) ကျွန်တော် မသိဘူး။

(ဆ) ဆရာသင်ထားတာ(ဒါ)တွေကို အကုန် ကျက်ပါ။

(ဇ) သူတို့ အရက်သောက်တာ(ထာ)ကို ဆရာ သိသွားပြီ။

(ဈ) ကလေးတွေ **ကစားနေတာ** (ဒါ)ကို သူ စောင့်ကြည့်နေတယ်။

(ည) သူတို့မြို့၌ချမ်းနေမည်(မှာ)ကို မစဉ်းစားမိချေ။

မှတ်ချက်။ ကြိယာဝိဘတ်သည်-ကို **သော**-ပစ္စည်းသို့ ပြောင်း၍ အဖြစ်-ဟူသော ကြိယာနာမ်တလုံးထည့်ကာ ကတ္တားပုဒ်အစား ပိုင်ရှင်ပြပုဒ်ကို သုံး၍ တမျိုး ရေး၊ ပြောကြ၏။

ပုံစံ

(က) တရားတော်၏ နက်နဲသောအဖြစ်ကို ဆင်ခြင်တော်မူ၏။

(ခ) ကျွတ်ထိုက်သော သတ္တဝါတို့၏ ရှိသောအဖြစ်ကို မြင်တော်မူ၏။

(ဂ) ဥဒက-စသောရသေ့တို့၏ စုတေသောအဖြစ်ကို သိတော်မူ၏။

ဆိုသည်(ဆိုဒါ)ပစ္စည်းထဲ့၍ နာမ်ပြောင်းပုံ

၄၉၃။ ကြိယာဝိဘတ်များကို **တာ**၊**ထာ**၊ဒါ၊မှာ- စသည်သို့ မပြောင်းဘဲ သူ့အတိုင်း ထားကာ ဆိုသည်-(ဆိုဒါ)ဟူသော ပစ္စည်းထည့်၍ နာမ်ပုဒ်အဖြစ် ပြောင်းပြီးမှ ထိုနာမ်ဝါကျကို အခြား ကြိယာ၏ ကံပုဒ်အဖြစ်ထား၍ ရေးနိုင်၊ ပြောနိုင်၏။ (သိသည်၊ ကြားသည်၊ ပြောသည်-ဟူသော ကြိယာတို့ဖြင့် အသုံးများ၏။)

(ခ) သွားလား- မသွားလား-ဟု မေးခွန်း, ငြင်းဆိုမေးခွန်း ကြိယာနှစ်လုံးထပ်၍ရင်း၊

(ဂ) ကြိယာဝိဘတ်ကို မဖျောက်ဘဲ အငြင်းကြိယာတခု ထည့်ပြီးမှ ဆိုသည် (ဆိုဒါ) ပစ္စည်းဆက်၍ရင်း–

ဝါကျတိုတခုကို နာမ်ပုဒ်ပြောင်းကာ အခြားကြိယာတလုံး၏ ကံပုဒ်အဖြစ်ထား၍ ဝါကျရှည်တခုအဖြစ် ပြောနိုင်၊ ရေးနိုင်၏—

ပုံစံ

(၁) မောင်မောင် စာမေးပွဲအောင်-မအောင် (အောင်လား၊ မအောင်လား) ကျွန်တော် မသိဘူး။

(၂) အဖေ အိမ်ပြန် ရောက်-မရောက် (ရောက်လား၊ မရောက်လား) အမေလဲ မသိဘူး။

(၃) သူတို့ ထမင်း စားပြီး-မပြီး (စားပြီးလား၊ မစားရသေးဘူးလား) ကျွန်တော်လဲ မမေးခဲ့ဘူး။

(၄) မလှ ပဲခူးကို လိုက်-မလိုက် (လိုက်မလား၊ မလိုက်ဘူးလား) မေးခဲ့စမ်းပါ။

(၅) မမြ ကျွန်တော့်ကားကို ဝယ်ဖြစ်-မဝယ်ဖြစ် (ဝယ်ဖြစ်လား၊ မဖြစ်လား) ဖုန်းပြန်ဆက်ပါ။

(၆) ဒေါ်နု အိမ်မှာ ရှိ-မရှိ (ရှိလား၊ မရှိလား) ငါ့ကို ပြန်ပြောစမ်း။

(၇) မောင်လှ ဒီနေ့ ရုံးကို လာ-မလာ(လာလား၊ မလာလား) ကျွန်တော်လဲ မသိဘူး။

(၈) မောင်လှ စာမေးပွဲအောင်တယ်-မအောင်ဘူးဆိုဒါ ငါမသိဘူး။

(၉) အကိုတို့ ညနေရောက်မယ်-မရောက်ဘူးဆိုဒါ အမေလဲ မသိဘူး။

(၁၀) သူတို့ ညစာစားပြီးပြီ-မစားရသေးဘူးဆိုဒါ အမက ဘယ်သိမလဲ။

(၁၁) အမတို့ ဘုရားကို သွားဖြစ်တယ်-မသွားဖြစ်ဘူးဆိုဒါ ကျွန်တော် ဘယ်သိမလဲ။

အမှာ။ ။၂၊၃၊၇-ပုံစံများ၌ နားထောင်သူကလဲ မသိ၊ ပြောသူကလဲ မသိ-ဟုဆိုလို၍ ကတ္တားပုဒ်နောက်တွင် လဲ-ကို ထည့်သုံးသည်။

လား–ဆုံးစိုးရိမ်ဝါကျနောက်တွင် လို့-ပစ္စည်းဆက်၍ နာမ်ပြောင်းပုံ

၄၉၆။ လား-ဆုံး စိုးရိမ်ဝါကျနောက်တွင် လို့ ပစ္စည်းဆက်၍ နာမ်ပြောင်းနိုင်၏။ တွေးထင်သူ၊ စိုးရိမ်သူ၊ သံသယဖြစ်သူကတ္တားကို ရှေ့က ထည့်ပြောလေ့ရှိ၏။ စိုးရိမ်သည်၊ သံသယဖြစ်သည်၊ ထင်သည်၊ စဉ်းစားနေသည် ဟူသော ကြိယာများကို မြှုပ်ထားနိုင်၏။ မြှုပ်ထားလေ့ရှိ၏။ (အပြောစကားသက်သက်)

ပုံစံ

(က) အမေက ကလေးတွေ လမ်းမှာများ ဆင်းဆော့နေမလားလို့ (စိုးရိမ်နေဒါ)။

(ခ) ဆရာက ကျောင်းသားတွေ စာမေးပွဲ အောင်မှ အောင်ပါ့မလားလို့ (စိတ်ပူနေတယ်)။

(ဂ) မောင်မောင်က ပို့လိုက်တဲ့ငွေ မရောက်ဘူးလားလို့ (စိတ်ပူနေတယ်)။

(ဃ) အမေက အကို ညစာစားပြီးခဲ့ပြီလားလို့ (ထင်နေဒါ)။

(င) ကျွန်တော်က ဦးလေးတို့ မလာများ မလာကြတော့ဘူးလားလို့ (အောက်မေ့နေတာ)။

(စ) ဦးလေးက မင်းတို့တတွေ စာမေးပွဲများ ဖြေပြီးကုန်ကြပြီလားလို့ (ထင်နေဒါ)။

(ဆ) မေမေက သမီးတို့တတွေ သကြန်ပြီးပြီးချင်း လာကြမလားလို့ (မြှော်နေတာ)။

(ဇ) ဆရာက မင်းတို့တတွေ မရောက်များ မရောက်ကြသေးဘူးလားလို့ (မှတ်နေတာ)။

(ဈ) ငါက ကလေးတွေ ပြန်များ ရောက်နေပြီလားလို့ ထင်နေတာ။

(ည) ကျွန်တော်က ခင်ဗျားတို့ လာမှ လာကြပါမလားလို့ (စဉ်းစားနေတာ)။

(ဋ) ငါက မောင်တင်ထွန်းတယောက် ဒို့ကိုများ သတိမှ ရသေးရဲ့လားလို့ (မေးနေတာ)။

(ဌ) ကျွန်တော်တို့က အကို့ဆီ ကြေးနန်းစာများ မရောက်လို့လားလို့ မှတ်နေတာ။

အမှာ။ ။သံသယဝါကျကို လေးနက်စေရန် ကြိယာကို နှစ်ခါထင်၍ အလယ်၌ များ၊မှ ဟူသော လေးနက် ပစ္စည်းများ၊ ရံခါ ကတ္တား, ကံ·စသော ကာရကပုဒ်များ နောက်၌ များ ဟူသော လေးနက်ပစ္စည်းများ ထည့်ပြောပုံကို သတိပြုပါ။

မေးခွန်းဝါကျကို ဝိဘတ်ပစ္စည်းမဆက်ဘဲ ဝါကျနာမ်ပြောင်းပုံ

၄၉၇။ မေးခွန်းဝါကျများကို ဝိဘတ်၊ပစ္စည်း မဆက်ဘဲ ဝါကျနာမ်ပြောင်း၍ ကံပုဒ်အဖြစ်သုံးနိုင်၏။

ပုံစံ

(က) အမတို့ ဘယ်တော့ ပြန်မလဲ မင်းသိလား။

(ခ) ဦးလေးတို့ ရောက်နေပြီလား မသိဘူး။

(ဂ) အမေတို့ ဘယ်မှာ တဲမလဲ မသိဘူး။

(ဃ) အဲဒါ ဘယ်သူ့ရဲ့ နွားမအုပ်လဲ မသိဘူးလား။

(င) သူ ငါ့စာအုပ် ယူသွားလား မပြောတတ်ဘူး။

(စ) ကလေးတွေ ဘယ်သူနှင့်နေမလဲ မသိဘူး။

(ဆ) သူတို့ ဘာကြောင့် မလာလဲ မသိဘူး။

(ဇ) ဆရာတို့ ဘယ်တော့ပြန်ရောက်မလဲ မသိဘူး။

(ဈ) မောင်မောင် ထမင်းဆာနေပြီလား မေးကြည့်စမ်းပါ။

ဝါကျရှည်ဖွဲ့စည်းပုံ လေ့ကျင့်ခန်း

၄၉၈။ အောက်ပါပုစ္ဆာများကို ဖြေကြည့်ပါ—

(က) ဝါကျတိုတခုနောက်တွင် ကို-ဝိဘတ်ဆက်၍ နာမ်ဝါကျ (ကံဝါကျ) ပြောင်းကာ ဝါကျရှည် ၅-ခု ရေးပြပါ။

(ခ) ဝါကျတိုတခုနောက်တွင် ဆိုသည် (ဆိုဒါ)၊ မှန်း-ပစ္စည်းများဆက်၍ ဝါကျရှည် ၁၀-ခု ရေးပြပါ။

(ဂ) ဝါကျတိုတခုမှ ကြိယာကို နှစ်လုံးထပ်၍ နာမ်ဝါကျပြောင်းကာ ဝါကျရှည် ၁၀-ခုကို ရေးပြပါ။ (နှစ်လုံးထပ် သုံးမျိုးပါအောင် ရေးပါ)

(ဃ) လို့-ဆုံး နာမ်ဝါကျပါ ဝါကျ ၁၀-ခု ရေးပြပါ။

(င) အမေးဝါကျများကို ဝါကျနာမ် ကံပုဒ် အဖြစ်ထား၍ ဝါကျရှည် ၁၀-ခု ရေးပြပါ။

(က) တဆင့်ခိုင်းဝါကျကို ဟု, လို့- ပစ္စည်း ဆက်၍ နာမ်ပြောင်းပုံ

၄၉၉။ လူတဦးတယောက်က စေခိုင်း တောင်းပန်သော စကားကို အခြားသူတယောက်က တဆင့် ပြန်ပြောသော အခါ မူလခိုင်းစကားဝါကျများနောက်တွင် ဟု(လို့)ဟူသော ပစ္စည်းများထည့်ကာ နာမ်ပုဒ်တခုအဖြစ်သို့ ပြောင်း၍ ထို နာမ်ပုဒ်ကို ထပ်ဆင့်ပြောကြိယာ၏ ကံပုဒ်အဖြစ် ထားပြီး ရေး၊ ပြောရ၏—

ပုံစံ

(က) နက်ဖြန် ကျောင်းကို စောစောလာပါဟု ဆရာက ကျောင်းသားများကို ပြော၏။
(နက်ဖြန်ကျောင်းကို စောစောလာပါလို့ ဆရာက ကျောင်းသားတွေကို မှာတယ်)

(ခ) သိပ္ပံမှတ်စုများကို ကျက်ပါဟု အမေက အကိုကို ပြော၏။
(သိပ္ပံမှတ်စုတွေကို ကျက်ပါလို့ အမေက အကိုကို ပြောတယ်)

(ဂ) ကျောင်းသွားခါနီး လာပါဦးဟု မမြင့်က မလှကို မှာ၏။
(ကျောင်းသွားခါနီးလာပါအုံးလို့ မမြင့်က မလှကို မှာလိုက်တယ်)

(ဃ) ဆေးလိပ်မသောက်ပါနှင့်ဟု အဖေက အကိုကို ပြော၏။

(ဆေးလိပ် မသောက်ပါနဲ့လို့ အဖေက အကိုကို ပြောတယ်)

(င) ရုပ်ရှင်မကြည့်ရဘူးဟု အမေက မလှကို ပြော၏။
(ရုပ်ရှင်မကြည့်ရဘူးလို့ အမေက မလှကို ပြောတယ်)

(စ) အဒေါ်တို့အိမ် သွား လယ်ပါရစေ ဟု စီစီက ပြော၏။
(အဒေါ်တို့အိမ် သွားလယ်ပါရစေလို့ စီစီက ပြောတယ်)

(ဆ) ထမင်းစားကြစို့ဟု ဖေဖေက ပြော၏။
(ထမင်းစားကြစို့လို့ ဖေဖေက ပြောတယ်)

(ဇ) ကလေးတွေ သွားအိပ်ပါစေဟု မေမေကပြော၏)။
(ကလေးတွေ သွားအိပ်ပါစေလို့ မေမေက ပြောတယ်)

(ခ) ထုတ်ဖော်ဝါကျကို ဟု-လို့-ပစ္စည်းဆက်၍ တဆင့် ပြန်ပြောခြင်း

၅၀၀။ လူတယောက်ပြောသောစကားကို တဆင့် ပြန်ပြောသောအခါ မူလပြောစကားနောက်တွင် ဟု၊ လို့ -ပစ္စည်း ဆက်၍ ကံပုဒ်တခုအနေထား ရေးကြ၏—

ပုံစံ

(က) ကျွန်တော် ထမင်းဆာသည်ဟု မောင်ဘက ပြော၏။

(ကျွန်တော်ထမင်းဆာတယ်လို့ မောင်ဘက ပြောတယ်)

(ခ) ယနေ့ ဆရာမ ကျောင်းမလာဘူးဟု ဆရာကြီးက ပြော၏။
(ဒီနေ့ ဆရာမ ကျောင်းမလာဘူးလို့ ဆရာကြီးက ပြောတယ်)

(ဂ) အဖေ မန္တလေးသွားသည်ဟု မလှကပြော၏။
(အဖေ မန္တလေးသွားတယ်လို့ မလှကပြောဒါတဲ့)

(ဃ) ကျွန်မ ထမင်းဆာပြီဟု မမြကပြော၏။
(ကျမ ထမင်းဆာပီလို့ မမြက ပြောတယ်)

(င) ကျွန်တော် စနေနေ့ညနေမှာ လာခဲ့မည်ဟု မောင်ခင်က ပြောသွား၏၊
(ကျွန်တော် စနေနေ့ညနေ လာခဲ့မယ်လို့ မောင်ခင်က ပြောသွားတာဘဲ)

(စ) ဦးလေးက ညနေ အိမ်မှာ ထမင်းလာစားမည်ဟု မှာလိုက်သည်။
(ဦးလေးက ညနေ အိမ်မှာ ထမင်းလာစားမယ်လို့ မှာလိုက်တယ်)

(ဂ) အမေးဝါကျ ငြင်းဆိုမေးခွန်းဝါကျကို ဟု-လို့-ပစ္စည်းဆက်၍ တဆင့်ပြန်ပြောပုံ

၅၀၁။ မေးခွန်း၊ ငြင်းဆိုမေးခွန်းကို တထင့် ပြန်ပြောသောအခါ မူလ မေးခွန်း နောက်တွင် ဟု-လို့ ပစ္စည်းများ ဆက်၍ ကံပုဒ်ပြောင်းပေရ၏—

ပုံစံ

(က) ဖေဖေ ထမင်းစားပြီးပြီလား ဟု မေမေကမေး၏။
(ဖေဖေ ထမင်းစားပြီးပီလားလို့ မေမေကမေးနေတယ်)

(ခ) သင် မြို့ကိုဘယ်တော့သွားမည်လဲဟု မမြကမေး၏။
(မင်း မြို့ကို ဘယ်တော့သွားမလဲလို့ မမြက မေးနေတယ်)

(ဂ) ထမင်းမဆာဘူးလားဟု အမေကမေး၏။
(ထမင်းမဆာဘူးလားလို့ အမေက မေးနေတယ်)

(ဃ) ကျောင်း မည်သည့်နေ့တွင် ပိတ်မည်နည်း ဟု ကျောင်းသားများက မေး၏။
(ကျောင်း ဘယ်နေ့ပိတ်မလဲလို့ ကျောင်းသားတွေက မေးနေတယ်)

(င) ဆရာကြီး ဘယ်ကိုသွားသလဲဟု ဦးလှက မေး၏။
(ဆရာကြီး ဘယ်သွားလဲလို့ ဦးလှက မေးနေတယ်)

(စ) စာစီစာကုံး ရေးပြီးပြီလားဟု မမြကမေး၏။
(စာစီစာကုံး ရေးပြီးပလားလို့ မမြက မေးနေတယ်)

(ဆ) သူက ဘယ်သူလဲဟု အမေက မေး၏။
(သူ ဘယ်သူလဲလို့ အမေက မေးတယ်)

(ဇ) မျက်မှန် မတွေ့ဘူးလားဟု အဖေက မေး၏။
(မျက်မှန် မတွေ့ဘူးလားလို့ အဖေက မေးနေတယ်)

(ဈ) အားလုံးနေကောင်းကြရဲ့လားဟုကိုခင်ကမေး၏။
(အားလုံး နေကောင်းကြရဲ့လားလို့ ကိုခင်က မေးလိုက်တယ်)

(ည) သူတို့ ဘယ်မှာနေကြသလဲဟု မလှက မေး၏။
(သူတို့ ဘယ်မှာ နေကြသလဲလို့ မလှက မေးနေတယ်)

မူလပြောစကား အလယ်ထား ပြန်ပြောခြင်း

၅၀၂။ တဆင့်ပြန်ပြောသူကတ္တားပုဒ်နှင့် အပြောခံကံပုဒ်တို့ကို ဝါကျရှေ့ဆုံးတွင်ထား၍ မူလပြောစကားကို အလယ်က ထားကာ ကြိယာကို ဝါကျအဆုံးထား၍လည်း ပြောနိုင်၊ ရေးနိုင်၏။ (မြန်မာဘာသာ ဝိသေသလက္ခဏာ)

ပုံစံ

(က) ဆရာက ကျောင်းသားများကို နက်ဖြန် ကျောင်းကို စောစောလာပါဟု ပြော၏။
(ဆရာက ကျောင်းသားတွေကို နက်ဖြန်ကျောင်း စောစောလာပါလို့ မှာလိုက်တယ်)

(ခ) အမေက အကိုကို သိပ္ပံမှတ်စုတွေ ကျက်ပါဟု ပြော၏။

(အမေက အကျိုကို သိပ္ပံမှတ်စုတွေ ကျက်ပါလို့ ပြောတယ်)

(ဂ) မောင်မောင်က ကျွန်တော် ထမင်းဆာသည်ဟု ပြော၏။
(မောင်မောင်က ကျွန်တော် ထမင်းဆာတယ်လို့ ပြောတယ်)

(ဃ) မောင်ခင်က ကျွန်တော် စနေနေ့ညနေမှ လာခဲ့မည်ဟု ပြော၏။
(မောင်ခင်က ကျွန်တော် စနေနေ့ညနေမှ လာခဲ့မယ်လို့ မှာလိုက်တယ်)

(င) ကျောင်းသားတွေက ကျောင်း ဘယ်တော့ပိတ်မည်နည်းဟု မေး၏။
(ကျောင်းသားတွေက ကျောင်း ဘယ်တော့ပိတ်မလဲလို့ မေးနေတယ်)

တဆင့်ပြောနည်းတမျိုး

၅၀၃။ တဦးတယောက်က ခိုင်းစေ၊ ပြောဆို၊ မေးမြန်းသည်ကို တဆင့်ပြန်ပြောနည်း တမျိုးမှာ မည်သူက ပြောသည်၊ မေးသည်ဟု စကားခံပြီး မူလ အပြောဝါကျ၊ အမေးဝါကျနောက်တွင် တဆင့်ခံပစ္စည်း တဲ့-ထည့်၍ မေးခြင်း၊ပြောခြင်းဖြစ်သည်။ (အပြောစကားသက်သက်) (မှာလိုက်တယ်၊ ပြောလိုက်တယ်၊ မေးတယ် စသော ကြိယာများကို ချန်၍လည်း ပြောနိုင်ပါသည်။) တဲ့ ကို နောက်ကထား၍လည်း ပြောနိုင်သည်—

ပုံစံ

(က) ဆရာက မှာလိုက်တယ်၊ နက်ဖြန် စောစောလာကြ-တဲ့။

(ခ) အမေကမှာလိုက်တယ်၊အားရင် ခဏလာပါဦး-တဲ့။

(ဂ) အဘိုးအိုက ဆုပေးတယ်၊ ကျန်းမာ ချမ်းသာကြပါစေ-တဲ့။

(ဃ) စီစီကပြောနေတယ်၊ သူလဲ ဘုရားလိုက်ပါရစေ-တဲ့။

(င) ဖေဖေက ပြောနေတယ်၊ ထမင်းစားကြစို့-တဲ့။

(စ) မေမေက မှာသွားတယ်၊ အောက်မဆင်းနဲ့-တဲ့။

(ဆ) ဆရာက မှာလိုက်တယ်၊ ရန်မဖြစ်ကြနဲ့-တဲ့။

(ဇ) အဖွားက ပြောတယ်၊ အချဉ်တွေ ဝယ်မစားရဘူး-တဲ့။

(ဈ) ဦးမြက မေးနေတယ်၊မန္တလေးကိုလိုက်မလား-တဲ့။

(ည) အမက မေးခိုင်းတယ်၊ သူ့ အင်္ကျီ ချုပ်ပြီးပြီလား-တဲ့။

(ဋ) အမေက မေးတယ်၊ ညစာ ဘယ်မှာစားမလဲ-တဲ့။

(ဌ) အမက မေးခိုင်းတယ်၊ အမေတို့ ဘယ်တော့ပြန်ရောက်မလဲ-တဲ့။

(ဍ) မောင်မောင်က မေးခိုင်းတယ်၊ ဘုရားမလိုက်ဘူးလား-တဲ့။

(စ) ဆရာက မေးနေတယ်၊ စာစီစာကုံး ရေးပြီးပြီလား-တဲ့။

(ဆ) ဆရာမက မေးနေတယ်၊ ပုစ္ဆာအားလုံး ဖြေခဲ့ရဲ့လား-တဲ့။

(တ) မောင်လှက ပြောတယ်၊ သူလဲ ပဲခူး လိုက်ချင်တယ်-တဲ့။

(ထ) မလှက ပြောတယ်၊ သူ့အမေလဲ နေမကောင်းဘူး-တဲ့။

(ဒ) ကြည်ကြည်ကပြောတယ်၊သူလဲ ထမင်းဆာပြီ-တဲ့။

(ဓ) ဆရာမက ပြောတယ်၊ ကြည်ကြည် အဆင့်-၁ ရတယ်-တဲ့။

(န) အဖေက ပြောတယ်၊ ညနေ စာအုပ်ဆိုင် ဝင်ဦးမယ်-တဲ့။

(ပ) ဦးလှက မှာသွားတယ်၊ ညနေ အစည်းအဝေးရှိတယ်-တဲ့။

(ဖ) အမေက မှာလိုက်တယ်၊ အားလုံး နေကောင်းကြတယ်-တဲ့။

(ဗ) ဆရာကပြောတယ်၊ မင့်ဂဏန်းတွေဟာ မမှန်ဘူး-တဲ့။

(ဘ) ဆရာမက ပြောတယ်၊ မနေ့က မောင်ပု ကျောင်းမတက်ဘူး-တဲ့။

ပြောခဲ့သည့်အတိုင်း မဖြစ်လျှင် ဆို-ပစ္စည်းဆက်

၅၀၄။ ယခင်ပြောကြားချက်နှင့် ယခုလုပ်ဆောင်ချက် တမျိုးစီဖြစ်နေသောအခါ (ဖြစ်နေသည်ဟု ထင်သောအခါ) ယခင် သူ့စကား နောက်တွင် ဆို-ဟူသောပစ္စည်း အဆုံးသတ်၍ တဆင့် ပြန်ပြောရ၏—

ပုံစံ

(က) မင်း နေမကောင်းလို့ ဘုရားကို မလိုက်ဘူး ဆို။

(ခ) ခင်ဗျား အမတို့အိမ်က ထမင်းစားခဲ့ပြီ ဆို။

(ဂ) အမေတို့ ဒီနေ့ ဉပုသ်စောင့်သွားမယ် ဆို။

(ဃ) အကိုပြောတော့ အဖေတို့ ဒီနေ့ရောက်မယ် ဆို။

တဆင့်ကြားသတင်းကို ပြန်ပြောခြင်း

၅၀၅။ တဆင့်ပြောစကား နောက်တွင် ဆိုဘဲ - ပစ္စည်းထည့်၍ သတင်းတခုကို ဖောက်သည်ချနိုင်၏။

ပုံစံ

(က) ဆရာတို့ မရောက်သေးဘူး ဆိုဘဲ။

(ခ) မလှ ငါးသောင်းဆုပေါက်တယ် ဆိုဘဲ။

(ဂ) ဦးလှကြီး သေသွားပြီ ဆိုဘဲ။

(ဃ) ဒေါ်မြတို့ ညနေရောက်မယ် ဆိုဘဲ။

မရေရာတဆင့်ကြား ဆိုလားလို့-ပစ္စည်း ခံဆက်

၅၀၆။ တဆင့်ကြားဖြစ်၍ မသေချာ မရေရာသောစကားကို တဆင့်ပြန်ပြောသောအခါ ဆိုလားလို့၊ ဆိုလားဘဲ-ပစ္စည်း အဆုံးကထည့်၍ ပြောရ၏—

ပုံစံ

(က) ဆရာ ဒီနေ့ ရုံးမလာဘူး ဆိုလားလို့။

(ခ) ကလေးတွေ ရုပ်ရှင်သွားချင်တယ် ဆိုလားလို့။

(ဂ) အကိုတို့ မနေ့က မန္တလေးသွားပြီ ဆိုလားလို့/ဆိုလားဘဲ။

(ဃ) အမေတို့ ဘုရားသွားချင်တယ် ဆိုသားလို့/ဆိုလားဘဲ။

ဝါကျနာမ်ဆိုင်ရာ လေ့ကျင့်ခန်း

၅၀၇။ သင်၏ မှတ်ဉာဏ်ကို အောက်ပါမေးခွန်း ဖြေပုံဖြင့် စစ်ဆေးပါ—

(က) မူလပြောစကားကို ဝါကျနာမ်ကံပုဒ်အဖြစ်ထား၍ ဝါကျရှည်ဆယ်ခုကို ရေးပြပါ။

(ခ) မေးခွန်း ဝါကျများကို တဆင့် ပြန်ပြောပုံ ဝါကျဆယ်ခု ရေးပြပါ။

(ဂ) တဲ့-ပစ္စည်းကိုသုံး၍ တဦး၏စကား တဦးက ပြန်ပြောပုံ ၁၀-ဝါကျရေးပြပါ။

(ဃ) ဆို-ပစ္စည်း လို့-ပစ္စည်းကို ဝါကျအဆုံးမှာထား၍ တဆင့်ပြောပုံကို ရေးပါ။

(၃) သမ္ဗန္ဓနှင့်ဆက်သော ဝါကျရှည်

၅၀၈။ ဝါကျတိုနှစ်ခု၊ သုံးခုကို ဝါကျဆက် သမ္ဗန္ဓ တခုဖြင့် ဆက်လိုက်သောအခါ ဝါကျရှည်တခုကိုရရှိ၏။ ဝါကျတိုအခု၏ အဆုံးတွင် သမ္ဗန္ဓတခု ဆက်လိုက်သောအခါ ကြိယာဝိဘတ်များသည်—

(က) အများအားဖြင့် ကျေပျောက်ကုန်၏၊

(ခ) အနည်းငယ်မျှ မကျေပျောက်သည်လည်း ရှိ၏။

တဝါကျမှာ ကတ္တားနှစ်ခု မရှိရ

၅၀၉။ မြန်မာဘာသာတွင် ကတ္တားတူသော ဝါကျတိုများကို ဆက်သောအခါ ဝါကျတိုတခုကကတ္တားပုဒ်ကို မြုပ်၍ ရေး၊ပြောကြသည်။ (ကတ္တားမြုပ်၍မရသော အင်္ဂလိပ်ဝါကျများကို တိုက်ရိုက် အတိအကျ ကတ္တားနှစ်ခုလုံးကို ဖော်၍ ဘာသာပြန်ကာ ရေးသားကြသော မြန်မာမစစ်သည့် အင်္ဂလိပ်ဘာသာပြန်ဝါကျအမှားများကို အတုမယူမိကြရန် အထူးသတိပြုသင့်ပေသည်။ ထိုသို့ ဘာသာပြန် ဝါကျများရေးခြင်းဖြင့် ရေးသူအဖို့ မင်ကုန်၊အချိန်ကုန်၊ စာရွက်ကုန်သည့်ပြင် ဖတ်သူတို့အဖို့လည်း အချိန်ကုန်၊ မျက်စိညောင်း၊ အဓိပ္ပါယ်ရှုပ်ထွေးစေသဖြင့် မည်သူမျှ အကျိုးမရှိသောကြောင့် အထူးသတိပြု ရှောင်ကြဉ်သင့်ပေသည်။)

သမ္ဗန္ဓဆက်ဝါကျ (၉) မျိုး

၅၁၉။ သမ္ဗန္ဓနှင့် ဆက်သော ဝါကျများမှာ ၉-မျိုး ရှိကုန်၏၊

(က) အကြောင်းပြသမ္ဗန္ဓများ

ကြောင့်၊ ဖြင့်၊ ၍၊ အတွက်၊ နှင့် (နဲ့)၊လို့၊ ရကား။

(ခ) အချိန်ပြသမ္ဗန္ဓများ

အခါ၊ ခင်၊ မီ၊ နောက်၊ မှ၊လျှင်....ချင်း၊ နှင့်တပြိုင်နက်၊ တိုင်အောင်၊မ....မချင်း၊ကတဲက၊တုန်း၊ခိုက်၊စဉ်၊ရင်း၊တိုင်း၊ အခါတိုင်း၊ သမျှ၊ သမျှကာလပတ်လုံး၊ တော့ (သော အခါ-မှ ဖြစ်လာသည့် သမ္ဗန္ဓ)၊ ရာ၊ ရော၊ သကာလ။

(ဂ) ဆန့်ကျင်ဘက်သမ္ဗန္ဓများ

သော်သည်း၊ လင့်ကစား၊ စေကာမူ၊ ပေမဲ့၊ ပေမယ်လို့၊ လျက်နှင့်၊ (လျက်နဲ့)၊တောင်၊ တောင်မှ၊ မ....ဘဲနှင့် (မ....ဘဲနဲ့)၊ အစား။

(ဃ) စည်းကမ်းသတ်သမ္ဗန္ဓများ

လျှင်၊ မ၊ မူကား၊ က၊ မှ၊သော်၊ သော်ကား၊ သော်မှ၊ အံ့။

(င) အကျိုးမြော်သမ္ဗန္ဓများ

အောင်၊ အောင်လို့၊အံ့သောငှါ၊စိမ့်သောငှါ၊ရန်အလို့ငှါ၊ ရန်၊ ဘို့။

(စ) အနှိုင်းသမ္ဗန္ဓများ

အတိုင်း၊ လို၊ နည်းတူ၊ ကဲ့သို့၊ အလား၊ အလျောက်၊ နှင့်အမျှ၊ နှင့်လျော်ညီစွာ၊ ထက်။

(ဆ) အပြိုင်သမ္ဗန္ဓများ

လျက်၊ ကာ၊ ပြီး၊ ၍၊ ရင်း၊ တုန်း။

(ဇ) ပမာဏသမ္ဗန္ဓများ

လောက်၊ကာမျှ၊ကာမျှဖြင့်၊ မျှ၊ရုံလေးနှင့်၊ ရုံလေး။

(ဈ) အထွေထွေသမ္ဗန္ဓများ

အထက် ဂ-မျိုးတွင် မပါဝင်သော သမ္ဗန္ဓအားလုံးကို ဤ အထွေထွေ သမ္ဗန္ဓများစာရင်းသို့ သွင်း၍ လေ့လာရန် ဖြစ်ပါသည်။

အကြောင်းပြသမ္ဗန္ဓနှင့် ဆက်ပုံ

၅၁၁။ အကြောင်းဝါကျနှင့် အကျိုးဝါကျ နှစ်ခုကို ဆက်၏။

ပုံစံ

(က) မောင်မောင်သည် နေမကောင်းသောကြောင့် အိပ်နေ၏။

(ခ) သူသည် ထမင်းဆာသောကြောင့်အိမ်ပြန်လာ၏။

(ဂ) သူသည် ကြိုးစားသဖြင့် ပထမဆု ရသည်။

(ဃ) ဦးမြသည် လမ်းလျှောက်၍ ကျန်းမာ၏။

(င) မောင်မောင်သည် ကြိုးစားသည့်အတွက် ဂုဏ်ထူးရ၏။

(စ) ဦးလှသည် နေမကောင်းသည်နှင့် အိပ်နေလေ၏။ (ရှေးသုံး)

(ဆ) (ဦးလှဟာ နေမကောင်းဒါနဲ့ အိပ်နေတယ်)

(ဇ) (ဦးလှဟာ နေမကောင်းလို့ အိပ်နေတယ်)

(ဈ) မောင်လှသည် ဇွဲရှိသည့်အတွက်ကြောင့် စာမေးပွဲအောင်၏။

အချိန်ပြသမ္ဗန္ဓနှင့် ဆက်ပုံ

၅၁၂။ ရှေ့နောက် ပြိုင်ဘူဖြစ်သော ဝါကျ နှစ်ခုကို ဆက်သည်။

ပုံစံ

(က) မိုးစဲသောအခါ (၌)သူတို့ ပြန်လာကြလိမ့်မည်။

(ခ) မိုးမစဲခင် သူတို့ ပြန်လာကြလိမ့်မည်။

(ဂ) မိုးစဲပြီးနောက် သူတို့ပြန်ကြလိမ့်မည်။

(ဃ) မိုးစဲမှ သူတို့ ပြန်ကြလိမ့်မည်။

(င) မိုးစဲတော့ သူတို့ပြန်ခဲ့ကြသည်။

(စ) မိုးစဲတော့မှ သူတို့ပြန်ခဲ့ကြသည်။

(ဆ) မိုးစဲတယ်ဆိုရင်ဘဲ သူတို့ပြန်ဘို့ပြင်ကြသည်။

(ဇ) ဦးလှသည် ထမင်းစားပြီးမှ ရုံးသို့သွား၏။

(ဈ) ဦးလှသည် ထမင်းစားပြီးလျှင် ပြီးချင်း ရုံးသို့သွား၏။

(ည) သူတို့ ရောက်လျှင် ရောက်ချင်း (ရောက်ရောက်ချင်း) ငါ့ဆီကို ဖုန်းဆက်ပါ။

(ဋ) မောင်မောင်သည် စာရသည်နှင့် တပြိုင်နက် ဘူတာသို့သွားလေ၏။

(ဌ) သူတို့ပြန်လာသည့်တိုင်အောင် တို့ဒီကစောင့်မည်။

(ဍ) သူတို့ ပြန်မရောက်မချင်း တို့ ဒီကစောင့်မည်။

(ဎ) ထမင်းစားပြီးကတဲက သူ ဝတ္ထုဖတ်နေသည်။

(ဏ) အဖေတို့ ထမင်းစားနေတုန်း သူတို့ ရောက်လာကြသည်။

(တ) အဖေတို့ ထမင်းစားနေခိုက် သူတို့ ရောက်လာကြသည်။

(ထ) ကျွန်တော်တို့ ထမင်းစားနေစဉ် ဧည့်သည်များရောက်လာသည်။

(ဒ) ကုန်ထုတ်ရင်း တိုက်ပါ၊ တိုက်ရင်း ကုန်ထုတ်ပါ။

(ဓ) လှေပြေးရင်း တက်ကျိုးသည်။

(န) ကျွန်တော် ရန်ကုန်ကိုလာတိုင်း ရွှေတိဂုံကို ဖူးပါသည်။

(ပ) ကျွန်တော်ရန်ကုန်လာသည့်အခါတိုင်း ရွှေတိဂုံကို ဖူးပါသည်။

(ဖ) အသက်ရှင်နေသမျှ ကာလပတ်လုံး ရှန်းကန် လှုပ်ရှားကြရ၏။

(ဗ) အဖေ သေပြီးတော့ ကျွန်တော် ရန်ကုန်ကို ရောက်လာတာဘဲ။

(ဘ) ကျီးသည် လှည့်လည်ပျံသန်းရာ ရေချိုးနေသော ငန်းတကောင်ကို မြင်လေ၏။

(မ) ကျီးက အား အား-ဟု အော်လိုက်ရာ ဒိန်ခဲသည် မြေသို့ကျသွားလေ၏။

(ယ) တို့လဲ အိမ်ရောက်ရော မိုးလဲ ရွာချတာဘဲ။

(ရ) ထမင်းလဲ စားပြီးရော တို့လဲ ပြန်လာကြတာဘဲ။

(လ) နေလဲ ထွက်ကရော တို့လဲ မြို့ကိုရောက်တာဘဲ။

(ဝ) သံသရာဝယ် ကျင်လည်သ၍ သူနိုင်သောကိုယ် မဖြစ်ရစေလို။

(သ) အသင်းကြီး တည်ရှိသမျှ–တည်ရှိသ၍–တည်သမျှ ကာလပတ်လုံး ဦးမြဘ တလ-၁၀၀ိ လှူပါမည်။

ဆန့်ကျင်ဘက်သမ္ဗန္ဓနှင့် ဆက်ပုံ

၅၁၃။ အကြောင်းအကျိုး မဆီလျော် ဆန့်ကျင်သော ဝါကျနှစ်ခုကို ဆက်၏။

ပုံစံ

(က) မောင်မောင်သည် ကြိုးစားပါလျက်–လျက်နှင့်–လျက်နဲ့–သော်လဲ–လင့်ကစား–စေကာမူ–ငြား ထူး တဘာသာမှ မရခဲ့ချေ။

(ခ) မောင်လှသည် ကျောင်းသို့မသွားဘဲ–ကျောင်း မသွား မူ၍–ကျောင်းသွားမည့်အစား–ရုပ်ရှင်သို့ သွားနေလေသည်။

(ဂ) ဦးမြသည် နေမကောင်းစေကာမူ–နေမကောင်း ပေမဲ့–နေမကောင်းတာတောင်–ရုံးသို့သွားသည်။

(ဃ) သင်တို့သည် အတိတ်ကံမကောင်းလင့်ကစား ဝီရိ ယရှိလျှင် အကျိုးခံစားကြရမည်။

(င) မောင်လှသည် ဆရာ့ကို မပြောဘဲနှင့် အိမ်သို့ပြန် သွားသည်။

(စ) ကျွန်တော် မခေါ်ဘဲနဲ့ သူဖာသာလိုက်လာသည်။

(ဆ) မမြဟာ ကြိုးစားပါရက်နဲ့ မအောင်ရှာဘူး။

(ဇ) မင်းဟာ ထိုင်နေမဲ့ အစား တခုခု လုပ်ဘို့ ကောင်းတယ်။

စည်းကမ်းသတ်သမ္ဗန္ဓများနှင့် ဆက်ပုံ

၅၁၄။ အကြောင်း ညီညွတ်-မညီညွတ်သော ဝါကျနှစ်ခု ကို ဆက်၏။

ပုံစံ

(က) မြန်မာနိုင်ငံသူနိုင်ငံသားများ ကြိုးစားလျှင် မြန်မာနိုင်ငံ တိုးတက်သာယာလာမည်။

(ခ) သင် ကြားနာလိုမူ ငါ ဟောပြအံ့။

(ဂ) အကယ်၍ သင်ဇွဲရှိမူကား အောင်မြင်လတ္တံ့။

(ဃ) ကြိုးစားက ဘုရားဖြစ်နိုင်သည်။

(င) သေသူပေးက ရှင်သူရ၏။

(စ) သူတော်မှ ကိုယ်ကောင်းမည်။

(ဆ) အရှင်ကောင်းမှ ကျွန်ကောင်းမည်။

(ဇ) ကျွန်ကောင်းမှလည်းအရှင်၌အပြစ်ကင်းရာသည်။

(ဈ) မိုးနှောင်းကောင်းမှ စပါးများ အောင်မည်။

(ည) သမီးပေးသော် သမက်ရ၏။

(ဋ) အသွားလျင်သော် အရင်ရောက်သည်။

(ဌ) သင်တို့ ကြိုးစားသော်ကား မအောင်ဘဲမနေ။

(ဍ) မိုးမရွာသော်ကား ကျွန်ုပ်လာခဲ့မည်။

(ဎ) သောတာပန်ကား အသက်ဖြင့် ခြိမ်းခြောက်သော်မှ အယူဝါဒမပြောင်းတော့ပေ။

(ဏ) ထိုသူသည် အကယ်၍ ရဟန်းပြုအံ့၊ ဘုရားကေန်ဖြစ်မည်။

(တ) အကယ်၍ မင်းပြုအံ့၊ စကြာတေးမင်း ဖြစ်မည်။

(ထ) အကယ်၍နေသာအံ့၊ကျွန်ုပ်တို့ပန်းခြံသွားကြမည်။

(ဒ) အကယ်၍ သူကြိုးစားခဲ့အံ့၊ ဂုဏ်ထူးရဘို့ ရှိသည်။

အကျိုးမြော်သမ္ဗန္ဓများနှင့် ဆက်ပုံ

၅၁၅။ ရှေ့အကျိုးပါကျနှင့်နောက်အကြောင်းဝါကျတို့ကို ဆက်၏။

ပုံစံ

(က) သင်သည် ရောဂါအမြန်ပြောက်အောင် ဤဆေးကို စားလော့။

(ခ) ဆွေစုံ မျိုးစုံ တွေ့ရအောင်(အောင်လို့) အလှူသို့ လာစေချင်သည်။

(ဂ) ဘုရားရှင်သည် မယ်တော်မိနတ်သားအား တရားဟောအံ့သောငှါ တာဝတိံသာ နတ်ပြည်သို့ ကြွတော်မူ၏။

(ဃ) လူတို့သည် ဗဟုသုတရအံ့သောငှါ စာအုပ်များကို ဖတ်ရှုကြလေသည်။

(င) မြန်မာလူငယ်များအား မြန်မာစာ မှန်မှန်ရေးနိုင်စိမ့်သောငှါ ကျွန်ုပ်သည် ဤနည်းသစ် မြန်မာသဒ္ဒါကို ရေးသားပါသည်။

(စ) မလ္လာမင်းတို့သည်ဘုရားရှင်အား ပူဇော်ရန်အလို့ငှါ အင်ကြင်းဥယျာဉ်သို့ သွားကြကုန်၏။

(ဆ) ဦးမြသည် ကလေးများအား ဇွဲရှိ စိမ့်သောငှါ ရေကူးသင်ပေးလေသည်။

(ဇ) စက်မှုနိုင်ငံ ထူထောင်ရန် အလို့ငှါ နိုင်ငံခြားသို့ ပညာတော်သင်များ စေလွှတ်ထားလေသည်။

(ဈ) ဦးလှသည် ရောင်စုံပုံနှိပ်ပညာသင်ရန် ဂျပန်နိုင်ငံသို့ သွားပြီ။

(ည) ကျွန်တော်သည် နည်းသစ်မြန်မာသဒ္ဒါကို ရေးရန် အင်းဝနှင့် ညောင်ရမ်းခေတ် စကားပြေများကို လေ့လာသည်။

(ဋ) မိဘများသည် ကလေးများအား လိမ္မာစေရန် သွန်သင်ဆုံးမကြ၏။

(ဌ) ဆရာသည် စာရေးဘို့ စားပွဲမှာထိုင်လေသည်။

(ဍ) အမှုဆောင်များသည် ညီလာခံအတွက် ပြင်ဆင်ဘို့ အစည်းအဝေးထိုင်နေကြသည်။

အနှိုင်းသမ္ဗန္ဓများနှင့်ဆက်ပုံ

၅၁၆။ နှိုင်းယှဉ်သော ဝါကျနှစ်ခုကို ဆက်၏။

ပုံစံ

(က) ဆရာပြောသည့်အတိုင်း သူတို့ လုပ်ပြီးကြပြီ။

(ခ) ဆရာပြောသလို သူတို့လုပ်ပြီးကြပြီ။

(ဂ) ကြက်မကြီး ယက်သည့်နည်းတူ ကြက်ကလေးများ လိုက်ယက်ကြ၏။

(ဃ) သိုင်းဆရာကြီး ကပြသည့်နည်းတူ တပည့်များ လိုက်ကကြ၏။

(င) ဘိုးဘွားတို့အမွေကို ကျွန်ုပ်တို့ ခံယူသကဲ့သို့(ခံယူသလို) ကျွန်ုပ်တို့၏ အမွေကို သားမြေးများက ခံယူကြမည်။

(စ) ငါသည် ငါ၏သားကို ချစ်သကဲ့သို့ (ချစ်သလို) ခမည်းတော်သည် ငါ့ကို ချစ်ပါသလော။

(ဆ) မိုးကောင်းကင်သည် ပြိုကျတော့မည့်အလား (ပြိုကျတော့မလို) အုံ့မှိုင်းနေ၏။

(ဇ) မောင်မောင်သည် ထမင်း မစားရသေးသည့် အလား (မစားရသေးသလို) မစားရသေးသည့် ပမာ ပျော့ခွေနေသည်။

(ဈ) လူတိုင်း လူတိုင်း ကြိုးစားသည့် အလျောက် (ကြိုးစားသည်နှင့်အမျှ) အကျိုးခံစားရမည်။

(ည) တရားတော်၌လာရှိသည်နှင့်လျော်ညီစွာ ဗုဒ္ဓဘာသာဝင်တို့ လိုက်နာကျင့်သုံးကြ၏။

(ဋ) ကုန်ထုတ်စွမ်းအားတိုးတက်သည်နှင့်အမျှ အကျိုးခံစားခွင့် ပိုမိုရရှိစေမည်။

(ဌ) လူငယ်တွေကို စာသင်ရသည်ထက် လူကြီးတွေကို စာသင်ရသည်က ပိုခက်၏။

(ဍ) ရုံးမှာအလုပ်လုပ်ရတာထက် အိမ်မှာကလေးတွေ ထိန်းရတာက ပိုပင်ပန်း၏။

အပြိုင်သမ္ဗန္ဓနှင့် ဆက်ပုံ

၅၁၇။ ကြိယာနှစ်ခု မရှေးမနှောင်း အပြိုင်ဖြစ်နေသော ဝါကျနှစ်ခုကို ဆက်၏။

ပုံစံ

(က) ကလေးများသည် လွယ်အိတ်ကို လွယ်လျက် (က၊ပြီး) ကျောင်းမှပြန်လာကြ၏။

(ခ) ဘောသူသုံးမဘို့ သည် ရေအိုးကိုယ်စီ ရွက်လျက် (က၊ ပြီး) ရေကန်မှ ပြန်လာကြသည်။

(ဂ) ဦးမြသည် ကုလားထိုင်ပေါ် ထိုင်လျက်(က၊ပြီး၊ ၍) သတင်းစာဖတ်နေလေသည်။

(ဃ) မမြင့်သည် ထမင်းချက်ရင်း ဝတ္ထုဖတ်နေသည်။

(င) သူတို့ ထမင်းစားနေစဉ် သေနပ်သံကြားရ၏။

(စ) ကလေးများ ကစားနေတုန်း မိုးရွာချ၏။

ပမာဏသမ္ဗန္ဓများနှင့် ဆက်ပုံ

၅၁၈။ အတိုင်းအတာ ပမာဏကိုပြသော ဝါကျနှစ်ခုကို ဆက်၏။

ပုံစံ

(က) ကျွန်တော် သိရသလောက် မောင်မောင်သည် လူကောင်းတယောက် ဖြစ်၏။

(ခ) ကျွန်ုပ်၏ အိမ်ဘွင် သင်တို့ နေချင်သလောက် နေနိုင်ပါသည်။

(ဂ) သင်သည် တကြိမ်တခါ ရှုံးကာမျှဖြင့် စိတ်အား မလျော့သင့်ပေ။

(ဃ) ဤသို့ သမုဒ္ဒရာ၏ကမ်းကို မမြင်ကာမျှနှင့် အဘယ့် ကြောင့် ယောကျ်ားတို့၏လုံ့လကို လျော့ရအံ့နည်း။

(င) သင်သည် အမှတ်-၇၀ ရရုံမျှနှင့် ကျေနပ်နှစ်သိမ့် နေသလော။

(စ) အချို့အလုပ်သမားများသည် နေ့တွက်ကိုက်ရုံသာ အလုပ်လုပ်ကြ၏။

(ဆ) (အချို့က နေ့တွက်ကိုက်ရုံလေး လုပ်ချင်ကြတာ။)

(ဇ) မမြသည် အပြောခံရရုံလေးနှင့် ငိုနေသည်။

(ဈ) ကျွန်တော် သိရသမျှ မောင်မောင်သည် လူ ကောင်းတယောက် ဖြစ်၏။

(ည) သူ ငယ်ငယ်က တွေ့ပေခဲ့သမျှ ကြီးတော့လည်း တော်ရှာပါသည်။

ကြိယာဝိသေသန ဝါကျကဏ္ဍ မခေါ်

၅၁၉။ မြန်မာသဒ္ဒါ ကျမ်းဟောင်းများတွင် အင်္ဂလိပ် သဒ္ဒါကျမ်းများ အဆိုအတိုင်း အထက်ပါ သမ္ဗန္ဓဖြင့်ဆက်ထား

သော ဝါကျအစိတ်အပိုင်းကို ကြိယာဝိသေသနဝါကျကဏ္ဍ ဟု ခေါ်ကြ၏။ အပိုင်း-၂ ဝိဘတ်အခန်း အပိုဒ် ၉၉ တွင် ပြဆိုခဲ့သည့်အတိုင်း ထွက်ခွါရာ၊ ရွေးရှုရာ၊ အချိန်ကာလ၊ နေရာ ဌာန၊ အကြောင်းပြ ပုဒ်တို့ကို ကြိယာဝိသေသနဟု မယူဆကြချေ။ ကတ္တား၊ ကံနှင့် ကြိယာပုဒ်တို့ကလွဲလျှင် တွေ့တွေ့သမျှကို ကြိယာဝိသေသနဟုချည်းခေါ်သော အင်္ဂလိပ်သဒ္ဒါနည်းထက် ထွက်ခွါရာပုဒ်၊ ရွေးရှုရာပုဒ်၊ အသုံးခံပုဒ်၊ နေရာပြပုဒ်၊ အချိန်ပြပုဒ် စသည်ဖြင့် လုပ်ငန်းအရ တသီးတခြားစီ အမည်တပ်၍ ရေးထုံးပြုသော ပါဠိသဒ္ဒါ အစဉ်အလာကို မြန်မာပညာရှင်တို့က ပိုမိုနှစ်သက်ကြလေသည်။

၅၇၀။ ထို့ကြောင့် ဤ နည်းသစ်မြန်မာသဒ္ဒါကလည်း အချိန်ပြ၊ နေရာပြ၊ အကြောင်းပြ ပုဒ်၊ ပုဒ်စုတို့ကို မြန်မာ့ပညာရှင်တို့အစဉ်အလာအတိုင်း ထွက်ခွါရာပုဒ်၊ အချိန်ပြပုဒ်၊ နေရာပြပုဒ်- စသည်ဖြင့် တသီးတခြားစီ ခေါ်ဝေါ်ခဲ့ပေသည်။

ဝါကျဖွဲ့စည်းပုံ လေ့ကျင့်ခန်း

၅၇၁။ အောက်ပါတို့ကို စနစ်တကျဖြေပါ။

(က) အကြောင်းပြ သမ္ဗန္ဓဖြင့် ဆက်သည့် ဝါကျရှည် ၁၀-ခု ရေးပြပါ။

(ခ) အချိန်ပြသမ္ဗန္ဓ ၁၀-လုံးကို ဝါကျဖွဲ့ပြပါ။

(ဂ) ဆန့်ကျင်ဘက် ဝါကျနှစ်ခုကို သမ္ဗန္ဓဖြင့် ဆက်၍ ဝါကျရှည်ရေးပြပါ။

(ဃ) စည်းကမ်းသတ်နှင့် အကျိုးမြော်သမ္ဗန္ဓဖြင့် ဆက်သော ဝါကျ ၁၀-ခု ရေးပြပါ။

(င) အနှိုင်းသမ္ဗန္ဓ ၅-လုံးကို ဝါကျဖွဲ့ပြပါ။

(စ) အပြိုင်သမ္ဗန္ဓများပါသော ဝါကျ ၁၈-ခု ရေးပါ။

(ဆ) ပမာဏသမ္ဗန္ဓ ၁၀-ခုကို ဝါကျရှည်တွင် သုံးပြပါ။

(ဇ) ဤ စာအုပ်တွင် ထုတ်မပြသော သမ္ဗန္ဓများကို ဝါကျပုံစံဖြင့် ဖော်ပြပါ။

PDF CREATOR - NYEYADHAMMA@GMAIL.COM

အပိုင်း-၄

ပရိစ္ဆေဒဘေဒ

ဝါကျခွဲစိတ်ခြင်း

အငယ်မှကြီးအောင်ဖွဲ့

၅၂၂။ ဤနည်းသစ်မြန်မာသဒ္ဒါ အပိုင်း ၁-တွင် ဗျည်း၊ သရ အက္ခရာတို့ကို ပေါင်းစပ်၍ မြန်မာလူမျိုးတို့၏ အသံ-စကား-ဖွဲ့စည်းပုံကို ပြခဲ့သည်၊ အပိုင်း ၂-တွင် အဓိပ္ပါယ်တခုကို ဖော်ပြနိုင်သော အသံ, အသံစု၊ သို့မဟုတ် အက္ခရာ, အက္ခရာစုကို ဝါစင်္ဂဘာခု အဖြာဖြာဖြင့်၎င်း၊ ဝါစင်္ဂ နှစ်ခု၊ သုံးခုကို ပေါင်းခြင်းဖြင့် ပုဒ်တခု၊ ပုဒ်စုတခု ဖွဲ့စည်းပုံကို၎င်း ပြခဲ့၏။ အပိုင်း ၃-တွင် ပုဒ်၊ ပုဒ်စုတို့ကို ပေါင်းစပ်ကာ ဝါကျများ ဖွဲ့စည်းပုံကို ပြခဲ့၏။

၅၂၃။ အထက်ပါ အပိုင်းသုံးပိုင်းတွင် ဖွဲ့စည်းပုံကို ပြရာ၌ အသေးဆုံး အသံ အက္ခရာမှ ဝါစင်္ဂ၊ ပုဒ်၊ ပုဒ်စု၊ ဝါကျ-ဟု တဆင့်ထက်တဆင့် ကြီးလာသော ဘာသာစကား အဆောက်အအုံတို့ ဖွဲ့စည်းပုံကို ပြခဲ့၏။

အကြီးမှ ငယ်အောင်ခွဲ

၅၂၄။ ခွဲခြမ်းခြင်းသည် ဖွဲ့စည်းခြင်း၏ ဆန့်ကျင်ဘက် ဖြစ်၏။ ထို့ကြောင့် ဝါကျများကို ခွဲခြမ်း လိုသောအခါ ပထမဆုံး ဝါကျ၊ ဝါကျကဏ္ဍတို့ကို ခွဲရ၏။ ထို့နောက် ထိုဝါကျ

တွင် ပါဝင်နေသော ပုဒ်တို့ကို ခွဲပြီး တတိယဆင့်တွင် ထိုပုဒ်တခုစီ၌ပါဝင်သော ဝါစင်္ဂတို့ကို ခွဲရ၏။ စက်ကိရိယာအစိတ်အပိုင်းတို့ကို နေရာမှန် တပ်ဆင်တတ်၊ တပ်ဆင်ထားသော စက်တခုကို အစိတ်အပိုင်း တခုစီ ဖြုတ်၍ စစ်ဆေး ခွဲခြား ပြတတ်မှသာ ထိုစက်ကို နားလည်သည်ဟု ဆိုနိုင်သကဲ့သို့ မြန်မာဘာသာ စကားအစိတ်အပိုင်းတို့ကို ပေါင်းစပ်ဖွဲ့စည်း တတ်၊ ပေါင်းစပ်ဖွဲ့စည်းထားသော ဝါကျများကို ခွဲခြမ်းစိတ်ဖြာတတ်မှသာလျှင် မြန်မာဘာသာစကားကို နားလည်သည် (မြန်မာသဒ္ဒါတတ်သည်)ဟု ဆိုနိုင်၏။ ထို့ကြောင့် ဝါစင်္ဂ၊ ပုဒ်၊ ပုဒ်စု စသည်ဖြင့် ဝါကျဖွဲ့စည်းပုံ၏ အဆုံးတွင် ဝါကျခွဲနည်းကို ဆက်လက် လေ့လာသင့်၏။

၃-ဆင့်ခွဲ

၅၂၅။ ဝါကျတခုကို–

(က) ပထမဆင့် ဝါကျအမျိုးအစား၊

(ခ) ဒုတိယဆင့် ပုဒ်အမျိုးအစား၊

(ဂ) တတိယဆင့် ဝါစင်္ဂအမျိုးအစား–

အားဖြင့် သုံးဆင့်ခွဲ၍ လေ့လာသင့်၏။

(က) ပထမဆင့်

ဝါကျအမျိုးအစား ခွဲခြားဖော်ပြရမည်

၅၂၆။ ဝါကျတခုသည် (က) ဝါကျတို ဖြစ်သည်၊ (ခ) ဝါကျရှည် ဖြစ်သည်ကို ခွဲခြင်းဖော်ပြရမည်။

PDF CREATOR - NYEYADHAMMA@GMAIL.COM

ဝါကျတမျိုးစီတွင်—

(က) စေခိုင်းတောင်းပန်ဝါကျ၊
(ခ) တားမြစ်ဝါကျ၊
(ဂ) ပြောဆိုဝါကျ၊
(ဃ) အငြင်းဝါကျ၊
(င) မေးခွန်းဝါကျ၊
(စ) ငြင်းမေးဝါကျ—
စသည်တို့ကိုလည်း ခွဲခြားဖော်ပြရမည်။

၅၂၇။ ဝါကျတိုဖြစ်လျှင်—
ပြောဆိုဝါကျတို၊
အမေးဝါကျရှည်၊
အငြင်းဝါကျတို၊
တားမြစ်ဝါကျရှည်—
စသည်ဖြင့်လည်း ခွဲပြရမည်။

ဝါကျရှည်ဖြစ်လျှင်—

(က) အမှီဝါကျကဏ္ဍ
(ခ) အမှီခံဝါကျကဏ္ဍများ ခွဲပြရမည်။

(က) အမှီဝါကျကဏ္ဍ မှာ—

(၁) နာမဝိသေသန အမှီဝါကျကဏ္ဍ၊
(၂) နာမ် အမှီဝါကျကဏ္ဍ၊

(၃) သမ္ဗန္ဓဆက် အမှီဝါကျကဏ္ဍ—
အားဖြင့် သုံးမျိုးရှိရာ မည်သည့် ဝါကျကဏ္ဍ ဖြစ်သည်ကို ခွဲခြား ဖော်ပြရမည်။

(ခ)ဒုတိယအဆင့်

ပုဒ်၊ ပုဒ်စုများကို ခွဲခြားဖော်ပြရမည်

၅၂၈။ ပုဒ်၊ပုဒ်စုများဖြစ်လျှင်—
ကတ္တားပုဒ်၊
ကံပုဒ်၊
အသုံးခံပုဒ်၊
ရှေးရှုရာပုဒ်၊
လက်ခံပုဒ်၊
နေရာပြပုဒ်
အချိန်ပြပုဒ်၊
အာလုပ်ပုဒ်စသည်နှင့်
ကြိယာဝိသေသနပုဒ်၊
ကြိယာပုဒ်—
တို့ကို ခွဲခြားပြရမည်။

ကတ္တားပုဒ်၊ ကံပုဒ် စသည်တို့တွင် နာမဝိသေသနပုဒ်၊ ပိုင်ရှင် ပြပုဒ်ပါသော ကတ္တားပုဒ်စု၊ ကံပုဒ်စု စသည်ဖြစ်လျှင် နာမဝိသေသနပုဒ်၊ ပိုင်ရှင်ပြပုဒ်တို့ကို ထပ်ခွဲပြရမည်။

(ဂ)တတိယဆင့်

၅၂၉။ ကတ္တား၊ ကံ၊ ကြိယာပုဒ် တခုစီ၌ ပါဝင်သော ဝါစင်္ဂတခုစီကို ခွဲပြရမည်။

ပုဒ်သည် ပေါင်းစပ်နာမ်၊ ပေါင်းစပ် ကြိယာ ဖြစ်ပါက မည်သည့်ပုဒ်များပေါင်းစပ် ဖွဲ့စည်းထားကြောင်း ခွဲပြရမည်။

ပုံစံများ

၅၃၀။ ၁/မောင်မောင်သည် ကျောင်းသို့ သွား၏။

(က) ဝါကျခွဲ

ပြောဆိုဝါကျတို့။

(ခ) ပုဒ်ခွဲ

ပုဒ်	ပုဒ်အမည်
မောင်မောင်သည်	ကတ္တားပုဒ်။
ကျောင်းသို့	ရှေးရှုရာပုဒ်။
သွား၏။	ကြိယာပုဒ်။

(ဂ) ဝါစင်္ဂခွဲ

ဝါစင်္ဂ	ဝါစင်္ဂအမည်
မောင်မောင်	နာမ်ပုဒ်။
သည်	ကတ္တားဝိဘတ်။
ကျောင်း	နာမ်ပုဒ်။
သို့	ရှေးရှုရာဝိဘတ်။
သွား	ကြိယာပုဒ်ရင်း။
၏	ကြိယာဝိဘတ်။

၅၃၁။ ၂/အမေသည် မီးဖိုထဲမှာ ထမင်းချက်နေသလား။

(က) ဝါကျခွဲ

အမေးဝါကျတို့။

(ခ)ပုဒ်ခွဲ

ပုဒ်	ပုဒ်အမည်
အမေသည်	ကတ္တားပုဒ်။
မီးဖိုထဲမှာ	နေရာပြပုဒ်။
ထမင်းကို	ကံပုဒ်၊
ချက်နေသလား	အမေးကြိယာပုဒ်။

(ဂ) ဝါစင်္ဂခွဲ

ဝါစင်္ဂ	ဝါစင်္ဂအမည်
အမေ	နာမ်ပုဒ်။
သည်	ကတ္တားဝိဘတ်။
မီးဖိုထဲ	ပေါင်းစပ်နာမ်။ (မီး+ဖို+အထဲ ဟူသော နာမ်သုံးခုကို ပေါင်း၍ ထားသည်)
မှာ	နေရာပြဝိဘတ်။
ထမင်း	နာမ်ပုဒ်။
ကို	ကံဝိဘတ်။
ချက်	ကြိယာပုဒ်ရင်း။
နေ	ကြိယာထောက်။

သ(သည်)	ကြိယာဝိဘတ်။
လား	အမေးကြိယာ ပစ္စည်း။

၅၃၂။ ၃/ခင်ဗျားတို့ နက်ဖြန် ကျွန်တော့်အိမ်ကို စောစော လာကြပါ။

(က) ဝါကျခွဲ

စေခိုင်းတောင်းပန်ဝါကျတို။

(ခ) ပုဒ်ခွဲ

ပုဒ်	ပုဒ်အမည်
ခင်ဗျားတို့	ကတ္တားပုဒ်။
နက်ဖြန်	အချိန်ပြပုဒ်။
(ကျွန်တော့်အိမ်)ကို	ကံပုဒ်။
ကျွန်တော့်(ကျွန်တော်၏)	ပိုင်ရှင်ပြပုဒ်။
စောစော	ကြိယာဝိသေသန။
လာကြပါ	စေခိုင်းကြိယာ။

(ဂ) ဝါစင်္ဂခွဲ

ဝါစင်္ဂ	ဝါစင်္ဂအမည်
ခင်ဗျား	ပုဂ္ဂလနာမ်စား။
တို့	ကိန်းညွှန်းပစ္စည်း။
သည်	ကတ္တားဝိဘတ်။
နက်ဖြန်	အချိန်ပြပုဒ်။
ကျွန်တော်	ပုဂ္ဂလနာမ်စား။
၏	ပိုင်ရှင်ပြဝိဘတ်။

အိမ်	နာမ်ပုဒ်။
သို့	ရှေးရှုရာဝိဘတ်။
စောစော	ကြိယာဝိသေသန။
လာ	ကြိယာပုဒ်ရင်း။
ကြ	ကိန်းညွှန်းပစ္စည်း။
ပါ	ယဉ်ကျေးခြင်းကြိယာပစ္စည်း။

၅၃၃။ ၄/ရုံးခန်းအတွင်း၌ ဆေးလိပ်မသောက်ရ။

(က) ဝါကျခွဲ

တားမြစ်ဝါကျတို။

(ခ) ပုဒ်ခွဲ

ပုဒ်	ပုဒ်အမည်
ရုံးခန်းအတွင်း၌	နေရာပြပုဒ်။
(ဆေးလိပ်)ကို	ကံပုဒ်။
မသောက်ရ	တားမြစ်ကြိယာ။

(ဂ) ဝါစင်္ဂခွဲ

ဝါစင်္ဂ	ဝါစင်္ဂအမည်
ရုံးခန်းအတွင်း	ပေါင်းစပ်နာမ်။ (ရုံး+အခန်း+အ တွင်း သုံးပုဒ်ကို ပေါင်း ထားသည်)။

ဦ	နေရာပြဝိဘတ်။
ဆေးလိပ်	ပေါင်းစပ်နာမ် (ဆေး+လိပ်)။
သောက်	ကြိယာပုဒ်ရင်း။
မ....ရ	အငြင်းပစ္စည်း။

၅၃၄။ ၅/မိုးစဲသောအခါ ကျွန်ုပ်တို့ ပြန်ကြမည်။

(က) ဝါကျခွဲ

ပြောဆိုဝါကျရှည်။

"မိုးစဲသောအခါ"အချိန်ပြအမှီဝါကျကလျှာ

"ကျွန်ုပ်တို့ပြန်ကြမည်" အမှီခံဝါကျကလျှာ။

(ခ) ပုဒ်ခွဲ

ပုဒ်	ပုဒ်အမည်
မိုး	နာမ်ပုဒ်။
စဲသောအခါ	အမှီကြိယာ။
ကျွန်ုပ်တို့	ကတ္တားပုဒ်။
ပြန်ကြမည်	ကြိယာပုဒ်။

(ဂ) ဝါစင်္ဂခွဲ

ဝါစင်္ဂ	ဝါစင်္ဂအမည်
မိုး	နာမ်ပုဒ်။
စဲ(စည်း)	ကြိယာပုဒ်ရင်း။

သော(သည်)	ကြိယာဝိဘတ်။
အခါ	သမ္ဗန္ဓ။
ကျွန်ုပ်	ပုဂ္ဂလနာမ်စား။
တို့	ကိန်းညွှန်းပစ္စည်း။
ပြန်	ကြိယာပုဒ်ရင်း။
ကြ	ကိန်းညွှန်းပစ္စည်း။
မည်	အနာဂတ်ကြိယာဝိဘတ်။

၅၃၅။ ၆/ကျွန်တော်ဝယ်လာတဲ့ စာအုပ်ကို ဆရာ ဖတ်ပြီးပြီ
လား။

(က) ဝါကျခွဲ

အမေးဝါကျရှည်။

"ကျွန်ဘော်ဝယ်လာတဲ့"အချိန်နာမဝိသေသနဝါကျကလျှာ။

"စာအုပ်ကို ဆရာဖတ်ပြီးပြီလား" အမှီခံဝါကျကလျှာ။

(ခ) ပုဒ်ခွဲ

ပုဒ်	ပုဒ်အမည်
ကျွန်တော်	ကတ္တားပုဒ်။
ဝယ်လာတဲ့	အမှီ နာမဝိသေသန။
စာအုပ်ကို	ကံပုဒ်။
ဆရာ	ကတ္တားပုဒ်။
ဖတ်ပြီးပြီလား	အမေးကြိယာ။

(ဂ) ဝါစင်္ဂခွဲ

ဝါစင်္ဂ	ဝါစင်္ဂအမည်
ကျွန်တော်	ပုဂ္ဂလနာမ်စား။
ဝယ်လာ	ပေါင်းစပ်ကြိယာပုဒ်ရင်း(ဝယ်+လာ)
တဲ့	နာမဝိသေသနပစ္စည်း။
စာအုပ်	နာမ်။
ကို	ကံဝိဘတ်။
ဆရာ	နာမ်။
ဖတ်	ကြိယာပုဒ်ရင်း။
ပြီး	ကြိယာထောက်။
ပြီ	ကြိယာဝိဘတ်။
လား	အမေးပစ္စည်း။

၅၃၆။ ၇/ဆရာတို့ ဘယ်ကို သွားတယ်ဆိုတာ မင်း မသိဘူးလား။

(က) ဝါကျခွဲ

ခြင်းမေးဝါကျရှည်။

“ဆရာတို့....ဆိုတာ”	အမှီနာမ်ဝါကျကဏ္ဍ။
“မင်းမသိဘူးလား”	အမှီခံဝါကျကဏ္ဍ။

(ခ) ပုဒ်ခွဲ

ပုဒ်	ပုဒ်အမည်
ဆရာတို့	ကတ္တားပုဒ်။
ဘယ်ကို	ကံပုဒ်။
သွားတယ်ဆိုတာ	အမှီကြိယာပုဒ်။
မင်း	ကတ္တားပုဒ်။
မသိဘူးလား	ခြင်းမေးကြိယာပုဒ်။

(ဂ) ဝါစင်္ဂခွဲ

ဝါစင်္ဂ	ဝါစင်္ဂအမည်
ဆရာ	နာမ်ပုဒ်။
တို့	ကိန်းညွှန်းပစ္စည်း။
ဘယ်	အမေးနာမ်စား။
ကို	ကံဝိဘတ်။
သွား	ကြိယာပုဒ်ရင်း။
တယ်	ကြိယာဝိဘတ်။
ဆိုဒါ	နာမ်ပြောင်းပစ္စည်း။
မင်း	ပုဂ္ဂလနာမ်စား။
သိ	ကြိယာပုဒ်ရင်း။
မ....ဘူး	အငြင်းပစ္စည်း။
လား	အမေးပစ္စည်း။

အလယ်ရောက် အမှီဝါကျကဏ္ဍ

၅၃၇။ အချို့သော အမှီဝါကျကဏ္ဍတို့သည် အမှီခံဝါကျကဏ္ဍ၏ အလယ်သို့ရောက်နေတတ်၏။ ထိုအခါ အမှီဝါကျကဏ္ဍနှင့် အမှီခံဝါကျကဏ္ဍကို သတိပြုခွဲခြားအပ်ပေသည်။ (အမှီခံဝါကျကို စာလုံးမဲဖြင့် ပြထားသည်။)

ပုံစံ

(က) ဦးမြသည် မန္တလေးသို့သွားမည့် လူကို ရှာနေ၏။

(ခ) ဤဟာသည် မော်လမြိုင်သို့ သွားမည့် ရထား ဖြစ်သည်။

(ဂ) ကျောင်းသားများ ဆရာရေးမည့်စာကို ကူးရမည်။

(ဃ) ခြင်းထဲမှ ကြက်များသည် သူတို့ နက်ဖြန် သေရမည်ကို မသိချေ။

(င) မောင်မောင်သည် ဘယ်သူနှင့် နေရမှန်း မသိချေ။

(စ) မလှသည် ဘာကို ပြန်ပြောရမှန်း မသိချေ။

(ဆ) အမေက ကလေးတွေ လမ်းမှာများ ဆင်းဆော့နေမလားလို့ စိုးရိမ်နေတာ။

(ဇ) အဖေက အကို့ကို ဆေးလိပ် မသောက်ပါနဲ့လို့ ပြောတယ်။

(ဈ) အမေက မင်းတို့ထမင်းစားပြီလားလို့ မေးတယ်။

(က) ဝါကျခွဲ

ပြောဆိုဝါကျရှည်။

"ဦးမြသည် လူကို ရှာနေ၏" အမှီခံဝါကျကဏ္ဍ။
'မန္တလေးသို့သွားမည့်' အမှီနာမဝိသေသနဝါကျကဏ္ဍ။

(ခ) ပုဒ်ခွဲ

ပုဒ်	ပုဒ်အမည်
ဦးမြသည်	ကတ္တားပုဒ်။
လူကို	ကံပုဒ်။
ရှာနေ၏	ကြိယာပုဒ်။
မန္တလေးသို့	ရှေးရှုပုဒ်။
သွားမည့်	အမှီကြိယာပုဒ်။

(ဂ) ဝါစင်္ဂခွဲ

ဝါစင်္ဂ	ဝါစင်္ဂအမည်
ဦးမြ	နာမ်။
သည်	ကတ္တားဝိဘတ်။
လူ	နာမ်ပုဒ်။
ကို	ကံဝိဘတ်။
ရှာ	ကြိယာပုဒ်ရင်း။
နေ	ကြိယာထောက်။
၏	ကြိယာဝိဘတ်။
မန္တလေး	နာမ်ပုဒ်။
သို့	ရှေးရှုဝိဘတ်။
သွား	ကြိယာပုဒ်ရင်း။
မည့်	ကြိယာ ဝိဘတ်မှ ပြောင်းလာသည့် နာမဝိသေသနပစ္စည်း။

လေ့ကျင့်ခန်း

၃၃၈။ ရှေ့ပိုင်း ဝါကျဖွဲ့စည်းပုံ အခန်းတွင် ဝါကျတို့ ဝါကျရှည် ပုံစံများကို ပေးထားသည်။ ထိုဝါကျ ကို (က) ဝါကျခွဲ၊ (ခ) ပုဒ်ခွဲ၊ (ဂ) ဝါစင်္ဂခွဲများကို လေ့လာပါ။

အပိုင်း-၅

ဂန္ထဗေဒ = စကားပြေရေးနည်း

၃၃၉။ လူတို့သည် မိမိဆန္ဒကို ထုတ်ဖော်ရန်နှင့် မိမိ၏ အကြားအမြင်ကို မှတ်တမ်းတင်ရန် စာကိုရေးသားကြသည်။ ရေးသားသောစာတို့သည် အဓိကအားဖြင့်ပုံစံနှစ်မျိုးရှိသည်။ ထိုစာပေပုံစံနှစ်မျိုးကို—

(က) ပါဠိဘာသာက ဂါထာနှင့်စုဏ္ဏိယ၊

(ခ) သက္ကတဘာသာက ပဇ္ဇနှင့်ဂဇ္ဇ၊

(ဂ) အင်္ဂလိပ်ဘာသာက Poetry and prose.

(ဃ) မြန်မာဘာသာက ကဗျာနှင့်စကားပြေ—

ဟု အသီးသီးခေါ်သည်။

၃၄၀။ ဘာသာစကားကွဲပြားသည့် အလျောက် ဂါထာ၊ ပဇ္ဇ၊ Poetry၊ ကဗျာလင်္ကာ-ဟု အမျိုးမျိုး ခေါ်ထားသော်လည်း သဘောအဓိပ္ပါယ်အားဖြင့် အတူတူဖြစ်၏။ အက္ခရာ အရေအတွက်၊ အသံအနိမ့်အမြင့်၊ အတို အရှည်၊ အလေးအပေါ့ နဘောကာရန်တို့ဖြင့် သီဆိုရွတ်ဖတ်၍ သာယာဘွယ် နာပျော်ဖွယ်ဖြစ်အောင် ရေးထားသောအဖွဲ့ကို ဂါထာ၊ ပဇ္ဇ၊ Poetry၊ ကဗျာ-ဟုခေါ်၏။ အက္ခရာအရေအတွက်၊ အသံအနိမ့်အမြင့်၊ နဘောကာရန် ညီညွတ်ရန် မလိုဘဲ လွတ်လပ်စွာ ရေးသားသီကုံးသောအဖွဲ့ကို စုဏ္ဏိယ၊ ဂဇ္ဇ၊ Prose၊ စကားပြေ-ဟု ခေါ်ရ၏။

၅၄၁။ ကဗျာလင်္ကာနှင့် စကားပြေနှစ်မျိုးအနက် ကဗျာလင်္ကာကို ပညာရှိကဝိစာဆိုတို့သာ စီကုံးရေးသားနိုင်သည်။ ကဗျာလင်္ကာ စီကုံးရေးသားနည်း ဥပဒေသများကို ဖော်ပြသော စာအုပ်များလည်း သီးခြားရှိ၏။ ပါဠိ၊ သက္ကတ၌ ဂါထာသီကုံးနည်းဆန်းကျမ်း ရှိသကဲ့သို့ မြန်မာဘာသာတွင် ကဗျာဖွဲ့နည်းနံ့သျှည်းကျမ်းများ ရှိနေ၏။ ပညာရှိကဝိစာဆိုဖြစ်လိုတို့သည် ထိုထိုကဗျာဖွဲ့နည်းကျမ်းတို့ကို လေ့လာသင်ယူ၍ ကဗျာလင်္ကာများကို ရေးသားနိုင်ကြလေသည်။

၅၄၂။ စကားပြော တတ်သူတိုင်းသည် စကားပြေကို ပြော၏။ စာရေးတတ်သူတိုင်းသည် စကားပြေကို ရေး၏။ နေ့စဉ်သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ဝတ္ထုနှင့် ဝိဇ္ဇာပညာ, သိပ္ပံပညာဆိုင်ရာ စာအုပ်များ၌ ပါရှိသော အရေးအသားများမှာ စကားပြေများဖြစ်၏။ သိပ်သည်းကျစ်လစ် ထိမိသော စကားပြေကို ရေးသားနိုင်မှုအတွက် သဒ္ဒါကပင် လမ်းညွှန်ပေး၏။ သဒ္ဒါကျမ်းကို လေ့လာရသည်မှာ သိပ်သည်းကျစ်လစ် ထိမိသောစကားပြေကို ရေးသားနိုင်ရန် ဖြစ်၏။ တနည်းအားဖြင့် စကားပြေကို ရေးသားလေ့ကျင့်ခြင်းသည် သဒ္ဒါကို လက်တွေ့အသုံးချခြင်းဖြစ်၏။

သဘောတရားမပါသော လက်တွေ့သည် အကန်းနှင့်တူ၍ လက်တွေ့မပါသော သဘောတရားသည် အမြုံနှင့်တူ၏။ ရှေ့အပိုင်းလေးပိုင်းဖြင့် ပြခဲ့သောသဒ္ဒါ၏ သဘောတရားတို့ကို လက်တွေ့နှင့် ပေါင်းစပ်နိုင်ရန်အတွက် ဂဇ္ဇဗေဒ=စကားပြေကဏ္ဍကို အပိုင်း ၅-အနေဖြင့် ဖော်ပြလိုက်ပါသည်။

အဓိပ္ပါယ်ဖွင့်ဆိုချက်

၅၄၃။ စကားပြေကို သက္ကတဘာသာတွင် ဂဒျ=ဂဇ္ဇ-ဟု ဆို၏။ ၎င်းဂဒျကို အာဒါသ သဒ္ဒကောသကျမ်းတွင် ဆန္ဒရဟိတဝါကျ=ဆန်းကျမ်းလာ ကဗျာ လင်္ကာ ဖွဲ့ဆိုနည်း ဥပဒေသတို့ဖြင့် ဘောင်ခတ်ထားခြင်း မရှိသော ဝါကျ၊ ပါဒလက္ခဏရဟိတ ပဒသမူဟ=တပါဒတွင် အက္ခရာ မည်မျှရှိရမည်ဟု ဘောင်ခတ်မထားသော ပုဒ်အစုအပေါင်း”ဟု ဖွင့်ဆိုထား၏။

သုဗောဓာလင်္ကာရဋီကာ (အလင်္ကာဋီကာ) ကျမ်းတွင် “ဂဇ္ဇံ နာမ ပါဒသန္တိဋ္ဌ ရဟိတော သျာဒျန္တ တျာဒျန္တ ပဒပ္ပဗန္ဓော=အပိုဒ် အရေအတွက် ကန့်သတ်ထားခြင်း မရှိသော နာမ်နှင့် ကြိယာပုဒ်တို့ အဖွဲ့အစည်းသည် ဂဇ္ဇ=စကားပြေမည်၏”ဟု ဖွင့်ပြထား၏။ အင်္ဂလိပ်အဘိဓာန်တွင် Prose ဟူသောစကားလုံးကို Ordinary written language without metre or rhyme=ကာရန် နဘေမပါသော ရိုးရိုးစာပေ အရေးအသားကို စကားပြေခေါ်သည်ဟု ဖွင့်ပြ၏။ မြန်မာ့စွယ်စုံကျမ်း၊ အဘိဓာန်ကျမ်း၊ သဒ္ဒါကျမ်းတို့က မိမိဆိုလိုသော အနက်အဓိပ္ပါယ်ကို တပါးသူတို့ သိရှိနားလည်စေရန် နေ့စဉ်သုံး စကားတို့ဖြင့် ကာရန်မပါဘဲ ရေးသားခြင်းသည် စကားပြေ ဖြစ်၏ဟု ဖွင့်ပြကြပါသည်။

စကားပြေအသုံးဝင်ပုံ

၅၄၄။ သတင်းစာ, ဂျာနယ်, မဂ္ဂဇင်းနှင့် ဝတ္ထုစာအုပ်များ၊ ပထဝီ,သမိုင်းနှင့် သိပ္ပံစာအုပ်များ၊ သာမူနာမှုပိတ်စာ,

မာကြောင်း သာကြောင်းပေးစာ, အစည်းအဝေးမှတ်တမ်းများ၊ အစီရင်ခံစာများ၊ အမိန့်စာ၊ ညွှန်ကြားချက်များကို စကားပြေဖြင့် ရေးရ၏။ စကားပြေသည် အများပြည်သူတို့အတွက် မတတ်လျှင် မဖြစ်သော အရာဖြစ်၏။ စကားပြေရေးတတ်လျှင် စာတတ်သည်ဟု ဆိုရ၏။ ကဗျာလင်္ကာကို မရေးတတ်, ဌာန်ကရိုဏ်းကျကျ မဖတ်တတ်ရုံဖြင့် စာမတတ်သူဟု မဆိုရ။ ထို့ကြောင့် စာတတ်ခြင်းဆိုသည်မှာ စကားပြေကို ဖတ်ဘတ်၊ ရေးတတ်ခြင်းဖြစ်၏။ စကားပြေသည် ဘာသာစကား၏ အသက်ဖြစ်၏။

စကားပြေနှစ်မျိုး

၅၄၅။ မြန်မာစကားပြေကို—

(က) ရိုးရိုးစကားပြေနှင့်
(ခ) ကာရန်ဖောက်စကားပြေ–

ဟု နှစ်မျိုးခွဲကြ၏။

ထိုမှ တဖန် ရိုးရိုးစကားပြေကိုလည်း–

(၁) မြန်မာစကားပြေအစစ်နှင့်
(၂) ဘာသာပြန်စကားပြေ–

ဟု နှစ်မျိုးထပ်ခွဲကြ၏။ အခြားဘာသာတခုခုမှ မြန်မာဘာသာပြန်ဆိုယူခြင်း မဟုတ်ဘဲ အကြောင်းအရာ အဖြစ်အပျက်တခုခုကို မြန်မာစကားပြေဖြင့် ရေးသားထားလျှင် မြန်မာစကားပြေ အစစ်များဟု ခေါ်၏။ အခြားဘာသာ တခုခုမှ ဘာသာပြန်ဆို ရေးသားသော စကားပြေကို ဘာသာပြန်

စကားပြေဟု ခေါ်၏။ ငါးရာ့ငါးဆယ်နိပါတ်တော်များ၊ ဓမ္မပဒဝတ္ထုနှင့် ပိဋကပါဠိတော်ကျမ်း မြန်မာပြန်များ၊ အင်္ဂလိပ်ဘာသာပြန် ဝတ္ထုများ၊ ကျောင်းသုံး, တက္ကသိုလ်သုံး ပြဋ္ဌာန်းစာအုပ်များသည် ဘာသာပြန် စကားပြေများ ဖြစ်၏။

၅၄၆။ ကာရန်ဖောက် စကားပြေဆိုသည်မှာ နဘေကာရန်များ ရောနှောပါဝင်စေ၍ ရေးသော စကားပြေဖြစ်၏။ ကုန်းဘောင်ခေတ်ရေး ဦးပုညဝတ္ထုတိုပေါင်းချုပ်၊ ကန်တော်မင်းကျောင်း မေတ္တာစာစသည်နှင့် မန္တလေး ရတနာပုံသတင်းစာတွင် နဘေကာရန် အချိတ် အဆက်တို့ဖြင့် ရေးသည့် သတင်းများသည် ကာရန်ဖောက် စကားပြေများ ဖြစ်၏။ ဤ ကာရန်ဖောက် စကားပြေကို ယခုခေတ်၌ ရေးသူ မရှိသလောက် ဖြစ်နေပြီ။

စာပေနှစ်မျိုး

၅၄၇။ စာရေးသူသည် စာဖတ်သူအား အသိဉာဏ် ဗဟုသုတ ရစေလို၍ အကြောင်းအရာတခုကို တိုက်ရိုက်ရေးသားဖော်ပြ၏၊ ထိုစာပေမျိုးကို သုတစာပေဟု ဆိုကြ၏။ သတင်းစာများ၊ ဝတ္ထုပုံပြင်မဟုတ်သော ကျမ်းစာအုပ်များ၊ ရှုံးစာများသည် သုတစာပေများ ဖြစ်၏။

စာရေးသူက စာဖတ်သူအား သူ့စာကို ဖတ်ပြီးနောက် နှစ်သက် ဝမ်းမြောက်ခြင်း၊ သနားခြင်း၊ ချစ်ခင်မြတ်နိုးခြင်း၊ အံ့ဩခြင်း၊ ရဲရင့်ခြင်း၊ ရယ်မောခြင်း၊ ဒေါသဖြစ်ခြင်း၊ မုန်းတီးခြင်း၊ကြောက်ရွံ့ခြင်း၊ တည်ငြိမ်လေးနက်ခြင်းတို့ ဖြစ်

ပေါ်ခံစားစေနိုင်ရန် အနုပညာစွမ်းရည်ဖြင့် ရေးသားဖော်ပြ၏၊ ထိုစာပေမျိုးကို ရသစာပေဟု ဆိုကြ၏။ ဝတ္ထု၊ ပြဇာတ်၊ ပုံပြင်တို့သည် ရသစာပေများဖြစ်၏။ ရသစာပေရေးတတ်ရန်မှာ စကားပြေကို နိုင်နင်းကျွမ်းကျင်စွာ ရေးဖွဲ့နိုင်ရမည့်ပြင် ရှုမြင်သုံးသပ်တတ်မှုနှင့် ဖန်တည်းမှု အနုပညာစွမ်းရည်လည်း ရှိရန် လိုအပ်သဖြင့် ပါရမီခံရှိသူ၊ ကြိုးစား လေ့ကျင့်သူ စာရေးဆရာများသာ ရေးနိုင်ကြပေသည်။

အချို့စာရေးသူတို့က အသိဉာဏ်ဗဟုသုတများကို ရသစာပေ ပုံစံဖြင့် ရေးသား ကြသေး၏။ ထိုစာမျိုးကို သုတရသစာပေ၊ သို့မဟုတ် ဆွဲဆောင်မှု စာပေဟု ခေါ်ကြ၏။

နိဒါန်း စာကိုယ် နိဂုံး

၅၄၇။ သုတစာပေကို ဖြစ်စေ၊ ရသစာပေကို ဖြစ်စေ၊ သုတရသစာပေကို ဖြစ်စေ ရေးလိုသောအခါ အဆင့်အတန်းရှိသော စာပေဖြစ်စေရန် နိဒါန်း၊ စာကိုယ်၊ နိဂုံး ဟူသော အပိုင်းသုံးပိုင်းပါဝင်အောင် ရေးသားရသည်။ ထိုသုံးပိုင်းပါဝင်သော စာကိုသာလျှင် အစ အလယ် အဆုံး ကောင်းခြင်း သုံးဖြာ အင်္ဂါလက္ခဏာနှင့် ပြည့်စုံသည်ဟု ဆိုနိုင်သည်။

အဖွင့် သို့မဟုတ် နိဒါန်း

၅၄၉။ စာရေးသူသည် မိမိစိတ်၌ ရှိသော ရေးရသည့် အကြောင်းရင်း ရည်ရွယ်ချက်ကို ဤ အစဆုံးစာပိုဒ်တွင် ရှင်းလင်းဖော်ပြ၍ စာဖတ်သူအား မိတ်ဆက်ထားရမည်။ ရေးမည့် အကြောင်းအရာကိစ္စကို စာဖတ်သူအား ကြိုတင်သိရှိထားနှင့်စေရန် အတိုချုပ် ရှင်းလင်း ဖော်ပြထားရမည်။

စာကိုယ် သို့မဟုတ် စာသား

၅၅၀။ မိမိရေးသားဖော်ပြလိုသည့် အကြောင်းအရာကို အချက်အလက် ပြည့်စုံစေ၍ အကျိုးအကြောင်း ညီညွတ်စေကာ အထောက်အထား ခိုင်မာစေလျက် ရှေ့နောက်အစီအစဉ်ကျကျ ရေးသားရမည်။ အထက်တွင် ပြခဲ့သည့် စကားပြေကောင်းတို့၏ အင်္ဂါလက္ခဏာများနှင့်အညီ ရှင်းရှင်းနှင့် စာဖတ်သူ နားလည်အောင်၊ သိပ်သည်းကျစ်လစ် ထိမိအောင် စကားလုံး ပေါ်ပေါ်လွင်လွင်နှင့် ဝါကျလည်း မမှားအောင် ရေးရမည်။

အကြောင်းအရာကိစ္စသည် အချက်အလက်များစွာ ပါရှိလျှင် စာပိုဒ်များခွဲ၍ ရေးနိုင်သည်။ ရှုံးစာများဖြစ်လျှင် အလွယ်တကူ ရည်ညွှန်းနိုင်ရန် စာပိုဒ်နံပါတ်များ တပ်ပေးရမည်၊စာမေးပွဲတွင် စာစီစာကုံးရေးရာ၌ နံပါတ်တပ်ရန်မလိုပေ။

နိဂုံး

၅၅၁။ နိဂုံးသည် စာပေ၏အဆုံးသတ်စာ ဖြစ်သည်၊ စာကိုယ်၌ ဆိုခဲ့ပြီးသော စကား အရပ်ရပ်ကို အကျဉ်းချုပ်ပြန်အုပ်သော အပိုင်းဖြစ်သည်။ နိဂုံးတွင် အကြောင်းအရာသစ်တရပ်ကို ထည့်သွင်းရေးသားခြင်း မပြုရ၊ ကောက်ချက်ချခြင်း၊ တင်ပြ အစီရင်ခံခြင်း၊ တိုက်တွန်း နှိုးဆော်ခြင်း၊ အာသီသပတ္ထနာကို ဖော်ပြခြင်းတို့ဖြင့် အုပ်လေ့ရှိပေသည်။

အဖွဲ့-နှစ်မျိုး ရေးနည်း-လေးသွယ်

၅၅၂။ ကျွန်ုပ်တို့ ရေးသမျှ စာများကို အကျဉ်းချုပ်ခွဲခြား ကြည့်လျှင် အဓိကအားဖြင့် နှစ်မျိုးနှစ်စားရှိသည်ကို တွေ့ရသည်။ ၎င်းနှစ်မျိုးမှာ—

(က) ရုပ်အမူအရာကို ရေးသားခြင်းနှင့်

(ခ) စိတ်အမူအရာကို ရေးသားခြင်း–

တို့ ဖြစ်သည်။

ရုပ်အမူအရာဆိုသည်မှာ သက်ရှိသက်မဲ့တို့၏ပုံပန်းသဏ္ဌာန် အရောင်အဆင်းနှင့် အသံတို့ဖြစ်၍ စိတ်အမူအရာဆိုသည်မှာ လုပ်ငန်းကိစ္စတခု၊ပြဿနာတရပ်၊ အဘိဓမ္မာနှင့်အတတ်ပညာ၊ သိပ္ပံသဘောတရား အယူအဆတို့ ဖြစ်၏။

ရုပ်အဖွဲ့နှင့် ရေးနည်း နှစ်မျိုး

၅၅၃။ (က) စာရေးသူသည် ရုပ်အမူအရာ ဖြစ်သော သက်ရှိ သက်မဲ့တို့၏ ပုံသဏ္ဌာန် အသွေးအရောင် အဆင်းအနံ့ အသံတို့ကို စာဖတ်သူ၏စိတ်၌ မြင်ယောင် ကြားယောင် ဖြစ်လာအောင် ဖွဲ့ဆိုရေးသားတတ်၏၊ ထိုရေးနည်းမျိုးကို သရုပ်ဖော်ရေးနည်း ဟု ခေါ်၏။ မြင်ကွင်းတခု၊ လူတယောက်၊ သို့မဟုတ် ပစ္စည်းတခု၏ အခြေအနေပုံပန်းသဏ္ဌာန်ကို ပေါ်လွင်လာအောင် ဖွဲ့ဆို ရေးသားခြင်းမျိုး ဖြစ်၏။ သရုပ်ဖော်ရေးနည်းတွင် ရှေ့နောက်အစီအစဉ်ကျမှုသည်အဓိကမဟုတ်ချေ။

လူ၊ နေရာ၊ အချိန်ကို သရုပ်ဖော်ရာ၌ ကြိုက်နှစ်သက်ရာကို ပဌမ ဖွဲ့ဆိုနိုင်သည်။ မိန်းကလေးတယောက်၏ အလှကိုဖွဲ့ရာ၌ ဆံပင်အလှ၊ မျက်နှာအလှ၊ရင်အလှ၊တင်အလှ၊ ကြိုက်နှစ်သက်ရာမှ စတင် သရုပ်ဖော်နိုင်သည်။ သရုပ်ဖော်ရေးသားရာ၌ မြင်-ကြားသမျှ အကုန်ကို သရုပ်ဖော်ရန် မလိုပေ။ ဇာတ်လမ်း အဖြစ်အပျက် ရေးနေသည့် အကြောင်းအရာနှင့်သက်ဆိုင်သမျှကိုသာ သရုပ်ဖော်ရေးသားရန် လိုပေသည်။ မဆိုင်ရာတို့ကို အသေးစိတ်သရုပ်ဖော်နေခြင်းဖြင့် ရေးသူ၏မူလတင်ပြလိုရင်း ရည်ရွယ်ချက်သည် ပျက်ပြယ်သွားတတ်ပေသည်။

၅၅၄။ (ခ) မိမိ တွေ့ မြင် ကြားသိခဲ့ရသော အဖြစ်ပျက်၊ ပုံပြင် ဇာတ်လမ်းတခုကို စာဖတ်သူအား မိမိတွေ့မြင်ကြားသိရသည့်အတိုင်း သဘောပေါက် ထင်မြင်လာစေရန် အဖြစ်အပျက် အစီအစဉ်အတိုင်း လှုပ်ရှားပုံ သဘာဝဖြစ်စဉ်အတိုင်း ပြန်၍ ရေးပြ၏၊ ထိုရေးနည်းကို ဖြစ်စဉ်ပြရေးနည်းဟု ခေါ်၏။ သူခိုးတယောက်ကိုလူအများဝိုင်းဝန်းဖမ်းဆီးပုံ၊လူနှစ်ယောက် ခိုက်ရန်ဖြစ်၍ ဆဲဆိုရိုက်နှက်ကြပုံကို စီစဉ် ရေးပြခြင်းမျိုး ဖြစ်၏။

ဖြစ်စဉ်ပြရေးနည်းတွင် ဇာတ်လမ်း အဖြစ်အပျက်သည် ရှေ့နောက် အစီအစဉ်ကျမှု၊အကြောင်းအရာ စေ့စပ်စုံလင်မှုသည် အဓိက အနှစ်သာရ ဖြစ်၏။ အကြောင်းအရာ စုံလင်သော်လည်း ရှေ့နောက် အစီအစဉ် ဖရိုဖရဲဖြစ်နေလျှင်၊ ရေးသမျှမှာ ရှေ့နောက် အစီအစဉ် ကျသော်လည်း အဖြစ်အပျက်တချို့ ကျန်၍ ဟာနေပါလျှင် အောင်မြင်သော ဖြစ်စဉ်ပြရေးနည်း ဖြစ်လိမ့်မည်မဟုတ်ချေ။

စိတ်အဖွဲ့နှင့် ရေးနည်း နှစ်မျိုး

၅၅၅။ (က) စားရေးသူသည် စိတ်အမူအရာဖြစ်သော လုပ်ငန်း၊ ကိစ္စ၊ အကြောင်းအရာ ပြဿနာ တရပ်ရပ်ကို စာဖတ်သူ သဘောပေါက် နားလည်အောင် ဖွင့်ဆို ရှင်းပြ ရေသားရသည်။ ထို ရေးနည်းကို ဖွင့်ဆိုရှင်းပြ ရေးနည်းဟု ခေါ်သည်။ စိတ်အကြောင်း, နိဗ္ဗာန်အကြောင်း, ဒီမိုကရေစီ သဘောတရား, ဆိုရှယ်လစ်စီးပွါးရေး သဘောတရား စသည် တို့ကို ဖွင့်ဆို ရှင်းပြခြင်းမျိုး ဖြစ်သည်။ စာဖတ်သူအား "အော်....ဒါက ဒီလိုကိုး" ဟု သဘောပေါက် ရှင်းလင်းသွား အောင် ရေးပြနိုင်လျှင် ဖွင့်ဆိုရှင်းပြ ရေးနည်းကောင်းဟု ဆိုရ၏။

၅၅၆။ (ခ) စာရေးသူသည် စိတ်အမူအရာ ဖြစ်သော လုပ်ငန်း၊ ကိစ္စ ပြဿနာ တခုခုကို စာဖတ်သူ သဘောပေါက် နားလည်အောင် အကြောင်းအကျိုး အသင့်ယုတ္တိ အမျိုးမျိုး ကို ပြ၍ ရေးသားတင်ပြ၏၊ ထိုသို့ တင်ပြခြင်းကို ကျိုးကြောင်း ပြရေးနည်းဟု ခေါ်၏။ မြတ်ဗုဒ္ဓ၏ ကြောင်းကျိုးဆက်ပြ ပဋ္ဌာန်းဒေသနာတော်အရ ဖြစ်စေ၊ သိပ္ပံပညာရှင် တို့၏ ကြောင်းကျိုးဆက်သီဝရီအရဖြစ်စေ စကြဝဠာအနန္တအတွင်း ရှိသက်ရှိသက်မဲ့ အဖြစ်အပျက်တို့မှန်သမျှ အကြောင်းကြောင့် ဖြစ်သော အကျိုးတရားတို့သာ ဖြစ်ရကား ထိုအကြောင်း တရားနှင့် အကျိုးတရားတို့ ဆက်သွယ်ပုံကို မှန်ကန်စွာ ရှင်းပြ ရေးသားနိုင်ရန် အရေးကြီးလှပေသည်။

ရေးနည်းလေးရပ် ရောထွေးတတ်

၅၅၇။ စကားပြေဖြင့် ရေးဖွဲ့ထားသော စာတပုဒ်ကို ဤစာသည် သရုပ်ဖော်ရေးနည်းဖြင့် ရေးထားသည် ဖြစ်စဉ် ပြရေးနည်းဖြင့် ရေးထားသည်၊ ဖွင့်ဆိုရှင်းပြ ရေးနည်းဖြင့် ရေးထားသည်၊ ကျိုးကြောင်းပြရေးနည်းဖြင့် ရေးထား သည် ဟု ခွဲခြားနိုင်သော စာပေရှိသကဲ့သို့ ခွဲခြားရန် မလွယ် ကူဘဲ အထက်ပါရေးနည်း လေးမျိုး,သုံးမျိုး,နှစ်မျိုး ထိုက်သင့် သလိုရောနှောပါဝင်နေသော အဖွဲ့များလည်း ရှိတတ်ပေသည်။ ထိုသို့ ရောနှောပါဝင်သော စာပေတွင် လွန်ကဲသော အဖွဲ့ကို ကြည့်၍သာ အမျိုးစားခွဲခြားရန် ဖြစ်ပေသည်။ သရုပ်ဖော် ရေးနည်းလွန်ကဲလျှင် သရုပ်ဖော်အဖွဲ့၊ ဖွင့်ဆိုရှင်းပြရေးနည်း လွန်ကဲလျှင် ဖွင့်ဆိုရှင်းပြရေးနည်းဖြင့် ရေးထားသော စာပေ ဟု ခွဲခြားရန်ဖြစ်ပေသည်။

လက်တွေ့ကျင့်မှ အကျိုးရ

၅၅၈။ လူတိုင်း စကားပြေကို ပြောနေကြသည်။စာရေး၊ စာဖတ်တတ်သူတိုင်း စကားပြေကို ရေးနေ၊ ဖတ်နေကြသည်။ ထို့ကြောင့် စကားပြေရေးသားနည်း ဟူ၍ သင်ကြားရန်ပင် မလိုသကဲ့သို့ ရှိသည်။ ထို့ကြောင့်လည်း စကားပြေရေးနည်း လမ်းညွှန်စာအုပ်ဟူ၍၎င်း၊ စကားပြေရေးနည်းသင်တန်းဟူ၍ ၎င်း မရှိသလောက်ပင် ဖြစ်နေသည်။ စကားပြေရေးနေသူ အများထဲမှ စကားပြေကို နိုင်နိုင်နင်းနင်း သိပ်သိပ်သည်း သည်း ကျစ်ကျစ်လစ်လစ် ရေးနိုင်သူမည်မျှ ပေါ်ထွက်ခဲ့ပါ သနည်း။ မိမိ ကိုယ်ကိုယ် မိမိ မြန်မာစကားပြေအရေး နိုင် လှပြီဟု ယုံကြည်လျှင် မိမိ ရေးလိုသော အကြောင်းအရာတခု

ကို ခေါင်းစဉ်တပ်၍ ရေးကြည့်လျှင် ကိုယ်ထင်သည့်အတိုင်း ဟုတ်-မဟုတ် အဖြေသိပါလိမ့်မည်။ မိမိ ပြောဆို၊ ဖော်ပြလိုသည့်အတိုင်း တခါတည်းနှင့် ချောချောမွေ့မွေ့ ပြေပြေပြစ်ပြစ် ထိထိရောက်ရောက် နိုင်နိုင်နင်းနင်း ရေးနိုင်၊ မရေးနိုင် သိရှိရပါလိမ့်မည်။ ထို့ကြောင့် စကားပြေကောင်းများကို ဖတ်၍ စကားပြေအရေးများကို များစွာ လေ့ကျင့်ခြင်းသည် စကားပြေကောင်း ရေးနိုင်ရန်အတွက် အကောင်းဆုံး သင်တန်း ဖြစ်ကြောင်း လမ်းညွှန်လိုက်ရပါသည်။

စကားပြေ လမ်းညွှန်

၅၅၉။ ဤမြန်မာစကားပြေအခန်းတွင် မြန်မာစာ ဆရာတို့၏ ဆရာကြီးများဖြစ်သော မြန်မာစကားပြေများကို လက်တွေ့ရေးသားခဲ့၍ လက်တွေ့ သင်ကြားပို့ချခဲ့ကြသော ဆရာကြီးအချို့၏ ညွှန်ကြားချက်များကို အကျဉ်းချုပ် ကောက်နုတ်ဖော်ပြလိုပါသည်။

ဆရာကြီးဦးလင်း၏ စကားပြေလမ်းညွှန်

၅၆၀။ ၁၃၀၄-ခုနှစ် သီတင်းကျွတ် ကျောင်းပိတ်ရက် ကျောင်းဆရာများ ရက်တို မှမ်းမံသင်တန်းတွင် အဂ္ဂမဟာပဏ္ဍိတ ဆရာကြီးဦးလင်း၏ သင်ကြားပို့ချချက် အချုပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

မြန်မာစကားပြေ ရေးသားရာ၌ ကတ္တား၊ ကံ၊ ဝိသေသန၊ ကြိယာ၊ ဤလေးမျိုးကို အရင်းခံနှလုံးထားကာ စီကုံး သွားပါလျှင် ကိစ္စပြီးနိုင်ပါသည်။ ကြိယာ၊ ကံ၊ ကတ္တားတို့ ညီညွတ်

ကြလျှင် သာမညစာစီစာကုံးသဘော ပြည့်စုံပြီ။ ကြီးကျယ်သော စာစီစာကုံးဖြစ်ရန်ကား ဝိသေသန၏ စွမ်းအင်ပင် အရင်းခံဖြစ်တော့၏။ ဂုဏ်ထူးထုတ်ဖော်ပြသခြင်းကို ဝိသေသနခေါ် သည်ဖြစ်၍ ဝိသေသနကောင်းတိုင်း အဖွဲ့အနွဲ့ အစီအကုံးကောင်း ဖြစ်နိုင်၏။

ယခုခေတ်သုံး ရိုးရိုးလေးနှင့် ရှင်းလင်းသော စာသွားမျိုး ရေးနိုင်ရန်လည်း လေ့လာသင့်ပေသည်။ စာရိုးရိုးရေးသားရာ၌ ဂုဏ်ပကာသနထုတ်သည့် ဝိသေသနပုဒ် များစွာ မလိုတော့ပြီ။ စကားဝါကျတို့ကိုလည်း မတိုလွန်းစေရ။ ရှည်လည်း မရှည်လွန်းစေရ။ တိုလွန်းလျှင် သေးနုပ်သည်၊ ရှည်လွန်းလျှင် ထွေးရှုပ်သည်၊ သို့ဖြစ်၍ ဝါကျမရှည်မတို ရေးရာသည်။

ယခုအခါမှာ ဥပမာ၊ ဥပစာ၊ ဂုဏ်တို့ဖြင့် စုံစုံလင်လင် ခမ်းခမ်းနားနားကြီး ဖွဲ့နွဲ့ရေးသားတတ်ခြင်းထက် ရိုးရိုးလေးနှင့် ရှင်းရှင်းလင်းလင်း ဆိုလိုရင်း အဓိပ္ပါယ်သွားကို ပေါ်လွင်စေရန် အများနားလည်အောင် ရေးသားနိုင်ခြင်းကသာ၍ အရေးကြီးလာလေပြီ။ အကြောင်းကိုဆိုသော် ကျွန်ုပ်တို့ မြန်မာစာပေဖြင့် ရေးသားပြီး မရှိသေးသည့် နိုင်ငံခြား ပညာရပ်များကို မြန်မာဘာသာ ပြန်ဆိုရေးသားကာ မြန်မာစာပေနယ်ကို ကျယ်အောင် ချဲ့ထွင်ရမည်အခါ ဖြစ်သော ကြောင့်တည်း။

ဦးဖေမောင်တင် စကားပြေလမ်းညွှန်

၅၆၁။ ကဗျာလင်္ကာသည် အမျိုးသမီးနှင့်တူ၍ စကားပြေသည် ယောကျ်ားနှင့်တူသည်ဟု တင်စားသည်။ အမျိုးသမီး

များ အလှုပြင်ဘို့ လိုသကဲ့သို့ ကဗျာကို ကာရန် နဘေတို့ဖြင့် လှလှပပ ဖွဲ့နွဲ့ရန်လိုသည်။ စကားပြေ၌ ကဗျာဆန်ဆန်ဖွဲ့နွဲ့မှုများလျှင် ယောကျ်ားရင့်မာကြီး ပေါင်ဒါတို့ပတ်ရိုက်၍ အလှုပြင်သကဲ့သို့ ဖြစ်သည်။

စကားပြေကို ရှင်းရှင်းနှင့် လူအများ နားလည်လွယ်အောင် စကားလုံးပေါ်ပေါ်လွင်လွင်နှင့် ဝါကျမများအောင် ရေးရသည်။ စာရေးရာတွင် စကားအသုံးအနှုန်း ရိုးနိုင်သမျှ ရိုးလျှင် အကောင်းဆုံး အမှန်ဆုံးဖြစ်သည်။ စကားဆန်းလျှင် စာများပြီး အဓိပ္ပါယ် မပေါက်ဘဲနေတတ်သည်။ ထို့ကြောင့် စကားပြေရေးသားရာတွင် ကတ္တား၊ ကံ၊ ဝါစက မှန်မှန်နှင့် လိုရင်းအဓိပ္ပါယ်ကို အလွယ်နှင့် နားအလည်ဆုံး ရေးတတ်နိုင်ရန်မှာ အဓိက အချက် ဖြစ်သည်။

ဆရာဇော်ဂျီ၏ စကားပြေလမ်းညွှန်

၅၆၂။ ဤ ဂဇ္ဇဗေဒ=စကားပြေရေးနည်းအပိုင်း ရှေ့ပိုင်းတွင် ဖော်ပြချက်များမှာ မြန်မာ့စွယ်စုံကျမ်းနှင့် စကားပြေလက်ရွေးစင်စာအုပ် အမှာစာများမှ ဖြစ်၍ ဆရာဇော်ဂျီ၏ စကားပြေ လမ်းညွှန်ချက်များနှင့် အများဆုံး တူညီ၏။ ထို့ကြောင့် ထပ်မံ မဖော်ပြတော့ပါ။

စာစီစာကုံး

၅၆၃။ မြန်မာ လူမျိုးများသည် မြန်မာ စကားပြေကို အနည်းနှင့်အများ ရေးတတ်နေကြသောကြောင့် မြန်မာ စကားပြေရေးနည်းကို သီးသန့် မသင်ကြားရစေကာမူ မြန်မာ စကားပြေရေးသားခြင်း အလေ့အကျင့်ကိုကား ပြုစေကြပါ

သည်။ ကျောင်းများ၌ စာစီစာကုံးများကို ရေးစေခြင်း၊ အစမ်းစာမေးပွဲ၊ အဘန်းတင်စာမေးပွဲများ၌ စာစီစာကုံး ပုစ္ဆာတခုကို ထည့်မေးခြင်းမှာ စကားပြေ အရေးအသားကို လေ့ကျင့်ပေးခြင်းဖြစ်ပါသည်။ အင်္ဂလိပ်စကားပြေ၊ အင်္ဂလိပ် စာစီစာကုံး ရေးနိုင်ရန်အတွက် အင်္ဂလိပ်သဒ္ဒါကို သင်ပေးကြသော်လည်း မြန်မာစကားပြေ၊ မြန်မာစာစီစာကုံး ရေးနိုင်မှုအတွက် မြန်မာသဒ္ဒါကို သင်ရန် မလိုသလောက်ပင် ဖြစ်နေပါသည်။ မိခင်ဘာသာဖြစ်၍ မြန်မာသဒ္ဒါကို မတတ်သော်လည်း မြန်မာသဒ္ဒါနည်းကျ ပြောဆို၊ရေးသားနိုင်ခြင်း ဖြစ်ပါသည်။ အကယ်၍ မြန်မာဘာသာကို တိုကျိုတက္ကသိုလ်၊ ချီကာဂိုတက္ကသိုလ်၊ မော်စကိုတက္ကသိုလ်တို့တွင် သင်ကြားမည်ဆိုပါက မြန်မာသဒ္ဒါကို သင်ပေးရန် မလွဲမသွေ လိုအပ်ပေလိမ့်မည်။

၅၆၄။ မြန်မာ ကျောင်းသားများသည်၎င်း၊ မြန်မာဘာသာကို ပြောတတ်ရေးတတ်နေသော မြန်မာနိုင်ငံနေ တရုပ်, ကုလား, ရှမ်း, ကချင် တိုင်းရင်းသားများသည်၎င်း မြန်မာသဒ္ဒါနည်းကျ မြန်မာစကားပြေကို ရေးတတ်နေပြီဖြစ်၍ မြန်မာသဒ္ဒါ၊ သို့မဟုတ် မြန်မာစကားပြေရေးနည်းကို သင်ကြား ပြသပေးခြင်း မရှိကြသော်လည်း မြန်မာဘာသာ၌ အမှတ် ၁၀၀ တွင် စာစီစာကုံးအတွက် အမှတ် ၂၀ မှ ၃၀ အထိ ပေးခြင်းက မြန်မာစကားပြေ၏ အရေးပါမှုကို ထောက်ပြလျက် ရှိပေသည်။

စာစီစာကုံးအဓိပ္ပါယ်

၅၆၅။ အင်္ဂလိပ်စာမေးခွန်းလွှာတွင် အင်္ဂလိပ်စကားပြေ စာစီစာကုံးကို "အက်ဆေး"ဟု ခေါ်၏။ အက်ဆေးခေါ် စာစီစာကုံးရေးနည်းကို ၁၅၇၁-ခုနှစ်တွင် ပြင်သစ် နိုင်ငံ၌ မွန်တိန်းကရင်း၊ အင်္ဂလန်ပြည်၌ ဖရန်ဆစ်ဘေကင်ကရင်း စတင်ရေးသားခဲ့ကြသည်။ အက်ဆေး ဟူသော စကား၏ အဓိပ္ပါယ်မှာ စမ်းသပ်ချက်၊ ကြိုးပမ်းချက်ဟူ၍ ဖြစ်သည်။ အက်ဆေးဆိုသည်မှာ ပြည့်စုံ ကုံလုံပြီးမြောက်သော ကျမ်းဂန် တစောင်တဖွဲ့ မဟုတ်၊ ဝတ္ထု မဟုတ်၊ တရားစာမဟုတ်၊ အကြောင်းခြင်းရာ တခုခုကို တတ်သလောက် မှတ်သလောက် ဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်၍ ရေးသားထားသော ကြိုးပမ်း စမ်းသပ်မှုတရပ်သာ ဖြစ်သည်။ စာကြီး ပေကြီးကဲ့သို့ ဝေဘန် ယူဆရန် မဟုတ်-ဟု ဆိုလိုသည်။ ထို့ကြောင့် ဆရာကြီး ဦးဖေမောင်တင်နှင့် တက္ကသိုလ်ဆရာများက အက်ဆေးခေါ် စာစီစာကုံး အရေးအသားကို 'အစမ်းစာ' ဟု အမည်ပေး ခဲ့သည်။

၅၆၆။ စာစီစာကုံး ရေးသားရာ၌ ရေးသားမည့် အကြောင်းအရာနှင့် ပတ်သက်၍ အကြားအမြင် ဗဟုသုတ ရှိရန် အနည်းငယ် လိုအပ်ပါသည်။ နက်နက်နဲနဲ တွေးခေါ် စဉ်းစားရန် မလိုအပ်ပါ။ မိမိကိုယ်တွေ့ မိမိစဉ်းစားစိတ်ကူး၍ ရသလောက်ကို ရှေ့နောက် အစဉ်ကျကျ အကြောင်း အကျိုး ဆက်သွယ်၍ ရှင်းရှင်းလင်းလင်း ထိထိမိမိ မသွယ်မဝိုက် တိုက် ရိုက် ရေးသားရန် ဖြစ်ပါသည်။ စာစီစာကုံး မေးခွန်းသည် ဗဟုသုတကြွယ်ဝမှုကို စမ်းသပ်ခြင်းမဟုတ်၊ စကားပြေအရေး

အသား မည်မျှအဆင့်ရှိသည်ကို စမ်းသပ်ခြင်းသာဖြစ် ကြောင်း သတိပြုအပ်ပေသည်။

ရှေ့နောက် အစီအစဉ် ကျရန်အတွက် စာစီစာကုံး ခေါင်းစဉ်ကိုကြည့်ပြီး မည်သည့်အချက်များ ရေးရမည်ကို စဉ်း စားပါ။ ထို့နောက် ထိုအချက်အလက်များကို လေးပိုင်း ငါး ပိုင်းခွဲ၍ ခေါင်းစဉ်ငယ်များ ချရေးပါ။ ထို့နောက် ထိုခေါင်းစဉ် ငယ်တခုကို စာပုဒ်တခုဖြစ်အောင် ရေးသားခြင်းဖြင့် စာပိုဒ် လေးပိုဒ်၊ ငါးပိုဒ်ပါဝင်သော စာစီစာကုံးတပုဒ်ကို ရေးနိုင်မည် ဖြစ်ပါသည်။ ပထမစာပိုဒ်တွင် အဖွင့်နိဒါန်းကိုရေးရ၍ နောက် ဆုံးစာပိုဒ်တွင် အဆုံးသတ်နိဂုံးကို ရေးရပေသည်။

မှတ်ပါ၊ ဖတ်ပါ၊ လေ့ကျင့်ပါ

၅၆၇။ ခိုင်ခံ့လှပသော အုတ်တိုက်တလုံး တည်ဆောက် နိုင်ရန်အတွက် အုတ် သဲ ဘိလပ်မြေ ကုန်ကြမ်းများနှင့် ဗိသု ကာ ပန်းရန်အတတ်ပညာရှင်များ လိုသကဲ့သို့ မြန်မာစကား ပြေကောင်းကို ရေးနိုင်မှုအတွက် ဝေါဟာရ စကားလုံးတည်း ဟူသော ကုန်ကြမ်းနှင့် ထိုစကားလုံးများကို ဆက်စပ်ဖွဲ့စည်း သီကုံးနည်း သဒ္ဒါအတတ်ပညာကို လိုအပ်ပေသည်။ ထိုလိုအပ် ချက်နှစ်မျိုးအနက် ဤနည်းသစ် မြန်မာသဒ္ဒါက ဖွဲ့စည်းသီ ကုံးနည်းအတတ်ပညာကို သင့်အား အပြည့်အစုံ သင်ပေး ပြီး ဖြစ်ပါသည်။ မှတ်သား လေ့ကျင့်ရန်မှာ သင့်တာဝန်သာ ဖြစ်ပေသည်။

ဝေါဟာရစကားလုံး ကြွယ်ဝမှုအတွက်ကား သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ သိပ္ပ၊ ဝိဇ္ဇာ ပညာရပ် စာအုပ်များ၊ ဗေ

ဒင်ကျမ်း၊ ဆေးကျမ်း၊ ဓာတ်ကျမ်း၊ ဘာသာရေး, လူမှုရေး ကျမ်းမျိုးစုံကို ဖတ်ရှုဆည်းပူးရန်လည်း သင့်တာဝန်သာ ဖြစ်ပေသည်။ အဓိပ္ပါယ်တိကျပေါ် လွင်သော ဝေါဟာရစကားလုံးများ၊ သိပ်သည်းကျစ်လစ် ရှင်းလင်းလွယ်ကူသော ဝါကျများကို ရေးဖွဲ့ကာ မြန်မာစကားပြေကုန်ချောကို ထုတ်လုပ်ကြရန် စံချိန်မှီစကားပြေများ ရေးသားနိုင်အောင် အလေ့အကျင့် များစွာပြုကြရန် လိုအပ်ပေသည်။

အပိုင်း–၆

ပါဒဗေဒ = စာပိုဒ်ဖွဲ့နည်း

၃၆၈။ အစဉ်အလာအားဖြင့် ပြုစုခဲ့သောသဒ္ဒါကျမ်းတို့တွင် ပါဒဗေဒ=စာပိုဒ်ဖွဲ့နည်းကို ထည့်သွင်း ဖော်ပြလေ့မရှိပေ။ သို့ရာတွင် ပါဠိသဒ္ဒါငယ်ကျမ်းတွင်—

ဧကေကော ဝဏ္ဏံ အက္ခရံ၊
အက္ခရသမူဟော ပဒံ။
ပဒသမူဟော စ ဝါကျံ၊
ဝါကျသမုဒယော ဂန္ထံ။

တလုံးတလုံးသော ဝဏ္ဏသည် အက္ခရာမည်၏။
အက္ခရာတို့၏ အစုအပေါင်းသည် ပုဒ်ဖြစ်၏။
ပုဒ်တို့၏ အစုအပေါင်းသည် ဝါကျဖြစ်၏။
ဝါကျတို့၏အစုအပေါင်းသည် ကျမ်းဂန်စာအုပ်ဖြစ်၏-

ဟု စာပေဖွဲ့စည်းပုံ အဆင့်လေးဆင့်ကို ခွဲပြသွား၏။

စာရေးခြင်း အတတ်ပညာ၊ စာပုံနှိပ်အတတ်ပညာများ ပေါ်ထွန်းစတွင် အထက်ပါအတိုင်း ဖွဲ့စည်းပုံစနစ်၄-ဆင့်ရှိခဲ့၏။ မြန်မာနိုင်ငံ စာရေးခြင်းအတတ် ထွန်းကားစ ပုဂံခေတ်တွင် စာကို ထန်းရွက်, ပေရွက်များပေါ် တွင်၎င်း၊ ပုရပိုက်များပေါ်တွင်၎င်း၊ ကျောက်ပြားများပေါ် တွင်၎င်း ရေးသားထုတွင်းကြရ၏။ ထိုသို့ ရေးသားထုတွင်းရာ၌ ယခုခေတ် စာရေးဟန်၊

ပုံနှိပ်ဟန်များအတိုင်း စာပိုဒ်ခွဲ၍ ရေးသား ထုတ်ဝေခြင်းပါက တပေခွဲ နှစ်ပေခန့်ရှိသော ပေရွက်, ကျောက်ပြားများတွင် ကွက်လပ်ရှည်ကြီးများ ကျန်နေပေမည်။ ထို့ကြောင့် ပေစာ, ကျောက်စာတို့တွင် အပိုဒ်မခွဲဘဲ ပိုဒ်ကြီးခံ၍ တပြင်တည်း ရေးသား ထုတ်ဝေခဲ့ကြပေသည်။ ထို့ကြောင့် ဝါကျသမုဒ္ဒ-ယောဂန္တံ=ဝါကျများကို ဆက်ကာဆက်ကာ ရေးသားသွားလျှင် တကျမ်းတဖွဲ့ ဖြစ်သည်ဟူ၍ ခေတ်စနစ်နှင့်အညီ ဆိုခဲ့ခြင်း ဖြစ်ပေသည်။

ကုန်းဘောင်ခေတ် မြန်မာနိုင်ငံသို့ ပုံနှိပ်စက်များရောက်စ ပုံနှိပ်အဘတ်ပညာ မထွန်းကားသေးသည့် ကာလတွင် ပုံနှိပ်ထားသော မြန်မာကျမ်းစာအုပ်များမှာလည်း ကျောက်စာ၊ ပေစာ၊ ပုရပိုက်စာများကဲ့သို့ စာပိုဒ်မခွဲဘဲ စာမျက်နှာပြည့် တပြင်တည်း ရိုက်နှိပ်ခဲ့ကြပေသည်။ စာပိုဒ်ခွဲခြင်းသည် အဓိပ္ပါယ်အသစ် တခုကို မပြနိုင်သော်လည်း စာကြောင်းများက ပြသော အဓိပ္ပါယ်ကို ရှင်းလင်း နားလည်လွယ်မှု အတွက် များစွာအထောက်အကူ ဖြစ်စေသည်ကိုကား စာဖတ်သူတိုင်း သိရှိ နားလည်ကြပေသည်။

စာရေးနည်းပညာ၊ ပုံနှိပ်နည်း အတတ်တို့ ထွန်းကားလာသောအခါ ဝါကျတို့ကို စုပေါင်းလိုက်လျှင် စာပိုဒ်ဖြစ်၍ စာပိုဒ်တို့ကို စုပေါင်းလိုက်သောအခါ အခန်းကဏ္ဍ ဖြစ်ပြီး အခန်းတို့၏ အစုအပေါင်းသည် အပိုင်းဖြစ်ကာ အပိုင်းတို့၏ အစုပေါင်းကျမှ ကျမ်းစာအုပ် တအုပ်ဖြစ်လာသည်။ ကျမ်းစာသည် တအုပ်တည်းဖြင့် မပြီးသေးပါက အပိုင်းတို့၏

အပေါင်းသည် အတွဲဖြစ်၍ အတွဲတို့၏ အစုအပေါင်းသည် အစုံဖြစ်လေသည်။ အပိုဒ်, အခန်း, အပိုင်း, အတွဲ, အစုံ ဖွဲ့စည်းမှုအတွက် မှတ်သား လိုက်နာဖွယ်များကိုရင်း၊ စာတအုပ်၏ ရှေ့ပိုင်းနှင့် နောက်ပိုင်းတွင် ပါလေ့ရှိသော အခန်းများ စီစဉ်ရေးသား ခွဲခြား ပုံနှိပ်ဟန်များကိုရင်း၊ ထို အပိုဒ်, အခန်း, အပိုင်းများတွင် ခေါင်းစဉ်တပ်ပုံများကိုရင်း စာရေးသူများ သိထားထိုက်သောကြောင့် ဤ ပါဒ ဗေဒခေါ် **စာပိုဒ်ဖွဲ့နည်း** အပိုင်းကို ထုတ်ဖော် တင်ပြလိုက်ပါသည်။

ပါဒ-၁

အပိုဒ်စသည်ခွဲခြင်း

စာပိုဒ်အဓိပ္ပါယ်

၅၆၉။ စာရေးသူသည် သူကိုယ်တိုင် မြင် ကြား ကြုံ တွေ့ သိ တွေး ခံစားရသော အကြောင်းအရာများကို စာဖတ်သူတို့ သိရှိရန် အက္ခရာစကားလုံးများကို ပေါင်းစု စည်းရုံးကာ ဝါကျများဖြင့် ဖော်ပြရ၏။ သူ ဖော်ပြလိုသော အကြောင်း အရာတရပ်သည် တဝါကျတည်းဖြင့် အကုန်စုံအောင် ဖွဲ့စည်း ပြရန် မဖြစ်နိုင်ပေ။ ထို့ကြောင့် အကြောင်းအရပ် စုံလင် ပြည့်စုံသည်အထိ ဝါကျများကို ဆက်ရေးရ၏။ ထိုသို့ အကြောင်းအရာ တရပ်အတွက် စည်းရုံးဖော်ပြသော ဝါကျ အစုအပေါင်းကို စာတပိုဒ်ဟု ခေါ်ရ၏။

စာပိုဒ်၏ပမာဏ

၅၇၀။ စာပိုဒ် တပိုဒ်တွင် ဝါကျ မည်မျှရှိရမည်၊ စာ ကြောင်းရေ မည်မျှရှိရမည်ဟု ကန့်သတ်ချက် မရှိ။ စာပိုဒ် တပိုဒ်ဖြင့် စုစည်းဖော်ပြလိုသော အကြောင်းအရာ၏ အတို အရှည် ပမာဏအလျောက်သာ စာပိုဒ် အတို-အရှည် အကြီး-အငယ် ကွဲပြားခြင်း ဖြစ်ပါသည်။ သုံးဝါကျခန့်ဖြင့် စာ တပိုဒ် ဖွဲ့သကဲ့သို့ ဆယ်ဝါကျခန့်ဖြင့်လည်း စာတပိုဒ် ဖွဲ့ကြလေ

သည်။ ငါးကြောင်းခန့် ရှည်သော စာတပိုဒ် ရှိသကဲ့သို့ ၁၅-ကြောင်းခန့် ရှည်သော စာပိုဒ်များလည်း ရှိလေသည်။

စာပိုဒ်နံပါတ် တပ်ခြင်း

၅၇၁။ ပထဝီ၊ သမိုင်း၊ သိပ္ပံ ဘာသာရေး စာအုပ်များ၌ စာပိုဒ်များကို နံပါတ်တပ်ရန် မလို၍ နံပါတ်တပ် ရေးလေ့ မရှိသော်လည်း ရုံးစာများ၊ အမိန့်ညွှန်ကြားလွှာများ၊ ဥပဒေ စည်းမျဉ်းများတွင် ရည်ညွှန်းကိုးကားရန် လိုအပ်၍ ရည်ညွှန်း ကိုးကားရာ၌ လွယ်ကူစေရန် စာပိုဒ်များကို အမှတ်စဉ်ဂဏန်း တပ်ရေးရ၏။ အမှတ်စဉ်ဂဏန်းကို အချို့က စာသား၏ အကြောင်းများ ထိပ်နှင့်အညီ ၎င်း၊ အချို့က ၄ လက်မခန့် လျှော့၍ (ပုံနှိပ်ရာ၌တအင်ခွဲခန့် အင်တင်း၍) ရေးသား ပုံနှိပ် ကြ၏။ ပထမနည်းမှာ စာပိုဒ်၏ အစလက္ခဏာမပေါ်၍ အသုံး နည်း၏။ ဒုတိယနည်းမှာ စာပိုဒ်လက္ခဏာ ပေါ်သောကြောင့် အသုံးများ၏။ စာပိုဒ်နံပါတ် နောက်တွင် နှစ်ချောင်းပိုဒ်= ပုဒ်မခံ၍ ရေးရ၊ ပုံနှိပ်ရ၏။

စာပိုဒ်ခွဲ

၅၇၂။ ပထဝီ, သမိုင်း, သိပ္ပံနှင့် လူမှုရေးစာပေ၊ ဝတ္ထု ဆောင်းပါးတို့တွင် စာပိုဒ်အများကို ထပ်မံခွဲခြမ်းစိတ်ဖြာလေ့ မရှိသော်လည်း ရုံးစာများ၊ စည်းမျဉ်းဥပဒေများ၊ အစည်း အဝေး မှတ်တမ်းများတွင် စာပိုဒ်များကို ထပ်မံ ခွဲခြမ်းစိတ် ဖြာလေ့ရှိသည်။ ထိုသို့ ခွဲလိုက်သောစာပိုဒ်ကို **စာပိုဒ်ခွဲ** ဟု ခေါ်၏။

စာပိုဒ်ခွဲသည် စာပိုဒ်ကြီး၏ အစိတ်အပိုင်းဖြစ်၏။ စာပိုဒ်တခုမပြီးမီ သရုပ်များကို ခွဲခြားရေတွက် ပြလို၍ စာပိုဒ်ခွဲများကို ရေးခြင်းဖြစ်၏။ စာပိုဒ်ကြီး၏ နောက်ဆုံးဝါကျတွင် "အောက်ပါအတိုင်း (၄)မျိုးရှိ၏" စသည်ဖြင့် စာပိုဒ်ခွဲကို လှမ်း၍ညွှန်းထားသောကြောင့် စာပိုဒ်ကြီးအဆုံးတွင် ပုဒ်မ မချရ၊ အောက်စာပိုဒ်ခွဲကို ဆက်ဖတ်ပါဟု ရည်ညွှန်းသောအားဖြင့် ပုဒ်မအစား မျဉ်းရှည်ခံလေ့ရှိ၏။

စာပိုဒ်ခွဲ အမှတ်စဉ်များကို (က) (ခ) (ဂ) (ဃ)စသည်ဖြင့် ကွင်းစ, ကွင်းပိတ်အတွင်း အက္ခရာတလုံးဖြင့် အက္ခရာစဉ် ရေးရသည်။ ကွင်းစသည် စာပိုဒ်ကြီး နံပါတ်နောက်ရှိ ပုဒ်မ အဆုံးနှင့် တတန်းတည်းဖြစ်ရမည်။ ဥပဒေ စာအုပ်များ၏ နောက်ဆုံး စာပိုဒ်ခွဲအဆုံးတွင် နှစ်ချောင်းပိုဒ်=ပုဒ်မခံ၍ အထက်စာပိုဒ်ခွဲများ အဆုံးတွင် တချောင်းပိုဒ် ပုဒ်ဖြတ်သာ ရှိသည်။ အခြားစာအုပ်များတွင်ကား ဥပဒေစာအုပ်မှာကဲ့သို့ ဖြစ်စေ၊ အားလုံး နှစ်ချောင်းပိုဒ် = ပုဒ်မခံ၍ ဖြစ်စေ ရေးကြသည်။

စာပိုဒ်ခွဲငယ်

၅၇၃။ စာပိုဒ်ခွဲတွင် နောက်ထပ် သရုပ်အရေအတွက်ကို ပြလိုသောအခါ စာပိုဒ်ခွဲငယ်တခုကို ထပ်ခွဲရ၏။ စာပိုဒ်ခွဲ ရေးသား၊ ပုံနှိပ်နည်း ဥပဒေအတိုင်းပင် စာပိုဒ်ခွဲအဆုံးတွင် ပုဒ်မအစား မျဉ်းရှေ့ကိုခံ၍ ရေးသား၊ ပုံနှိပ်ရ၏။ စာပိုဒ်ခွဲငယ်၏ အမှတ်စဉ်ကို (၁) (၂) (၃) (၄)ဟု ဂဏန်းကို ကွင်းစ, ကွင်းပိတ်အတွင်း၌ ထား၍ ရေးသား၊ ပုံနှိပ်ရ၏။ စာပိုဒ်ခွဲငယ်၏

အမှတ်စဉ် ဂဏန်း ကွင်းစသည် စာပိုဒ်ခွဲ အက္ခရာစဉ် ကွင်းပိတ်နောက်နှင့် တတန်းတည်းရှိရ၏။

စာပိုဒ်ခွဲငယ်တို့၏ အဆုံး တချောင်းပိုဒ်၊ နှစ်ချောင်းပိုဒ် ရေးထုံးမှာ စာပိုဒ်ခွဲရေးနည်းအတိုင်းပင် ဖြစ်သည်။

စာပိုဒ်ခွဲငယ်စိတ်

၅၇၄။ စာပိုဒ်ခွဲငယ် တခုတွင် နောက်ထပ် သရုပ်အရေအတွက်ကို ပြလိုသောအခါ စာပိုဒ်ခွဲငယ်စိတ် တခုကို ထပ်ခွဲရ၏။ စာပိုဒ်ခွဲငယ်၏ အမှတ်စဉ်ကို (က က) (ခ ခ) (ဂ ဂ) စသည်ဖြင့် ကွင်းစ, ကွင်းပိတ်အတွင်း အက္ခရာနှစ်လုံးစီဖြင့် အက္ခရာစဉ်၍ ရေးသားရ၏။ နောက်ဆုံး စာပိုဒ်ခွဲငယ်စိတ် အဆုံးတွင်သာ နှစ်ချောင်းပိုဒ်=ပုဒ်မကြီးချ၍ အထက်စာပိုဒ်ခွဲငယ်စိတ်များအဆုံးတွင် တချောင်းပိုဒ်=ပုဒ်ဖြတ်သာ ရှိရသည်။

အခန်းနှင့်အပိုင်း

၅၇၅။ ကျောင်း စာစီစာကုံး၊ ရုံးစာ၊ ပေးစာတို့ကို စာပိုဒ်များခွဲရုံဖြင့် လုံလောက်သော်လည်း ဝတ္ထုစာအုပ်၊ ကျမ်းစာအုပ်များ ရေးသားရာ၌ စာပိုဒ်များကို စုပေါင်း၍ အခန်းတခုဖွဲ့ပြီး အခန်းများကို စုပေါင်းကာ အပိုင်းတခု ဖွဲ့စည်းကြရသည်။ အချို့စာအုပ်များတွင် အစ·အဆုံး အခန်း (၁), (၂) စသည်ဖြင့် အခန်းသာခွဲ၍ အပိုင်းမခွဲဘဲ ရေးသားကြသည်။

အပိုင်းခွဲ၍ ရေးကြသောစာအုပ်များတွင်လည်း အပိုင်းတိုင်းသည် အခန်းများ၏ အစုအပေါင်းမဟုတ်။ အပိုင်းတခုတွင် အခန်းခွဲစရာမလိုလျှင် မခွဲဘဲ ရေးကြသည်။ ပုံစံအားဖြင့် ဤနည်းသစ်မြန်မာသဒ္ဒါတွင် အပိုင်း ၇-ပိုင်း ခွဲထားသည်။ အပိုင်း(၁),(၄)နှင့် (၅)တို့ကို အခန်းထပ်မခွဲဘဲ ရေး၍ ကျန်အပိုင်းများဖြစ်သော ဝါစင်္ဂပိုင်းကို အခန်း ၉-ခန်း၊ ဝါကျပိုင်းကို အခန်း ၂-ခန်း၊ ပါဒပိုင်းကို ၂-ခန်း။ ယတိပိုင်းကို ၂-ခန်း ခွဲ၍ ရေးထားပါသည်။ ပါဠိသဒ္ဒါ ကစ္စည်းသဒ္ဒါကြီးကျမ်းကို ၈-ပိုင် ခွဲထားရာ ကာရက၊ သမာသ်၊တဒ္ဓိတ်၊ဥဏာဒ်ပိုင်းများကို အခန်းထပ်မခွဲဘဲ ကျန် ၄-ပိုင်းတွင် ၅-ခန်းစီခွဲ ရေးထားပါသည်။

အပိုင်းတခုကို အခန်းခွဲမှု-မခွဲမှုမှာ ထိုအပိုင်း၌ ပါသော အကြောင်းအရာ အနဲ-အများနှင့် ပညာရပ်သဘာဝအရ ဖြစ်ပါသည်။ ထို့ကြောင့် စာအုပ်တိုင်းကို အပိုင်းမခွဲသကဲ့သို့ အပိုင်းတိုင်းကိုလည်း အခန်းမခွဲ၊ လိုအပ်မှသာ ခွဲသည်ဟု မှတ်သားအပ်ပေသည်။

အခန်းနံပါတ်နှင့် အမည်

၅၇၆။ အခန်းတခု၏ အစတွင် အခန်းနံပါတ်နှင့် အခန်းအမည်ကို ဖော်ပြရ၏။ ထိုအမည်သည် အခန်း၌ မည်သည့်အကြောင်းအရာများကို ရေးမည်ဟု ဖော်ပြသော ခေါင်းစဉ်ပင် ဖြစ်၏။ အခန်းနံပါတ်ကို အခန်း (၁),(၂) စသည်ဖြင့်၄င်း၊ အခန်း၏ အစိတ်အပိုင်းများ ပေါ်လွင်စေရန် အခန်းအမည်ကို ရှေ့ကထည့်၍ ဝါစင်္ဂ(၁), ဝါစင်္ဂ (၂) စသည်ဖြင့်

၄င်း တပ်လေ့ရှိ၏။ နံပါတ်ချည်းသက်သက်လည်း တပ်လေ့ရှိကြသည်။

အခန်းနံပါတ်နှင့် အခန်းအမည်များကို ပုံနှိပ်စာများ၌ စာမျက်နှာအသစ်တခု၏ ထိပ်တွင် စ-လေ့ရှိ၏။ လက်ျာဘက်စာမျက်နှာသစ်တွင် အခန်းသစ်ဖွင့်ခြင်းကို ပုံနှိပ်သူအများစုက လိုက်နာကြ၏။ အခန်းအမည်(ခေါင်းစဉ်)ကိုကား စာမျက်နှာ၏ အလယ်ဗဟိုတွင် နှစ်လိုင်း,သုံးလိုင်း အမဲ,အဖြူ စာလုံးများဖြင့် တပ်လေ့ရှိ၏။

အခန်းဖွင့် မျက်နှာထိပ်တွင် စာအုပ်ထိပ်စည်း ခေါင်းစဉ် (Running head)မတပ်ရ၊ စာမျက်နှာနံပါတ် မတပ်ရ၊ စာမျက်နှာနံပါတ် တပ်လိုလျှင် ၄င်းစာမျက်နှာ၏ အောက်ဆုံးအလယ်ဗဟိုတွင် တပ်နိုင်သည်။ ၄င်းကို အောက်ချစာမျက်နှာနံပါတ်(Drop folio) ဟု ခေါ်သည်။

အပိုင်းနံပါတ်နှင့် အမည်

၅၇၇။ အပိုင်းနံပါတ်နှင့် အမည်ခေါင်းစဉ်ကို ကမ္ဘာ့စာအုပ်ကြီးများတွင် အပိုင်းစာသား၏ရှေ့ သီးခြားစာရွက်၏ ရှေ့ဖက်တွင် တပ်လေ့ရှိ၏။ အပိုင်း(၁), အပိုင်း (၂) စသည်ကို တကြောင်း၊အပိုင်းအမည်ခေါင်းစဉ်ကို နှစ်လိုင်းစာလုံး အဖြူ,အမဲများဖြင့် တကြောင်း တပ်ရ၏။ ၄င်းစာရွက်၏ ကျောဘက်ကို ဗလာ ထားရ၏။ ရှေ့နှင့်နောက် နှစ်မျက်နှာလုံးတွင် စာမျက်နှာနံပါတ်တပ်ရန် မလိုပေ။

အပိုင်းနံပါတ်နှင့် အမည်ခေါင်းစဉ်ကို မြန်မာတို့က အပိုင်း၏ အစဖြစ်သော အဖွင့်မျက်နှာ ထိပ်တွင်လည်း တပ်လေ့

ရှိ၏။ ထိုသို့ တပ်လျှင် အပိုင်းဆိုင်ရာ နိဒါန်းရေးပြီးမှ အခန်းနံပါတ်,အခန်းအမည်တို့ကို တပ်သင့်၏။ သို့မဟုတ်လျှင် အပိုင်းခေါင်းစဉ်နှင့် အခန်းခေါင်းစဉ်တို့ ပြိုင်နေတတ်ပေသည်။ အကယ်၍ အခန်းနံပါတ်နှင့် အခန်းခေါင်းစဉ်ကို အပိုင်း၏ အဖွင့်မျက်နှာ၌ ထားမည်ဆိုလျှင် အပြိုင်မဖြစ်စေရန် အပိုင်းနံပါတ်နှင့်အမည်ခေါင်းစဉ်ကို သီးခြားစာရွက်ရှေ့ပိုင်း၌ တပ်ခြင်းသာ ပို၍အဆင်ပြေနိုင်ပေသည်။

အတွဲ

၅၇၈။ အဘိဓာန်ကျမ်း၊ စွယ်စုံကျမ်းနှင့် အချို့ပညာရပ်ကျမ်းများမှာ စာအုပ်တအုပ်တည်းဖြင့် အပြီးရေးသား၊ ပုံနှိပ်ရန် မဖြစ်နိုင်လောက်အောင် ရှည်လျား ကြီးမား နေ၏။ အချို့အဘိဓာန်ကြီးများကဲ့သို့ စာအုပ်အရွယ်ကြီးကြီး, စာမျက်နှာ များများဖြင့် ချုပ်၍ ဖြစ်နိုင်သော်လည်း ကိုင်တွယ်ဖတ်ရှုရ၌ ပေါ့ပါးလွယ်ကူခြင်း မရှိနိုင်။ ထို့ကြောင့် စာအုပ်များကို ခွဲ၍ ပုံနှိပ်၊ထုတ်ဝေကြ၏။ ထိုစာအုပ်မျိုးကို စာအုပ်ဟု မခေါ်ဘဲ အတွဲ ၁,အတွဲ ၂-စသည်ဖြင့်၎င်း၊ ပထမတွဲ,ဒုတိယတွဲ စသည်ဖြင့်၎င်း ခေါ်ဝေါ်ရလေသည်။ ထိုအတွဲများ အစ-အဆုံးကို တစုံဟု ခေါ်ကြ၏။

စာအုပ်တအုပ်၏ အစိတ်အပိုင်း

စာတအုပ်မှာ သုံးပိုင်းပါ

၅၇၉။ ရှုံးစာ၊ ကျောင်းစာ (စာစီစာကုံး)ရေးဖွဲ့လိုလျှင် စာပိုဒ်ဖွဲ့တတ်ရုံဖြင့် လုံလောက်ပြီး ဝတ္ထုတို၊ ဆောင်းပါး၊ စာမွန်များကို အခန်းခွဲ၍ ရေးတတ်ကြသည်။ မဂ္ဂဇင်း ဝတ္ထုရှည်များကိုကား အပိုင်းခွဲအထိ ဖွဲ့စည်း ရေးသားကြ၏။

စာရေးသူ တယောက်သည် လုံးချင်း ဝတ္ထုရှည်တပုဒ်၊ ကျမ်းစာအုပ်တအုပ်ကို ပြုစုရေးသားမည်ဆိုပါက အထက်တွင် ပြခဲ့သည့် စာပိုဒ်၊ အခန်း၊ အပိုင်း ဖွဲ့စည်းတတ်ရုံနှင့် မလုံလောက်သေး။ မိမိရေးလိုသော ဇာတ်လမ်း၊ ရေးလိုသော ပညာရပ်ကို အခန်းလေးခန်းခန့်၊ အပိုင်း၂၀-ခန့် ခွဲခြား ဖွဲ့စည်း ရေးသားပြီးရုံဖြင့်ပြည့်စုံသော စာမူတခု မဖြစ်သေး။ စာအုပ်တအုပ်တွင် သုံးပိုင်း ရှိသည့်အနက် စာကိုယ် တပိုင်းသာ ပြီးသေး၏။ ဝတ္ထုစာအုပ်အတွက် ရှေ့ပိုင်းလိုသေး၏။ ကျမ်းစာအုပ်အတွက် ရှေ့ပိုင်းနှင့် နောက်ပိုင်း လိုနေသေး၏။

ထုတ်ဝေသူ၊ပုံနှိပ်သူများထံသို့ ပြည့်စုံသောစာမူကို ပေးပို့နိုင်ရန်အတွက် စာအုပ်တအုပ်တွင် ပါဝင်သော အစိတ်အပိုင်း သုံးခုကို သိထားသင့်သဖြင့် ဤ စာပိုင်ဖွဲ့နည်း အခန်းတွင် ဖော်ပြလိုက်ပါသည်။

အပိုင်းသုံးပိုင်း

၅၇၀။ စာအုပ်တအုပ်တွင်—

၁။ ရှေ့ပိုင်း (Prelems)၊
၂။ စာကိုယ် (Text)၊
၃။ နောက်ပိုင်း(Back Matter)—

ဟု အပိုင်း သုံးပိုင်းပါရှိ၏။

(၁) ရှေ့ပိုင်း

၅၇၁။ စာအုပ်၏ ရှေ့ပိုင်းတွင် စာအုပ်နှင့် ပတ်သက်၍ သိသင့် သိထိုက်သော အကြောင်းအချက်တို့ကို ဖော်ပြလေ့ရှိသည်။ စာကိုယ်နှင့် နောက်ပိုင်းကို ပုံနှိပ်ပြီးမှ ရှေ့ပိုင်းကို ပုံနှိပ်ကြသဖြင့် မျက်နှာနံပါတ် ကို က-ခ-ဂ-ဃ စသည်ဖြင့် အက္ခရာစဉ်နှင့် ပြကြသည်။ ရှေ့ပိုင်း အကြောင်းအရာများကို ပုံနှိပ်သည့်အခါ စာမျက်နှာဖွဲ့ပုံနှင့် ယှဉ်တွဲဖော်ပြလိုက်ပါသည်။

အစီအစဉ်ကို သိနိုင်ရန် အတွက် အက္ခရာစဉ်များကို ပြလိုက်ရသော်လည်း အကြောင်းအရာ တခုမှာ အခန်းတခုသဘော ရှိ၍ အခန်းဖွင့် ထုံးစံအတိုင်း နံပါတ် (အက္ခရာစဉ်) မတပ်ကြပါ။ ဗလာ မျက်နှာများ၌လည်း နံပါတ် မတပ်ရပါ။ စာအုပ်အများက ထက်ဝက် အတွင်းဖုံးမှစ၍ နံပါတ်စဉ်ကို ရေတွက်သော်လည်း အချို့ စာအုပ်များက အောက်တွင် ပြထားသည့် မျက်နှာ (က)မှ (ခ)အထိကို နံပါတ်စဉ် ထည့်မရေးဘဲ အမှာစာ၊ နိဒါန်း၊ မာတိကာတို့မှ စ၍ အက္ခရာစဉ် (က)ကို ရေတွက်ကြပါသည်။

စာအုပ်ရှေ့ပိုင်း အဆုံးကို ကြည့်လိုက်ရုံဖြင့် ရှေ့ပိုင်းတွင် စာမျက်နှာပေါင်း မည်မျှဟု သိနိုင်သဖြင့် ပုံနှိပ်၊ ထုတ်ဝေသူတို့

အတွက် စက္ကူအကုန်အကျ စာအုပ်တန်ဘိုး နှုန်းတွက်ရာ၌ ပထမနည်းက ပို၍ လက်တွေ့ကျပါသည်။ ထို့ကြောင့် ဤနည်းသစ် မြန်မာသဒ္ဒါ ရှေ့ပိုင်းကို ပထမနည်းအတိုင်း လိုက်နာ ဖော်ပြထားပါသည်။

ရှေ့ပိုင်းများ စီစဉ်ပုံ။

၅၇၂။ စာအုပ်ရှေ့ပိုင်းပါ အကြောင်းအရာတို့ကို အောက်ပါအတိုင်း စာမျက်နှာဖွဲ့ စီစဉ်ထားကြပါသည်။

မျက်နှာ (က) ထက်ဝက်အတွင်းဖုံး (Half title) (စာအုပ်အမည် တကြောင်းတည်း)

〃 (ခ) ပလာ၊ သို့မဟုတ် စာရေးသူ၏ အခြား စာအုပ်များ စာရင်း။

〃 (ဂ) အတွင်းဖုံး (Title page) (စာအုပ်အမည်၊ စာရေးသူ၊ ပုံနှိပ်ထုတ်ဝေတိုက် အမည်နှင့် တည်နေရာမြို့။

〃 (ဃ) မူပိုင်၊ ထုတ်ဝေခုနှစ်၊ လ၊ အုပ်ရေ၊ အကြိမ်၊ တန်ဘိုး၊ စာမူကင်းလွတ်ခွင့်အမှတ်၊ ပုံနှိပ်သူ၊ ထုတ်ဝေသူမှတ်ပုံတင်နှင့်လိပ်စာ (Copyright and printer's imprint)။

〃 (င) ရည်စူးလွှာ (Dedication)။

〃 (စ) ပလာ။

〃 (ဆ) မာတိကာ (Contents)။

။ (ဇ) မာတိကာအဆက် သို့မဟုတ် ပလာ။

။ (ဈ) ရုပ်ပုံစာရင်း (List of illustrations)။

။ (ည) ပလာ။

။ (ဋ) မြေပုံဇယားစာရင်း (List of maps or tables)။

။ (ဌ) ပလာ။

။ (ဍ) စာတည်းနှင့် အခြားသူ များ၏ မိတ်ဆက် အမှာစာ (Foreword)။

။ (ဎ) အဆက်၊ သို့မဟုတ် ပလာ။

။ (ဏ) စာရေးသူ စကားချီး (Preface)။

။ (တ) အဆက်၊ သို့မဟုတ် ပလာ။

။ (ထ) ကျေးဇူးတင်လွှာ (Aknowledgment)။

။ (ဒ) ပလာ။

။ (ဓ) စာရေးသူနိဒါန်း (Introduction)

။ (န) အဆက်၊ သို့မဟုတ် ပလာ။

မှတ်ချက်။ ။ချီကာဂို တက္ကသိုလ်ပုံနှိပ်တိုက်ဟန်အတိုင်း ပြလိုက်ပါသည်။ အချို့ ပုံနှိပ်ဟန်တွင် စာရေးသူ စကားချီး အပြီးတွင် ကျေးဇူးတင်လွှာ၊ မာတိကာ၊ ရုပ်ပုံ၊ ဇယား၊ စာရင်းများကို ထား၍ စဉ်ပါသည်။

(၂) စာကိုယ်

၅၈၃။ အထက်တွင် ပြခဲ့သည့်အတိုင်း အပိုင်းနံပါတ်၊ အပိုင်းအမည်၊ အခန်းနံပါတ်၊ အခန်းအမည်များ ခွဲခြား ရေးသားရသည်။

(၃) နောက်ပိုင်း

၅၈၄။ စာအုပ်၏ နောက်ပိုင်းတွင်—

(က) နောက်ဆက်တွဲ (Appendix) (ရှိလျှင်)

(ခ) မှတ်စု (Notes) (ရှိလျှင်)

(ဂ) ခက်ဆစ်ဝေါဟာရ (Glossary) (ရှိလျှင်)

(ဃ) ကျမ်းကိုးစာရင်း (Bibliography)

(င) အက္ခရာစဉ်အညွှန်း (Index) များကို အစဉ်အတိုင်း ဖော်ပြလေ့ရှိသည်။

ဂျက်ကက် အဖုံးနှင့် ရေခံ

၅၈၅။ အထက်ပါ သုံးပိုင်းတွင် မပါသော စာအုပ်အစိတ် အပိုင်းများမှာ—

(၁) အဖုံး (Cover)

(၂) ဂျက်ကက် (Jacket)

(၃) ရေခံစက္ကူ (End:paper)တို့ ဖြစ်သည်။

တမျက်နှာသာ ရေးပါ

၅၈၆။ စာရေးသူသည် မူလစာကြမ်းကို ရေးလိုသည့် စက္ကူအရွယ်အစားပေါ်တွင် မျက်နှာတဖက်၊ သို့မဟုတ် နှစ်မျက်နှာလုံးတွင်ကြိုက်သလို ရေးသားနိုင်သည်။ သို့ရာတွင် ထုတ်ဝေသူ၊ ပုံနှိပ်သူထံသို့ ပို့သော စာမူချောကူမူ ဖူးစကက် အရွယ် (၁၃$\frac{၁}{၂}$"×၈$\frac{၁}{၂}$")စက္ကူတွင် တမျက်နှာ၌သာ မှင်ဖြင့် ရေးရမည်။လက်နှိပ်စက်ဖြင့် ရိုက်ရမည်။ ကော်ပီစာအုပ်ဖြင့် ရေးလိုလျှင် ရေးနိုင်သည်။ တမျက်နှာတွင်သာ ရေးရမည်။

မျက်နှာနံပါတ်တပ်ပါ

၅၈၇။ စာမူအစအဆုံး မျက်နှာနံပါတ် တပ်ပေးရမည်။ ရှေ့ပိုင်းကို က-ခ စသည်ဖြင့် အက္ခရာစဉ်ဘပ်၍ စာကိုယ်နှင့် နောက်ပိုင်းကို နံပါတ်စဉ် တပ်ပေးရမည်။ နံပါတ်ကို စာရွက် ထိပ် အလယ်၊သို့မဟုတ် မျက်နှာဒေါင့်စွန်းတွင် တပ်ရသည်။ စာမျက်နှာတပ်ပြီးမှ နောက်ထပ်စာမျက်နှာဖြည့်လျှင် နံပါတ် နောက်၌ က-ခ ထိုး၍ ဖြည့်ရမည် ဥပမာ ၄၄-နောက်မှ ထည့် လျှင် ၄၄-က၊၄၄-ခဟု တပ်ရမည်။ ၄၄ အောက်ဆုံး လက်ျာ ဒေါင့်တွင် ၄၄ (က)သို့ဟု ညွှန်းရမည်။ ဖြည့်သောစာသည် ငါးကြောင်း ဆယ်ကြောင်းခန့် ဖြစ်စေကာမူ အရွယ်တူ စာရွက်တွင် ရေး၍ ဖြည့်ရမည်။ စာရွက်တိုလေးတွင် ရေး၍ မထည့်ရ။ စာမျက်နှာတပ်ပြီးမှ ထုတ်ပစ်လိုလျှင် စာမျက်နှာ ဆက်ကို ညွှန်းပြရသည်။ ဥပမာ ၄၅,၄၆- ကို ထုတ်ပစ်လျှင် စာမျက်နှာ-၄၄ အောက်ခြေ လက်ျာဒေါင့်တွင် **စာမျက်နှာ ၄၇**-သို့ ဟု ညွှန်းရမည်။

အထက်ပါ စာအုပ်အစိတ်အပိုင်းသုံးခု ပါရှိ၍ အရွယ်တူ စာရွက်တွင် တမျက်နှာ၌သာ ရိုက်ကာ မျက်နှာနံပါတ်တပ်ပြီး ပါက ပြည့်စုံသော စာမူစီစဉ်ခြင်းကိစ္စ ပြီးဆုံးပါတော့ သတည်း။

ပါဒ-၂
ခေါင်းစဉ်

ခေါင်းစဉ်အဓိပ္ပါယ်

၅၈၈။ စာတပုဒ်ကို ရေးသားပုံနှိပ်ရာ၌ ဆိုလိုရင်းကို လွယ်ကူစွာသဘောပေါက်စေရန် စာပိုဒ်၊ အခန်း၊ အပိုင်းများ အဆင့်ဆင့်ခွဲရေးသည်။ အဓိပ္ပါယ်တရပ်ကို ဖော်ပြသော ဝါကျ တစုကို စာပိုဒ်၊ စာပိုဒ်တစုကိုအခန်း၊ အခန်းတစုကို အပိုင်းတခု ဖွဲ့ထားခြင်းဖြစ်ရာ ထိုစာပိုဒ်၊ အခန်း၊ အပိုင်းတခုလုံးသည်မည် သည့် အကြောင်းအရာကို ဖော်ပြသည်ဟု သိနိုင်ရန်အတွက် ထိုစာပိုဒ်၊ အခန်း၊ အပိုင်း၏ အထက်၊ သို့မဟုတ်ထိပ်တွင် စာ၏ အကြောင်းကိစ္စကို အတိုချုံး၍ စုစည်း ဖော်ပြခြင်းသည် ခေါင်းစဉ် ဖြစ်၏။ ခေါင်းစဉ်သည် တိုနိုင်သမျှ တိုရမည် ဖြစ်သော်လည်း ထိုစာပိုဒ်၊ အခန်း၊ အပိုင်းတခုလုံး၏ အဓိပ္ပါယ် အားလုံးအကျုံးဝင်စေရမည်။ လွှမ်းခြုံမိစေရမည်။ ခေါင်းစဉ်များ၏အဆုံးတွင် ပုတ်ဖြတ်, ပုဒ်မ မရှိရ။

ခေါင်းစဉ်အမျိုးမျိုး

၅၈၉။ ခေါင်းစဉ်များကို–

(က) ခေါင်းစဉ်ကြီး၊
(ခ) ခေါင်းစဉ်၊
(ဂ) အစုခေါင်းစဉ်၊

(ဃ) စာပိုဒ်ခေါင်းစဉ်၊
(င) ထိပ်ခေါင်းစဉ်—

ဟု ငါးမျိုးခွဲသားသည်။

ခေါင်းစဉ်ကြီး

၅၉၀။ စာတပုဒ်လုံး၊ စာတအုပ်လုံးနှင့်ဆိုင်သော ခေါင်းစဉ်ကိုခေါင်းစဉ်ကြီးဟုခေါ်၏။ ခေါင်းစဉ်ကြီးသည် စာတပုဒ်၊ ဝတ္ထုကျမ်းစာတအုပ်တွင်တခုသာပါရ၏။ ရုံးစာနှင့်ဆောင်းပါး တို့တွင်ထိုစာဆောင်းပါး တခုလုံးနှင့်ဆိုင်၍ အဓိပ္ပါယ်အားလုံး ကိုခြုံမိသော ခေါင်းစဉ်ကြီးကို ထိုစာ၊ ဆောင်းပါး၏ထိပ်ဆုံးတွင် တပ်ရ၏။ စာသား၏အလယ်ဗဟိုတွင် တပ်ရ၏။ ဌာနဆိုင်ရာ၊ ရုံးစာများတွင် အကြောင်းအရာဟူသော စကားဖြင့် ဖော်ပြ သော စာကြောင်းသည် ခေါင်းစဉ်ကြီးဖြစ်၏။ ထို့ကြောင့် ထိုစာကြောင်းများကို ရေးသောအခါ၊ လက်နှိပ်စက် ရိုက် သောအခါ အောက်မှမျဉ်းသားပေးရ၏။ ခေါင်းစဉ်ဖြစ်သော ကြောင့် အဆုံးတွင် ပုဒ်မ မချရ။

ခေါင်းစဉ်

၅၉၁။ စာသား၏ အလယ်ဗဟိုတွင် တပ်ရသော စာခေါင်းစည်းကို ခေါင်းစဉ်ဟုခေါ်၏။ ရုံးစာတွင် ဤခေါင်း စဉ်ကိုအသုံးနည်း၏။ စာအုပ်များ၌ အခန်းခေါင်းစဉ်၊ အပိုင်း ခေါင်းစဉ်များကို ခေါင်းစဉ်ဟု ခေါ်ဆိုနိုင်၏။ ထိုအခန်း၊ အပိုင်း၊ ခေါင်းစဉ် ပုံနှိပ်နည်းကို အပိုဒ်(၅၇၆),(၅၇၇)တို့တွင် ပြခဲ့ပြီးဖြစ်သည်။

ဤခေါင်းစဉ်ကို အစုခေါင်းစဉ်အနေနှင့်လည်း သုံး၏။ ထိုသို့သုံးသောအခါ ခေါင်းစဉ်ပါ အမည်တမျိုး ပေးနေမည့်အစား အစုခေါင်းစဉ်ကို စာသားအလယ်၌ထား၍ သုံးခြင်းဟု ပြောက ပို၍ ရှင်းပေမည်။ ဤခေါင်းစဉ်ကို Centered head အလယ်ခေါင်းစဉ်ဟု ခေါ်ကြ၏။

အစုခေါင်းစဉ်

၅၉၂။ စာပိုဒ် နှစ်ခု၊ သုံးခုအတွက် စာပိုဒ်၏ အထက်လက်ဝဲဘက် ကွက်လပ် (မာဂျင်)ကို ထိလျက် တပ်ရသော စာခေါင်းစည်းကို အစုခေါင်းစဉ်ဟု ခေါ်၏။ စာပိုဒ်စု၏ ခေါင်းစဉ်ဟု ဆိုလို၏။ ဤအစုခေါင်းစဉ်ကို စာသား လက်ဝဲဘက်ဘေး အစွန်တွင် ကပ်၍ ရေးရ၊ ပုံနှိပ်ရသောကြောင့် ဘေးခေါင်းစဉ် (Side head)ဟုလည်း ခေါ်ကြ၏။ အစုခေါင်းစဉ်ကို ပုံနှိပ်ရာ၌ အရွယ်တူ စာလုံးမဲဖြင့် ပုံနှိပ်ရ၏။ စာသား ၁၆-ပွိုင့်ဖြစ်လျှင် အစုခေါင်းစဉ်ကို ၁၆-ပွိုင့် အမဲ ဖြစ်စေရ၏။

စာပိုဒ်ခေါင်းစဉ်

၅၉၃။ စာပိုဒ်တပိုဒ်တည်းနှင့်သာ ဆိုင်သဖြင့် ထိုစာပိုဒ်အထဲသို့ထည့်ကာ ထိုစာပိုဒ်၏ရှေ့ဆုံးမှ တပ်ရသော စာခေါင်းစည်းကို စာပိုဒ်ခေါင်းစဉ်ဟု ခေါ်၏။ စာပိုဒ်ခေါင်းစဉ်၏နောက်တွင် နှစ်ချောင်းပိုဒ်=ပုဒ်မ ခံပြီးမှ စာပိုဒ် စာသားကို ဆက်ရေးရ၏။ ရေးလျှင်၊လက်နှိပ်စက်ရိုက်လျှင် စာပိုဒ်ခေါင်းစဉ်အောက်မှ မျဉ်းသား၍ ရေးရ၊ ရိုက်ရ၏။ အရွယ်တူစာလုံးမဲဖြင့် ပုံနှိပ်ရ၏။

ရှုံးစာရေးနည်း သင်ကြားရာတွင် **စာပိုဒ်ခွဲ** ခေါင်းစဉ်၊ **စာပိုဒ်ခွဲငယ်ခေါင်းစဉ်** ၊ **စာပိုဒ်ခွဲငယ်စိတ်ခေါင်းစဉ်** ဟု ခွဲပြ

ကြသော်လည်း ရေးသား၊ ပုံနှိပ်ပုံ တူ၍ စာပိုဒ်ခေါင်းစဉ်၌ အကျုံးဝင်နိုင်သောကြောင့် ထိုခေါင်းစဉ်သုံးမျိုးကို စာပိုဒ်ခေါင်းစဉ်၌သွင်း၍ ဖော်ပြပါသည်။

ကျမ်းစာများပုံနှိပ်ရာ၌ စာပိုဒ်ခေါင်းစဉ်ကို သုံးလေ့မရှိဘဲ ၎င်းအစား အစုခေါင်းစဉ်ခေါ် ဘေးခေါင်းစဉ်ကိုပင် သုံးကြလေသည်။

ထိပ်စည်းခေါင်းစဉ်

၅၉၄။ စာအုပ် စာမျက်နှာ၏ အပေါ်ဆုံးမှ လက်ဝဲမျက်နှာတွင် စာအုပ်အမည်၊ လကျာမျက်နှာတွင် အခန်းအမည်များကို ဖော်ပြပုံနှိပ်ကြ၏။ ၎င်းကိုထိပ်စည်းခေါင်စဉ်Running head ဟုခေါ်သည် အခန်းဖွင့်၊ အပိုင်းဖွင့် မျက်နှာများတွင် ထိပ်စည်းခေါင်း မရှိစေရ။

PDF CREATOR - NYEYADHAMMA@GMAIL.COM

အပိုင်း-၄

ယတိဗေဒ = ရေးသားပုံနှိပ်ဟန်

အဓိပ္ပါယ် ဖွင့်ဆိုချက်

၅၉၅။ မြန်မာစာပေ ရေးသားရာ၌ ပုဒ်များ၊ ပုဒ်စုများ၊ ဝါကျများ အနေအထား ရှင်းလင်းစေရန်၊ အဓိပ္ပါယ်ကောက်ယူမှု လွယ်ကူစေရန် အပိုဒ်များကို သုံးကြရသည်။ ဤအပိုဒ်များမှာ ဘာသာစကား ပြောကြားမှုနှင့် မဆိုင်၊ ရေးသားခြင်း၊ ပုံနှိပ်ခြင်းနှင့်သာ ဆိုင်သောကြောင့် အပိုဒ်များ ရေးထုံးကို ပြသောအပိုင်းကို ယတိဗေဒ= ရေးသားပုံနှိပ်ဟန် အပိုင်းဟု ခေါ်ဆိုရပေသည်။

မြန်မာ့ရှေးရိုး အပိုဒ် ၃-မျိုး

၅၉၆။ ယနေ့ မြန်မာစာပေ အရေးအသားနှင့် ပုံနှိပ်စာအုပ်များတွင် အင်္ဂလိပ်ဘာသာမှ ပုဒ်ဖြတ်လက္ခဏာ အမှတ်အသားများကို ယူ၍ သုံးထားသည်များကို တွေ့ရသော်လည်း ကုန်းဘောင်ခေတ်နှောင်း ပုံနှိပ်စက်များ မြန်မာနိုင်ငံသို့ မရောက်လာမီက မြန်မာစာပေ အရေးအသားတွင် ပုဒ်၊ ဝါကျတို့ကို ပိုင်းခြားရန် တချောင်းပိုဒ်=ပုဒ်သေး၊ နှစ်ချောင်းပိုဒ်=ပုဒ်မနှင့် နှစ်ချောင်းပိုဒ် နှစ်ခု=ပိုဒ်မ ၃-မျိုးကိုသာ သုံးခဲ့ကြောင်း လေ့လာ တွေ့ရှိရပေသည်။

PDF CREATOR - NYEYADHAMMA@GMAIL.COM

၅၉၇။ မြန်မာဘာသာတွင် ပုဒ်သေး၊ ပုဒ်ကြီး၊ ပိုဒ်မ ဟု အပိုဒ် ၃-မျိုးသာ ရှိသော်လည်း မည်သည့်နေရာမျိုးတွင် ပုဒ်သေး=တချောင်းပုဒ်ကိုသုံး၍ မည်သည့်နေရာတွင် ပုဒ်ကြီး=ပိုဒ်မတို့ကို သုံးရမည်ဟု တိတိကျကျ သေချာစွာ ပိုင်းခြားကန့်သတ်ထားသော ဥပဒေ အခိုင်အမာ မတွေ့ရချေ။ ထိုသို့ မတွေ့ရသည်မှာ မြန်မာပညာရှင်တို့က ပုဒ်သေး၊ ပုဒ်မ အသုံးသည် ဥပဒေ စည်းမျဉ်း ထုတ်လောက်အောင် ခက်ခဲ နက်နဲသော အကြောင်းအရာမဟုတ်။ စာ ရေးတတ် ဖတ်တတ်သူတိုင်း သိနိုင်သော အကြောင်းအရာဟု ယူဆကြသောကြောင့် ဖြစ်နိုင်ပေသည်။

၅၉၈။ လက်ရှိ ဝါရင့်၊ ဝါနု စာပြင်ဆရာကြီးများ၊ စာတည်းမှူးများနှင့် ဆွေးနွေးကြည့်သော အခါ "ကြိယာ အဆုံးသတ် ဝါကျကို ပုဒ်မခံပြီး ကြိယာ အဆုံးမသတ်ဘဲ ခဏမျှ ရပ်ဆိုင်းဖတ်စေလိုသော နေရာ၊ ခွဲခြားပြလိုသော နေရာတွင် တချောင်းပုဒ်ကို သုံးလိုက်တာပါဘဲ" ဟု ဖြေဆိုကြသည်။

၅၉၉။ ထိုဆရာကြီးများ၏ အဖြေမှာ နေ့စဉ် သတင်းစာ အရေးအသား၊ ကျောင်းသားများ စာစီစာကုံး ရေးသားရာတို့၌ အသုံးဝင်မည် ဖြစ်သော်လည်း၊ လေးလေးနက်နက် ရေးသား၊ ပုံနှိပ်ထားသော ကျမ်းစာများ၊ ရိုးစာမျာ းအတွက် ထိုယေဘုယျ ဥပဒေသဖြင့် မလုံလောက်သေးကြောင်း အောက်တွင် ဖော်ပြမည့် ရေးထုံးများက သက်သေခံလျက် ရှိပါသည်။ ဝါကျဆုံးလျက် နှစ်ချောင်းမပိုဒ်သော နေရာ

ရှိသကဲ့သို့ ဝါကျမဆုံးဘဲ နှစ်ချောင်းပိုဒ် ထားသည် များကို လည်း တွေ့ရပေသည်။ ထိုသို့ပိုဒ်ကြ သည်မှာ အပိုဒ်ရေးထုံး ကို နားမလည် သတိမထား၍ မှားရေးခြင်း မဟုတ်ဘဲ အကြောင်းအခိုင်အမာရှိ၍ အသုံးပြုကြခြင်းသာ ဖြစ်ပေ သည်။

ရှေးခေတ် မြန်မာအပိုဒ်ရေးထုံး

၆၀၀။ ခေတ်သုံး ပုံနှိပ်စာအုပ်များကို လေ့လာသော အခါ၌လည်း တကျောင်းတဂါထာ၊ တရွာတပုဒ်ဆန်းများ သာ ဖြစ်နေသည်ကို တွေ့ရပေသည်။ ပုဒ်မ ပုဒ်သေးဆိုင်ရာ ခိုင်မာသော ဥပဒေများကို မတွေ့ရသဖြင့် အစောဆုံး မြန်မစကားပြေများဖြစ်သည့် ပုဂံ၊ အင်းဝ၊ ပင်းယ ကျောက် စာ၊ မင်စာ အရေးအသားများကို လေ့လာပါသည်။ ကုန်းဘောင်ခေတ် ပေစာ၊ ပုံနှိပ်စာများကို လေ့လာပါသည်။ ထိုသို့ လေ့လာသောအခါ အောက်ပါ အချက်အလက်များ ကိုသာ တွေ့ရပါသည်။

(က) သက္ကရာဇ် ၄၄၄-ခုထိုး ပေါ်တော်မူ ကျောက်စာ၊ ၄၇၂-ခုထိုး သင်္ကြီ ငထိလတ်သင် ကျောက်စာ၊ ၅၉၃-ထိုး ထော်မင်းလတ် ကျောက်စာ တို့တွင် ဝါကျအဆုံးမှာပင် အပိုဒ်(ပုဒ်မ)ကို လုံးဝမသုံးဘဲ ကျောက်စာ တခုလုံးဆုံးမှ ပုဒ်မကြီးကို သုံးထား ပါသည်။

(ခ) ၄၄၃-ထိုး တောင်ခစည်သဘင် ကျောက်စာ တွင် ကြောင်းရေ ၁၄ ဝါကျအဆုံး၌ ပုဒ်မကြီးကို သုံး

သော်လည်း ကြောင်းရေ-၁၂ ဝါကျအဆုံးနှင့် ကြောင်းရေ-၁၈ ကျောက်စာအဆုံး၌ အပိုဒ်ကို လုံးဝ သုံးမထားပေ။

(ဂ) ၄၄၆-ခုထိုး ရာဇကုမာရ်ကျောက်စာမှ စ၍ အပိုဒ် ၄-ပါ ကျောက်စာ အချို့မှတပါး ပုဂံကျောက်စာ အားလုံးလိုလိုတွင် ယခုခေတ် တချောင်းပိုဒ် သုံးသော နေရာများတွင် နှစ်ချောင်းပိုဒ်=ပုဒ်မ ကြီးများကိုသာ သုံးသားသည်ကို တွေ့ရပါသည်။ တချောင်းပိုဒ်ကို မသုံးထားပါ။

(ဃ) ၅၅၄-ထိုး စောမွန်သင် ကျောက်စာ၊ ၅၆၉-ထိုး ခေမာဘုရား ကျောက်စာ၊ ၅၈၆- ထိုး တူ ရှင်းတောင် ကျောက်စာ နှင့် သခင် စချိဗိုလ် ကျောက်စာတို့တွင် တချောင်းပိုဒ်များ သုံးထား သော်လည်း တချောင်းပိုဒ်အနေဖြင့် သီးခြား ခွဲ၍ သုံးခြင်း မဟုတ်ဘဲ နှစ်ချောင်းပိုဒ်အစား သုံးထားသည့် အဓိပ္ပါယ်ကိုသာ တွေ့ရပေသည်။

(င) ပုဂံမင်စာများတွင် သက္ကရာဇ် ၈၅၄·၉၀၀·အကြား ရေးခဲ့သည်ဟု ခန့်မှန်းကြရသော မင်စာပုံ ၅(ခ) နှင့် ၁၁၃၀-တွင် ရေးထိုးခဲ့သော မင်စာပုံ ၅(က) တို့တွင် ပုဒ်သေးနှင့် ပုဒ်ကြီးကို အတူတူ အလဲအ လှယ်အနေဖြင့် သုံးခဲ့သည်ကို တွေ့ရ ပါသည်။

အပိုဒ်အစ အင်ဒိယ ဗြဟ္မီက

၅၆၁။ မြန်မာစာပေ ရေးသားရာတွင် တချောင်းပိုဒ်နှင့် နှစ်ချောင်းပိုဒ်ဆိုင်ရာ တိကျသေချာသော ရေးထုံးကို မတွေ့ရ

သဖြင့် မြန်မာစာပေအရေးအသား၏ မြစ်ဖျားခံရာ အင်ဒိယ ဗြဟ္မီ အရေးအသားကို Rajabali Pandey M,A, D. Litt ရေးသားသည် Indian Paleography ကျမ်းတွင် လေ့လာသောအခါ မူလဗြဟ္မီအရေးအသား၌လည်း ပုဒ်သေး၊ ပုဒ်ကြီး အသုံးမှာ တိကျသေချာမှု မရှိလှသည်ကို တွေ့ရပေသည်။

၆၀၂။ ရှေးခေတ် အင်ဒိယ စာရေးဆရာ၊ ကျမ်းပြုဆရာ တို့သည် မြန်မာတို့ကဲ့သို့ပင် စာပေအရေးအသားကိုသာ အလေးထား၍ ပုဒ်စု၊ ဝါကျကဏ္ဍ၊ ဝါကျတို့ကို ခွဲခြား ကန့်သတ် ဖြတ်တောက် ရေးသားမှုကို အလေးမထားခဲ့ကြချေ။ ဝါကျ တခု၏အဆုံးမှာပင် ပုဒ်မ=အပိုဒ်တို့ကို ပုံမှန် မသုံးခဲ့ကြချေ။ ထိုသို့ မသုံးခဲ့သည်မှာလည်း အင်ဒိယ ဘာသာစကားဆိုင်ရာ သဒ္ဒါတည်ဆောက်ပုံအရ ပုဒ်များခွဲခြင်း၊ ပုဒ်ဖြတ်ခြင်း ပြုစရာ မလိုလောက်အောင် တိကျပြတ်သားနေသောကြောင့် ဖြစ်သည် ဟု ဒေါက်တာပန်ဒေး က ဖော်ပြထားပေသည်။

၆၀၃။ အာသောက ကျောက်စာ၊ အန္ဒရာကျောက်စာ တို့တွင် ပုဒ်များကို ခွဲခြားရေးသားရန် အားထုတ်ခဲ့သည်ကို တွေ့ရပေသည်။ အထူးသဖြင့် ရှစ်လုံးတခါရွတ်ပြီး တခါရပ်ရသော ကဗျာ ဂါထာ တို့ကို ရေးသားရာ၌ ရွတ်ဆိုမှု ခဏ ရပ်နားရမည်ကို ပြရန်အတွက် ကွက်လပ် အနည်းငယ်ခဲ့၍ ရေးလာကြသည်ကို တွေ့ရပေသည်။ ခိုတန်နယ်မှ ရရှိသော ခရော့ရှ္ဌီအက္ခရာဖြင့် ရေးသားထားသည့် ဓမ္မပဒပေစာတွင် ဂါထာတပုဒ်ကို တကြောင်း ရေးသား၍ ရှစ်လုံးတပုဒ်ပါဒများ အဆုံးတွင် အပိုဒ်မသုံးဘဲ ကွက်လပ်ခဲ့၍ ရေးထားသည်ဟု ဒေါက်တာပန်ဒေးက ထောက်ပြထားပါသည်။

အပိုဒ်အစ တချောင်းက

၆၀၄။ ၅-ရာစု ဘီစီမှ ခရစ်သက္ကရာဇ် အစပိုင်းလောက် အထိ ရွတ်ဖတ်၊ ရေးသားရာ၌ ရပ်နားခြင်းကို ပြရန် တချောင်းပိုဒ်အဖြောင့်(၊)သို့မဟုတ် တချောင်းပိုဒ်အကွေး (,) ကို သုံးခဲ့ကြသည်။ ၁-ရာစု အေဒီမှ ၅-ရာစုအေဒီအတွင်း အပိုဒ်အမျိုးမျိုးကို တီထွင် သုံးခဲ့ ကြသော်လည်း ထိုအပိုဒ် ရေးထုံးများမှာ တွင်ကျယ်မလာခဲ့ပေ။ ပန်ဒေး၏ အင်ဒိယလိပိ ဗေဒကျမ်းတွင် ဗြဟ္မာအပိုဒ် ၁ဂ မျိုးအနက် တချောင်းပိုဒ်နှင့် နှစ်ချောင်းပိုဒ် နှစ်မျိုးသာလျှင် ဗြဟ္မီဘာသာ၌ ဆန်ကာတင် ကျန်ရစ်ခဲ့ပေသည်။ မြန်မာတို့သည်လည်း ထိုအပိုဒ်နှစ်မျိုးကို သာ ပိဋကစာပေမှတဆင့် အမွေဆက်ခံ ခဲ့ကြလေသည်။

နှစ်ချောင်းပိုဒ်အစ ၅-ရာစုအေဒီက

၆၀၅။ ဂါထာပါဒ ထက်ဝက်၏အဆုံး၌ တချောင်းပိုဒ်ကို သုံး၍ ဂါထာတပုဒ်၏အဆုံး၌ နှစ်ချောင်းပိုဒ်ကိုသုံးသော ပထမ ဆုံး ခွဲသားရေးထုံးကို ၄၇၃ ၄၇၄ အေဒီတွင် ရေးထိုးသည့် Mandsor Prasastiကျောက်စာ၌ စတင် တွေ့ရှိရလေသည်။

၆၀၆။ ဗြဟ္မီ အရေးအသားတွင် တချောင်းပုဒ်နှင့် နှစ် ချောင်းပုဒ်တို့၏ ရေးထုံးဥပဒေများကို အသောကကျောက် စာ၊ ဂုပတကျောက်စာ၊ ဂျွန်းနားကျောက်စာ၊ အမရဝတီ ကျောက်စာ၊ အင်ဒိယ ရှေးဟောင်းဂျာနယ် ပုံစံများအရ အောက်ပါအတိုင်း ခွဲပြသားပေသည်။

ဗြဟ္မီတချောင်းပိုဒ် ရေးထုံး

၆၀၇။ ကေဒဏ္ဍခေါ် တချောင်းပိုဒ် =ပုဒ်သေးကို—

(က) စကားလုံးများကို ခွဲခြားရန်၊

(ခ) ပုဒ်စုများကို ခွဲခြားရန်၊

(ဂ) စကားပြေနှင့် ကဗျာလင်္ကာကို ခွဲခြားရန်၊

(ဃ) ဝါကျကဏ္ဍ၏အဆုံး၊

(င) ဝါကျတခု၏အဆုံး၊

(စ) ဂါထာထက်ဝက်၏ အဆုံး၊

(ဆ) စာတပိုဒ်အဆုံး၊

(ဇ) စာဘ ုဒ်အဆုံး–

တို့၌ ထား၍ ရေးကြသည်။

ဗြဟ္မီနှစ်ချောင်းပိုဒ် ရေးထုံး

၆၀၈။ ဒွိဒဏ္ဍခေါ် နှစ်ချောင်းပိုဒ် =ပုဒ်မကို—

(က) ဂဏန်းများနောက်၊

(ခ) အလှူရှင်အမည်များနောက်၊

(ဂ) ဝါကျတခု၏အဆုံး၊

(ဃ) ဂါထာပါဒ၏ထက်ဝက်၊

(င) ဂါထာပါဒ၏အဆုံး၊

(စ) စာတပိုဒ်၏အဆုံး၊

(ဆ) စာတပုဒ်၏အဆုံး–

တို့တွင် သုံးရမည်ဟု ပြဆိုထားပေသည်။

ပုဒ်မ ပုဒ်သေး ရောထွေးထွေး

၆၀၉။ အထက်ပါတချောင်းပိုဒ်ရေးထုံးနှင့် နှစ်ချောင်းပိုဒ်ရေးထုံးတို့ကို နှိုင်းယှဉ်ကြည့်သောအခါ တချောင်းပိုဒ်ရေးထုံးမှ င–စ–ဆ–ဇ-နှင့် နှစ်ချောင်းပိုဒ်ရေးထုံးမှ ဂ–ဃ–စ–ဆ–တို့မှာ အတူတူဖြစ်နေသည်ကို တွေ့ရှိရပေသည်။

၆၁၀။ ပုဂံကျောက်စာများတွင် တချောင်းပိုဒ်နှင့် နှစ်ချောင်းပိုဒ်ရေးထုံးကို ရောရောထွေးထွေး ပြထားသည်ကို တွေ့ရသောအခါ မြန်မာစာအရေးအသား အနယ်မထိုင်သေးသောကြောင့် ဖြစ်သည်ဟု ထင်ခဲ့ရသော်လည်း သေချာစွာလေ့လာကြည့်သောအခါ ရှေးဟောင်း ဗြဟ္မီ အရေးအသားအတိုင်း အမွေဆက်ခံခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရလေသည်။

ဟင်ဒီနှင့် တိဗက်ဘာသာ အပိုဒ်နှစ်မျိုးသာ

၆၁၁။ မူလဗြဟ္မီအရေးအသားကို တိုက်ရိုက်အမွေဆက်ခံသော ဟင်ဒီဘာသာတွင်လည်း တချောင်းပိုဒ်နှင့် နှစ်ချောင်းပိုဒ် နှစ်မျိုးသာ ရှိပေသည်။ တချောင်းပိုဒ်ကို ခလီပါအိဟု ခေါ်၍ နှစ်ချောင်းပိုဒ်ကို ဒိုခလီပါအိဟု ခေါ်လေသည်။ တဖန် တချောင်းပိုဒ်ကို အစုဝိရာမ (ဝါကျတဝက်တွင် ခဏရပ်ခြင်း) ဟု ခေါ်၍ နှစ်ချောင်းပိုဒ်ကို ပုဏ္ဏဝိရာမ (ဝါကျပြည့်စုံ၍ အပြည့်ရပ်ခြင်း) ဟု ခေါ်လေသည်။ တိဗက်ဘာသာတွင်

တချောင်းပိုဒ်ကို Kyan-Sha, နှစ်ချောင်းပိုဒ်ကို Nyi-Sha ဟု ခေါ်လေသည်။

အင်္ဂလိပ်အပိုဒ်များ ဖော်ပြထား

၆၁၂။ ဤအခန်းတွင် မြန်မာ့အစဉ်အလာ ဖြစ်သော တချောင်းပိုဒ်၊ နှစ်ချောင်းပိုဒ်တို့အပြင် စာရေးဆရာ၊ ကျမ်းပြုဆရာ၊ စာပြင်၊ စာတည်းနှင့် ပုံနှိပ်သူတို့က ယူငင်သုံးစွဲထားသည့် အင်္ဂလိပ်ဘာသာမှ အမှတ်လက္ခဏာတို့ပါသော ရေးထုံးများကိုလည်း ဖော်ပြထားပါသည်။ အင်္ဂလိပ်ဘာသာ အမှတ်လက္ခဏာ ရေးထုံးများကို အင်္ဂလိပ်သဒ္ဒါကျမ်းများတွင် ဖော်ပြသည့်အတိုင်း မြန်မာပြန်ဆို၍ ပြခြင်း မဟုတ်ပါ။ မြန်မာစာရေး၊ စာပြင်၊ စာတည်း၊ ပုံနှိပ်သူတို့ ယူငင်သုံးစွဲသည့် ပုံစံများကိုလေ့လာပြီးမှ မြန်မာစာပေအနေအထား ရှင်းလင်းမှုအတွက်လည်း အထောက်အကူပြု၍ အများစု ညီညွတ်စွာ အသုံးပြုနေသော ရေးထုံးများလည်း ဖြစ်သည့် ပုံစံများကို ကြည့်ကာ သဒ္ဒါဥပဒေသများကို ထုတ်ပြထားပါသည်။ ထို့ကြောင့် အချို့ရေးထုံးများမှာ မူလအင်္ဂလိပ်သဒ္ဒါ ရေးထုံးများနှင့်မတူ ကွဲပြားခြားနားမှုများ ရှိနိုင်သည်ကို ကြိုတင်သတိပြု စေလိုပါသည်။

ပုံစံကြည့်၍ ဥပဒေထုတ်

၆၁၃။ မြန်မာ တချောင်းပိုဒ်၊ နှစ်ချောင်းပိုဒ် ရေးထုံးများကိုပြရာ၌လည်း မည်သည့်ဆရာပြုစုသည်၊ မည်သည့်ကျမ်းတွင် မည်သို့ဆိုထားသည်ဟု ကိုးကားပြစရာ မရှိပါ။ ပထမဆုံး သဒ္ဒါကျမ်းပြုဆရာတို့ လက်နာကျင့်သုံးခဲ့ကြသည့်အစဉ်အလာအတိုင်း စာတည်းမှူးတို့ တီထွင် ပုံနှိပ်ထားသော စာအုပ်ကြီးများမှ ပုံစံများကို စုဆောင်းကာ အများတူညီရာနှင့် မြန်မာစာ၏ အနေအထား ရှင်းလင်းမှုအတွက် အထောက်အကူ ပြုရာတို့ကိုသာ ဥပဒေသပြုလုပ်၍ ဖော်ပြလိုက်ပါသည်။ ဥပဒေသ စည်းမျဉ်းများမှာ ဤစာရေးသူ ပြုလုပ်တင်ပြချက်များ ဖြစ်သော်လည်း ပုံစံများမှာ ပုံနှိပ်ဌာနကြီးများမှ ရိုက်နှိပ်ထုတ်ဝေသော စာအုပ်များထဲမှ ပုံစံများဖြစ်ကြောင်း ကြိုတင် သိမှတ်ထားကြစေလိုပါသည်။

၆၁၄။ အချို့သော အပိုဒ်ရေးထုံးများကို အချို့သော ပုံနှိပ်ဌာနများမှ စာပြင်မှူး၊ စာတည်းမှူးတို့က တီထွင်အသုံးပြုထားစေကာမူ အများစု ညီညွတ်မှုကို မရသေးလျှင် မြန်မာစာပေအနေအထား ရှင်းလင်းမှုအတွက် အထောက်အကူမပြုဟု ယူဆပါက ဤအခန်း၌ ထည့်သွင်း ဖော်ပြမထားပါ။ ဤစာအုပ်တွင် မပြထားသော ရေးထုံးများကို အမှားဟု မဆိုလိုသကဲ့သို့ ဤစာအုပ်ပါ ဥပဒေသများအတိုင်း တသွေမတိမ်း လိုက်နာရေးသားကြရမည်ဟုလည်း မဆိုလိုကြောင်း သတိပြုကြစေလိုပါသည်။

၆၁၅။ အများစုညီညွတ်သော ရေးထုံးများကို စည်းကမ်းဘောင် ကန့်သတ်ခြင်းဖြင့် မြန်မာစာပေ ရေးသား၊ ပုံနှိပ်မှု အဆင့်မြင့်မားလာစေရန် စေတနာအရင်းခံဖြင့် ဤ ယတိဗေဒ=အပိုဒ်ရေးထုံးအခန်းကို ကြိုးစားရေးသားခြင်း ဖြစ်ပါသည်။ မြန်မာစာပေ ရေးသား၊ပုံနှိပ်မှု အဆင့်အတန်း

ကို မြှင့်တင်လိုသော အနာဂတ်ပညာရှင်တို့ မြေကိုညှိကာ ကတ္တရာလမ်း ခင်းနိုင်မှုအတွက် ဤစာရေးသူက သစ်တော၊ ဝါးတောကြီးများကို ခုတ်ရှင်းပေးလိုက်ခြင်းသာဖြစ်ပါသည်။

နှစ်ချောင်းပိုဒ် ပုဒ်မရေးထုံး

နှစ်ချောင်းပိုဒ်=ပုဒ်မ, အမျိုးမျိုးခေါ်ကြ

၆၁၆။ နှစ်ချောင်းပိုဒ်ရေးထုံးကို မပြမီ နှစ်ချောင်းပိုဒ်၏ အမည်အမျိုးမျိုးတို့ကို သိထားရန်လိုအပ်ပါသည်။ နှစ်ချောင်းပိုဒ်ကို ပုဒ်မ၊ ပုဒ်ကြီး၊ ပုဒ်မကြီး၊ နှစ်ချောင်းပုဒ်ဟု အမျိုးမျိုး ခေါ်ကြပါသည်။ ထိုအခေါ်များအနက် နှစ်ချောင်းပိုဒ်နှင့် ပုဒ်မဟူသော ဝေါဟာရမှာ အတွင်ကျယ်ဆုံး ဖြစ်ပါသည်။

ကြိယာဆုံးက ပုဒ်မကြီ သုံး

၆၁၇။ ဝါကျအဆုံးသတ် ကြိယာ၏နောက်တွင် ပုဒ်မကို သုံးရသည်။

ပုံစံ

(က) နိုင်ငံတော်သည် တောင်သူလယ်သမားများနှင့် အလုပ်သမားများကို အခြေခံသော လုပ်သားပြည်သူတို့၏ အကျိုးစီးပွါးကို ကာကွယ် စောင့်ရှောက်သည်။

(ခ) အမေ ဈေးက ပြန်လာသည်။

(ဂ) မလှ ထမင်းချက်ပြီးပြီလား။

(ဃ). မောင်တင် ကျောင်းမသွားချေ။

အပိုဒ်နံပါတ်နောက်မှာ ပုဒ်မကြီးလာ

၆၁၈။ စာအုပ်များတွင် စာပိုဒ်နံပါတ်များ နောက်၌ ပုဒ်မကို သုံးရသည့်။ (ဤစာအုပ်ပါ စာပိုဒ်နံပါတ်များ ကြည့်ပါ)

၆၁၉။ ဒွေးချိုး၊ လေးချိုး၊ တြိချိုး၊ တေးထပ်တို့၏ အခံပိုဒ်၊ အအုပ်ပိုဒ် အဆုံးတွင် ပုဒ်မ ချရသည်။ (ပုံစံများ ကဗျာစာအုပ်များတွင် ကြည့်ပါ။)

နောက်ဆုံးပိုဒ်ခွဲဆုံးက ပုဒ်မချ

၆၂၀။ ဥပဒေစာအုပ်များတွင် စာပိုဒ်တခုအတွင်း စာပိုဒ်ခွဲများကို—

(က) ....၊

(ခ) ....၊

(ဂ) ....။

စသည်ဖြင့် ဖော်ပြရာ၌ နောက်ဆုံးစာပိုဒ်ခွဲအဆုံးတွင် နှစ်ချောင်းပိုဒ်ကို သုံးကြ၏။ (အထက်စာပိုဒ်ခွဲများအဆုံးတွင် တချောင်းပိုဒ်သာ သုံးကြသည်)။ (အင်္ဂလိပ်ဘာသာဖြင့်

ရေးသော ဥပဒေများတွင် အထက်အပိုဒ်ခွဲ၌ ဆီမီးကိုလမ် (;)ကို သုံး၍ အဆုံးအပိုဒ်ခွဲ အဆုံးတွင်မှ "ဖူးလ်စတော့"ကို သုံးသည်။ အင်္ဂလိပ်ဥပဒေစာအုပ်များကို မြန်မာဘာသာပြန်ဆိုရာမှ ဤရေးထုံးပုံစံ ဖြစ်လာဟန်ရှိသည်။)

ပုံစံ

ဥပဒေသဘောတရား

၆၂၁။ ဥပဒေသဘောတရားကိုလေ့လာရာတွင် အောက်ပါ ဆက်စပ်သော အကြောင်းအရာများကို သိရှိရန် လိုအပ်ပေသည်—

ပုံစံ

(က) တရားဥပဒေ၏ ရည်ရွယ်ချက်များ၊
(ခ) တရားဥပဒေ၏ အဓိပ္ပါယ် ရှင်းလင်းချက်၊
(ဂ) တရားဥပဒေနှင့် စည်းကမ်း ဆက်စပ်ပုံ၊
(ဃ) တရားဥပဒေသည် အကျိုးခံစားခွင့်များကို ကာကွယ်သည်၊
(င) တရားဥပဒေ၏ပြောင်းလဲတတ်သောသဘော၊
(စ) တရားမဥပဒေ၊
(ဆ) ရာဇဝတ်ဥပဒေ၊
(ဇ) အထူးနှင့် အထွေထွေဥပဒေများ။

စာပိုဒ်ခွဲများအဆုံး ပုဒ်မကြီးသုံး

၆၂၂။ ဥပဒေမဟုတ်သော အခြားစာအုပ်များတွင် စာပိုဒ်ခွဲအားလုံး၏အဆုံးတွင် နှစ်ချောင်းပိုဒ်ကို သုံး၏။

ပုံစံ

(၁) ရုံးစာကို အောက်ပါအတိုင်း ၄-မျိုးခွဲ၍ ရေးနိုင်သည်—

(က) သာမန်ရုံးစာ။
(ခ) ကိုယ်ရေးစာ။
(ဂ) အမိန့်အရ ပေးစာ။
(ဃ) ညွှန်ကြားချက် ပေးစာ။

(၂) ဘေးခေါင်းစဉ်နှင့် ပတ်သက်၍ အောက်ပါအတိုင်း လိုက်နာကြသည်—

(က) စာပိုဒ်၏ အထက် လက်ဝဲဖက် ထိပ်တွင် ရှိရမည်။
(ခ) ရေးလျှင် အောက်တွင် မျဉ်းသားရမည်။
(ဂ) ပုံနှိပ်လျှင် ပို့င့်တူ စာလုံးမဲဖြင့် နှိပ်ရမည်။

စာရင်းနံပါတ်နောက်မှာ ပုဒ်မကြီးလာ

၆၂၃။ စာပိုဒ်အောက်တွင် ဇယားစောက်စာရင်းများကို နံပါတ်တပ်၍ ပြလျှင် နံပါတ်နောက်တွင် နှစ်ချောင်းပိုဒ်ကို သုံးကြသည်။ (စာရင်းနောက်၌ အပိုဒ် လုံးဝ မသုံးကြပေ)

ပုံစံ

လယ်တီဆရာတော်သည် အောက်ပါ ကျမ်းများကို ပြုစုတော်မူခဲ့သည် –

၁။ ကမ္မဋ္ဌာနဒီပနီ

၂။ ကမ္မဋ္ဌာန်းကျမ်းကြီး

၃။ ဥတ္တမပုရိသဒီပနီ

ဇယားအမှတ်စဉ်နောက် ပုဒ်မရောက်

၆၂၄။ အမှတ်စဉ် စာရင်းများကို ဇယားကွက်အတွင်း မပြလျှင် နှစ်ချောင်းပိုဒ်ဖြင့် ရေးကြသည်။

ပုံစံ

စဉ်	အမည်	ရာထူး
၁။	မောင်ဇော်ဝင်း	စာရေး
၂။	မောင်စိုးနိုင်	ရုံးလုလင်
၃။	မောင်တင်ဝင်း	စာရေး

လှည့်ကင်းအဖွဲ့ (၄)

၁။ ဦးတင်အောင်၊
၂။ ဦးကိုကိုလှ၊
၃။ ဦးစောမောင်၊
၄။ ဦးမြင့်ဦး။

မှတ်ချက်။ အမှတ်စဉ်ကို ဇယားတိုင်ဖြင့်ပြသောအခါ အမှတ်စဉ် ဂဏန်း၌ နှစ်ချောင်းပုဒ်ရှိရန် မလိုပါ။

ပုံစံ

စဉ်	အမည်	ရာထူး
၁	မောင်လှ	စာရေး
၂	ဦးမောင်ခင်	ရုံးအုပ်
၃	ဦးထွေး	ရုံးလုလင်

ခေါင်းစဉ်အောက် ကြိယာဆုံးမှ ပုဒ်မချ

၆၂၅။ သရုပ်ပြခေါင်းစဉ်၊ ပန်းချီပုံများအောက်တွင် ထိုပုံ၏ အကြောင်းဖော်ပြသော စာတန်းသည် ကြိယာအဆုံးသတ် ဝါကျဖြစ်လျှင် နှစ်ချောင်းပိုဒ်ဖြင့် ရေး၍ ဝါကျမဟုတ်လျှင် အပိုဒ် လုံးဝမသုံးကြချေ။

ပုံစံကို မြန်မာ့စွယ်စုံကျမ်းများတွင် ကြည့်ပါ။

မှတ်ချက်။ (က) ယနေ့ သတင်းစာများပါ ခေါင်းစဉ်များ အကြောင်း ဖော်ပြချက်များကို 'နေစဉ်' ဖြင့် အဆုံးသတ်၍ နှစ်ချောင်း ပိုဒ်ကြ၏။ အများညီနေသောရေးထုံးဖြစ်၍ လိုက်နာအပ်ပါသည်။

ပုံစံကို စွယ်စုံကျမ်းနှင့် သတင်းစာများတွင် ကြည့်ပါ။

မှတ်ချက်။ (ခ) စာရင်း၊ သို့မဟုတ် သရုပ်အရေအတွက်ကို အထက်အောက် စဉ်၍ စာပိုဒ်ခွဲ အနေ မရေးဘဲ စာကြောင်းတဆက်တည်း ရေးလျှင် အမှတ်စဉ်ကို လက်သဲကွင်းအတွင်း ထား၍ ရေးကြသည်။

ပုံစံကို လက်သဲကွင်းရေးထုံးတွင် ကြည့်ပါ။

ဆက်ရေးစာပိုဒ်ခွဲအဆုံး ပုဒ်မသုံး

၆၂၆။ စာပိုဒ်ခွဲများကို အထက်အောက်စဉ်၍ မရေးဘဲ တဆက်တည်းရေးရာ၌ အပိုဒ်ခွဲသည် ကြိယာအဆုံးသတ် ဝါကျဖြစ်လျှင် စာပိုဒ်ခွဲများအဆုံး၌ နှစ်ချောင်းပိုဒ်ကြသည်။

ပုံစံ

စိတ်ပညာရှင် ဂျူးဝိက ဆင်ခြင်ခြင်းကို အဆင့် ၅-ဆင့် ရှိသည်ဟု ဖော်ပြထားသည်။ (၁) အခက်အခဲပြဿနာသည် ဆင်ခြင်ခြင်းကို အစပြု၍ နှိုးဆော်ပေးသည်။ (၂) ....။ (၃) ....။ (၄) ....။ (၅) နောက်ဆုံး အမှား အမှန်စိစစ်ခြင်း အားဖြင့် ဆင်ခြင်ခြင်းသည် ပြီးမြောက်သည်။

"ငှင်း"အစား တုံးကြားပုဒ်မ

၆၂၇။ အထက်အောက် စဉ်၍ ဇယားကွက်ချ ရေးသား၊ ပုံနှိပ်ရာ၌ အထက်ပါအတိုင်းဟု ညွှန်းလိုသောအခါ "ငှင်း" အစား နှစ်ချောင်းပိုဒ်သက်သက်ကိုငှင်း၊ မျဉ်းတို (တုံး) နှစ်ခုအကြား၌ နှစ်ချောင်းပိုဒ်ကို ထား၍ငှင်း ရေးသား၊ ပုံနှိပ်ကြသည်။ ဦး ဒေါ်-အရှင်-စသည့် နာမည် ရှေ့ဆက်ပစ္စည်းများ တူကြောင်းပြရန်လည်း ပုဒ်မကိုပင် သုံးကြသည်။

ပုံစံ

အမှတ်စဉ်	အမည်	ရာထူး
၁	ဦးအောင်သန်း	လ/ထ စာကြည့်တိုက်မှူး
၂	။ မောင်မောင်ကြီး	။
၃	။ တင်အောင်	လ/ထ ပြတိုက်မှူး
၄	။ အောင်သန်း	– ။ –

ထိပ်ခေါင်းစီးနောက် ပိုဒ်မရောက်

၆၂၈။ စာပိုဒ် ထိပ်ခေါင်းစီးနောက်တွင် ပိုဒ်မခြား၍ ရေးသားပုံနှိပ်ကြသည်။ (နှစ်ချောင်းပိုဒ် နောက်တွင် လက်မ ဝက်ခန့် ခြားလျက် ထပ်ဆင့် နှစ်ချောင်းပိုဒ် ထားခြင်းကို ပိုဒ်မဟု ခေါ်သည်။)

ကြံမှုထုတ်သောသကြား။ ။ ကြံကို ဦးစွာ ဆေးကြော၍ အပိုင်းပိုင်း ခုတ်ဖြတ်ပြီးနောက် ဒလိမ့်တုံးကြိတ်စက်ထဲ ထည့်၍ အရည်ညှစ်ယူရသည်။

မုံလာဥနီမှ ထုတ်သော သကြား။ ။မုံလာဥနီမှ သကြားထုတ်ရသည်ကို ၁၉၄၇-ခုနှစ်တွင် ဂျာမန် သိပ္ပံပညာရှင် အန်-ဒရိယာမတ်ဂရပ်က စတင်တွေ့ရှိသည်။

မှတ်ချက်။ ။ ခေတ်မှီ စာရေးနည်းအရ နှစ်ချောင်းပိုဒ် တခါတည်း သုံးရန် ညွှန်ကြသည်။ သဒ္ဒါနည်းကျ၍ သဘာဝယုတ္တိရှိပါသည်။ ကျောက်စာ၊ ပေစာ ခေတ်မှစ၍ အစဉ်အလာဖြစ်သော နှစ်ချောင်းပိုဒ် နှစ်ခါထပ် (ပိုဒ်မ)ကိုလည်း သုံးနေကြဆဲ ဖြစ်ပါသည်။

မှတ်ညွှန်းကြောင်းရာ ပုဒ်မလာ

၆၂၉။ ရုံးစာရေးသားရာ၌ အကြောင်းအရာ၊ ရည်ညွှန်းချက်၊ မှတ်ချက်၊ ခြွင်းချက် ဟူသော စကားလုံးများနောက်တွင် နှစ်ချောင်းပိုဒ်ကို ထား၍ ရေးကြသည်။

ပုံစံ

မှတ်ချက်။ ။စက္ကူနှင့် မင်များကို ယနေ့ ကုန်သွယ်ရေး ပေါက်ဈေးဖြင့် တွက်ထားပါသည်။

အကြောင်းအရာ။ ။စာအုပ်များ ရောင်းဈေး သတ်မှတ်တင်ပြခြင်း။

ရည်ညွှန်းချက်။ ။လူကြီးမင်း၏ ၁-၁၀-၆၅-နေ့စွဲပါ စာအမှတ် လသ/၁/ဝသ-၄။

အမှာ။ ။အထက်ပါ မှတ်ချက်၊ အကြောင်းအရာ၊ ရည်ညွှန်းချက်တို့ နောက်တွင် ပုဒ်မကြီး နှစ်ခုကို လက်မ ဝက်ခန့် ခြား၍ ရုံးစာများတွင် သုံးနေကြဆဲ ဖြစ်ပါသည်။ ၎င်း ပုဒ်မနှစ်ခုဆက်ကို ပိုဒ်မဟု ခေါ်သည်။ ပုဒ်မတခု သုံးနည်းမှာ ခေတ်မှီ၍ အသုံးများသော ရုံးစာရေးနည်း ဖြစ်သော်လည်း ရှေးဟောင်း မြန်မာ ကျောက်စာ၊ ပေစာ ရေးနည်းမှ ကူးပြောင်းလာသော ပုဒ်မကြီး နှစ် ခါ (ပိုဒ်မ)စနစ်ကိုလည်း ရုံးဌာနကြီးများက အသုံးပြုနေကြဆဲ ဖြစ်ပါသည်။

ဂါထာအဆုံး ပုဒ်မသုံး

၆၃၀။ ပါဠိဘာသာ ဂါထာများတွင် ဒုတိယပိုဒ်အဆုံးနှင့် စတုတ္ထပိုဒ်အဆုံးတွင် နှစ်ချောင်းပိုဒ်ကို သုံးကြသည်။

ပုံစံ ယံ မင်္ဂလံ ဒွါဒသဟိ၊ စိန္တယိံသု သဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတိံသဉ္စ မင်္ဂလံ။

အနက်ပြီးက ပုဒ်မချ

၆၃၁။ ပိဋကတ်တော် ပါဠိစာပေကို တလုံးချင်း နိဿယ အနက်ပြန်ဆိုရာ၌ ပါဠိစာလုံး၏ နောက်တွင် တချောင်းပိုဒ်၊ အနက်မြန်မာပြန်၏အဆုံးတွင် နှစ်ချောင်းပိုဒ်ကို သုံးသည်။

ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။
ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

ရှေးအခါက ပုဒ်မနှစ်ခုချ

၆၃၂။ ရှေးခေတ်မြန်မာစာပေတွင် ရတု ကဗျာတပုဒ်၊ ဒွေးချိုး, လေးချိုး, တေးထပ် တပုဒ် ဆုံးသောအခါနှင့် ပါဠိဂါထာတပုဒ် ဆုံးသောအခါ နှစ်ချောင်းပိုဒ်နှစ်ခုကို လက်မဝက်ခန့်ခြား၍ ရေးကြသော်လည်း ယခုခေတ် မရေးကြတော့ချေ။ နှစ်ချောင်းပိုဒ်တခုသာ သုံးကြတော့၏။ (ပုဒ်မနှစ်ခုကို ပိုဒ်ကြီး၊ သို့မဟုတ် ပိုဒ်မဟု ခေါ်၏။) မြန်မာသဒ္ဒါပိုဒ်မ(။ ။)နေရာတွင် တိဗက်သဒ္ဒါက Zhyi-Sha ခေါ် လေးချောင်းပိုဒ် (။။)ကို သုံးလေသည်။

ထို့ပြင်—

၁။ တဆက်တည်းရေးသောကဗျာများ၌ တပုဒ်နှင့် တပုဒ်အကြား၊

၂။ လေးလုံးစပ် လင်္ကာ၊ ရတု၊ မော်ကွန်း၊ သံပိုင်း၏ အချပိုဒ်ရှေ့—

များတွင်လည်း ပိုဒ်ကြီးခေါ် နှစ်ချောင်းပုဒ်နှစ်ခုကို ထည့်ကြလေသည်။

နှစ်ချောင်းပိုဒ် ရေးထုံးခြွင်းချက်

စာပိုဒ်ခွဲအဆက်မှာ ပုဒ်မ မလာ

၆၃၃။ စာပိုဒ်တခုတွင် စာပိုဒ်ခွဲ(က)(ခ)(ဂ)စသည်ကို ခွဲ၍ရေးလိုသောအခါ "**အောက်ပါအတိုင်း ၅-မျိုးရှိသည်— အောက်ပါ အစီအစဉ်တိုင်း ဖြစ်သည်**"-စသည်ဖြင့် ညွှန်းရာ၌ ကြိယာအဆုံးသတ်ဝါကျဖြစ်သော်လည်း စကားမဆုံးသေး၍ နှစ်ချောင်းပိုဒ်ကို မသုံးဘဲ ဒက်(ရှ်)ခေါ် မျဉ်းရှည် (တုံး)ကို သုံးကြသည်။ (အင်္ဂလိပ်ဘာသာက ကိုးလမ်းဒက်ရှ် (:–)ကို

သုံးသည်။ ကိုးလမ်း(:)မှာ ဝတ်ဆံနှစ်လုံးပေါက်နှင့် တူနေသောကြောင့် ဒက်ရှ်(တုံး) ကိုသာ မြန်မာတို့က ယူသုံးခြင်းဖြစ်သည်–

ပုံစံ

(က) ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ နိုင်ငံတော်၏ ထွက်ကုန်များမှာ အောက်ပါတို့ဖြစ်သည်—

(၁) ဆန်စပါး၊

(၂) ကျွန်းသစ်၊

(၃) ရေနံ၊

(၄) ကျောက်သံပတ္တမြား။

(ခ) ဝန်ကြီးအဖွဲ့သည် အောက်ပါလုပ်ငန်းများကို လိုအပ်သလို ညှိနှိုင်းရေးဆွဲ၍ နိုင်ငံတော်ကောင်စီမှတဆင့် ပြည်သူ့လွှတ်တော်သို့ တင်ပြရမည်—

(၁) နှစ်ရှည် နှစ်တိုနှင့် နှစ်စဉ် စီးပွါးရေး စီမံကိန်းများ။

(၂) နှစ်စဉ် ရ-သုံးခန့်မှန်းချေ ငွေစာရင်း။

(၃) နိုင်ငံတော်၏ အခြေအနေနှင့် ပတ်သက်သော နှစ်စဉ် အစီရင်ခံစာများ။

(၄) အခါအားလျော်စွာ လိုအပ်သော အစီရင်ခံစာများ။

(ဂ) နိုင်ငံတော်ကောင်စီသည် အောက်ပါလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်–

(၁) ပြည်သူ့လွှတ်တော် အစည်းအဝေးကို သဘာပတိအဖွဲ့နှင့် ညှိနှိုင်းခေါ်ယူခြင်း၊

(၂) ဤ ဖွဲ့စည်းပုံအခြေခံဥပဒေမှအပ အခြားဥပဒေများ၏ အနက်အဓိပ္ပါယ်ကို တညီတညွတ်တည်းဖြစ်စေရန် ဖွင့်ဆိုခြင်း၊

(၃) ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းသော ဥပဒေများကို ထုတ်ပြန်ခြင်း၊

(၄) ဤ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများ ထုတ်ပြန်ခြင်း၊

(၅) ဤ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများက အပ်နှင်းထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များကို တာဝန်ယူဆောင်ရွက်ခြင်း။

အပိုဒ်များအဆုံးမှာ ပုဒ်မအစား ပုဒ်သေးသာ

၆၃၄။ ဥပဒေစာအုပ် အပိုဒ်ခွဲ (က) (ခ) (ဂ) တို့တွင် ကြိယာ အဆုံးသတ်သော်လည်း နှစ်ချောင်း မပိုဒ်ကြ၊ တချောင်းသာ ပိုဒ်ကြသည်။

ပုံစံ

နိုင်ငံတော်ကောင်စီသည် အောက်ပါလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်—

(က) ပြည်သူ့လွှတ်တော် အစည်းအဝေးကို သဘာပတိအဖွဲ့နှင့် ညှိနှိုင်းခေါ်ယူခြင်း၊

(ခ) ဤ ဖွဲ့စည်းပုံအခြေခံဥပဒေမှအပ အခြားဥပဒေများ၏ အနက်အဓိပ္ပါယ်ကို တညီတညွတ်တည်းဖြစ်စေရန် ဖွင့်ဆိုခြင်း၊

(ဂ) ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းသော ဥပဒေများနှင့် နည်းဥပဒေများကို ထုတ်ပြန်ခြင်း၊

(ဃ) ဤ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများက အပ်နှင်းသော တာဝန်နှင့် လုပ်ပိုင်ခွင့်များကို တာဝန်ယူဆောင်ရွက်ခြင်း။

အလယ်နှင့် ဘေးခေါင်းစီးအဆုံး(ပုဒ်မ မသုံး)

၆၃၅။ သတင်းစာ၊ ကျမ်းစာတို့တွင် အလယ်ခေါင်းစီး၊ သီးခြား ဘေးခေါင်းစီးများသည် ကြိယာအဆုံးသတ်ဝါကျ ဖြစ်သော်လည်း နှစ်ချောင်းမပိုဒ်ရ။ (ဤခေါင်းစီးနှစ်မျိုး နောက်တွင် အပိုဒ် လုံးဝမသုံးရ)

ပုံစံ

တရုပ်အဆိုအကာ မြန်မာနိုင်ငံလာမည်

....

....

အားကစားပွဲ ၉၅-ဦး ပြိုင်မည်

....
....

မှတ်ချက်။ စာပိုဒ် ထိပ်ခေါင်းစီးနောက်တွင် နှစ်ချောင်းပိုဒ် ပြီးမှ စာပိုဒ်အစကို ဆက်ရေးရသည်။ (နှစ်ချောင်းပိုဒ် ရေးထုံးမှာ ကြည့်ပါ)

စာပိုဒ်ခွဲဆက်က ပုဒ်မ မလာရ

၆၃၆။ အပိုဒ်ခွဲများကို ရေးရာ၌ နောက်ဆုံး အပိုဒ်ခွဲ အဆုံးသည် စာပိုဒ်တခုလုံး၏ အဆုံးမဟုတ်ဘဲ စာပိုဒ်ကြီးတခု၏ အတွင်း၌ ပါဝင်နေသည့်သဘောဖြစ်လျှင် (စာပိုဒ်ကြီးကို ဆက်ရေးသွားလျှင်) နောက်ဆုံးစာပိုဒ်ခွဲအဆုံး၌ အပိုဒ်မထည့်ရ။) (ဆက်မသွားလျှင် ပုဒ်မ ခံရမည်။)

ပုံစံ (၁)

စာရွက်၊ စာတန်းများကို တွဲသည့်အခါ စာတွဲတွင် ထည့်သွင်းထားရှိရန် မလိုသော အရာများမှာ—

(၁) စာအုပ်များ၊

(၂) အထည်ပြုပြီး စာကြမ်းများ၊

(၃) စာအပို မိတ္တူများ

စသည်တို့ ဖြစ်ကြသည်။ စာအုပ်များကို စာတွဲတွင် မထားရှိဘဲ တနေရာ၌ သီးခြား လုံခြုံစွာ ထားရှိရန် လိုအပ်သည်။

ပုံစံ (၂)

ယေဘုယျအားဖြင့် စာရေးသားရာတွင် အင်္ဂါရပ်သုံးခုဖြင့် ပြည့်စုံရန် လိုအပ်သည်။ ၎င်းတို့မှာ—

(၁) အဖွင့်စာပိုဒ်၊

(၂) စာကိုယ်၊

(၃) နိဂုံး

ဟူ၍ ဖြစ်သည်။

တချောင်းပုဒ် ဝေါဟာရမူကွဲများ

၆၃၇။ တချောင်းပိုဒ်ရေးထုံးကို မပြမီ တချောင်းပိုဒ်၏ အခေါ် အဝေါ် အမျိုးမျိုးကို ကြိုတင် သိထားအပ်ပေသည်။

တချောင်းပိုဒ်ကို—

တချောင်းပိုဒ်၊

ပိုဒ်သေး၊

ပုဒ်ရပ်၊

ပုဒ်ဖြတ်၊

တချောင်းပုဒ်

ဟု အမျိုးမျိုး ခေါ်ဝေါ်ကြသည်။

ယခုခေတ် မြန်မာကဗျာတွင်—

၁။ သံပေါက်များ၏ အလယ်ပုဒ်များနောက်၊

၂။ လေးလုံးစပ်လင်္ကာများ လေးလုံးနောက်၊

၃။ လေးချိုး, ဒွေးချိုး, တြိချိုးများ၏ အလယ်ပိုဒ်များနောက်၊

၄။ တေးထပ်များ၏ အလယ်ပိုဒ်များ—

နောက်များ၌ တချောင်းပိုဒ်ကို သုံးသည်၊

ပုဒ်၊ ပုဒ်စုများ ပုဒ်သေးဖြင့်ခြား

၆၃၈။ နှစ်ခုမှအထက်ဖြစ်သော ပုဒ်၊ ပုဒ်စုတို့ကိုပိုင်းခြားရန် တချောင်းပိုဒ်ကို သုံးသည်၊ နောက်ဆုံး ပုဒ်နှစ်ခု၊ ပုဒ်စုနှစ်ခု ကြားတွင် ပုဒ်ဖြတ်အစား နှင့်-ကိုလည်း သုံးကြသည်။

ပုံစံ

(က) မိမိတို့၏ ကာယ၊ ဉာဏ၊ ဝီရိယ စွမ်းအားအလိုက် ခံစားခွင့် ရှိရမည်။

(ခ) လွတ်လပ်ခွင့်၊ လုပ်ပိုင်ခွင့်၊ ခံစားခွင့် ရှိစေရမည်။

(ဂ) စီးပွါးရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေး၊ ဥပဒေပြုရေး၊ နိုင်ငံခြားရေး၊ တိုင်းရင်းသားလူမျိုးများအရေးကို ဆောင်ရွက်ရမည်။

(ဃ) နိုင်ငံတော်၏ ဥပဒေပြုမှုအာဏာ၊ တရားစီရင်မှုအာဏာ၊ စီမံခန့်ခွဲမှုအာဏာသည် နိုင်ငံသားများ၌ တည်သည်။

(င) အဖွဲ့အစည်း အဆင့်ဆင့်သည် အပြန်အလှန် အစီရင်ခံခြင်း၊ ဆန္ဒပေးခြင်း၊ ဆန္ဒယူခြင်း၊ စုပေါင်းဦးဆောင်ခြင်း၊ စုပေါင်းဆုံးဖြတ်ခြင်းတို့ ပါဝင်သော ဆိုရှယ်လစ်ဒီမိုကရေစီ ကျင့်စဉ်နှင့်အညီ ဆောင်ရွက်ရမည်။

(စ) တိုင်းရင်းသားလူမျိုးများသည် မိမိတို့ချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု ဓလေ့ထုံးစံတို့ကို ပြောဆို၊ရေးသား၊ကျင့်သုံးခွင့်ရှိသည်။

(ဆ) ပြည်နယ်၊ တိုင်း၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအသီးသီးတွင် ပြည်သူ့ကောင်စီတရပ်စီ ဖွဲ့စည်း ထားရှိ ရမည်။

(ဇ) ပြည်သူ့ကောင်စီများတွင် အလုပ်အမှုဆောင်အဖွဲ့၊ တရားသူကြီးအဖွဲ့နှင့် လုပ်ငန်းစစ်ဆေးရေးအဖွဲ့ တဖွဲ့စီ ဖွဲ့စည်းထားရမည်။

(ဈ) ဆောက်လုပ်ရေး၊ နေရာချထားရေး၊ ကျေးလက်ဖွံ့ဖြိုးရေး နှင့် မြို့ပြ စည်ပင် သာယာရေးများကို ဆောင်ရွက်ရမည်။

၆၃၉။ "လည်းကောင်း"နှစ်ခု၊ သုံးခု၊ "ဖြစ်စေ"နှစ်ခု၊ သုံးခု ရှိလျှင် ရှေ့လည်းကောင်းများ၊ ရှေ့ဖြစ်စေများ နောက်တွင် တချောင်းပိုဒ်ကို သုံးကြသည်။

ပုံစံ

(က) ပြည်သူ့လွှတ်တော်နှင့်လည်းကောင်း၊ ပြည်သူ့လွှတ်တော်ရေးရာ ကော်မီတီများနှင့် လည်းကောင်း သက်ဆိုင်သောဥပဒေများကို ရေးဆွဲရမည်။

(ခ) ဥက္ကဋ္ဌက ဖြစ်စေ၊ အတွင်းရေးမှူးက ဖြစ်စေ၊ ငွေထိန်းက ဖြစ်စေ လက်မှတ်ရေးထိုးရမည်။

(ဂ) စစ်ဘေး အန္တရာယ်များကြောင့် သော်လည်းကောင်း၊ သဘာဝ ဘေးအန္တရာယ်များကြောင့် သော်လည်းကောင်း၊ လုံခြုံရေး ပျက်ပြားသည့် အခြေ အနေများကြောင့် သော်လည်းကောင်း ရွေးကောက်ပွဲ မဖြစ်မြောက်လျှင် သက်တမ်းတိုးမြှင့်ခွင့် ရှိသည်။

(ဃ) ပြည်သူ့ တပ်မတော်သားများ အတွက် စစ်ဖက်တရားစီရင်ရာတွင် အဖွဲ့ဖြင့်ဖြစ်စေ၊ တဦးတည်းဖြင့်ဖြစ်စေ ဥပဒေနှင့်အညီ စီရင်နိုင်သည်။

သို့မဟုတ်-ရှေ့မှာ ပုဒ်သေးလာ

၆၄၀။ သို့မဟုတ်-ရှေ့တွင် တချောင်းပိုင်းကို သုံးကြသည်။

ပုံစံ

(က) သက်ဆိုင်ရာ ပြည်နယ်၊ သို့မဟုတ် တိုင်း ကိုယ်စားများ ပါဝင် ဖွဲ့စည်းရမည်။

(ခ) သဘာပတိအဖွဲ့ဝင်တဦးသည် အလုပ်အမှုဆောင်အဖွဲ့၊ တရားသူကြီးအဖွဲ့၊ သို့မဟုတ် လုပ်ငန်းစစ်ဆေးရေးအဖွဲ့ တရပ်ရပ်တွင် ပါဝင်လျှင် သဘာပတိအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ရမည်။

(ဂ) နိုင်ငံတော်၏အာဏာပိုင်အဖွဲ့အစည်းတရပ်ရပ်တွင် ပါဝင်သော အဖွဲ့ဝင်တဦးဦး၊ သို့မဟုတ် နိုင်ငံတော်၏ အာဏာပိုင်အဖွဲ့အစည်းတရပ်ရပ်၊ သို့မဟုတ် ဝန်ထမ်းတဦးဦး၊ သို့မဟုတ် ဝန်ထမ်း အဖွဲ့အစည်းတရပ်ရပ်က နိုင်ငံသား တဦးဦး၏ အခွင့်အရေး တရပ်ရပ်၊ သို့မဟုတ် အကျိုးခံစားခွင့် တရပ်ရပ် ထိခိုက်နစ်နာခဲ့လျှင် ယင်းပုဂ္ဂိုလ်၊ သို့မဟုတ် ယင်းအဖွဲ့အစည်းတရပ်ရပ်ကို တရားစွဲပိုင်ခွင့် ရှိသည်။

ပြည်သူ့လွှတ်တော်တရပ်ရပ်၊ သို့မဟုတ် ပြည်သူ့ကောင်စီများ၏ သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ ပုံမှန်သက်တမ်းအတိုင်းသာ ဖြစ်သည်။

အထက်ပိုဒ်ခွဲမှာ ပုဒ်သေးသာ

၆၄၁။ ဥပဒေစာအုပ်များတွင် အပိုဒ်ခွဲ(က)(ခ) (ဂ)တို့ကို ဇယားစောက်အထက်မှအောက် စဉ်၍ ရေးသား၊ ပုံနှိပ်ရာ၌ နောက်ဆုံးအပိုဒ်ခွဲ အဆုံးမှတပါး အထက်အပိုဒ်ခွဲ အဆုံးများတွင် တချောင်းပိုဒ်ကို သုံးကြသည်။ (နောက်ဆုံးအပိုဒ်ခွဲအဆုံးတွင် နှစ်ချောင်းပိုဒ်ကို သုံး၏။)

ပုံစံ

(က) ကော်သူးလေကိုကရင်ပြည်နယ်ဟု သတ်မှတ်သည်၊

....

(ခ) ရခိုင်တိုင်းကို ရခိုင်ပြည်နယ်ဟု သတ်မှတ်သည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၏ ပြည်နယ်များနှင့်တိုင်းများသည် အောက်ပါအတိုင်း ဖြစ်သည်—

(က) ကချင်ပြည်နယ်၊
(ခ) ကယား ပြည်နယ်၊
(ဂ) ကရင်ပြည်နယ်၊

....

(ဃ) ဧရာဝတီတိုင်း။

အချိန် လိပ်စာ ပုဒ်သေးခြား

၆၄၂။ ခုနှစ်, လ, ရက်, နာရီတို့ကိုရင်း၊ (လိပ်စာ) အိမ်အမှတ်, လမ်း, မြို့တို့ကိုရင်း၊ အမည်, ရာထူးနှင့်ဌာနတို့ကို တဆက်တည်း ရေးသောအခါ၌ရင်း၊ တချောင်းပိုဒ်ဖြင့် ခွဲရမည်။

ပုံစံ

(က) ၁၉၇၇-ခုနှစ်၊ဩဂုတ်လ၊ ၁၃ ရက်၊ စနေနေ့၊ နံနက် ၁၀း၀၀ နာရီ။
(ခ) ခရစ်နှစ် ၁၈၂၄-ခုနှစ်၊မေလတွင် အင်္ဂလိပ် မြန်မာ ပထမစစ် စတင်ဖြစ်ပွါးခဲ့သည်။
(ဂ) မဟာသက္ကရာဇ် ၁၀၃- ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့တွင် ဘုရားဖြစ်တော်မူသည်။ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ တပေါင်းလပြည့်၊ ဗုဒ္ဓဟူးနေ့တွင် ရွှေတိဂုံစေတီ တည်သည်။

(ဃ) ၂၇၊ ပြည်လမ်း၊ ကုန်ကုန်မြို့။
(င) ကြီးကြပ်မှု အင်ဂျင်နီယာ၊ ရန်ကုန် တယ်လီဖုန်းဆက်သွယ်ရေးကော်ပိုရေးရှင်း၊ ၁၀၃၊ လမ်း-၄၀၊ ရန်ကုန်သို့ တိုင်ကြားနိုင်ပါသည်။
(စ) ဦးညွန့်၊ ဥက္ကဋ္ဌ၊ ရပ်ကွက်ပြည်သူ့ကောင်စီ။

ရှေ့သရုပ်များနောက်မှာ ပုဒ်သေးလာ

၆၄၃။ စာရင်းသရုပ်၊ သို့မဟုတ် အပိုဒ်ခွဲကို အပိုဒ်ကြီးအတွင်း၌ တဆက်တည်း အမှတ်စဉ်တပ်၍ ဖော်ပြရာ၌ အပိုဒ်ခွဲသည် ဝါကျမဟုတ်ဘဲ စကားလုံး၊စကားလုံးစု ဖြစ်မှသာလျှင် တချောင်းပုဒ်ကို သုံးကြသည်။ (အင်္ဂလိပ်ဘာသာတွင် ကော်မာ၊ သို့မဟုတ် ဆီမီးကိုလမ်းကို သုံးသည်။

ပုံစံ ၁-စကားလုံး

ရှုပစျာန် ငါးပါးတို့ကား– (၁) ပထမစျာန်၊ (၂) ဒုတိယစျာန်၊ (၃) တတိယစျာန်၊ (၄) စတုတ္ထစျာန်၊ (၅) ပဉ္စမစျာန်တို့ ဖြစ်ကုန်၏။(နောက်ဆုံး နံပါတ်တွင် တချောင်းပိုဒ်မသုံးဘဲ ဝါကျဆက်လိုက်သည်ကို သတိပြုပါ။)

ပုံစံ ၂-စကားလုံး

ထို့ကြောင့် ပန်းလောင်မြစ်မှာ (၁) ကင်းတားဆည်၊ (၂) ငနို့သေဉ်ဆည်၊ (၃)ပြောင်းပြာဆည်၊ (၄) ဂူမည်းဆည်များကို ဆည်ဖို့တော်မူသည်။

ပုံစံ ၃- စကားလုံးစု

ဒုတိယ အရေးကြီးသော လမ်းကြောင်းများမှာ (၁) အသက်ရှည်ရန် အထောက်အပံ့ပေးသော အာယုလေခကလေး၊ (၂) အလွန်အမင်းချစ်ခင်တတ်၍ အနုပညာကို စိတ်ဝင်စားသော သောကြာ ခါးစီး လမ်းကြောင်း၊ (၃)........၊(၈) နက်နဲခက်ခဲသော စိတ်ပညာ, မှော်အတတ်, ဗေဒင်လက္ခဏာ စသည်တို့ကို တကယ်ပင် လေ့လာပြီးနောက် ထူးခြားစွာ တတ်မြောက်နိုင်သည့် စိန္တာမယဂုရုလမ်းကြောင်းပင် ဖြစ်ပေသည်။

မှတ်ချက်။ ။အဆုံး၌ အပိုဒ်မပြဘဲလည်း ရေးကြသည်။ ယခုအခါ ဆိုးဆေးများကို (၁) သဘာဝဆိုးဆေး (၂) တွင်းထွက်ဆိုးဆေး (၃) ဓာတုဗေဒနည်းဖြင့် လုပ်ယူရသော ဆိုးဆေးဟု သုံးမျိုးခွဲခြားနိုင်သည်။

မြန်မာနာမည်ရင်းနှင့် ဦး, ဒေါ် ကြား ပုဒ်သေးခြား

၆၄၄။ မြန်မာလူအမည်များကို အက္ခရာစဉ်ရာ၌ အမည်ရင်းနှင့် ဦး၊ ဒေါ်၊ ဆရာ၊ ဗိုလ်မှူး၊ ဆာ၊ ဒေါက်ဘာ စသော အခြားစာလုံးများအကြားကို တချောင်းပိုဒ်ဖြင့်ခြားပြသည်။

စိန်တင်၊ ဦး
စိန်ဆင်၊ ဒေါ်

စိန်မှန်၊ ဗိုလ်မှူး
စံ၊ ဆရာ
စံစီပိုး၊ ဆာ
စံတုတ်၊ ဦး
စိန်း၊ ဆရာ
စန္ဒိမာ၊ ဦး
စန်း၊ဒေါ်၊ အင်ဒီပင်းဒင့်

အင်္ဂလိပ်အမည်နှင့် ဂုဏ်ထူးကြားမှာ တချောင်းပိုဒ်လာ

၆၄၅။ မြန်မာစာဖြင့်ရေးသော အင်္ဂလိပ်နာမည်များတွင် မျိုးနွယ်အမည် မဟုတ်ဘဲ ဘွဲ့ထူး ဂုဏ်ထူးများ ဖြစ်လျှင် တချောင်းပိုဒ်ဖြင့်ခြားရမည်။(မြန်မာ့စွယ်စုံကျမ်းများကြည့်)

ဆလေဒင်၊ ကာနယ်
ဆွန်ယက်ဆင်၊ ဒေါက်တာ
ဆွန်ယက်ဆင်၊ မဒန်

စာအမှတ်၊နေ့စွဲနောက်မှာ တချောင်းပုဒ်

၆၄၆။ ရုံးစာရေးသားရာ၌ စာအမှတ်၊ နေ့စွဲ ဟူသော ပုဒ်များနောက်တွင် တချောင်းပိုဒ်၍ ရေးကြသည်။

ပုံစံ

စာအမှတ်၊ ၉၀၁/၁၅/သသန-၉
စာအမှတ်၊ ၆၀၂/၁၀/သသန-၆

နေ့စွဲ၊ ၁၉၇၇ ခု၊ နိုဝင်ဘာလ ၇ ရက်
နေ့စွဲ၊ ၁၃၃၈ ခု၊ ကဆုန်လဆန်း ၁၂-ရက်

မှတ်ချက်။ ။ချီကာဂို ပုံနှိပ်တိုက် စတိုင်က ခုနှစ်နောက်မှာ အပိုဒ်ထည့်သည်မှာ ခေတ်မမှီဟု ဆိုသည်။

နာမည်၊ ရာထူးကြား ပုဒ်ဖြတ်ထား

၅၈၈။ ရာထူးကို လူအမည်နောက်တွင်ထား၍ ရေးသော အခါ တချောင်းပိုဒ်ဖြင့် ခြားရမည်။

ဦးမြင့်မောင်၊ လက်ထောက်ညွှန်ကြားရေးမှူး

ဦးထွန်းလှိုင်၊ စာပြင်မှူးချုပ်

မြန်မာသုံး အင်္ဂလိပ်ပုဒ်ဖြတ်များ

အင်္ဂလိပ်ပုဒ်ဖြတ်များ ယူသုံးထား

၆၄၇။ မြန်မာတို့သည် အင်္ဂလိပ်သဒ္ဒါကျမ်းများမှ အောက်ပါပုဒ်ဖြတ်သင်္ကေတတို့ကိုလည်း မြန်မာမှုပြုကာ သုံးစွဲကြပါသေးသည်။

ဒက်(ရှ်)ခေါ် မျဉ်းရှည်(တုံး) ရေးထုံး

မျဉ်းရှည်တုံးက အပိုဒ်ခွဲပြ

၅၉၀။ ဒက်ရှ်ခေါ် မျဉ်းရှည်(—)ကို—

(က) အောက်တွင် အပိုဒ်ခွဲများ (က) (ခ) (ဂ) စသည်ဖြင့် ဖော်ပြမည်ကို ပြရန်သုံး၏။

ပုံစံ

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၏ ပြည်နယ်များနှင့် တိုင်းများသည် အောက်ပါအတိုင်း ဖြစ်သည်—

(က) ကချင်ပြည်နယ်၊

(ခ) ကယားပြည်နယ်၊

(ဂ) ကရင်ပြည်နယ်၊

....

(ဃ) ဧရာဝတီတိုင်း။

နိုင်ငံသားတိုင်းသည် ဥပဒေအရ—

(၁) စစ်ပညာသင်ကြားရမည်၊

(၂) နိုင်ငံတော် ကာကွယ်ရေးအတွက် စစ်မှုထမ်းရမည်။

၆၄၈။ ဝန်ကြီးအဖွဲ့သည် အောက်ပါ လုပ်ငန်းများကို လိုအပ်သလို ညှိနှိုင်းရေးဆွဲ၍ နိုင်ငံတော်ကောင်စီမှ တဆင့် ပြည်သူ့လွှတ်တော်သို့ တင်ပြရမည်—

(က) နှစ်ရှည်၊ နှစ်တိုနှင့် နှစ်စဉ် စီးပွါးရေးစီမံကိန်းများ၊

(ခ) နှစ်စဉ် ရ–သုံး ခန့်မှန်းခြေငွေစာရင်း၊

(ဂ) နိုင်ငံတော်၏ အခြေအနေနှင့်ပတ်သက်သော နှစ်စဉ် အစီရင်ခံစာများ၊

(ဃ) အခါအားလျော်စွာ လိုအပ်သော အစီရင်ခံစာများ။

သရုပ်ရှေ့မှာ မျဉ်းရှည်လာ

၆၄၉။ သရုပ်၊ အချက်အလက်၊ မာတိကာ-တို့၏ ရှေ့တွင် မျဉ်းရှည်(—)ကို သုံးကြသည်။

ပုံစံ

ကျွန်ုပ်တို့ လုပ်သားပြည်သူအပေါင်းတို့သည်—

—မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီ၏ ဦးဆောင်မှုကို အလေးအနက် ခံယူသွားကြမည်ဟု သန္နိဋ္ဌာန်ချမှတ်၍ လည်းကောင်း၊

—ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ် မပျက် ပေါင်းဖက် ဆက်ဆံရေးကို အစဉ်ကြိုးပမ်းကြ မည်ဟု သန္နိဋ္ဌာန်ချမှတ်၍ရင်း၊

—.....................................

အခန်း ၁

နိုင်ငံတော်

—ဆိုရှယ်လစ်နိုင်ငံ ဖြစ်ကြောင်းနှင့် နိုင်ငံတော်အမည်

—တိုင်းရင်းသားလူမျိုးများ စုပေါင်း နေထိုင်ကြသော နိုင်ငံဖြစ်ခြင်း

— နယ်နိမိတ်

— အချုပ်အချာအာဏာ အကျယ်အဝန်းနှင့် လွှမ်းခြုံမှု

အင်တင်းကိုးက တုံးရှည်ပြ

၆၅၀။ ကိုးကားချက်ကို အင်တင်း၍ သီးခြားစာပိုဒ် အဖြစ် ပြလိုသောအခါ(—)ကို သုံးသည်။

ယင်းအဖြစ်အပျက်ကို မှန်ပညာရှိ ဆရာဝေက စပ်ဆိုခဲ့ရာ ထိုကဗျာမှာ—

ရွက်နုချိန် ယွင်းမှားခဲ့ရှာရ၊
မင်းသား ကုမ္မာ။
ဗညားနွဲ့ ကြွလာသည်၊ ဒဂုံမှာ စံမွေ့။ ဆံစိန်တွေ့
ထွတ်ဖျားရှင်ကို၊ ညွတ်တွားဆင် ဖူးတက်သည့်နေ့။ ။

စသည်ဖြင့် ဖြစ်သည်။

ရွှေတိဂုံမှန်ကျောက်စာ၌ မင်းတို့၏ကောင်းမှုကို ညွှန်ထားသည်မှာ—

ထို့မှစ၍ မွန်တိုင်းဒေသ၌ နေကြကုန်သော လူအပေါင်းတို့သည် အစဉ်အတိုင်း လာရောက် ပူဇော်ကြကုန်၏ ....

....
အစဉ်အတိုင်း မဟာစေတီကြီး ဖြစ်လာ၏။

ဤ တမ္ဗရတ္တတောင်ထိပ်၌ တပုဿ ဘလ္လိကတို့ ဌာပနာထားသော မြတ်စွာဘုရား၏ ဆံတော်ဓာတ်စေတီကို

....

လုမ်းညွှန်းလိုလျှင် မျဉ်းလတ်ပင်

၆၅၁။ တနေရာ၌ အကြောင်းအရာတခုကို လုမ်းညွှန်းလိုသောအခါ အညွှန်းနှင့်ရှု အကြား (–)ထား သုံးသည်။ (စွယ်စုံကျမ်းများတွင် ကြည့်ပါ)

ဩ၊ ဦး၊ စိန္တကျော်သူ–ရှု

ပုပ်၊ ရဟန်းမင်း–ရှု

စေတီ၊ ပုထိုးများ–ရှု

ဥပမာနောက် မျဉ်းရှည်ရောက်

၆၅၂။ ဥပမာ ပုံဆောင်ပြရာ၌ ဥပမာဟူသော စာလုံးနောက်တွင် ဒက်ရှ်ရှည်—ခံ၍ ရေးကြသည်။

ပုံစံ

–အချိန်နာရီကို ၂၄-နာရီစနစ်ကို ရည်ညွှန်းရေးရမည်။ ဥပမာ—

၁၈၀၀ နာရီ= နံက် ၈ နာရီ

၁၆၃၅ နာရီ= ညနေ ၄ နာရီ ၃၅ မိနစ်

–အထွေထွေကိစ္စ။ ဥပမာ— ကျန်းမာရေး၊ လစာ၊ သက်သာချောင်ချိရေး။

မျဉ်းရှည်ကြား ပုဒ်မအတူပြ

၆၅၃။ အထက်အောက် ဇယားတို့ကို စဉ်ရေးရာ အထက်ပါအတိုင်းဟု ညွှန်းလိုသောအခါ ပုဒ်မ၏ ရှေ့ဖက်၊ နောက်ဖက်တွင် မျဉ်းရှည်နှစ်ခုထား၍ ရေးကြသည်။ (၎င်း-ဟူ၍လည်း ရေးကြသည်။)

ပုံစံ

စဉ်	လူအမည်	ရာထူး
၁	ဦးမောင်လှ	ကျောင်းဆရာ
၂	ဦးထွန်း	– ။ –
၃	ဦးငွေ	– ။ –

၆၅၄။ တဆက်တည်းသော ကြားကာလ၊ ကြား နေရာကို ပြရန်နှင့် စာအမှတ်များတွင် မျဉ်းစောင်း မသုံးရာ၌ ဒက်ရှ်ခေါ် မျဉ်းလတ် (တုံး)ကို သုံးကြသည်။

မိုးစံ

၁၀၃/၁၃/သသန-၂

၁၀၅/၄/ပရသဖ -၃

စာမျက်နှာ ၃၆ -၄၀

စာပိုဒ် ၂၀-၂၄

၁၉၇၃-၇၆

မြန်မာစာ ကော်မာအသုံး

၆၅၅။ အင်္ဂလိပ်၊ ကုလား လူအမည်များကို မြန်မာအက္ခရာစဉ်အလိုက် ပြရာ၌ အမည်ရင်းနှင့် မျိုးနွယ်အမည်ကို ကော်မာဖြင့် ခြားပြကြသည်။ (စွယ်စုံကျမ်းနှင့် ကျမ်းကိုးအညွှန်းများတွင် သုံးသည်)

လူသာ, မာတင်၊

လိယာ, အက်ဒွပ်၊

ဆီဇာ, ဂျူးလယပ်၊

ဆွစ်, ဂျွန်နသံ၊

တဂိုး, ရာဘင်ဒရာနတ်

မှတ်ချက်။ ဆလေဒင်၊ ကာနယ်

ဆွန်ယက်ဆင်၊ ဒေါက်တာ

ဆွန်ယက်ဆင်၊ မဒန်

ဘွဲ့ထူး ဂုဏ်ထူးများကို တချောင်းပိုဒ်ဖြင့် ရေးကြသည်။ (တချောင်းပိုဒ်အသုံး ကြည့်)။

၆၅၆။ ဂဏန်းများကို ရေးရာ၌ လူဦးရေ၊ မိုင် စသည်ကို ပြရန် သုံးလုံးခြားတွင် ကော်မာပြသည် (ထောင်ဂဏန်း၊ သန်းဂဏန်းဖြင့် ရေတွက်လွယ်ရန် ဖြစ်သည်)။ ငွေအရေအတွက်ပြရန် သုံးလုံးနှင့် ငါးလုံးတွင် ကော်မာဖြင့် ရေးကြသည်။ (ထောင်ဂဏန်း သိန်းဂဏန်းဖြင့် ရေတွက်လွယ်ရန် ဖြစ်သည်။)

—တရုပ်နိုင်ငံလူဦးရေမှာ ၈၀၀, ၀၀၀, ၀၀၀ ဖြစ်၏။

—ဆည်မြောင်းစီမံကိန်း လျာထားငွေမှာ ၁၅, ၀၀, ၀၀၀ ဖြစ်၏။

—အာရှတိုက်သည် ကမ္ဘာ့ကုန်းမြေအားလုံး၏ သုံးပုံတပုံ (၁၉,၁၄၀,၈၅၄ စတုရန်းမိုင်) ကျယ်ဝန်းသည်။

—တိဗက်ကုန်းပြင်မြင့်သည် ပင်လယ် ရေမျက်နှာပြင်အထက် ပေ ၁၂,၀၀၀-ကျော် မြင့်၏။

—ဤ အလယ်ပိုင်းဒေသတွင် ၁၉၆၂-ခုမှာ ၃,၃၆၃,၃၆၀ ကော ရေသွင်းစိုက်လာသည်။

—၁၉၅၁-၅၂ ခုနှစ် ပညာရေးအသုံးစရိတ်ရန်ပုံငွေ ၁၂, ၀၇,၂၈၀ိ သတ်မှတ်ထားသည်။ ၁၉၅၂-၅၃ တွင် ၁၉,၄၃, ၆၃၀ိ အထိ တိုးမြှင့်သတ်မှတ်ထားခဲ့သည်။

ကော်မာသုံး၏ မကောင်း

၆၅၇။ တချောင်းပိုဒ် သုံးရမည့်နေရာများတွင် ယနေ့ ကော်မာသုံးနေကြသည်မှာ အင်္ဂလိပ်စာမှ ဘာသာပြန်ချက်များ၊ အင်္ဂလိပ်စာတတ် ပုဂ္ဂိုလ်တို့က အင်္ဂလိပ်ကော်မာသုံးပုံ ဥပဒေသအတိုင်း မြန်မာတွင် သုံးနေခြင်းဖြစ်ပါသည်။ စံချိန်မီ ပုံနှိပ်တိုက်ကြီးများက လေးစားလောက်သော ကျမ်းစာအုပ်များတွင် မသုံးကြသောရေးထုံးဖြစ်၍ ရှောင်ကြဉ်သင့်ပါသည်။ တချောင်းပိုဒ်ဖြင့်သာ သုံးသင့်ပါသည်။

—အဆင်း, အသံ, အနံ့, အရသာနှင့် အတွေ့အာရုံများဟု မရေးဘဲ

—အဆင်း၊ အသံ၊ အနံ့၊ အရသာနှင့် အတွေ့အာရုံများဟု မြန်မာနည်းဖြင့် ရေးသား၊ ပုံနှိပ်သင့်ပါသည်။

မြန်မာစာ လက်သဲကွင်း ရေးထုံး [( )]

အစိပ္ပါယ်တူက ကွင်းတွင်းပြ

၆၅၈။ အဓိပ္ပါယ်တူ အခြားအခေါ် အချိန်ကာလ၊ အလေးချိန်တမျိုးကို လက်သဲကွင်းအတွင်းထား၍ ရေးကြသည်။

ပုံစံ

(က) ဗညားဦးဘုရင်သည် ဟံသာဝတီ(ပဲခူး)တွင် ခရစ်နှစ် ၁၃၅၃-ခုမှ ၁၃၈၅-ခု အထိ နန်းစံသည်။

(ခ) ထိုမင်း တည်ထားသော ရွှေတိဂုံစေတီတော်၏ ညာဏ်တော်မှာ ပေ ၆၀ (အတောင် ၄၀)ဖြစ်သည်ဟု သိရသည်။

(ဂ) ထီးတော်ကို ပင့်ဆောင်လာကြသော အဖွဲ့သည် ခရစ်နှစ် ၁၇၇၁-ခု၊ အောက်တိုဘာလ ၃ ရက် (၁၁၃၃-ခု၊ သီတင်းကျွတ် လပြည့်ကျော် ၅-ရက်) နေ့တွင် မန္တလေးမှ ထွက်ခွါသည်။

(ဃ) စိန်ဖူး၏ အထက်ဆုံးတွင်ကား ၇၆ ကာရက် (၈၃ ရတီ၊ ၁၂ ဘိဇ္ဇာ) ရှိသော စိန်ကြီးတလုံးကို မြှုပ်ထားလေသည်။

(င) စတုရန်းနှင့် စက်ဝန်းဘို့အကြားတွင် အဋ္ဌဂံ (ရှစ်ဘောင့်)ကို ထည့်ပေးခြင်း ဖြစ်သည်။

(စ) ထိုနေ့ကိုပင် အမျိုးသားနေ့ (နေရှင်နယ်ဒေး) ဟု ဂျီ၊ စီ၊ ဘီ၊ အေ အဖွဲ့ကြီးက သတ်မှတ်သည်။

(ဆ) ရန်ကုန်မှ လျှပ်စစ်ဓာတ်အားပေးရေး (အာရ်၊ အီး၊ တီ) စာရေးစာချီ သပိတ်များနှင့် ပူးပေါင်းမိကြသည်။

(ဇ) ရွှေတိဂုံစေတီတော်၏ အနောက်ဖက် ကွင်းကြီး (ယခုတော်လှန်ရေးပန်းခြံ နေရာ) တွင်—

(ဈ) တံခါးရွက်များ၌ သေနပ်တင်၍ ပစ်ရန် အပေါက် (ဗူးလယ်ပေါက်)များ ဖောက်ထားသည်။

နာမည်နောက် ရုံးဌာန ကွင်းတွင်းပြ

၆၅၉။ လူအမည်များနောက်မှ ၎င်း၏ရုံးဌာနကို ကွင်းအတွင်း ထားရေးကြသည်။

ဦးဝင်းဖေ (ဝန်ကြီးချုပ်ရုံး)၊

ဒေါက်တာဦးအောင်ကြီး (ရန်ကုန်စက်မှုတက္ကသိုလ်)၊

ဒေါ်ကြန် (မြန်မာနိုင်ငံ သမိုင်းကော်မရှင်ဦးစီးဌာန)။

၆၀၃။ စာပိုဒ်တခုအကြားနှင့် နောက်ဆုံးတွင် အမှာစာ ထည့်လိုသောအခါ လက်သဲကွင်းအတွင်း ထည့်ပြရသည်။

ပုံစံ

ရခိုင်တိုင်းမှာ ထိုစဉ်က အင်္ဂလိပ်လက်အောက်သို့ကျရောက်ခဲ့လေသည်။ (အင်္ဂလိပ်မြန်မာစစ်ပွဲ-ရှု) ထိုအခါ အင်္ဂလိပ်တို့က ရခိုင်တိုင်း၏ အုပ်ချုပ်ပုံ နည်းစနစ်များကို ပြင်ဆင်လိုက်၏။

–အံ့ကြိတ်ခြင်းမှာ စိတ်ဆိုးသည့် အမူအရာ၊ ငိုခြင်းမှာ ဝမ်းနည်းသော အမူအရာ အသီးသီးဖြစ်ကြသည်။ (စိတ်ပညာရှု။)

ပိုဒ်ခွဲပိုဒ်စိတ် အမှတ်စဉ် ကွင်းနှင့်ပိတ်

၆၆၀။ စာပိုဒ်တခုတွင် အပိုဒ်ခွဲများ အပိုဒ်စိတ်များ ထပ်ခွဲသောအခါ အပိုဒ်ခွဲအမှတ်စဉ် အက္ခရာနှင့် အပိုဒ်အမှတ်စဉ်

ဂဏန်းတို့ကို လက်သဲကွင်းအတွင်း ထား၍ ရေးရသည်။ (စာပိုဒ်ခွဲ အမှတ်စဉ်ကို စာသားထက် တအင်=၄လက်မခန့် အင်တင်း၍ စာပိုဒ်စိတ်အမှတ်စဉ်ကို စာသားထက် နှစ်အင်ခွဲ=လက်မငက်ခန့် အင်တင်း၍ ရေးသား၊ ပုံနှိပ်ရသည်။)

ပုံစံ (၁)

၆၆၁။ ပြီးပြည့်စုံသော ရုံးလုပ်ငန်း၏အင်္ဂါရပ်များ။ ပြီးပြည့်စုံသော ရုံးလုပ်ငန်း၏ အင်္ဂါလက္ခဏာများမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) အချက်အလက်များ ပြည့်စုံခြင်း၊

(ခ) အချက်အလက်များ အစီအစဉ်ကျခြင်း၊

(ဂ) အကျိုးအကြောင်း ဆီလျော်စွာ သုံးသပ် တင်ပြချက် ဖြစ်ခြင်း၊

(ဃ) ရည်ညွှန်းကိုးကားချက်၊ အထောက်အထားများ ပြည့်စုံလုံလောက်ခြင်း၊

(င) တင်ပြချက်ကောင်းမွန်ခြင်း–

(၁) စကားအသုံးအနှုန်းလွယ်ကူရှင်းလင်းခြင်း၊

(၂) သေသပ်မှုရှိခြင်း၊

(၃) တိုတောင်းရှင်းလင်းခြင်း၊

(စ) လိုအပ်ပါက တိကျသော ထောက်ခံချက် ပါဝင်ခြင်း၊

(ဆ) လိုအပ်ပါက ဆောင်ရွက်ဖွယ် အစီအစဉ်များကို ဖော်ပြထားခြင်း။

ပုံစံ (၂)

၆၆၂။ စာရင်းဇယားများကို အောက်ပါ နည်းများ အတိုင်း သုံးသပ်တင်ပြနိုင်သည် —

(က) အကျဉ်းချုပ်စာရင်းဇယား ပြုစုတင်ပြခြင်း၊

(ခ) ရရှိသော အချက်အလက်များ၏ သရုပ်သကန် ပေါ်လာအောင် အောက်ပါနည်းအတိုင်း ပြုလုပ်တင်ပြခြင်း—

(၁) ဂရပ်များ၊

(၂) မျဉ်းတန်းကွက်များ၊

(၃) ရေိယာပုံများ၊

(၄) ထုထည်ပုံများ၊

( ) စာရင်းအင်း မြေပုံများ။

၆၆၃။ အမှတ် (၁)၊ အမှတ် (၂)၊ ဇယား (၁)၊ ပုံ (၁) စသော အမှတ်စဉ်ပြ ဂဏန်းများကို လက်သဲကွင်း အတွင်း းထား၍ ရေးကြသည်—

ပုံစံ

- အမှတ် (၁) အစိုးရအထက်တန်းကျောင်း၊
- အမှတ် (၅) ဘတ်စကားလိုင်း၊
- အမှတ် (၃) စစ်ဗျူဟာအဖွဲ့၊

- အမှတ် (၂) ခြေလျင်တပ်ရင်း၊
- အပိုင်း (၃) အပိုဒ်ခွဲ (၂)၊
- အ ထ က (၂) ဒဂုံ၊
- စွယ်စုံကျမ်း အတွဲ (၅)၊
- အပိုင်း (၃) အခန်း (၄)၊
- အမှတ် (၄) ကချင်သေနပ်ကိုင်တပ်ရင်း။

သို့မဟုတ် ချုံးက ကွင်းတွင်းပြ

၆၆၄။ သို့မဟုတ်ကို အကျဉ်းချုပ် ရေးသော၊ ပုံနှိပ်သောအခါ (သို့)ဟု လက်သဲကွင်းအဘွင်း ထားရေးရသည်။

ပုံစံ

—တရုပ်နိုင်ငံရာသီဥတု(သို့)သမန္တေးအရှေ့ဘက်ကမ်းခြေ ရာသီဥတု။

—အဓိကအရေးပါသောမြစ်မှာ ချောင်ဖရာမြစ် (သို့) မဲနံမြစ် ဖြစ်သည်။

—မုသုန်တော (သို့) အပူပိုင်း ရွက်ဖြန့်တော

—၎င်းကို ဟနုမန်ကျောင်းတန်း (သို့) အဒမ်တံတားဟု ခေါ်သည်။

ဇယားကွက်အမှတ်များ ကွင်းတွင်းထား

၆၆၅။ ဇယား ရေးဆွဲသည့်အခါ ဇယားကွက်များကို လွယ်ကူစွာ ရည်ညွှန်းနိုင်ရန်အတွက် ဇယားကွက်တိုင်းတွင်

ကော်လံနံပါတ်များကို လက်သဲကွင်းအတွင်း ထား၍ ပုံနှိပ်ကြသည်။ (ဇယားကွက်ခေါင်းစဉ်နှင့် ကော်လံနံပါတ်ကို မျဉ်းတကြောင်းဖြင့်ခြားလျှင် လက်သဲကွင်းမလိုပေ)

ပုံစံ

ကြေးနန်းမှတ်ပုံတင်စာရင်း

အမှတ်စဉ်	နေ့စွဲ	ကြေးနန်း အမှတ်	မည်သူ့ထံပို့	အကြောင်း အရာ	မှတ်ချက်
(၁)	(၂)	(၃)	(၄)	(၅)	(၆)

အမှတ်စဉ်	နေ့စွဲ	ကြေးနန်း အမှတ်	မည်သူ့ထံ ပို့သည်	အကြောင်း အရာ	မှတ်ချက်
၁	၂	၃	၄	၅	၆

ပိုဒ်ခွဲစာရင်း ကွင်းအတွင်း

၆၆၆။ စာပိုဒ်တခုအတွင်း စာရင်းသရုပ်၊ သို့မဟုတ် အပိုဒ်ခွဲကို တဆက်တည်းဆက်ရေးလျှင် အမှတ်စဉ်ကို လက်သဲကွင်းအတွင်း ထားရေးကြသည်။ (ပုံစံကို အပိုဒ် ၆၂၆ တွင်ကြည့်ပါ)

ပုံစံ

မှတ်ချက်အမှတ်စဉ် ကွင်းထဲတွင်

၆၆၇။ စာပိုဒ်အတွင်း၌ မှတ်ချက်ကို ရေးလိုသောအခါ မှတ်ချက် ဟူသောစာလုံးအောက်တွင် မျဉ်းသား၍ တလက်မ အကွာတွင် အမှတ်စဉ်ဂဏန်းများကို လက်သဲကွင်းအတွင်း သွင်းရေးရမည်။ (ဤစာပိုဒ်တွင်း မှတ်ချက်မျိုး ယခုခေတ် အသုံးနဲပြီ။)

ဆက်တွဲ ပူးတွဲ ကွင်းအထဲ

၆၆၈။ စာရွက်စာတမ်းတခုတွင် နောက်ဆက်တွဲစာတမ်း၊ ပူးတွဲစာတမ်းများ ပါနိုင်သည်။ နောက်ဆက်တွဲများကို (က) (ခ) စသည်ဖြင့် ကွင်းစ-ကွင်းပိတ်အတွင်း အက္ခရာစဉ်ဖြင့် ရေး၍ ပူးတွဲများကို (၁), (၂) စသည်ဖြင့် ကွင်းစ-ကွင်းပိတ်အတွင်း ဂဏန်းဖြင့် အမှတ်စဉ်များ ရေးရမည်။

မျဉ်းတိုရေးထုံး

နှစ်ပုဒ်စပ်ရန် မျဉ်းတိုခံ

၆၆၉။ ဟိုင်ဖင်ခေါ် မျဉ်းတို(-)ကို ပုဒ်နှစ်ခု စပ်ရာ၌ သုံးသည်။ (ထို့ကြောင့် ၎င်းကို ပုဒ်စပ်,ပုဒ်ဆက်ဟု မြန်မာအမည် ပေးထားကြသည်။)

ပုံစံ

–ပြည်-ရန်ကုန် အမြန်

–ရန်ကုန်-မော်လမြိုင် စာပို့

–ရန်ကုန် ဝိဇ္ဇာ-သိပ္ပံတက္ကသိုလ်

–မွန်-မြန်မာ အဘိဓာန်

–ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်း

–တရုပ်-မြန်မာ နယ်ခြားမှို

–ဦးဘိုးသောင်း-ဒေါ်ဒေါ်စု ကောင်းမှု

ဂဏန်းများအကြား မျဉ်းတိုထား

၆၇၀။ အက္ခရာများနှင့်ဂဏန်းများကို ခွဲခြားရန် မျဉ်းတို (–)ကို သုံးသည်။ (မျဉ်းစောင်းနှင့် အလဲအလှယ် သုံးကြသည်။)

(က) နေ့စွဲ ၅–၃–၆၈ (အသုံးများ၏)
နေ့စွဲ ၅/၃/၆၈ (အသုံးနဲ၏)

(ခ) ၄ဦ–၆ဝါး (အသုံးနဲ၏)
၄ဦ/၆ဝါး (အသုံးများ၏)

(ဂ) ပ–မ–သ–စ–၁၅၂—၇–ဂ–၇ဂ

စာ–ဂဏန်းကို မျဉ်းတိုနှင့်ခွဲ

၆၇၁။ ဂဏန်းနှင့်စာကို ခွဲခြားရန် မျဉ်းတို(–)ကို သုံးသည်။

ပုံစံ

(က) ၁၉၄ဂ–ခု၊ ဇန်နဝါရီလ ၄–ရက်၊
(ခ) မြဝတီမဂ္ဂဇင်း အတွဲ–၄၊ အမှတ်–၃၊
(ဂ) မြန်မာ့စွယ်စုံ အတွဲ–၃၊
(ဃ) လူ ၁၀–ယောက်နှင့် ကား–၅-စီး။

မှတ်ချက်။ အချို့ ပုံနှိပ်တိုက်ကြီးများက စာနှင့် ဂဏန်း အကြား ဘာမျှမထည့်ဘဲ အနည်းငယ်ခြား၍ သုံးကြသည်။ အချို့က စာအတွင်းပါသောဂဏန်းကို လက်သဲကွင်းဖြင့် ရေးသား ပုံနှိပ်ကြသည်။

ပုံစံ

လူ ၁၀ ယောက်နှင့် ကား ၅ စီး၊
လူ(၁၀)ယောက်နှင့် ကား(၅)စီး၊
မဂ္ဂဇင်း အတွဲ ၄ အမှတ် ၃၊
မဂ္ဂဇင်းအတွဲ(၄) အမှတ်(၃)။

မျဉ်းစောင်းရေထိုး(/)

အကျဉ်းချုံးလို မျဉ်းစောင်းကိုသုံး

၆၇၂။ နှစ်ခါပါသော စကားလုံးအချို့ကို ဖြုတ်၍ စကားကျဉ်းစေလိုသောအခါ မျဉ်းစောင်းကို သုံးသည်။

ပုံစံ

–သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ ထောက်ခံချက်ပါရှိရမည်။

–ပြည်နယ်/တိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးများသည် ဘက်ဆိုင်ရာပြည်နယ်/တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့များကို တာဝန်ခံ၍၄င်း၊

–တပ်ဖွဲ့မှူး/တပ်မှူး၏ စီမံချက်ကို ဆောင်ရွက်ခြင်း၊
–အမိန့်/ညွှန်ကြားချက်များ၊
–ဦးရေ/အလေးချိန်/ဂါလံ၊
–ပေးပို့သည့် ဌာန/ရုံးအမည်။

တခုရွေးရန် မျဉ်းစောင်းခံ

၆၇၃။ နှစ်ခုအနက် လိုရာတခုကိုထား၍ ကျန်တခုကို ပယ်ဖျက်ရမည့် နေရာမျိုးတွင် မျဉ်စောင်းကို သုံးသည်။

ပုံစံ

ဦး/ဒေါ်..................................ထံမှ

ပေးသွင်းသူ/ထုတ်ယူသူ အမည်

ကျောင်းသူ/သားများသို့

ကျပ်နှင့်ပြား မျဉ်းစောင်းခြားရေး

၆၇၄။ ဂဏန်းနှင့်ရေးသော ငွေ ကျပ်နှင့်ပြားကို ၎င်း၊ ပြားမရှိလျှင် ပြားနေရာရှိမျဉ်းအရှည်နှင့် ကျပ်ကို၎င်း မျဉ်းစောင်းဖြင့် ခြားကြသည်။

ငွေ ၂၀/၃၅ ပြား

ငွေ၂၀/–အထက် ကျော်လွန်သော အသုံးစရိတ်များအတွက် ၁၅-ပြားတန်တံဆိပ်ခေါင်းကပ်ရမည်။

စာ၊အမိန့်အမှတ် မျဉ်းစောင်းဖြတ်

၆၇၅။ စာအမှတ်၊ အမိန့်ကြော်ငြာစာအမှတ်စဉ်ကို မျဉ်းစောင်းဖြင့်ခြား၍ ရေးကြသည်။

ပုံစံ

–၎င်း၏ ၅–၃–၆၅ ရက် နေ့စွဲပါ စာအမှတ် ၁၅/၁/ဦး–၃

–စာအမှတ် သ သ န/၉/၇၇

–နိုင်ငံတော်ကောင်စီ၏ ကြေညာချက်အမှတ် ၅/၇၆ အရ

–ဝန်ကြီးအဖွဲ့၏ အမိန့်ကြော်ငြာစာ အမှတ် ၃/၇၇ အရ

–စာအမှတ် ၉၀၁/၁၅/သ သ န-၉

လနှင့်ထကြား မျဉ်းစောင်းထား

၆၇၆။ လက်ထောက်ဟူသောရာထူးကို အတိုအကွဲရာဖြင့် ရေးသောအခါ လ/ထဟု ရေးကြသည်။

ပုံစံ

လ/ထ ညွန်ကြားရေးမှူး
လ/ထ စာပြင်မှူးချုပ်
လ/ထ သုတေသနအရာရှိ

အပိုင်းဂဏန်းပြရန် မျဉ်းစောင်းခံ

၆၇၈။ အပိုင်းဂဏန်းတွင် မျဉ်းအစား မျဉ်းစောင်းထား၍ သုံးကြသည်။

ပုံစံ

(က) စာတကြောင်းနှင့် တကြောင်း အကြားမှာ ၃/၈ (ရှစ်ပိုင်းသုံးပိုင်း) လက်မ ရှိရမည်။

(ခ) စာပိုဒ်ခွဲ၏စာသား ပထမအက္ခရာသည် ကွင်းမှစ၍ ၃/၄ (လေးပိုင်းသုံးပိုင်း) လက်မ အကွာတွင် ရှိရမည်။

ကိုးကားမှတ်(" ") ရေးထုံး

ကိုးကားမှတ် သုံးစွဲနည်း

၆၇၉။ အခြားပုဂ္ဂိုလ်၊ အခြားကျမ်းစာအုပ်မှ စကားနှင့် စာတို့ကို မိမိရေးသောစာ၌ ကိုးကားကောက်နုတ် ထည့်သောအခါ ထို ကောက်နုတ်ကိုးကားချက်ကို ထင်ရှားစေရန် ကိုးကားမှတ်(" ")၊သို့မဟုတ် (' ')ကို အသုံးပြုကြသည်။

ကိုးကားနည်း နှစ်မျိုး

၆၈၀။ အခြားပုဂ္ဂိုလ်၊အခြားကျမ်းအဆိုကို ကိုးကားရာ၌ (က) စာပိုဒ်အတွင်း ကိုးကားခြင်းနှင့် (ခ) သီးခြားစာပိုဒ်အဖြစ် ကိုးကားခြင်းဟု နှစ်မျိုးရှိသည်။

(က) စာပိုဒ်တိုက ဆက်ကိုးပြ

၆၈၁။ တိုသော ကောက်နုတ် ကိုးကားချက်ကို စာပိုဒ်အတွင်းတွင် ကိုးကားမှတ် အတွင်း၌ ထား၍ ရေးရ၊ ပုံနှိပ်ရသည်။ စ ပိုဒ်နှင့်ကိုးကားချက် အစ၏ကြားတွင် အခြားအမှတ် (အပိုဒ်, ကော်မာ စသည်)ရှိရန် မလိုပေ။

ပုံစံ

ထို့နောက် တဖုဿ ဘလ္လိကတို့သည် ဘုရားနှင့် ကိုယ်တော်မြတ်အား အာရုံပြုလျက် "ဘုရားတပည့်တော်တို့သည် အရှင်ဘုရား၏ ဆန္ဒအတိုင်း ဆံတော်များကို တည်ထားကိုးကွယ်ရန် အပ်နှံခြင်း ခံရသောသူများ စစ်မှန်ပါက မူလပေးသနားလိုက်သော ဆံတော်များသည် ပကတိအတိုင်း ရှစ်ဆူ ပြန်၍ တည်ပါစေသား"ဟု အဓိဋ္ဌာန် ပြုလေသည်။

ထို့နောက်တွင် မင်းကြီးသည် သဘော်သို့ဆင်းလျက်"ငါသည် ဆံတော်များကို ဤသဘော်ဦးတွင်ပင် ပတ္တမြားကြုတ်ကို ဖွင့်လျက် ရှိခိုးပူဇော်အံ့"ဟု ဆို၏။

ထိုအခါ မင်းကြီးက "ဤသို့ဖြစ်လျှင် ယင်းဆံတော်လေးဆူတို့ ပျောက်ဆုံးခြင်းကို သင်တို့အဘယ်သို့ လျှောက်တင်မည်နည်း"ဟု မေးလေ၏။

မဟာဓမ္မသင်္ကြံအမတ်ကြီး ရေးသားပြုစုသော သာသနာလင်္ကာရစာတမ်း၌ "အာဒိစ္စဝံသ မြန်မာ့ဦးစွန်း မင်းအဆက်ဆက် လက်နက်နိုင်ငံဖြစ်သော သုဝဏ္ဏဘုမ္မိ တိုင်း၌လည်း အသိတဥ္စန ပေါက္ခရဝတီမြို့သား တဖုဿ ဘလ္လိက ညီနောင်ကို စွဲ၍ ဘုရားသခင်လက်ထက်တော်ကပင် သာသနာတော်မြတ်ဆင်းသက်တော်မူလာ၏" ဟူ၍ ရေးသားထားလေရာ ဤစေတီတော်မြတ်ကြီးကို အကြောင်းပြု၍ ဗုဒ္ဓဘာသာဝင်တို့ ဂုဏ်ယူဘွယ်ရာ ဖြစ်ပေသည်။

(ခ) အကိုးရှည်ကြီး သီးခြားထား

၆၇၂။ ကောက်နုတ်ချက် ကိုးကားစာပိုဒ်သည် ရှည်လျှင် (ချီကာဂိုတက္ကသိုလ် ပုံနှိပ်တိုက်လက်စွဲကျမ်းအလို လက်နှိပ်စက်ရှစ်ကြောင်း၊ ဆယ်ကြောင်းနှင့် ၎င်းအထက်ရှည်လျှင်) ကောက်နုတ်ကိုးကားချက်ကို သီးခြား ရေးသား၊ပုံနှိပ်ရသည်။ ထိုသို့ သီးခြားကိုးကားခြင်းကို အင်္ဂလိပ်လို Block quotation ဟုခေါ်၍ မြန်မာတို့က ကောက်နုတ်ချက်ဟု ခေါ်လေသည်။ ထိုအခါ အောက်ပါဥပဒေများကို လိုက်နာရမည်—

(က) စာပိုဒ်အဆုံး ကိုးကားပိုဒ်အစသည် ကြိယာအဆုံးသတ်ဝါကျဖြစ်လျှင်နှစ်ချောင်းပိုဒ်=ပုဒ်မခံ၍၎င်း၊ ဒက်ရှ်=မျဉ်းရှည်ခံ၍၎င်း ရေးရသည်။

(ခ) ကိုးကားပိုဒ်ကို—

(၁) စာသားထက်ငယ်သော စာလုံးဖြင့်၎င်း၊

(၂) စာလုံးတူကို အင်တင်း၍၎င်း၊

(၃) စာလုံးလည်းငယ် အင်လည်းတင်း၍၎င်း ရေးသား၊ ပုံနှိပ်ရသည်။

(ဂ) ကိုးကား၊ ကောက်နုတ်ချက်ကို သီးခြားရေးသား၊ ပုံနှိပ်သောအခါ ကိုးကားမှတ် (" ")ကို မသုံးရ။

(ဃ) ကိုးကား၊ ကောက်နုတ် စာပိုဒ်တခုလုံးကို အင်တင်းပြီးဖြစ်၍ အစစာကြောင်းကို အင် ထပ်မတင်းရတော့ဘဲ စာကြောင်းအားလုံး တညီတည်းထား၍ ရေးကြသည်။

ပုံစံ-၁

ရွှေမော်ဓော ရာဇဝင်သမိုင်းတွင် မပါဝင်သော အချက်အချို့ကို ရွှေလံတောင် ဆရာတော်၏ ရွှေတိဂုံသမိုင်းတော်သစ်တွင် ဤသို့ ဖော်ပြထားလေသည်။

> ဆံတော်ဓာတ်မြတ် စေတီတော် အောက်ပန်းတင်ကလပ်ခြေကို မြေအုတ်၊ ကျောက် အုတ်၊ သရွတ်၊ အင်္ဂတေတို့ဖြင့် ခင်းလုပ်၏။ မုခ်လေးမျက်နှာလည်း လုပ်၏။ တံတိုင်း ခုနစ်ထပ်၊ စောင်းတန်း လှေကား ခုနစ်ထပ်လည်း လုပ်၏။ ကမ္ဗည်းကျောက်စာနှင့် ရွှေဥမင် ကျောင်းသင်္ခမ်းအရံနှင့်တကွ ပစ္စည်းလေးပါးကို တပြိုင်နက် ပေးလှူတော်မူ၏။

ပုံစံ-၂

ထီးတော်တင်ပွဲ၏ အခမ်းအနား စည်ကားပုံမှာ ကြုံတောင့်ကြုံခဲလည်း ဖြစ်သည်။ ထို့ကြောင့် ထီးတင်ပွဲသို့ လာရောက်သူများက—

ငါတို့ မှတ်မိသည်၊ အနှစ် ခုနစ်ဆယ်အတွင်း အမရပူရမြို့တည် ဘိုးတော်ဘုရားလက်ထက် ဆဒ္ဒန်ဆင်ကို ကျုံးသွင်းသောပွဲနှင့် ဘကြီးတော်ဘုရား လက်ထက် အမရပူရမြို့ မြောက်ပြင် စေတီတော်ပွဲများမှာ လူ့တဖြစ်တွင် မမြင်ဘူးအောင် စည်ကားသည်။ ဤပွဲများလို မတွေ့နိုင်ပြီဟု အောက်မေ့မိသည်။ ယခု ထီးတင်ပွဲတော်မှာ ထိုပွဲများထက် သာ၍လူများသည်—

ဟု ပြောကြလေသည်။

ပုံစံ-၃

ထီးတော်တင်ပွဲအကြောင်းကို အိန္ဒိယအစိုးရထံသို့ တင်ပြအစီရင်ခံသော မဟာဝန်ရှင်တော်မင်းကြီး၏ စာတွင်—

ထီးတော်ကိစ္စအတွက် အုတ်အော်သောင်းသဲ ဖြစ်ရသည့်ကိစ္စမှာ လုံးဝ မပေါ် ပေါက်ခဲ့လျှင် ပိုမိုကောင်းမွန်လိမ့်မည်ဟု မဟာဝန်ရှင်တော်မင်းကြီးက ထင်မြင်ပါသည်—

ဟု ဖော်ပြပြီးနောက် အဆိုးထဲမှ အကောင်း ထွက်ပေါ်လာပုံကို ထပ်မံ ဝန်ခံထားလေသည်။

မှတ်ချက်။ ။ပုံစံ(၁)တွင် ကိုးကားချက် အဆုံးတွင် စာမဆက်တော့ဘဲ အခြား စာပိုဒ်သစ်သာ လာသဖြင့် အထူးသတိထားရန် မရှိ။ ပုံစံ (၂)၊ (၃)တွင် ကိုးကားပိုဒ်ပြီးနောက် ဟု ပြောကြလေသည့်ဟု ဖော်ပြပြီးနောက် စသဖြင့် စာသား ဆက်လာသောအခါ ကိုးကားစာပိုဒ်နှင့် တဆက်တည်း မရေးရဘဲ ပုံစံပါအတိုင်း ပလာနယ်(မာဂျင်)အထိ ရွှေ့တိုးထားရသည်ကို သတိပြုရန် ဖြစ်ပါသည်။

အဖွင့်ကမျှား အပိတ်ကား တစ်

၆၇၃။ နှစ်ခုနှင့် အထက် စာပိုဒ်များကို ကောက်နုတ်ချက်အနေ အင်တင်း၍ မဗီလျှင် စာပိုဒ်တခုစီ၏ အစတွင် ကိုးကား မှတ်အဖွင့် (တခုစီကို ထား၍ နောက်ဆုံးစာပိုဒ်အဆုံးတွင်မှ ကိုးကားမှတ် အပိတ်) ကို ထားရမည်။ ရှေ့စာပိုဒ်တခု၏ အဆုံး၌ ကိုးကားမှတ်အပိတ် မရှိရ။ (ချီ·၁၀-၂၁)

ထပ်ဆင့်ကိုးက တခုစီပြ

၆၇၄။ ကိုးကားသော စာပိုဒ်ထဲတွင် မူရင်း ကိုးကားချက်တခု ပါနေသောအခါ ထိုမူရင်းကိုးကားချက်ကို တခုချင်း ကိုးကားမှတ်အတွင်း ထား၍ ရေးရသည်။

ပုံစံ

ဆရာကြီးက သူ၏ ကျန်းမာရေး ဆောင်းပါးတွင် "ကျန်းမာရေးသည် အရေးကြီး၏။ ကျန်းမာမှသာ

လျှင် လူမှုရေး၊ ကုသိုလ်ရေးတို့ကို လုပ်ဆောင်နိုင်၏။ 'အာရောဂျံ ပရမံ လာဘံ = ကျန်းမာခြင်းသည် အကောင်းဆုံး ဆုလာဘ်ဖြစ်သည်'ဟု ဘုရားရှင် ဟော ထားသည်ကို သတိပြုသင့်ပေသည်" ဟု ဖော်ပြထား သည်။

တခုချင်း ကိုးကားမှတ်
ပုဒ်ဝိသေသ တခုချင်း အတွင်းပြ

၆၇၅။ အထူး လေးနက် ထင်ပေါ်စေလိုသော စကားလုံး များ၊ လူအမည်,စာအုပ်အမည်များ၊ အဓိပ္ပါယ်ရှင်းပြနေသည့် အထူးဝေါဟာရများကို တခုချင်းကိုးကားမှတ်'........'အတွင်း ထား၍ ရေးသား၊ ပုံနှိပ်ကြသည်။ ပုံစံတူ၍ ကိုးကားမှတ်ဟု ခေါ်ထားသော်လည်း အမှန်မှာ ကိုးကားချက် မဟုတ်။ အထူး အလေးပြု ဖော်ပြသောစကားလုံးကို ထင်ရှားစေရန်သုံးသော ဝိသေသပုဒ်ညွှန်း သင်္ကေတသာ ဖြစ်၏။

ပုံစံ

(က) 'ကရိုမီယံ'ဟူသည်မှာ ဂရိစကား 'ကရိုမာ'မှဆင်း သက်လာ၍ အရောင်ဟု အဓိပ္ပါယ်ရ၏။

(ခ) 'ကရိုရှေး' ဆိုသော စကားမှာ ပြင်သစ်စကား 'ကရော့'မှ ဆင်းသက်လာ၍ 'ချိတ်' ဟူသော အနက်ကို ဆောင်လေသည်။ (စွယ်စုံ-၁-၈၈)

(ဂ) ကရင်သြဘံများမှာ 'တကျော့မှုံပြာ' အစချီ သြဘံ နှင့် 'မြိုင်တန်းမှော်ဝေလေး' အစချီ သြဘံများ ပင် ဖြစ်သည်။

(ဃ) အမေရိကန် သာသနာပြုဆရာသည် ထားဝယ်မြို့၌ 'မိုးသောက်ကြယ်'ဟူသော စဧကာကရင် သတင်း စာတစောင်ကို ထုတ်ဝေခဲ့သည်။

(င) 'ကရမက်' ဟူသော ဝေါဟာရမှာ ပသျှူးစကား ဖြစ်သည်ဟု ဆို၏။

မှတ်ချက်။ ။ဤင်းထားသိုနည်းမှာ ဘာသာဗေဒ၊ ဒဿနိက ဗေဒနှင့် မြန်မာ့စွယ်စုံကျမ်းများတွင် အလွန် အသုံးများပေသည်။

မေးခွန်းအမှတ် (?)

၆၇၆။ မြန်မာဘာသာ စကားတွင် မေးခွန်း ဝါကျ၏ အဆုံး၌ အမေးပစ္စည်းများ(လော၊လား၊လဲ၊နည်း၊တုံး) ရှိ သည်။ ထို့ကြောင့် မြန်မာရေးထုံး အစဉ်အလာတွင် မေးခွန်း အမှတ်ကို မသုံးခဲ့ချေ၊ သို့သော် အင်္ဂလိပ်စာ မြန်မာနိုင်ငံသို့ ရောက်လာသောအခါ အမေးအမှတ်(?)ကို မြန်မာတို့သုံးလာ ကြသည်။ သို့ရာတွင် မေးခွန်းဝါကျများ၏ အဆုံး၌ အမေး ပစ္စည်းများရှိပြီးဖြစ်၍ အမြဲမသုံးဘဲ အောက်ဖော်ပြပါ နေရာ နှစ်မျိုး၌သာ သုံးကြလေသည်။

သံမြင့်မေးက မေးခွန်းမှတ်ပြ

၆၇၇။ အမေးပစ္စည်းမပါဘဲ ပြောဆိုဝါကျရိုးကို အသံ မြှင့်၍ မေးသောအခါ မေးခွန်းမှန်းသိသာရန် အမေးမှတ်ကို သုံးကြသည်။ (စကားပြောဟန်၌ အသုံးများ၏)ဘာ၊ဘယ်-

ဟူသော အမေးနာမ်စား၊ အမေးနာမဝိသေသနများ ပါတတ်၏။

ပုံစံ

သား ။ အဖေ၊ စာအုပ်ဘိုးငွေ ၃၀ဝိ ဘဲ ရတယ်။

အဖေ ။ ငွေ ဘယ်လောက်ရတယ်?

တပည့်။ ကျွန်တော်တို့ ကျောင်းက ငါးဘာသာဂုဏ်ထူး ၄-ယောက်ရတယ်။

ဆရာ ။ ငါးဘာသာ ဘယ်နှစ်ယောက်?

သား ။ ကျွန်တော် ရုပ်ရှင်သွားကြည့်ဦးမယ်။

အမေ။ ဘာပြောတယ်?

သား ။ အမေ ငွေတဆယ် ပေးပါ။

အမေ။ ငွေ တဆယ်?

အမေးမှတ်ပြ သံသယ

၆၈၈။ အကြောင်းအရာ၊အရေအတွက်တခုခုကို သံသယရှိသောအခါ၊ ဆက်လက်စုံစမ်းရန် လိုသည်ကို ပြလိုသောအခါ အမေးမှတ်ကို ပြကြသည်။

ပုံစံ

(က) လူဒီ ါးစတားသည် ၁၈၉၅- ခုနှစ်၌? ကွယ်လွယ်လေသည်။

(ခ) အမတ်ကြီး ဦးပေါ်ဦး (မြန်မာ ၁၁၂၁-၁၂၀၀)?

(ဂ) ကြွေရောင်စက္ကူ တထုပ်လျှင် ၂၅ဝိ/?

လီဒါရေးထုံး (....)

အဆက်ညွှန်းလို လီဒါကိုသုံး

၆၈၉။ အစက်ငယ် လေးစက်တန်းကို အင်္ဂလိပ်ဘာသာဖြင့်(Leader)လီဒါဟု ခေါ်၏။ ဦးဆောင်သူ၊ ခေါင်းဆောင်သူ၊ ရှေ့ဆောင်လမ်းပြသူဟု အဓိပ္ပါယ်ရ၏။ ကျမ်းစာ မာတိကာများနှင့် စာရင်းများတွင် အကြောင်းအရာနှင့် စာမျက်နှာ နံပါတ်၊ငွေအရေအတွက်သည် ဝေးနေ၍ စာဖတ်သူ၏မျက်စေ့ကို သူ့အကြောင်းအရာ၊ သူ့မျက်နှာနံပါတ် အမှန်ဖတ်မိစေရန် ဦးဆောင်ဖော်ပြသို့ လီဒါကိုသုံး၏။ လီဒါများကို တဆက်တည်းမသုံးဘဲ စာကြောင်းဆက်မိရုံမျှ ခြား၍ ခြား၍ သုံးကြ၏။ (ယခုခေတ် ပုံနှိပ်စာအုပ်များ၌ နောက်ဆုံး စာမျက်နှာနံပါတ်ရှေ့ လက်မဝက်ခန့် အကွာတွင် လီဒါတခုတည်းကို သုံးသည်မှာ လီဒါ၏ မူလလုပ်ငန်းဖြစ်သော စာကြောင်းဆက်ပေးခြင်းလုပ်ငန်း မပေါ်လွင်သဖြင့် အများလိုက်နာထိုက်သော အသုံးဟု မယူဆနိုင်ပေ။

ပုံစံ

သင်ရိုးညွှန်းတမ်းသစ်

အကြောင်းအရာ			စာမျက်နှာနံပါတ်
နိဒါန်း	....	....	(က)မှ(င)
၁။ မြန်မာဘာသာ	....	....	၁ –၄
၂။ အင်္ဂလိပ်ဘာသာ	....	....	၄ –၆
၃။ သင်္ချာ	....	....	၇–၂၉

ဘုံကထိန် ငွေစာရင်းရှင်းတမ်း

၁။ သင်္ကန်း ၂၀ စုံ		....	၂၉၀ဝိ
၂။ ဘိနပ် ၂၀ ရံ		....	၃၀ဝိ
၃။ ထီး ၂၀ လက်....		....	၄၄ဝိ

မျဉ်ပါးပြလို လီဒါကိုသုံး

၆၉၀။ စာဖြည့်ရေးရန် မျဉ်းပါးပြလိုသောအခါ လီဒါ များကို ဆက်၍သုံးကြသည်။

အမည် ....

ဂုဏ်ထူး ....

နေရပ် ....

....

စာချန်မှတ်(. . .)

တမင်ချန်လို စာချန်မှတ်သုံး

၆၉၁။ အခြားစာအုပ်တခုမှ ဝါကျစာပိုဒ်ကို ကိုးကား ရာ၌ ပုဒ်တခု၊ ပုဒ်စုတခု၊ ဝါကျတခု၊ သို့မဟုတ် စာကြောင်း အချို့ကို မလိုအပ်၍ ချန်ထားလိုသောအခါ အင်္ဂလိပ်ဘာသာ တွင် Ellipsis pointsဟု ခေါ် အစက်သုံးစက်ပါသော စာချန် မှတ်ကို ထား၍ ရေးကြသည်။ သို့သော်လည်း မြန်မာ ပုံနှိပ်သူတို့က အစက်လေးစက်ပါသော လီဒါကိုသာ သုံးကြ၏။

အမှန်မှာ စာချန်မှတ်သည် အစက် သုံးစက်သာရှိ၍ အစက် တခုနှင့်တခုလည်း လီဒါအစက်များထက် ပို၍ ဝေးသဖြင့် မတူဟု မှတ်ရပါမည်။

ပုံစံ

သုနက္ခတ်၊ သင်သည် . . . ခွေးကျင့် ကျင့်လျက် လေး ဘက်ထောက်သွားသော ကောရခတ္တိယတက္ကဒွန်းကို ချီးမွမ်း ၏။

စကြဝတေးမင်းသည် ဤသို့ မိန့်၏။ “သူ့အသက်ကိုမသတ် အပ်၊ . . . သေရည် သေရက်ကို မသောက်အပ်၊ ကောက် ခံမြဲ အခွန်အထုတ်ကိုလည်း ကောက်ခံ သုံးစွဲကြကုန်လော့” ဟု မိန့်၏။

စာကျန်များက ဆက်၍ပြ

၆၉၂။ မြန်မာ ကျောက်စာ၊ မင်စာတို့တွင် မထင်မရှား ဖတ်၍မရသော နေရာများကို ပြလိုသောအခါ စာကြောင်းရှေ သလောက် စာချန်မှတ်ကို ဆက်ပြလေ့ရှိ၏။ ပုံစံကို ကျောက် စာ ပုံနှိပ်စာအုပ်များတွင် ရှုပါ။

(၁) ထန်းပင်ထက် ပတ္တမရာ . . . .။

(၂) ပုရာလောင်ခြောက်၏ . . . .။

(၃) . . . . တိုင်အောင် ခရီးပြု၏။

အာမေဍိတ်မှတ် (!)

စိတ်လှုပ်ရှားက အာမေဍိတ်မှတ်ပြ

၆၉၃။ ကြောက်ခြင်း၊ အမျက်ထွက်ခြင်း၊ အံ့ဩခြင်း၊ အလျင်စလို ပြောခြင်း စသော အကြောင်းထူးများကြောင့် ရုတ်တရက် နှုတ်မှ မြည်တမ်း ပြောဆိုသော စကားသံကို အာမေဍိတ်ဟု ခေါ်သည်။ ထိုအာမေဍိတ်ဝါကျ၏ အဆုံးတွင် အာမေဍိတ်မှတ်(!)ကို သုံးကြ၏။

မီးဗျို့ မီး ! မီး !

သူခိုး ! သူခိုး !

မြန်မြန်တက် !

အို – ကြားရတာ စိတ်မကောင်းပါဘူး!

ဖြစ်မှဖြစ်ရလေဟယ် !

နိဂုံး

အခြေခံ သုံးမျိုးနှင့် မြန်မာသဒ္ဒါ

ပါဠိသဒ္ဒါအခြေခံ

၆၉၄။ ခရစ်ယာန် ဘာသာကို ကိုးကွယ်သော ဥရောပ နိုင်ငံနေ လူမျိုးများသည် ခရစ်ယာန်ဘာသာ ကိုးကွယ်မှုကို အကြောင်းပြု၍ ဂရိလက်တင်ဘာသာဖြင့် ရေးမှတ်ထားသော သမ္မာကျမ်းစာကို လေ့လာကြရသည်။ သမ္မာကျမ်းစာလာ တရားဓမ္မများကို နားလည်နိုင်ရေးအတွက် လက်တင် သဒ္ဒါ ကျမ်းများကို လေ့လာကြရသည်။ ထို လက်တင်သဒ္ဒါကျမ်း များကို မှီငြမ်းပြု၍ပင် သူတို့၏ တိုင်းရင်း ဘာသာစကား တိုးတက်မှုကို စီမံဖန်တီးကြရသည်။

၆၉၅။ အာရှတိုက် နိုင်ငံအများစုသည် ဗုဒ္ဓဘာသာ ကိုးကွယ်မှုကို အကြောင်းပြု၍ ပါဠိဘာသာဖြင့် ရေးမှတ် ထားသော ဗုဒ္ဓဘာသာ ပိဋကတ်တော်များကို လေ့လာ ကြရသည်။ ဗုဒ္ဓကျမ်းစာ အဆိုအမိန့်များကို နားလည် သဘောပေါက်ရေးအတွက် ပါဠိဘာသာ သဒ္ဒါကျမ်းများကို လေ့လာကြရသည်။ ထိုပါဠိသဒ္ဒါကျမ်းများကို အမှီပြု၍ပင် သူတို့၏ တိုင်းရင်းသား သဒ္ဒါကျမ်းများကို စီမံ ဖန်တီးကြ ရသည်။

အင်္ဂလိပ်သဒ္ဒါအခြေခံ

၆၉၆။ ဥရောပနိုင်ငံ လူမျိုးများက လက်တင်ဘာသာတခုတည်း၏ လွှမ်းမိုးမှုကိုသာ ခံကြရသော်လည်း အာရှနိုင်ငံနေ လူမျိုးများမှာ ဥရောပတိုက်သားတို့၏ ကိုလိုနီ အဖြစ်ကျရောက် ခံကြရပြီး ခရစ်ယန်သာသနာပြုတို့၏ ကြိုးပမ်းချက်အရ လက်တင် သဒ္ဒါကျမ်းများ(လက်တင် ဘာသာ ပုံတူကူး အင်္ဂလိပ် သဒ္ဒါကျမ်းများ)၏ လွှမ်းမိုးမှုကိုလည်း ခံကြရပြန်လေသည်။

၆၉၇။ ထို့ကြောင့် အာရှတိုက်သားတို့သည် ၎င်းတို့၏ ဘာသာဆိုင်ရာ အမျိုးသား သဒ္ဒါကျမ်းများကို ပြုသောအခါ ပထမ တွေ့ဆုံခဲ့ရသော ပါဠိသဒ္ဒါကို မှီငြမ်း ပြုရသကဲ့သို့ နောက်မှ တွေ့ကြုံရသော လက်တင်ပုံတူကူး အင်္ဂလိပ်သဒ္ဒါကျမ်းများကိုလည်း မလွှဲမရှောင်သာ မှီငြမ်းပြုကြရလေသည်။

၆၉၈။ အာရှတိုက် အပါအဝင်ဖြစ်သော မြန်မာလူမျိုးတို့သည်လည်း မြန်မာသဒ္ဒါကျမ်းများကို ပြုစုသောအခါ ပါဠိသဒ္ဒါကို မှီငြမ်း ပြုရသကဲ့သို့ အင်္ဂလိပ် သဒ္ဒါကိုလည်း မှီငြမ်း ပြုကြရလေသည်။

ဝိရောဓိဖြစ်ကြပုံ

၆၉၉။ ထိုသို့ သဒ္ဒါနှစ်မျိုးကိုမှီငြမ်းပြုရာ၌ အစဉ်အလာကို အလေးထားသော ရှေးဟောင်း ပါဠိပညာရှင်တို့ အုပ်စုနှင့် တက္ကသိုလ်ဘွဲ့ရ အင်္ဂလိပ် ပညာရှင်တို့အုပ်စု အယူအဆချင်း ဝိရောဓိ ဖြစ်ကြရလေသည်။ ပါဠိပညာရှင်တို့က နှစ်ပေါင်း

များစွာ ပါဠိသဒ္ဒါကိုမှီငြမ်းပြု၍ ရေးသားလာခဲ့ကြသည့်အစဉ်အလာအရ မြန်မာသဒ္ဒါကျမ်း ပြုစုလျှင် ပါဠိသဒ္ဒါကိုသာ မှီငြမ်း ပြုစုချင်ကြလေသည်။ တက္ကသိုလ်ဘွဲ့ရ အင်္ဂလိပ်ပညာရှင်တို့ကလည်း ကမ္ဘာနှင့် ရင်ဘောင်တန်း၍ ကမ္ဘာ့တက္ကသိုလ်များနှင့် အပြန်အလှန် ဆက်ဆံရေးအတွက် ကမ္ဘာ့တက္ကသိုလ်များတွင် အသုံးပြုလျက်ရှိသော အင်္ဂလိပ် သဒ္ဒါကျမ်းကို မှီငြမ်းပြု၍ မြန်မာသဒ္ဒါကို ပြုစုလိုကြပေသည်။

ဘာသာဗေဒနည်း

၇၀၀။ ပါဠိ အစဉ်အလာဟောင်းနှင့် အင်္ဂလိပ် အစဉ် အလာဟောင်းများကိုပယ်ရှားကာ ၁၉-ရာစုနှစ်အစပိုင်းလောက်က ပေါ်ထွန်းလာခဲ့သော ဘာသာဗေဒနည်းသစ်ဖြင့် မြန်မာသဒ္ဒါကျမ်းကို ပြုစုရေးသားလိုသော တတိယပညာရှင်တို့အုပ်စုကလည်း အရေအတွက် နဲစေကာမူ အသံကျယ်ကျယ်ဖြင့် အော်ဟစ် ကြွေးကြော်လျက်ရှိနေကြပေသည်။

မြန်မာသဒ္ဒါကျမ်းရှိသင့်ပြီ

စဉ်းစားသွယ်သွယ် ဖန်းတီးဘွယ်

၇၀၁။ ပညာရှင်အုပ်စုကြီး သုံးခုသည် မိမိတို့၏အယူအဆ မှန်ကန်ကြောင်း ခိုင်မာသော သဘောတရားနှင့် လက်တွေ့တို့ကို ပြသ နိုင်သောကြောင့် မည်သည့် ပညာရှင်အုပ်စု၏ အယူအဆကိုမျှ လုံးဝပယ်ရှား တွန်းလှန်ပစ်ရန် မလွယ်ကူပေ။ ပါဠိပညာရှင်တို့ ပြဆိုသည့်အတိုင်း ရှေးမြန်မာ့ဘိုးဘေးအစဉ်အဆက်တို့သည် ပါဠိသဒ္ဒါကို မှီငြမ်းပြုကာ ရှင်းလင်းသပ်

သည်။ ကျစ်လစ် ခိုင်မာသော မြန်မာစကားပြေကို ရေးသားနိုင်ခဲ့ သည်မှာလည်း အထင်အရှားပင် ဖြစ်နေရာ မြန်မာ့ဘိုးဘေးတို့၏ အစဉ်အလာ အမွေဟောင်းကို မပျောက်မပျက်စေဘဲ ထိန်းသိမ်းရန်မှာ ပစ္စုပ္ပန် မြန်မာ့အနွယ်ဝင်တို့၏ မလွှဲမရှောင်သာသော တာဝန်ဝတ္တရား ဖြစ်နေပေသည်။

၇၀၂။ အင်္ဂလိပ်ဘာသာသည် မြန်မာလူမျိုးတို့ကို ကျွန်ပြုအုပ်စိုးခဲ့သော အရှင်းရှင် အင်္ဂလိပ်တို့၏ဘာသာစကားဖြစ်၍ မျိုးချစ်စိတ်အနေဖြင့် ကြည့်လျှင် အင်္ဂလိပ်ဘာသာစကားနှင့် အင်္ဂလိပ်နည်းစနစ် မှန်သမျှကို ၁၉၄၈-ခုနှစ် ဇန်နဝါရီလ ၄-ရက်နေ့ကပင် မြန်မာ့မြေပေါ်မှ လုံးဝ ဖယ်ရှင်းပစ်သင့်သကဲ့သို့ ရှိ၏။ သို့ရာတွင် လွတ်လပ်သော မြန်မာနိုင်ငံသည် နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေးများအရ ကမ္ဘာ့နိုင်ငံများနှင့်ဆက်ဆံ၍ ကမ္ဘာနှင့်ရင်ဘောင်တန်းနိုင်ရေးအတွက် ကမ္ဘာသုံး ဘာသာစကား၏နေရာကို ရယူထားသော အင်္ဂလိပ်ဘာသာစကားကို မလွှဲမရှောင်သာ သင်ယူနေကြရသဖြင့် အင်္ဂလိပ်တို့၏ ဝါစင်္ဂရှစ်ပါး အခြေခံသော သဒ္ဒါနည်းများကိုလည်း လုံးဝစွန့်လွှတ်ရန် မဖြစ်နိုင်သေးပေ။

၇၀၃။ ၎င်းပြင် ၁၇-ရာစု အစပိုင်းမှ ကမ္ဘာ့ဘာသာ တခုနှင့်တခု နှိုင်းယှဉ်လေ့လာရာမှ ဘာသာဗေဒခေါ် သိပ္ပံပညာတရပ် ပေါ်ထွန်းလာခဲ့သည်။ တိုးတက်သော နိုင်ငံကြီးများသည် မိမိတို့အမျိုးသားဆိုင်ရာ ဘာသာစကားကို ဘာသာဗေဒနည်းကျ ပြုပြင် ပြောင်းလဲရန် ကြိုးစားနေကြသည်။ ကမ္ဘာနှင့်ရင်ဘောင်တန်း လိုက်ရန် ကြိုးပမ်းလျက်ရှိသော မြန်မာနိုင်ငံသည်လည်း မြန်မာဘာသာစကားကို ဘာသာ

ဗေဒနည်းဖြင့် တိုးတက်အောင် ပြုပြင်ရန်လည်း ကြိုးစားရမည်သာ ဖြစ်သည်။

ပုံတူကူးယူ၍ မဖြစ်နိုင်

၇၀၄။ မြန်မာသဒ္ဒါကျမ်းကို ပြုစုရာ၌ အစဉ်အလာ ကြီးသုံးခုစလုံးသည် သူ့အကြောင်းနှင့်သူ မှီငြမ်းမပြုလျှင် မဖြစ်နိုင်လောက်အောင် ဆက်စပ်နေ၏။ သို့ရာတွင် အစဉ်အလာ သုံးခုတို့သည် တခုနှင့်တခု သဘာဝချင်းကား မတူကြချေ။ ဥရောပတိုက်တွင် စတင် ထွန်းကားခဲ့သော အင်္ဂလိပ်ဘာသာနှင့် အာရှတိုက် အိန္ဒိယပြည်တွင် ထွန်းကားခဲ့သော ပါဠိဘာသာတို့သည်လည်း သဘာဝချင်း မတူကြချေ။

၇၀၅။ တဖန် မှီငြမ်းပြုခံမည့် ပါဠိ၊ အင်္ဂလိပ်တို့သည် အင်ဒို ဥရောပအနွယ်ဝင်ဖြစ်၍ မြန်မာဘာသာသည် တိဗက်အနွယ်ဝင် ဖြစ်နေပြန်ပေသည်။ ထို့ကြောင့် မြန်မာဘာသာသည် အင်္ဂလိပ်၊ ပါဠိတို့ကို တိုက်ရိုက်ပုံတူ မှီငြမ်းပြုရန် မဖြစ်နိုင်ပေ။ တိုက်ရိုက်မှီငြမ်းပြု၍ မရလျှင် သဘာဝချင်း နီးစပ်သလောက် အစိတ်အပိုင်းအားဖြင့် သာ မှီငြမ်း ပြုနိုင်မည် ဖြစ်ပေသည်။

ရှိပြီးမြန်မာသဒ္ဒါကျမ်း

၇၀၆။ သို့ရာတွင် အစောပိုင်း သဒ္ဒါဆရာများက "သဒ္ဒါမှန်သမျှ အတူတူချည်းသာဖြစ်သည်"ဟူသော ခံယူချက်အရ မြန်မာသဒ္ဒါအဘွက် မလိုအပ်သော ပါဠိသဒ္ဒါ၊ အင်္ဂလိပ်သဒ္ဒါနည်းများကို မြန်မာသဒ္ဒါတွင်းသို့ သွတ်သွင်းခဲ့ ကြသည်။

ဤနည်းသစ်မြန်မာသဒ္ဒါကျမ်း

၇၁၇။ ဘာသာဗေဒ ထွန်းကား လာသောအခါ ဘာသာ စကားတိုင်းမှာ ကိုယ်ပိုင်သဒ္ဒါနည်းများ ရှိကြောင်း ဖော်ထုတ် ပြသနိုင်ကြပြီဖြစ်ရာ မြန်မာသဒ္ဒါအတွက် မလိုအပ်သော ပါဠိသဒ္ဒါနည်းများ, အင်္ဂလိပ်သဒ္ဒါနည်းများကို ပယ်ထုတ်၍၎င်း၊ အင်္ဂလိပ်, ပါဠိသဒ္ဒါကျမ်းတို့၌ မပါ မြန်မာဘာသာ အတွက် လိုအပ်သော သဒ္ဒါ အချက်အလက်များကို မြန်မာစကား, မြန်မာစာပေ အရေးအသားများမှ ထုတ်နှုတ် ထည့်သွင်း၍ ၎င်း ဤ နည်းသစ်မြန်မာသဒ္ဒါကျမ်းကို ပြုစုထားပါသည်။

၇၁၈။ ဝါစင် ၉-ပါးကို အခြေခံ၍ မြန်မာဆံဆံ တီထွင်ပြုစုထားသော ဤ နည်းသစ်မြန်မာသဒ္ဒါကျမ်းသည် ပြီးပြည့်စုံသော စာအုပ်မဟုတ်စေကာမူ မြန်မာစာ,မြန်မာစကား တည်ဆောက်မှု အားလုံးကို ဖြေရှင်းနိုင် လောက်အောင် ပြည့်စုံသည်ဟူ၍ကား ယုံကြည်ရပေသည်။

တယူသန်က အမှန်မရ

၇၀၉။ အစဉ်အလာအားဖြင့် မြန်မာသဒ္ဒါကျမ်းများတွင် ပါဝင် ဖော်ပြလေ့ရှိသော အကြောင်းအရာများကို ချန်လှပ်ထားခြင်းနှင့် ယခင် သဒ္ဒါကျမ်းများက မပြဘူးသေးသည့် သဒ္ဒါနည်းအသစ်များ ထည့်ထားခြင်းကို မကြိုက်မနှစ်သက်ကြ၍ ကန့်ကွက်လိုသူများ ရှိမည်ကို ကြိုတင် သိထားပါသည်။ ပါဠိနည်းသန်သူတို့က အင်္ဂလိပ်နည်း ,ဘာသာဗေဒနည်းများကို၎င်း၊ ဘာသာဗေဒသန်သူတို့က အင်္ဂလိပ်နည်း, ပါဠိနည်းများကို မကြိုက်မနှစ်သက် ကန့်ကွက် လိုကြမည်ကိုလည်း ကြိုတင် သိထားပါသည်။

ကောင်းမွန်မှုသာ ပဓာန

၇၁၀။ သို့ရာတွင် ကာလ၊ ဒေသ အခြေအနေများအရ အစဉ်အလာ သဒ္ဒါနည်း သုံးမျိုးအနက် အပြတ်ပုံတူကူးယူခြင်းထက် နည်းသုံးနည်း တို့တွင် မြန်မာစကား, မြန်မာစာကို ရှင်းလင်းလွယ်ကူ ကျစ်လစ်သိပ်သည်းစွာ ပြောဆိုရေးသားမှုအတွက် အထောက်အကူ ပြုနိုင်မည့် နည်းများကို မဇ္ဈိမပဋိပဒါနည်းအရ ကောက်နှုတ် စုပေါင်း၍၎င်း၊ အထက်ပါ သုံးနည်းတို့တွင် မပါဝင်သေးသော မြန်မာပိုင် ဝိသေသသဒ္ဒါနည်းများကို မြန်မာ့ကျမ်းဂန်,မြန်မာ့စကားများမှ စံနစ်တကျ လေ့လာ ,စိစစ်, ထုတ်နှုတ်, ဖြည့်စွက်၍၎င်း ပြုစုအပ်သော နည်းသစ်မြန်မာသဒ္ဒါသည် ၁၉၇၄-ခုနှစ်၊စက်တင်ဘာလ ၂၇-ရက်နေ့ နံနက် ၉-နာရီအချိန်တွင် ပြီးစီးအောင်မြင်ပါသည်။

ပတ္ထနာ

၇၁၁။ မိမိကြိုက်·မကြိုက်ဟူသော ပေတံဖြင့် မတိုင်းဘဲ မြန်မာဘာသာစကား တိုးတက်ရေးအတွက် အထောက်အကူ ပြု·မပြုဟူသော ပေတံဖြင့်သာ တိုင်းတာကြရန် ဖြစ်ပါသည်။ အထောက်အကူ မပြုသည့် အချက်ပိုများကို ထုတ်ပယ်၍ အထောက်အကူပြုနိုင်သည့် လိုနေသော အချက်များကို ဖြည့်စွက်ကာ တဆင့်ထက် တဆင့် တိုးတက် ကောင်းမွန်သော မြန်မာသဒ္ဒါကျမ်းများ ပေါ်ထွက်လာပါစေ ဟူသော ပတ္ထနာစကားဖြင့် နိဂုံးချုပ်အပ်ပါသတည်း။

PDF CREATOR - NYEYADHAMMA@GMAIL.COM

နောက်ဆက်တွဲ (က)

စာပြင်အမှတ်လက္ခဏာများ

စာရေးတတ်သူတိုင်း စာပြင်တတ်ရန် လို၏။ ရုံးအမှုထမ်းသည် အကြမ်းအမှုတွဲကို အရာရှိထံ တင်ပြရ၏။ အရာရှိက စာအနေအထား အစိပ်အကျဲ၊ ရှေ့-နောက် အထက်-အောက် အစိပ်အကျဲနှင့် စာအနေအထား ပုံစံမကျသည်ကို ကျအောင် ပြင်ပေးရ၏။ (ရုံးအခေါ် အားဖြင့်S.D.မကျသည်ကိုကျအောင် ပြင်သည်ဟု ခေါ် ၏။) ထိုသို့ပြင်ရာ၌ စာပြင်လက္ခဏာများဖြင့် ပြင်ရသဖြင့် အရာရှိသည်စာပြင်အမှတ်ကို သိဘို့လို၏၊ ထို့ပြင် အရာရှိက ဘာပြင်ခိုင်းသည်ကို သိရန်၊ ခိုင်းသည့်အတိုင်း ပြင်ပေးနိုင်ရန် ရုံးဝန်ထမ်းများလည်း စာပြင်အမှတ်လက္ခဏာများကို သိထားရန်လို၏။ ထိုသို့လိုသောကြောင့် အစိုးရဌာနက အရာရှိများသို့ပေးသော နေ့စဉ်မှတ်တမ်း ဒိုင်ယာရီများတွင် စာပြင်အမှတ်လက္ခဏာများ ထည့်သွင်း ရိုက်နှိပ်ပေးလေ့ရှိ၏။

စာအုပ်ရေးသူအချို့သည် မိမိစာအုပ်ပုံနှိပ်လျှင် ပရူများကို ပြင်ရ၏။ စာစီသမားများက ထိုပြင်ချက်အတိုင်း ပြင်ပေးရ၏။ ထို့ကြောင့် ပုံနှိပ်အလုပ်သမား များသာမက စာရေးသူများလည်း စာပြင်အမှတ်များကို သိထားရန်လို၏။ သဒ္ဒါဟူသည် စာ ရေး့ဖတ်နည်း အတတ်ပညာဖြစ်၍ စာရေးတတ်သူများ သိထိုက်သော စာပြင်အမှတ်လက္ခဏာကို ဤနည်းသစ်သဒ္ဒါ၏ နောက်ဆက်တွဲ က-တွင် ဖော်ပြလိုက်ပါသည်။

စာပြင်လက္ခဏာများ

အဓိပ္ပါယ်ဖော်ပြချက် — **အမှတ်အသားများ** — **အဓိပ္ပါယ်ဖော်ပြချက်**



စာလုံးထပ်ထဲ့
တက်စပေ့ နှိပ်ချ
စာကြောင်းအလယ်ထား
စာလုံးဖြု မဲလဲ
အောက်စာလုံးထဲ့
အပေါ်စာကြောင်းဆုံးပို့
စာလုံးချင်းပူးထား
အထက်အောက်စာလုံးလွှဲ
မထင်ရှားစာလုံး, စပ်စာလုံးများလဲ
စာလုံးချင်းခွဲ
အပေါ်စာလုံးထဲ့
အင်တင်းပါ, အတွင်းသွင်းပါ
ပို့င့်-မျိုး-တူစာလုံးထဲ့
ကျစာ့ကျန်စာ ထဲ့
စာကြောင်းချင်းဆက်
စာကြောင်းရှေ့တိုး

စာလုံးထုတ်ပစ်
စာလုံးမဲ ဖြူ လဲ
ရှေ့စာမျက်နှာရှေ့
စာကြောင်းချင်းခွဲ
စာလုံးလဲထဲ့
စာလုံးထုတ်ပြီးပူး
စာကြောင်းညှိ
ဘေးတိုက်ညှိ
စာကြောင်းချင်းပူး
စာလုံးပြောင်းပြန်လှဲ
အောက်စာကြောင်းထိပ်ပို့
စာပိုဒ်အသစ်လုပ်
နောက်စာမျက်နှာပို့
စာလုံးရှေ့နောက်လွှဲ
အထဲသွင်းပါ, အင်တင်းပါ၊
စာကြောင်းနောက်ရွှေ့
မပြင်နဲ့

အပေါ်စာလုံးများ အလယ်စာလုံးများ အောက်စာလုံးများ
ငေ. ၁ ၁ ၁ ၊ * ထ-ကျ-ကွ-စသည် , .

PDF CREATOR - NYEYADHAMMA@GMAIL.COM

စာပြင်ရန် ပရူ

ကျွန် ရှိခိုသည်။ ။ကောင်းးကျိုး
ခပ်သိမ်း။ပြည့်စေသောဝ်။

သတ္တဋ္ဌာနဘုရားရှိခိုး ပြီး၏။

ခုနစ်နေ့ဘုရားရှိခိုး
သုံးလူရှင်ပင်၊ ကျွန့်ထိတ်
တင်၊ သောင်းခွင် စကြာဝဠာ၊ နတ်
ဗြ ဟ္မာတို့၊ ညီညာရုံးစု၊ တောင်း

စို မှုကြောင့်၊ ရတုနဂို၊ ရွှန်းရွှန်း
ပန် သည့်၊ ဝါဆိုလပြည့်[၁]၊ ကြွက်ဂင်း
နေ့ဝယ်၊ ချမ်းမြေ့ ကြည်ဖြူ၊ သ
နွေယူသည်။ ။နတ်လူ ငြိမ်းဘို့ ကိန်း
ပါကို။ [ကြာသပတေးနေ့] သနွေယူ
ကာ၊ဆယ်လကြာသော်၊မဟာက္ကသရာဇ်၊
ခြောက်ဆယ့် ရှစ် ကြုံ၊ ကဆုန် လပြည့်[၂]၊
သောကြာနေ့ဝယ်၊ လုမ္ဗိနီဥ်၊
မဟီလှိုက်ဆူ၊

၁, ၃။ မြွေဟုဖတ်။ ၂။ ခိုင်ညွန့်ခက်ဖြာ ချနည်း။

စာပြင်ထားသော ပရူ

မာဂျင်မှ | စာသားထဲမှ | မာဂျင်မှ



၁, ၃။ မြွေဟုဖတ်။ ၂။ ခိုင်ညွန့်ခက်ဖြာ ချနည်း။

စာပြင်ပြီး ပဍ

ကျွန်ရှိခိုးသည်။ ။ကောင်းကျိုး
ခပ်သိမ်း ပြည့်စေသောဝ်။
သတ္တဌာနဘုရားရှိခိုး ပြီး၏။

ခုနစ်နေ့ဘုရားရှိခိုး

သုံးလူ့ရှင်ပင်၊ ကျွန့်တိပ်တင်၊
သောင်းခွင် စကြဝဠာ၊ နတ်
ဗြဟ္မာတို့၊ ညီညာရှုံးစု၊ တောင်း
ပန်မှုကြောင့်၊ ရတုနဂို၊ ရွှန်းရွှန်း
စိုသည့်၊ ဝါဆိုလပြည့်^၁^၊ ကြွက်မင်း
နေ့ဝယ်၊ ချမ်း မြေ့ ကြည်ဖြူ၊
သန္ဓေယူသည်။ ။နတ်လူငြိမ်းဘို့
ကိန်းပါကို။ [ကြာသပတေးနေ့]

၁။ မြေ့-ဟုဖတ်။ ၂။ ခိုင်ညွန့်ခက်ဖြာ ချနည်း။

သန္ဓေ ယူကာ၊ ဆယ်လ
ကြာသော်၊ မဟာသက္ကရာဇ်၊
ခြောက်ဆယ့်ရှစ် ကြုံ၊ ကဆုန်
လပြည့်၊ သောကြာနေ့ဝယ်၊ ချမ်း
မြေ့ စုံစီ၊ လုမ္ဗိနီ၌၊ မဟီလှိုက်ဆူ၊

နောက်ဆက်တွဲ(ခ)

ရှုံးစာရေးနည်း

သဒ္ဒါဟူသည် အများလက်ခံသော ပုံစံဖြင့် ပြောဆို၊ရေးသား၊ပုံနှိပ်နည်း စည်းကမ်းများပင်ဖြစ်သည်။ရုံးဝန်ထမ်းများသည် ဌာနအတွင်း အချင်းချင်းဆက်သွယ်ရာ၌ရှင်း၊ အခြားရုံးများနှင့် ဆက်သွယ်ရာ၌ရှင်း မှတ်တမ်း အခိုင်အမာ ဖြစ်စေရန် စာဖြင့် ရေးသား ဆက်သွယ်ရသည်။ စာစီစာကုံး၊ ပေးစာ၊ ပြန်စာ ရေးရာတို့၌ ကျောင်းသားများ လိုက်နာရသော ကျောင်းသားသဒ္ဒါရှိသကဲ့သို့ ရုံးဝန်ထမ်းများ ရုံးစာရေးသားရာ၌ ရုံးဝန်ထမ်းအများစု လိုက်နာကျင့်သုံးရသော၊ သို့မဟုတ် အုပ်ချုပ်ရေးအာဏာပိုင်တို့က သတ်မှတ်ပြဋ္ဌာန်းပေးထားသော ရုံးသုံးသဒ္ဒါနည်းများ ရှိလေသည်။ထို့ကြောင့် ရုံးဝန်ထမ်းများ သိသင့်သိထိုက်သော ရုံးစာရေးသားနည်းများ၊ ရုံးသဒ္ဒါများကို နောက်ဆက်တွဲ(ခ)အဖြစ် ဖော်ပြလိုက်ပါသည်။

ရုံးစာရေးနည်းဆိုသည်မှာ ရှင်းလင်းရမည်၊ အဓိပ္ပါယ်ပေါ်လွင်ရမည်၊ စာဖတ်သူအား အချိန် အနည်းငယ်အတွင်း သဘောပေါက် နားလည်စေနိုင်ရမည်။ ရုံးစာရေးသည့်အခါ တိုတောင်းရှင်းလင်း၍ တိကျပြတ်သားရမည့်ပြင် အစီအစဉ်ကျ၍ သတ်မှတ်ထားသောစည်းကမ်းစနစ်များနှင့်ညီညွတ်ရန်လည်း လိုအပ်ပါသည်။

နိဒါန်း၊ စာကိုယ်၊ နိဂုံး

ရုံးစာ ရေးသားရာတွင် စကားပြေရေးနည်းအပိုင်း၌ ပြခဲ့သည့်အတိုင်း အဖွင့် နိဒါန်း၊ စာကိုယ်နှင့်နိဂုံးဟု အပိုင်း သုံး

ပိုင်းပါအောင် ရေးရသည်။(အပိုဒ် ၅၄၈-၅၅၁-ကို ဖတ်ရှုလေ့လာ မှတ်သားပါ။)

အပိုဒ်ခွဲရေးပါ

စာပိုဒ်ဖွဲ့နည်းအပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း ဆိုလိုရင်း ရှင်းလင်းပေါ်လွင်မှု လိုအပ်ပါက စာပိုဒ်၊ စာပိုဒ်ခွဲ၊ စာပိုဒ်ခွဲငယ်၊ စာပိုဒ်ခွဲငယ်စိတ်အထိ ခွဲခြား ရေးသားရသည်။(စာပိုဒ် ၅၃၂-၅၃၄-တို့ကို ဖတ်ရှုလေ့လာစေလိုပါသည်။)

ခေါင်းစဉ်တပ်ပါ

မိမိရေးသားဖော်ပြသော အရာကို စာဖတ်သူ ရှင်းလင်းစွာ သိမြင် နားလည်လွယ်စေရန် စာပိုဒ်များတွင် ခေါင်းစဉ်အမျိုးမျိုးတို့ကိုလည်း တပ်ပေးရမည်။ (ခေါင်းစဉ်ဆိုင်ရာ သိမှတ်ဖွယ်ရာတို့ကို စာပိုဒ် ၅၈၈-၅၉၄-တို့တွင် အသေးစိတ်ပြထားသည်။)

စာပိုဒ်နံပါတ် တပ်ပါ

အတွင်းစာ (ဒီ-အို)နှင့် ကိုယ်ရေးစာများမှ တပါး ရုံးစာများတွင် စာပိုဒ်များကို ရည်ညွှန်းကိုးကားနိုင်ရန် အတွက် တပိုဒ်ထက်ပိုသော စာပိုဒ်များကို စာပိုဒ်နံပါတ် တပ်ပေးရမည်။ အတွင်းစာ (ဒီအိုစာ)နှင့် ကိုယ်ရေးစာများမှာ ရည်ညွှန်းဖော်ပြရန် မလိုသောကြောင့် စာပိုဒ်နံပါတ်တပ်ရန် မလိုပါ။

စာပိုဒ်နံပါတ်ကို လက်ဝဲကွက်လပ်(မာဂျင်)နှင့်ကပ်၍ တပ်ရမည်။ စာပိုဒ်ခွဲ၊ စာပိုဒ်ခွဲငယ်၊ စာပိုဒ်ခွဲငယ်စိတ်တို့၏

အမှတ်စဉ် ကွင်းစသည် အထက် စာပိုဒ်၊ စာပိုဒ်ခွဲ၊ စာပိုဒ်ခွဲငယ်တို့၏ စာပိုဒ်အစစာလုံးနှင့် တည့်တည့် ရှိရမည်။

စာပိုဒ် စ-နည်းနှင့် အောက်စာကြောင်းဆက်နည်း

စာပိုဒ်ခေါင်းစဉ်၊ သို့မဟုတ် စာပိုဒ်အစ စာလုံးသည် စာပိုဒ်နံပါတ်၏ ပထမ ဂဏန်းမှ တလက်မအကွာတွင် ရှိရမည်။ အောက်စာကြောင်းများကို လက်ဝဲကွက်လပ်နှင့် ထိ၍ (စာပိုဒ်နံပါတ် ပထမဂဏန်းအောက်မှ စ၍) ရေးရမည်။ စာပိုဒ်ခွဲ၊ စာပိုဒ်ခွဲငယ်၊ စာပိုဒ်ခွဲငယ်စိတ်တို့၏ ခေါင်းစဉ်၊ သို့မဟုတ် စာသား အစ စာလုံးသည် ၎င်း၏အမှတ်စဉ် ကွင်းစမှ ဥလက်မ အကွာတွင် ရှိရမည်။ အောက်စာကြောင်းများကို အပေါ်စာကြောင်းအစနှင့်အညီ ရေးရမည်။

စာပိုဒ်ခွဲများရေးပုံ ပုံစံ

၁။ ရုံးစာ ရေးသားရာတွင်.... ....
....။
(က) ....
....။
(ခ) ....
....။
(၁).... ....
....။
(ကက).... ....
....။

အထားအသို အကွာအဝေးများ

(က) စာရွက်ထိပ်မှအကွာ

(၁) စာရွက်ထိပ်မှ စာရေးသည့်နေရာ၊သို့မဟုတ် ပေးပို့သူ၏ ရုံး၊ဌာနအမည်သည် စာရွက်ထိပ်မှ ၁ ၁/၄လက်မ (လက်နှိပ်စက် ၄-ကြောင်း) အကွာတွင် ရှိရမည်။

(၂) စာမျက်နှာနံပါတ် မပါခဲ့သော် လုံခြုံမှုအဆင့်အတန်း (ထိပ်တန်းလျှို့ဝှက်, လျှို့ဝှက် ကန့်သတ်) ကို စာရွက်ထိပ်မှ ၁/၈လက်မ (လက်နှိပ်စက် ၂-ကြောင်း)အကွာ အလယ်ဗဟိုတွင် အောက်မှ မျဉ်းသား၍ ရေးရမည်။

(၃) စာမျက်နှာနံပါတ် ပါခဲ့သော် လုံခြုံမှုအဆင့်အတန်းကို စာရွက်ထိပ်မှ ၁/၂လက်မ (လက်နှိပ်စက် တကြောင်းခွဲ)အကွာတွင် အောက်မှ မျဉ်းသား၍ ရေးရမည်။ စာမျက်နှာနံပါတ်သည် လုံခြုံမှုအဆင့်အတန်း၏ အောက် ၃/၈လက်မ (လက်နှိပ်စက် တကြောင်း)အကွာတွင် ရှိရမည်။စာစတင်ရေးသားသောနေရာသည် စာမျက်နှာ နံပါတ်အောက် ၁/၂ လက်မ(လက်နှိပ်စက် တကြောင်းခွဲ)တွင် ရှိရမည်။

(၄) ဦးစားပေးအဆင့် ပါခဲ့လျှင် လုံခြုံမှုအဆင့်အတန်းနှင့် တတန်းတည်း လကျ်ာဘက်ဒေါင့်တွင် ရှိရမည်။ အောက်မှ မျဉ်းမသားရ။

(ခ) စာရွက်ဘေးကွက်လပ်

(၁) စာရွက်၏ လက်ဝဲဘက်တွင် ဘေးကွက်လပ် (မာဂျင်)ကို ၁ ၁/၂လက်မ ထားရှိရမည်။

(၂) လကျ်ာဘက် ကွက်လပ် (မာဂျင်)ကို မည်မျှဟု မသတ်မှတ်ကြသော်လည်း အနဲဆုံး လက်မဝက်ခန့် ထားရှိသင့်သည်။

(ဂ) စာရွက်၏ အောက်ဖက်ကွက်လပ်

(၁) စာရွက်၏ အောက်ဖက် အကျန်ကို အနည်းဆုံး ၁-လက်မ (လက်နှိပ်စက် ၃-ကြောင်း)ထားရှိရမည်။

(၂) လုံခြုံမှုအဆင့်အတန်းပါလျှင် စာသား၏အောက် ၁/၂လက်မအကွာ အလယ်ဗဟိုတွင် မျဉ်းသား၍ ရေးရမည်။

(ဃ) ခေါင်းစဉ်ကြီးနှင့် ခေါင်းစဉ် အကွာအဝေး

(၁) ခေါင်းစဉ်ကြီးနှင့် ခေါင်းစဉ်အကြား၊

(၂) စာပိုဒ် အဆုံးကြောင်းနှင့် အောက်ခေါင်းစဉ် အကြား-တွင် ၁/၈ လက်မ (လက်နှိပ်စက် ၂-ကြောင်း) ထားရှိရမည်။

(င) ခေါင်းစဉ်နှင့် စာသားအကွာအဝေး

(၁) ခေါင်းစဉ်နှင့် အစုခေါင်းစဉ်၊

(၂) ခေါင်းစဉ်နှင့် ရည်ညွှန်းချက်၊ သို့မဟုတ် ခေါင်းစဉ်နှင့် စာသား၊

(၃) ရည်ညွှန်းချက်နှင့် အစုခေါင်းစဉ်၊

(၄) ခေါင်းစဉ်နှင့်အောက်စာသား အကြားကို ၁/၄လက်မ (လက်နှိပ်စက်တကြောင်းခွဲ)ထားရှိရမည်။

(စ) စာသားအတွင်း အကွာအဝေး

(၁) အစုခေါင်းစဉ်နှင့် စာသားအကြားတွင်ရှင်း၊

(၂) စာပိုဒ် တပိုဒ်နှင့် တပိုဒ်၊ စာသားနှင့် စာပိုဒ်ခွဲ၊ စာပိုဒ်ခွဲငယ်၊ စာပိုဒ်ခွဲငယ်စိတ်တို့ အကြားတွင်ရှင်း ၁/၂လက်မ (လက်နှိပ်စက် ၅ ထစ်)ခြား ထားရမည်။

(၃) စာတကြောင်းနှင့် တကြောင်းကို ၂/၃လက်မ (လက်နှိပ်စက် ၄-ထစ်စာ)ခြားထားရမည်။

စာမျက်နှာနံပါတ် တပ်ခြင်း

(က) စာမျက်နှာ နံပါတ်ကို ပထမစာရွက်၌ မတပ်ရ။ ဒုတိယစာရွက်မှစ၍ စာရွက်ထိပ် အလယ်ဗဟိုတွင် ၂-၃-၄ စသည်ဖြင့် တပ်ရသည်။

(ခ) လုံခြုံမှု အဆင့်၊ ဦးစားပေး အဆင့်တို့ ပါလျှင် ၎င်းတို့ အောက်စာကြောင်းတွင်မှ စာမျက်နှာ နံပါတ်ကို တပ်ရမည်။

(ဂ) နောက်ဆက်တွဲများ၊ ပူးတွဲများပါလျှင် စာမျက်နှာအမှတ်စဉ်များ တဆက်တည်း တပ်ရမည်။

မျဉ်းသားခြင်း

ရုံးစာ ရေးသောအခါ၊ လက်နှိပ်စက် ရိုက်သောအခါ ခေါင်းစဉ်များ၊ လုံခြုံရေး အဆင့်များ၊ အကြောင်းအရာ ဟူသော စာလုံး နောက်မှ စာများကို အောက်မှ မျဉ်းသားပြရမည်။ (ပုံနှိပ်စာလုံးတွင် စာလုံးမဲဖြင့်နှိပ်နိုင်သဖြင့် မျဉ်းသားရန်မလိုပေ။)

ရုံးစာအမျိုးမျိုး

အသုံးများသော စာပေးစာယူ အမျိုးအစား အချို့မှာ အောက်ပါအတိုင်းဖြစ်သည်—

(က) အမှာစာ (Memorandum)

(ခ) အတွင်းစာ (Demi-official letter)

(ဂ) ကိုယ်ရေးစာ (Personal letter)

(ဃ) ရုံးတွင်းပေးစာ (Unofficial letter Note)

(င) သာမန်ရုံးစာ (Routine letter)

(က) အမှာစာ

အမှာစာ ဆိုသည်မှာ အစိုးရအဖွဲ့ ဝန်ကြီး ဌာနများနှင့် ဦးစီးဌာနအဆင့်ရှိ ရုံးများ အချင်းချင်း ဆက်သွယ်ရာ၌ ရေးသားသည့် စာမျိုး ဖြစ်သည်။ ရေးသားရာ၌ အောက်ပါ ဥပဒေသများကို လိုက်နာရသည်—

(၁) စာ၏ လုံခြုံမှု အဆင့်အတန်း၊ ဦးစားပေး အဆင့်အတန်းများကို အထားအသိုပိုင်းတွင် ပြသည့်အတိုင်း ရေးရသည်။

(၂) ဌာန၊ရုံးအမည်ကို စာ၏အလယ်ဗဟိုတွင်ရေးရမည်။ ဌာန၊ရုံးအမည်သည် စာတကြောင်းထက်ပိုနေပါက နောက်တကြောင်းကို အလယ်ညီရေးရမည်။ ဌာန၊ ရုံး တည်နေရာကို ရေးရန် မလိုပေ။

(၃) ဌာန၊ရုံးအမည်အောက်လက်ျာဘက်တွင် စာအမှတ်နှင့် နေ့စွဲကို တကြောင်းစီ ရေးရမည်။ စာအမှတ်၊ နေ့စွဲ စာလုံးများနောက်တွင် တချောင်းပိုဒ် ထည့်ရ၍ နေ့စွဲကို အရှည်ရေးရမည်။ (ဥပမာ ၁၉၇၁-ခု၊ စက်တင်ဘာလ... ရက်)လက်မှတ်ရေးထိုးသူ အရာရှိက ဖြည့်ရန် နေ့စွဲတွင် ရက်ကို ချန်၍ ရေးရမည်။

(၄) နေ့စွဲအောက် ၁/၂-လက်မအကွာ စာ၏ဗဟိုတွင် အမှာစာ ဟူသောစာလုံးကို အောက်မှ မျဉ်းမသားဘဲ ရေးရမည်။ (အမှာစာ-ဟူသောစာလုံးကို ယခုအခါ မရေးဘဲလည်း ထားကြသည်။) အမှာစာ စာလုံး အောက်၊ သို့မဟုတ် နေ့စွဲအောက် ၁/၂-လက်မအကွာ လက်ဝဲကွက်လပ် (မာဂျင်)ကို ထိလျက် "သို့" နှင့် ၎င်းအောက် စာကြောင်း ကွက်လပ်မှ ၁/၂-လက်မ အကွာတွင် ပေးပို့ရန် လိပ်စာ နာမည်နှင့် ရာထူး အဆင့်၊သို့မဟုတ် ရာထူးအဆင့်နှင့် ရုံး၊ဌာနအမည် တို့ကို ရေးရမည်။ (ပေးပို့ရန် လိပ်စာကို စာ၏ အောက်ပိုင်း လက်မှတ်ရေးထိုးသူ၏ အမည်၊ရာထူး အောက် လက်ဝဲကွက်လပ်ထိလျက်လည်း ရေးကြ သည်။)

(၅) လိပ်စာအောက်ဆုံး စာကြောင်းအောက် ၁/၂-လက်မ အကွာတွင် ကွက်လပ်နှင့်ကပ်လျက်အကြောင်းအရာ ဟူသောစာလုံးကို အဆုံးက ပုဒ်မ-ခံ၍ ရေးရမည်။ ပုဒ်မနောက် ၁/၄-လက်မအကွာတွင် စရေးရမည်။ နောက်စာကြောင်းများကို ပထမစာကြောင်းနှင့် အညီ ရေးရမည်။ စာကြောင်းများ အောက်က မျဉ်းသားရမည်။ အဆုံးတွင် ပုဒ်မ မထားရ။

(၆) ၎င်းအောက် ၁/၂-လက်မအကွာတွင် ရည်ညွှန်းချက် (ရှိလျှင်)လက်ဝဲကွက်လပ်နှင့်ကပ်၍ နောက်ကပုဒ်မကို အကြောင်းအရာနောက်ကပုဒ်မနှင့်ညီခံ၍ ပုဒ်မ နောက် ၁/၄ လက်မ အကွာတွင် စာ စရေးရမည်။ အောက်မှ မျဉ်းမသားရ။ အဆုံးတွင် ပုဒ်မမခံရ။

(၇) ထို့နောက် စာပိုဒ်နံပါတ်များ တပ်၍ နံပါတ်နောက်မှ ပုဒ်မခံကာ အမှာစာသားကို ရေးရမည်။

(၈) လက်မှတ်ရေးထိုးသည့် နေရာအောက်တွင် လက် လက်မှတ် ရေးထိုး သူ၏ အမည်နှင့် ရာထူးကို တချောင်းပိုဒ်ခံ၍ ကွင်းစကွင်းပိတ်အတွင်း ရေး ရမည်။

(၉) လက်မှတ်ထိုးသူ၏ရာထူးဌာနနှင့်ရအောက် ၁/၂-လက်မ အကွာ လက်ဝဲဒေါင့်တွင် "မိတ္တူကို" ဟု ရေး၍ ၎င်းအောက် ၁/၄ လက်မအကွာ (ကွက်လပ်မှတလက်မ အကွာတွင် မိတ္တူပေးပို့မည့် ဌာန၊ ရုံးအမည်များ ကို လက်ဝဲညီ ရေးရမည်။

(ခ) အတွင်းစာ (ဒီ-အို-စာ)

ရုံးတရုံးရှိ တာဝန်ရှိပုဂ္ဂိုလ်က အခြားရုံးတရုံးရှိ တာဝန်ရှိ ပုဂ္ဂိုလ်ထံ ရုံးကိစ္စကို ရုံးသဘောမဟုတ်ဘဲ ရင်းနှီးမှုဖြင့် မိမိရေး နေကျမူအတိုင်း ရေးသောစာဖြစ်သည်။ အတွင်းစာရေးရာ တွင် အောက်ပါဥပဒေများကို လိုက်နာရမည်—

(၁) စာရွက်၏ လက်ဝဲကွက်လပ်ထိ "မှ" ရေး၍ ပေးပို့ သူ၏အမည်နှင့်အဆင့်ကို ရေးရမည်။ တကြောင်း တည်းမှာပင် လကျာဘက်ဒေါင့်၌ ပေးပို့သူ၏ ရုံး၊ဌာနအမည်ကို ရေးရမည်။

(၂) စာအမှတ်နှင့် ရက်စွဲကို ပေးပို့သူ ရုံး၊ ဌာနအမည် အောက်တွင် ဘယ်ညှိရေးရမည်။

(၃) မိမိထက် အဆင့်မြင့်သူထံရေးလျှင် ရာထူးအဆင့် နောက်မှ ခင်ဗျား-ဖြင့် နှုတ်ဆက်၍ အပိတ်စကား တွင် လေးစားစွာဖြင့် ဟုရင်း၊ အဆင့်တူ,အဆင့် နိမ့် ဖြစ်လျှင် နာမည်နောက်မှ ခင်ဗျား-ဖြင့် နှုတ်ဆက်၍ အပိတ်စကားတွင် ခင်မင်ရင်းနှီးစွာ ဖြင့် ဟူ၍ရင်း ရေးကြသည်။ အပိတ်စကား နောက်မှ လက်မှတ်ထိုးရသည်။ (အမည်၊ ရာထူး ရေးရန်မလို။)

(၄) အတွင်းစာ၌ စာပိုဒ်များ ခွဲရေးနိုင်သော်လည်း စာပိုဒ်နံပါတ် မတပ်ရ။

အမှာစာနမူနာ

ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန

စာအမှတ်၊ ....

နေ့စွဲ၊ ....

အမှာစာ

အကြောင်းအရာ။ ....

....

ရည်ညွှန်းချက်။ ....

....

၁။ ....

.... ။

၂။ ....

.... ။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)

(ဦး က၊ ဒုတိယညွှန်ကြားရေးမှူး)

စက္ကူနှင့်စာတုဗေဒ

ကမ္ဘာအေးဘုရားလမ်း

မိတ္တူကို

....

....

....

(ဂ) ကိုယ်ရေးစာ

ကိုယ်ရေးကိုယ်တာကိစ္စနှင့် ပတ်သက်၍ သက်ဆိုင်ရာရုံး၊ ဌာနများသို့ ရေးသောစာကို ကိုယ်ရေးစာဟု ခေါ်သည်။ ရေးသောအခါ အောက်ပါပုံစံအတိုင်း ရေးရသည်။

(၁) ပေးပို့သူအမည်၊ ရုံး၊ ဌာန၊ စာအမှတ်၊ နေ့စွဲတို့ကို အတွင်းစာ ပုံစံအတိုင်း တပ်ရမည်။

(၂) ရက်စွဲအောက် ၂လက်မအကွာ လက်ဝဲကွက်လပ်ကို ထိ၍, သို့-ဟုရေးပြီး ၎င်းအောက် ၂လက်မအကွာ ကွက်လပ်မှ တလက်မအကွာတွင် စာလက်ခံသူ၏ အမည်နှင့်လိပ်စာကို ဘယ်ညှိ ရေးရမည်။

(၃) အကြောင်းအရာနှင့် ရည်ညွှန်းချက်တို့ကို လက်ဝဲကွက်လပ်ထိ ရေး၍ ၎င်းအောက်တွင်ခင်ဗျား-ဖြင့် စပြီး အောက် စာကြောင်းတွင် စာပိုဒ်များ နံပါတ်မတပ်ဘဲ ရေးရသည်။

(၄) အပိတ်စာကို လေးစားစွာဖြင့်-ဟုပိတ်၍ လက်မှတ်ရေးထိုး အဆုံးသတ်ရမည်။

ကိုယ်ရေးစာ နမူနာ

မှ ဦး.... .... ဌာန

စာအမှတ်၊ ....

နေ့စွဲ၊ ....

သို့

....

....

အကြောင်းအရာ။ ....

ခင်ဗျား၊

ကျွန်တော်သည် ....

....

.... ။

....

....

.... ။

လေးစားစွာဖြင့်

(၃) စာလက်ခံသူအမည်နှင့် ရာထူးအဆင့် လိပ်စာကို လက်မှတ်ထိုးသည့် နေရာ အောက်စာကြောင်း လက်ဝဲကွက်လပ် (မာဂျင်) ထိ လက်ဝဲ ညှိ ရေး ရသည်။

အတွင်းစာ နမူနာ

မှ ဦး.... .... ဝန်ကြီးဌာန

စာအမှတ်၊ ....

နေ့စွဲ၊ ....

ဦး.... .... ခင်ဗျား

ကျွန်တော်သည် ....

....

....

.... ။

....

....

.... ။

လေးစားစွာဖြင့်

ဦး ....

....

....

(ဃ) ရုံးတွင်းပေးစာ

ရုံးကိစ္စတခုခုနှင့်ပတ်သက်အရေးမယူမီ ရုံးတရုံးမှ ရုံးတရုံးသို့ မှတ်ချက်များ၊ထင်မြင်ယူဆချက်များကို မေးမြန်းတောင်းခံရာတွင် ရုံးတွင်းပေးစာပုံစံဖြင့် ရေးရသည်။

လိုက်နာရန် ဥပဒေသများမှာ—

(၁) ရုံးတွင်းပေးစာကိုအကြောင်းအရာ ရည်ညွှန်းချက်တို့ဖြင့် စ၍ စာပိုဒ်တခုထက်ပိုလျှင် စာပိုဒ်အမှတ်များတပ်ရေးပြီး ဆုံးလျှင် လက်မှတ်ရေးထိုးရမည်။

(၂) ပေးပို့သည့် ဌာန၊ ရုံးလိပ်စာကို လက်မှတ်အောက်တွင် ဖော်ပြရမည်။

(၃) ပေးပို့မည့် ဌာန၊ ရုံးအမည်ကို ပေးပို့သူလိပ်စာ၏အောက် ၁/၂ လက်မအကွာ လက်ဝဲ ကွက်သပ်နှင့်ကပ်၍ရေးရမည်။

(၄) စာအမှတ်၊ နေ့စွဲနှင့် မိတ္တူတို့ကို အစဉ်အတိုင်း လက်ဝဲကွက်လပ်နှင့် ကပ်ရေးရမည်။

ရုံးတွင်းပေးစာ နမူနာ

အကြောင်းအရာ။ ....
....

ရည်ညွှန်းချက်။ ....
....

၁။ အထက်ရည်ညွှန်းပါ ....
....
....။

၂။ ....
....
.... ။

လက်မှတ်

................................ဌာန

....

.... ဌာန

စာအမှတ် ....

နေ့စွဲ.... ....

မိတ္တူကို

....
....
....

(င) သာမန်ရုံးစာ

သာမန်ရုံးကိစ္စနှင့်ပတ်သက်၍ ရုံးတရုံးမှ တရုံးသို့ စတင် အကြောင်းကြားလိုသော အခါ၊ မေးမြန်း ထားသည့် အကြောင်းကိစ္စကို ပြန်ကြားလိုသောအခါ သာမန်ရုံးစာပုံစံဖြင့် ရေးရမည်။ (အောက်ဆင့်ရုံးမှ အထက်ဆင့်ရုံးသို့ ရေးသော စာမျိုးဖြစ်သည်။)

(၁) ပေးပို့သူ၏ ရုံးဌာနအမည်ကို စာရွက်ထိပ် လက်ျာ၊ ဒေါင့်တွင် လက်ဝဲညီရေး၍ ၎င်းအောက်တွင် စာအမှတ်၊ နေ့စွဲတို့ကို ရေးရမည်။

(၂) ကျန် ရေးနည်း ဥပဒေသများမှာ အမှာစာရေး နည်းအတိုင်း ဖြစ်သည်။

သာမန်ရုံးစာ နမူနာ

လျှို့ဝှက်　　　　　　အမြန်

.... ဌာန

....

စာအမှတ်၊ ....

နေ့စွဲ၊ ....

သို့

....

....

အကြောင်းအရာ။ ....

....

ရည်ညွှန်းချက်။ ....

....

၁။ ....

....။

၂။ ....

.... ။

လက်မှတ်

ရာထူး

မိတ္တူကို

....

....

....

လျှို့ဝှက်

ကျမ်းကိုးစာရင်း

အပိုင်း (က) တွင် မြန်မာသဒ္ဒါကျမ်းများ စာရင်းကို ကျမ်းကိုးလည်းဖြစ်၊ သမိုင်းလည်းဖြစ်စေရန် ခုနှစ်၊ သက္ကရာဇ်စဉ်အတိုင်း ပြထားပါသည်။ အချို့သဒ္ဒါကျမ်းများမှာ မြန်မာဘာသာဖြင့် ရေးသားသော်သည်း ဗြိတိသျှပြတိုက်ရှိ မြန်မာစာအုပ်များ စာရင်းစာအုပ်၊ အင်ဒိယ စာကြည့်တိုက်ရှိ မြန်မာစာအုပ်များ စာရင်းစာအုပ် Bibliotheca Indo-sinica စာအုပ်တို့တွင် အင်္ဂလိပ်ဘာသာဖြင့် ပြထားပါ၍ အင်္ဂလိပ်ဘာသာဖြင့်ပင် ဖော်ပြလိုက်ပါသည်။ အပိုင်း(ခ) တွင် မြန်မာ ကျမ်းကိုးစာရင်းကိုဒင်း၊ အပိုင်း (ဂ) တွင် အင်္ဂလိပ် ကျမ်းကိုးစာရင်းကိုဒင်း အက္ခရာစဉ်ဖြင့် ပြထားပါသည်။

(က) ခုနှစ်စဉ်ပြ မြန်မာသဒ္ဒါကျမ်း(၁၀၈)အုပ်

ခုနှစ် ကျမ်းအမည်နှင့် ပုံနှိပ်ဌာန

၁၇၄၈ ကျော်အောင်စံထား ဆရာတော်, ပထမ။ "ကဝိလက္ခဏာခေါ် သဒ္ဒါပရမတ် အဆုံးအဖြတ်ကျမ်း" မြန်မာသဒ္ဒါ နှစ်စောင်တွဲ၊ ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၆၂။

၁၇၄၈ ခင်ကြီးဖျော်,တောင်တွင်းဆရာတော်။ 'မြန်မာဝါစ္စဝါစကခေါ် မြန်မာသဒ္ဒါဟောမှတ်စု"။ မြန်မာသဒ္ဒါ နှစ်စောင်တွဲ၊ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်၊၁၉၆၂။

၁၇၅၀ ခင်ကြီးဖျော်၊ တောင်တွင်းဆရာတော် "သဒ္ဒဗျူဟာကျမ်း"။ရန်ကုန်၊ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၇၃-ခု။

1776 Carpani, Father Melcheore. Alphabetum Burmanum. Propaganda Fide, (Society of the Propagation of the Faith., Rome: 1776.

1814 Felix Carey, "A grammar of the Burman Language." Serampore: The English Baptist Mission Press, 1814.

1816 Judson, A. "A Grammar of the Burmese Language." Rangoon: American Mission Press, 1939.

1825 Hough, George Henery. "An English and Burman Vocabulary" Preceeded by a Concise Grammar." Serampore: Mission Press, 1825.

1836 John, R.F.St.A.St. "Burmese Self Taught." London; Marlborough and Co. Ltd., 1836.

1845 Thomas Latter. "A Grammar of the Language of Burmah." Cal-cutta: The Baptist Press, 1845.

1852 Dormer, Augustus Chase. "Anglo-Burmese Hand-Book, or Guide to a Practical Knowledge of the Burmese Language" Rangoon: American Baptist Mission Press, Rangoon: 1852

1875 Shwe Bwin, Ko. A New and Complete Grammar of the Burmese Language." Rangoon, Published by C. Bennet, 1874.

1875 Shwe Too Sandys, W. Anglo-Burmese Grammartical Reader." No. 1. Rangoon: A.B.M. Press 1875.

1876 Shwe Boo, Maung. Anglo-Burmese Element-ary of Reading, spelling and Grammar." Bassein: A.B.M Press, 1876.

1876 Sloon, W.H. "A Practical Method with the Burmese Language." Rangoon: A.B.M. Press, 1876.

1877 Wright, E. "The Anglo-Burmese student's Assistant." Rangoon: 1877.

1878 Lonsdale, A.W. "The First Step in Burmese." Rangoon; A.B.M. Press, 1878.

1879 Louis Vossion. "Grammaire Birmanica (French and Burmese) Rangoon,: A.B.M. Press, 1879.

1879 Simeon, J. "Anglo-Vernaculor Reader, Bassein; Book 1. and IV at St. Peter's Institute Press, Rangoon.: Book 11 and 111 at A.B.M. Press, 1879-81.

1884 John, J.R.St.A.St. "A Burmese Reader and Companion to Judson's Grammar, London,: Clerendon Press, 1884.

1880 Evans, K.F. "Elementary Anglo-Vernacular Grammar." Rangoon: A.B.M. Press, 1880.

၁၈၈၅ ဘိုးလှ၊မောင်။"မြန်မာသဒ္ဒါသခေ်ပကျမ်း"။ပုသိမ်မြို့၊ မြန်မာကရင်ပုံနှိပ်တိုက်၊ ၁၈၈၅။

1885 Gray, J. "Burmese Grammatical Primer." Rangoon: Hanthawaddy Press, 1885.

1885 Gordon, H.K. "A Hand-Book of Colloquial Burmese." Rangoon: A.B.M. Press, 1885.

1886 Gordon, H.K. "A Hand-Book to Colloquial Burmese in the Roman Character." Rangoon: A.B.M. Press, 1886.

1886 Gordon, H.K. "Companion to a Hand Book to Colloquial Burmese in the Roman Character." Rangoon: A.B.M. Press, 1886.

1886 Gordon, H.K. "A Hand-Book to Colloquial Burmese in the Burmese Character." Rangoon: A.B.M. Press, 1886.

1886 Gordon, H.K. "Companion to a Hand-Book of Colloquial Burmese in the Burmese Character." Rangoon: A.B.M. Press, 1886.

1888 Slack, Capt. Chas. "Manual of Burmese: also of Pronunciation and Grammar." London: Simpkin Marshall and Co., 1888.

1889 Shwe Too Sandy, W. "An Anglo-Burmese Grammatical Reader for Beginners," Rangoon: A.B.M. Press, 1889.

1889 Davidson, F.A.L. "Anglicized Colloquial Burmese, or How to Speak the Language in three months." London: 1889.

1891 Taw Sein Ko, "An Elementary Grammar of the Burmese Language.," Rangoon: Hanthowaddy Press, 1891.

1892 Adom, J.G. Griffins Guide to Burmese." Rangoon: A.B.M. Press, 1892.

1894 Gray, James. "Burmese Grammatical Primer." Rangoon: Anglo-Burmese Mission Press, 1894.

1894 John, R.F.St.A.St. "Burmese Reader and Companion to Judson's Grammar." Clarendon Press, 1894.

1894 Maung Maung, "Hints in the Burmese Language." Part 1. Rangoon: G.W.D. Vauz, 1894.

၁၈၉၇ ကျောင်းသုံးစာအုပ် ကော်မီတီ။ "အလယ်တန်းကျောင်းသုံးမြန်မာသဒ္ဒါ"။ ရန်ကုန်၊ ဗြိတိသျှဘားမားပုံနှိပ်တိုက်၊ ၁၈၉၇။

၁၈၉၇ သာထိုး၊ဦး ၊ဆရာ။ "မြန်မာသဒ္ဒါသစ်"။ ရန်ကုန်၊ ဟံသာဝတီသတင်းစာတိုက်၊ ၁၈၉၇။

၁၈၉၈ လောင်းစဒေး၊ အေ၊ဒဗလျူ "ဝါကျများကို သမ္ဗာရပရိစ္ဆေဒ ပြုလုပ်နည်းအကြောင်း ပထမစာစောင် ဝါကျရိုးများ"။ရန်ကုန်၊ဗြိတိသျှဘားမားပုံနှိပ်တိုက်၊ ၁၈၉၈-ခု။

၁၈၉၈ လောင်းစဒေး၊ အေ၊ ဒဗလျူ။ "ဝါကျများကို သမ္ဗာရပရိစ္ဆေဒပြုလုပ်နည်း အကြောင်း ဒုတိယစာစောင်။ သမာသနှင့် မိဿက ဝါကျများ"။ ရန်ကုန်၊ ဗြိတိသျှဘားမားပုံနှိပ်တိုက်၊ ၁၈၉၈-ခု။

၁၈၉၉ စောချင်တင်၊ဘီအေ။ "အောက်တန်းမြန်မာသဒ္ဒါ"။ ရန်ကုန်၊ ဗြိတိသျှဘားမားပုံနှိပ်တိုက်၊ ၁၈၉၉-ခု။

1899 Lonsdale, A.W. "Burmese Grammar and Grammatical Analysis."Rangoon; British Burma Press, 1899.

1899 Adom, J.G. and Sandys, W.S. "Griffen's Guide to Burmese." Rangoon: 1899.

၁၉၀၀ ကယ်ဒရေး၊ ဂျေ၊ ဘီအေ။ “ကျောင်းသုံးမြန်မာသဒ္ဒါအဖွင့်”။ ရန်ကုန်၊ ဗြိတိသျှဘားမားပုံနှိပ်တိုက်၊ ၁၉၀၀-ပြည့်။

၁၉၀၁ သာထို၊ မောင်။ “ကျောင်းသုံး မြန်မာစာစီစာကုံးပညာ”။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၀၁-ခု။

1901 Rapharl, A. “Short Lessons in Colloquial English and Burmese,” Bassein: St. Peters Press, 1901.

1902 Attaides, P.D. “Short Lessons in Colloquial English and Burmese.” Bassein: Sagau karen Press, 1902.

1903 San Shwe, Maung. “Questions and Answers on Burmese Grammer.” Rangoon: Hanthawaddy Press, 1903.

1903 Lonsdale, A.W. “A Simpler Burmese Grammer.” Rangoon: A.B.M. Press, 1903.

1904 Shwe Hla, Maung. “Colloquial Burmese.” Mandalay: Mandalay Press, 1904.

1906 Bridges, J.E.I.C.S. Retired. “The Burmese Manual.” Luzac, London and Rangoon: British Burma Press, 1906.

1908 Jameson, M. “A Grammatical Analysis and Vocabulary of the Gospel.” Rangoon; 1908.

၁၉၀၉ ဘသက်၊ မောင်။ “မြန်မာသဒ္ဒါ အကျဉ်းချုပ်”။ ရန်ကုန်၊ပြည်ကြီးမဏ္ဍိုင်ပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၀၉-ခု။

၁၉၀၉ ခို၊ ဦး။ “အက္ခရာပဘေဒအဖွင့်”။ ရန်ကုန်၊ ဇေယျာပူရိန်ပုံနှိပ်တိုက်။ ၁၉၀၉ ခု။

1910 Richard, R.J. “Notes on Burmese Words.” Rangoon: A.B.M. Press, 1910.

1910 Brown, R. Grant. “A Manual of the spoken Language.” London: Oxford University Press, 1910.

1910 Mohamed, A. Syed. “Questions and Answers on Burmese Grammar.” Rangoon: Zeyapurein Press, 1910.

၁၉၁၀ လွန်း၊ ဆရာ။ “ကဗျာသာရတ္ထသင်္ဂြိုဟ်”။ ရန်ကုန် မြန်မာမွတ်စလင်ပုံနှိပ်တိုက်၊ ၁၉၁၀-ခု။

1911 John, R.F.St.A.St. “Burmese Self-taught.” London: Marlborough and Co. 1911.

1911 Ba Din, Maung. “On Tenses Explained in Burmese.” Rangoon: Burma Buddhist Mission Press, 1911.

1912 Neikphanna, U. “A Complete Commentary of School Grammar of the Burmese Language.” Rangoon: Zeyapurein Press, 1912.

၁၉၁၂ မိုဟာမက်၊ အေဆရက်ဒ်။ “မြန်မာသဒ္ဒါအကျဉ်းချုပ်”။ ရန်ကုန်၊ အက္ကဘာရီပုံနှိပ်တိုက်၊ ၁၉၁၂-ခု။

1915 Bridge, J.E. "Burmese Grammar." Rangoon: British Burma Press, 1915.

1917 Ba Din, Maung. "Self Help for the Burmese Language." Rangoon: A.B.M. Press, 1917.

1919 Shwe Nyo, Maung. "A School Grammar of the Burmese Language." Prome: T.G. Brother Press, 1919.

၁၉၂၂ ကောသလ္လ၊ ဦး။ "နိုင်ငံလုံးသက်စွဲ မြန်မာသဒ္ဒါသစ်"။ ရန်ကုန်၊ ပြည်ကြီးတံခွန်ပုံနှိပ်တိုက်၊ ၁၉၂၂-ခု။

၁၉၃၁ ဖိုးစိန်၊ ဦး။ "မြန်မာစာစီစာကုံးကျမ်း ပထမစာစောင်"။ ရန်ကုန်၊ အမျိုးသားစာပုံနှိပ်တိုက်၊ ၁၉၃၁-ခု။

၁၉၃၁ ဖိုးစိန်၊ ဦး။ "မြန်မာစာစီစာကုံးကျမ်း ဒုတိယစာစောင်"။ရန်ကုန်၊အမျိုးသားပုံနှိပ်တိုက်၊၁၉၃၁-ခု။

1933 Renolds, H..O.I.C.S. "Some Notes On Burmese Colloquial Syntax." Rangoon: British Burma Press, 1933.

၁၉၃၃ လူဖေဝင်း၊ ဦး။ "မြန်မာစာစီစာကုံး အခြေပြုကျမ်း"။ ကလကတ္တား၊ ဘုံဘိုင်၊ မဒရပ်၊ အောက်စဖို့တက္ကသိုလ်ပုံနှိပ်တိုက်၊ ၁၉၃၃-ခု။

၁၉၃၃ ရွှေဝိုင်း၊ မောင်။ "မြန်မာစာစီစာကုံးသစ် ပထမစာစောင်"။ရန်ကုန်၊ အယ်လ်ပီပီလျှပ်စစ် ပုံနှိပ်တိုက်၊ ၁၉၃၃-ခု။

1936 Stewart, J.A. "An Introduction to Colloquial Burmese," Rangoon: British Burma Press, 1936.

၁၉၃၆ ဖိုးစိန်၊ ဦး။ "မြန်မာ့သွတ်တော် သတ်ပုံနှင့် မြန်မာသဒ္ဒါနည်း အနက်နည်းကျမ်း"။ရန်ကုန်၊ တိုးစာအုပ်တိုက်၊ ၁၉၃၆ ခု။

၁၉၃၉ နေဒွန်း၊ မောင်။ "မြန်မာသဒ္ဒါ"။ ရန်ကုန်၊ ဟံသာဝတီ သတင်းစာတိုက်၊ ၁၉၃၉-ခု။

၁၉၄၁ ဘိုးသင်း၊ ဦး။ စာရေးဆရာ။ "မြန်မာသဒ္ဒါကျမ်း ပထမတွဲ"။ စစ်ကိုင်းမြို့၊ မြသန်း စာပုံနှိပ်တိုက်၊ ၁၉၄၁-ခု။

1942 Judson, A. "Grammartical Notices of the Burmese Language," Rangoon: A.B.M. Press, 1942.

1944 Cornyn, W.S. "Outlines of Burmese Grammar." Rangoon: Reproduced by Offset Process, at the Rangoon University Press, 1944.

1945 Cornyn. W.S. "Spoken Burmese." New York: Henery Holt, 1945.

၁၉၅၁ ဖေမောင်တင်၊ ဦး။ "မြန်မာဝါကျ ဖွဲ့ထုံးကျမ်း"။ ရန်ကုန်၊ မြန်မာနိုင်ငံ ဘာသာပြန် စာပေအသင်း၊ ၁၉၅၁-ခု။

၁၉၅၂ ငွေမျှား၊ စာရေးဆရာ။ "ကျောင်းသုံးမြန်မာသဒ္ဒါ"။ ရန်ကုန်၊ ခေတ်လူစာအုပ်တိုက်၊ ရေကျော်၊ ၁၉၅၂-ခု။

၁၉၅၄ ဖေမောင်တင်၊ ဦး။ "မြန်မာသဒ္ဒါ"။ ရန်ကုန်မြို့ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း၊ ၁၉၅၄-ခု။

၁၉၅၅ ဖေမောင်တင်၊ ဦး။ "အလယ်တန်း မြန်မာသဒ္ဒါ"။ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၅၅ ခု။

1955 Stewart, J.A. Manual of Colloquial Burmese." London: Luzac, 1955.

၁၉၅၆ ဖေမောင်တင်၊ ဦး။ "မြန်မာသဒ္ဒါအသုံးအနှုန်း"။ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၅၆-ခု။

၁၉၅၇ လှသမိန်။ "မူလအခြေခံသဒ္ဒါနှင့် စာစီစာကုံး"။ ရန်ကုန်၊ တင်ဆွေအေးစာအုပ်တိုက်၊ ၁၉၅၇-ခု။

၁၉၆၀ လှစောဖြူ၊ ဆရာ။ "စံပြမြန်မာသဒ္ဒါနှင့် ရစနာ၊ ပထမ စာစောင်"။ ရန်ကုန်၊ ခေတ္တရာစာပုံနှိပ်တိုက်၊ ၁၉၆၀-ခု။

၁၉၆၀ လှဒင်၊ ဦး။ "မူလတန်းကျောင်းသုံး သဒ္ဒါနှင့် စာစီစာကုံး၊ ပထမစာစောင်"။ ရန်ကုန်၊ အမျိုးသား ပုံနှိပ်တိုက်၊ ၁၉၆၀-ခု။

၁၉၆၁ ရင်ကောက်၊ ဦး၊ ဆရာကြီး[ကျိုင်းတုံ]။ "ခေတ်သစ် မြန်မာသဒ္ဒါနှင့် မြန်မာစာစီစာကုံး"။ ရန်ကုန်၊ ကုတ်ကိုင်းပုံနှိပ်တိုက်၊ ၁၉၆၁-ခု။

1961 Ballard. E.M. "Lesson in Spoken Burmese Book 1." Rangoon: The Baptist Board of publications, 1961.

1962 Ballard, E.M. "Lesson in Spoken Burmese Book 11," Rangoon: The Baptist Board of Publications, 1962.

1962/64 Minn Latt. "Reports on Studies in Burmese Grammar." Praha; Archiv Orientani, Czechoslovakia: 1962-63-64.

1963 Nyunt, Maung Maung (and pataners) "Burmese Language," Moscow; Oriental Literature Publishing House, 1963.

၁၉၆၅ ဉာဏသေဠာဘိဝံသ၊ ဦး။ "နည်းပြမြန်မာသဒ္ဒါ"။ မန္တလေး၊ သုခဝတီပုံနှိပ်တိုက်၊ ၁၉၆၅-ခု။

၁၉၆၅ ကိုရင်ဂျမ်း။ "မြန်မာသဒ္ဒါ"။ မန္တလေး၊ ကမ္ဘာ့ခေတ် စာပေတိုက်၊ ၁၉၆၅-ခု။

1965 Allott, A.J. "Categories for the Description of the Verbal Syntagma in Burmese," Amsterdom: North Holland Publishing Company, 1965.

၁၉၆၆ မြန်မာစာပေပြုစုရေးနှင့် ဘာသာပြန် ကော်မရှင်။ "မြန်မာသဒ္ဒါသစ်" ပထမအုပ် (မူကြမ်း စာကူးစက်မူ)။ ရန်ကုန်။ ပညာရေးဌာန၊ ၁၉၆၆-ခု။

၁၉၆၆ မိုးကြည်၊ မေမြို့။ "မြန်မာသဒ္ဒါနှင့် ဘာသာစကား အသုံးအနှုန်း"။ ရန်ကုန်၊ ယူတ်အိုစာစဉ်၊ ၁၉၆၆-ခု။

၁၉၆၈ စန်းငွေ၊ ဦး၊ ဒဂုန်။ "သဒ္ဒါမျက်လုံး ဗျာကရဏ်း" ရန်ကုန်၊ ငွေစာပေရိပ်မြုံ၊ ၁၉၆၈-ခု။

1968 Cornyn, W.S. and Haigh Roop, D. "Beginning Burmese," New Haven and London: Yale University Press, 1968.

၁၉၆၉ မောင်၊ဦး၊ မြန်မာစာဌာနမှူး၊ဆေးတက္ကသိုလ်(၁)။ "မြန်မာသဒ္ဒါ" လက်ရေးမူ၊ ၁၉၆၉-ခု။

1969 Okel, John. "A Reference Grammar of Colloquial Burmese." Part 1 and 11. London: Oxford University Press, 1969.

၁၉၇၀ သိန်းအောင်၊ဦး၊(နန်းညွန့်ဆွေ)။"အခြေခံ မြန်မာသဒ္ဒါ"၊ရန်ကုန်၊စာကူးစက်မူ၊ ၁၉၇၀-ခု။

၁၉၇၀ ထွန်းရွှေ၊ ဦး။ "အခြေပြု မြန်မာသဒ္ဒါနှင့် အသုံးအနှုန်း"။ ရန်ကုန်၊ ယဉ်ကျေးမှုစာပေ၊ ၁၉၇၀-ခု။

၁၉၇၂ စန်းငွေ၊ဦး၊ ဒဂုန်။"ဒွိစကား၊ဒွိစာ၊ဒွိသဒ္ဒါ"။ ပင်းယစာပေတိုက်၊ ရန်ကုန်၊ ၁၉၇၂-ခု။

၁၉၇၂ စန်းငွေ၊ ဦး၊ ဒဂုန်။ "အလယ်တန်းမြန်မာသဒ္ဒါ" (မူကြမ်း)။ရန်ကုန် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးကော်ပိုရေးရှင်း၊ ၁၉၇၂-ခု။

၁၉၈၂ စန်းငွေ၊ ဦး၊ ဒဂုန်။ "အထက်တန်း မြန်မာသဒ္ဒါ (မူကြမ်း)"။ ရန်ကုန်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး ကော်ပိုရေးရှင်း၊ ၁၉၇၂-ခု။

၁၉၇၃ စန်းငွေ၊ ဦး၊ ဒဂုန်။"သဒ္ဒါကိုလေ့လာခြင်း"။ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၁၉၇၃-ခု။

၁၉၇၄ စန်းငွေ၊ဦး၊ ဒဂုန်။"သဒ္ဒါအမြင်စာအမြင်"။ ရန်ကုန်မြို့၊ ပြည်သူ့လက်စွဲစာစဉ်၊ စာပေဗိမာန်၊ ၁၉၇၄-ခု။

၁၉၇၄ စန်းငွေ၊ ဦး၊ ဒဂုန်။ "အခြေခံ မြန်မာသဒ္ဒါ" စာကူးစက်မူ၊ ၁၉၇၄-ခု။

(ခ) မြန်မာကျမ်းကိုးစာရင်း (၈၂-ကျမ်း)

ကစ္စည်း၊ ရှင်မဟာ။
"ကစ္စည်း သဒ္ဒါကြီးပါဠိ"။
ရန်ကုန်၊ သာသနာရေးဦးစီးဌာန၊ ၁၉၆၄။

ကို၊ဦး။ "မြန်မာပြည် ပါဠိစာပေခေတ်ဦး" ပြည်ထောင်စုမြန်မာနိုင်ငံ စာပေနှင့်လူမှုရေး သိပ္ပံဂျာနယ်၊ အတွဲ ၁၊ အမှတ်-၁၊ ၁၉၆၈-ခု။

ကို၊ဦး။ "ပါဠိစာပေနှင့် မြန်မာစာပေဆက်စပ်မှု" ပြည်ထောင်စုမြန်မာနိုင်ငံစာပေနှင့် လူမှုရေးသိပ္ပံဂျာနယ်၊ အတွဲ-၂၊ အမှတ်-၂၊ ၁၉၆၉-ခု။

ကန်ဦး ဆရာတော်။
"ဘေဒစိန္တာ—ကစ္စာယနသာရ အနုဒီပနီ"။
သုဓမ္မဝတီပုံနှိပ်တိုက်၊ ၁၂၈၅-ခု၊

(ခ)မြန်မာကျမ်းကိုးစာရင်း (၇၇-အုပ်)

"ကျောင်းသုံး မြန်မာသဒ္ဒါ စာအုပ်များ"။ ပညာတန်ဆောင်၊ အတွဲ-၂၁၊ စောင်-၁၂၊ ၁၉၇၂-ခု။

ကြံ၊ မောင်။ "မြန်မာစာရေးခြင်းနှင့် စာစီစာကုံးခြင်း"။ တတိယအကြိမ်။ ပေါင်းတည်၊ ကဝိသိပ္ပံ ပုံနှိပ်တိုက်၊ ၁၉၃၀-ခု။

ခင်ကြီးဖျော်၊ တောင်တွင်း ဆရာတော်။ "သဒ္ဒါကြီးပုဒ်စစ်စုံ"။ရန်ကုန်၊ ဟံသာဝတီ ပုံနှိပ်တိုက်၊ ၁၉၅၅-ခု။

ဂလက်မံ။ "စာသင်ကျောင်း နည်းလမ်းစာ" ဗြိတိသျှဘားမားပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၀၃-ခု။

"စကားပြေ အကြောင်း အမှာစာ"၊ ပင်ရင်း စကားပြေ လက်ရွေးစင်၊ ပထမအကြိမ်။ ရန်ကုန်၊ စာပေဗိမာန် ပုံနှိပ်တိုက်၊ ၁၉၆၇ ခု။

စီစီဝင်း၊ ဒေါ်။ "မြန်မာစာ ဝါကျဖွဲ့ထုံး ဖြစ်ပေါ်လာပုံနှင့် တိုးတက်ပြောင်းလဲလာပုံ" စာပေနှင့် လူမှုရေးသိပ္ပံ ဂျာနယ်၊ အတွဲ (၁) အမှတ်(၂)။ ၁၉၆၈-ခု။

စန်းငွေ၊ ဦး။ "၇၅ဝိ-တန် ကျောင်းသုံးမြန်မာသဒ္ဒါစာတအုပ်"။ ရန်ကုန်၊လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ၊ ၄-၇ ၇၂။

စတုရင်္ဂဗလ အမတ်ကြီး။ "အဘိဓာန်ဋီကာ"။ ရန်ကုန်၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၊ ၁၉၆၄-ခု။

ဇနကာဘိဝံသ၊ အရှင်။ "ပါဠိ သိက္ခာနှင့် သဒ္ဒါအကျဉ်း"။ အမရပူရမြို့၊ နယူးဘားမား ပိဋကတ် ပုံနှိပ်တိုက်၊ ၁၃၁၈-ခု။

ဇနကာဘိဝံသ၊ အရှင်။ "ရူပသိဒ္ဓိဘာသာဋီကာ"။ အမရပူရ၊ နယူးဘားမား ပုံနှိပ်တိုက်၊ ၁၃၁၄-ခု။

ဇော်မြင့်၊ ဦး။ "စကားပြေ အရေးအသား လေ့လာမှု ရှုထောင့် အချို့"၊ တက္ကသိုယ် ပညာပဒေသာ စာစောင်။ အတွဲ(၅) အပိုင်း (၁)။ ၁၉၇၀-ခု။

ညဏ်၊ဦးနှင့် မောင်မောင်ညွန့်၊ဦး။ "မြန်မာဘာသာစကားတွင် စကားလုံး သတ်မှတ်ရေးပြဿနာ အချို့"။ တက္ကသိုလ် ပညာပဒေသာစာစောင်၊ အတွဲ-၅၊အပိုင်း-၃၊ ၁၉၇၀။

တလိုင်းကုန်းဆရာတော်။ "ဘေဒစိန္တာ မဟာဋီကာ"။ ရန်ကုန်၊ ပြည်ကြီးမဏ္ဍိုင်ပုံနှိပ်တိုက်။

တင်ထွန်း၊ ဦး။ "မြန်မာစကားလုံးသတ်မှတ်ရေးကို ပြန်လည်စိစစ်ခြင်း"။ တက္ကသိုလ် ပညာပဒေသာ စာစောင်၊ ၁၉၇၃ ခု။

တင်လွင်၊ ဦး၊ "ပါဠိ-မြန်မာ နိဿယကျမ်းများ"။ မန္တလေး၊ လူ့မိတ်ဆွေစာအုပ်၊ လူထုစာအုပ်တိုက်၊ ၁၉၇၃ ခု။

တင်လှ၊ ဦး။ "ဘာသာစကားသည် ပြောင်းလဲတတ်သော သဘောရှိသည်"၊တက္ကသိုလ်ပညာပဒေသာစာစောင်၊ အတွဲ (၃)၊ အပိုင်း (၄)။ ၁၉၇၈-ခု။

တင်လှ၊ဦး။ "ဘာသာနှင့်စာပေ"။ရန်ကုန်၊အောင်မြင်စာပေ၊ ၁၉၆၆-ခု။

"တိုင်းရင်းဘာသာပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရေး ပြုပြင်စီမံမှု ကော်မီတီ အစီရင်ခံစာ"။ အစိုးရပုံနှိပ်တိုက်၊၁၉၃၆-ခု။

ထွန်းမြင့်၊ ဦး။ "ပါဠိသက်ဝေါဟာရ အဘိဓာန်" တက္ကသိုလ်များ ပုံနှိပ်တိုက်၊ ရန်ကုန်။

နေမျိုးကျော်ထင် သံတော်ဆင့်မင်း။ "ကဝိလက္ခဏာ နိဒါန စာတမ်း (ဗဟုသုတဒီပနီ)"။စာဆိုတော် မဂ္ဂဇင်း၊ အတွဲ (၁) အမှတ် (၅)။ ၁၉၃၆-ခု။

ပါရဂူ။ "ခင်ကြီးဖျော်နှင့် ဘာသာဗေဒ"။ ငွေတာရီမဂ္ဂဇင်း၊ အမှတ် ၁၃၆၊ အောက်တိုဘာ၊ ၁၉၇၁-ခု။

ပုဂံခေတ် ဆရာတော်များ။ "သဒ္ဒါငယ် ၁၅-စောင် ပါဠိ"။ ရန်ကုန်၊ ဣဿာသယ ပိဋကတ်ပုံနှိပ်တိုက်၊ ၁၃၂၆-ခု။

"ပင်ရင်းစကားပြေ လက်ရွေးစင် "။ ရန်ကုန်၊ စာပေဗိမာန် ပုံနှိပ်တိုက်၊ ၁၉၇၁-ခု။

"ပညာရေး စနစ် စုံစမ်းရေး ကော်မီတီ၏ အစီရင်ခံစာ"။ ရန်ကုန်၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၄၆-ခု။

ပဏ္ဍိတာဘိဝံ၊အရှင်။ "သဒ္ဒါပုဒ်စစ် အကျယ်ကျမ်း"။ ရန်ကုန်။ ပြည်ကြီးမဏ္ဍိုင် ပုံနှိပ်တိုက်၊ ၁၂၈၂-ခု။

ဖေမောင်တင်၊ ဦး။ "ဘာသာလောကကျမ်း"။ ရန်ကုန်၊ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း၊ ၁၉၅၈-ခု။

ဖေမောင်တင်၊ ဦး။ "မြန်မာကျမ်းများ ဖော်ထုတ် ပုံနှိပ်ခြင်း" ။ ပြည်ထောင်စုယဉ်ကျေးမှု စာစောင်၊ အတွဲ ၄၊ အမှတ် ၁၊ ၁၉၆၃-ခု။

ဖေမောင်တင်၊ဦး။ "မြန်မာစာတိုးတက်ပေဦးမည်"။ မြန်မာဝတ္ထုသမိုင်း အစနှင့် သုတေသန စာစောင်များ။ ရန်ကုန်၊ စိန်ပန်းမြိုင်စာပေ၊ ၁၉၆၉-ခု။

ဖေမောင်တင်၊ ဦး။ "မြန်မာဘာသာစကား တိုးတက်ရေး မှတ်ချက်"။ မြန်မာနိုင်ငံ သုတေသနအသင်းဂျာနယ်၊ အတွဲ ၁၄၊ အပိုင်း-၁၊ ၁၉၂၄-ခု။

ဖိုးစိန်၊ ဦး။ "မြန်မာသဒ္ဒါနည်း အနက်နည်းကျမ်း"။ ရန်ကုန်၊ တိုးစာအုပ်တိုက်၊ ၁၉၃၆-ခု။

ဗုဒ္ဓပိယ၊ အရှင်။ "ပဒရူပသိဒ္ဓိ"။ ရန်ကုန်၊ သာသနာရေး ဦးစီးဌာန ပုံနှိပ်တိုက်၊ ၁၉၆၄-ခု။

ဘဆန်း၊ဦး။ "ပါဠိမြန်မာ ဘာသာအမျိုးအစား"။တက္ကသိုလ် ပညာပဒေသာစာစောင်၊ အတွဲ (၂) အပိုင်း (၁)။ ၁၉၆၇-ခု။

မင်းမော်၊ တက္ကသိုလ်။ "အထွေထွေဘာသာဗေဒနိဒါန်း"။ (၁)မှ (၇)၊ ရှုမဝမဂ္ဂဇင်း၊ ၁၉၇၁-၇၂၊ ရန်ကုန်။

မင်းမော်၊ တက္ကသိုလ်။ "ခေတ်သစ်ဘာသာဗေဒနိဒါန်း" (၁)မှ (၆)၊ ရှုမဝမဂ္ဂဇင်း၊ ၁၉၇၂-ခု၊ ဩဂုတ်လထုတ်မှ စ သည်။

မင်းသုဝဏ်။ "ပန်းနှင့်ပင်စည်"။ မန္တလေး၊ ကမ္ဘာ့ခေတ် စာပေတိုက်၊ ၁၉၆၅-ခု။

မင်းသုဝဏ်။ "စကားပြေစာပေအသက်"။ ရန်ကုန်၊ နဝရတ် ကိုးသွယ် စပါယ်ဦးစာပေ၊ ၁၉၇၄ ခု။

မင်းသုဝဏ်၊ "ဖဲသစ်ကယ်ခရေး၏ မြန်မာသဒ္ဒါ"။ ငွေတာရီ မဂ္ဂဇင်း၊ အမှတ် ၁၇၀၊ ၁၉၇၄-ခု။

မင်းသုဝဏ်။ "စကားပြေ" အလယ်တန်းစကားပြေ လက်ရွေးစင်"။ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ၊ ပညာရေးဌာန၊ ကျောင်းသုံး စာအုပ်ကော်မီတီ။

မင်းသုဝဏ်။ "နှစ်ပေါင်းတရာ့ငါးဆယ်က မြန်မာစကား"။ ပညာလောကစာစောင်၊ အတွဲ-၅၊ အမှတ်-၃၊ ၁၉၇၄-ခု။

မင်းသုဝဏ်။ "မြန်မာနိုင်ငံ ရှေးခေတ်ဘာသာပြန် သမိုင်းအချုပ်"၊ ပန်းနှင့်ပင်စည်၊ မန္တလေး၊ ကမ္ဘာ့ခေတ် စာပေ၊ ၁၉၆၅-ခု။

မင်းသုဝဏ်။ "မြန်မာစာ မြန်မာမှု"။ ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၁၉၆၆-ခု။

မင်းသုဝဏ်။ "မြန်မာအက္ခရာ သမိုင်းချုပ်"။ ပညာရေး တက္ကသိုလ်မဂ္ဂဇင်း၊ ရန်ကုန်၊ ၁၉၇၂/၇၃။

မောဂ္ဂလာန်၊အရှင်။ "မောဂ္ဂလာန ဗျာကရဏ်း"။ ရန်ကုန်၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၊ ၁၃၁၆-ခု။

မောင်ဖြူး။ "တိကျပြတ်သားသော စကားပြေ"။ စာပဒေသာ (၃)၊ ရန်ကုန်၊ ကလေး စာပေရိပ်မြုံ၊ ၁၉၆၇ ခု။

မောင်မောင်ကြီး၊ ဦး (တက္ကသိုလ်)။ "မြန်မာစာပေ သင်ကြားရေး"။ နွယ်သွေးစာပေ၊ ၁၉၇၃-ခု။

မြဦး၊ (သံရိပ်ချို)။ "ရှေးဟောင်း မြန်မာအက္ခရာ စာတမ်း" အစိုးရပုံနှိပ်ဌာန၊ ရန်ကုန်၊ ၁၉၆၁-ခု။

မြင့်ဆွေ။ "အစောဆုံး မြန်မာသဒ္ဒါစာအုပ်"။ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ၊ ၁၀-၇-၇၂၊ ရန်ကုန်။

မြင့်ဆွေ၊ ဦး၊ မဟာဝိဇ္ဇာ။ "သက္ကတသဒ္ဒါ" စာကူးစက်မူ၊ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်။

မြန်မာစာသင်ပြနည်း။ ပညာရေးတက္ကသိုလ်၊ ပညာရေး ဒီပလိုမာ စာပေးစာယူသင်တန်း၊ ရန်ကုန်။

"မြန်မာနိုင်ငံတွင် ထုတ်ဝေခဲ့သော စာအုပ်များ"။ စာပေဗိမာန်ပုံနှိပ်တိုက်၊ ရန်ကုန်။

ရင်မန်း၊ကို။ "ကိုလိုနီခေတ်ဟောင်း ကျောင်းသုံးသဒ္ဒါစာအုပ်များ (၁)။ ဟံသာဝတီ အချပ်ပို၊ အမှတ် ၁၉၁၊ ၁၀-၆-၇၃။

ရင်မန်း၊ကို။ "ကိုလိုနီ ခေတ်ဟောင်းက ကျောင်းသုံး သဒ္ဒါစာအုပ်များ (၂)"။ ဟံသာဝတီ အချပ်ပို၊ အမှတ် ၁၉၂၊ ၁၇-၆-၇၃။

ရွှေသွင်၊ ဦး။ "အသုံးချ သဒ္ဒဗေဒ အမှတ် (၁)"။ စာပေနှင့် လူမှုရေးသိပ္ပံဂျာနယ်၊ အတွဲ(၁)အမှတ်(၁)၁၉၆၈-ခု။

ရွှေသွင်၊ ဦး။ "မြန်မာသဒ္ဒဗေဒ ဖတ်စာ" (ဘာသာပြန်)။ ရန်ကုန်၊ တက္ကသိုလ်များ စာအုပ် ထုတ်ဝေရေး ကော်မီတီ၊ ၁၉၆၉-ခု။

လူဖေဝင်း၊ ဦး။ "မြန်မာစာပေ ပါဠိစာပေ သင်ကြားပြသရေး"။ မြန်မာပြည် စာအုပ်အသင်းတိုက်ဆိုင်ကြီး၊ ရန်ကုန်။ ၁၉၃၁-ခု။

လင်း၊ဆရာ၊ အဂ္ဂမဟာပဏ္ဍိတ။ "မြန်မာစာစီစာကုံး အကြောင်း"။ မြန်မာနိုင်ငံတော် ပညာသတင်းစာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ၁၉၃၂-ခု။

ဝိမလဗုဒ္ဓိ၊ အရှင်။ "ချာသပါဌ်" သုဓမ္မဝတီ ပုံနှိပ်တိုက်၊ ၁၉၃၃-ခု။

ဝန်၊ ဦး။ "မြန်မာစကား" မြန်မာမှု ပထမတွဲ၊ မြန်မာမှုစာစဉ် (၁)၊ တက္ကသိုလ်များ ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၇၅-ခု။

သပြေကန် ဆရာတော်။ "သဒ္ဒါကြီး နိဿယ"။ ရန်ကုန်၊ သုဓမ္မဝတီ ပုံနှိပ်တိုက်။

သာနိုး၊ မောင်။ "ဗမာစာ ဗမာစကား"။ရန်ကုန်၊ ဇွဲစာပေ ရိပ်မြုံ၊ ၁၉၇၂-ခု။

သာနိုး၊ မောင်။ "ဗမာစကားနှင့် ဗမာသဒ္ဒါ"။ ယနေ့မြန်မာ စာပေရှုခင်း၊ ဟံသာစာပေ၊ ရန်ကုန်၊ ၁၉၇၃-ခု။

သော်က၊ မောင်။ "၇၅ဝိ-တန် သဒ္ဒါစာအုပ်၏ နောင်တော် စာအုပ်"။လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ၊၄-၇-၇၅၊ ရန်ကုန်။

သော်ကောင်း၊ ဦး။ "စာအုပ်အကြောင်း နိဒါန်း"၊ ပညာ လောက၊ အတွဲ ၃၊ အမှတ် ၄၊ အောက်တိုဘာ၊ ၁၉၇၂-ခု။

သံတော်ဆင့်မင်း၊ နေမျိုးကျော်ထင်။ "ကဝိလက္ခဏာ နိဒါန စာတမ်း"။ စာဆိုတော်မဂ္ဂဇင်း၊ အတွဲ–၁၊ အမှတ်-၅၊ ၁၉၃၆-ခု။

သက်ထွန်း၊ ဦး။ "ကိုလိုနီ ခေတ် မြန်မာ ပညာရေး"။ တက္ကသိုလ် ပညာပဒေသာ စာစောင်၊ အတွဲ (၅) အပိုင်း (၄)၊၁၉၇၀-ခု။

သန်းထွန်း၊ ဒေါက်တာ။ "ဖတ်စာအုပ်သမိုင်း"။လူ့မိတ်ဆွေ စာအုပ်၊ လူထုပုံနှိပ်တိုက်၊ မန္တလေး။ ၁၉၇၃-ခု။

သိန်းနိုင်၊ ဦး။ "ကနေ့ မြန်မာစကားပြေ အရေးအသား"။ မန္တလေး၊ ကြီးပွါးရေး ပုံနှိပ်တိုက်၊ ၁၉၆၇-ခု။

သိပ္ပံမောင်ဝ။ "ကျောင်းသုံးမြန်မာသဒ္ဒါ"။စာပေယဉ်ကျေးမှု၊ မန္တလေး၊ လူထုစာအုပ်တိုက်၊ ၁၉၇၅-ခု။

သိန်းမောင်၊ ဦး။ အမျိုးသား။ "မြန်မာစာပေ စင်ကြယ် ရေးစာတမ်း"။ အမှတ် (၁)၊ ဟံသာဝတီ မဂ္ဂဇင်း၊ အတွဲ (၁) အမှတ်(၅) မြို့၊ ၁၉၃၉-ခု။

သိန်းနိုင်၊ ဦး၊ (ဝိဇ္ဇာ)။ "မြန်မာစာဒီကာ" မြကန်သာ စာပေ၊ မန္တလေး၊ ၁၉၆၈-ခု။

သိန်းဟန်၊ ဦး။ "၂၀ ရာစု ခေတ်ဦးမြန်မာစာပေ ထူးခြားချက်နှစ်ရပ်"။ တက္ကသိုလ် ပညာပဒေသာစာစောင်၊ အတွဲ-၂၊ အပိုင်း-၂။

သိန်းအောင်။ "ဘာသာ၊ စာ၊ စကား"။ ကလောင်ပျံစာအုပ်တိုက်၊ ရန်ကုန်၊ ၁၉၆၂-ခု။

သိရိကဥ္စနာဘိဝံသ၊ အရှင်။ "သဒ္ဒါရူပသိဒ္ဓိ အမေးအဖြေ"။ ဟံသာဝတီ ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၄၁-ခု။

ဟုတ်စိန်၊ ဦး။ "ပါဠိမြန်မာအဘိဓာန်"။ အစိုးရပုံနှိပ်ရေးနှင့် စာရေး ကိရိယာဌာန၊ ရန်ကုန်၊ ၁၉၅၉-ခု။

အဘယာရာမဆရာတော်။ "မောဂ္ဂလ္လာန်ပဉ္စိကာ နိဿယ" ရန်ကုန်၊ ဇမ္ဗူ့မိတ်ဆွေ ပုံနှိပ်တိုက်၊ ၁၉၃၃-ခု။

အဘယာရာမဆရာတော်၊ဗျာကရဏသိရောမဏိ၊ "မောဂ္ဂလ္လာန် နိဿယ။" မန္တလေး၊ဟံသာဝတီပုံနှိပ်တိုက်၊၁၉၃၄-ခု။

အဂ္ဂဝံသ၊ အရှင်။ "သဒ္ဒနီတိ၊ ပဒမာလာ၊ သုတ္တမာလာ၊ ဓာတုမာလာ"။ ရန်ကုန်၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၊ ၁၉၆၃-ခု။

(ဂ) Bibliography in English (57 Books)

Alden, D.W. "French in 20 Lessons" London: Oxford University Press.

Anloine, R.S.J,M.A. "A Sanskrit Manual for High School," Calcutta: St. Xaviers college. 1961.

Armstrong, L.E. and Pe Maung Tin, U. "A Burmese Phonectic Reader." London: University of London Press, 1925.

Astan, W.G. "Grammar of Japanese Spoken Language." 4th edition, 1888.

Ayer, Aifred Jules "Language, Truth and Logic" London, Victor Gollancz Ltd., 1960.

Bibliotheca Indosinica Vol. 1. Rangoon University Central Liberary, Rangoon.

Bertinshaw, T.H. "Longman's French Course." New York: Longman's Green and Co. Ltd. 1960.

Bhattacharyas,V. "Language and Languages" Calcutta, Culcutta University Press, 1939.

Black, Max "Language and Philosophy" New York: Cornell University Press, 1949.

Bloomfield, Leonard, "Language." New York: Henery Holt and Co., 1939.

Bulkeley, J.P. "Notes on Method of Teaching Burmese in Primery and Middle." Departments, Govt. Press, 1932.

Bloch, Bernard and George L. Tragin. "Outline of Linguistic Analysis" Berltimoe, The Waverly Press, 1942.

Congress of the United States, The Joint Committee on Printing, "Style Manual." Washington, 1944.

Diamond, A.S. "The History and Origin of Language," London: Methuen, 1960.

Eckensley, C.E. and Eckersley, J.M. "A Compretensene English Grammar of Foreign Students." London,: Long mans, 1960.

Forbes, Kathleen. The Parts of Speech in Burmese and the Burmese Qualifiers," J.B.R.S. Vol L11, Part 11, 1969.

Grattan, J.H.G. and Gurrey, P: "Our Living Language." London: Nelson, 1925.

Griason, G.A. "Linguistic Survey of India," vol 111 Part 111 Delhi, Motilal Banarsidas: 1967.

Gune, P.D. "An Introduction to Comparative Philology." Poona: 1958.

Hocket, Charles F. "A course in Morden Linguistics," New York:, Macmillan, 1960.

Halliday, M.A.K. "Categories of the theory of Grammar, Linguistic circle of New York," WORD, 17,3. (Dec., 1961.)

Harris, Zellig S. "Structural Linguistics." The University of Chicago Press, 1966

Hornby, A.S. "A Guide to Patterns and Usage in English." The English Language Book Society, Oxford University Press, 1962.

Jesperson, Otto. "Essenlials of English Grammar." 15th edition, London; Oxford University Press, 1960.

Kelly, Brian: "An Advance English Course for Foreign Students." London,: Longmans, 1940. 1947.

Khin Maung Win. "The Psychology of the Burmese Language" The University Teachers Review, Vol. 1, No. 2, 1961.

Le Page, R.B. "Languages, Modern Study and Teaching." London: Oxford University Press, 1964.

"Linguistic Survey of Burma," office of the Supdt. Rangoon, Govt Press, 1950.

Lyons, John. "Introduction to Theoratical Linguistics" Cambridge, the University Press, 1969.

Macdonel, A.A. "A Vadic Grammar for Stadents. Oxford University Press, 1971

"Manual of Style," Chicago: Chicago University Press. 1969.

Nida, E.A. "Morphology," Ann Arbor, The University of Michigam Press. 1965.

Pei, A.Mario. "The World Chief Languages," 3rd ed. London, George Allen and Unwin, 1961.

Pe Maung Tin, U. "Some Feature of Burmese Language,"J.B.R.S. Vol. 39,1956.

Pei, A. Mario. "The Story of Language," London: George Allen and Unwin, 1957.

Pei. A. Mario. "Invitation to Linguistics" London: Oxford University Press, 1965.

Pei, Mario "A Dictionory of Linguistics" New York: Philosophiral Library 1954.

Perniola, V. "A Grammar of the Pali Language," Colombo, De La Salle Press, 1958.

Polápova, N. A. "Russian" Elementry Course," Moscow, Progress Publishers.

Reynolds, H.O. "Some Notes on Burmese Colloquial Syntax." Rangoon; 1931.

Robins, R.H. "General Lingurstics, An Introductory Survey," London; Longmans and Green, 1964.

Saussure, F.D. "Course in General Linguistics."' Fontana. collins. Glassgow.

Southworth, F.C. and Daswani, C.J: "Foundations of Linguistics." New York.: Free Press, 1947.

Sri Vastava Dr Murlidhar, "The Element of Hindi Grammar." Varanasi: Motilal Banarasidass, 1969.

Stewart, J.A. "The Need for a Burmese Grammar." The orld of Book, Vol xxl, No. 121, 1935.

Thomas A.S. and Martinet, A.V. "A Practical English Grammar for Foreign Students," London: Oxford University Press, 1960.

Urban, W.M. "Language and Reality" London: George Allen & Unwin, 1951.

Vendryes, J. "Language: a Linguistic introduction to History." London: Routledge & Kegan Paul, 1959.

Whatmough, Joshua "Language: a Modern Synthesis." New York: Mentor Books, 1957.

Wheelock, F.M. "Latin," An Introductory Course for College Students, New York, Barnes and Noble, Inc. 1959.

Whetton, Harry. "Practical Printing and Binding," London: Odhams Press Limited, 1943.

Wilson, N.S. "Teach Yourself French," The English Universities Press.

Whitney, W.D.Q"Sanskrit Grammar" Delhi. Varanasi, Patna: Motilal Banarsidas, 1969.

Wolfenden, Stuart N. "Outline of Tibeto-Burman Linguistic Mophology," London: Royal Asiatic Society, 1929.

WREN, P.C. and MARTIN, H. High School English Grammar and Composition COOPER BOMBAY, 1953.

Yelovkov, D.I, "Grammatical Categries of the Verbs in Burmese Longuage," Candidates Desertion, Leningrad University, 1966.

Zeleznik, Carter. "Some Notes on the Burmese Language" The University teacher's Review Vol. 1, Vo.2, 1961.

နည်းသစ် မြန်မာသဒ္ဒါ

အက္ခရာစဉ် အညွှန်း

အကြောင်းအရာ စာမျက်နှာ

[က]

ကဗျာစာဆိုဖြစ်လို့လျှင် ၃၇၂
ကဗျာလင်္ကာ အမိပ္ပါယ် ၃၇၁
ကဋိုက်းခေါ် လျှာအကူ ၂၅
ကာရကနှင့် အကာရကများ ၈၃
ကာရက ၅-မျိုး ၈၄
ကာရန်-၇၀ စဉ်ပုံ ၃၀
ကာရန်ဖောက်ကေားမြေ ၃၇၅
ကား-သည် ကတ္တားမဟုတ် ၈၈
ကံ ကြိယာ-ဖြင့်ဝါကျဖွဲ့နည်း ၂၀၇
ကံတူဖြည့်ပဒ် ၁၁၃
ကံနှင့်လက်ခံပဒ်တို
 ရှေ့-နောက်ပြန်နိုင်ပုံ ၂၄၁
ကံ-နှင့် အသုံးခံပုဒ်တို့
 ရှေ့နောက်ပြန်နိုင်ပုံ ၂၄၃
ကံ-ပုဒ်,ထွက်ခွါရာပုဒ်နောက်
 နေရာပုဒ်ထားရပုံ ၂၄၆
ကံ-ပုဒ်နောက်မှာ–
 ကံဖြည့်ပုဒ်လာရပုံ ၂၄၀
 ထွက်ခွါရာပုဒ်ထားရပုံ ၂၄၅
 နေရာပြပုဒ်ထားရပုံ ၂၄၇

အကြောင်းအရာ စာမျက်နှာ

[က]

ကံပုဒ်နှင့်ထွက်ခွါရာပုဒ်ကို
 ရှေ့နောက်ပြန်ပါက
 အဓိပ္ပါယ်ပြောင်းတတ်ပုံ ၂၄၅
ကံဖြည့်ပုဒ်များ ၂၄၀
ကံဝိဘတ်ဖျောက်သုံးပုံ ၃၀၄
ကံဝိဘတ်များနှင့်အသုံးပြုပုံ ၄၀
ကတ္တားကို က-ဖြင့်သုံးပုံ ၃၀၆
ကတ္တား-ကြိယာ-ဖြင့်
 ဝါကျဖွဲ့နည်း ၂၀၇
ကတ္တားတူဖြည့်ပုဒ် ၁၁၂
ကတ္တားနောက်မှာ—
 ကတ္တားဖြည့်ပုဒ်လာ ၂၈၈
 ယှဉ်တွဲပုဒ်လာ ၃၀၀
 နှိုင်းယှဉ်ပုဒ်လာ ၃၀၂
 ထုတ်ဆောင်ရာပုဒ်လာ ၃၀၃
ကတ္တားနှင့် ကြိယာ ကိန်း
 မတူသော ဝါကျများ ၁၈၄
ကတ္တားဖြည့်ပုဒ်နောက်
 ပစ္စည်းဆက်ပုံ ၂၀၉

အကြောင်းအရာ	စာမျက်နှာ
[က]	
ကတ္တားဖြည့်ပုဒ်များ	၂၈၉
ကတ္တားဝိဘတ်ဖျောက်သုံးပုံ	၃၀၄
ကတ္တားဝိဘတ်များ အသုံးပြုပုံ	
သည်-ဝိဘတ်	၈၆
က-ဝိဘတ်	၈၇
မှာ-ဝိဘတ်	၈၇
ပါ-ဝိဘတ်	၈၉
အနေနဲ့-ဝိဘတ်	၈၉
ကမ္ဘာ့ သဒ္ဒါနှင့် မြန်မာ့သဒ္ဒါ	၃၉
ကိန်း—	
တခုကိန်း	၅၇
အများကိန်း	၅၈
ကိန်းမတူသော မြန်မာစကားများ	၆၀
ကုန်းဘောင်ခေတ် စာပေ ပုံနှိပ်ပုံ	၃၉၀
ကို-အစား အား-ကိုသုံးကြပုံ	၂၉၂
ကိုးကားနည်း ၂ မျိုး—	
စာပုဒ်တိုက ဆက်ကိုးပြ	၄၆၅
အကိုးနှည်သီးခြားထား	၄၆၆
အဖွင့်ကများ အပိတ်-ာ	၄၆၉
ထပ်ဆင့်ကိုးကတခုစီပြ	၄၆၉
ကိုးကားမှတ်ရေးထုံး	၄၆၄
ကိုးကားမှတ်သုံးစွဲနည်း	၄၆၄

အကြောင်းအရာ	စာမျက်နှာ
[က]	
ကိုယ်တိုင်ခံနာမ်စား	၇၉
ကျမ်းကိုးစာရင်း	၅၀၇
ကျမ်းစာအုပ် အဓိပ္ပါယ်	၃၈၉
ကျိန်ဆဲ ဝါကျ	၂၆၀
ကျိုးကြောင်းပြရေးနည်း	၃၈၀
ကြိယာ—	
ကြိယာပြည့်	၁၉၃
ဂုဏ်	၁၇၃
ပေါင်းစပ်	၁၆၉
ဗဟုဝုစ်	၁၈၃
ရှေ့ပြေး	၁၇၁
လုံးချင်း	၁၆၈
သီးခြား	၁၉၃
အဖြည့်ခံ	၂၈၈
ဧကဝုစ်	၁၈၃
ကြိယာက နာမ်၊နာမဝိသေသနသို့ ပြောင်းလဲပုံ	၁၇၄
ကြိယာဆိုင်ရာလေ့ကျင့်ခန်း	၂၁၁
ကြိယာဆုံးကပုဒ်မကြီးချ	၄၂၀
ကြိယာတလုံးတည်းဖြင့် ဝါကျဖွဲ့နည်း	၂၈၆
ကြိယာထောက်	၁၉၃
ကြိယာထောက်ပစ္စည်းများ	၁၉၄
ကြိယာထောက်များ ကြိယာကို ထောက်ပံ့ကြပုံ	၁၉၅

အကြောင်းအရာ	စာမျက်နှာ
[က]	
ကြိယာထောက်များ သုံးစွဲပုံလိုက်၍ အဓိပ္ပါယ်ကွဲပုံ	၁၉၄
ကြိယာထောက်များအဓိပ္ပါယ်နှင့် ရေးထုံးများ	၁၉၅
ကြိယာခေတ်ရင်း ၃-မျိုး	၁၆၈
ကြိယာနာမဝိသေသန	၁၄၉
ကြိယာနာမ်	၅၂
ကြိယာနှင့် ကြိယာပေါင်းစပ်နာမ်	၅၂
ကြိယာနှင့် နာမ်ပေါင်းစပ်နာမ်	၅၁
ကြိယာပစ္စည်း၆-မျိုး	
ကိန်းညွှန်း	၁၈၂
အမေး	၁၈၅
နာမ်ပြောင်း	၁၈၅
ဝါကျအဆုံးသတ်	၁၈၈
ကြားဝင်	၁၉၁
ဖြစ်ကြိယာမြှုပ်	၁၉၂
ကြိယာပုဒ်ရင်း(ခေတ်)	၁၆၇
ကြိယာပုဒ်ရှေ့မှာ ရှေးရှုရာပုဒ်ထားရပုံ	၂၉၆
ကြိယာ ၂-လုံးထပ်၍ နာမ်ပြောင်းပုံ	၃၂၅
ကြိယာပုဒ်၏ နေရာ	၁၆၆
ကြိယာဘုရင် ၂-ပါး ပြု-ဖြစ်	၂၆၁

အကြောင်းအရာ	စာမျက်နှာ
[က]	
ကြိယာရှေ့မှာ—	
ရှေးရှုရာပုဒ်လာ	၂၉၆
အချိန်ပြပုဒ်လာ	၂၉၇
အကြောင်းပြပုဒ်လာ	၂၉၉
ရည်ညွှန်းပုဒ်လာ	၃၀၁
ကြိယာဝါစင် ၃-ပါး	၁၆၇
ကြိယာဝါစင် အဓိပ္ပါယ်	၁၆၆
ကြိယာဝိဘတ်—	၈၁
ပစ္စုပ္ပန်	၁၇၆
အတိတ်	၁၇၇
စေခိုင်းတောင်းပန်	၁၈၀
အခြေအနေပြ	၁၈၁
အသံပြောင်းပုံ	၂၇၀
ကျေပျောက်ပုံ	၂၇၀
ကြိယာဝိသေသန—	
နည်းနာ	၂၁၄
ပမာဏ	၂၁၅
ခွဲဝေ	၂၁၆
ပုစ္ဆာ	၂၁၆
ပေါင်းစပ်	၂၂၅
ကြိယာဝိသေသန ၄-မျိုး	၂၁၃
ကြိယာဝိသေသန ဝါကျကဏ္ဍ မခေါ်	၃၅၃
ကြိယာဝိသေသန ဝါစင် အဓိပ္ပါယ်	၂၁၃

အကြောင်းအရာ	စာမျက်နှာ
[က]	
ကြိယာ၏အရကောက်ယူပုံ	၁၇၄
ကွင်း( )ထဲထားရပုံများ	
အဓိပ္ပါယ်တူက ကွင်းတွင်းပြ	၄၅၂
နာမည်ရှေ့ ရုံး-ဌာန ကွင်းတွင်းပြ	၄၅၄
ပိုဒ်ခွဲပိုင်စိတ်ကွင်းနှင့်ပိတ်	၄၅၄
သို့မဟုတ်-ချုံးက ကွင်းတွင်းပြ	၄၅၇
ဇယားကွက် အမှတ်များ ကွင်းတွင်းထား	၄၅၇
ပိုဒ်ခွဲစာရင်းကွင်းအတွင်း	၄၅၈
မှတ်ချက် အမှတ်စဉ် ကွင်းထဲတွင်	၄၅၉
ဆက်တွဲပုဒ်တွဲကွင်းအထဲ	၄၅၉
[ခ]	
ခုနှစ်စဉ်ပြ မြန်မာသဒ္ဒါ ကျမ်းများ	၅၀၈
ခေါ်ပုဒ်ခေါ်ပစ္စည်း	၁၁၉
ခေါ်ပုဒ်၏အမည်တမျိုး	၁၂၂
ခေါင်းစဉ်-	
ခေါင်းစဉ်အမျိုးမျိုး	၄၀၆
ခေါင်းစဉ်ကြီး	၄၀၇
ခေါင်းစဉ်	၄၀၇
အစုခေါင်းစဉ်	၄၀၈
စာပိုဒ်ခေါင်းစဉ်	၄၀၈
ထိပ်စီးခေါင်းစဉ်	၄၀၉
ခေါင်းစဉ်တပ်နည်း	၄၀၆
ခေါင်းစဉ်အဓိပ္ပါယ်	၄၀၆
ခေတ်သစ်ဘာသာဗေဒ ပညာရှင်တို့အလို ဝါစင်	၃၇
ခွဲဝေကြိယာဝိသေသန—	
ပုဒ်	၂၁၆
ပုံစံ	၂၁၆
ခွဲဝေစေခိုင်း ကတ္တားကို က-ဖြင့် သုံးပုံ	၃၀၆
[ဂ]	
ဂဏန်းများ၌ ကော်မာ သုံးပုံ	၄၅၁
ဂဏန်းများအကြား မျဉ်းတိုထား	၄၆၀
ဂါထာအဆုံး ပုဒ်မသုံး	၄၂၉
ဂါထာအဓိပ္ပါယ်	၃၇၁
ဂဠဗေဒ=စကားပြေ ရေးနည်း	၃၇၁
ဂုဏ်က နာမ်,နာမဝိသေသန, ကြိယာဝိသေသန-သို့ ပြောင်းလဲပုံ	၁၇၄

အကြောင်းအရာ	စာမျက်နှာ
[ဂ]	
ဂုဏ်ကြိယာပုဒ်ရင်း	၁၇၃
ဂုဏ်ကြိယာများ အခြား ဘာသာတို့၌ မရှိပုံ	၁၇၃
ဂုဏ်ပုဒ်ကို ကြိယာဝါစင် အဖြစ် သတ်မှတ်လျှင် ဖြစ်ပေါ်လာမည့်အပြစ်	၁၇၅
ဂုဏ်ပုဒ်ကို နာမဝိသေသန ပုဒ်အဖြစ် သုံးသော ဘာသာများ	၁၇၅
ဂုဏ်နှင့်ကြိယာကို ဝါစင် တခုတည်းသတ်မှတ်၍ မရနိုင်ကြောင်း	၁၇၄
ဂုဏ်ပုဒ် ကြိယာမှလာသည် မဟုတ်ကြောင်း	၁၇၄
ဂုဏ်ပုဒ် ဝိသေသနမှ လာကြောင်း	၁၇၄
ဂုဏ်ရည်နာမဝိသေသန	၁၃၃
ဂုဏ်ရည်နာမဝိသေသန အဆင့်သုံးမျိုး	၁၅၃
ဂုဏ်ရည်နာမဝိသေသန အလတ်စားနှင့် အမြတ် စား ဖွဲ့စည်းပုံ	၁၅၃
ဂုဏ်ရည်နာမ်	၅၂
ဂုဏ်ရည်နှိုင်းယှဉ်မှု၌ ထူးခြားချက်	၁၅၅
ဂုဏ်ရည်နှိုင်းယှဉ်ဝါကျ	၁၅၄
ဂုဏ်၏အရကောက်ယူပုံ	၁၇၄
ဂျက်ကက်,အဖုံးနှင့်ရေခံ	၄၀၃
[င]	
ငြင်းဆိုမေးခွန်းကိုဖြေရာ၌ မြန်မာဝါကျနှင့် တူ-မတူသော ဘာသာ စကားများ	၂၈၀
ငြင်းဆိုမေးခွန်း ဝါကျကို ပြန်ပြောပုံ	၃၃၃
ငြင်းဆိုဝါကျ	၂၆၃
[စ]	
စကားချောအောင် နာမ်စားသုံးနည်း	၆၉
စကားပြေကဗျာကို ဖော်ပြ ရခြင်းအကြောင်း	၃၇၂
စကားပြေကို ၄-ဘာသာ ဖြင့် ခေါ်ပုံ	၃၇၁
စကားပြေ ၂-မျိုး	၃၇၄
စကားပြောမှာ သည့်,ကို မြုပ်ရပုံ	၃၀၅

အကြောင်းအရာ — စာမျက်နှာ

[စ]

စကားပြေရေးတတ်လိုလျှင် ၃၇၂
စကားပြေရေးနည်း ၃၇၁
စကားပြေရေးနည်း ၄-မျိုး
သရုပ်ဖော်ရေးနည်း ၃၇၈
ဖြစ်စဉ်ပြရေးနည်း ၃၇၉
ဖွင့်ဆိုရှင်းပြရေးနည်း ၃၈၀
ကျိုးကြောင်းပြရေး နည်း ၃၈၀
စကားပြေရေးနိုင်အောင် သဒ္ဒါကလမ်းညွှန်ပုံ ၃၇၂
စကားပြေလမ်းညွှန်–
ဆရာကြီးဦးလင်း ၃၈၂
ဦးဖေမောင်တင် ၃၈၃
ဆရာဇော်ဂျီ ၃၈၄
စကားပြေအဓိပ္ပါယ် ၃၇၁-၃
စကားပြေအသုံးဝင်ပုံ ၃၇၇
စာချွန်မှတ်သုံးပုံ–
တမင်ချွန်လို စာချွန် မှတ်သုံး ၄၇၄
စာချွန်များက ဆက် ရှိပြ ၄၇၅
စာစီစာကုံး ၃၈၄
စာစီစာကုံးရေးရာ၌ ဝေါဟာရကြွယ်ရမည် ၃၈၇
စာစီစာကုံးရေးသားပုံ ၃၈၇

အကြောင်းအရာ — စာမျက်နှာ

[စ]

စာစီစာကုံးရေးသားရာ၌ မြန်မာသဒ္ဒါက ဖွဲ့စည်း သီကုံးနည်း ပေးပုံ ၃၈၇
စာစီစာကုံး ရေးသားရာ၌ သိထားရန် ၃၈၆
စာစီစာကုံး အဓိပ္ပါယ် ၃၈၆
စာ-ဂဏန်းကို မျဉ်းတိုနှင့်ခွဲ ၄၆၀
စာတအုပ်မှာ အပိုင်း ၃-ပိုင်းရှိရပုံ ၃၉၉
စာတအုပ်၏ အပိုင်းများ–
ရှေ့ပိုင်း ၄၀၀
စာကိုယ် ၄၀၃
နောက်ပိုင်း ၄၀၃
စာပေ ၂-မျိုး ၃၇၅
စာပိုဒ်ခေါင်းစဉ် ၄၀၈
စာပိုဒ်ခွဲ ၃၉၃
စာပိုဒ်ခွဲခြင်း အကျိုး ၃၉၀
စာပိုဒ်ခွဲငယ် ၃၉၄
စာပိုဒ်ခွဲငယ်စိတ် ၃၉၂
စာပိုဒ်ခွဲများ ရေးပုံ ပုံစံ ၄၉၁
စာပိုဒ်ခွဲများ အဆုံး ပုဒ်မကြီးသုံး ၄၂၃
စာပိုဒ်ခွဲ အဆက်မှာ ပုဒ်မ မလာ ၄၃၀

အကြောင်းအရာ — စာမျက်နှာ

[စ]

စာပိုဒ်စ-နည်းနှင့် အောက် စာကြောင်းဆက်နည်း ၄၉၁
စာပိုဒ်တိုက ဆက်ကိုးပြ ၄၆၅
စာပိုဒ်နံပါတ် တပ်ခြင်း ၃၉၃
စာပိုဒ်နံပါတ် တပ်ရ-မရ ၂-ငှါန ၃၇၇
စာပိုဒ်ဖွဲ့နည်း ၃၈၉
စာပိုဒ်ဖွဲ့ပုံအစဉ် ၃၉၀
စာပိုဒ်, အခန်းကဏ္ဍ, အပိုင်း ကျမ်း, အတွဲ, အစုံ-တို့ အစဉ်ပြပုံ ၃၉၀
စာပိုဒ် အဓိပ္ပါယ် ၃၉၂
စာပိုဒ်၏ ပမာဏ ၃၉၂
စာပြင်ထားသော ပရု ၄၈၇
စာပြင်ပြီး ပရု ၄၈၈
စာပြင်ရန် ပရု ၄၈၆
စာပြင် လက္ခဏာများ ၄၈၅
စာမူကြမ်းရေးသားရပုံ-
တမျက်နှာသာ ရေးပါ ၄၀၄
မျက်နှာနံပါတ် တပ်ပါ ၄၀၄
စာမျက်နှာနံပါတ်တပ် ခြင်း ၄၉၄
စာရင်းနံပါတ် နောက်မှာ ပုဒ်မကြီးလာ ၄၂၅
စာလုံးဆင့်ပုံ ထုံးစံ ၁၈

အကြောင်းအရာ — စာမျက်နှာ

[စ]

စာသားမဟုတ်သော စာအုပ်၏ အစိတ် အပိုင်းများ ၄၀၃
စာအထားအသို အကွာ အဝေးများ ၄၉၂
စာ, အမိန့် အမှတ် မျဉ်း စောင်းဖြတ် ၄၆၃
စာအိပ်လိပ်စာတပ်နည်း ၁၀၀
စာအုပ်တအုပ်၏ အစိတ် အပိုင်း ၃၉၉
စုဏ္ဏိယအဓိပ္ပါယ် ၃၇၁
စေခိုင်းတောင်းပန်ဝါကျ- ၂၅၆
ဝိဘတ်မဲ့ ၂၅၇
ပစ္စည်းပါ ၂၅၇
ကတ္တားမြှုပ် ၂၅၈
ဝိဘတ်ဖျောက် ၂၅၈
တားမြစ် ဝါကျ ၂၅၉
ဆုတောင်း ဝါကျ ၂၅၉
ကျိန်ဆဲ ဝါကျ ၂၆၀
စေခိုင်းတောင်းပန် ဝိဘတ်များ ၁၈၀
စေခိုင်း ဝါကျ ကတ္တား ဖျောက် ၃၀၅
စည်းကမ်းသတ် သမ္ဗန္ဓနှင့် ဆက်ပုံ ၃၄၇

အကြောင်းအရာ	စာမျက်နှာ
[စ]	
စည်းကမ်းသတ် သမ္ဗန္ဓ များ	၃၄၂
စိတ်လှုပ်ရှားက အာမေဋိတ်မှတ် ပြ	၄၇၆
စိတ်အဖွဲ့နှင့် ရေးနည်း ၂-မျိုး	၃၈၀
စုံတွဲပုဒ်ဝါကျဆက်သမ္ဗန္ဓ–	
ပုဒ်နှစ်ခုကိုဆက်ပုံ	၂၄၄
ဝါကျ၂-ခုကိုဆက်ပုံ	၂၄၇
စုံတွဲသမ္ဗန္ဓဆက်ပုံများ	၂၃၀
[ဆ]	
ဆရာကြီး ဦးလင်း၏ စကားပြေလမ်းညွှန်	၃၈၂
ဆရာ ဇော်ဂျီ၏ စကားပြေ လမ်းညွှန်	၃၈၄
ဆုတောင်း ဝါကျ	၂၅၉
ဆက်ရေးစာပိုဒ်ခွဲ အဆုံး ပုဒ်မသုံး	၄၂၆
ဆင်ခြေပြအငြင်းဝါကျ	၂၆၆
ဆက်တွဲပုဒ်တွဲ ကွင်းအထဲ	၄၅၉
ဆန့်ကျင်ဘက် သမ္ဗန္ဓနှင့် ဆက်ပုံ	၃၄၆
ဆန့်ကျင်ဘက်သမ္ဗန္ဓများ	၃၄၂

အကြောင်းအရာ	စာမျက်နှာ
[ဇ-ဉ-ဋ]	
ဇယားကွက်များ ကွင်း တွင်းထား	၄၅၇
ဇယား အမှတ်စဉ်နောက် ပုဒ်မရောက်	၄၂၄
ဉ-လေးသတ်သံဖတ်ရမည့် အဆင့်များ	၂၃
ဌာန်=အက္ခရာ ဖြစ်ပေါ်ရာ ဌာန (မြန်မာနည်း)	၂၇
ဌာန်=အက္ခရာ ဖြစ်ရာဌာန (ပါဠိနည်း)	၂၅
[တ]	
တကြိမ်တည်းပြောဆို–	
ဝိစ္ဆာဖြစ်ကြောင်း	၂၅၅
အာမေဋိတ်ဖြစ်ကြောင်း	၂၅၀
တခုကိန်း	၅၇
တခုချင်း ကိုးကားမှတ်	၄၇၀
တချောင်းပုဒ် သုံးသော နေရာများ	၄၃၅
တဆင့်ကြားသတင်းကို ပြန်ပြောချင်း	၃၃၉
တဆင့်ခိုင်း ဝါကျကို နာမ်ပြောင်းပုံ	၃၃၁
တဆင့်ပြော နည်းတမျိုး	၃၃၆

အကြောင်းအရာ	စာမျက်နှာ
[တ]	
တမင်ချန်လိုစာချန်မှတ်သုံး	၄၇၄
တလျောက်ပြဝိဘတ်များ	၁၁၁
တဝါကျမှာ ကတ္တား၂-ခု မရှိရ	၃၄၁
တသတ်သံ ဖတ်ရမည့် အဆင့်များ	၂၁
တိရစ္ဆာန် လိင်ညွှန်း ပစ္စည်း	၅၅
တော့-သေး-ပဋ္ဋည်းနှင့် အငြင်းဝါကျ	၂၆၄
တားမြစ်ဝါကျ	၂၅၉
တင်စားပုဒ်များ	၂၈၃
တင်စားပုဒ်များကို ကံပုဒ် နောက် ထားရပုံ	၂၈၂
တင်စားဝိဘတ်များ	၁၀၉
တည်နေရာဝိဘတ်နှင့် အသုံးပြုပုံ	၉၆
တုံးရှေ့မျဉ်းရှေ့-အသုံး	၄၃၀
တို့ နှင့် များ အထူး	၅၉
တို့-ပစ္စည်းမှ တို့-နာမ်စား ပြောင်းပုံ	၆၃
တို့များ လေးနက်ပစ္စည်း	၆၂
တို့- အသုံး	၆၀
တွဲဗျည်း ၈၈- လုံး	၆

အကြောင်းအရာ	စာမျက်နှာ
[ထ]	
ထူးခြားသော အနာဂတ် အငြင်းတမျိုး	၂၆၈
ထူးပုဒ်နှင့်ထူးပစ္စည်း	၁၂၁
ထူးပုဒ်၏အမည်တမျိုး	၁၂၂
ထက်,တောင်,သာ,ပို,သေး, ပစ္စည်းများအသုံးပြုပုံ	၁၅၅
ထပ်ဆင့်ကိုးက တခုစီပြ	၄၆၉
ထိပ်ခေါင်းစီးနောက် ပိုဒ်မရောက်	၄၂၇
ထိပ်စီးခေါင်းစဉ်	၄၀၉
ထုတ်ဆောင်ရာပုဒ်အသုံး	၃၀၃
ထုတ်ဆောင်ရာပုဒ်များ	၃၀၃
ထုတ်ဆောင်ရာဝိဘတ်များ	၁၀၈
ထွက်ခွါရာ ဝိဘတ်နှင့် အသုံးပြုပုံ	၉၅
ထွက်ခွါရာပုဒ်များ	၂၉၅
ထွက်ခွါရာပုဒ်အသုံး	၂၉၅
[ဒ-ဓ-န]	
ဒီဃသရ	၃
ဓနိတ=သံတင်းအက္ခရာများ	၁၉
ဓာတ်ပုံအောက် ကြိယာ ဆုံးမှ ပုဒ်မချ	၄၂၅
နာမဝိသေသန ၇-မျိုး	၁၃၂

အကြောင်းအရာ — စာမျက်နှာ

[န]

နာမဝိသေသနဆိုင်ရာ
  လေ့ကျင့်ခန်း ၁၆၃
နာမဝိသေသနများ-
  ဂုဏ်ရည် ၁၃၃
  အညွှန်း ၁၃၃
  သင်္ချာ ၁၃၆
  ပမာဏ ၁၄၆
  နာမ် ၁၄၇
  ကြိယာ ၁၄၉
  ပုစ္ဆာ ၁၅၀
နာမဝိသေသနများ—
  ရှေ့ကနေ နာမ်ကို
    အထူးပြုပုံ ၁၄၀
  နောက်ကနေ နာမ်ကို
    အထူးပြုပုံ ၁၄၉
နာမဝိသေသနအဓိပ္ပါယ် ၁၃၂
နာမဝိသေသျ ၁၄၉
နာမည်နောက် ရှုံး ဌာန
  ကွင်းတွင်းပြ ၄၅၄
နာမည်ရှေ့ဆက်ပစ္စည်းများ ၁၂၃
နိဂုံး—
  အခြေခံသုံးမျိုးနှင့်သဒ္ဒါ ၄၇၇
  ပါဠိသဒ္ဒါအခြေခံ ၄၇၇
  အင်္ဂလိပ်သဒ္ဒါအခြေခံ ၄၇၀
  ဘာသာဗေဒနည်း ၄၇၉

အကြောင်းအရာ — စာမျက်နှာ

[န]

မြန်မာသဒ္ဒါကျမ်း
  ရှိသင့်ပုံ ၄၈၇
ရှိပြီး မြန်မာသဒ္ဒါကျမ်း ၄၈၁
နည်းသစ်မြန်မာသဒ္ဒါ
  ကျမ်း ၄၈၂
  ပတ္ထနာ ၄၈၃
နိဒါန်း ၃၇၆
နေရာဒေသပြ လိုင်ညွှန်း
  ပစ္စည်း ၅၄
နေရာပြနာမ်အသုံးပြုပုံ ၉၇
နေရာပြပုဒ်ထားရာ ၂၉၇
နေရာပြပုဒ်နှင့်အသုံးပြုပုံ ၉၉
နေရာပြပုဒ်များ ၂၉၇
နေရာပြဝိဘတ်နှင့် သုံးပုံ ၉၇
နေရာပြအထူးနာမ်ပုဒ်များ ၉၈
နည်းနာကြိယာဝိသေသန-
  ပုဒ် ၂၁၄
  ပုံစံ ၂၁၄
  ဖွဲ့စည်းပုံ ၂၁၈
နည်းနာကြိယာ ဝိသေသန
  ဖွဲ့စည်းပုံများ ၂၁၈
နာမ် ၄၆
နာမ်ကြိယာနှင့် နာမ်ပေါင်း
  စပ်နာမ် ၅၁

အကြောင်းအရာ — စာမျက်နှာ

[န]

နာမ်ချင်း ပေါင်းစပ်နာမ် ၅၀
နာမ်စား
နာမ်စား ၇-မျိုး—
  ပုဂ္ဂလနာမ်စား ၇၀
  အညွှန်း ။ ၇၂
  အမေး ။ ၇၅
  သင်္ချာ ။ ၇၆
  အပိုင်ခံ ။ ၇၇
  လေးနက် ။ ၇၈
  ကိုယ်ပိုင်ခံနာမ်စား ၇၉
နာမ်စား ဆိုင်ရာ
  လေ့ကျင့်ခန်း ၇၉
နာမ်စားသုံး၍ စကား
  ပြောပုံ ၆၉
နာမ်စား အဓိပ္ပါယ် ၆၈၊၇၁
နာမ်ထောက်ပစ္စည်းများ ၁၂၅
  ပေါင်းဆည်း ၁၂၆
  လေးနက် ၁၂၇
  အငြင်း ၁၂၇
  သံသယ ၁၂၉
နာမ်နာမဝိသေသန ၁၄၇
နာမ်-နာမ်စားတို့လုပ်ငန်း ၈၃
နာမ်နှင့်ကိန်း ၅၇
နာမ်နှင့် ကြိယာ ပေါင်းစပ်
  နာမ် ၅၁

အကြောင်းအရာ — စာမျက်နှာ

[န]

နာမ်နှင့်ဂုဏ် ပေါင်းစပ်နာမ် ၅၁
နာမ်နှင့် နာမ်စား အထူး ၆၉
နာမ်ပစ္စည်း
  ခေါ်ပုဒ်ခေါ်ပစ္စည်း ၁၁၉
  ထူးပုဒ်နှင့်ထူးပစ္စည်း ၁၂၀
  နာမည်ရှေ့ဆက်ပစ္စည်း ၁၂၃
  နာမ်ထောက်ပစ္စည်း ၁၂၅
နာမ်ပစ္စည်း ၈-မျိုး ၁၁၉
နာမ်ပစ္စည်းအဓိပ္ပါယ် ၁၁၈
နာမ်ပေါင်းကြိယာများ ၃၀၁
နာမ်ပြောင်းပစ္စည်းနှင့်
  သုံးပုံ ၁၈၇
နာမ်ပြောင်းပုံ
  ပစ္စည်းဆက်၍ ၃၂၃
  ကြိယာ ၂-လုံးထပ်၍ ၃၂၅
  ဝိဘတ်ပစ္စည်းမဆက်ဘဲ ၃၂၉
နာမ်ဖွဲ့စည်းပုံ ၅-မျိုး ၄၈
နာမ်များ-
  လုံးချင်း ၄၀
  ပေါင်းစပ် ၅၉
  ကြိယာ ၅၂
  ဂုဏ်ရည် ၅၂
  လိုင်ညွှန်း ၅၄
  ဝိစ္ဆာ ၅၆
  နေရာပြ ၉၇

အကြောင်းအရာ — စာမျက်နှာ

[န]

ဝိဘတ်မဲ့ ၁၁၂
ကံအဖြစ်သုံးပုံ ၃၂
နာမ်ဝါကျကို—
ကတ္တားအဖြစ်သုံးပုံ ၁၃၂
နာမ်ဝိဘတ် ၈၁
နာမ်ဝိဘတ်ကိုဆက်၍
  နာမ်ပြောင်းဆက်နည်း ၃၂၀
နာမ်ဝိဘတ် ၁၉-မျိုး ၈၂
နာမ်ဝိဘတ်များကြောင့်
  အသံပြောင်းပုံ ၈၅
နာမ်-ကြိယာ-အမျိုးအစား
  ကို ခွဲခြားဖော်ပြပုံ ၃၆၀
နောက်နေ နာမ်ကို
  အထူးပြုပုံ ၁၄၉
နောက်ဆက်တွဲ (က)
  စာပြင်လက္ခဏာများ ၄၈၄
နောက်ဆက်တွဲ (ခ)
ရှေးစာရေးနည်းများ ၄၈၉
နောက်လိုက်ဗျည်း၃-လုံး ၅
နှစ်ချောင်းပိုဒ်-ပုဒ်မရေးထုံး ၄၂၀
နှစ်ချောင်းပိုဒ် ရေးထုံး
  ခြွင်းချက် ၄၃၀
နှချောင်းပိုဒ်အစ ၅-ရာစု
  အေဒီက ၄၁၅
နှင့်ကို သတိထားသုံးရပုံ ၂၉၄

အကြောင်းအရာ — စာမျက်နှာ

[န]

နှင့်....သည်-အစားနှင့်....
  နှင့်-ကိုသုံးပုံ ၃၀၀
နှိုင်းယှဉ်ပုဒ်များ ၃၀၂
နှိုင်းယှဉ်ပြဥပမာပစ္စည်း
  များ ၁၃၀
နှိုင်းယှဉ်ပုဒ်အသုံး ၃၀၂

[ပ]

ပမာဏ ကြိယာဝိသေသန —
  ပုံစံများ ၂၁၅
  ပုဒ်များ ၂၁၅
  ပမာဏနာမဝိသေသန ၁၄၆
  ပမာဏသမ္ဗန္ဓများ ၃၄၃
ပမာဏသမ္ဗန္ဓများနှင့်
  ဆက်ပုံ ၃၅၂
ပမာဏအညွှန်းနာမဝိသေ
  သန ၁၃၆
ပယတ်ခေါ် အားထုတ်မှု
  ၄-မျိုး ၂၆
ပရိစ္ဆေဒဗေဒ=ဝါကျ
  ခွဲစိတ်ခြင်း ၃၅၆
ပရို့စ်အဓိပ္ပါယ် ၃၇၁
ပိုထရီအဓိပ္ပါယ် ၃၇၁
ပါဒဗေဒ- အပိုဒ်စ သည်
  ခွဲခြင်း ၃၉၂

အကြောင်းအရာ — စာမျက်နှာ

[ပ]

ပါဠိ ကာရက ၈၃
ပါဠိနှင့် အင်္ဂလိပ် ဝိရောဓိ
  ဖြစ်ပုံ ၄၇၀
ပါဠိသက်စကားလုံးများ
  စဉ်ပုံ ၃၂
ပါဠိသဒ္ဒါကို လက်မလွှတ်
  သင့် ၄၇၉
ပါဠိ အင်္ဂလိပ် ကာရက
  နှိုင်းယှဉ်ချက် ၈၄
ပုဂံခေတ် စာပေ ရေးသား
  ထထွင်းပုံ ၃၈၉
ပစ္စည်း—
  နာမ် ၁၁၈-၉
  ကြိယာ ၁၁၈-၁၈၂
  ထူးခေါ်-ပစ္စည်း ၁၂၁
  နာမည်ရှေ့ဆက် ၁၂၃
  နာမ်ထောက် ၁၂၆
  အလင်္ကာ ၁၃၀
  ဥပမာ ၁၃၀
  လေးနက်ပစ္စည်း ၆၂၊၁၄၆
  ဖြစ်ကြိယာမြုပ် ၁၉၂
ပစ္စည်းဆိုင်ရာလေ့ကျင့်ခန်း ၁၃၁
ပစ္စည်းတွဲ၍ နာမ်ပြောင်းပုံများ
  ဆိုသည် ဆိုဒါ ၃၂၃
  မှန်း ၃၂၄

အကြောင်းအရာ — စာမျက်နှာ

[ပ]

  နာမ်ပစ္စည်း ၁၁၈
  ကြိယာပစ္စည်း ၁၁၈
ပစ္စည်း ၂-မျိုး—
ပစ္စည်းဝါစင်္ဂအဓိပ္ပါယ် ၁၁၈
ပစ္စုပ္ပန်ကြိယာဝိဘတ် ၁၇၆
ပဋ္ဌ အဓိပ္ပါယ် ၃၇၁
ပတ္တနာ ၄၈၃
ပါဠိဆင့်စကားလုံးစဉ်ပုံ ၃၁
ပါဠိဆင့်ဖတ်နည်း ၁၉
ပါဠိဆင့်ရေးထုံး ၁၇
ပုဂ္ဂလနာမ်စား ၇၀
ပုစ္ဆာကြိယာဝိသေသန—
  ပုဒ် ၂၁၆
  ပုံစံ ၂၁၇
ပုစ္ဆာကြိယာဝိသေသန
  အစားထည့်မေးပုံ ၂၇၆
ပုဒ်-စကားလုံး ၄၂
ပုဒ်စု ကတ္တား,ကံ,အသုံး
  ခံများ ၃၀၆
ပုဒ်ဆက်သမ္ဗန္ဓ— ၂၂၈
  လုံးချင်း ၂၂၉
  စုံတွဲ ၂၂၉
ပုဒ်ဆက်သမ္ဗန္ဓ ၂-မျိုး ၂၂၉
ပုဒ်ပုဒ်စုများကို ခွဲခြား
  ဖော်ပြပုံ ၃၅၉

အကြောင်းအရာ စာမျက်နှာ

[ပ]

ပုဒ်၊ပုဒ်စုအမည်များ ၃၅၉
ပုဒ်ပေါင်း ၄၃
ပုဒ်ပေါင်းနှင့်ပုဒ်စု ၄၅
ပုဒ်မရေးထုံး ၄၁၂
ပုဒ်ယှက် ၄၃
ပုဒ်ရိုး ၄၂
ပုဒ် ၄-မျိုး—
ပုဒ်မျိုး ၄၂
ပုဒ်ပေါင်း ၄၃
ပုဒ်ယှက် ၄၃
ဝိဘတ်သွယ်ပုဒ် ၄၃
ပုဒ်ဝါကျဆက်သမ္ဗန္ဓ— ၂၀၉
ပုဒ်ကိုဆက်ပုံ ၂၄၀
ဝါကျကိုဆက်ပုံ ၂၄၁
လုံးချင်း ၂၄၀
စုံတွဲ ၂၄၃
ပုဒ်အခိပ္ပါယ် ၃၈၉
ပေါင်းစပ်ကြိယာပုဒ်ရင်း—
ကြိယာချင်း ၁၆၉
နာမ်နှင့်ကြိယာ ၁၆၉
ပေါင်းစပ်ကြိယာဝိသေသန
ဖွဲ့ပုံ ၂၂၅
ပေါင်းစပ်ကြိယာ အခြား
ဘာသာတို့၌ မရှိပုံ ၁၇၃
ပေါင်းစပ်နာမ် ၅၀

အကြောင်းအရာ စာမျက်နှာ

[ပ]

ပေါင်းစပ်နာမ်ထောက်
ပစ္စည်းများ ၁၂၆
ပိုင်ရှင်ပြဝိဘတ်များ ၁၁၁
ပြီးပြီအမေးကို ရသေး-ဖြင့်
ဖြေရပုံ ၂၆၇
ပြု-ဖြစ်-ကြိယာဘုရင် ၂၆၀
ပြောခဲ့သည့်အတိုင်း မဖြစ်လျှင်
ဆို-ပစ္စည်းဆက် ၃၃၉
ပြောဆိုဝါကျ ၂၆၀
ပြောဆိုဝါကျ ပုစ္ဆာနာမ်စား
ဖြင့် မေးခွန်း ပြောင်းပုံ ၂၇၂
ပြည့်စုံသော စာမူကြမ်း ၄၀၄

[ဖ]

ဖြစ်ကြိယာမြုပ် ပစ္စည်း
များနှင့် သုံးပုံ ၁၉၂
ဖြစ်ကြိယာ အသုံးတမျိုး ၂၆၂
ဖြစ်စဉ်ပြ ရေးနည်း ၃၇၉
ဖြင့်-အစား နှင့်-ကို သုံးပုံ ၂၉၄
ဖွဲ့ စည်းနာမ် ၅၂
ဖွင့်ဆို ရှင်းပြရေးနည်း ၃၈၀

[ဗ]

ဗဟုဝစ်ကိန်း ၅၈
ဗဟုဝစ် ကြိယာ ၁၈၃

အကြောင်းအရာ စာမျက်နှာ

[ဗ]

ဗဟုဝစ်ကြိယာ ပုံသေမသုံး ၁၈၄
ဗျည်းနှင့်သရကာရန်များတွဲပုံ ၉
ဗျည်းနှင့်အသတ်ကာရန်တွဲပုံ ၁၂
ဗျည်းယှဉ်သရ သင်္ကေတ ၇
ဗျည်းများကို အမည်မှည့်
ရကြောင်း ၄
ဗျည်းများစဉ်ပုံ ၂၈
ဗြဟ္မီတချောင်းပိုဒ်ရေးထုံး ၄၁၅
ဗြဟ္မီ၂-ချောင်းပိုဒ်ရေးထုံး ၄၁၆

[ဘ]

ဘာသာတိုင်းမှာ ကာလ
၃-ပါး မရှိကြောင်း ၁၇၈
ဘာသာပြန် စကားပြေ ၃၇၅
ဘာသာဗေဒနည်း ၄၇၉
ဘာသာဗေဒနည်းကို
မပစ်ပယ်ထိုက်ကြောင်း ၄၈၀
ဘာသာဗေဒမေ်ာဖီးမ်နှင့်
မြန်မာဝါစင် ၄၁

[မ]

မတူဆင့်အက္ခရာများ ၁၈
မရေရာတဆင့်ကြား
ဆိုလားလို့ပစ္စည်းခံဆက် ၃၄၀

အကြောင်းအရာ စာမျက်နှာ

[မ]

မူလပြောစကားအလယ်ထား
ပြန်ပြောပုံ ၃၃၅
မေးခွန်းဝါကျ—
အမေးပုဒ်မပါ ၂၆၉
အမေးပုဒ်ပါ ၂၇၁
ပုစ္ဆာနာမ်စားပါ ၂၇၂
ပုစ္ဆာနာမဝိသေသနပါ ၂၇၄
ပုစ္ဆာကြိယာဝိသေသ
နပါ ၂၇၆
မေခွန်းဝါကျကို
နာမ်ပြောင်းပုံ ၃၂၉
မေးခွန်းအမှတ်သုံးပုံ—
သံမြှင့်မေးက မေးခွန်း
မှတ်ပြ ၄၇၁
အမေးမှတ်ပြသံသယ ၄၇၂
များ-လေးနက်ပစ္စည်း ၆၃
များ အထူးသုံး ၆၀
မျဉ်းစောင်းရေးထုံးများ—
အကျဉ်းချုံးလို ၄၆၁
တခုရွေးရန် ၄၆၂
ကျပ်နှင့်ပြားအခွဲ ၄၆၂
စာ-အမိန့်-အမှတ် ၄၆၃
လ-နှင့် ထ-ကြား ၄၆၃
အပိုင်းဂဏန်းပြရန် ၄၆၄

အကြောင်းအရာ	စာမျက်နှာ
[မ]	
မျဉ်းတိုရေးထုံးများ–	
နှစ်ပုဒ်စပ်ရန်	၄၅၉
ဂဏန်းများအကြား	၄၆၀
စာနှင့်ဂဏန်းခွဲရန်	၄၆၀
မျဉ်းရှည်ရေးထုံး	၄၄၉
မျိုးပြပစ္စည်းနှင့် အသုံး ပြုပုံ	၁၆၂
မျိုးပြပစ္စည်းမပါဘဲ သုံးရ သောနေရာ	၁၆၃
မြန်မာ ကာရက,အကာရက	၈၅
မြန်မာကျမ်းကိုးစာရင်း	၅၂၀
မြန်မာဂုဏ်ကြိယာနှင့် ဥရောပဂုဏ်ကြိယာတို့ကို ယှဉ်ပြပုံ	၁၇၄
မြန်မာစကားပြေအစစ်	၃၇၄
မြန်မာစကားပြေ အရေး ပါပုံ	၃၈၅
မြန်မာစကားအစစ်၌ ကတ္တားနှင့်ကြိယာ ကိန်းညွှန်းအမြဲ မတူ ကြောင်း	၆၁
မြန်မာစာကော်မာအသုံး	၄၅၀
မြန်မာစာလက်သဲကွင်း ရေးထုံး	၅၅၂

အကြောင်းအရာ	စာမျက်နှာ
[မ]	
မြန်မာစာလုံးပေါင်း အသံထွက်ပေါင်း	၁၄
မြန်မာပညာရှင်များအတိတ် နှင့် ပစ္စုပ္ပန်ကြိယာ များကို အတူတူ ထားသုံးကြပုံ	၁၇၉
မြန်မာဗျည်း ၃၃-လုံး	၃
မြန်မာဘာသာ၌ ဝိဘတ် ပစ္စည်းများ ကြွယ်ဝပုံ	၂၈၄
မြန်မာဘာသာ၌ အများ သင်္ချာနှင့်ကိန်းညွှန်း ပစ္စည်း တွဲပုံ	၆၁
မြန်မာဘာသာ အတိတ် ကြိယာ	၁၇၈
မြန်မာ့ ရှေးရိုးအပိုဒ် ၃-မျိုး	၄၁၀
မြန်မာဝါကျ ဖွဲ့စည်းလွယ် ၍ ဂုဏ်ယူဘွယ်	၂၈၅
မြန်မာဝါကျဖွဲ့ထုံးရှိပုံ	၂၈၃
မြန်မာဝါကျဖွဲ့ရာ၌ ရှေ့-နောက် ပုဒ်များထားရပုံ	၂၈၆
မြန်မာဝိသေသ ကာရန်ကွဲ အက္ခရာတူကြိယာများ	၁၆၉
မြန်မာဝိသေသ ကာရန်တူ အက္ခရာကွဲကြိယာများ	၁၇၀

အကြောင်းအရာ	စာမျက်နှာ
[မ]	
မြန်မာဝိသေသ ရှေ့ပြေး ကြိယာများ	၁၇၁
မြန်မာသဒ္ဒါကို သင်ကြား သင့်ကြောင်း	၃၈၅
မြန်မာသဒ္ဒါကျမ်းများ	၅၀၈
မြန်မာသဒ္ဒါကျမ်းရှိသင့်ပုံ	**၄၇၉**
စဉ်းစားသွယ်သွယ် ဖန်တီးဘွယ်	၄၇၉
ပုံတူကူးယူ၍မဖြစ်နိုင်	၄၈၁
မြန်မာသရ ၁၁-လုံး	၂
မြောက်, အကြိမ်မြောက် အသုံး	၁၃၈
[ယ-ရ]	
ယတိဘေဒ=ရေးသား ပုံနှိပ်ဟန်	၄၁၀
ယှဉ်တွဲပုဒ်သုံးပုံ	၃၀၀
ယှဉ်တွဲဝိဘတ်များ	၁၁၀
ရသစာပေ	၃၇၆
ရူပကအလင်္ကာပစ္စည်း	၁၃၀
ရေလာမြောင်းပေး မေးခွန်း	၂၇၈
ရေးတော့အမှန် ဖတ်တော့ အသံ	၁၇

အကြောင်းအရာ	စာမျက်နှာ
[ရ]	
ရေးထုံးအထူးများ	၁၅
ရေးနည်းလေးရပ် ရော ထွေးတတ်	၃၈၁
ရေးနည်း ၄-သွယ်	၃၇၈
ရေးသားပုံနှိပ်ဟန်	၄၁၀
ရက်စွဲတပ်နည်း	၁၀၄
ရည်ညွှန်းပုဒ်များ	၃၀၁
ရည်ညွှန်းပုဒ်အသုံး	၃၀၁
ရည်ညွှန်းဝိဘတ်များ	၁၀၉
ရဿသရ	၃
ရှုပ်အဖွဲ့နှင့်ရေးနည်း၂-မျိုး	၃၇၈
၍,လို့-ခံကာ ငြင်းမေးနိုင်ပုံ	၂၆၇
ရုံးစာရေးနည်း	၄၈၉
ရုံးစာ အမျိုးမျိုး—	
အမှာစာ	၄၉၅
အမှာစာနမူနာ	၄၉၈
အတွင်းစာ	၄၉၉
အတွင်းစာနမူနာ	၅၀၀
ကိုယ်ရေးစာ	၅၀၁
ကိုယ်ရေးစာနမူနာ	၅၀၂
ရုံးတွင်းပေးစာ	၅၀၃
ရုံးတွင်းပေးစာနမူနာ	၅၀၄
သာမန်ရုံးစာ	၅၀၅
သာမန်ရုံးစာ နမူနာ	၅၀၆

အကြောင်းအရာ စာမျက်နှာ

[ရ]

ရုံးလုပ်ငန်း အင်္ဂါ
 လက္ခဏာများ ၄၅၅
ရွှေပြေးကြိယာများ ၁၇၁
ရှေးခေတ် မြန်မာအပိုဒ်
 ရေးထုံး ၄၁၂
ရှေးရှုရာပုဒ်များ ၂၉၆
ရှေးရှုရာပုဒ်အသုံး ၂၉၆
ရှေးရှုရာဝိဘတ်နှင့် အသုံး
 ပြုရပုံ ၉၄
ရှေးသုံး ပုဒ်မနှစ်ခုတွဲ ၄၃၀

[လ]

လီဒါ....ရေးထုံး ၄၇၃
လူ လိုင်ညွှန်းနာမ် ၅၅
လေးနက်နာမ်စား ၇၈
လေးနက်နာမ်ထောက်
 ပစ္စည်းများ ၁၂၇
လေးနက်ပစ္စည်းများ ၆၂၊၆၃၊
 ၁၂၇၊၁၂၈၊၁၂၉၊၁၄၁၊
 ၁၄၂၊၁၄၃၊၁၄၄၊၁၄၅၊၁၄၆၊
လသားဆုံး-စိုးရိမ်ဝါကျကို
 နာမ်ပြောင်းပုံ ၃၂၇
လက်ခံပုဒ်နှင့် တွဲသုံးရသော
 ကြိယာအချို့ ၂၉၂

အကြောင်းအရာ စာမျက်နှာ

[လ]

လက်ခံဝိဘတ်နှင့် အသုံး
 ပြုပုံ ၉၀
လက်တွေ့ကျင့်မှုအကျိုးရ ၃၈၁
လိုင်ညွှန်းနာမ် ၅၄
လုံးချင်းကြိယာပုဒ်ရင်း ၁၆၈
လုံးချင်းကြိယာများ
 ယူဆပုံ ၁၆၉
လုံးထပ်ကြိယာ ကြားဝင်
 ပစ္စည်းများနှင့် သုံးပုံ ၁၉၁
လုံးချင်းနာမ် ၄၉
လုံးချင်းပုဒ်ဝါကျဆက်
 သမ္ဗန္ဓ ၂၄၀
လုံးချင်းသမ္ဗန္ဓ
လုံးချင်းသမ္ဗန္ဓဆက်ပုံ ၂၂၉

[ဝ]

ဝဆွဲဗျည်း၅၅-လုံးနှင့်တွဲပုံ ၁၀
ဝဆွဲမပါဗျည်း၆၆-လုံးနှင့်
 တွဲပုံ ၁၀
ဝဆွဲသံဖတ်ရမည့်အဆင့်များ ၂၁
ဝါစင်္ဂ ၉-ပါး ၃၅
ဝါစင်္ဂ ၉-ပါး၊ ၂-မျိုး ၃၆
ဝါစင်္ဂ ၉-ပါးသာ ထားသင့်
 ကြောင်း ၃၉
ဝါစင်္ဂ ၉-ပါး၊၃-မျိုး ၃၇

အကြောင်းအရာ စာမျက်နှာ

[ဝ]

ဝါစင်္ဂများ
 နာမ် ၄၆
 နာမ်စား ၆၈
 ဝိဘတ် ၈၁
 ပစ္စည်း ၁၁၈
 နာမဝိသေသန ၁၃၂
 ကြိယာ ၁၆၆
 ကြိယာဝိသေသန ၂၁၁
 သမ္ဗန္ဓ ၂၂၈
 အာမေဍိတ် ၂၄၇
ဝါစင်္ဂတခုစီခွဲပြပုံ ၃၆၀
ဝါစင်္ဂနှင့်ပုဒ် ၄၄
ဝါစင်္ဂဗေဒ=ဝါစင်္ဂပိုင်း ၃၅
ဝါစင်္ဂအဓိပ္ပါယ် ၃၅
ဝါကျခွဲပုံ ပုံစံများ ၃၆၀
ဝါကျခွဲစိတ်ခြင်းဆိုင်ရာ
 လေ့ကျင့်ခန်း ၃၇၀
ဝါကျဆက်သမ္ဗန္ဓ ၂၃၈
ဝါကျဆက်သမ္ဗန္ဓ ၉-မျိုး ၂၃၈
ဝါကျဆိုင်ရာလေ့ကျင့်ခန်း ၃၀၈
ဝါကျတခုကို၃-ဆင့်ခွဲရပုံ ၃၅၇
ဝါကျတိုဖွဲ့နည်းများ ၂၈၁
ဝါကျတို ၂၈၂
ဝါကျတို တခုကို နာမဝိသေ
 သနပြောင်း၍ဆက်နည်း၃၁၃

အကြောင်းအရာ စာမျက်နှာ

[ဝ]

ဝါကျတိုတခုကို နာမ်
 ပြောင်း၍ဆက်နည်း ၃၂၀
ဝါကျ-တို-ရှည်-ခွဲပြချက် ၂၈၁
ဝါကျနာမ်ဆိုင်ရာ
 လေ့ကျင့်ခန်း ၃၄၀
ဝါကျဖွဲ့နည်း—
 ကြိယာတလုံးတည်းဖြင့် ၂၈၆
 ကတ္တား,ကြိယာဖြင့် ၂၈၇
 ကံ,ကြိယာဖြင့် ၂၈၇
ဝါကျဖွဲ့နည်း ၂၀ ၂
ဝါကျဖွဲ့နည်းများ ၃၁၁
ဝါကျဖွဲ့နည်းလေ့ကျင့်ခန်း၃၃၀
ဝါကျရှည် ၂၈၂
ဝါကျရှည်ဖွဲ့နည်း—
 နာမဝိသေသနပြောင်း
 ဆက်နည်း ၃၁၃
 နာမ်ပြောင်းဆက်နည်း ၃၂၀
 သမ္ဗန္ဓနှင့်ဆက်နည်း ၃၄၁
ဝါကျရှည်ဖွဲ့စည်းပုံ
 လေ့ကျင့်ခန်း ၃၃၁
ဝါကျရှည် ၃-မျိုး ၃၁၂
ဝါကျရှည်ကြီး ၃၁၂
ဝါကျရှည်အဓိပ္ပါယ် ၃၁၁
ဝါကျဗေဒ=ဝါကျဖွဲ့စည်းပုံ၂၅၅

အကြောင်းအရာ စာမျက်နှာ

[ဝ]

ဝါကျအဆုံးသတ် ကြိယာ ပစ္စည်းနှင့် သုံးပုံ ၁၈၈
ဝါကျအဆုံးသတ်ပစ္စည်း များပါလျှင် ကြိယာ ဝိဘတ်များ အသံ ပြောင်းတတ်ပုံများ ၁၈၉
ဝါကျအဓိပ္ပါယ် ၃၈၉
ဝါကျအမည်များ ၃၅၈
ဝါကျအမျိုးအစား ခွဲခြား ဖော်ပြပုံ ၃၅၇
ဝိဘတ်—
နာမ် ၈၁
ကြိယာ ၈၁
ကတ္တား ၈၆
ကံ ၉၀
လက်ခံ ၉၀
ရှေးရှုရာ ၉၄
အသုံးခံ ၉၅
ထွက်ခွါရာ ၉၅
တည်နေရာ ၉၆
နေရာပြ ၉၇
အချိန်ပြ ၁၀၁
အကြာပြ ၁၀၇
အကြောင်းပြ ၁၀၇

အကြောင်းအရာ စာမျက်နှာ

[ဝ]

ဝိဘတ်—
ထုတ်ဆောင်ရာ ၁၀၈
ရည်ညွှန်း ၁၀၉
တင်စား ၁၀၉
ယှဉ်တွဲ ၁၁၀
တလျောက်ပြ ၁၁၁
ပိုင်ရှင်ပြ ၁၁၁
စေခိုင်းတောင်းပန် ၁ ၈၀
အခြေအနေပြ ၁၈၁
ဝိဘတ်မဲ့နာမ်ပုဒ်များ—
ကတ္တားတူဖြည့်ပုဒ် ၁၁၂
ကံတူဖြည့်ပုဒ် ၁၁၃
ဝိဘတ်ဆိုင်ရာလေ့ကျင့် ခန်း ၁၁၆
ဝိဘတ် ၂-မျိုး ၈၁
ဝိဘတ် ပစ္စည်း မပါဘဲ နာမ်ပြောင်းပုံ ၃၂၉
ဝိဘတ်ဖျောက်ရေးပြောပုံ ၃၀၃
ဝိဘတ်များအသံပြောင်းပုံ ၁၈၅
ဝိဘတ်ဝါစင်္ဂအဓိပ္ပါယ် ၈၁
ဝိဘတ်သွယ်ပုဒ် ၄၃
ဝိသေသလက္ခဏာ ဝိစ္ဆာ ပစ္စည်း ၅၇
ဝိသေသလက္ခဏာ အ- ပစ္စည်း ၅၃

အကြောင်းအရာ စာမျက်နှာ

[ဝ]

ဝဂ်အက္ခရာ ၂၅-လုံး ၁၈
ဝိစ္ဆာကိုသင်ကြားခြင်း အကြောင်း ၂၅၁
ဝိစ္ဆာမှ ကြိယာဝိသေသန ဖြစ်သွားပုံ ၂၅၃
ဝိစ္ဆာနာမ် ၅၆
ဝိစ္ဆာပစ္စည်း ၂၅၀
ဝိစ္ဆာပုဒ်တချို့ ၂၅၂
ဝိစ္ဆာသဘော ၂၅၀

[သ]

သမာသ်နာမ် ၅၀
သရကာရန် ၂၅-လုံး ၈
သရ ၂-မျိုး ၃
သရုပ်ဖော်ရေးနည်း ၃၇၈
သိထိလ=သံလျော့ အက္ခရာ ၁၉
သီးခြားကြိယာ ၁၉၃
သီးခြားနာမ် ၄၉
သုတစာပေ ၃၇၅
သုတရသစာပေ ၃၇၆
"သူများ"ကေဝုစ်ဖြစ်ပုံ ၆၀
သံတင်း=ဓနိတအက္ခရာများ ၁၉
သံပျော့=အဃောသ အက္ခရာများ ၂၂

အကြောင်းအရာ စာမျက်နှာ

[သ]

သံပြင်း=ဃောသအက္ခ ရာများ ၂၂
သံမြင့်မေးက မေးခွန်း မှတ်ပြ ၄၇၁
သံလျော့=သိထိလအက္ခ ရာများ ၁၉
သံသယ နာမ်ထောက် ပစ္စည်းများ ၁၂၉
သင်္ကေတ ရေးဖတ်ပုံများ ၁၅
သချာနာမဝိသေသန ၇၇၊၁၃၆
သချာနာမဝိသေသန နာမ်နောက်နေရပုံ ၁၃၉
သချာနာမ်စားနှင့်သချာ နာမဝိသေသနအထူး ၇၇
သချာမျိုးပြပစ္စည်းများ ဆင်းသက်လာပုံ ၁၅၇
သချာမျိုးပြပစ္စည်းများ နှင့် အသုံးပြုပုံ ၁၅၇
သချာလေးနက်ပစ္စည်း ၁၅-မျိုး ၁၄၁
သည်-ကို-မြုပ်၍ စကား ပြောပုံ ၃၀၅
သည် ဝိဘတ် ၈၆
သဒ္ဒဗေဒ-အသံနှင့်အက္ခရာ ၁

အကြောင်းအရာ	စာမျက်နှာ
[သ]	
သဒ္ဒဗေဒဆိုင်ရာလေ့ကျင့်ခန်း	၃၄
သမ္ဗန္ဓဆက်ဝါကျ၉-မျိုး	၃၄၂
သမ္ဗန္ဓ ဆိုင်ရာလေ့ကျင့်ခန်း	၂၄၈
သမ္ဗန္ဓနှင့်ဆက်သောဝါကျရှည်	၃၄၁
သမ္ဗန္ဓများ—	
ပုဒ်ဆက်	၂၂၈
အခိပ္ပါယ်ဆက်	၂၃၄
ဝါကျဆက်	၂၃၈
ပုဒ်ဝါကျဆက်	၂၃၉
အကြောင်းပြ	၃၄၂
အချိန်ပြ	၃၄၂
ဆန့်ကျင်ဘက်	၃၄၂
စည်းကမ်းသတ်	၃၄၂
အကျိုးမြှော်	၃၄၂
အနှိုင်း	၃၄၃
အပြိုင်	၃၄၃
ပမာဏ	၃၄၃
အထွေထွေ	၃၄၃
သမ္ဗန္ဓ ၄-မျိုး	၂၂၈
သမ္ဗန္ဓအခိပ္ပါယ်	၂၂၈

အကြောင်းအရာ	စာမျက်နှာ
[ဟ]	
ဟာ-ဝိဘတ်	၈၉
ဟင်ဒီနှင့် တိဗက်ဘာသာ အပိုဒ် ၂-မျိုးသာ	၄၁၇
[အ]	
အကျိုးမြှော်သမ္ဗန္ဓများ	
အကျိုးမြှော်သမ္ဗန္ဓများနှင့် ဆက်ပုံ	၃၄၉
အကြောင်းပြပုဒ်အသုံး	၂၉၉
အကြောပြဝိဘတ်များ	၁၀၇
အကြောင်းပြပုဒ်များ	၃၀၀
အကြောင်းပြဝိဘတ်များ	၁၀၇
အကြောင်းပြ သမ္ဗန္ဓများ	၃၄၂
အကြောင်းပြ သမ္ဗန္ဓနှင့် ဆက်ပုံ	၃၄၃
အကြောင်းပြ အငြင်းဝါကျ	၂၆၆
အခန်းနှင့်အပိုင်း	၃၉၅
အချိန်ခရီး—	
အစပြဝိဘတ်များ	၁၀၄
အဆုံးပြဝိဘတ်များ	၁၀၅
အစ-အဆုံး-ပြဝိဘတ် များ	၁၀၆
အချိန်နှင့် နေရာ—	
အစထည့်ရမည့်ပစ္စည်း	၂၉၉
အဆုံးထည့်ရမည့်ပစ္စည်း	၂၉၉

အကြောင်းအရာ	စာမျက်နှာ
[အ]	
အချိန်ပြပုဒ်ထားရာ	၂၉၇
အချိန်ပြပုဒ်များ	၂၉၈
အချိန်ပြပုဒ်များ ရှေ့နောက် စဉ်ပုံ	၁၀၃
အချိန်ပြပုဒ်အသုံး	၂၉၇
အချိန်ပြဝိဘတ်နှင့် အသုံး ပြုပုံ	၁၀၁
အချိန်ပြသမ္ဗန္ဓများ	၃၄၂
အချိန်ပြသမ္ဗန္ဓနှင့်ဆက်ပုံ	၃၄၄
အခြေခံဝါကျ ၈-မျိုး—	
စေခိုင်းတောင်းပန်	၂၅၅
တားမြစ်	၂၅၉
ဆုတောင်း	၂၅၉
ကျိန်ဆဲ	၂၆၀
ပြောဆို	၂၆၀
ငြင်းဆို	၂၆၃
မေးခွန်း	၂၆၉
ငြင်းဆိုမေးခွန်း	၂၇၇
အခြေခံသုံးမျိုးနှင့်မြန်မာသဒ္ဒါ	
ပါဠိသဒ္ဒါအခြေခံ	၄၇၇
အင်္ဂလိပ်သဒ္ဒါအခြေခံ	၄၇၈
ဘာသာဗေဒနည်း	၄၇၉
အခြေအနေပြဝိဘတ်များ	၁၈၁
အငြင်းနာမ်ထောက် ပစ္စည်းများ	၁၂၈

အကြောင်းအရာ	စာမျက်နှာ
[အ]	
အငြင်းပစ္စည်းများနှင့် သုံးပုံ	၁၈၆
အငြင်းဝါကျများ—	
အမေးပုံစံများ	၂၆၃
ပစ္စည်းပါ	၂၆၄
အားလုံးကို	။
ဆင်ခြေပြ	၂၆၆
အကြောင်းပြ	၂၆၆
ရသေး-ပါ	၂၆၇
ရှ-လို-ခံ	၂၆၇
ကာလမရှိ	၂၆၈
အနာဂတ်	၂၆၈
အစဉ်ပြသင်္ချာ—	
ပါဠိ	၁၄၀
အင်္ဂလိပ်	။
မြန်မာ	။
ရေးထုံး,ပြောထုံး	။
နာမဝိသေသန	၁၃၇
ရေးနည်းတမျိုး	၁၃၈
ယှဉ်တွဲဖွဲ့ယူပုံ	၁၃၇
အဆင့်အတန်းမှီစာပေ ဖြစ်ရန်	၃၇၆
အညွှန်းနာမဝိသေသန	၇၄၊၁၃၃
အညွှန်းနာမ်စား	၇၂

အကြောင်းအရာ	စာမျက်နှာ
[အ]	
အညွှန်း နာမ်,နာမ်စား,နာမဝိသေသနတို့ အထူး	၇၄
အတူဆင့်အက္ခရာများ	၁၈
အတုပြု ရူပက အလင်္ကာ ပစ္စည်း	၁၃၀
အတိတ်ကြိယာဝိဘတ်	၁၇၇
အတိတ်ကြိယာ၏မြန်မာ အနက်	၁၇၈
အတိတ်နှင့်ပစ္စုပ္ပန် ကြိယာမှာ အသုံးတူပုံ	၁၇၈
အဓိပ္ပါယ်ဆက်သမ္ဗန္ဓများ	၂၃၄
အဓိပ္ပါယ်တမျိုးတည်းပြ မြန်မာဝါကျ အမျိုးမျိုး ဖွဲ့နိုင်ပုံ	၂၈၄
အနာဂတ်ကြိယာဝိဘတ်	၁၇၉
အနေနဲ့-ဝိဘတ်	၈၉
အနိုင်းသမ္ဗန္ဓများ	၃၄၃
အနိုင်းသမ္ဗန္ဓများနှင့်ဆက်ပုံ	၃၅၀
အ-ပစ္စည်း ဥပသာရ မဖြစ်နိုင်	၅၃
အပိုဒ်စသည်ခွဲပုံ	၃၉၂
အပိုဒ်အစ—	
အင်ဒိယမြဟ္မီက	၄၁၃
တချောင်းက	၄၁၅
အပိုင်ခံနာမ်စား	၇၇

အကြောင်းအရာ	စာမျက်နှာ
[အ]	
အပိုင်း-၁ သဒ္ဒဗေဒ	၁
အပိုင်း-၂ ဝါစင်္ဂဗေဒ	၃၅
အပိုင်း-၃ ဝါကျဗေဒ	၂၅၅
အပိုင်း-၄ ပရိစ္ဆေဒဗေဒ	၃၅၇
အပိုင်း-၅ ဂဇ္ဇဗေဒ	၃၇၁
အပိုင်း-၆ ပါဒဗေဒ	၃၈၉
အပိုင်း-၇ ယတိဗေဒ	၄၀၁
အပြိုင်သမ္ဗန္ဓများ	၃၄၃
အပြိုင်သမ္ဗန္ဓနှင့်ဆက်ပုံ	၃၅၂
အဖြည့်ကတ္တားပုဒ်များ	၂၈၉
အဖြည့်ခံကြိယာ	၂၈၈
အဖွဲ့ ၂-မျိုး	၃၇၈
အဖွင့် သို့မဟုတ် နိဒါန်း	၃၇၆
အမေး—	
ပစ္စည်း	၇၅
နာမ်စား	၇၅
နာမဝိသေသန	၇၆၊၁၅၀
အမေးနာမ်စားနှင့် နာမဝိသေသန အထူး	၇၆
အမေးပုဒ်ပါမေးခွန်း	၂၇၁
အမေးပုဒ်မပါမေးခွန်း	၂၆၉
အမေးပုဒ်မပါမေးခွန်းကို ဖြေခြင်း	၂၇၉
အမေးပုံစံရှိအငြင်းဝါကျ	၂၆၃

အကြောင်းအရာ	စာမျက်နှာ
[အ]	
အမေးဝါကျကို တဆင့်ပြောပုံ	၃၃၃
အများသင်္ချာနှင့် ကိန်းညွှန်း ပစ္စည်း	၆၁
အလယ်ရောက်ဝါကျကဏ္ဍကို ခွဲပြခြင်း	၃၇၆
အ-ဝဂ်အက္ခရာများ	၁၈
အသံပြောင်း နာမ်ဝိဘတ်များ	၈၅
အသံထွက်ပြောင်းတတ်ပုံများ	၂၂
အသံသွက်ရပုံ ထူးသော သတ်ပုံများ	၂၁
အ-သည် အာဂုံ မဟုတ်	၅၃
အသတ် ကာရန် ၄၅	၁၁
အသတ် ၁၀-ပါး	၁၀
အသုံးခံပုဒ်များ	၂၉၄
အသုံးခံဝိဘတ်နှင့် အသုံးပြုပုံ	၉၅
[အာ,အား]	
အာမေဍိတ်	၄၇၆
အာမေဍိတ်လေ့ကျင့်ခန်း	၂၅၄
အာမေဍိတ်နှင့် ဝိစ္ဆာတို့ မတူကြောင်း	၂၅၃

အကြောင်းအရာ	စာမျက်နှာ
[အာ]	
အာမေဍိတ် ၃-မျိုး—	
အသံ	၂၄၉
ပုဒ်	။
ဝါကျ	။
အာမေဍိတ်အဓိပ္ပါယ်	၂၄၉
အာမေဍိတ်အမျိုးမျိုး ရှိကြောင်း	၂၅၄
အာလပန-အာလုပ်ကို ခေါ်ပုဒ်,ထူးပုဒ်ခေါ်ပုံ	၁၂၂
အာလုပ်ပုဒ်	၁၁၅
အား-အစားသုံး ကံပုဒ်	၁၁၅
အား-နှင့်-ကို လွဲမှားတတ်ပုံ	၉၃
အား-နှင့်ကို အသုံးပြုနည်း	
ပြော	၉၁
ရေး	၉၂
အားလုံးကိုငြင်းပယ်ဝါကျ	၂၆၄
အား-အစား ကို-ကို သုံးကြပုံ	၂၉၂
[ဤ,ဥ]	
ဤ နည်းသစ်မြန်မာသဒ္ဒါကျမ်း တယူသန်ကအမှန်မရ	၄၈၂
ကောင်းမွန်မှုသာပမာန	၄၈၃
ဥပဒေသဘောတရား	၄၂၂
ဥပမာပစ္စည်း	၁၃၀

အကြောင်းအရာ	စာမျက်နှာ
[ဥ-ဦ]	
ဥရောပဘာသာတို့မှာ ဝိဘတ်, ပစ္စည်းတို့ မစုံလင်ပုံ	၂၀၅
ဦးဖေမောင်တင်၏ စကားပြေ လမ်းညွှန်	၃၈၃
[ေ]	
ကောဝုစ်ကိန်း	၅၇
ကောဝုစ်ကြိယာ	၁၈၃
[အက်]	
အက္ခရာစဉ်ပုံ—	၂၈
ဦးဝန်နည်း	၃၂
မြန်မာစာအဖွဲ့နည်း	၃၃
မြန်မာ့စွယ်စုံကျမ်းနည်း	၃၃
အက္ခရာအဓိပ္ပါယ်	၃၈၉

အကြောင်းအရာ	စာမျက်နှာ
[အင်-အုပ်]	
အင်္ဂလိပ် ကာရက	၈၄
အင်္ဂလိပ် ကြိယာဝိသေသနပုဒ်များ	၂၁၈
အင်္ဂလိပ်နှင့်မြန်မာ ဝါစင်္ဂချင်း မတူပုံ	၄၀
အင်္ဂလိပ်သဒ္ဒါကို လုံးဝ မစွန့်သင့်ပုံ	၄၈၀
အင်္ဂလိပ်သဒ္ဒါနည်းအရ နာမ် ၅-မျိုးမခွဲသင့်ပုံ	၄၆
အင်္ဂလိပ်သဒ္ဒါအခြေခံ	၄၇၈
အင်္ဂလိပ်အပိုဒ်(ပုဒ်ဖြတ်)များ ဖော်ပြထား	၄၁၈
အုပ်စုအက္ခရာများ	၁၈
အုပ်စုမဲ့အက္ခရာများ	၁၈

ပ-မ-သ-စ—၁၃၅၃—၁၁-၈-၇၈—၃၀၀၀-အုပ်။

နည်းသစ်မြန်မာသဒ္ဒါ

PDF CREATOR - NYEYADHAMMA@GMAIL.COM

ဦးသောင်းလှိုင် (ဘီ-အေ)
အငြိမ်းစား [illegible]-သင်္ချာ [illegible]
နည်းသစ်အင်္ဂလိပ်သဒ္ဒါ နှင့်
မြန်မာအက္ခရာဗေဒကျမ်းပြု

PDF CREATOR - NYEYADHAMMA@GMAIL.COM

ဦးသောင်းလှိုင်သည် ပဲခူးတိုင်း၊ ညောင်လေးပင်မြို့နယ်၊ ကြို့ပင်ရွာနေ (မြို့သူကြီး သမန်းရွာငါတိ) ဦးပေါ်ကျွန်း-ဒေါ်သုယ်တို့၏ သားဖြစ်သည်။ ၁၂၉၁-ပြည့် တပို့တွဲလဆန်း ၉-ရက်နေ့တွင် မွေးဖွားသည်၊ ကြို့ပင်ရွာ မြောက်ကျောင်း၊ ရွှေကျင်မြို့လေးထပ်ကျောင်းတို့တွင် ကျောင်းသား သာမဏေဘဝဖြင့် ပါဠိဘာသာနှင့် ပိဋကတ်ကျမ်းစာတို့ကို သင်ယူခဲ့သည်။ အသက် နှစ်ဆယ်ကျော် ရဟန်းတော်သို့ဝင်၍ မန္တလေးမြို့ တောင်ထီးလင်း ပါဠိတက္ကသိုလ်တွင် ပညာဆက်လက်သင်ကြားသည်၊ ၄-နှစ်အတွင်း အစိုးရ အငယ်၊အလတ်၊အကြီး၊စာချတန်းနှင့် သက္ကသိုဟာစာသင်တန်း စာချတန်းစာမေးပွဲ ၆-ပွဲကို အောင်မြင်ခဲ့သည်။ ပြင် သက္ကသိုဟာစာသင်တန်းအောင်ပြီးနောက် စာချတန်း၌ အဋ္ဌကထာကြီး သုံးကျမ်းလုံးကို တဆက်တည်း တနှစ်တည်းဖြင့် အောင်မြင်အဖြင့် သက္ကသိုဟာစာမေးပွဲသက်တမ်း ၅၄-နှစ်အတွင်း ယခင်က သုံးပါးသာရရှိသော "ဝဋံသကာ" ဂုဏ်ထူးဆောင်ဘွဲ့နှင့် သူဌေးကြီးဦးဘသွင်၏ "အဋ္ဌကထာပြန်အကျော်" ရွှေတံဆိပ်တို့ကို ရရှိခဲ့သည်။

၁၃၀၂-ခုနှစ်တွင် လူထွက်ပြောင်း၍ ၁၃၁၃-ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ကိုရယူပြီး နည်းသစ်ကောလိပ် အလွတ်ပညာသင်ကျောင်းကို တည်ထောင်ခဲ့သည်၊ အချင်းသုမန-သီတေး အမည်ဖြင့် နည်းသစ်အင်္ဂလိပ်သဒ္ဒါစာအုပ်ကို ရေးသား၍ နည်းသစ်စာသင်တိုက်မှ ထုတ်ဝေခဲ့ရာ ယခု ဒသမအကြိမ် ပြန်ရိုက်ရသည်အထိ အောင်မြင်လျက်ရှိသည်။

ဇနီး ဒေါ်တင်ရီ၊ သားသမီး ၄-ယောက်တို့နှင့် ရန်ကုန်မြို့၊ ကျိုက္ကစံလမ်း၊ တိုက်အမှတ် ၂၂-တွင် နေထိုင်သည်။ သာသနာ့ဦးစီးဌာနတွင် ပုံနှိပ်ရေးရာဌာနမှူးအဖြစ် တာဝန်ကို ထမ်းဆောင်ရင်း စာပေများကို ရေးသားပြုစု လျက်ရှိသည်။